# ဓမ္မဒူတ အရှင်ပညာဇောတ

၏

# ထာဝရဓမ္မဒိုင်ယာရီ

ငွေလဝန်းထံ
ကြယ်ပေါင်းယံဘိ
မော်ကြည့်မိုးယံ
တင့်ပန်းသို့...

ဓမ္မဒူတ အရှင်အာစိဏ္ဏ
[ ဟင်္သာတ ]

## မဇ္ဈူတ အရှင်ပညာဇောတ

၏

# ထာဝရဓမ္မဒိုင်ယာရီ

**မဇ္ဈူတ အရှင်အာစိဏ္ဏ (ဟသ်ာတ)**

access at:
www.foreverspace.com.mm

ရည်ရွယ်ချက်။ ။ ဤကျေးဇူးတော်ရှင် မဇ္ဈူတဆရာတော်ကြီး၏ **ထာဝရဓမ္မဒိုင်ယာ ရီ** စာအုပ်ကို မိခင် ဒေါ်ခင်နှင်းရီအားရည်စူး၍ ဖခင် ဦးသန်းလွင် အား ဦးထိပ်ထားကာ သမီး မခင်ခင်စု (**နှင်း စာပေရတနာ**)မှ အမတဒါနအဖြစ် စီစဉ်ထုတ်ဝေဖြန့်ချိပါသည်။



## ဓမ္မဒူတ အရှင်အာစိကွဏ (ဟသာင်္တ) ၏
## ထေရုပ္ပတ္တိအကျဉ်းချုပ်

ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်မြို့ ခမည်းတော် ဦးတင်စိုး၊ မယ်တော် ဒေါ်သန်းခင်တို့က ကောဇာသက္ကရာဇ် ၁၃၁၉-ခုနှစ်၊ ပြာသိုလကွယ်၊ တနင်္ဂနွေနေ့၌ ဖွားမြင်တော်မူခဲ့ပါသည်။

၁၃၃၈-ခုနှစ်၌ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းမြို့ ဓမ္မဒူတတောရကျောင်းတိုက်၊ ဟသာင်္တမြို့ မိုးကောင်းကျောင်းတိုက်၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၊ မန္တလေးမစိုးရိမ်ကျောင်းတိုက်(ဟောင်း)တွင် ဆရာမြတ်တို့၏ အထံတော်မှ နည်းနာခံယူခဲ့ပါသည်။

ယခုအခါ အရှင်မြတ်သည် ဓမ္မဒူတအောင်မြေသုခကျောင်းတိုက်၊ ဟသာင်္တမြို့တွင် ပဓာန နာယကဆရာတော်အဖြစ် သာမဏေ(၁၉)ပါး၊ ရဟန်း(၉)ပါးတို့ကို အုပ်ချုပ်လျက် ကျမ်းစာများရေးသားခြင်း၊ စာပေပို့ချခြင်း၊ နယ်လှည့်တရားဟောပြောခြင်း၊ တရားပြသခြင်း စသည်တို့ကို ဆောင်ရွက်တော်မူလျက်ရှိပါသည်။

### ❁ အရှင်မြတ်၏ ရေးသားပြီး ကျမ်းစာအုပ်များ

- ဓမ္မဒူတအရှင်ပညာဇောတ၏ ထာဝရဓမ္မဒိုင်ယာရီ(အမှတ်စဉ်-၁) ၁၉၉၉-ခုနှစ်
- ဒါနလမ်းပြ ၂၀၀၀-ခုနှစ်

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ခုနှစ် ◆ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ
ထုတ်ဝေသည့်အကြိမ် ◆ ပထမအကြိမ်
အုပ်ရေ ◆ ၁၀၀၀
မျက်နှာဖုံးဒီဇိုင်း ◆ ဗဂျီလင်းဝဏ္ဏ
မျက်နှာဖုံးဖလင် ◆ အင်ပါယာ
အတွင်းဖလင် ◆ ဦးထွန်းဆိုင်

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်(မှတ်ပုံတင်အမှတ် - ၀၃၈၄၃/၀၂-၄၀၅)ဖြင့် ရိုက်နှိပ်ခွင့်ပြုသည်။

ပုံနှိပ်သူ ◆ ဦးတင်အောင်ကျော်(မြ-၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်
အမှတ်-၁၄၇၊ ၅၁-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး ◆ ၁၂၀၀ ကျပ်
စီစဉ်ထုတ်လုပ်ဖြန့်ချိရေး ◆ နှင်း စာပေရတနာ
ဖုန်း - ၀၉ ၅၀၄ ၅၃၂၂

# မာတိကာ

စာမျက်နှာ

၁။ ဦးချမ္ဘဝေ က
၂။ မြတ်ဆရာသို့ ခ
၃။ ညွှန်ကြားလွှာ ဃ
၄။ ဆက်ပြီးတော့လုပ် င
၅။ ဂုဏ်ပြု ခွင့်ပန်လွှာ ဆ
၆။ အမိဌာန်ဆက်ကာပြုလျက်ပါ ဈ
၇။ ဆရာ့နိဒါန်း ငါးထောင်မှန်းသည် တ
၈။ စီစဉ်သူ၏ နှုတ်ခွန်းဆက် ဓ
၉။ မွေးနေ့ရက်မြတ် နိမိတ်ဖတ် ဖ
၁၀။ မသေမ‌ကျေ ဖြေသိမ့်လေ ဗ
၁၁။ ချစ်လျှင် မငိုနဲ့ ဗ
၁၂။ သဘောပေါက်ပါ မ
၁၃။ သောကဖျောက်ပါ မ
၁၄။ အာဇာနည် ယ
၁၅။ ဓမ္မဒူတအတွက် သဲကုန်းဆရာတော်၏
အမိပ္ပာယ်ဖွင့်ဆိုချက် လ
၁၆။ ပဏ္ဍိတ်တစ်သင်းတို့ ရွှေဖလားတွင်
ငွေနားတင်ကြသည် ဟ
၁၇။ ဒီလိုပဲလှည့်လည်ရအုံးမှာပဲ ၃
၁၈။ အသက်ကလဲ တိုတယ် ၃

| မာတိကာ | စာမျက်နှာ |
|---|---|


၁၉။ ပေါင်းလို့အချိုးကျပြီလဲဆိုရော သေ ၄
၂၀။ ဆရာကောင်း တပည့်ဆိုတာ ၄
၂၁။ လူတစ်ယောက်ထံမှာ တပည့်ခံထားရင် ၅
၂၂။ ပါရမီရှိပေမယ့် ၅
၂၃။ ဆရာနဲ့လူကြီးတွေ ဆုံး–ဆုံးသွားရင် ၅
၂၄။ ချစ်ရင်ကောင်းမှုပြုခွင့်ပေး ၅
၂၅။ ကောင်းမှုတူမှ အတူနေရ ၆
၂၆။ ကိုယ့်ကုသိုလ်နဲ့ ကိုယ်သွားရမှာ ၇
၂၇။ သေပြီဆို အခြွေအရံ ပရိသတ်တွေ
အကုန်ထားခဲ့ရ ၇
၂၈။ ကုသိုလ်ရှိရင်အမေ့ရှာ၊ အဖေ့ရှာသွားသလို ၈
၂၉။ အရွယ်မရွေး ကောင်းမှုရှိရမယ် ၈
၃၀။ ကုသိုလ်ပြုတိုင်း အလောင်းတော်က
ခေါင်းဆောင် ၉
၃၁။ ခေါင်းဆောင်ကောင်းရင် သေသေကြေကြေ
အားပေး ၉
၃၂။ ခေါင်းဆောင်ကောင်းဆိုတာ
အများအကျိုးဆောင် ၁၀
၃၃။ ဆရာမကောင်း တပည့်ခေါင်း ၁၁
၃၄။ ရွာဦးကဘုန်းကြီးမိုက်ရင် တစ်ရွာလုံးမိုက် ၁၂
၃၅။ ကိုယ်နေတဲ့နေရာမှာ အကောင်း(၃)မျိုး
ရှိရမယ် ၁၂
၃၆။ မလိုချင်လို့လှူတာ ၁၃

| မာတိကာ | စာမျက်နှာ |
| --- | --- |


၃၇။ စာတတ်အောင်မသင်ရင်
ဘုန်းကြီးဖျင်းဖြစ်ကရော ၁၄
၃၈။ အန္တရာယ်လုပ်တော့ ကိုယ်ပဲဒုက္ခရောက် ၁၅
၃၉။ ဘုန်းကြီးတောက်တဲ့ ၁၆
၄၀။ ဦးပဥ္စင်းနဲ့ ဦးပျင်းစင်း ၁၇
၄၁။ အရင်းအဖျားနှစ်ပိုင်းလုံးထမ်းပါ ၁၈
၄၂။ မတရားတဲ့လာဘ်၊ တရားတဲ့လာဘ် ၁၈
၄၃။ အလှူခံတတ်ဖို့အရေးကြီး ၁၉
၄၄။ ငါ့ကြည့်နေ ၁၉
၄၅။ ဘုဥ်းကြီးတယ်ဆိုတာ ၂၀
၄၆။ သူ့ရန်ပွဲဖြေရှင်းဖို့ ကိုယ့်ရန်ပွဲအရင်ရှင်း ၂၀
၄၇။ စည်းလုံးမှုရယူချင်ရင်
အကျင့် (၆)ပါး ပြည့်စုံအောင်လုပ် ၂၂
၄၈။ ရှင်ပြုပေးတဲ့ရည်ရွယ်ချက် ၂၉
၄၉။ သာသနာ့အမွေရတယ်ဆိုတာ ၂၉
၅၀။ ရှင်သာရိပုတ္တရာကိုယ်တော်ကြီးရဲ့ရှင်ပြုနည်း ၃၀
၅၁။ အခုခေတ်ရှင်ပြုတာတွေနဲ့တူလား ၃၀
၅၂။ ဘုန်းကြီးဓားငှားရိတ်တယ် ၃၀
၅၃။ ပရိက္ခရာရှစ်ပါးဆိုတာ ၃၂
၅၄။ နတ်ဘဝထက် လူ့ဘဝကမြတ်တယ် ၃၃
၅၅။ အလှူကြီးတိုင်း သဒ္ဓါကောင်းတယ်လို့မခေါ် ၃၃
၅၆။ ဗုဒ္ဓနည်းကျ ရှင်ပြုပွဲ ၃၄
၅၇။ နတ်စင်သွားပြတဲ့အလေ့ ဘယ်နတ်သမားတွေ
စလိုက်လို့ပေါ် ၃၆

| မာတိကာ | | စာမျက်နှာ |
|---|---|---|
| ၅၈။ | တရားမနာ သဒ္ဓါနဲ့နစ် | ၃၉ |
| ၅၉။ | တရားနာတယ်ဆိုတာ မှန်ကြည့်တာ | ၃၉ |
| ၆၀။ | စိတ်ညစ်ရင်တရားနာ | ၃၉ |
| ၆၁။ | ဝါသနာမပါတဲ့အိမ်ကျတော့ နင်သွားတဲ့ | ၄၀ |
| ၆၂။ | ဝါသနာပါတဲ့အိမ်ကျတော့ ခွဲတမ်းချရတယ် | ၄၀ |
| ၆၃။ | နင်သေတော့ ငါလိုက်သေမှာလား | ၄၁ |
| ၆၄။ | ဒုလ္လဘ(၅)ပါးမှာ(၂)ပါးပြောသံမကြားရတော့ဘူး | ၄၁ |
| ၆၅။ | ရဟန်းခံရှင်ပြုပွဲမှာ တရားပွဲထည့်မလား ဆိုင်းထည့်မလား | ၄၃ |
| ၆၆။ | တရားနာရင်း မြွားစူးနေမှန်းမသိ | ၄၃ |
| ၆၇။ | သူ့နည်းနဲ့ကိုယ့်နည်းဆိုကတည်းက တရားလမ်းပေါ်ကလွဲသွားပြီ | ၄၄ |
| ၆၈။ | ကုသိုလ်ကံမပါရင် ရှေ့ကရှာ နောက်ကပျက် | ၄၇ |
| ၆၉။ | ကံမပေးလို့ရှိရင် ကြွက်ယက်တာနဲ့တူ | ၄၇ |
| ၇၀။ | ကိုယ်ရှာတဲ့ပစ္စည်းက ကိုယ့်ကိုဒုက္ခပြန်ပေး | ၄၈ |
| ၇၁။ | ချစ်ဆေးဆိုတာ ဘာလဲ | ၄၉ |
| ၇၂။ | အလှူပေးတာနဲ့စစ်တိုက်တာ ဘယ်လိုများတူသလဲ | ၄၉ |
| ၇၃။ | သက်ကယ်မိုးအိမ်တွေ နတ်ကဆင်းရဲအောင် မ,လို့ ကတာလား | ၅၀ |
| ၇၄။ | ကုသိုလ်ဝမ်းစာ များများရှာ | ၅၁ |
| ၇၅။ | ဒါနပါရမီမြောက်, မမြောက် | ၅၂ |
| ၇၆။ | အလှူစင်ကြယ်, မစင်ကြယ် | ၅၄ |
| ၇၇။ | လူတစ်ယောက်ဆုံးရင်တော့ ဘုန်းကြီးပြန်ပေးဆွဲခံရ | ၅၅ |

| မာတိကာ | စာမျက်နှာ |
|---|---|


၇၈။ ဖြစ်တိုင်းကျော် ကုသိုလ်(၆)မျိုး ၅၅
၇၉။ ထမင်အားနဲ့ တရားဟောနေတာ ၅၆
၈၀။ ဒေါင်,ဆို လုပ်မနေနဲ့ ၅၆
၈၁။ တရားစခန်းမှာ လှူရတဲ့အလှူက
နှစ်ဘက်အကျိုးရှိ ၅၇
၈၂။ ငါမသိလို့ သွားစားမိတယ် ၅၉
၈၃။ မိဘဆင်းရဲလို့ သားသမီးဆင်းရဲတာလား ၆၁
၈၄။ နတ်ပြည်ရောက်ဖို့က ဘာမှမခက်ဘူး ၆၂
၈၅။ လူလေးမျိုး ဘဝသရုပ်ဖော် ၆၃
၈၆။ ဖန်ဆင်းရှင်ဘယ်သူလဲ၊ ဘယ်မှာနေလဲ ၆၇
၈၇။ ကုသိုလ်တစ်ခုတည်းသာဆိုရင်ဖြင့်
နိဗ္ဗာန်မရောက်ဘူး ၆၈
၈၈။ ဟိုတုန်းကကင်ပွန်းတပ်စဉ် သရဏဂုံတင် ၇၁
၈၉။ သရဏဂုံပျက်ချိန် ၇၂
၉၀။ သရဏဂုံ တကယ်တည်တဲ့
လူတစ်ရာတစ်ယောက်ရှားတယ် ၇၃
၉၁။ အိပ်မက်ထဲကမြွေနီလေး သရဏဂုံကြောင့်ပြေး ၇၃
၉၂။ မြွေ(နိုင်)လက်ဖွဲ့မှာ သရဏဂုံပါ ၇၄
၉၃။ သရဏဂုံမသိတဲ့အရပ်က အများကြီး ၇၅
၉၄။ သီလဟာ စီးတဲ့ရေ ဆည်တဲ့ကန်သင်းလိုပဲ ၇၆
၉၅။ ငါးပါးသီလ (၄)မျိုး ၇၇
၉၆။ ဥပုသ်ဆိုတာဘာလဲ ၇၈
၉၇။ သေချာပေါက်ငရဲကျမည့် ဥပုသ်သည် ၇၉
၉၈။ ဥပုသ်သည်(၄)မျိုး ၈၀

| မာတိကာ | | စာမျက်နှာ |
|---|---|---|
| ၉၉။ | ကျွန်သီလနဲ့ တော်လှန်ရေးသီလ | ၈၁ |
| ၁၀၀။ | တစ်လရှစ်သီတင်း နတ်တို့ဆင်း | ၈၂ |
| ၁၀၁။ | တရားအားထုတ်တယ်ဆိုတာ အောက်က စာရင်းကိုဖျက်တာ | ၈၂ |
| ၁၀၂။ | ဝါကျွတ်တော့ ဥပုသ်ကျောင်းမှာ တစ္ဆေခြောက် | ၈၃ |
| ၁၀၃။ | နှစ်တစ်ရာနဲ့ တစ်ရက် မလဲနိုင်ပါ | ၈၄ |
| ၁၀၄။ | လူမမှန်ရင် ငရဲမီးစားတယ် | ၈၅ |
| ၁၀၅။ | ဗျသနငါးပါး၊ သုံးပါးမကြောက် နှစ်ပါးကြောက် | ၈၆ |
| ၁၀၆။ | ပမာလေးချက် သီလတွက် | ၈၇ |
| ၁၀၇။ | အင်္ဂါလေးရပ်လူကဲခတ် | ၈၇ |
| ၁၀၈။ | သီလကိုချစ်၊ နံပါတ်တစ်ပုဂ္ဂိုလ်ထူးများ | ၈၈ |
| ၁၀၉။ | လမ်းကြီးသုံးသွယ် ပန်းတိုင်သုံးမျိုး | ၉၄ |
| ၁၁၀။ | ဓမ္မာနုပဿနာဆိုတာဒီလိုပါ | ၉၇ |
| ၁၁၁။ | အသက်သမုတ်နာမ်နဲ့ရုပ် | ၉၈ |
| ၁၁၂။ | ဝိပဿနာဆိုတာ အနားယူတဲ့အလုပ် | ၁၀၀ |
| ၁၁၃။ | ထိုင်အားထုတ်မယ်ဆိုရင် ဒီလိုထိုင်ပါ | ၁၀၀ |
| ၁၁၄။ | အိမ်မှာနေတာထက် ပိုဆင်းရဲရင် ဝိပဿနာမဟုတ်ဘူး | ၁၀၁ |
| ၁၁၅။ | လျောင်းထိုင်ရပ်သွား လျော်သလိုအားထုတ် | |
| ၁၁၆။ | ချမ်းသာ၊ တည်ကြည်၊ သိ | ၁၀၉ |
| ၁၁၇။ | ဣရိယာပုထ်ကို ပြင်နိုင်တယ် | ၁၀၉ |
| ၁၁၈။ | သည်းခံနိုင်ရင်သည်းခံရှု | ၁၁၀ |

| | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၁၉။ | ကိုယ်ထဲမှာဖြစ်နေသမျှရုပ်၊ စိတ်ထဲမှာ ဖြစ်နေသမျှနာမ် | ၁၁၁ |
| ၁၂၀။ | စကြံသွားခိုက် ရှုဉာဏ်လိုက် | ၁၁၂ |
| ၁၂၁။ | ပေါ်ဉာဏ်ကိုလိုချင်လို့ ရှုဉာဏ်နဲ့ အားထုတ်ကာ | ၁၁၄ |
| ၁၂၂။ | ဝိပဿနာဆိုတာ တစေ့တစောင်းလေး ကြည့်ရတယ် | ၁၁၅ |
| ၁၂၃။ | နွားမကြီးအစာစားရင်း သားကို တစေ့တစောင်းကြည့်နေတာမျိုး | ၁၁၆ |
| ၁၂၄။ | ခြေတစ်လှမ်းမှာ အနည်းဆုံးတစ်ချက်တော့ မှီအောင်ရှု | ၁၁၇ |
| ၁၂၅။ | အမှတ်အကျဲအစိပ်ဆိုတာ ခြေလှမ်းမြန်တာ နှေးတာနဲ့မဆိုင် | ၁၁၈ |
| ၁၂၆။ | လက်ဟန်လွှဲရင်းလဲရှု | ၁၁၉ |
| ၁၂၇။ | ရုပ်ရယ်၊ နာမ်ရယ်၊ ဉာဏ်ရယ် | ၁၁၉ |
| ၁၂၈။ | ရှုးတယ်ဆိုတာ | ၁၂၀ |
| ၁၂၉။ | ကိုယ်ရောဂါနဲ့ စိတ်ရောဂါ ဘယ်ရောဂါကြောက်လဲ | ၁၂၁ |
| ၁၃၀။ | ဝိပဿနာအလုပ်ဆိုတာ မီးငြိမ်းတဲ့အလုပ် | ၁၂၃ |
| ၁၃၁။ | သာဝတ္ထိပြည်ကလူတွေ အလုပ်လုပ်ရင်းနဲ့ တရားကျင့်တာ | ၁၂၄ |
| ၁၃၂။ | အလုပ်လုပ်ရင်း အလုပ်လုပ် | ၁၂၄ |
| ၁၃၃။ | မြန်မာပြည်ကလူတွေ ထိုင်မှလုပ် | ၁၂၅ |
| ၁၃၄။ | ကိုယ်နဲ့ခန္ဓာခွဲရှုပါ | ၁၂၆ |

| မာတိကာ | စာမျက်နှာ |
|---|---|
| ၁၃၅။ သမထနဲ့ ဝိပဿနာ မကွဲတဲ့လူတွေရဲ့ အပြော | ၁၂၇ |
| ၁၃၆။ ဝိပဿနာဆိုတာ ကိုယ်တွင်းရှာဖွေရေး အလုပ် | ၁၂၉ |
| ၁၃၇။ စိတ်စင်ကြယ်ရေးအလုပ် | ၁၂၉ |
| ၁၃၈။ ဒုက္ခနှစ်မျိုး | ၁၃၀ |
| ၁၃၉။ သစ္စာ (၄)ပါးမှာ "ပွားသစ္စာ"အရေးကြီးဆုံး | ၁၃၁ |
| ၁၄၀။ ကိုယ့်ကိုယ်ကို နှိပ်စက်ရမှာလား | ၁၃၂ |
| ၁၄၁။ ထင်ရှားတဲ့တစ်ခုကိုကွက်ကြည့် | ၁၃၃ |
| ၁၄၂။ စိတ်အလုပ်ဆိုတာ သူကြီးကို အလုပ်ခိုင်းတာနဲ့တူတယ် | ၁၃၄ |
| ၁၄၃။ ငြီးငွေ့တာနဲ့ ဒေါသနဲ့မရောစေနဲ့ | ၁၃၄ |
| ၁၄၄။ ကိုယ့်ကိုယ်ကို တကယ်သနားလား | ၁၃၆ |
| ၁၄၅။ ဒုက္ခထုတ်လုပ်တဲ့စက်ပိုင်ရှင် | ၁၃၇ |
| ၁၄၆။ မသိသလိုနေလို့ ဒုက္ခရတာ | ၁၃၈ |
| ၁၄၇။ နိဗ္ဗာန်ဘာလို့မလာလဲ | ၁၃၉ |
| ၁၄၈။ ပါရမီမရှိလို့တရားမရတာလား | ၁၄၁ |
| ၁၄၉။ တရားရိပ်သာဆိုတာ တခြားမှာလား | ၁၄၁ |
| ၁၅၀။ ခုလောက်ဆို အများကြီးဟုတ်သွားပြီ | ၁၄၂ |
| ၁၅၁။ အဘွားကြီးတွေ ပြောရကြပ်တယ် | ၁၄၂ |
| ၁၅၂။ အကင်းတွေ အကြွေများတယ် | ၁၄၃ |
| ၁၅၃။ ကြည့်တတ်တဲ့ပုဂ္ဂိုလ်တွေမြင်ဖို့ | ၁၄၄ |
| ၁၅၄။ ယောဂီတစ်ယောက်သဘောပေါက် | ၁၄၄ |
| ၁၅၅။ တစ်ရွယ်ရွယ်တော့ကျင့် | ၁၄၅ |

| မာတိကာ | | စာမျက်နှာ |
|---|---|---|
| ၁၅၆။ | သေမယ့်ဘေးကြီးအလွန်နီး | ၁၄၆ |
| ၁၅၇။ | ရောဂါလေးမျိုး | ၁၄၇ |
| ၁၅၈။ | ဆေးကျွေး, ဖန်ရေဆေး, ပတ်တီးစည်းနေတာ | ၁၄၉ |
| ၁၅၉။ | ဥက္ကိုပုံပြ ဤကိုယ်ရှ | ၁၄၉ |
| ၁၆၀။ | အမြဲတမ်းဓာတ်စာစား နေတယ်လို့ ပြောလိုက်တယ် | ၁၅၀ |
| ၁၆၁။ | သုံးမျိုးအနာမှတ်ထားပါ | ၁၅၁ |
| ၁၆၂။ | ငါးဆယ်ကျော်ပြီဆိုတော့ 'အိုနာကွ'တဲ့ | ၁၅၂ |
| ၁၆၃။ | သားသမီးမုန်း၊ မြေးမုန်းတွေ | ၁၅၂ |
| ၁၆၄။ | အဲဒီဗျစ်တောက်၊ ဗျစ်တောက်ကခက်နေတာ | ၁၅၃ |
| ၁၆၅။ | သေပြီးမှကျွဲကျောင်းနေတဲ့အဘွားကြီး | ၁၅၄ |
| ၁၆၆။ | အဘိုးကြီးအဘွားကြီးတွေရှာလည်ပြီး ဘာလုပ်နေ | ၁၅၆ |
| ၁၆၇။ | နောက်ဆုတ်ရင်လဲဆုတ်၊ သချိုင်းကျမှ အားထုတ် | ၁၅၇ |
| ၁၆၈။ | ကျန်တဲ့အချိန်လေးအကျိုးရှိရှိအသုံးချ | ၁၅၈ |
| ၁၆၉။ | ထမင်းဝိုင်းပေါ်မှာဘာတွေလဲ | ၁၅၉ |
| ၁၇၀။ | ခြင်လာကိုက်တော့ ဘယ်လိုလုပ်လိုက်တာလဲ | ၁၅၉ |
| ၁၇၁။ | ခန္ဓာကိုယ်ကြီးက သူများရဲ့အစာ | ၁၆၁ |
| ၁၇၂။ | ငါ့အိမ်ဖယ်ပေး ငါ့အိမ်ဖယ်ပေးပြောနေတာ | ၁၆၁ |
| ၁၇၃။ | အိုလာရင် ကောင်းတာတွေနည်းသွား ဆိုးတာတွေတိုးလာ | ၁၆၁ |
| ၁၇၄။ | မာန်မူစရာမရှိ | ၁၆၂ |
| ၁၇၅။ | သေမင်းဆိုတာအကြီးဆုံးမင်း | ၁၆၃ |
| ၁၇၆။ | သိုးမျိုးတွေနဲ့တူတယ် | ၁၆၃ |

| မာတိကာ | စာမျက်နှာ |
|---|---|


၁၇၇။ သေရေးဆင်ခြင်နိဗ္ဗာန်ဝင် ၁၆၄
၁၇၈။ ဆုတောင်းရုံနဲ့ နိဗ္ဗာန်ရောက်မှာလား ၁၆၅
၁၇၉။ သေကျင့်မသေကျင့် ၁၆၆
၁၈၀။ ဘုရားဒကာ၊ ကျောင်းဒကာဖြစ်ကျိုးမနပ်သူများ ၁၆၇
၁၈၁။ ဝိပဿနာဆိုတာ ထီးတင် ခေါင်ချုပ်ကုသိုလ် ၁၆၈
၁၈၂။ သာသနာတွင်း သာသနာပ စိစစ်ကြ ၁၆၈
၁၈၃။ ဖတ်တရားဆိုတာ ကိလေသာကိုမတုန်စေဘူး ၁၆၉
၁၈၄။ ဖတ်ပြီးတော့မေး၊ မေးပြီးတော့ကျင့် ၁၇၀
၁၈၅။ ရိုးရိုးကုသိုလ်နဲ့လွန်ကဲတဲ့ကုသိုလ် ၁၇၁
၁၈၆။ အသက်တွက်တတ်ပြီးလား ၁၇၂
၁၈၇။ ရွှေချည်ပေါင်ယောဂီ ၁၇၃
၁၈၈။ ဒို့ယောဂီ သူရဲများကုပ်ချိုးထားလားမသိ ၁၇၅
၁၈၉။ ပင်ပန်းရင်မြတ်စွာဘုရားကမခိုင်းဘူး ၁၇၅
၁၉၀။ သတိပဋ္ဌာန်ပွားအာမခံ (၇)ပါး ၁၇၆
၁၉၁။ အရင်းနည်းပါးအမြတ်များတဲ့အလုပ် ၁၇၆
၁၉၂။ ကိုယ့်အကြောင်းကိုယ်လေ့လာတာ ဝိပဿနာ ၁၇၈
၁၉၃။ ရုပ်နာမ်မကွဲရင်ဘာဉာဏ်မှမရ ၁၇၉
၁၉၄။ နှုတ်ကဆိုစရာမလိုဉာဏ်ထဲမှာသာသိ ၁၈၁
၁၉၅။ မူလအရှုအမှတ်ပျက်နေရင်ဣရိယာပုထ်ပြင် ၁၈၁
၁၉၆။ မရှိဘူးလား ရှိတယ်၊ ရှိသေးလား
မရှိတော့ဘူး ၁၈၂
၁၉၇။ တရားအားထုတ်တယ်ဆိုတာ ရှိတဲ့ဒုက္ခကို
သိအောင်လုပ်တာ ၁၈၃

| မာတိကာ | | စာမျက်နှာ |
| --- | --- | --- |


၁၉၈။ သမာဓိဆိုတာချာန်အတွက်၊ ဉာဏ်ဆိုတာ မဂ်အတွက် ၁၈၄

၁၉၉။ ဣရိယာပုထ်ပြင်တိုင်း ဆေးကုနေတာလို့ ထင်ရင်လူလိမ္မာ ၁၈၄

၂၀၀။ ပြောင်းပြင်တိုင်းမှာ လေ့ပေါက်ဖာ ၁၈၅

၂၀၁။ ရုပ်နာမ်နောက်ကဉာဏ်လိုက်ရ ၁၈၆

၂၀၂။ အဖြစ်အချုပ်မတူလို့ ရုပ်နာမ်ကို တစ်တွဲတည်း ရှုလို့မရဘူး ၁၈၇

၂၀၃။ ဝိပဿနာနည်းအမျိုးမျိုးကွဲပေမယ့် အရှုခံမကွဲ ၁၈၇

၂၀၄။ ခြောက်ဒွါရဋ္ဌ်ရှုနည်း ၁၈၇

၂၀၅။ ဒိဋ္ဌိကိုသီးခြား ဖြုတ်နေစရာမလို ၁၉၀

၂၀၆။ ဉာဏ်နဲ့မြင်နေရင် မျက်စောင်းထိုးပြတာကို ခံနိုင်တယ် ၁၉၁

၂၀၇။ စိတ်သက်သက်ဟာ တန်ဖိုးမရှိ ၁၉၂

၂၀၈။ ဒီဘုန်းကြီးနဲ့ ဒီဒကာမ အနတ္တထင်လို့လား ၁၉၃

၂၀၉။ အားထုတ်သူဆိုရုပ်နုပျို ၁၉၄

၂၁၀။ တရားကိုဆောင်၍ အသေကိုရှောင်ခဲ့သူ ၁၉၄

၂၁၁။ အရှုခံ အရှုဉာဏ်တည့်ရင် တစ်နာရီခဏလေးပဲ ၁၉၇

၂၁၂။ တရားတစ်ထိုင်မှာ ကုသိုလ်လေးမျိုးရ ၁၉၈

၂၁၃။ ကြက်ကိုစံထား အအားမနေရာ ၁၉၈

၂၁၄။ ယောဂီလေးမျိုး ၁၉၉

၂၁၅။ တရားရှာပြီးမှပျော်ပါ ၁၉၉

၂၁၆။ ထိုင်ရှုတရားနဲ့နေရမှာမဟုတ် ၂၀၀

| မာတိကာ | စာမျက်နှာ |
|---|---|


| | | |
|---|---|---|
| ၂၁၇။ | တရားကောင်းတယ်ဆိုတာ | ၂၀၀ |
| ၂၁၈။ | ယောဂီတို့က ရှေ့ကုပ်လား၊ နောက်ကုပ်လား | ၂၀၁ |
| ၂၁၉။ | ခင်တာမွေးထားရင် သောကမွေးတာ | ၂၀၁ |
| ၂၂၀။ | သူများအကြောင်းမစပ်စုနဲ့ | ၂၀၂ |
| ၂၂၁။ | ကြံ့သလိုနေ၊ ကြံ့သလိုစား၊ ကြံ့သလို တရားအားထုတ် | ၂၀၂ |
| ၂၂၂။ | အများမဆန်ဘဲ တရားမှန်ကိုကျင့် | ၂၀၃ |
| ၂၂၃။ | ရရှိထားတဲ့ဘဝကြီးက ဘဝတက်မနဲ့တူတယ် | ၂၀၃ |
| ၂၂၄။ | လက်ရှိဒုက္ခကိုတော့ ပယ်လို့မရတော့ဘူး | ၂၀၄ |
| ၂၂၅။ | ဘုရားတိုင်းအပူဇော်ခံသက်သက် ပွင့်လာတာမဟုတ် | ၂၀၅ |
| ၂၂၆။ | ယောဂီတို့က အကယ်ခံလား၊ အပယ်ခံလား | ၂၀၅ |
| ၂၂၇။ | ဝိပဿနာမပါရင် နိဗ္ဗာန်မရ | ၂၀၆ |
| ၂၂၈။ | ဉာဏ်မဲ့သူတွေညည်းညူနေ | ၂၀၈ |
| ၂၂၉။ | ကြောက်တတ်ရင် နှစ်ခါမကသေ | ၂၀၈ |
| ၂၃၀။ | ငိုက်တဲ့အချိန်နားရွက်လိမ် | ၂၀၉ |
| ၂၃၁။ | အိပ်ငိုက်ဖျောက်နည်း၊ (၇)နည်း | ၂၀၉ |
| ၂၃၂။ | ငါမလိုက်ဘူး၊ ငါမလိုက်ဘူး | ၂၁၁ |
| ၂၃၃။ | ဗလာယောဂီ | ၂၁၃ |
| ၂၃၄။ | ဖြုတ်မှာလား၊ ထုပ်မှာလား | ၂၁၄ |
| ၂၃၅။ | ကျွတ်ချင်ရင်ဆက်ချွတ်မှပေါ့ | ၂၁၅ |
| ၂၃၆။ | တရားပြတာအာရုံကပြတာ | ၂၁၆ |
| ၂၃၇။ | ဓမ္မအလို၊ ငါ့အလိုနားမလည်လို့ဆင်းရဲနေတာ | ၂၁၇ |

| | မာတိကာ | စာမျက်နှာ |
|---|---|---|


၂၃၈။ ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်သို့ကူးရ ၂၁၇
၂၃၉။ သောတာပတ္တိမဂ်၏ထူးခြားချက်များ ၂၁၈
၂၄၀။ သောတာပန်ရဲ့ကျန်တဲ့ဒုက္ခ ပမာပြ ၂၁၉
၂၄၁။ အားထုတ်ခွင့်ရတဲ့ ဘဝရဲ့တစ်ရှူတစ်ရှိုက် ၂၂၀
၂၄၂။ ရှုခါစမှာ သုံးဖြာလက္ခဏာ မတွေ့ရ ၂၂၁
၂၄၃။ ဘယ်ပုဂ္ဂိုလ်ရဲ့အရိယာပုထ်နဲ့နေနေ ဒုက္ခအမြဲပဲရှိနေ ၂၂၂
၂၄၄။ နိဗ္ဗာန်နဲ့အနီးဆုံးကုသိုလ် ၂၂၃
၂၄၅။ အရိယာမဖြစ်သေးရင် အရိယာနဲ့တူအောင်နေ ၂၂၃
၂၄၆။ သောတာပန်ဆိုတာ သူ့နည်းကိုယ့်နည်း မခွဲခြား ၂၂၄
၂၄၇။ သမထနဲ့ဝိပဿနာ ကွာခြားချက် ၂၂၅
၂၄၈။ ဒီခန္ဓာကိုယ်ကြီးက အားမထုတ်လဲဒုက္ခ၊ အားထုတ်လဲဒုက္ခ ၂၂၆
၂၄၉။ ဖြစ်ပျက်ဖြစ်ပျက်ရွတ်နေတာ သမထလဲမဟုတ် ဝိပဿနာလဲမဟုတ် ၂၂၆
၂၅၀။ ဒူးကိုမကြည့်နဲ့ နာတာကိုကြည့် ၂၂၇
၂၅၁။ ဉာဏ်တစ်လုံးသာပိုင် အာရုံရဲ့ဒဏ်ကိုခံနိုင်ပြီ ၂၂၈
၂၅၂။ ကဲ–ဘယ်လောက်လွယ်လဲ ၂၂၈
၂၅၃။ တစ်ခုစီပြောနေလို့သာကြာတာပါ ၂၃၀
၂၅၄။ အပြောနောက်မှာ သဘောပေါက်ပါ ၂၃၀
၂၅၅။ အိမ်သာရင် ဧည့်လာလိမ့်မယ် ၂၃၀
၂၅၆။ ခင်တော့ခင်တယ်ပေါ့နော် ၂၃၁
၂၅၇။ ကြိုးတန်လန်းနဲ့ဆိုတော့ အလာနှေးတယ် အပြန်မြန်တယ် ၂၃၁

| မာတိကာ | စာမျက်နှာ |
|---|---|


၂၅၈။ အသက်မီတော့ ဝိုင်းမျိုချမလို့လား ၂၃၂
၂၅၉။ ထမ်းထုတ်မှ သူတို့ဆင်းချင်တာ ၂၃၂
၂၆၀။ ကုသိုလ်ရှိတဲ့သူ၊ သေဗ္ဗေးနဲ့တူ ၂၃၃
၂၆၁။ အော်ညည်းနေတာ ဇက်စင်းရှာ ၂၃၄
၂၆၂။ ဒုက္ခဆိုတာနာတာကိုခေါ်တာမဟုတ် ၂၃၄
၂၆၃။ တရားအားထုတ်တာ စိတ်ရောဂါကုနေတာ ၂၃၅
၂၆၄။ တရားစခန်းဖွင့်တယ်ဆိုတာ ဝိဇ္ဇာမျိုးစေ့စုတာ ၂၃၅
၂၆၅။ ဘယ်အာရုံပဲဖြစ်ဖြစ်နှလုံးသွင်းမှားရင် အကုသိုလ်၊ မှန်ရင်ကုသိုလ် ၂၃၆
၂၆၆။ ဘိုးသူတော်ဝတ်နဲ့ယောဂီဝင် ၂၃၇
၂၆၇။ ရှုနေရင်ပယ်နေဆဲ ၂၃၈
၂၆၈။ ဆေးကုရင်း တရားရှု၊ တရားရှုရင်း ဆေးကု ၂၃၈
၂၆၉။ အားထုတ်မှုမရှိဘဲနဲ့ ဣန္ဒြေမရင့်ကျက်လာနိုင် ၂၃၉
၂၇၀။ ဒီမူငါးချက်၊ ယောဂီတွက် ၂၃၉
၂၇၁။ ဘယ်နည်းနဲ့ကယ်ကြမှာလဲ ၂၄၀
၂၇၂။ စခန်းပွဲကထွက်တာနဲ့ ခါးကော့မပြန်ကြနဲ့ ၂၄၀
၂၇၃။ တရားရှာရင်း၊ သေတာကမြတ်တယ် ၂၄၁
၂၇၄။ ဒုက္ခကိုမသိသမျှ သုခကိုရပိုင်ခွင့်မရှိ ၂၄၁
၂၇၅။ ရှုရမှာကရုပ်နာမ် မြင်ရမှာကဖြစ်ပျက် ၂၄၂
၂၇၆။ သာသနာနဲ့ကြုံတဲ့အခါ သစ္စာသိအောင်လုပ် ၂၄၂
၂၇၇။ ဓမ္မဒူတ–အရှင်ပညာဇောတ၏ နိဂုံးအမှာစကား ၂၄၃


-----------



ဓမ္မဒူတ အရှင်ပညာဇောတ
ကျမ်းပြုနေပုံ

## ဦးချမ္မဝေ

* သာယာဖွယ်ကင်း
လောကတွင်းမှာ
မွေးလာခဲ့ရ
ငါ့ဘဝသည်
သေမည်မုချ
ကေန္တ။
* ငါတို့ဆရာ
ထေရ်မဟာပင်
ဖြစ်လျှင်ပျက်ရ
ကိုယ်တိုင်ပြလို့
ငါတို့မြင်ရ
သံဝေဂ။
* လမင်းပုံလေ
ဆရာပြနေ
ဒူတ–တမန်
ဆရာ့ထံဆီ
ငါသည်ဦးချ
ဝေအမျှ။

မဇ္ဈဒူတ–အရှင်အာစိက္ခဏ(ဟသ်ာတ)

# မြတ်ဆရာသို့

* ဓမ္မဒူတ၊ မည်နာမ၊ ကြိုက်လှတို့ဆရာ။
* တရားတမန်၊ အမည်ခံ၊ ရည်သန်တို့ဆရာ။
* တောပျော်ဘဝ၊ နေရမှ၊ ရွှင်ပျတို့ဆရာ။
* သဗ္ဗညုတ၊ ရွှေဉာဏ်မှ၊ ပန်သတို့ဆရာ။
* ဆုနှင့်တန်မျှ၊ မြဲလုံ့လ၊ ကြီးလှတို့ဆရာ။
* စည်ကြီးကိုပင်၊ သံလွင်လွင်၊ ရိုက်ချင်တို့ဆရာ။
* သတ္တာစုံလင်၊ အများပင်၊ ခေါ်ချင်တို့ဆရာ။
* ရဟန်းနှင့်ရှင်၊ သီလရှင်၊ မွေးချင်တို့ဆရာ။
* သင်ရင်းလဲကျင့်၊ စွယ်စုံမြင့်၊ မျှော်လင့်တို့ဆရာ။
* တပည့်ပျင်းမိုက်၊ မမွေးထိုက်၊ မကြိုက်တို့ဆရာ။
* တိုက်တာကဏ္ဍာ၊ ကိုးခုမျှ၊ ထောင်ရတို့ဆရာ။
* ပုံ့ပိုးမှုက၊ အားလုံးမျှ၊ ထောက်ရတို့ဆရာ။
* ဝန်ထုပ်ပယ်စေ၊ ဝန်ထမ်းတွေ၊ မွေးလေတို့ဆရာ။
* ရှင်ရဟန်းက၊ ရာပျော်မျှ၊ မွေးရတို့ဆရာ။
* သီလရှင်က၊ ခြောက်ဆယ်မျှ၊ မွေးရတို့ဆရာ။
* ဘက်စုံတော်ရေး၊ မြင့်တင်ရေး၊ သင်ပေးတို့ဆရာ။
* နိုင်ငံနှံ့ပြား၊ ဝေနေများ၊ သနားတို့ဆရာ။
* ဝါတွင်းတောရ၊ ကျွတ်သော်က၊ လှည့်ပြတို့ဆရာ။

* သီးခြားချိန်အား၊ အလင်္ကာ၊ မထားတို့ဆရာ။
* စာရေးစာချ၊ တရားပြ၊ စုံလှတို့ဆရာ။
* ခြောက်ဆယ့်သုံးနှစ်၊ ရွယ်ထောက်လစ်၊ ညို့လစ်ကံဇာတာ။
* ရေးမြို့ရောက်ရာ၊ ၄က်ရောဂါ၊ စွဲကာလဲရရှာ။
* ရန်ကုန်ရောက်ရာ၊ နှစ်ရက်ကြာ၊ ချုပ်ရှာတစ်ခန္ဓာ။
* ကြည်ညိုလိုကား၊ တပည့်များ၊ မွေးသွားတို့ဆရာ။
* ဖတ်ရှုလိုကား၊ ကျမ်းစာများ၊ ရေးသွားတို့ဆရာ။
* နာကြားလိုကား၊ ဓွေတရား၊ ဟောသွားတို့ဆရာ။
* လမင်းကြီးအား၊ တိမ်ကွယ်သွား၊ ကြယ်များရှိသေးတာ။
* လမင်းနောက်မှာ၊ ကြယ်များစွာ၊ ရောင်ဖြာဆက်ပေးမှာ။
* စွမ်းနိုင်သမျှ၊ ကြယ်များက၊ လမ်းပြပေးကြမှာ။
* စိတ်ချသွားပါ၊ မြတ်ဆရာ၊ ချမ်းသာဆီသို့သာ။

**တပည့်–အာစိဏ္ဏ(ဟသ်ာတ)**

သို့

[illegible]

[illegible]

[illegible]

[illegible]

[illegible]

၁။ [illegible]

၂။ [illegible]

၃။ [illegible]

[illegible]

[illegible]

[illegible]

## ဆက်ပြီးတော့လုပ်

ဒီကနေ့ ဘုန်းကြီးရဲ့ အသက် ဖဝပြည့်မွေးနေ့၊ မိမိတို့ အခု ပစ္စယဒါန၊ ဒီပစ္စယဒါနဆိုတာလဲ သူကကြာရှည်ခံတဲ့ပစ္စည်းမျိုး မှ မဟုတ်ဘဲနဲ့၊ ပစ္စယဒါနနဲ့ပူဇော်တာထက် ဘုန်းကြီးတို့ ဘာတွေ လုပ်နေသလဲကြည့်ရမယ်၊ ဘုန်းကြီးတို့ ရင်ရှည်ချက်က ဘာတွေ ရှိလဲ၊ ဘုန်းကြီးတို့က ဘယ်လို ဩဝါဒတွေပေးနေသလဲ၊ ငါတို့က ရှေ့ကို ဘာတွေဆက်လုပ်ရမှာလဲ၊ ဘုန်းကြီးတို့ကြိုက်တာ အဲဒါပဲ ကြိုက်တယ်၊ ဘုန်းကြီးတို့ အအားမနေ အနားမနေ ဘုန်းကြီးတို့ လုပ်သလိုဆက်ပြီးတော့လုပ်။

ဘုန်းကြီးတို့ဘုရားက အတ္တဟိတ, ပရဟိတ–မိမိသူတစ်ပါး နှစ်ဦးသားရဲ့အကျိုးကိုဆောင်တဲ့ ဘုရားဖြစ်သလို ဘုန်းကြီးတို့လဲပဲ ဘုရားလမ်းစဉ်ကိုလိုက်သောအားဖြင့် အဲဒီလို ကြိုးစားနိုင်ရင် အဲဒါ ဘုန်းကြီးတို့အတွက် အမြတ်ဆုံးပူဇော်ခြင်းလို့ ဘုန်းကြီးတို့ အဲဒီ လိုပဲ သတ်မှတ်ပါတယ်။

အဲဒါကြောင့်မို့လို့ ဖြစ်စေချင်တာကတော့ ဘုန်းကြီးတို့က မြတ်စွာဘုရားချမှတ်ထားတဲ့ သာသနာ့လမ်းစဉ်ကိုကြည့်ပြီးတော့မှ မြတ်စွာဘုရား ဘယ်လိုလျှောက်သွားလဲ၊ ဟာ–ငါတို့ရဲ့ဆရာ့ဆရာ

တွေ ဘယ်လိုလျှောက်သွားလဲဆိုတာ ဘုန်းကြီးတို့က ဘုရားရှင်ရဲ့ လျှောက်သွားတဲ့လမ်းစဉ်အတိုင်း၊ ဘုန်းကြီးတို့ ရှေ့က ဆရာ့ဆရာ တွေ လျှောက်သွားတဲ့လမ်းစဉ်အတိုင်း ဘုန်းကြီးတို့ ဆက်လျှောက် နေသလို–အဲဒါ ဘုန်းကြီးတို့ တပည့်တပန်း ပရိသတ်တွေလဲပဲ ဘုန်းကြီးတို့ ကြည့်သလိုပဲ ရှေးက မြတ်စွာဘုရား ဘယ်လိုလျှောက် သွားတယ်၊ ငါတို့ဆရာသမားတွေ ဘယ်လိုလျှောက်သွားတယ်၊ ငါတို့လဲ အဲဒီလမ်းစဉ်အတိုင်း လျှောက်မယ်ဆိုပြီးတော့ အဲဒီလိုလျှောက် နိုင်မယ်ဆိုလို့ရှိရင် ဘုန်းကြီးတို့အတွက် အဲဒါ သာသနာပြုစုရကျိုး စောင့်ရှောက်ရကျိုးနပ်ပါတယ်။

အဲဒါ ဘုန်းကြီးတို့ ပရိသတ်တွေလဲပဲ ဟုတ်လား၊ ဘုန်းကြီး တို့ရဲ့နောက်မှာ လိုက်ရကျိုးနပ်ပါတယ်၊ အဲဒီလို သဘောပေါက်ပါ၊ အဲဒီလိုလိုက်ရကျိုးနပ်အောင် လိုက်နိုင်ကြသဖြင့် မျက်မှောက်လဲ ချမ်းသာ၊ တမလွန်လဲချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ရကြ–ရောက်ကြ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

(သက်တော်–၆၀ ပြည့် မွေးနေ့ဩဝါဒ)

## တစ်ပါးမှတစ်ပါး

* မမွ  ရယ်ဦးထိပ်ပန်
ဒူတ  ကွယ်အမည်ခံလို့
အ  မှန်သာညွှန်ကာကြားတယ်
ရှင်  သမ္ဗုမနား။

* ပ  ကတိရဲရင့်ပြန်
ညာ  လိမ်ဖွယ်သွေဖီလှန်လို့
ဇော  သန်တာ ရှာမှရှားတယ်
တ  ပါးမှတစ်ပါး။

အရှင်အာစိဏ္ဏ(ဟသ်ာတ)

## ခွင့်ပြုစိတ်ချ

* ဆရာ့ကိုရည်စိတ်သန်
ဒူတဆို အခြေခံလို့
ဆရာ့စာ ရေးကာစုတယ်
ခွင့်ပြုစေသား။

* ဆရာ့ကိုနည်းမှီပြန်
သည်ကျမ်းကိုအခြေခံလို့
ကျမ်းနှောင်ခါရေးရာပ့ါမယ်
စိတ်ချစေသား။

အရှင်အာစိကွဏ(ဟာသ်ာတ)



စီစဉ်သူ
မွေ့ဒူတ– အရှင်အာစိဏ္ဏ၊ဟသ်ာတ

# အစိမ်းရှာန်ဆက်ကာ ပြုလျက်ပါ

"၁၃၃၉ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက် (၂၇-၁၂-၇၇) နေ့ အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ ဆရာတော် ပျံလွန်တော်မူခြင်း" ဆိုတဲ့ သတင်းစာပါ အကြောင်းအရာနှင့်ပတ်သက်၍ တပည့်ဖြစ်ခဲ့ဖူးသောဆရာက "ကျေးဇူးရှင်ကြီး၏ နောက်ဆုံးခရီး" ဆိုတဲ့ ရင်တွင်းခံစားမှုအပြည့်ဖြင့် ဆောင်းပါးတစ်ပုဒ်ကို ရေးခဲ့သည်မဟုတ်ပါလား၊ မှတ်မိနေပါသေးသည်။

သတင်းစာဖတ်လိုက်တဲ့နေ့က "မိမိ၏မျက်လုံးအစုံမှာ ပြာဝေသွားသည့် စိတ်အစဉ်လဲမရှင်တော့၊ ဒီသတင်းကို မကျေနပ်ပါ၊ ဟုတ်ပါလေရဲ့လား၊ ဆရာတော်ဘုရားပျံလွန်တော်မူ သွားတာ၊ မိမိဘာဖြစ်နေသနည်း၊ ကယောင်ချောက်ချားဖြစ်နေသလောတဲ့၊ ဆရာ့ဆောင်းပါးထဲမှာ ဒီလိုပါပဲ၊ ဆရာ့ဆရာ နာရေးကြားလိုက်ရတဲ့ တပည့်တွေမှာလဲ ရောက်လေရာဓမ္မခရီးစဉ်တွေက ကမ္ဘာကြီးထက်ခြမ်းကွဲသွားသည့်အလား ခံစားလိုက်ကြရပါတယ်ဆရာ။

ဆရာ့ဆောင်းပါးတွေထဲမှာ အရှင်ဇနကာဘိဝံသ(ဆရာ့ဆရာ) နဲ့ပတ်သက်လို့ "သာသနာတော်အတွက်ရော ကမ္ဘာအတွက်ပါ

အစားထိုးလို့မရသော ဆုံးရှုံးခြင်းအတွက် မိမိနဲ့အတူ ဒီသတင်းကြားရသူအားလုံး ကြိမ်မီးအုံးသို့ မပြုံးမရွှင်နိုင် ငေးမှိုင်ကြမည်ကိုလဲ မြင်ယောင်မိသည်"တဲ့၊ ဒီတစ်ကြိမ်မှာလဲဆရာ့တပည့်များ ဆရာ့စာအတိုင်း ထပ်တူထပ်မျှခံစားရပြန်ပြီဆရာ၊ ရင်ထဲမှာ ဗုံးကွဲသွားသလိုပါပဲဆရာ။

"မိမိငယ်စဉ်ကာလ ကိုရင်ဘဝကနေထိုင်ခဲ့ဖူးသော အမရပူရ မဟာဂန္ဓာရုံတိုက်နှင့် ဆရာတော်ဘုရားများ၏ မျက်နှာတော်၊ လွန်ခဲ့သော တစ်နှစ်ကျော်က ကျောင်းတိုက်နှင့် ဆရာတော်ဘုရား၏ မျက်နှာတော်တို့မှာ အကွင်းသား အကွက်သား ပေါ်လာသည်" တဲ့၊ ဒါ-ဆရာ့ဆောင်းပါးထဲကစာပါ၊ ယုံကြည်ပါသည်ဆရာ၊ ဆရာ့ဘဝ ငယ်စဉ်က ပညာရင်နို့သောက်စို့ခဲ့ရသည့် မမေ့အပ်သော နေရာနှင့် ရှာမှရှား မိမိဆရာတို့ကို မမေ့ကောင်းလို့ ဆရာ့စိတ်ထဲ စွဲမြဲထင်ဟပ်နေခဲ့ရသလို ယနေ့ တပည့်တို့ ဆရာ့မျက်နှာတော်နှင့် ဆရာတည်ထောင်ခဲ့သည့် သာသနာ့ဥယျာဉ်တော်ကြီးကိုလဲ တပည့်တို့ စိတ်အစဉ်ထဲမှာ ထပ်တူထပ်မျှအရိပ်ထင်နေဆဲပါဆရာ။

ဆရာ့ဆရာ(အရှင်ဇနကာဘိဝံသ) ဈာပနပွဲတုန်းက ဆရာကိုယ်တိုင်ကြွလို့ ဆရာ့ကိုယ်တွေ့ရေးခဲ့တဲ့ ဆောင်းပါးထဲမှာ "ဆရာကောင်းတပည့်များဖြစ်သည့် ကျန်ရစ်သူတပည့်သံဃာ၊ ဒကာ၊ ဒကာမတို့သည် သံဝေဂမျက်နှာထားများဖြင့် ဆရာတော်ဘုရား၏ ရုပ်ကလာပ်တော်ကို မူလသီတင်းသုံးတော်မူသည့် ကျောင်းကလေးမှ ပကာသနလွှမ်းသော အခမ်းအနား ဘာမျှမပါ တိတ်ဆိတ်ငြိမ်သက်စွာ ဂါရဝတရားရှေ့ထားလျက်သာ ပင့်ဆောင်၍ ဦးသောင်းဉာဏ်-ဒေါ်ခင်လှတို့၏ တိုက်ကျောင်းကြီးပေါ်သို့ ရွှေ့ပြောင်း ပူဇော်ပုံ" ဆရာအရေးထားရေးသားခဲ့တာဖတ်ရလို့ အမှတ်ရလျက်ပါဆရာ၊

ဆရာ့ဆရာ(အရှင်ဇနကာဘိဝံသ) မကြိုက်သည့်အပျော်အရွှင် ပွဲလမ်းသဘင်များထည့်မှုနှင့်ပတ်သက်၍ အနာဂတ်သာသနာရေး စာအုပ်မှာ ထည့်သွင်းဖော်ပြခဲ့သည်ကို ဆရာကအလေးမူ၍လဲ ဆောင်းပါးမှာ ရေးပြခဲ့သည့်အတွက် ဆရာ့တပည့်တို့လဲ ထိုနည်းအတိုင်းပါပဲဆရာ၊ တစ်စုံတစ်ရာ ပကာသနခြယ်လှယ်ထားခြင်းမရှိဘဲ ဆရာ့ဈာပနအခမ်းအနားကို ရိုးရိုးသန့်သန့်လေးပင် စီစဉ်ခဲ့ကြပါသည်ဆရာ။

ဆက်လက်ပြီး ဆောင်းပါးထဲမှာ "ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ခေါင်းရင်းတွင် ဆရာတော်ဘုရား၏ ရုပ်ပုံတော်နှင့် ဆရာတော်ဘုရားပြုစုတော်မူခဲ့သည့် ကျမ်းစာများကို ကြည်ညိုဖွယ်ရာ တွေ့ရပါသည်"တဲ့၊ ဒါတွေက ဆရာ့အကြိုက်မှန်းသိကြ၍ ဆရာ့တပည့်များ အလားတူစွာ မူမခြားဘဲ စနစ်တကျစီစဉ်ခဲ့ကြပါသည်ဆရာ။

ပြီးတော့ ဆရာ့ဆောင်းပါးမှာ ညစဉ်ညစဉ် နိုင်ငံကျော်ဆရာတော်များ၏ တရားပွဲများဖြင့် ကျင်းပကာ အပူမီးကြွနေသော တပည့်ဒကာ ဒကာမများအား တရားချလျက်ရှိပါ၏။ ယင်းသို့ ဆရာတော်၏ ဈာပနပွဲတွင် တရားပွဲများကျင်းပ၍ တရားတော်များနာကြားနေခြင်းသည် ဆရာတော်ဘုရားအား ဓမ္မပူဇာ-တရားတော်ဖြင့် ပူဇော်ခြင်းပင်မဟုတ်ပါလော၊ ဆရာတော်ဘုရား၏ အလိုတော်ကျ ဆရာတော်ဘုရား၏ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးခြင်းသည် ဆရာတော်ဘုရားကို တရားတော်ဖြင့် ပူဇော်ခြင်းပင်မဟုတ်ပါလော" တဲ့၊ အဘိုးဆရာအလို အဖေဆရာအကြိုက် အလိုက်သိစွာ တပည့်များက အစီအစဉ်တကျ ဆရာ့ဈာပနပွဲမှာ ဓမ္မတရားဖြင့်လဲပူဇော်ခဲ့ပါသည်ဆရာ။

ဆရာ့ဆောင်းပါးစာအရ ဆရာ၏ဆရာ အဂ္ဂိဈာပနပြာချစဉ်က ဆရာ့စိတ်အစဉ်မှာ ခံစားချက်အပြည့်ဖြင့် သာသနာအတွက်

အဓိဋ္ဌာန်ပြုခဲ့ပုံကို တပည့်ထင်ထင်ရှားရှား ဖတ်ရှုရပါသည်ဆရာ၊ ဘာတွေပါလိမ့်၊ ဆရာ့အဓိဋ္ဌာန်က–

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရားသည် တပည့်တော်၏ ကျေးဇူးရှင်ကြီးဖြစ်ပါ၏။ ယနေ့ဆရာတော်ဘုရား၏ တစ်ဘဝတာ အတွက် နောက်ဆုံးခရီးဖြစ်ပါ၏။ ဆရာတော်ဘုရား၊ ဆရာတော် ဘုရား၏ နောက်ဆုံးခရီးတွင် တပည့်တော် အဓိဋ္ဌာန်ပြုပါ၏။ ဆရာတော်ဘုရား–ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က–

* "ငါတော့အလုပ်လုပ်ရင်းနဲ့သာ အသက်ရှင်ချင်တယ်၊
* လောကနဲ့ သာသနာအတွက် ခေတ်ပြင်စာပေများကို ရေးရမယ်၊ ရေးကြ၊
* ပရိယတ် ပဋိပတ်စွယ်စုံရသော ရဟန်းငယ် ရှင်ငယ်တို့ကို ပြုစုပျိုးထောင်ရမယ်၊ ပျိုးထောင်ကြ၊
* ဒို့သာသနာတော်အတွက် ဘက်စုံအလုပ်လုပ်ရမယ်၊ လုပ်ကြ၊
* မင်းတို့ တရားလဲဟောရမယ်၊ ဒါပေမယ့် ဆွယ်စပ်ပြီးတော့ မဟောရ၊
* မင်းတို့ တရားဟောတဲ့အခါ သရုပ်ပျက် သဘင်သံ၊ ဂီတသံ၊ သံရှည်ဆွဲကာ ဘယ်တော့မှ မဟောကြနဲ့"လို့ ခဏခဏ မိန့်ကြားခဲ့ပါ၏။ ဆရာတော်ဘုရား မိန့်ကြားခဲ့သည့်အတိုင်း–
* တပည့်တော်သည် သာသနာတော်အတွက် အလုပ်လုပ်ရင်းနဲ့ အသက်ရှည်ပါမည်၊
* ယနေ့တပည့်တော်သည် ခေတ်ပြင်စာပေများကို ရေးဆဲ ဖြစ်ပါ၏။
* ယနေ့တပည့်တော်သည် ပရိယတ် ပဋိပတ်စွယ်စုံရသော

ရဟန်းငယ် ရှင်ငယ်တို့ကို ပြုစုပျိုးထောင်ရေးလုပ်ငန်းကို ဆောက်ချ၍ပြုလုပ်လျက်ရှိပါပြီ၊

* ယနေ့တပည့်တော်သည် သာသနာတော်အတွက် စာလဲရေး၊ စာလဲချ၊ တရားလဲဟော၊ တရားလဲပြ၊ ဘက်စုံကိုယ်တိုင်လဲ ကောင်းအောင်နေပြလျက်ရှိပါပြီ၊
* ယနေ့တပည့်တော်သည် တရားဟောတဲ့အခါ ဒီဃရသ ဂရုလဟု ပီပြင်ရုံသာရွတ်ဆို ဟောပြောပါသည်။ ဆရာတော်ဘုရား၊ တပည့်တော်သည် ကောင်းသောဆရာသမား၏ တပည့်ဖြစ်သည့်အလျောက် မိမိကြောင့် ဆရာဘုရား ဆရာသမားဂုဏ် အထူးမတက်သော်လဲ မိမိအတွက်ကြောင့်ဖြင့် ဆရာဘုရား ဆရာသမားဂုဏ်မပျက်စေရန် အသက်နှင့်ခန္ဓာ မြဲသမျှ ကျင့်သုံးပါမည်ဟု နိဂုံးချုပ်အဓိဋ္ဌာန်ပြုလိုက်ပါသည် ဆရာတော်ဘုရား။

ဆရာတော်ဘုရား ရောက်ရာဘဝက သာသနာတော်အတွက် ဆက်လက်ဆောင်ရွက်နိုင်ပါစေဟု ပတ္ထနာပြုပါ၏ဆရာတော်ဘုရား"တဲ့၊ ဆရာ့အဓိဋ္ဌာန်ပြုချက်ပါဆရာ၊ ဒီလောက်ရဲရင့်ပြတ်သားလှသော ဆရာ့အဓိဋ္ဌာန်ပြုချက်ကို ဆောင်းပါးမှာ ဖတ်ရှုရသည့်အတွက် တပည့်တော်တို့တစ်သက်တာမှာ မမေ့ရက်နိုင်တော့ပါဆရာ၊ တပည့်တို့နှလုံးသားပြင်မှာ ဘယ်တော့မှ မပျောက်ပျက်နိုင်တဲ့ မော်ကွန်းလဲတင်လျက်ပါဆရာ၊ မဟာဂန္ဓာရုံဆရာရဲ့ တပည့်ကောင်းလဲဖြစ်ခဲ့တဲ့ဆရာဟာ ဒီနေ့မြန်မာပြည်တစ်နံတစ်လျားရှိ ဓမ္မဒူတ ပရိသတ်များရဲ့ ဆရာကောင်းလဲဖြစ်ခဲ့ပါပြီကော ဆရာ။

ဆရာ့ဆောင်းပါးပါအတိုင်း (၁၃၃၉ ခုနှစ် နတ်တော်လဆုတ် ၂ ရက်နေ့ နေ့လယ် ၂ နာရီ ၁၀ မိနစ်) ထိုအချိန်က ဆရာ့ဆရာ

ဖြစ်တော်မူသော မဟာဂန္ဓာရုံဆရာတော်၏ အဂ္ဂဈာပနပွဲကျင်းပရာ တောင်သမန်အင်းစောင်းမှာ ဆရာသာသနာအတွက် အဓိဋ္ဌာန်မဏ္ဍိုင် မယိုင်မနဲ့ စိုက်ထူခဲ့သည့်နည်းတူ ဆရာကောင်းတပည့်များဖြစ်လို ကြသော ဓမ္မဒူတဆရာ့တပည့်များကလဲ ၁၃၅၉ ခုနှစ်၊ နတ်တော် လဆန်း ၁ ရက်နေ့၊ နေ့ ၂ နာရီ၊ ၁၀ မိနစ်အချိန်ခန့်မှာပင် (မြတ်ဆရာ၏ ရုပ်ကလာပ်နှင့် နံ့သာ ခွဲခြား၍မရသောအခါ အငြိုးကြီးစွာဖြင့် မမောမပန်းလောင်းကျွမ်းကြသော မီးတို့ကြောင့် အာကာဝေဟံသို့ တလူလူတလိမ့်လိမ့် ဇမ္ဗူဒိပ်သို့ ဖြန့်ကျက်မည့် အလား မီးခိုးလိပ်များနှင့်အတူ) အဘိုးဆရာ့နည်းတူ၊ အဖေဆရာ့ နည်းအလား မငူမငိုင် အဓိဋ္ဌာန်ချက်မဏ္ဍိုင် မယိုင်မနဲ့ ခိုင်ခိုင် စိုက်ခဲ့ပါပြီဆရာ။

* တပည့်တော်တို့သည် သာသနာတော်အတွက် အလုပ်လုပ် ရင်းနဲ့ အသက်ရှည်ပါမည်ဆရာ၊
* ခေတ်ပြင်စာပေများကို ရေးကြပါမည်ဆရာ၊
* ပရိယတ် ပဋိပတ် စွယ်စုံရသော ရဟန်း, ရှင်ငယ်တို့ကို ပြုစုပျိုးထောင်ကြပါမည်ဆရာ၊
* စာရေး စာချ တရားဟော တရားပြ ဘက်စုံအလုပ်လုပ်ကြ ပါမည်ဆရာ၊
* ဆရာပေးသော အမွေဖြစ်သည့် တရားလဲ ဟောနေကြပါသည်၊ ဆွယ်စပ်ရသော တရားမဟောပါဆရာ၊
* ဆရာမကြိုက်သော ဂီတသံ သဘင်သံ သံတိုသံရှည်ဆွဲ၍ မဟောကြားမိရန်လဲ အထူးကြိုးစားကြပါမည်ဆရာ၊

အို–ကျေးဇူးတော်ရှင်မြတ်ဆရာ၊ ဆရာ့ဆရာ (မဟာဂန္ဓာရုံ ဆရာတော်ကြီး) ကို ဆရာကကတိပြုခဲ့သည့်အတိုင်း ဆရာကောင်းတပည့် ဖြစ်လိုကြသော တပည့်တို့လဲ ဆရာ့ကို ထပ်လောင်းကတိပြုလိုက် ပါသည်။ တပည့်တို့ကြောင့် ဆရာဘုရား ဆရာသမားတို့ဂုဏ် မပျက်စေရန် အသက်နှင့်ခန္ဓာ မြဲနေသမျှ အဓိဋ္ဌာန်မဏ္ဍိုင် ကိုယ်စီ ကိုယ်င မယိုင်မနဲ့ စိုက်ထူလျက်နဲ့ ဆရာ့ကို–

* ပမာဆိုပြု
ပုံနှိုင်းတုသော်
မှောင်ထုပယ်ခွင်း
ငွေလမင်းလို
မှောင်ခွင်းဘို့ကွယ်
မိုးငွေကြယ်တို့
မိုးလယ်ထယ်ဝင့်
အရံသင့်။ ။

**တပည့်–အာစိကွဏ(ဟသ်ာတ)**
**မြတ်ဆရာ ရောက်ရာဘဝ သာသနာတော်အတွက်**
**ဆောင်ရွက်နိုင်ပါစေ။**

# ဆရာနှိုဒါန်း ငါးထောင်မှန်းသည်

မိမိသည် ၁၃၂၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့မှစတင်၍ ပရိယတ် သာသနာ့တာဝန်ကို ထမ်းဆောင်နေခဲ့ရာမှ ပဋိပတ် သာသနာ့တာဝန်ကို ပြောင်းရွှေ့ထမ်းဆောင်ခဲ့၏။ မိမိကိုယ်တိုင် ပဋိပတ်သာသနာ့တာဝန်ကို အားထုတ်သောအားဖြင့် ၃ နှစ်တိုင်တိုင် ထမ်းဆောင်ကာ ၁၃၃၀ ခုနှစ် နှစ်ဦးမှစတင်၍ တရားဟော တရားပြခဲ့ရာ ယနေ့အထိပင်ဖြစ်ပါသည်။

ဤနှစ်များအတွင်း၌ မဇ္ဈိမဒေသနာခရီးသည်အဖြစ်ဖြင့် အနယ်နယ်အရပ်ရပ် အမြို့မြို့အရွာရွာသို့ ရောက်ခဲ့ရကား ယောဂီအဟောင်းအသစ်အမျိုးမျိုးနှင့်ကြုံဆုံခဲ့ရပါသည်။ မိမိအနေနှင့်မူ ယောဂီတို့သိသင့်သိထိုက်သော တရားများကို ဟောပြောပြသ ပေးခဲ့ပါသည်။

မိမိတရားပြနေသည့် သက်တမ်းတစ်လျှောက်၌ စမ်းတဝါးဝါး နှင့်ကျင့်နေသူအများအပြားကို တွေ့ခဲ့ရပါသည်။ ဗုဒ္ဓဘာသာဝင် အချို့တို့သည် ယောင်ဝါးဝါးနှင့် အယူဝါဒအမှားများသို့ သက်ဝင် ယုံကြည်စွဲလမ်းနေကြသည်ကိုလဲ တွေ့ခဲ့ရပါသည်။

ဗုဒ္ဓသာသနာတော်၏ အနှစ်သာရကား မဂ်ဖိုလ်နိဗ္ဗာန်ပင် ဖြစ်၏။ တစ်ဖန် ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်သည်လဲ မဂ်ဖိုလ်

နိဗ္ဗာန်ပင်ဖြစ်၏။ ပန်းတိုင်ကိုတော့သိရပါပြီ၊ "သင်သည် ပန်းတိုင်သို့အရောက်သွားနေသူလော"ဟု မေးလျှင် အဖြေခက်ပါလိမ့်မည်။

ဗုဒ္ဓဘာသာဝင်တို့သည် ပန်းတိုင်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ရေးအတွက် ကြိုးစားကြပါ၏။ ယင်းသို့ကြိုးစားကြရာ၌ အသိဉာဏ်ချင်းမတူကြသလို ကြိုးစားပုံချင်းလဲ မတူကြပါ။

အချို့က ဖိုထိုး၍ကြိုးစားကြ၏။

အချို့က အင်းသောက်၍ကြိုးစားကြ၏။

အချို့က အသက်ရှည်ဆေးစား၍ ကြိုးစားကြ၏။

အချို့က မန္တန်ရွတ်၍ ကြိုးစားကြ၏။

အချို့က ဒါနပြု၍ကြိုးစားကြ၏။

အချို့က သီလဆောက်၍ကြိုးစားကြ၏။

အချို့က သမထပွား၍ကြိုးစားကြ၏။

အချို့က ဝိပဿနာဘာဝနာပွား၍ ကြိုးစားကြ၏။

ယင်းသို့ကြိုးစားကြပုံအမျိုးမျိုးရှိသည်တို့တွင် ဝိပဿနာတရားဘာဝနာကို ပွားများကာ ကြိုးစားခြင်းသည် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ ရောက်ရေးအတွက် လမ်းတိုလမ်းဖြောင့်ပင်ဖြစ်ပါသည်။

အများစုတို့မှာ ဗုဒ္ဓသာသနာတော်ကို မိရိုးဖလာသဘောအရ ကြည်ညိုသဒ္ဓါရှိကြ ကိုးကွယ်ဆည်းကပ်ကြသော်လဲ ငွေကုန်လူပန်းပြီး အကျိုးတရားမရ၊ အဆိုးတရားနှင့်သာတွေ့နေကြရပါသည်။ ယင်းတို့ကို တွေ့မြင်ကာ ကရုဏာသက်မိသည်။

အများစု နားလည်အောင် ရေးသားချင်၊ ရေးသားလိုသည်မှာ နှစ်,လ ကြာခဲ့ပါပြီ၊ သို့သော် အလုပ်များသော မိမိအဖို့ စိတ်သာ ရောက်၍ လက်ကားမရောက်နိုင်ခဲ့ပါ၊ မရေးအား မရေးသားနိုင်ခဲ့

သဖြင့် စာပေအဖြစ်မရောက်ခဲ့ပါ၊ ယခုမူ စိတ်လဲရောက်၊ လက်လဲရောက်၍ ရေးသားနိုင်ခဲ့သဖြင့် ကျမ်းစာအုပ်အဖြစ်သို့ ရောက်ခဲ့ပါပြီ။

(ဤကျမ်းစာသည် မိမိ၏ကိုယ်စား သာသနာ (၅၀၀၀) ကုန်ဆုံးကျော်လွန်သည့်တိုင်အောင် တည်ပါစေသတည်း။)

မိမိကြိုးစားရေးသားတင်ပြလိုက်သည်ကို ဖတ်ရှုရသဖြင့် အကျိုးကျေးဇူးရကြပါသည်ဟုဆိုလျှင် မိမိအတွက် ရေးရကျိုးနပ်ပါပြီ၊ ဤသည်ပင်လျှင် မိမိ၏ မျှော်လင့်ချက်ဖြစ်ပါသတည်း။

**ဓမ္မဒူတ–အရှင်ပညာဇောတ**
**ဓမ္မဒူတ–တောရ**
**တောင်စွန်း၊ ဘီးလင်းမြို့နယ်**
**မွန်ပြည်နယ်။**

(မဂ္ဂင်ရှစ်ဖော် ယဉ်ပျံတော်၊ သာသနာ့လမ်းစဉ်၊ အနေကဇာတင်နည်း(၇)နည်းတို့မှ လိုအပ်သော ကောက်နုတ်ချက်နိဒါန်းဖြစ်ပါသည်။)

# စီစဉ်သူ၏နှုတ်ခွန်းဆက်

ဤကျမ်းစာသည် မိမိကိုယ်ပိုင် အတွေးအခေါ်ဖြင့် စီစဉ်ရေးသားသော ကျမ်းစာမဟုတ်ပါ၊ ဆရာ့ကျေးဇူးကိုဆပ်ချင်သည်၊ ဆပ်သင့်သည်၊ ဆပ်မှဖြစ်မည်ဟူသော ဆန္ဒအလီလီဖြစ်ခဲ့သောကြောင့်သာ စီစဉ်ခြင်းဖြစ်ပါသည်။ မိမိစီစဉ်တင်ပြသော ဤကျမ်းစာသည်–

(၁) ဆရာ့ကျေးဇူးကို ဆပ်ရာရောက်စေရန်၊

(၂) ဆရာ့လမ်းညွှန်ချက်များ တစ်ပေါင်းတစ်စုတည်း ရှိစေရန်၊

(၃) ဆရာ့တပည့်များ လွယ်ကူစွာ ကြည့်ရှုနိုင်စေရန်–

ဤသို့သော ရည်ရွက်ချက်ဆန္ဒမွန်ဖြင့် စီစဉ်တင်ပြခြင်းဖြစ်ပါသည်။ ထိုသို့စီစဉ်ရေးသားတင်ပြရာ၌ တစ်ဆင့်ကြားမှုဖြင့် ထည့်သွင်းမရေးသားလိုပါ၊ ဖတ်ချင်စဖွယ်ဖြစ်အောင်လဲ မိမိ၏ စိတ်ကူးဖြင့် ဖန်တီးမရေးသားလိုပါ၊ ဆရာ့မူဟန် ဆရာ့လေသံ ဆရာ့အာဘော်မပျက်စေဘဲ မူရင်းအတိုင်း တင်ပြလိုသည်မှာ မိမိ၏ ဆန္ဒဖြစ်ပါသည်။

ဆရာ့သာသနာပြုခရီးစဉ်အတွင်း (ဆယ်စုနှစ်သုံးခုမျှ) မှတ်သားလောက်သော ဆရာ့စကား၊ ဆရာ့ကျမ်းစာ၊ ဆရာ့သြဝါဒတို့ကား အလွန်များလှပါသည်၊ ကျမ်းစာတစ်အုပ် ရေးသားတင်ပြရုံမျှဖြင့် မလုံလောက်နိုင်ပါ၊ အမှတ် ၁၊ ၂၊ ၃ ခွဲ၍ ရေးသားတင်ပြ

နိုင်ပါမှ လုံလောက်မည်ယူဆပါသည်။ ဆက်လက်၍တင်ပြနိုင်ရန် ကြိုးစားရပါဦးမည်။

ရေးသားတင်ပြနိုင်ရန် ဆရာ့ကျမ်းစာ၊ ဆရာ့တရား၊ ဆရာ့ ဩဝါဒမူရင်းတို့ လိုအပ်သည်ဖြစ်၍ မိမိ၏ ၉၈–ခုနှစ် ဓမ္မခရီးစဉ်တစ်လျှောက်၌ တိတ်ခွေများနှင့် ကျမ်းစာများ ရနိုင်သမျှ ရအောင် စုဆောင်းရပါသည်။ ၉၈–ခုနှစ် ဓမ္မခရီးစဉ်ပြီးဆုံးသည်နှင့် (၃–၆– ၉၉) နေ့မှ စတင်ကာ မိမိစုဆောင်းပြီးသမျှ ကျမ်းစာများ၊ တိတ်ခွေများမှ အဓိကလိုရင်းအချက်တို့ကို အချိန်ယူ၍ ရှာရ ဖွေရ ပြန်ပါသည်။ အမြတ်တနိုးမှတ်စရာတို့လဲဖြစ်ရမည်၊ မူရင်းအတိုင်းလဲ ဖြစ်ရမည်။ ထိုသို့မူရင်းအတိုင်းတင်ပြနိုင်ပါမှ ဆရာ့တပည့်များ ကျမ်းစာကို ဖတ်ရှုလေတိုင်း ဆရာ့ပုံရိပ်ကို အကြိမ်ကြိမ်မြင်ယောင်နေကြပေလိမ့်မည်။ အလွမ်းသော်လဲပြေနိုင်ကြလိမ့်မည်။ ဆုံးမသည့် အတိုင်းလဲ မြတ်မြတ်နိုးနိုး လိုက်နာကျင့်သုံးနိုင်ကြပေလိမ့်မည်။

မိမိအနေနှင့်လဲ အတတ်နိုင်ဆုံးကြိုးစား၍ ဆရာ့အာဘော် မပျက် မူရင်းသက်သက်ကိုသာ ရှာဖွေစုစည်းတင်ပြထားပါသည်။ သို့သော် ကျမ်းလေးမည်စိုးသဖြင့် ကျော်သင့်သောဝါကျတို့ကိုကျော်၍ ဖြတ်သင့်သောဝါကျတို့ကိုဖြတ်၍ ရေးခြင်း၊ စကားစဉ်ချောမောစေရန် အထက်နှင့်အောက် ပြန်လှန်နေရာရွှေ့၍ရေးခြင်း၊ ရှေ့နောက် စကားချိတ်ဆက်မိစေရန် တစ်ပုဒ်မှတစ်ပုဒ်သို့ ကူးဆက်၍ရေးခြင်းတို့ကို မဖြစ်မနေ ရေးသားစီစဉ်ရပါ၏။ "တိမ်မယောင်နှင့်နက်၊ လွယ် မယောင်နှင့်ခက်" ဆိုစကားလို ထင်သလောက် မလွယ်သော်လဲ အတတ်နိုင်ဆုံး အဆင်ပြေစေရန် ရေးသားစီစဉ်ထားပါသည်။

စာရှုသူတို့အနေနှင့် ဤကျမ်းစာကို နာရီပိုင်းမျှအတွင်း ပြီးဆုံး အောင်ဖတ်နိုင်ပါသော်လဲ စီစဉ်တင်ပြသူအတွက် ရက်ပိုင်းမျှဖြင့်

ပြီးဆုံးအောင် မရေးနိုင်ခဲ့ပါ၊ တရားဟော တရားပြ စာချအလုပ်များနှင့် အဝေးအနီးမှ ရောက်ရှိလာကြသော ဧည့်သည်များကြားမှ အထူးကြိုးစား၍ လှနှင့်ချိကာ ရေးသားရပါသည်။

ဆရာ့မှုရင်းအာဘော်ကို မြတ်နိုးသူ မိမိအနေနှင့် မပြောပလောက် (၁)ရာခိုင်နှုန်းမျှ ပြုပြင်ရသည်မှအပ မိမိ၏အယူအဆအာဘော်ကို လုံးဝမစွက်ဖက်လိုပါ။ ဆရာ့မူရင်းအာဘော်ကို အလွတ်မခံနိုင်ပါ၊ အပျက်မခံနိုင်ပါ။

မိမိအနေနှင့်မူ ဆရာ့ကရုဏာစေတနာကြီးမားမှု၊ အမြော်အမြင်ကြီးမားမှုတို့ကို ဆရာ့ပရိသတ်များသိစေရန် ထပ်ဆင့်ဖြန့်ဖြူးလိုက်ခြင်းမျှသာ ဖြစ်ပါသည်။

အို–စာရှုသူ၊ သင်သည် ဆရာ့အာဘော်မူရင်း လမ်းညွှန်မှုကိုမှ တစ်ပေါင်းတစ်စုတည်း လိုလားသူဖြစ်အံ့၊ ဤကျမ်းစာသည် သင့်အံ့တွက် အတိုင်းအတာတစ်ခုအထိ အကူအညီပေးနိုင်လိမ့်မည်ဟု မိမိမျှော်လင့်ပါသည်။

* ရှုကြည့်ပါဘိ စ,ဆုံးထိပေါ့
အသိများမှု ရေးသားပြုရ
ဗဟုသုတ တွေ့ရဖန်ဖန်
ကျမ်းဂန်အကြား သိမြင်များက
ခေါင်ဖျားလူမွန် သူ့ထက်လွန်၍
တံခွန်စိုက်ထူ များဗိုလ်လူတို့
ရွယ်ချူနိဗ္ဗာန် မုခ်ဦးထံသို့
ရောက်စေဖို့။

(လိုလားသူထံ၊ ဤကျမ်းဂန်၊ အမြန်ရောက်ပါစေ)

အရှင်အာစိဏ္ဏ(ဟသ်ာတ)

## မွေးနေ့ရက်မြတ် နိမိတ်ပတ်

သက္ကရာဇ်ဦးခေါင်း တစ်နှစ်ပြောင်းသွားတယ်ဆို သေဘောကြီးက တစ်နှစ်ခြိမ်းခြောက်လာတာ၊ ဒါကြောင့် တကယ်တွေးကြည့်ရင် တကယ်သံဝေဂဖြစ်စရာပဲ၊ အချိန်ကာလက ရပ်နေတာ၊ နားနေတာ မဟုတ်ဘူး၊ အချိန်ကာလကမရပ်သလို သတ္တဝါတို့ရဲ့ အသက်ကလဲပဲ မရပ်ဘူး၊ တစ်နှစ်ထက်တစ်နှစ် ကြီးသွား ကြီးသွားတာ၊ ဒီနှစ်မွေးနေ့ပြီးသွားတာ နောင်နှစ်မွေးနေ့ကို ခံမှခံပါမလားဆိုတာ မပြောနိုင်ဘူး။

ဘုန်းကြီးတို့ကတော့ ဘယ်လိုခံယူချက်ရှိသလဲဆိုတော့ ငါသည် ကုသိုလ်ကောင်းမှုကံတွေ ပြုနိုင်သေးသမျှတော့ အသက်ရှင်ချင်တယ်၊ ကုသိုလ်တွေမလုပ်နိုင်ဘူးဆိုရင်တော့ သေပဲသေလိုက်တော့၊ သေတာပဲကြိုက်တယ်၊ ဒီလိုပဲခံယူချက်ရှိတယ်၊ ကုသိုလ်ပြုနိုင်တဲ့ဘဝမှာ ထွက်လေဝင်လေ တစ်ရှူတစ်ရှိုက်အတွင်း အသက်ရှည်ရလဲ မြတ်ပါတယ်။

အချိန်ဆိုတာဟာ လူ့အသက်ရေတွက်ရုံမျှသာဖြစ်တယ်၊ တကယ်တော့ အချိန်ကကုန်သွားတာမဟုတ်ဘူး၊ အသက်က ကုန်သွားလို့ အခုခြောက်ဆယ်ရောက်လာတာ၊ မွေးနေ့က ဘုန်းကြီးတို့ နတ်တော်လဆုတ် ၁၄ ရက်နေ့၊ နောက်နှစ်လဲ နတ်တော်လဆုတ် ၁၄ ရက်ရဦးမှာပဲ၊ နောက်နှစ်လဲ နတ်တော်လဆုတ် ၁၄ ရက် ရဦးမှာပဲ၊ ဟော–ဒီကမ္ဘာကြီး မပျက်မချင်း နတ်တော်လဆုတ် ၁၄

ရက်က ရနေမှာပါ၊ ဒါပေမယ့် မိမိကတော့ ရှိမလား မရှိတော့ဘူး၊ နတ်တော်လဆုတ် ၁၄ ရက်အောက်ကနေပြီးတော့ ပျောက်ကွယ်ပြီးတော့မှ အဲဒါ ပုဂ္ဂိုလ်သတ္တဝါစာရင်းကနေ ပျောက်ကွယ်သွားမှာပါ။

## မသေ မကျေ ဖြေသိမ့်လေ

မိမိတို့ကသာ အမှတ်မဲ့နေပေမယ့် သေရွာခရီးသွားတာကတော့ တစ်စက္ကန့်တောင် ရပ်ပြီးတော့ နားပြီးတော့မနေဘူး၊ မိမိတို့ကသာ နားနေပေမယ့် သေရွာခရီးသွားတာကတော့ တစ်ချက်မှမနားဘူး၊ "သရီရသ္သ ဂုဏာနဋ္ဌ၊ ဒူရမစ္စန္တမန္တရံ။ သရီရံခဏဝိဒ္ဓံသိ၊ ကပ္ပန္တံ ဌာ ယိနော ဂုဏာ" အဲဒါလေးကို သတိထား၊ အဓိပ္ပာယ်က ခန္ဓာကိုယ်ရယ်၊ သီလသမာဓိ ပညာဂုဏ်ရယ် နှစ်ခုဟာ မတူထူးခြားပါတယ်၊ ထူးခြားမှုဟာလဲ အထူးအထူးကိုပဲဝေးကွာလှပါတယ်၊ ဘယ်လိုဝေးကွာ သလဲဆိုတော့ ဒီလက်ရှိခန္ဓာကိုယ်ကြီးကတော့ ခဏလေးပဲတည်ပြီး တော့ ပျက်မှာပါပဲတဲ့။

အဲဒီပျက်မယ့်ခန္ဓာကိုယ်ကြီးကို အမှီပြုပြီးတော့မှ မိမိဆည်းပူးခဲ့တဲ့ ဒါန သီလ သမာဓိ ပညာဂုဏ်တရား (သို့မဟုတ်) သီလ သမာဓိ ပညာ ဂုဏ်တရားတို့သည်သာလျှင် ကမ္ဘာပတ်လုံးတည်နေမှာပါတဲ့၊ လူသေသော်လဲပဲ နာမည်မသေပါဘူး၊ လူသာသေသော်လဲ ဥဒါန်းမကျေပါဘူး။

## ချစ်လျှင် မငိုနဲ့

လောကမှာ ဆုံးရှုံးမှုတကာ့ဆုံးရှုံးမှုထဲမှာ လူတစ်ယောက်လုံး ဆုံးရှုံးတာဟာ အကြီးဆုံးသော ဆုံးရှုံးမှုကြီးပါ၊ ရှိသမျှပစ္စည်းတွေ

အကုန်ဆုံးရှုံးသွားပေမယ့် ဒီလောက်မဆုံးရှုံးပါ၊ လူတစ်ယောက် ဆုံးရှုံးတာဟာ အရှုံးတကာ့အရှုံးထဲမှာ အရှုံးကြီးပါပဲ၊ သေမင်းနဲ့ ဘယ်လိုမှ စစ်မခင်းနိုင်လို့ ရှုံးရတဲ့အရှုံးပါ၊ မနိုင်လို့ ရှုံးရတဲ့ အရှုံးကြီးပါ။

အေး–တစ်ခါသာရှုံးပါစေ၊ နှစ်ခါအရှုံးမခံပါနဲ့၊ ချစ်ကြပါတယ်၊ ခင်ကြပါတယ်၊ ကြင်နာကြပါတယ်ဆိုလို့ရှိရင် ခုချိန်မှာ စိုးရိမ်ခြင်း(သောက)၊ ငိုကြွေးခြင်း(ပရိဒေဝ) မဖြစ်စေရပါဘူး၊ သောက ပရိဒေဝဆိုတာ အကုသိုလ်ဖြစ်ခြင်းကြောင့် နှစ်ခါရှုံးလို့ခေါ်ပါတယ်။

ငိုတာကတော့ ချစ်လို့ငိုတယ်လို့ ပြောကြမှာပဲ၊ လောက သဘောအားဖြင့် မှန်ပါတယ်၊ ဒါပေမယ့်လို့ အခုလိုအမျှဝေခါနီးမှာ ငိုနေလို့ရှိရင် မချစ်လို့ ငိုတာလို့ဘဲပြောရမှာပါ၊ အဲဒါကို အထူးသတိထားပါ၊ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ကုသိုလ်ပြုတဲ့ပုဂ္ဂိုလ်မှာ ငိုနေလို့ရှိရင် ကုသိုလ်စိတ်မဖြစ်ပါဘူး၊ ကုသိုလ်မဖြစ်ပါဘူး၊ ကုသိုလ်မဖြစ်လို့ ကုသိုလ်မရတော့ အမျှဝေလို့လဲ အမျှမရပါဘူး၊ ကုသိုလ်မရတော့ "သာဓု" ခေါ်စရာလဲမရှိတော့ပါဘူး။

လူတစ်ယောက်လုံးလုံး ဆုံးရှုံးသွားသောအားဖြင့် အဘယ်မှာ စိတ်အေးအေးကြည်ကြည်ထားနိုင်ပါ့မလဲလို့ဆိုစရာရှိပါတယ်၊ ဟုတ်ပါတယ်၊ မထားနိုင်ပါဘူးလို့လဲပြောချင်ပြောရမှာပေါ့၊ ဒါပေမယ့် မထားနိုင်သော်လဲပဲ ဆုံးရှုံးသွားသူကို တကယ်ချစ်ပါတယ်၊ ခင်ပါတယ်၊ ကြင်နာပါတယ်ဆိုလို့ရှိရင် ထားနိုင်အောင်ကို ထားရမှာပဲ၊ ဟုတ်ပါတယ်၊ အဆိုးထဲက အကောင်းထုတ်သောသဘောမျိုးနဲ့ ထားကိုထားရမှာပဲ၊ မထားလို့ဖြစ်ကိုမဖြစ်ပါဘူး။

**မဇ္ဈိမဒေသ–အရှင်ပညာဇောတ**

**(သောကငြိမ်းသတ်တရားမြတ်မှကောက်နုတ်ချက်)**

## သဘောပေါက်ပါ

သေတယ်ဆိုတာ သူများတွေသာ သေတာမဟုတ်ပါဘူး၊ ဘုန်းကြီးတို့နဲ့တကွ ဘုန်းကြီးတို့ ပရိသတ်တွေလဲ မွေးလာပြီဖြစ်လို့ တစ်နေ့နေ့မှာ သေကြရမှာအမှန်ပါပဲ၊ သတ္တဝါတွေဟာ သေတော့ သေကြရမှာပဲ၊ ဒါပေမယ့် ဘယ်အချိန်မှာ သေမယ်လို့ သိနိုင်ဖို့ရာ မလွယ်ကူလှပါဘူး၊ ဘာပဲဖြစ်ဖြစ် လောကမှာ မွေးလာရင် သေစာရင်း သွင်းပြီးသားဖြစ်သွားပါပြီ၊ သင်္ခါရတရားမှန်သမျှ အကုန်ပျက်ရမှာ ပါပဲ၊ မွေးလာတဲ့သတ္တဝါတွေမသေဘဲ ကျန်နေတာ ဒီလောကကြီး ထဲမှာ လိုက်ရှာကြည့်ပါ၊ ဘယ်နေရာ ဘယ်ဌာန ဘယ်လောကမှာမှ မရှိပါဘူး၊ မွေးလာတဲ့သတ္တဝါမှန်သမျှ အသက်တိုရှည်သာကွာမယ်၊ ရှေ့နဲ့နောက်သာကွာမယ်၊ အားလုံးတော့ သေကြရမှာပဲ၊ ဘာဖြစ်လို့ သေရတာလဲ မေးလို့ရှိရင် ဘာရောဂါ ညာရောဂါတွေပြောမနေနဲ့ တော့၊ မွေးလာလို့ သေရမယ်လို့ အဲဒီလိုသဘောပေါက်လိုက်ပါ။

### သောကဖျောက်ပါ

ဘုန်းကြီးတို့က ဘာနဲ့တူသလဲမေးလို့ရှိရင် နွားငှားတဲ့လူနဲ့ တူပါတယ်၊ အချို့လယ်သမားတွေ အခုလိုမိုးရာသီမှာ နွားမရှိတဲ့အခါ မှာ နွားရှိတဲ့နွားရှင်ထံကနွားကို ငှားပြီးတော့မှ အဲဒီအငှားနွားနဲ့ ထွန်ရပါတယ်၊ အချိန်တန်တော့ နွားရှင်ထံပြန်ပြီးတော့အပ်ရပါတယ်၊

အေး–ဘုန်းကြီးတို့ကလဲပဲ နွားငှားသူပမာ သေမင်းထံက ဟောဒီ ခန္ဓာကိုယ်ကြီးကို ခိုင်းဖို့ရာ ငှားထားတာပါ၊ အငှားခန္ဓာကိုယ်ကြီး လို့ မှတ်ထားပါ။

နွားငှားသူဟာ နွားငှားပြီးတော့ ကျွေးလဲကျွေး ခိုင်းလဲခိုင်းပြီး အချိန်ကျမှ အခပေးပြီးပြန်အပ်ပါတယ်၊ အဲဒီလိုပဲ ဘုန်းကြီးတို့ တစ်တွေလဲပဲ သေမင်းထံက ဟောဒီခန္ဓာကိုယ်ကြီးကို ငှားထားတာတဲ့၊ ခန္ဓာကိုယ်ကြီးကို ကျွေးလဲကျွေး ခိုင်းလဲခိုင်းရမှာပဲ၊ ဘာတွေခိုင်းရ မှာလဲ၊ ကောင်းမှုအမျိုးမျိုးတွေ လုပ်ခိုင်းရမှာပါ၊ အခု(သူ့) ခန္ဓာကိုယ် ကို ပြန်အပ်ရမယ့်ခန္ဓာကိုယ်လို့သိထားပြီးတော့ (သူ့)ခန္ဓာကိုယ်ကို ကုသိုလ်တွေပြုခိုင်းပြီးတော့ ပြန်အပ်သွားတာလို့ နှလုံးသွင်းပြီး တော့ မိမိတို့မှာရောက်နေတဲ့ သောကပရိဒေဝမီးကို ဖြေဖျောက်ပါ။

ဘုန်းကြီးတို့ပရိသတ် နောက်ပိတ်ဆုံးပြောရမယ်ဆိုရင် ဘုန်းတော်ခြောက်ပါးသခင် တရားမင်းဘုရင် ဘုရားရှင်ကြီးဆိုတာ သိကြတဲ့အတိုင်းပဲ လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့ရဲ့ အားကိုး အားထားရာအစစ် တကယ်ထူးမြတ်တဲ့ ပုဂ္ဂိုလ်ကြီးပါ၊ အဲလို လူ နတ် ဗြဟ္မာသတ္တဝါအားလုံးတို့ရဲ့အကျိုးစီးပွားကို ဆောင်ရွက်တော် မူတဲ့ တန်ခိုးရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင်လဲ့ပဲ သောက သဘောနဲ့ ပြောရမယ်ဆိုလို့ရှိရင် သေတာပဲ၊ ပရိနိဗ္ဗာန်စံတယ်လို့ ခေါ်ပါတယ်၊ အခေါ်သာကွဲပါတယ်၊ အဲလိုပဲမှတ်ယူပြီးတော့ သောက ကို ဖြေဖျောက်ပါ။

## အာဇာနည်

ဘုန်းကံကြီးမားတဲ့ ယောကျ်ားအာဇာနည်ကို ရခဲလှစွာ၏။ အဲဒီဘုန်းကံကြီးမားတဲ့ ယောကျ်ားအာဇာနည်ဟာ အလုံးစုံသော

မြို့ရွာနိုင်ငံအမျိုးအနွယ်မှာ ဖြစ်ပွားပေါ်ပေါက်လာသည်မဟုတ်ပါပေ။

ဘုန်းကံကြီးမားတဲ့ ယောကျာ်းအာဇာနည် ဖြစ်ပေါ်လေရာ တစ်မျိုးလုံးဟာ ချမ်းချမ်းသာသာ အမျိုးမျိုးသော ကြီးပွားခြင်းဖြင့် အလျှဉ်းကြီးပွားလေတော့၏။

(ဓမ္မပဒပါဠိတော်)
(အယူဝါဒရှင်းတမ်းမှ)

# ဓမ္မဒူတအတွက် သဲကုန်းဆရာတော်၏ အစီပွာယ်ဖွင့်ဆိုချက်

အရှင်ပညာဇောတဆရာတော်က ဓမ္မဒူတဆရာတော်လို့ တစ်တိုင်းတစ်ပြည်လုံးက အသိအမှတ်ပြုထားတာ ၊ဓမ္မသံတမန်ပေါ့၊ ဓမ္မဒူတဆိုတာ တရားသံအမတ်ကြီး၊ ၁၉၆၂–ခုနှစ်ကတည်းက ဘုန်းကြီးတို့က လက်ချင်းတွဲလာခဲ့ကြတာ၊ ဓမ္မမရောက်သေးတဲ့ အရပ်ကို ဓမ္မရောက်အောင် ပို့ဆောင်ဖို့နဲ့ ဓမ္မထွန်းတောက်တဲ့အရပ် က ဓမ္မရေ၊ ဓမ္မစရပုဂ္ဂိုလ်များနဲ့ ဟို ဓမ္မမထွန်းတောက်သေးတဲ့ အရပ်ကလူတွေနဲ့ အဲ ဒီနှစ်ခုကြားထဲမှ ဆက်သွယ်ပေးတဲ့ပုဂ္ဂိုလ်ဟာ ဓမ္မဒူတဖြစ်ပါတယ်။

တောကိုအလွန်မြတ်နိုးတယ် ဓမ္မဒူတဆရာတော်က၊ အရှင် မဟာကဿပထုံးပေါ့လေ၊ လစန္ဒာမင်းကြီးသည် ကမ္ဘာကြီးနဲ့ဝေးနေ ပေမယ့်လဲ ကမ္ဘာကြီးကိုအအေးဓာတ်ပေးသလို လူ့လောကကြီးကို ခပ်ခွာခွာနေပြီးတော့ လောကကြီးကို အအေးဓာတ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုး။

ဘုန်းကြီးတို့ ၁၉၆၂–ခုနှစ် ကမ္ဘာအေး(ရေကူး) သံဃာ့ တက္ကသိုလ်မှာ ပညာအတူသင်နေခဲ့ကြတာ အခန်းချင်းလဲနီး၊ အတန်းချင်းလဲတူ၊ စိတ်သဘောထားချင်းလဲ တူခဲ့ကြတယ်၊ သုံးနှစ်တိုင်

အတူနေခဲ့ရတာ၊ သံဃာ့တက္ကသိုလ်ကျောင်းတက်စအချိန်တုန်းက အီတာလျံဘုန်းတော်ကြီး ဦးလောကနာထရဲ့စာ ဓမ္မပဒကျမ်းစာလေးကို အဲဒီမှာသွားတွေ့တော့ ဘုန်းကြီးတို့ နှစ်ယောက်သား ဒါ အဓိဋ္ဌာန်ထား၊ ပြည်ပကြွပြီးတော့ ဆရာတော် အရှင်သေဋ္ဌိလတို့လို၊ အီတာလျံဘုန်းတော်ကြီး အရှင်လောကနာထတို့လို ဒို့ ကမ္ဘာလှည့်ကြစို့ဆိုပြီးတော့ အဲဒီလိုစိတ်ထဲမှာ အဓိဋ္ဌာန်ထား၊ နောက်ကျ တော့ တာဝန်က အလိုလိုခွဲ ဝေလိုက်သလိုဖြစ်သွားတယ်၊ ကိုင်း- အရှင်ဘုရားက မြန်မာပြည်ကျေးလက်တွေကြွ၊ တပည့်တော်ကတော့ ပြည်ပသွားမယ်ဆိုပြီးတော့ ဝေလိုက်သလိုပဲ၊ အဲဒီလိုသွားလာပြီးတော့ နေကြတာ။

ရာဟုလာသံကစ္စည်းဆိုတဲ့ အိန္ဒိယပြည့်ကကမ္ဘာကျော်စာရေးဆရာကြီးပြောဖူးတယ်၊ ရပ်နေတဲ့ရေဟာ ညစ်ပတ်တယ်၊ မပြတ်စီးဆင်းနေတဲ့ရေဟာ သန့်ရှင်းတယ်တဲ့၊ အီတာလျံဘုန်းတော်ကြီး ဦးလောကနာထက သူလဲပဲ ဒီအတိုင်းပဲပြောသွားတယ်၊ ဘုန်းကြီးတို့ ဓမ္မဒူတဆရာတော်ရဲ့ ဂုဏ်ဟာ အဲဒါပဲ။

ဘုန်းကြီးတို့ ဓမ္မဒူတဆရာတော်လဲမရပ်မနား ခရီးသွားတာ၊ မြန်မာနိုင်ငံ ကျေးလက်တောရွာတွေမှာဆိုလို့ရှိရင် သာသနာပြုလုပ်ငန်းတစ်ရပ်အနေနဲ့ခရီးသွားတဲ့အထဲမှာ ဓမ္မဒူတအရှင်ပညာဇောတဟာ ခရီးအသွားဆုံးပဲလို့ ဘုန်းကြီးက ဒီလိုပဲ တစ်ထစ်ကျယုံကြည်တယ်။

ဓမ္မဒူတဆရာတော်ချမှတ်ထားတဲ့မူတွေ၊ အခြေခံစည်းမျဉ်းတွေရှိပါတယ်၊ ဟောပြောသွားတဲ့ဟောပြောချက်တွေ၊ မပြတ်မလပ်ပေးထားတဲ့ ဩဝါဒအဆုံးအမတွေရှိနေပါတယ်၊ ဆရာတော်ရဲ့ အခြေခံမူတွေနဲ့ ဆုံးမချက်ဩဝါဒတွေရှိနေသမျှကာလပတ်လုံး ဓမ္မဒူတဆရာတော် မကွယ်သေးဘူး၊ ဓမ္မဒူတဆရာတော်ပေးသွားတဲ့ ဩဝါဒ

တွေကို လိုက်နာနေသမျှကာလပတ်လုံး အားလုံးဟာ ဆရာတော်ရဲ့ တပည့်တွေဖြစ်နေရစ်ကြမှာပါပဲ။

ဓမ္မဒူတဆရာတော်ဟာ ဓမ္မကိုဆက်လက်ညွှန်ပြဖို့ဆိုပြီးတော့ ဓမ္မဒူတခရီးကိုပဲ ဆက်ကြွနေတယ်လို့ ဘုန်းကြီးများလဲပဲ ဒီအတိုင်းပဲ စိတ်ထဲမှာ ဖြေသိမ့်ထားပါတယ်၊ အဲဒီတော့ အားလုံးသော ဓမ္မဒူတ ဆရာတော်ရဲ့ တပည့်တွေမှာ ဘာမှဝမ်းနည်းနေဖို့အကြောင်း မရှိပါဘူး။

"လမင်းကြီးအား၊ တိမ်ကွယ်သွား၊ ကြယ်များရှိသေးတာ" ဆိုတော့ ဘုန်းကြီးတို့ ဘာမှပူစရာမလိုဘူး၊ "လမင့်နောက်မှာ၊ ကြယ်များစွာ၊ ရောင်ဖြာဆက်ပေးမှာ" ဆိုတော့ ဘုန်းကြီးတို့ ဝမ်းသာလိုက်တာ၊ ကျန်ရစ်တဲ့တပည့်တွေရဲ့ အစွမ်းကို ဘုန်းကြီးတို့ သိပ်ပြီးတော့ အားရမိပါတယ်။

(သဲကုန်း)အရှင်ဉာဏိဿရ
အဂ္ဂမဟာပဏ္ဍိတ
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
သဒ္ဓမ္မသီတဂူကျောင်း၊ စစ်ကိုင်းတောင်းရိုး
(၂၉-၁၁-၉၇)



ဓမ္မဒူတ-အရှင်ပညာဇောတ နှင့် သဲကုန်းဆရာတော်အရှင်ဉာဏိဿရ

# ပဏ္ဍိတ်တစ်သင်းတို့ ရွှေပလားတွင် ရွှေနားတင်ကြသည်

* အပြောနဲ့အလုပ် တစ်ထပ်တည်း သက်သေပြနိုင်တဲ့ သာသနာ့အာဇာနည်တစ်ပါးပါ။

(ရွှေဥမင်းဆရာတော်ကြီး၊ မ/ဥက္ကလာ၊ ရန်ကုန်)

* * *

* ဘက်စုံသာသနာပြုနိုင်တဲ့ပုဂ္ဂိုလ်ပါပဲ။

(ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ မစိုးရိမ်တိုက်၊ မန္တလေး)

* * *

* ရဲရဲတွေး ရဲရဲရေး ရဲရဲပြောစွမ်းနိုင်သော သာသနာ့အာဇာနည်တစ်ပါးပါ။

(အရှင်ကုဏ္ဍလာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ဓာရုံ)

* * *

* တကယ့်ကို တရားသံအမတ် ဓမ္မဒူတအစစ်ပါပဲ။

(ဘဒ္ဒန္တဉာဏိဿရ၊ အဂ္ဂမဟာပဏ္ဍိတ၊
မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မသီတဂူကျောင်း၊
စစ်ကိုင်းတိုင်း)

* * *

# ပဏ္ဍိတ်တစ်သင်းတို့ ရွှေပလားတွင် ရွှေနားတင်ကြသည်

* အပြောနဲ့အလုပ် တစ်ထပ်တည်း သက်သေပြနိုင်တဲ့ သာသနာ့အာဇာနည်တစ်ပါးပါ။

(ရွှေဥမင်းဆရာတော်ကြီး၊ မ/ဥက္ကလာ၊ ရန်ကုန်)

* * *

* ဘက်စုံသာသနာပြုနိုင်တဲ့ပုဂ္ဂိုလ်ပါပဲ။

(ဘဒ္ဒန္တ ကောဝိဒါဘိဝံသ၊ မစိုးရိမ်တိုက်၊ မန္တလေး)

* * *

* ရဲရဲတွေး ရဲရဲရေး ရဲရဲပြောစွမ်းနိုင်သော သာသနာ့အာဇာနည် တစ်ပါးပါ။

(အရှင်ကုဏ္ဍလာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ဓာရုံ)

* * *

* တကယ့်ကို တရားသံအမတ် ဓမ္မဒူတအစစ်ပါပဲ။

(ဘဒ္ဒန္တ ဉာဏိဿရ၊ အဂ္ဂမဟာပဏ္ဍိတ၊
မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မသီတဂူကျောင်း၊
စစ်ကိုင်းတိုင်း)

* * *

* နှုတ်ကလဲ ဟော၊ လက်ကလဲ ရေး၊ အလုပ်ပေးတရားတွေလဲ အများကြီး လမ်းညွှန်သွားလို့ သာသနာတော်မှာ လက်ရာခြေရာတွေ များစွာအရာထင်ခဲ့ပါတယ်။

**(တိပိဋကဓရ အရှင်သီရိန္ဒာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ)**

* * *

* အရည်အသွေးကောင်းများနှင့် တကယ်ပြည့်ဝစုံလင်သော ထေရ်အရှင်တစ်ပါးဖြစ်၍ သာသနာတော်ကို ထွန်းလင်းစေသော အရှင်မြတ်တစ်ပါးဖြစ်သည်။

**(တိပိဋကဓရ အရှင်သုမင်္ဂလာလင်္ကာရ၊ အဂ္ဂမဟာပဏ္ဍိတ)**

* * *

* ဓမ္မဒူတအရှင်ပညာဇောတဟူသည် အမည်နှင့်သဘော (ဝါ) ဂုဏ်နှင့်ဒြပ်လိုက်လျော စပ်ဟပ်နိုင်ပါဘိခြင်း၊ မှန်၏။ ရာဇဒူတ–အစိုးရတမန်၊ ဒေဝဒူတ–နတ်တို့တမန်ဟူရာ၌ တမန်ဟူသည် ဆိုင်ရာကိစ္စများကို လေးနက်ပြည့်စုံအောင် ဆောင်ရွက်သကဲ့သို့ ဓမ္မဒူတကလဲ သာသနာ့အတွက် လိုအပ်သော ကိစ္စများကို ရဲတင်းဝံ့စားစွာ တော်လှန်ထွင်းဖောက်လျက် မြတ်ဗုဒ္ဓ၏ သားကောင်းတစ်ဦးပီပီ မြတ်ဗုဒ္ဓညွှန်ပြသော သာသနာ့လမ်းစဉ်ကို မကွေ့မကောက်လျှောက်နေသော ပုဂ္ဂိုလ်တစ်ဦးပေပဲဟု ဆုံးဖြတ်ချက်ချလိုက်ပေသည်။

**(ဦးအရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အတွင်းပတ္တမြားတိုက်၊ ဟင်္သာတမြို့)**

* * *

**(ဓမ္မဒူတဆရာတော်ကြီး၏ အဆုံးအမများစာအုပ်နှင့် ဝေဒနာရှုပွားနည်းကျမ်းမှ ကောက်နုတ်ချက်)**

# အခန်း (၁)

## "ခမ္မတာ"

* ဘဝသနစ်
လက်ဖျစ်တစ်တွက်
လျှပ်တစ်ပြက်ဆန်
တူဟန်ရေပွက်
မိုးထက်တိမ်လား
ရွေ့လျားနေတာ
ပုံပမာ။

* ဘဝပုံရိပ်
အတိတ်ခြေခံ
ပစ္စုပ္ပန်, နား
ဆက်သွား, နာဂတ်
မပြတ်လည်တာ
သံသရာ။

*	ဆရာ့ပုံရိပ်
	တိမ်လိပ်ဆန်ဆန်
	သရုပ်ဟန်ကား
	ရွှေ့လျှားထက်ရပ်
	ထင်ဟပ်ပြန်ခွာ
	ဓမ္မတာ။

(ဓမ္မဒူတ–အရှင်အာစိဏ္ဏ)

# နမော ဗုဒ္ဓါယ (သိဒ္ဓမ်)

## ဒီလိုပဲလှည့်လည်ရအုံးမှာပဲ

အတိတ်ကာလ အတိတ်ဘဝဆိုတာ ရှိခဲ့သလို ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ဘဝတစ်ထောက်နားစရာလဲရှိ၊ အနာဂတ်ကာလ အနာဂတ်ဘဝကိုလဲ သေချာပေါက် သွားရအုံးမယ်၊ နိဗ္ဗာန်မရောက်မချင်း ဒီလိုပဲ လှည့်လည်ရအုံးမှာပဲနော၊

သံသရာထဲမှာ ဒုဂ္ဂတိ ခေါ်တဲ့ ဘဝလဲရှိတယ်၊ သုဂတိခေါ်တဲ့ ဘဝလဲရှိတယ်၊ ဘယ်ဘဝမှာပဲ ဖြစ်ဖြစ် ကြာကြာနေရတယ်လို့ မရှိဘူးတဲ့၊ နေမယ်လို့ မကြံသေးဘူး သေ၊ နေရတာ မဝသေးပဲနဲ့ သေကြရတာချည်းပဲတဲ့။

## အသက်ကလဲတိုတယ်

လူ့ပြည်က အသက်က နတ်ပြည်ကို ထောက်မယ်ဆိုရင် မတိုဘူးလား တိုလား၊ ဒီမှာ အနှစ်တစ်ရာမှာမှ ဟိုမှာ တစ်ရက်ဆို တော့ နတ်ပြည်ကို ထောက်လို့ရှိရင် အရမ်း တိုတာ၊ အသက်က တိုနေလို့ ဘုန်းကြီးတို့ ပရိသတ်တွေ ချမ်းသာသုခနဲ့ ပြည့်စုံတယ်

ဆိုရင်လဲ တော်သေးတယ်၊ အခုက (အပွဲ မစ္စာန ဓိဝိတံ၊ တဥ္စ ဒုက္ခေန သံယုတ္တံ) အသက်က တိုလဲတိုတယ်၊ ငြိုငြင်ပင်ပန်းဆင်းရဲ ဒုက္ခတွေနဲ့ လဲ ယှဉ်နေတယ်၊ ဟုတ်ပြီလား။

## ပေါင်းလို့ အချိုးကျပြီလဲဆိုရော သေ

နေရတဲ့ဘဝက ခဏနေရတဲ့ဘဝ၊ အကြာကြီးနေရတဲ့ဘဝ မဟုတ်ဘူး၊ ဒီမှာ ခဏနေပြီးတော့မှ ဒီကပုဂ္ဂိုလ်တွေနဲ့ နေလို့ အကျွမ်းဝင်ပြီ၊ အချိုးကျပြီလဲဆိုရော နောက်တစ်ခါဘဝပြောင်း၊ ဘဝပြောင်းသွားတော့ ဟိုမှာ အသစ်တွေနဲ့ တစ်ခါ မပေါင်းရဘူးလား၊ အသစ်တွေနဲ့ ပေါင်းလို့ အချိုးကျပြီလဲ ဆိုရော သေ၊ တစ်ခါပြောင်းရ ပြန်ရော၊ သုဂတိမှာလဲ အဲဒါခဏပဲနေရ၊ ဒုဂ္ဂတိမှာလဲ ခဏပဲနေရ၊ ကမ္ဘာကို ထောက်လို့ရှိရင် မိမိတို့ နေရတာ ကြာလား၊ မကြာဘူးတဲ့ ခဏပဲနော်။ အဲဒါကြောင့် မမေ့မလျော့ မပေါ့မဆနဲ့ တရားဓမ္မကို ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ နေပါတဲ့။ ဟုတ်ပြီလား။ မမေ့မလျော့ မပေါ့မဆ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ ပုဂ္ဂိုလ်က တစ်ဘဝ နှစ်ဘဝလောက်နဲ့ နိဗ္ဗာန်ရောက်ပြီးတော့ မသေရဘူးတဲ့ ဟုတ်ပြီလား။

## ဆရာကောင်းတပည့် ဆိုတာ

ဆရာကောင်းတပည့် အကြောင်းပြောချင်ပါတယ်၊ သေချာစွာ မှတ်သားနားထောင်ပါ။ ဒီလောကမှာ ဆရာကကောင်းပါလျက် ဆရာ့စကား မလိုက်နာသူကို ဆရာကောင်းတပည့်လို့ မဆိုလိုကြပါဘူး၊ ဆရာ့စကားကို ရိုသေစွာ နားထောင်လိုက်နာသူကိုမှ ဆရာကောင်း တပည့်လို့ ဂုဏ်ပြုလိုကြပါတယ်။

## လူတစ်ယောက်ထံ တပည့်ခံထားရင်

လူတစ်ယောက်ထံမှာ တပည့်ခံထားလို့ရှိရင် လူတစ်သောင်းထံမှာ ဆရာဖြစ်တယ်၊ လူတစ်ယောက်ထံမှာ တပည့်ခံရမှာကြောက်တာနဲ့ပဲ အဲဒါ လူတစ်သောင်းထံမှာ တပည့်ဖြစ်ကရော၊ အဲဒါကြောင့် ကိုယ်မသိရင် ဘာလုပ်ရမှာလဲ၊ မေးရမယ်တဲ့၊ စကားပုံတောင်ရှိသေးတယ်၊ "မသိရင်မေး၊ မစင်ရင်ဘာဖြစ်လဲ၊ ဆေး" တဲ့။

## ပါရမီရှိပေမယ့်

ပါရမီတော့ရှိနေတယ်၊ မိကောင်းဖကောင်းနဲ့ကြုံမှ၊ ဆရာကောင်း သမားကောင်းနဲ့လဲကြုံမှ၊ မိတ်ကောင်းဆွေကောင်းနဲ့လဲကြုံမှ၊ ရဟန္တာ ဖြစ်နိုင်တယ်တဲ့။ ဟုတ်ပြီလား။ မိကောင်းဖကောင်းနဲ့လဲ မကြုံဘူး၊ ဆရာကောင်းသမားကောင်းနဲ့လဲ မကြုံဘူး၊ မိတ်ကောင်းဆွေကောင်း နဲ့လဲမကြုံလို့ရှိရင် အပါယ်တောင်ကျနိုင်တယ်၊ နော။

## ဆရာနဲ့၊ လူကြီးတွေ ဆုံးဆုံးသွားရင်

တဖြည်းဖြည်းနဲ့ ဆုတ်ဆုတ်လာပြီ၊ ရဟန်းသံဃာဘက်ကြည့်၊ ဆရာတစ်ပါး ပျံလွန်သွားရင် ကျန်တဲ့ တပည့်က ဆရာကိုမမီ၊ အဲဒီလိုပဲ လူကြီးလူကောင်းတွေ ဆုံးဆုံးသွားရင် သူတို့သားသမီးတွေ မိဘလူကြီးတို့အဆင့် မမီတော့ဘူး၊ ကိုယ်တို့ သားသမီးတွေလဲ ကိုယ်တို့အဆင့် မီသေးလား။

## ချစ်ရင် ကောင်းမှုပြုခွင့်ပေး

ဘုန်းကြီးတို့ ခရီးအမြဲသွားနေတော့လေ၊ ဘာသဘောပေါက်လဲ ဆိုတော့၊ မီးရထားစီးသွားတယ်ဆိုပါတော့၊ ခုံချင်းမျက်နှာချင်းဆိုင်က

လူတွေ နောက်ကျောဘက်ကလူတွေ၊ ဘေးနားခုံကလူတွေ တော်ကြာ တစ်ယောက်က အထုပ်ကလေးရွက်ပြီးတော့ ဆင်းသွားပြန်၊ တော်ကြာ တစ်ယောက်က အထုပ်ကလေးဆွဲပြီးတော့ ဆင်းသွားပြန်၊ မရှိဘူးလား ? အဖေဆင်းသွားတာလဲရှိတယ်၊ အမေဆင်းသွားတာလဲရှိတယ်၊ အမေအဖေရှိပါလျက်သားနဲ့ သားသမီးဆင်းသွားတာလဲရှိတယ်၊ သူတို့ဆိုင်ရာ အထုပ်ကလေးတွေ ယူမသွားကြဘူးလား? အဲဒီလိုပဲ သေတယ်ဆိုတာ တစ်ဘဝကနေ တစ်ဘဝ ကိုယ့်အထုပ်ကိုယ်ဆွဲပြီး ဆင်းသွားတာနဲ့ တူတယ်၊ ဟုတ်ပြီလား၊ ကဲ ဒီလိုပဲ ဆင်းဆင်းနေတာ မရှိဘူးလား၊ ရှိလား၊ ရှိနေတာပဲ၊ ဒါကြောင့်မို့လို့ တစ်ယောက်နဲ့ တစ်ယောက် ချစ်ပါတယ်၊ ခင်ပါတယ်၊ ကြင်နာပါတယ်ဆိုရင် အကူအညီပေးနိုင်တာက "နင်လဲ နင့်အတွက် နင်ကုသိုလ်ကောင်းမှု လုပ်၊ ငါလဲ ငါ့အတွက် ကုသိုလ်ကောင်းမှုလုပ်ရမှာပဲ" လို့ တစ်ယောက်ကို တစ်ယောက် ကုသိုလ်ကောင်းမှုပြုခွင့် ပေးရမယ်၊ ချစ်ရင် ခင်ရင် ကြင်နာရင် ဒါပဲလုပ်စရာရှိတယ်၊ ဟုတ်ပြီလား။

## ကောင်းမှုတူမှ အတူနေရ

အဲဒါကြောင့် ဘုန်းကြီးတို့ပရိသတ်တွေ အခု လူ့ပြည်ဌာနမှာ လာပြီးတော့ ဇနီးမယားအဖြစ်နဲ့သော်လည်းကောင်း၊ လင်ယောကျ်ား အဖြစ်နဲ့သော်လည်းကောင်း၊ သမီးသားအဖြစ်နဲ့သော်လည်းကောင်း၊ မိတ်ဆွေသင်္ဂဟအဖြစ်နဲ့သော်လည်းကောင်း၊ ဆရာသမားအဖြစ်နဲ့ သော်လည်းကောင်း အခု မဆုံကြဘူးလား၊ ကံတူလို့လာပြီး ဆုံကြတော့ တစ်ယောက်ကိုတစ်ယောက် အဲဒါချစ်ပါတယ်၊ ခင်ပါတယ်၊ ကြင်နာပါတယ်ဆိုလို့ရှိရင် ဘာတွေလုပ်ခိုင်းမှာလဲ၊ ကုသိုလ်ကောင်းမှု တွေ လုပ်ခိုင်း၊ ဟုတ်ပြီလား။ ကုသိုလ်ကောင်းမှုတွေ ပြုတော့

ကုသိုလ်ကောင်းမှုတွေ တူကြလို့ရှိရင် အကျိုးပေးတူပြီးတော့ ကောင်းတဲ့ နေရာတွေမှာလဲ အတူမနေရဘူးလား? အဲဒီလို အတူနေရင်း အတူ ကုသိုလ်ပြုရင်းနဲ့ နောက်ဆုံးတော့ နိဗ္ဗာန်ကိုယ်စီ မရောက်ဘူးလား? ရောက်နိုင်တယ်၊ ဟုတ်ပြီလား။

## ကိုယ့်ကုသိုလ်နဲ့ ကိုယ် သွားရမှာ

ညီရယ် အစ်ကိုရယ် မောင်ရယ် နှမရယ် အမေရယ် အဖေရယ် သားရယ် သမီးရယ် တပည့်တပန်းရယ် ဆရာသမားရယ်လို့ ဖြစ်တယ်ဆိုတာက ဒီတစ်ဘဝလောကသာ အကူအညီပေးနိုင်တာ၊ နောင်ဘဝထိအောင် အကူအညီပေးနိုင်မှာလား? နောက်ဘဝကတော့ ကိုယ့်ကုသိုလ်နဲ့ ကိုယ် သွားရမှာ၊ ဟုတ်ပြီလား။ ဒီဘဝမှာကတော့ ညီအစ်ကို မောင်နှမ ဆွေမျိုးဉာတကာ ဆရာမိဘ အချင်းချင်း အကူအညီ တစ်ဘဝ တစ်ခဏတာတော့ ရမယ်၊ နောက်ဘဝအတွက် ကျတော့ သူလဲသူ့ကုသိုလ်နဲ့သူ သွားရမှာ၊ ကိုယ်လဲ ကိုယ့်ကုသိုလ်နဲ့ကိုယ် သွားရမှာ၊ တစ်ယောက်နဲ့ တစ်ယောက် အကူအညီ ပေးနိုင်မှာလား၊ မပေးနိုင်ဘူး၊ နော်။

## သေပြီဆို အခြေအရံ ပရိသတ်တွေ အကုန်ထားခဲ့ရ

သေမင်းအသတ်ခံရတယ်ဆိုတာ အတော် နစ်နာတယ်၊ ရှိပြီးသား အသိုင်းအဝိုင်းတွေ အကုန်လုံး ခွဲခဲ့ရတယ်၊ ဟုတ်ပြီလား။ တတ်ထားတဲ့ ပညာတွေလဲ ထားခဲ့ရ၊ ရာထူးတွေလဲ ထားခဲ့ရ၊ ပစ္စည်းတွေလဲ ထားခဲ့ရ၊ အခြေအရံ ပရိသတ်တွေလဲ အကုန်ထားခဲ့ရ၊ သေပြီဆို နောက်ဘဝ အသစ်တစ်ခါပြန်ဖြစ်တာ၊ အသစ်တစ်ခါ ပြန်ဖြစ်တယ်ဆို ဘာမှ ကိုယ့်မှာ မပါဘူး၊ ထပ်ပြီးတော့ ရှာရဖွေရ

လုံ့လကြီးကုတ် အားထုတ်လို့ ပြည့်မယ်ကြံရင် တစ်ခါ သေပြန်ပြီ၊ ဟုတ်ပြီလား။

## ကုသိုလ်ရှိရင် အမေ့ရွာ အဖေ့ရွာ သွားသလို

တစ်နေ့ကျလို့ရှိရင် ဘုန်းကြီးတို့နဲ့တကွ ဘုန်းကြီးတို့ပရိသတ်တွေ သေရမှာ သေချာပေါက် မြေကြီးလက်နဲ့ခတ် လွဲချင်သာလွဲရမယ်၊ သေရမှာက သေချာပေါက်၊ ဘယ်လိုမှ မသေဘဲနဲ့ ကျန်နေတဲ့ပုဂ္ဂိုလ်ဆိုတာ မရှိဘူး၊ သေတယ်ဆိုတာ တကယ်တမ်းပြောလို့ရှိရင် ဘဝပြောင်းတာပဲ၊ ယုံကြည်စိတ်ချလောက်တဲ့ကုသိုလ် ကိုယ့်မှာ ရှိနေတဲ့ပုဂ္ဂိုလ်အတွက် ဘာမှ သေတာကို ကြောက်စရာမရှိတော့ဘူး၊ အမေ့ရွာ အဖေ့ရွာ သွားရသလိုပေါ့၊ ဘုန်းကြီးတို့ ရွာတစ်ရွာကနေပြီးတော့မှ၊ ဟိုမှာ အဖေအမေရှိတဲ့ရွာ သွားတယ်ဆိုလို့ရှိရင် ဘာမှမပူဘူး၊ ဟိုမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ စားစရာသောက်စရာ အားလုံးနေစရာ ထိုင်စရာတွေက အဆင်သင့်၊ အဲဒီလိုပဲ၊ ဒီဘဝကနေဟိုဘဝ သွားတယ်ဆိုတာလဲ ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်အတွက်က ဘာမှ ပူစရာမရှိဘူး၊ ဟုတ်ပြီလား။

## အရွယ်မရွေး ကောင်းမှုရှိရမယ်

သေခါနီးလို့ရှိရင် ကောင်းမှုရှိမှ ချမ်းသာတာဖြစ်ခြင်းကြောင့် အရွယ်မရွေး ကိုယ့်မှာလဲ ကောင်းမှုရှိထားရမှာပဲတဲ့၊ ငယ်တဲ့အရွယ်မှာလဲ ကောင်းမှုရှိရမှာပဲ၊ အလယ်အလတ်အရွယ်မှာလဲ ကောင်းမှုရှိရမှာပဲ၊ ကြီးတဲ့အရွယ်မှာလဲ ကောင်းမှုရှိရမှာပဲ၊ အချိန်မရွေးသေနိုင်တာဖြစ်ခြင်းကြောင့် အရွယ်မရွေး ကောင်းမှုဆိုတာ ရှိထားရမယ်၊ နော်။

## ကုသိုလ်ပြုတိုင်း အလောင်းတော်က ခေါင်းဆောင်

အတုယူစရာကောင်းတာက ကုသိုလ်ပြုတိုင်း ကုသိုလ်ပြုတိုင်းမှာ ဘုရားအလောင်းတော်သည် ခေါင်းဆောင်လုပ်ခဲ့တယ်၊ ဘုန်းကြီးတို့ ပရိသတ်က ခေါင်းဆောင်လုပ်ခဲ့တာလား၊ ခေါင်းရှောင်လုပ်ခဲ့တာလား? ဘာလုပ်ခဲ့? ခေါင်းရှောင်လုပ်တယ်၊ ဩော်–ခေါင်းဆောင်လုပ်ခဲ့တာလားလို့ ခေါင်းရှောင်လုပ်ခဲ့တယ်၊ ခေါင်းရှောင်ရင်တော်သေးတယ်၊ တချို့က လွှယ်အိတ်က ပါသေးတယ်၊ လွှယ်အိတ်ဆိုတာ ဘယ်လိုလဲ? သူများလုပ်ရင် ကန့်လန့်ကန့်လန့်နဲ့ လုပ်တဲ့သူက ရှိသေးတယ်၊ ဒါ နေရာတကာမှာ ရှိတယ်နော်။

## ခေါင်းဆောင်ကောင်းရင် သေသေကြေကြေ အားပေး

ခေါင်းဆောင်ကောင်းဆိုတာက ဘုန်းကြီးတို့ ပရိသတ်တွေ ကောင်းလို့ရှိရင် အဲဒါ သူများကလဲ ဝိုင်းပြီးတော့ ခေါင်းဆောင် မမြှောက်ကြဘူးလား?၊ မြှောက်ပြီးတော့ ခေါင်းဆောင်နောက်ကိုလဲ တစ်ခါထဲ အုတ်အော်သောင်းတင်း စိတ်ပါလက်ပါ အားမပေးဘူးလား?၊ ခေါင်းဆောင်ကောင်းရင်နော်၊ ခေါင်းဆောင်မကောင်းလို့ ရှိရင်တော့ အဲဒါ အားမပေးဘူး၊ ဟုတ်ပြီလား။ လိုက်တော့လဲ လိုက်ချင်လို့ လိုက်ရတာလား၊ ကြောက်လို့လိုက်ရတာလား?၊ ကြောက်လို့လိုက်တဲ့ ပုဂ္ဂိုလ်နဲ့ စိတ်ပါလက်ပါလိုက်တဲ့ ပုဂ္ဂိုလ် တူလား၊ ဘယ်သွားတူမှာလဲ၊ မျက်နှာကိုက မျက်နှာသေလေးနဲ့၊ တက်တက်ကြွကြွလဲ မရှိဘူး၊ ဟိုက တကယ်လိုက်ချင်လို့ လိုက်တဲ့ ပုဂ္ဂိုလ်ကျတော့ တက်တက်ကြွကြွနဲ့ တစ်ခါထဲ နေပူထဲမှာရော၊ မိုးရွာထဲမှာရော တစ်ခါထဲ သေသေကြေကြေ ဟုတ်ပြီလား၊ အဲဒီလို။

အဲဒါကြောင့် အခုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးနောက်

လိုက်တဲ့ သတ္တဝါတွေက စိတ်မပါတပါတွေလား၊ ကြောက်လို့လိုက်ရတာလား?၊ မဟုတ်ဘူးတဲ့၊ ရှေတုန်းက ကောင်းမှုကိစ္စအဝဝတို့မှာ ခေါင်းဆောင်ခဲ့တဲ့ ကောင်းမှုကံကြောင့် သူခေါင်းဆောင်တဲ့နောက်ကိုလဲ နောက်က သတ္တဝါတွေက ယုံယုံကြည်ကြည်နဲ့ လိုက်ကြတာ။

ဒါကြောင့် ရှေးလူကြီးတွေ ဘာပြောလဲဆိုတော့ "လူတစ်ယောက် ကောင်းတယ် မကောင်းတယ်ဆိုတာ နဖူးရေဒူးရေ ကြည့်"တဲ့၊ မပြောဘူးလား?၊ အခု မြတ်စွာဘုရားမှာ နဖူးရေ မကောင်းဘူးလား၊ သင်းကျစ်တော်ပါတဲ့ နဖူးရေကောင်းတဲ့အတွက်ကြောင့် ဘုန်းကြီးတို့ သတ္တဝါအားလုံး သုံးဆယ့်တစ်ဘုံသားတွေ အကုန်လုံး မြတ်စွာဘုရား နောက်ကို တရုန်းရုန်းလိုက်ခြင်းဆိုဟဲ့ အကျိုးကျေးဇူးဖြစ်လာတာ၊ အလိုလို ဖြစ်လာတာ မဟုတ်ဘူးနော။

## ခေါင်းဆောင်ကောင်းဆိုတာ အများအကျိုးဆောင်

အဲဒါကြောင့်မို့လို့ ခေါင်းဆောင်ဆိုတဲ့ဥစ္စာက ဘုန်းကြီးတို့ သတ္တဝါအားလုံးရဲ့ အကျိုးကိုဆောင်တယ်၊ ဟုတ်ပြီလား၊ ခေါင်းဆောင်ကောင်းသည် ကိုယ့်အကျိုးကိုဆောင်တာလား?၊ အေး မဟုတ်ဘူး၊ သတ္တဝါအားလုံးရဲ့အကျိုးကို ဆောင်တယ်တဲ့ နော်၊ ကုသိုလ်ကောင်းမှုတွေမှာ ခေါင်းဆောင်လိုက်တော့ ဒီကုသိုလ်ကောင်းမှုလုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ ကောင်းကျိုးမရဘူးလား?။

အေး၊ ခေါင်းဆောင်ကောင်းတဲ့ပုဂ္ဂိုလ်က အများအကျိုးဆောင်တယ်၊ ခေါင်းဆောင်မကောင်းတဲ့ပုဂ္ဂိုလ်က ကိုယ့်အကျိုးပဲလုပ်ဟယ်၊ ဟုတ်ပြီလား၊ ခေါင်းဆောင်မကောင်းရင် ဘယ်သူ့အကျိုးလုပ်လဲ?၊ ကိုယ့်အကျိုးပဲ လုပ်တယ်နော်၊ အဲဒါ အများအကျိုးကျတော့ မလုပ်ဘူး၊ ကိုယ်နဲ့မဆိုင်သလို နေတယ်၊ ခေါင်းဆောင်ကောင်းဆိုတာ

အများအတွက် သူက အနစ်နာခံတယ်၊ ဟုတ်ပြီလား၊ အများအတွက် အနစ်နာခံရင် ခေါင်းဆောင်တဲ့၊ တစ်ကိုယ်ကောင်းအတွက် ကောင်းစားရေးလုပ်လို့ရှိရင် အဲဒါ ခေါင်းဆောင်မဟုတ်ဘူး၊ ဟုတ်ပြီလား၊ ခေါင်းဆောင်ဆိုရင်လဲ အများက မကြည်ညိုဘူးလား၊ ခေါင်းဆောင်ကောင်းဆိုတာလဲမရှားဘူးလား၊ အင်မတန်ရှားတယ်နော်။

## ဆရာမကောင်း တပည့်ခေါင်း

ဘုန်းကြီးတို့တောင် ဆောင်းပါးတစ်ပုဒ် ရေးဖူးသေးတယ်၊ "ဆရာမကောင်း တပည့်ခေါင်း"တဲ့၊ တပည့်မကောင်း ဆရာ့ခေါင်း ဆိုတာက ဆရာမှာ ဒီလောက်မထိခိုက်ဘူးနော်၊ ဘာဖြစ်လို့လဲ၊ တပည့်မကောင်းလို့ ဆရာမှာ သာမန်လောက်၊ နာမည်ပျက်သလောက်၊ ဒီလောက်ပဲရှိတယ်၊ ဆရာမကောင်းလို့တပည့်ခေါင်းဆိုလို့ရှိရင် တပည့်အားလုံး အကုန်လုံး ဒုက္ခမရောက်ဘူးလား၊ ဒုက္ခရောက်တယ်။

ခေါင်းဆောင်ဆိုတော့ ဘုန်းကြီးတို့ မီးရထားခေါင်းတွဲနဲ့ မတူဘူးလား၊ အေး၊ ခေါင်းတွဲမှန်သမျှ ခေါင်းတွဲက ရှေ့ကသွားနေတော့ ခေါင်းတွဲမှောက်ပြီဆိုလို့ရှိရင် နောက်တွဲတွေ အကုန်မမှောက်ဘူးလား၊ ဆရာမကောင်း တပည့်ခေါင်းဆိုတာ သိပ်ကြောက်စရာကောင်းတယ်၊ မိဘမကောင်း သားသမီးခေါင်း၊ ဒီလိုလဲ ဘုန်းကြီး ဆောင်းပါး ရေးထားတာရှိတယ်၊ သားသမီးမကောင်း မိဘခေါင်းဆိုတာလဲ ဘုန်းကြီးတို့မိဘမှာ ဒီလောက်မထိခိုက်ဘူး၊ မိဘမကောင်းလို့ သားသမီးခေါင်းကျတော့ မထိခိုက်ဘူးလား၊ ထိခိုက်တယ်၊ နည်းနည်း ထိခိုက်တာ မဟုတ်ဘူးနော်။

## ရွာဦးကဘုန်းကြီး မိုက်ရင် တစ်ရွာလုံး မိုက်

အဲဒါကြောင့် ဘုန်းႀကီးတို့ မန္တလေးက ဆီးဘန်နီဆရာတော်ကြီးက ဆုတောင်းထားတာဆိုကြည့် "တရားမကြိုက်၊ အမှားလိုက်၊ မိဘမိုက်နှင့် လွဲစေသော်"၊ အေး၊ မိဘမိုက်နှင့် တွေ့လို့ရှိရင်လဲ သားသမီးတွေလဲ အကုန်လုံးမလွဲကုန်ဘူးလား၊ လွဲကုန်ရော၊ ဒါကြောင့်မို့လို့ မိမိုက်ဖမိုက်နဲ့လဲ မတွေ့ရပါစေသား ဆုတောင်းတာ ဆရာတော်ကြီးက နောက်တစ်ခါဆိုကြည့် "တရားမကြိုက်၊ အမှားလိုက်၊ ဆရာမိုက်နှင့် လွဲစေသော်"၊ ဒါကြောင့် ဆရာမကောင်း ဘယ်သူ့ခေါင်းလဲ၊ တပည့်ခေါင်း၊ ကြောက်စရာကောင်းတယ်၊ ဆရာကောင်းဖို့ အရေးကြီးတယ်နော်၊ နောက်တစ်ခါ ဆုတောင်းထားတာ ရှိသေးတယ်၊ ဆိုကြည့် "ဝိနည်းမကြိုက်၊ အမှားလိုက်၊ ဘုန်းကြီးမိုက်နှင့် လွဲစေသော်"ဒါ ဆီးဘန်နီဆရာတော်ကြီး ဆိုထားတာ၊ ဘုန်းကြီးဆိုထားတာ မဟုတ်ဘူးနော် (ရယ်)၊ သူ့အထဲမှာ ပါတာ၊ ဝိနည်းဆိုတာက သာသနာ့အသက် ဟုတ်ပြီလား၊ တစ်နည်းပြောရင် ဘုန်းကြီးတွေရဲ့အသက်သည် ဘာလဲ?၊ ဝိနည်းတဲ့၊ ကဲ၊ ဝိနည်းမကြိုက်ဘူးဆိုလို့ရှိရင် ဘုန်းကြီးမိုက်၊ သူ့မှာ အသက်ထွက်မသွားဘူးလား?၊ အဲတော့ ကိုးကွယ်တာက ရွာဦးရွာဖျားမှာ ကိုးကွယ်ထားတော့ ဘုန်းကြီးက မိုက်နေပြီဆိုတော့မှ တစ်ရွာလုံး ဘယ်လိုဖြစ်မှာလဲ?၊ မိုက်တော့မှာပေါ့နော်။

## ကိုယ်နေတဲ့ နေရာမှာ အကောင်း သုံးမျိုးရှိရမယ်

အဲဒါကြောင့် ဘုန်းကြီးတို့ငယ်ငယ်တုန်းက ဘုန်းကြီးတို့ ဒကာကြီး ခဏခဏပြောတယ်၊ နဂိုတုန်းကတော့ အဓိပ္ပါယ်မသိဘူး၊ ခုနောက်ပိုင်းမှပဲ သိတော့တယ်၊ ဘုန်းကြီးတို့ ဒကာကြီးက "မင်းတို့

ကြီးတဲ့အခါမှာတဲ့ ဘယ်ရွာမှာပဲနေနေ ဘယ်မြို့မှာပဲနေနေ ဘယ်ရပ်ကွက်မှာပဲနေနေ ကိုယ်နေတဲ့နေရာဌာနမှာ သုံးမျိုး ကောင်းရမယ်တဲ့၊ (၁)နံပါတ်က ဘုန်းကြီးကောင်းကောင်း ရှိရမယ်၊ (၂)နံပါတ်က အရပ်လူကြီးကောင်းရှိရမယ်၊ (၃)နံပါတ်က ဆေးဆရာ ကောင်း ရှိရမယ်၊ အဲဒီ သုံးမျိုးမကောင်းတဲ့ အရပ်မှာ မနေနဲ့."တဲ့။

ဘုန်းကြီးမကောင်းလို့ရှိရင် ကုသိုလ်ရေးတွေ မရှုံးဘူးလား၊ အရပ်လူကြီးမကောင်းလို့ရှိရင်တော့ အဲဒါ လောကရေးတွေ အကုန်ရှုံး၊ လောကရေးရှုံးတာက တစ်ဘဝရှုံးမှာ၊ ဘုန်းကြီးမကောင်းလို့ရှိရင် တစ်သံသရာလုံး မရှုံးသွားဘူးလား?၊ ဆေးဆရာ မကောင်းလို့ရှိရင် မသေသင့်ဘဲနဲ့ သေကုန်ရောတဲ့ ဟုတ်ပြီလား?၊ အေး၊ အဲဒါ ဘယ်နှစ်ကောင်း ကောင်းရမှာလဲ၊ သုံးကောင်း ကောင်းရမယ်တဲ့၊ ပြောတာ–

## မလိုချင်လို့ လှူတာ

အခုကျောင်းကန်တွေဆိုတာ တကယ်တမ်းပြောလို့ရှိရင် ကိုယ့်ဟာကိုယ် ရှာဖွေပြီးတော့မှ ကိုယ့်ပစ္စည်းနဲ့ဆောက်ထားတာလား?၊ ဒကာဒကာမတွေက လှူဒါန်းထားတာ၊ အဲဒါ ကိုယ်ကနေပြီးတော့ "ငါ့ကျောင်း ငါ့ကျောင်း"နဲ့ သွားလုပ်မနေနဲ့နော်၊ ဒကာဒကာမတွေ လှူတယ်ဆိုတာက ပြောမယ်ဆိုလို့ရှိရင် လိုချင်လို့လှူတာလား မလိုချင်လို့ လှူတာလား?၊ မလိုချင်လို့ ဟုတ်ပြီလား (အလောဘော– ဒါနံ)တဲ့၊ အလောဘနဲ့လှူတာ၊ အဲဒီပစ္စည်းပေါ်မှာ လိုချင်တဲ့လောဘ ရှိရင် လှူနိုင်မလား?၊ မလှူနိုင်ဘူး ဟုတ်ပြီလား၊ စွန့်လိုက်တာကို ဘုန်းကြီးကနေပြီးတော့ "ငါ့ကျောင်း ငါ့ကျောင်း" ဆိုတော့ တဏှာနဲ့ သွားမစွဲဘူးလား?၊ အဲဒါ ငါ့ကျောင်း ငါ့ကျောင်းဆို အဆိပ်ကို စားတာနဲ့ အတူတူပဲတဲ့၊ ဟုတ်ပြီလား။

အေး၊ စွဲတဲ့အချိန်အခါကျတော့ ငါ့ကျောင်း ငါပဲနေမယ်၊ တခြားလူ မလာနဲ့လို့ မလာဘူးလား?၊ အဲဒါ ကျောင်းစွဲပြီးတော့မှ မနာလိုဝန်တိုတဲ့ မစ္ဆရိယဖြစ်လာပြီဆိုရင် ဘာနဲ့တူလဲဆိုတော့ သူများထွေးလိုက်တဲ့ တံတွေးကို ကောက်မျိုတာနဲ့ တူတယ်တဲ့ ဟုတ်ပြီလား၊ အဲဒီလိုပဲ ဒကာဒကာမတွေကလဲ ဒါတို့ကျောင်း တို့ကျောင်းနဲ့ တစ်ခါ လာသေးတယ်နော်၊ အဲဒီဥစ္စာဟာ ပြိတ္တာဖြစ်ကြောင်းပဲတဲ့၊ အင်မတန် ကြောက်စရာကောင်းတယ်၊ ဟုတ်ပြီလား၊ မစ္ဆရိယ မဖြစ်နဲ့နော်၊

## စာတတ်အောင်မသင်ရင် ဘုန်းကြီးဖျင်း ဖြစ်ကရော

အဲဒါ စာပေတွေ တတ်အောင်သင်၊ ဘုန်းကြီးတို့က အဲဒါတွေ အများဆုံးတွေ့ဖူးတယ်၊ စာပေတွေ တတ်အောင်မသင်လို့ရှိရင် အဲဒါ ကိုယ်ကနေပြီးတော့ ဘုန်းကြီးက ဘုန်းကြီးဖျင်း ဖြစ်ကရော၊ ဖြစ်တဲ့အချိန်အခါကျတော့ ကိုယ့်ကျောင်းကို စာတတ်ပေတတ် ဘုန်းကြီးက လာ၊ ဟောတတ်ပြောတတ် ဘုန်းကြီးက လာ၊ ကိုယ်က မဟောတတ်၊ မပြောလဲမပြောတတ်၊ စာကလဲသူ့လောက် မတတ်ဘူးဆိုတော့ လူက ဘယ်သူ့ကြည်ညိုမှာလဲ၊ ကဲ ပြောစမ်းပါအုံး၊ တတ်တဲ့ပုဂ္ဂိုလ်၊ ဟောတတ်ပြောတတ်ပုဂ္ဂိုလ် ကြည်ညိုမှာပေါ့၊ ကိုယ့် မကြည်ညိုဘူးပေါ့၊ မကြည်ညိုတော့ ကိုယ်က ကြိုက်လား?၊ မကြိုက်တော့ အဲဒီပုဂ္ဂိုလ် ထွက်ပြေးအောင် ကိုယ်ကလုပ်ပေါ့၊ လုပ်တဲ့အခါကျတော့၊ ကဲ ကိုယ်က ဘယ်သွားမှာလဲ?၊ အေးပေါ့၊ အဲဒါပေါ့၊ ဖြစ်တာပေါ့၊ အဲဒါကြောင့် အခု စာတတ်အောင်သင်၊ ဟုတ်ပြီလား။

## အန္တရာယ်လုပ်တော့ ကိုယ်ပဲ ဒုက္ခရောက်

ဘုန်းကြီးတို့ သေသေချာချာကို ကြုံခဲ့ရတာ၊ ဘုန်းကြီးတို့ ဟောတာကတော့ ဒကာဒကာမတွေသိအောင်ဆိုပြီးတော့မှ ဒီလိုပဲ တရားဟောနေကျ၊ အဲဒါ အဲဒီတရားနာရတဲ့ ဘုန်းကြီးတွေက သူတို့ စောင်းဟောပါတယ်ဆို အမယ်လေး အကြီးအကျယ် ဒုက္ခတွေ ပေးလို့ ဟုတ်ပြီလား၊ အဲဒါကြောင့် ဘုန်းကြီးက အဲဒါတွေ တွေ့လို့ ကျောင်းက ဦးပဥ္စင်းတွေကို စာသင်ကြ၊ စာသင်ကြပြောရတာ၊ ဒါတွေ့မှာ၊ တော်ကြာကျ ကိုယ်က ဘုန်းကြီးဘဝနဲ့နေ တစ်နေ့ ကျောင်းမထိုင်ဘူးလား၊ ထိုင်ရလား၊ ထိုင်ရတော့ ကိုယ်ကလဲ မဟောလဲ မဟောတတ်ဘူး၊ မပြောလဲမပြောတတ်ဘူး၊ အကျင့်အကြံ ကလဲမကောင်းဘူးဆိုတော့ ကိုယ့်ဆီ ဟောတတ်ပြောတတ် အကျင့်အကြံကောင်းတဲ့ပုဂ္ဂိုလ်ရောက်ရင် ဒကာဒကာမတွေကလဲပဲ တစ်ခါတလေရောက်လာတယ်ဆိုတော့ အားရပါးရ မကြည်ညို ဘူးလား?၊ အင်း လုပ်ပြီလုပ်ပြီ၊ ငါ့တော့ပစ်ပယ်ထားတယ်၊ ဟိုတော့ သွားကြည်ညိုတယ် တော်တော်ကောင်းတဲ့ ဒကာဒကာမတွေပဲ ဆိုပြီးတော့ အဲဒါ ဒီဘုန်းကြီးမရှိမှ ငါ့ကြည်ညိုမှာ၊ ဒီဘုန်းကြီးရှိ ငါ့မကြည်ညိုတော့ဘူးဆိုပြီတော့ အဲဒီဘုန်းကြီး မောင်းချရော၊ အဲဒီကျတော့ ကိုယ်ဘာဖြစ်၊ အဲဒါကြောင့်မို့လို့ ကြိုးစားပြီးတော့ စာတွေ ပေတွေ သင်၊ မောင်ပဥ္စင်းတွေ၊ ဟုတ်ပြီလား။ အေး၊ အဲဒါ စာမတတ်လို့ရှိရင် စာတတ်တဲ့ပုဂ္ဂိုလ်ကို မနာလိုတတ်ဘူး၊ အကျင့် မကောင်းရင် အကျင့်ကောင်းတဲ့ ပုဂ္ဂိုလ်ကို မနာလိုတတ်ဘူး၊ ကိုယ်က မဟောတတ်ရင်လဲ ဟောတတ်တဲ့ပုဂ္ဂိုလ်ကို မနာလိုတတ်ဘူး၊ အဲဒါ ဖြစ်တတ်တယ်၊ အဲဒါဖြစ်တဲ့အချိန်အခါကျတော့ ကိုယ်ကနေပြီးတော့ အဲလို အန္တရာယ်လုပ်တော့ ကိုယ်ပဲ ဒုက္ခရောက်တာ နော်။

## ဘုန်းကြီးတောက်တဲ့

"ငါ့ကျောင်း ငါ့ကျောင်း"နဲ့ စွဲသေတော့ အဲဒီကျောင်းကြီးက ကိုယ့်နောက်ပါမှာလား၊ ကဲ–ဘယ်နှယ်လုပ်မှာလဲ၊ ကျောင်းပေါ်မှာ တစ္ဆေဖြစ်ပေါ့၊ ကျောင်းတွေမှာ တစ္ဆေပိုပေါတယ်၊ ဘုန်းကြီးတစ္ဆေ၊ ဒကာဒကာမတစ္ဆေတွေ၊ ဟုတ်ပြီလား၊ အဲဒါ ဘာကြောင့်ဖြစ်တာလဲ၊ မစ္ဆရိယကြောင့်ပေါ့၊ ဟုတ်ပြီလား၊ ဘုန်းကြီးတောင် ခဏခဏပြောဖူးသေးတယ်၊ ဆရာတော်ကြီးတစ်ပါး၊ ဒါ အကျင့်ကောင်းတာတောင်မှပဲ ဆရာတော်ကြီးက သက်တော်ရှစ်ဆယ်၊ အဲဒီဆရာတော်ကြီး ကျောင်းမှာနေတဲ့ ကပ္ပိယကြီးက အသက်ခြောက်ဆယ်၊ ကပ္ပိယကြီး နာမည်က 'မောင်အေး'တဲ့၊ အဲဒါ ဆရာတော်ကြီးပျံတော်မူသွားတော့ (၃)လလောက်ခြားပြီးတော့မှ ရှာပနပြာချ၊ ဒီဆရာတော်ကြီးက "မောင်အေး မောင်အေး"နဲ့ ဒီလိုခေါ်လေ့ရှိ၊ အခု ဆရာတော်ကြီး မရှိတော့ နောက် ဘုန်းကြီးက ကပ္ပိယကြီးထက်အသက်ငယ်တော့ မောင်အေး မခေါ်တော့ဘူး၊ ဦးအေးပဲခေါ်တယ်၊ အဲဒီလိုနဲ့နေတော့ တစ်နေ့ ကပ္ပိယကြီး ကျောင်းအောက်ထပ်မှာ အိပ်နေလို့ မှေးခနဲဆို "မောင်အေး မောင်အေး"နဲ့ ဆရာတော်ကြီးခေါ်သံသဲ့သဲ့ကြားတာတဲ့၊ ဟ၊ ငါ့ဘယ့်နှယ် မောင်အေးခေါ်မယ့်လူ မရှိပါဘူး၊ ဘယ်မှာလဲ ဟိုကြည့်ဒီကြည့် မတွေ့ဘူး၊ ဒါနဲ့ ပြန်အိပ်ပြန်၊ ပြန်အိပ်လို့ ဦးခေါင်းချတယ်ဆို "မောင်အေး၊ မောင်အေး"နဲ့ ခေါ်ပြန်ရောတဲ့၊ ခေါ်ပြန်လို့ ကြည့်လိုက်တော့ လားလား ကျောင်းရဲ့ အပေါ်ထပ်နဲ့ အောက်ထပ်ထောင့်ကြားထဲမှာ တောက်တဲ့ကြီး သွားတွေ့၊ ခေါ်သံက ဘယ်လိုခေါ်လဲ?၊ တောက်တဲ့က "တောက်တဲ့" မအော်ဘဲနဲ့ ဘာအော်နေလဲ?၊ အဲဒီထဲက ဘယ်သူဖြစ်နေလဲပြောစမ်းပါအုံး?၊ အဲဒါ ဘာစွဲသေလို့ တောက်တဲ့ဖြစ်နေတာလဲ?၊ အဲဒါ "ငါ့ကျောင်း

ငါ့ကျောင်း" ပေါ့၊ ဟုတ်ပြီလား၊ အဲဒါ ဘယ်လောက်ကြောက်စရာ ကောင်းလဲ။

## ဦးပဥ္စင်းနဲ့ ဦးပျင်းစင်း

သံဃာတော်အရှင်မြတ်တွေဆိုတာက ဒီအတိုင်း အိပ်လိုက်၊ စားလိုက်၊ ရေချိုးလိုက်၊ ထီးထမ်းပြီးတော့ ရွာထဲလျှောက်လည်လိုက်၊ ပြီးရောလား?၊ ဘာလုပ်ရမှာလဲ?၊ နို့-ကျင့်လို့လား?၊ မနက်ဆွမ်းစား ပြီးတော့ တစ်ခါ မအိပ်ဘူးလား၊ အိပ်လဲပြီးရော ရေထချိုး၊ ပြီးတော့ နေ့ဆွမ်းတစ်ခါစား၊ စားပြီးတော့ တစ်ခါပြန်အိပ်၊ အိပ်လဲပြီးရော တစ်ခါရေချိုး၊ ရေချိုးပြီးတော့ တစ်ခါ ထီးထမ်းပြီးတော့ ရွာထဲလျှောက်လည်၊ ညကျတော့ ပြန်လာ၊ အိပ်၊ ပြီးရောလား၊ ဦးဇင်းကြီးတွေ အဲဒီလို နေတာနော်၊ ဟုတ်လား၊ အလုပ်နဲ့၊ အဲဒါကို ဒကာ ဒကာမကြီးတွေ ခေါ်တာ၊ ဘယ်လိုခေါ်လဲဆိုတော့ "ဦးပျင်းစင်း"တဲ့၊ သူက ဒကာမကြီးတွေ ဘယ်လိုခေါ်လဲ ပြောစမ်းပါအုံး?၊ ဦးပျင်းစင်းတဲ့၊ ဟုတ်ပြီလား၊ ပျင်းပြီးတော့ စင်းနေတာပဲ တစ်ခါတည်း၊ ဦးပဥ္စင်းရယ်၊ ဦးပျင်းစင်းရယ်၊ နှစ်မျိုးရှိတယ်။

ဒကာမကြီးတွေက ဘယ်လိုမေးလဲဆိုတော့ မျက်စိ ပေကလပ် ပေကလပ်နဲ့ မပီကလာ ပီကလာနဲ့ "ဦးပျင်းစင်း ဘယ်သွားလဲ"တဲ့၊ မေးတာ၊ မတွေ့တဲ့အခါ "ဦးပျင်းစင်း အိပ်နေလား"တဲ့၊ လာမေးသေး တယ်၊ မနက်လာမေးတော့လဲ ဘာမေး?၊ အိပ်နေလား၊ နေ့ခင်းလာမေး တော့လဲ?၊ ညလာမေးတော့လဲ?၊ နို့ ဦးဇင်းက ဘာလုပ်နေလဲ့၊ အိပ်ချိန်ပဲရှိတယ်၊ စာကျက်ချိန်လဲ မရှိဘူး၊ တရားအားထုတ်ချိန်လဲ

မရှိဘူး၊ အိပ်ချိန်ပဲ သူ့မှာရှိတယ်၊ အဲဒါ "ဦးပျင်းစင်း"လို့ ခေါ်တယ်နော်၊ စာကျက်လိုက်၊ တရားအားထုတ်လိုက်၊ ဘုရားရှိခိုးလိုက်၊ မေတ္တာပို့လိုက်၊ ပုတီးစိပ်လိုက်၊ ပရိတ်ရွတ်လိုက်ဆိုရင် အဲဒါ ဦးပဠွင်း၊ အဲဒါ သေသေချာချာလုပ်၊ ဟုတ်ပြီလား။

## အရင်းအဖျား နှစ်ပိုင်းလုံးထမ်းပါ

သာသနာတော်သစ်ပင်ကြီးက အရင်းပိုင်း အဖျားပိုင်းအားဖြင့် နှစ်ပိုင်းရှိပါတယ်၊ အရင်းပိုင်းဖြစ်တဲ့ ပရိယတ္တိပိုင်းကလဲထမ်း၊ အဖျားပိုင်းဖြစ်တဲ့ ပဋိပတ္တိပိုင်းကလဲထမ်းမယ်ဆိုရင် နှစ်ပိုင်းထမ်းတော့ သာသနာတော်ကြီး စည်ပင်ပြန့်ပွားတည်တံ့မှာပေါ့၊ နှစ်ပိုင်းလုံး မထမ်းနိုင်ရင် လေးလံတဲ့ အရင်းပိုင်းဖြစ်တဲ့ ပရိယတ္တိပိုင်းက ထမ်းပါ၊ အရင်းပိုင်းက မထမ်းနိုင်မှ အဖျားပိုင်းဖြစ်တဲ့ ပဋိပတ္တိပိုင်းက ထမ်းရမှာပါ၊ အလေးပိုင်းနဲ့ အပေါ့ပိုင်းဆိုတာ အလေးပိုင်းကို ဦးစားပေး ထမ်းရမယ်၊ အလေးပိုင်းကို မထမ်းနိုင်မှ အပေါ့ပိုင်းကို စဉ်းစားပါ၊ စွမ်းနိုင်ရင် နှစ်ပိုင်းလုံးကို ထမ်းပါ၊ (ဤစာပိုဒ်သည် ဆရာတော်ကြီးတစ်ပါးက ဆရာတော်အား ဆုံးမသည်ကို မြတ်စွာ ကျမ်းစာ၌ တစ်ချိန်က ထည့်သွင်း ရေးသားလိုက်နာခဲ့ပါသည်။)

## မတရားတဲ့ လာဘ်၊ တရားတဲ့ လာဘ်

ရဟန်းတော်တွေမှာ "ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ သူတစ်ပါး အစေခိုင်းခံခြင်း" စတဲ့ အမှုတို့ကြောင့်ရတဲ့ လာဘ်လာဘတွေဟာ မတရားသဖြင့် ရလာတဲ့ လာဘ်လာဘတွေပါ၊ အဲဒီလာဘ်လာဘမျိုး သုံးဆောင်မိရင် အဆိပ်ကို သုံးဆောင်တာနဲ့ အတူတူပါပဲ၊ ပကတိအဆိပ်ကမှ တစ်ဘဝပဲသေမှာ၊ အဲဒီ

မတရားသဖြင့် ရလာတဲ့ လာဘ်ကို သုံးဆောင်ရင် ဘဝများစွာ အပါယ်ဆင်းရဲခံရမှာနော်။

တရားသဖြင့်ရတဲ့ လာဘ်လာဘဆိုတာ ဘာလဲဆိုတော့ 'သီလနဲ့ ပြည့်စုံလို့၊ သမာဓိနဲ့ ပြည့်စုံလို့၊ ပညာနဲ့ ပြည့်စုံလို့၊ စာတတ်လို့၊ တရားအဟောအပြော အပြအသ ကောင်းလို့' စသည်ဖြင့် အရည်အချင်းတစ်ခုခု အကြောင်းပြုပြီးရတဲ့ စင်ကြယ်တဲ့ လာဘ်လာဘမျိုးကို "တရားနဲ့အညီရတဲ့လာဘ်"လို့ ခေါ်တယ်နော်။

## အလှူခံတတ်ဖို့ အရေးကြီး

အလှူရှင် စိတ်မပျက်အောင် ကြည်ညိုသဒ္ဓါပွားအောင် အလှူခံတတ်ဖို့ကလဲ အရေးကြီးပါတယ်၊ (၁) လှူဖွယ်ပစ္စည်းက နည်းနည်းပဲရှိတယ်၊ အလှူရှင်ကလဲ နည်းနည်းပဲလှူချင်တယ်ဆိုရင် နည်းနည်းပဲအလှူခံရမယ်၊ (၂) လှူဖွယ်ပစ္စည်းက နည်းနည်းပဲရှိတယ်၊ အလှူရှင်က များများလှူလိုတယ်ဆိုရင် နည်းနည်းပဲအလှူခံရမယ်၊ (၃) လှူဖွယ်ပစ္စည်းက များများရှိတယ်၊ အလှူရှင်က နည်းနည်းပဲ လှူချင်တယ်ဆိုရင် နည်းနည်းပဲအလှူခံရမယ်၊ (၄) လှူဖွယ်ပစ္စည်းက များများရှိတယ်၊ အလှူရှင်ကလဲ များများပဲလှူလိုတယ်ဆိုရင် မိမိရဲ့ စွမ်းအင်ကြည့်ပြီး အလှူခံရမယ်။

## ငါ့ကြည့်နေ

ဆုံးမတယ်ဆိုတာ သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့နဲ့ ကိုယ့်ကို ပြပြီးတော့ ဆုံးမရမယ်၊ ဘာပြပြီးဆုံးမရမှာလဲ၊ ငါနေသလိုနေ၊ ငါကျင့်သလိုကျင့်လို့ပြောရဲလား အိမ်မှာ?၊ ငါနေသလိုနေလို့ ပြောရဲဖို့က လွယ်တာမဟုတ်ဘူးနော၊ အမလေး၊ အဲလိုပြောရဲအောင်ကျင့်၊

ငါ့ကြည့်နေလို့ ဟုတ်ပြီလား၊ ဟို (၂၇) ခုနှစ်ဆီက ဟသ်ာတ ဟိုဘက်နားမှာ ရွာခဲအနီးပေါ့၊ ကြာဂယက်ဆိုတာရှိတယ်၊ အဲဒီမှာ ဘုန်းကြီးသွားပြီး တောရဆောက်တည်နေတော့ ဆရာတော်ကြီးက အင်မတန်သိမ်မွေ့နူးညံ့၊ သက်တော်(၈၀)ကျော်ပေါ့လေ၊ ဆရာတော်ကြီးက စကားကလဲ အင်မတန်နည်း၊ တရားဟောလဲ တိုတိုပဲဟောတယ်၊ သူ့အနားသွားထိုင်နေလို့ကတော့ အဲဒါ စကား တစ်လုံး နှစ်လုံးပြောပြီးလို့ရှိရင် နောက်ထပ် ဘာတစ်လုံးမှ မပြော တော့ဘဲနဲ့ အဲဒါ တစ်နေကုန်ထိုင်နေလဲ အမူအရာမပျက်ဘူး၊ ပြုံးပြုံးနဲ့၊ ပြောတော့မလို ခေါ်တော့မလို ဘာတစ်လုံးမှလဲ မပြောတော့ဘူး၊ အဲဒီလိုပဲ ထိုင်နေတယ် သူက၊ မျက်နှာကလဲအင်မတန် ကြည်၊ အင်မတန်အေးချမ်း၊ ဒကာဒကာမတွေက "တပည့်တော်တို့ ဆရာတော်ကြီးက အဲဒီလိုပဲဘုရား"တဲ့၊ တစ်ခါတုန်းက ဒကာတွေ တစ်ခြားဘာသာကနေ ဗုဒ္ဓဘာသာကူးပြောင်းလာတော့ ဆရာတော်ကြီး ကို လျှောက်တယ်တဲ့၊ ဆရာတော်ဘုရား၊ တပည့်တော်တို့ တစ်ခြားဘာသာကနေ ဗုဒ္ဓဘာသာ ကူးပြောင်းလာတာပါ၊ တပည့်တော်တို့က အနေအထိုင် မတတ်ပါဘူး၊ တပည့်တော်တို့ကို ဆုံးမတော်မူပါဘုရားလို့ လျှောက်တော့ "ငါ့ကြည့်နေ"တဲ့၊ ပြောလဲပြီးရော နောက်ထပ်ဘာမှ မပြောတော့ဘူးတဲ့၊ အဲဒါ လျှောက်တယ်၊ ကဲ ပြောရဲလား?၊ "ငါ့ကြည့်နေ"ဆိုတော့ "ငါက ထကားယား၊ ထိုင်ကားယား ဆို ဘယ်လိုလုပ်ပြောလို့ရမှာလဲပြောစမ်း ပါအုံး?၊ ဟိုမှာက ငါ့ကြည့်နေဆိုတာ သူနေသလိုသာ နေလို့ကတော့ ဘာအပြစ်ရှိမှာလဲ၊ ဘာအပြစ်မှ မရှိဘူး၊ အဲဒီတရားက တိုကျဉ်းနဲ့ လိုရင်းကောင်းတဲ့ တရား၊ ဒီထက်ကောင်းတဲ့ တရား မရှိတော့ဘူး၊ "ငါ့ကြည့်နေ" ပြီးရော။

## ဘုဉ်းကြီးတယ်ဆိုတာ

ဘုဉ်းကြီးတယ်ဆိုတာ ကောင်းမှုများလို့၊ ကောင်းမှုများတော့ ကောင်းကျိုးများ၊ ကောင်းကျိုးပေးမှုများတာကို ဘုဉ်းကြီးတယ်လို့ ခေါ်တာ၊ အေး ဘုဉ်းကြီးချင်ကြတယ်ဆိုရင် ကောင်းမှုများများ လုပ်ရမယ်၊ ဟုတ်ပြီလား။

ကြည်ညိုချင်တိုင်း ကြည်ညိုလား၊ ကြည်ညိုချင်တိုင်း မကြည်ညိုဘူး၊ ဟုတ်ပြီလား၊ အဲဒါ တချို့ကနေပြီးတော့ မနာလို ဖြစ်တတ်တယ်၊ အမလေး သူ့ကျတော့ ကြည်ညိုတယ်၊ ငါ့ကျတော့ မကြည်ညိုဘူးဆိုပြီး တချို့ အဲလို မနာလို မဖြစ်ဘူးလား၊ ကြည်ညိုထိုက်တဲ့ အင်္ဂါမပါရင် ကြည်ညိုမှာလား၊ အေး၊ ကြည်ညိုထိုက်တဲ့ အင်္ဂါပါလို့ ရှိရင်လဲအလိုလို မကြည်ညိုပါနဲ့လို့ တားလို့ရမှာလား?၊ မရဘူးနော်၊ အဲဒါကြောင့် ကြည်ညိုတယ်ဆိုတာ အလိုလိုကြည်ညိုတာလား၊ ကောင်းမှုကြောင့် ကြည်ညိုတာလား?၊ အေး၊ သူ့အကြောင်းနဲ့ သူ လာတာ၊ ဟုတ်ပြီလား၊ ကိုယ်က သွားပြီးတော့ မနာလိုမရှိနဲ့နော်။

## သူ့ရန်ပွဲဖြေရှင်းဖို့ ကိုယ့်ရန်ပွဲ အရင်ရှင်း

အေး၊ သာသနာရှေ့သွား ခေါင်းဆောင် ရဟန်းတွေက လူများရဲ့ ရှေ့မှာ ကွဲပြားရန်ဖြစ်နေတယ်ဆိုတော့ လူအများ ဒကာ ဒကာမများကို တရားချ တရားဟောလို့ ဖြစ်ပါ့မလား?၊ အချင်းချင်း ညီညွတ်နေတော့ ဒကာဒကာမတွေကို တရားဟော တရားပြရတာလဲ မလွယ်ဘူးလား?၊ ကိုယ့်ရန်ပွဲမှ မစဲသေးဘဲနဲ့ သူ့ရန်ပွဲကို ဘယ်နှယ်လုပ်ပြီး ဖြေရှင်းနိုင် မှာလဲ၊ သူ့ရန်ပွဲဖြေရှင်းဖို့ရန်အတွက် ကိုယ့်ရန်ပွဲကို အရင်ရှင်းရမယ်၊ ဟုတ်ပြီလား။

"ငြင်းခုံလျှင် ဘေး၊ မငြင်းခုံမှ အေး"၊ "ကွဲပြားခြင်းက ဘေးဘယ၊ မကွဲပြားမှ ဘေးကင်းရ"၊ "စုပေါင်းညီညာ အောင်ကြောင်းဖြာ"၊ "ညီညွတ်ခြင်းသည် အင်အား" စတဲ့ စကားပုံတွေဟာ ညီညွတ်ခြင်းရဲ့ အကျိုးကျေးဇူးကို ပြတဲ့ စကားပုံတွေပေါ့နော်၊ (ဝိဝါဒေ အဿာဒေါနာမ နတ္ထိ)တဲ့၊ ငြင်းခုံမှုမှာသာယာဖွယ်မရှိဘူးတဲ့၊ ကဲ–ရှိရဲ့လား၊ သာယာဖွယ်?၊ (သမဂ္ဂါနံ တပေါ သုခေါ)တဲ့၊ ညီညွတ်သူတို့ရဲ့ အကျင့်ဟာ ချမ်းသာတယ်တဲ့ နော်၊ ချမ်းသာသုခရဖို့ အတွက် ညီညွတ်ရေးဟာ အရေးမကြီး ဘူးလား ?။

"ဒွေပုဂ္ဂလာ ကေစ္ဆာ သယာနာမ နတ္ထိ"တဲ့၊ ပုဂ္ဂိုလ်နှစ်ယောက်ဟာ တစ်သဘောထဲရယ်လို့ မရှိဘူးတဲ့၊ ဒီတော့ကာ ညီညွတ်ဖို့ အင်မတန် မခဲယဉ်းဘူးလား?၊ ကိုယ့်အိမ်သူအိမ်သားတွေ, မိတ်ဆွေသင်္ဂဟတွေ, ရပ်သူရွာသားတွေ, မြို့သူမြို့သားတွေ, တိုင်းသားပြည်သူတွေ, ကမ္ဘာသူကမ္ဘာသားတွေ, စည်းစည်းလုံးလုံးနေချင်လား၊ ကွဲကွဲပြားပြား နေချင်လား?၊ အင်း၊ အဲဒီစည်းလုံးမှုဟာ အင်မတန်အရေးကြီးပါတယ်၊ အဲဒီ အရေးကြီးတဲ့ စည်းလုံးမှုကိုရယူချင်ရင် အကျင့်တရား ၆ပါးနဲ့ ပြည့်စုံအောင်လုပ်၊ ဟုတ်ပြီလား၊ တရား ၆ ပါးရှိရင် ခဲယဉ်းပါအုံး မလား?။

## စည်းလုံးမှု ရယူချင်ရင် အကျင့် ၆ ပါး ပြည့်စုံအောင်လုပ်

တရား ၆ ပါးကို ပြပါဆိုတော့ "မေတ္တာရှေးရှု၊ ကိုယ်ပြုနှုတ်ပြော၊ မနောဖြူရာ၊ လှူတာစာဂ၊ သီလပညာ၊ အရိယာနှင့်၊ သေချာတူမျှ၊ ဤခြောက်ဝ၊ မုတ်ကြ အောက်မေ့ဖွယ်ရာတည်း"တဲ့၊ ဘာတဲ့လဲ၊

(၁) မေတ္တာရှေးရှုတဲ့ ကိုယ်အပြု (ကာယကံမေတ္တာ)၊

(၂) မေတ္တာရှေးရှုတဲ့ ပြောဆိုမှု (ဝစီကံမေတ္တာ)၊

(၃) မေတ္တာရှေ့ရှုတဲ့ ကြံစည်မှု (မနောကံမေတ္တာ)၊
(၄) ပေးကမ်းဝေဘန်ခြင်း (သံဝိဘာဂ)၊
(၅) အရိယာနှင့် အကျင့်သီလ တူမျှခြင်း၊
(၆) အရိယာနှင့် ဉာဏ်အမြင် တူမျှခြင်း၊

အဲဒီ ၆ ပါးဟာ အင်မတန် အရေးကြီးတဲ့ တရား ၆ ပါးပါ။

(၁) မေတ္တာရှေ့ရှု ကိုယ်အပြုဆိုတာက ရဟန်းများရော၊ ရှင်များရော၊ သီလရှင်များရော၊ လူဝတ်ကြောင်များရော၊ ဘာသာခြားများရော၊ ကိုယ်နဲ့စပ်နေတဲ့ သူတွေရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရပ်ရေးရွာရေး၊ တိုင်းရေးပြည်ရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ စတဲ့ ကိစ္စတွေကို ကိုယ်တိုင်ကိုယ်ကျ ကိုယ့်လက်ဖြင့် ရွက်ဆောင်သယ်ပိုး ဖေးမမှုကို ခေါ်တာနော်။

(၂) မေတ္တာရှေ့ရှု ပြောဆိုမှုဆိုတာက မိမိနဲ့ဆက်သွယ်နေတဲ့ တစ်အိမ်တည်းနေ၊ တစ်ကျောင်းတည်းနေ၊ တစ်ရွာတည်းနေ၊ တစ်မြို့တည်းနေ၊ တစ်နိုင်ငံတည်းနေ၊ တစ်ကမ္ဘာတည်းနေ၊ အတူနေ, အနီးနေ, အဝေးနေ, ပုဂ္ဂိုလ်တွေပေါ်မှာ မေတ္တာရှေ့သွားပြုပြီး ချိုချိုသာသာ ယဉ်ယဉ်ကျေးကျေးနဲ့ ပြောဆိုဆက်ဆံမှုကို ခေါ်တာနော်၊ "နှုတ်ချို သျှိုတစ်ပါး"တဲ့၊ "မလိမ္မာတတ်၊ ဤပါးစပ်၊ ရန်ဓာတ်ဖြစ်တော့သည်"တဲ့၊ ဒီတော့ ပါးစပ် လိမ္မာအောင် ဆုံးမရမယ်၊ ဟုတ်ပြီလား၊ "လိမ္မာလေက၊ မိတ်ဆွေပ၊ လိုတ ရတော့သည်"တဲ့၊ ပါးစပ်လိမ္မာတယ်ဆိုတာ ဝစီကံမေတ္တာပဲနော်။

(၃) မေတ္တာရှေ့ရှု ကြံစည်မှုဆိုတာက ကိုယ်အပြု နှုတ်အပြောတွေဟာ ဒီမနောကံမပါဘဲနဲ့ အထမမြောက်နိုင်ပါဘူး၊ ဒါကြောင့် ဒီ မနောကံမေတ္တာကို အထူးပဲပွားများရပါမယ်၊ မနောကံမေတ္တာဆိုတာက ကိုယ်နှုတ်မပါဘဲနဲ့ စိတ်ထဲက ပွားများတာမျိုးကိုခေါ်တာ၊

"ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ" စသည်ဖြင့် စိတ်ထဲကသာ မေတ္တာပို့နေတာကို မေတ္တာရေးရှု ကြံစည်မှုခေါ်တယ်နော်။

(၄) ပေးကမ်းဝေဘန်ခြင်းဆိုတာက လှူပဲဖြစ်ဖြစ်၊ ရဟန်းဖြစ်ဖြစ် မိမိရတဲ့ပစ္စည်းကို မိမိတစ်ကိုယ်ကောင်းသာ မသုံးစွဲဘဲ မိမိနဲ့အတူနေ ပုဂ္ဂိုလ်တွေနဲ့ ပေးကမ်းဝေဘန် သုံးဆောင်မှုကို ခေါ်တာ၊ အဲဒီ ပုဂ္ဂိုလ်ကို အတူနေပုဂ္ဂိုလ်တွေကလဲချစ်၊ အလွန်တရာ မုန်းနေတဲ့ ရန်သူကိုပင် ပေးကမ်းက ရန်မမူတော့ဘူး၊ ကိုက်တတ်တဲ့ခွေးတောင်မှ သူ့ကို ကျွေးပါ မွေးပါများရင် မကိုက်တော့ဘဲ ကိုယ့်မြင်ရင် အမြီး တနံ့နံ့ ချစ်ခင်လာတယ်နော်၊ ဒါကြောင့်မို့ "ပေးကမ်းခြင်းကား၊ အချင်းခပ်သိမ်း၊ ရန်မျိုးငြိမ်း၏"လို့ ဆိုကြတာ၊ ပြီးတော့ ဆိုသေးတယ်၊ "ဆုပ်ကပြို့ကွဲ၊ ကြဲက လုံးစု" တဲ့၊ ဒါတွေဟာ ပေးကမ်းဝေဘန်မှုရဲ့ အကျိုးပြတွေပဲ မဟုတ်လား။

(၅) အရိယာနဲ့ အကျင့်သီလတူမျှခြင်းဆိုတာက အရိယာပုဂ္ဂိုလ် သီလမြဲသလို အရိယာပုဂ္ဂိုလ်နဲ့ တူညီတဲ့ သီလမြဲမှုကို ခေါ်တာပါ၊ ဒီသီလနဲ့ ပတ်သက်တဲ့ နေရာမှာတော့ တော်တော်သိဖို့ကောင်းပါ တယ်၊ မကျိုးပြတ်တဲ့သီလဆိုတာက "အစဆုံးသိက္ခာပုဒ်နဲ့ အဆုံးစွန် သိက္ခာပုဒ် မပျက်ရင်" မကျိုးပြတ်တဲ့ သီလခေါ်ပါတယ်၊ မပေါက်တဲ့ သီလဆိုတာက "အလယ်သိက္ခာပုဒ်များ မပျက်ရင်" မပေါက်တဲ့သီလ ခေါ်ပါတယ်၊ အပြောက်အစွန်းမရှိတဲ့သီလ ဆိုတာက "ကြိုကြား ကြိုကြား သိက္ခာပုဒ်တွေ မပျက်ရင်" အပြောက်အစွန်းမရှိတဲ့သီလ ခေါ်ပါတယ်၊ အကြောင်အကျားမရှိတဲ့သီလဆိုတာက (သိက္ခာပုဒ် အစဉ်မှာ၊ ဆက်တိုက် နှစ်ပါး သုံးပါးပျက်တဲ့ သီလမျိုးကိုတော့

ကြောင်ကျားတဲ့သီလ) မပျက်တဲ့သီလကိုတော့ အကြောင်အကျားမရှိတဲ့ သီလခေါ်ပါတယ်။

* စ–ဆုံးသီလ၊ ပျက်စီးက၊ မှတ်ပ ကျိုးပြတ်တာ၊
* အလယ်သီလ၊ ပျက်စီးက၊ မှတ်ကြ အပေါက်သာ၊
* ကြားကြားသီလ၊ ပျက်စီးက၊ မှတ်ပ ပြောက်ကွက်တာ၊
* စဉ်ဆက်သီလ၊ ပျက်စီးက၊ မှတ်ပ ကြောင်ကျားတာ၊

အရိယာပုဂ္ဂိုလ်များမှာ ကျိုးပေါက် ပြောက်ကျားတာကို ဘေးဖယ်ထား ညစ်နွမ်းခြင်းပင်မရှိဘဲ (ကျူးလွန်ချင်တဲ့စိတ်ကို အောင့်အည်း ချုပ်တီးပြီး စင်ကြယ်ရတာမျိုးမဟုတ်ဘဲ) သူ့ရဲ့ ပင်ကိုသဘောရင်းအတိုင်း စင်ကြယ်ရတာမျိုးနော၊ အဲဒီလို အရိယာနှင့် သီလဖြူစင်တာချင်း တူမျှတယ်ဆိုတာက တကယ်တော့ သောတာပန်ဖြစ်မှပဲ တူမျှနိုင်ပါတယ်၊ ဟုတ်ပြီလား။

အေး၊ အဲဒီလို သီလကျိုးပေါက် ပြောက်ကျားမှုမရှိဘဲ သီလဖြူစင် နေတဲ့ အရိယာသူတော်စင်တွေကို အတုယူပြီး မိမိတို့သီလကို ဖြည့်ကျင့်ရမယ်နော်၊ မကျိုးမပေါက် မပြောက်မကျားတဲ့ သီလတွေဟာ တဏှာရဲ့ကျွန်အဖြစ်မှ တော်လှန်မှုကို ပြုတတ်တာကြောင့် ဘုဇိဿသီလ၊ ပညာရှိတို့ ချီးမွမ်းအပ်သောကြောင့် ဝိညူပသတ္ထသီလ၊ တဏှာဒိဋ္ဌိတို့ဖြင့် အသုံးသပ်မခံရသောကြောင့် အပရာမဋ္ဌသီလ၊ ဈာန်နဲ့ နီးကပ်သော သမာဓိ၊ ဈာန်နှင့်ယှဉ်သော သမာဓိတို့ကို ဖြစ်စေနိုင်သောကြောင့် သမာဓိသံဝတ္တနိကသီလတို့ မည်ပါတယ်၊ ဖြူစင်တဲ့သီလရှိတဲ့ သူတော်စင်ကို အတူနေ သီတင်းသုံးဖော်တွေက တအောက်မေ့မေ့ဖြစ်ခြင်းဌာ ဖြစ်တယ်လို့ ဘုရားရှင်က ဒီလိုဟော ပါတယ်။

(၆) အရိယာနှင့် ဉာဏ်အမြင် တူမျှခြင်းဆိုတာက ယောဂီတို့ ရှုနေကျအတိုင်း အဲဒီ ဝိပဿနာမဂ်ကိုပဲ ထပ်ခါထပ်ခါ ပွားနေရင် ဝိပဿနာက ရင့်ကျက်ရင့်ကျက်လာပြီးတော့ ဉာဏ်စဉ်အဆင့်ဆင့် တက်ကာ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်လာနိုင်ပါတယ်၊ အဲဒီလိုပဲ ဝိပဿနာမဂ်ကို စနစ်တကျ ကြိမ်ဖန်များစွာ ပွားများနေတော့ အဲဒီ သင်္ခါရုပေက္ခာဉာဏ်လဲ ရင့်ကျက်လာပြီး အနုလောမ ဉာဏ်သို့ ရောက်လာနိုင်ပါတယ်။

ဉာဏ်ဆိုတာ အသိအမြင်ပါ၊ လစ်တာ မေ့တာမဟုတ်ဘူး၊ သိသိမြင်မြင်နဲ့ပဲ အသိအမြင်ပြောင်းသွားတာ၊ ဉာဏ်အမြင် ပြောင်းပြောင်းသွားတာပါ၊ အဲဒီလိုဉာဏ်အမြင်ပြောင်း ဉာဏ်စဉ် ပြောင်းပြီး အရိယမဂ်ဖြင့် နိဗ္ဗာန်သို့ ပြေးဝင်သွားတဲ့ ယောဂီရဲ့ အသိအမြင်ဟာ မပျက်နိုင်အောင်ခိုင်မြဲသွားပါပြီ၊ အရိယာရဲ့ ဉာဏ်အမြင်အစစ်အမှန်နဲ့ ပြည့်စုံနေတဲ့ အရိယာပုဂ္ဂိုလ်အချင်းချင်းဟာ ရုပ်နာမ်သိမြင်ပုံ၊ ရုပ်နာမ်ရဲ့ အဖြစ်အပျက်သိမြင်ပုံ၊ ရုပ်နာမ်ရဲ့ အနိစ္စ ဒုက္ခ အနတ္တ သိမြင်ပုံ၊ နိဗ္ဗာန်သိမြင်ပုံချင်း တူညီနေတော့ အချင်းချင်းငြင်းခုံစရာမရှိတော့ဘဲ မကွဲမပြား တစ်သားတည်း ညီညွတ်မယ် မဟုတ်လား?၊ အဲဒီလို ခိုင်မြဲသွားတဲ့ ယောဂီရဲ့အသိ အမြင်နဲ့ အခြားအရိယာတို့ရဲ့ အသိအမြင်ဟာ တူညီပါတယ်၊ မျက်မှောက်မှာရော၊ မျက်ကွယ်မှာပါ တူညီပါတယ်၊ တကယ် စစ်မှန်တဲ့ အရိယာတို့ရဲ့ အသိဉာဏ်ပညာနဲ့ မျက်မှောက်မှာရော မျက်ကွယ်မှာပါ တူညီနေတဲ့ ရဟန်းရှင်လူ ယောဂီပုဂ္ဂိုလ်ကို အတူနေ သီတင်းသုံးဖော်တို့က (ငြင်းခုံစရာအကြောင်းမရှိတဲ့အတွက်) "တအောက်မေ့မေ့ဖြစ်ခြင်းငှာ ဖြစ်တယ်"လို့ ဘုရားရှင်က ဒီလို ဟောပါတယ်။

အဲဒီလို ရန်ငြိမ်းကြောင်း ၆ ပါး တရားကောင်းတွေ ရှိနေပါလျက်နဲ့ ရန်ဖြစ်နေကြပါတယ်၊ ငြင်းခုံနေကြပါတယ်ဆိုရင် "ဒီပုဂ္ဂိုလ်တွေမှာ တရားကောင်းဆိုတာ ဘာမှ မရှိပါကလား"လို့ အခြားသူများက အကဲမခတ်နိုင်ဘူးလား?။

ဘုန်းကြီးတို့ ပရိသတ်ကတော့ ရှေးရှေးက ဒီတရားတော်တွေကို မသိရသေးလို့ ကွဲပြားခဲ့တာ၊ ငြင်းခုံခဲ့တာ၊ ရန်ဖြစ်ခဲ့တာတွေ သင်ပုန်းချေပြီး ရှေ့ကို ညီညွတ်သင့်တင့်စွာ လက်တွဲ ဆောင်ရွက်နိုင်ရေးအတွက် ဒီတရားတော် ၆ ပါးကို လက်ကိုင်ထားကြမယ် မဟုတ်လား?။

## ဦးပြည်းကာဖြင့်

* ဖန်ရည်စွန်းသား
သင်္ကန်းဝါဝါ
ဦးပြည်းကာဖြင့်
ပညာကင်းပ
သီလမဲ့မျိုး
အတွင်းဆိုးကား
အကျိုးတစ်
ဘယ်မှာရှိလိမ့်။

(မန်လည်)

## ရှင်ပြုပေးတဲ့ ရည်ရွယ်ချက်

ရှင်ပြုပေးတဲ့ရည်ရွယ်ချက်က ကိုရင်မဝတ်ဘူးသေးလို့ ရှင်ပြုပေးတာမျိုးဆိုရင် မဟုတ်သေးဘူး၊ တရားကျင့်ဖို့ ရှင်ပြုပေးတာ၊ ဟုတ်ပြီလား၊ ကိုရင်မဝတ်ဘူးသေးလို့ ဝတ်ပေးတာဆိုရင် ကိုရင်ဝတ်လဲပြီးရော ပြီးပြီပေါ့၊ ကိုရင်လေး နေချင်သလိုနေ၊ ဘောပဲကန်ကန်၊ ခြင်းပဲခတ်ခတ်၊ ကျောက်ဒိုးပဲချချ၊ ကျည်းသားပဲရိုက်ရိုက်၊ ဒီလိုဖြစ်နေတယ်နော်၊ ရှင်မပြုဘူးသေးလို့ ရှင်ပြုတဲ့အတွက် ကျောင်းမှာ ဒုက္ခရောက်တယ်၊ အမှန်က ကိုရင်ဝတ်တယ်ဆိုတာ သံသရာဝဋ်က လွတ်ချင်လို့ ဝတ်တာ၊ ကိုရင်ဝတ်ပြီးတာနဲ့ ဝဋ်ကျွတ်ပြီလား၊ ခုနစ်ရက်ပြည့်လို့ လူထွက်တော့ နိဗ္ဗာန်ရောက်ရောလား။

## သာသနာ့အမွေ ရတယ်ဆိုတာ

မဏ္ဍပ်ထဲမှာ ထွက်ချင်ထွက်ပါစေဘုရားတဲ့၊ တစ်ချို့က မဏ္ဍပ်ထဲမှာပဲ ကားယားကားယားနဲ့ ကြည့်မကောင်းတော့ ထွက်ပေးလိုက်ရတယ်၊ ဒါပြီးပြီပေါ့နော်၊ ဘာကျေးဇူးရှိ၊ ဘာကျေးဇူးမှ မရှိဘူး၊ ကိုရင်ဝတ်ပေးပြီးတော့ အမွေက ရပြီလား၊ စာပေကျက်မှတ်ပြန်အံ၊ ကျင့်ကြံကြိုးကုတ် အားထုတ်တော့မှ သာသနာ့အမွေက ရမှာ၊ ဟုတ်ပြီလား။

အဲဒါကြောင့် ရှင်ပြုတဲ့အခါမှာ သာသနာ့အမွေ ပေးချင်လို့ ရှင်ပြုတယ် (သို့မဟုတ်) သာသနာ့ဝန်ထမ်း ဖြစ်စေချင်လို့ ရှင်ပြုတယ်ဆိုရင်လဲ မကောင်းဘူးလား၊ အဲလိုမှ မဟုတ်လို့ရှိရင် မပြုရသေးလို့

ရှင်ပြုတယ်ဆိုရင်လဲ အဲဒီရှင်ပြုတာ အဝိဇ္ဇာဦးစီးတဲ့ ရှင်ပြု၊ ဟုတ်ပြီလား၊ ပြီးတော့ ရှင်မပြုရသေးလို့ ရှင်ပြုတယ်ဆိုရင် ရှင်မပြုခင်မှာ အရေးတကြီး လုပ်တတ်တယ်၊ ဟာ– သိန်းကုန်ကုန်၊ သောင်းကုန်ကုန်၊ မလုပ်ဘူးလား၊ ရှင်လဲပြုပြီးရော ကျောင်းကျတော့ ပစ်ထားလိုက်ရော၊ ဟုတ်ပြီလား။

## ရှင်သာရိပုတ္တရာကိုယ်တော်ကြီးရဲ့ ရှင်ပြုနည်း

ရှင်သာရိပုတ္တရာကိုယ်တော်ကြီးက ဘာပြောလဲဆိုတော့ ရှင်ပြုတယ်ဆိုတာ သုံးမျိုးပြည့်စုံရင် ပြည့်စုံပြီတဲ့၊ အဲဒါ ဘာလဲဆိုတော့ တစပဥ္စ ကမ္မဋ္ဌာန်းပေးပြီးတော့ ခေါင်းရိတ်ခြင်းသည်ပထမ ရှင်ပြုခြင်း၊ နောက်တစ်ခါ သင်္ကန်းကို ဆရာသမားထံအပ် သင်္ကန်းကို ဆရာသမား ထံမှ ပြန်တောင်းပြီးနောက် ရော့ ဝတ်တော့လို့ဆိုပြီးတော့ ကိုရင် ဝတ်ခြင်းသည် ဒုတိယ ရှင်ပြုခြင်း၊ ပြီးတော့မှ သရဏဂုံပေးခြင်း ယူခြင်းသည် တတိယ ရှင်ပြုခြင်း၊ အဲဒီလို ၃ မျိုးပြည့်စုံလို့ရှိရင် ရှင်ပြုပွဲပြီးရောဆိုတော့ လှည့်တာပဲ့တာတွေ ပါသေးလား၊ နတ်ပြတာတွေ ပါသေးလား၊ ဟာ၊ ဒီလို ဒါတွေမပါဘူးဆိုရင် ရှင်မှ ဖြစ်ပါအုံးမလား၊ နတ်မှ မပြရသေးတော့ ရှင်မှ ဖြစ်ပါ့အုံးမလား မသိဘူးနော်၊ စည်ဗျောတွေ ပါသေးလား၊ မဏ္ဍပ်ကနားတွေ ပါသေးလား၊ အိမ်မှာပြုတာလား၊ ကျောင်းမှာ ပြုတာလား၊ ကျောင်းမှာ ပြုတော့ သံဃာတွေ မချမ်းသာဘူးလား။

## အစုခေတ် ရှင်ပြုတာတွေနဲ့ တူလား

ဆွေမျိုးသားချင်းတစ်စု ဒီညနေ ရှင်ပြုတယ်ဆိုတဲ့အချိန်အခါ ကျတော့ မနက်ဖြန်မနက်ကနေ စပြီးတော့ (၇)ရက်တိုင်တိုင်

မနက်ဆွမ်း၊ နေ့ဆွမ်း၊ ရှင်ဖြစ်ဆွမ်းအနေနဲ့ ရှေးတုန်းက ဆွမ်းကပ်လေ့ရှိတယ်၊ အဲဒီလို ကပ်တော့ ကိုရင်က (၇)ရက်တိုင်တိုင် ဆွမ်းခံထွက်ရသေးလား၊ (၇)ရက်တိုင်တိုင် ကျောင်းမှာ သင်စရာတွေသင်၊ ကျင့်စရာတွေကျင့်၊ စားနည်းသောက်နည်း နေနည်းထိုင်နည်း ဝတ်နည်း ရုံနည်း အကုန်လုံး (၇)ရက်ဆိုတော့ မတတ်သွားဘူးလား၊ တတ်ပြီမဟုတ်လား။

အခုခေတ်ကျတော့ အလှူကတော့ ကြီးပါတယ်၊ သောင်းကုန်သိန်းကုန်ကတော့ ကုန်ပါတယ်၊ တစ်ခါတည်း လှူလည်းပြီးရော အိမ်မှာလဲ ဘာမှ မကျန်တော့ဘူး၊ ကိုရင်လေးလဲ ကျောင်းပစ်ထားလိုက်၊ ကိုရင်လေး သင်္ကန်းမနိုင့်တနိုင်နဲ့ ဆွမ်းခံထွက်ရတယ်၊ တစ်ခါထဲ ဘိုသီဘတ်သီနဲ့၊ သင်္ကန်းမရုံတတ်၊ ဘာမရုံတတ်၊ တော်ကြာ သပိတ်က ကျကွဲလိုက်ကွဲ၊ သပိတ်ဖုံးက ကျကွဲလိုက်ကွဲ၊ အဲတော့ ကိုရင်လေးလဲ ဒဏ်တွေမသင့်ဘူးလား၊ (၇)ရက်တိုင်တိုင် နေနည်း၊ ထိုင်နည်း၊ စားနည်း သောက်နည်း ဝတ်နည်း ရုံနည်းတွေ အကုန်သိပြီဆိုတော့ (၈)ရက်မြောက်တဲ့ နေ့ကျမှ ဆရာက ရှေ့က၊ ကိုရင်က နောက်က ခေါ်ပြီး ဆွမ်းခံထွက်၊ အဲတော့ အကုန်လုံး ရုံတတ်ပြုတတ်နဲ့ ဝတ္တရားတွေလဲ အကုန်လုံးသိမသွားဘူးလား၊ အေး၊ အဲဒီလို လုပ်ရတာနော၊ အခုခေတ် ရှင်ပြုတာတွေနဲ့ တူလား?။

## ဘုန်းကြီးစား ငှားရိတ်တယ်

အေး၊ ခုခေတ်က ပကာသနရှင်ပြု၊ ဘာမှလဲကျေးဇူးမများဘူး၊ ရှင့်ဒကာ ဒကာမတွေကလဲ ကျေးဇူးမများဘူး၊ ရှင်လောင်းတွေမှာလဲ ကျေးဇူးမများဘူး၊ သာသနာလဲ ကျေးဇူးမများဘူး၊ ဘာမှ ကျေးဇူးမများဘူး၊ ကုန်တာကတော့ သောင်း သိန်းကုန်၊ မကုန်ဘူးလား၊

ကုန်လို့ သွားကြည့်စမ်း၊ သပိတ်ထဲမှာ ခေါင်းရိတ်ဓားလေးက ကော်လေး၊ ရိတ်လို့ရရဲ့လား၊ နို့ဘယ်သူ့ဓားနဲ့ ရိတ်တာလဲ၊ ဘုန်းကြီးဓားနဲ့၊ ဩော်–နို့ ကုန်တာကတော့ ဘယ်လောက်ကုန်လဲ၊ အမလေး သောင်း သိန်းကုန် ကုန်တာ၊ ပြီးတော့ ဘုန်းကြီးဓား ငှားရိတ်တယ်၊ လုပ်ပုံက (ရယ်)။

## ပရိက္ခရာရှစ်ပါးဆိုတာ

ပရိက္ခရာရှစ်ပါးဆိုတာ လက်ချိုးပြီးတော့ ဆိုကြည့် "သင်းပိုင်က တစ်ထည်၊ ကသီက တစ်ထည်၊ နှစ်ထပ်သင်္ကန်းကြီးက တစ်ထည်၊ သပိတ်က တစ်လုံး၊ ခါးပန်းကြိုးက တစ်ချောင်း၊ ရေစစ်က တစ်ခု၊ အပ်နဲ့အပ်ချည်က တစ်ခု၊ ခေါင်းရိတ်ဓားက တစ်ချောင်း", ဘယ်နှစ်မျိုးလဲ၊ အဲဒါ ပရိက္ခရာရှစ်ပါးပဲ၊ အဲဒါ ကိုးပါးဆိုရင် ဖိနပ် ထည့်လိုက်၊ ဆယ်ပါးဆိုရင် ထီးထည့် ဟုတ်ပြီလား၊ ဆယ့်တစ်ပါး ဆိုလို့ရှိရင် ယပ်ထည့်၊ ဆယ့်နှစ်ပါးဆိုရင် နေရာထိုင်ထည့်၊ ဆယ့်သုံးပါး ဆိုလို့ရှိရင် တောင်ဝှေးထည့်၊ အဲဒါ ပရိက္ခရာ ဆယ့်သုံးပါး ကုန်ပြီ၊ ဒါပဲသူက ဟုတ်ပြီလား။

ပရိက္ခရာရှစ်ပါးမှာ ရဟန်းတွေမှသာ နှစ်ထပ်သင်္ကန်းကြီး ပါတာ၊ ကိုရင်ကျတော့ နှစ်ထပ်သင်္ကန်းကြီး ပါလား၊ မပါတော့ ဘယ်နှစ်ပါးရှိ၊ ၇–ပါးပဲရှိတယ်၊ ဒီတော့ ကိုရင်လေးက သင်းပိုင်တစ်ထည်၊ ကသီ တစ်ထည်ဆိုတော့ ရေချိုးလို့ ဘာနဲ့ချိုးလဲ၊ အဲတော့ ပုတ်မှောက်ပြီး ချိုးရုံပေါ့၊ ဒါပဲရှိတယ်၊ (ရယ်) အဲတော့ သင်းပိုင်လေးတစ်ထည် လောက်တော့ အပိုထည့်ဖို့ မကောင်းဘူးလား၊ အမလေး၊ သင်းပိုင် တစ်ထည် အပိုထည့်ဖို့အသာထားပါအုံး၊

ကိုရင်ပေးလိုက်တဲ့ သင်္ကန်း တောင် သူ့ဟာသူခါးတောင်မလုံဘူး၊ တစ်ခါထဲ ရုံလိုက်လို့ရှိရင် ခါးထိအောင် တက်ရောက်နေတာ၊ ဖြစ်ပုံက။

အမှန်ကတော့ ရှင်ပြုတယ်ဆိုတာ ပရိက္ခရာက အဓိကပဲ၊ ဟုတ်ပြီလား၊ ဘာအဓိကလဲ၊ ပရိက္ခရာကျတော့ အဓိကမဟုတ်ဘဲနဲ့ အမလေး ဆင်ငှား၊ မြင်းငှား၊ မော်တော်ကားငှား၊ မဟုတ်တာကျတော့ ကုန်တယ်၊ ကိုရင်လေးကျတော့ သင်းပိုင်လေးတစ်ထည်တောင် အပိုမပါဘူး၊ မကုန်သင့်တာကျတော့ သွားကုန်တယ်၊ ကုန်သင့်တာ ကျတော့ မကုန်ဘူးတဲ့၊ လုပ်ပုံက ဒါအလှူမတတ်ဘူး၊ ဟုတ်ပြီလား။

## နတ်ဘဝထက် လူ့ဘဝက မြတ်တယ်

ဘုန်းကြီးတို့ ပရိသတ်တွေ နတ်ဘဝနဲ့ လူ့ဘဝ တကယ်တမ်း ပြောရင် ဘယ်ဘဝက မြတ်တယ်ထင်လဲ၊ ဘယ်က နတ်ဘဝက မြတ်ရမှာလဲ၊ လူ့ဘဝက မြတ်တယ်နော်၊ ဘုရားသည် ဘယ်ကနေ ဖြစ်တာလဲ၊ လူ့ဘဝကဖြစ်တာ၊ ဟုတ်ပြီလား၊ နတ်တွေ ရဟန်းခံလို့ ရလား၊ နတ်တွေ ရဟန်းခံလို့ မရဘူးနော်၊ လူ့ဘုံဌာန လူ့လောက ကနေပြီးတော့မှ နိမ့်ကျအောင်လဲ လုပ်လို့မရဘူးလား၊ မြင့်တက် အောင်လဲ လုပ်လို့ မရဘူးလား၊ လွတ်မြောက်အောင်လဲ လုပ်လို့ရတယ်၊ မရဘူးလား၊ ဒါကြောင့် လူ့ဘဝဟာ ဘဝပဒေသာပင်ကြီးတဲ့နော်။

## အလှူကြီးတိုင်း သဒ္ဓါကောင်းတယ်လို့ မခေါ်

လူတွေဟာ အလှူရက်ရောရင် "သဒ္ဓါသိပ်ကောင်းတာပဲ"လို့ ပြောကြတယ်၊ အလှူကြီးတိုင်း သဒ္ဓါကောင်းတယ်လို့ မခေါ်ဘူး၊ နော်၊ အလှူလှူတဲ့နေရာမှာ အကုသိုလ်တွေ မရောမှ သဒ္ဓါ ကောင်းတယ်

လို့ ခေါ်တယ်၊ အလှူမှာ က,ခုန်,တီးမှုတ်မှု သတ်မှုဖြတ်မှုတွေ ပါနေတယ်၊ တကယ်သဒ္ဓါစစ်နဲ့ ယုံကြည်တယ်ဆိုရင် ဒါတွေ မလုပ်ရဘူး၊ ဟုတ်ပြီလား၊ ဆုတောင်းတာက နိဗ္ဗာန်တဲ့၊ အကုသိုလ်က အပါယ်ချလိုက်တာ မသိလိုက်ဘူး၊ နော်။

## ဗုဒ္ဓနည်းကျ ရှင်ပြုပွဲ

ဗုဒ္ဓနည်းကျ ရှင်ပြုပွဲကျင်းပပုံကို နည်းနည်းရှင်းပြမယ်၊ ရှင်ပြုပွဲက သုံးမျိုးရှိတယ်၊ (၁) ကေသစ္ဆေဒန ပဗ္ဗဇ္ဇ ရှင်ပြုပွဲ၊ (၂) ကာသာယာ ဝစ္ဆ ပဗ္ဗဇ္ဇ ရှင်ပြုပွဲ၊ (၃) သရဏ ဂမန ပဗ္ဗဇ္ဇ ရှင်ပြုပွဲလို့၊ သုံးမျိုး ဟုတ်ပြီလား။

(၁) ကေသစ္ဆေဒန ပဗ္ဗဇ္ဇ ရှင်ပြုပွဲဆိုတာက ရှင်လောင်းကို "ငါ့ကိုယ်မှာ နံ့သာမရှိပါ၊ အမွေးအကြိုင်မရှိပါ၊ မြဲတာ ခိုင်တာ မရှိပါ၊ ကောင်းမွန်တာ မရှိပါ၊ ဆံပင်ရှိတယ်၊ အမွေးရှိတယ်၊ လက်သည်းခြေသည်း ရှိတယ်၊ သွားရှိတယ်၊ အရေရှိတယ်၊ ညှီတယ်၊ နံတယ်၊ သိုးတယ်၊ ပုပ်တယ်" လို့ ဆရာက တစပဉ္စ ကမ္မဋ္ဌာန်း သင်ပေးပြီးတော့မှ ခေါင်းရိတ်ခြင်းသည် အဲဒါ ပထမ ကေသစ္ဆေဒန ပဗ္ဗဇ္ဇ ရှင်ပြုပွဲလို့ ခေါ်တယ်နော်။

(၂) ကာသာယာ ဝစ္ဆဒန ရှင်ပြုပွဲဆိုတာက ဆရာသမားထံကို သွားပြီးတော့ စနစ်တကျ သင်္ကန်းကိုအပ်၊ ဆရာသမားထံက ပြန်ပြီးတော့ သင်္ကန်းကိုတောင်း၊ ဆရာသမားက "ရော့၊ ဝတ်တော့" လို့ဆိုပြီးတော့မှ ဝတ်ခိုင်းလို့ ဝတ်လိုက်ရခြင်းသည် ဒုတိယ ကာသာယာ ဝစ္ဆဒန ပဗ္ဗဇ္ဇ ရှင်ပြုပွဲလို့ ခေါ်တယ်နော်။

အဲဒီရှင်ပြုပွဲနှစ်ဆင့် အောင်မြင်တယ်ဆိုလို့ရှိရင် အသွင်အားဖြင့် လူထက် မြတ်သွားပြီ၊ အသွင် ရှင်တော့ ဖြစ်သွားပြီ၊ ဘုရားပစ္စေကဗုဒ္ဓါ

အရိယာအပေါင်း သူတော်ကောင်းတို့နဲ့ အသွင်တော့ တူသွားပြီ၊ ရှင်အဖြစ်ရောက်ပြီလားဆိုတော့ မရောက်သေးဘူး။

(၃) သရဏဂမန ပဗ္ဗဇ္ဇ ရှင်ပြုပွဲဆိုတာက အထက်ပါရှင်ပြုပွဲ နှစ်ပွဲအောင်မြင်ပြီးတဲ့အခါ ဆရာ့ထံမှာ "အရှင်ဘုရား၊ ဘုရား တပည့်တော်သည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း အကျိုးငှာ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ရှင်သာမဏေ အဖြစ်ကို တောင်းပန်ပါ၏"လို့ အဲလို တောင်းပန်တဲ့အချိန်မှာ ဆရာသမားက သရဏဂုံပေးခြင်း ယူခြင်းသည် အဲဒါ တတိယ သရဏဂမန ပဗ္ဗဇ္ဇ ရှင်ပြုပွဲခေါ်တယ်နော်။

အဲဒီသုံးမျိုး အောင်မြင်လို့ရှိရင် အဲဒါ ရှင်ပြုပွဲကြီး ပြီးပြီ။

အဲဒီသုံးမျိုး အောင်မြင်ဖို့ အရေးကြီးတယ်၊ အဲဒီမှာကြည့်မယ် ဆိုရင် ရှင်လောင်းကို ဆင်ပေါ်သို့လည်းကောင်း၊ မြင်းပေါ်သို့ လည်းကောင်း၊ ကားပေါ်သို့လည်းကောင်း၊ ဆိုက်ကားပေါ်သို့လည်း ကောင်း စသည် တင်ပြီးတော့မှ မြို့ထဲရွာထဲ လှျောက်လှည့်တာတွေ ပွဲတာတွေ မပါဘူး၊ နတ်တွေဘာတွေ သွားပြတာတွေလဲ မပါဘူး၊ အဲလို စနစ်တကျ ရှင်ပြုပွဲကျင်းပရမှာ။

အဲလို ဗုဒ္ဓနည်းကျ ရှင်ပြုမယ်ဆိုလို့ရှိရင် ဟိုနတ်ပြည်မှာရှိနေတဲ့ နတ်တွေက ရှင်ပြုရဟန်းခံပွဲ မကျင်းပခင် ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှစ်မတစ်စု ရှင်လောင်း ရဟန်းလောင်းတွေနဲ့ တိုင်ပင်နေတဲ့ အချိန်အခါထဲက သိပြီးတော့မှ ဝမ်းသာလွန်းလို့တဲ့၊ ဘယ်လို ကြွေးကြော်သလဲဆိုရင် "အချင်းတို့၊ ဒီအမျိုးကောင်းသား မင်းယောက်ျားသည် ကိလေသာမာရ် ကိုယ်တွင်းရန်နှင့် စစ်တိုက်ဖို့ရာ စစ်ပြင်နေပြီ"လို့ အဲဒီလို ကြွေးကြော်တယ်တဲ့၊ ဒီမှာ ရှင်ပြုပွဲဘာမှ မလုပ်ရသေးဘူး၊ အဲဒီလို နတ်တွေက ကြွေးကြော်ပါတယ်ဆိုလို့ရှိရင်

ရှင်ပြုတဲ့အချိန်အခါမှာ ဆင်ပေါ် မြင်းပေါ် စသည်ဖြင့် ရှင်လောင်းတွေ တင်ပြီးတော့မှ ရွာထဲလျှောက်ပြီးတော့လှည့်၊ လှည့်ပြီးတော့ နတ်သွားပြတာကို သတိထားကြည့်၊ ဒါအဓိပ္ပါယ် မရှိဘူး၊ ပြစရာ မလိုဘူး၊ ပြလိုက်ခြင်းဖြင့် ရှင်လောင်း ရဟန်းလောင်းတွေက နတ်အောက်ကို ရောက်သွားပြီ။

## နတ်စင်သွားပြတဲ့ အလေ့ ဘယ်နတ်သမားတွေ စလိုက်လို့ပေါ်

အမှန်က နတ်တွေနဲ့ အလောင်းတော်ရှင်လောင်းနဲ့ ဆိုလို့ရှိရင် ရှင်လောင်းက မြတ်တာ၊ တကယ်ဆိုရင် အဲဒီနတ်တွေက ရှင်လောင်းကို လာပြီးတော့ ဖူးရမှာ၊ အခုရှင်လောင်းကို ဆင်ပေါ် မြင်းပေါ် စသည်တင်ပြီးတော့မှ လျှောက်လှည့်၊ နတ်စင်သွားပြတဲ့ အလေ့ကြီးက ဒီသာသနာနောက်ပိုင်းမှာ ဘယ်ကနေ ဘယ်နတ်သမားတွေက စလိုက်လို့ ပေါ်လာလဲမသိဘူး။

မြတ်စွာဘုရားလက်ထက်တုန်းက သားတော် ရာဟုလာရှင်ပြုတော့ ဘယ်နတ်မှ သွားပြီးတော့ မပြဘူး၊ နောက်နောင်ပုဂ္ဂိုလ်တွေလဲ ဘယ်နတ်မှ ပြတယ်လို့ စာထဲမှာ မပါပါဘူး၊ အဲ–ပါတာကတော့ နတ်ဗြဟ္မာတွေက အစောကြီးထဲက သိပြီးတော့မှ ရှင်ပြုမယ်လို့ စဉ်းစားတုန်း တိုင်ပင်တုန်း နှီးနှောတုန်းပဲရှိသေးတယ်၊ အားရဝမ်းသာ ပီတိသောမနဿ ဖြစ်တယ်၊ ကြွေးကြော်တယ်ဆိုတာ စာမှာ ဒေသနာ သုတ္တန်ဆိုတာ အတိအကျရှိ၊ နတ်ပြခြင်းဖြင့် သာသနာပြုရာမရောက် ဘဲနဲ့ သာသနာယုတ်လျော့သွားတယ်လို့ မှတ်သားထားဖို့လိုပါတယ်။

သင်ဖို့ ကျင့်ဖို့ရာ ရှင်ရဟန်းပြုတာဖြစ်ခြင်းကြောင့် သင်ကြတော့မယ်၊ ကျင့်ကြတော့မယ်ဆိုတော့ အဲဒီအချိန်အခါမှာ

ဟိုနတ်ပြည် ဗြဟ္မာပြည်မှာရှိတဲ့ နတ်တွေက ကြွေးကြော်အုံးမယ်တဲ့၊ "အချင်းတို့၊ ဒီအမျိုးကောင်းသား ဒီအမျိုးကောင်းသားမင်းယောကျ်ားသည် ကိလေသာမာရ် ကိုယ်တွင်းရန်နဲ့ စစ်တိုက်နေပြီ" လို့ အဲဒီလို ကြွေးကြော်မယ်၊ စာသင်နေတာ တရားအားထုတ်နေတာ တကယ်တော့ စစ်တိုက်နေတာပဲ၊ ကိလေသာမာရ်ဆိုတဲ့ အတွင်းက လောဘနဲ့ တိုက်မယ်၊ ဒေါသနဲ့တိုက်တယ်၊ မောဟနဲ့တိုက်တယ်၊ ထိနမိဒ္ဓနဲ့ တိုက်တယ်၊ ဝိစိကိစ္ဆာနဲ့တိုက်တယ်ပေါ့၊ အဲဒီအချိန်မှာလဲ နတ်ဗြဟ္မာတွေက အားရဝမ်းသာ ပီတိသောမနဿ ဖြစ်စွာ ကြွေးကြော် တယ်ဆိုတော့ အဲဒါ စဉ်းစားကြည့်လို့ရှိရင် ရဟန်းပြုပြီးတော့ စာမသင်ဘူး၊ တရားအားမထုတ်ဘူး၊ ဒီလိုပဲအိပ်လိုက်၊ စားလိုက် လည်လိုက် ပတ်လိုက် နေမယ်ဆိုလို့ရှိရင် အဲဒီလို ကြွေးကြော်မှာ မဟုတ်ဘူး။

ပြီးတော့ နောက်တစ်ခါ ဘယ်မှာ ကြွေးကြော်အုံးမှာလဲ ဆိုလို့ရှိရင် တရားအားထုတ်လို့ ရဟန္တာဖြစ်သွားတဲ့အချိန်အခါမှာ အဲဒါ တစ်ခါ ကြွေးကြော်မယ်တဲ့၊ ဒီက ရဟန္တာဖြစ်သွားပြီဆို ကိလေသာမာရ် ကိုယ်တွင်းရန်နဲ့ စစ်တိုက်လို့ အောင်သွားပြီပေါ့၊ နောက်ထပ် တိုက်စရာ ခိုက်စရာ မလိုတော့ဘူး၊ အဲဒီကျတော့ ဖလသမာပတ် ချမ်းသာ ခံစားပြီးနေတာကိုပဲ "အချင်းတို့၊ ဒီအမျိုးကောင်းသား၊ ဒီအမျိုးကောင်းသား မင်းယောကျ်ားသည် ကိလေသာမာရ် ကိုယ်တွင်းရန်နဲ့ စစ်တိုက်လို့ အောင်မြင်ပြီးတော့ အောင်မြေမှာ အရဟတ္တမဂ်ဖိုလ်ချမ်းသာကို ခံစားနေပြီ" လို့ အားရဝမ်းသာ ပီတိသောမနဿနဲ့ တစ်ခါ ကြွေးကြော်လိမ့်မယ်တဲ့။

ဒါကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ဒိဗ္ဗသောတ အဘိညာဏ်နဲ့ ကြားလို့ ဒိဗ္ဗစက္ခုအဘိညာဏ်နဲ့ မြင်လို့ ရှင်ပြုပွဲ ရဟန်းခံပွဲတွေမှာ ဟောပေးတဲ့ တရားနော်။

## တရားမှန်ကြည့်

* ပြဒါးမှန်ကြည့်
လှပြင်ဘိက
ခဏမျှသာ
လှကြရာ၏။

* တရားမှန်ကြည့်
လှပြင်ဘိက
ဘဝရှည်ကြာ
လှကြရာ၏။

* ပြဒါး, တရား
ထိုနှစ်ပါးမှာ
ဦးစွာတရား
နောက်ပြဒါးဟု
ထားရှုကြည့်ကာ
ပြင်ကြရာ၏။

မမ္မဒူတ–အရှင်အာစိဏ္ဏ။

## တရားမနာ သဒ္ဓါနဲ့နစ်

ဘဝအဆက်ဆက်မှာ သဒ္ဓါတွေ ရှိခဲ့ပေမယ့် ဒီဘဝ တရားမနာလို့ သဒ္ဓါနဲ့နစ်နေကြတာ အများကြီး၊ တစ်ချို့ တရားမနာခင်က ကော်တရာ ကပ်စေးနဲ့တွေ ဖြစ်နေ၊ တရားနာပြီးတော့မှ ဟိုနေရာ ဒီနေရာ သူချည်း လှူနေတာမျိုး တွေ့ရတယ်၊ ဒါကြောင့် တရားနာတယ်ဆိုတာ သဒ္ဓါကို ရေဆေးပေးလိုက်တာနဲ့တူတယ်၊ ဟုတ်ပြီလား။

## တရားနာတယ်ဆိုတာ မှန်ကြည့်တာ

တရားနာတယ်ဆိုတာ မှန်ကြည့်တာနဲ့တူတယ်၊ မှန်ကြည့်တဲ့အခါ ဘာလုပ်?၊ ပြင်တယ်၊ မလှတော့ ပြင်တယ်ပေါ့၊ လှတော့ ဘာလုပ်?၊ လှသည်ထက်လှအောင် ပြင်တယ်၊ တရားနာတယ်ဆိုတာ ဓမ္မာဒါသ–တရားမှန်ကြည့်တာပဲ ဟုတ်ပြီလား၊ တရားနာတော့မှ ကိုယ်မှားတာ မှားမှန်းသိ၊ ပြင်နိုင်တယ်၊ မှန်တာ မှန်မှန်းသိ၊ ထို့ထက်မှန်အောင် ပြင်နိုင်တယ်ပေါ့၊ တရားမနာတော့ မှားမှန်း မှန်မှန်းမသိ၊ ဒီလိုဖြစ်တယ်နော်၊ တရားနာတော့မှ "ငါ ရှေးတုန်းက ဘယ်လိုနေခဲ့လို့ ခုဘယ်လို ဖြစ်လာတယ်၊ အခုဘယ်လိုနေရင် နောင် ဘယ်လို ဖြစ်နိုင်တယ်" ဆိုတာ ကဲ၊ မပေါ်သွားဘူးလား။

## စိတ်ညစ်ရင် တရားနာ

စိတ်ညစ်ရင် တရားနာရမှာ၊ ခုတော့ စိတ်လက်မကြည်သာရင် အရက်သောက်၊ ပွဲကြည့် လုပ်တော့ ရန်းရန်း ရန်းရန်းနဲ့ လုပ်တုန်း စိတ်ပြေသလိုရှိပေမယ့် ရန်းရန်း ရန်းရန်း ပျောက်ရင် ပြန်ပြီးစိတ်ညစ်၊ တော်ကြာ ပြန်သောက်၊ အရက်သမား၊ ဘိန်းသမား၊ သူခိုးလူဆိုးဖြစ်၊

လူလဲပျက်၊ လက်ငင်းစီးပွားရေး ကြီးပွားရေးတွေလဲပျက်၊ ကျန်းမာရေး၊ ချမ်းသာရေးတွေလဲ အကုန်ပျက်ရော၊ ဒါကြောင့် စိတ်ညစ်ရင် တရားနာ၊ တရားနှလုံးသွင်းရမယ်၊ တရားဆိုတာ နာကြားရုံနဲ့ အပူတွေ စင်ကြယ်၊ နှလုံးသွင်းဆဲမှာလဲ ချမ်းသာ၊ ကျင့်သုံးပြီးနောက်မှာလဲ အေးချမ်းဆုံး နိဗ္ဗာန်ကိုလဲ ပို့နိုင်တယ်။

## ဝါသနာမပါတဲ့ အိမ်ကျတော့ နင် သွားတဲ့

အဲဒါ အကျဉ်းချုပ်ပြောမယ်ဆိုလို့ရှိရင် ကေသာဋကပုဏ္ဏားကြီးတို့ ဇနီးမောင်နှံဟာ တစ်နေ့ ကျောင်းတော်က ဥပုသ်နေ့မှာ တရားနှစ်ပွဲ ကြေညာတော့ နေ့ခင်းတစ်ပွဲ၊ ညတစ်ပွဲ၊ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောမယ်၊ နေ့ပွဲ၊ ညပွဲ၊ ကြေညာတော့ ပုဏ္ဏားကြီး ဇနီးခေါ်ပြောတယ်၊ သူတို့နှစ်ယောက်လုံးက တရားဝါသနာပါတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒါ တရားနာဖို့ရာ သူများအိမ်တွေမှာ ဆိုလို့ရှိရင် ဝါသနာအကုန်ပါကြတော့ ခွဲတမ်းကို ချတယ်၊ နော်၊ ဝါသနာမပါတဲ့ အိမ်ကျတော့ "နင်သွား" ဆိုပြီးရော၊ ငါအိမ်စောင့်မယ်ပေါ့၊ ဟုတ်ပြီလား။

## ဝါသနာပါတဲ့ အိမ်ကျတော့ ခွဲတမ်းချရတယ်

ဝါသနာပါတဲ့အိမ်ကျတော့ သူသွားမယ်၊ ငါသွားမယ်နဲ့ ခွဲတမ်း ချရတယ်၊ ဟိုမှာက နှစ်ယောက်လုံးသွားချင်တယ်၊ အပေါ်ရုံပုဆိုး မရှိတော့ ဇနီးကို ခေါ်ပြောတယ်၊ "ရှင်မတဲ့၊ ဒီနေ့ ကျောင်းတော်မှာ နေ့ခင်း တရားတစ်ပွဲ၊ ညတရားတစ်ပွဲ ဆိုတော့ နှစ်ပွဲဟောမယ်တဲ့၊ တို့သွားချင်တာကတော့ နှစ်ယောက်လုံးအတူတကွ သွားချင်တယ်၊ ဒါပေမယ့် အပေါ်ရုံပုဆိုး မရှိလို့ သွားလို့မရဘူး၊ သင် နေ့ပွဲသွားမလား၊

ညပွဲ သွားမလား?"၊ အမျိုးသမီးကို ဦးစားပေးတဲ့အနေနဲ့ မေးတာ၊ ဟိုကအမျိုးသမီးကလဲ လိမ္မာတယ်၊ "အရှင့်သားတဲ့၊ တရားပွဲဆိုတာ အဖော်ရှားတယ်တဲ့၊ ကျွန်မတို့ မိန်းမသားဆိုတာလဲပဲ နေ့နေ့ညည အခါခပ်သိမ်း တစ်ယောက်တည်း သွားလို့ မတော်ဘူးတဲ့၊ အထူးသဖြင့် ညဆိုတာ ဘယ်လိုမှ တစ်ယောက်တည်း သွားလို့မတော်ဘူး၊ နေ့ခင်းတောင်မှ အဖော်ပါမှကောင်းတယ်၊ အဖော်မရှိပေမယ့် နေ့ခင်းကတော့ သွားလို့ရသေးတယ်၊ ညဆိုတော့ တရားပွဲ အဖော်မပါလို့ရှိရင် ကျွန်မ မသွားရင် အဲဒါ ကျွန်မ ရှုံးမယ်တဲ့၊ အဲဒါ သေချာတဲ့ နေ့ခင်းပွဲကို ကျွန်မသွားမယ်"တဲ့၊ ရှင်က ညပွဲ သွားနာတဲ့၊ အမျိုးသမီးက မတော်ဘူးလား?။

## နင်သေတော့ ငါ လိုက်သေမှာလား

ယောဂီတို့၊ တစ်ယောက်တည်း တရားကျင့်ရတာနဲ့ နှစ်ယောက်ကျင့်ရတာ ဘယ်ဟာလွယ်လဲ?၊ နို့ ဒီလာတာ ဘယ်လိုလာကြတာလဲ၊ အဖော်နဲ့တဲ့၊ ကြည့်ပါအုံး၊ တစ်ရွာလုံးလှည့် အဖော် စပ်ပြီးတော့မှ လာတာ ကြည့်ပါအုံး၊ နင်မပါရင် ငါ မသွားဘူးတဲ့၊ လာသေးတယ် ကြည့်ပါအုံး၊ ဒါဖြင့် နင်သေတော့ ငါလိုက်သေမှာလား?၊ ဒီလိုတော့ မသေဘူးနော်၊ တရားပွဲတော့ နင်မပါရင် ငါ မသွားဘူးတဲ့။

## ဒုလ္လဘ ၅–ပါးမှာ ၂–ပါး ပြောသံ မကြားဘူးတော့

လူတွေဟာ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော–နဲ့ အကုန်မပြောဘူးလား?၊ မနုဿတ္တဘာဝေါ ဒုလ္လဘော–လဲ မပြောဘူးလား?၊ ကိုယ့်မှာ သားယောကျ်ားလေးမွေးလို့ရှိရင် ဟာ–ရှင်ပြုပေးရမယ်၊ ရဟန်းခံပေးရမယ်၊ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော–လဲ မပြောဘူးလား?၊ အဲဒီမှာပင်

မျက်ကြော ပြတ်သွားပြီ၊ ဒုလ္လဘာသဒ္ဓါသမ္မတ္တိ–သဒ္ဓါတရားနဲ့ ပြည့်စုံဖို့ ခဲယဉ်းတယ် ဆိုတာနဲ့ သဒ္ဓမ္မဿဝန် အတိဒုလ္လဘံ သူတော်ကောင်းတရား နာကြားရဖို့ ခဲယဉ်းတယ်ဆိုတဲ့ နှစ်ပါး ပြောသံမကြားတော့ဘူး၊ ကဲ–ကြားသေးလား?။

တရားမနာတာ ဘာမရှိလို့ မနာတာလဲ?၊ သဒ္ဓါမရှိလို့ ဟုတ်ပြီလား၊ ကဲ–သဒ္ဓါမရှိလို့ဆိုတာ တွက်ကြည့်၊ သဒ္ဓါဆိုတာက ဘုရားဂုဏ်ကျေးဇူး ယုံတယ်၊ တရားဂုဏ်ကျေးဇူး ယုံတယ်၊ သံဃာဂုဏ်ကျေးဇူး ယုံတယ်၊ ကံကံ၏ အကျိုးကိုလဲ ယုံတယ်၊ ဒါဘာလဲ?၊ ကဲ– တရားမနာဘူးဆို တရားမှာ ယုံလား၊ မယုံဘူးလား?၊ တကယ်ယုံလို့လား?၊ မယုံလို့ပေါ့၊ ကဲ–စဉ်းစားကြည့်စမ်း၊ အဲတော့ သဒ္ဓါသမ္ပတ္တိ ရှိသေးလား?၊ အဲဒါကို လူတွေက မျက်ကြောပြတ်သွားပြီ၊ မိမိတို့ကို လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ပေးတာ၊ ဘယ်သူက ပေးတာလဲ?၊ သဒ္ဓါက ပေးတာနော်၊ ဒါဖြင့် အခု တရားမနာဘူးဆိုတော့ မျိုးစေ့ကို ပြုတ်စားတယ်၊ ဟုတ်ပြီလား၊ နောက်တစ်ခါ လူတောင် ဖြစ်ပါအုံးမလား?၊ မလွယ်ဘူးနော်။

ကဲ– တရားတောင် မနာဘူးဆိုတော့ အဲဒီ တရားမနာတဲ့ အိမ် သွားကြည့်၊ အိမ်မှာ ဘုရားရှိခိုးမှာလား?၊ တရားတောင် နာဖော်မရတဲ့ ပုဂ္ဂိုလ်တွေ ဆွမ်းခံသွားကြည့် ဆွမ်းလဲလောင်းမှာလား?၊ သံဃာလဲ မကြည်ညိုဘူး၊ ဟုတ်ပြီလား၊ ဘာမရှိလို့လဲ၊ သဒ္ဓါမရှိလို့နော်၊ အဲဒီ သဒ္ဓါက တရားမနာရင် ရှိအုံးမလား?၊ တရားနာရင် အဲဒီသဒ္ဓါလေး ပြန်ထွက်လာတယ်၊ သဒ္ဓမ္မဿဝန် အတိဒုလ္လဘံ–သူတော်ကောင်းတရား နာဖို့ရာ အလွန်ခဲယဉ်းတယ်နော်။

## ရဟန်းခံရှင်ပြုပွဲမှာ တရားပွဲ ထည့်မလား?၊ ဆိုင်းထည့်မလား?

အဲဒီဒုလ္လဘတရားနှစ်ပါး ပြတ်သွားတော့ ဘယ်လိုဖြစ်လဲ ဆိုတော့ ရဟန်းခံ ရှင်ပြုပွဲမှာ တရားပွဲနဲ့ ကျင်းပမလား?၊ ဆိုင်းထည့်မလား?၊ ဆိုင်းထည့်မယ်နော်၊ ကဲ- သဒ္ဓမ္မသဝန ဒုလ္လဘဆိုတာ ဒီ ပဗ္ဗဇိတဘာဝ ဒုလ္လဘနဲ့ မကိုက်ဘူးလား? ကိုက်လား၊ ဟာ-တို့ ပဗ္ဗဇိတဘာဝ ဒုလ္လဘလုပ်တဲ့အခါမှာ နာမည်ကြီးတဲ့ ဆရာတော်တွေနဲ့ တရားပွဲ လုပ်မယ်လို့လာမလား?၊ နာမည်ကြီးတဲ့ ဆိုင်းထည့်မယ်လို့ လာမလား?၊ သွားရောနော်၊ အဲဒီ ဆိုင်းထည့်တယ်ဆိုကတည်းက သဒ္ဓါသမ္ပတ္တိလဲ မပျက်သွားဘူးလား၊ ကံ-ကံ၏အကျိုးကို မယုံလို့ထည့်တာပေါ့၊ ကံ-ကံ၏အကျိုးယုံရင် ထည့်မလား၊ အဲဒါကြောင့်မို့လို့ တရားမနာရတာလောက် ရှုံးတာ ရှိသေးလား၊ တရားမနာလို့ရှိရင် ရပ်ပြစ်လဲ သင့်သွားပြီတဲ့-နော်။

## တရားနာရင် မြားစူးနေမှန်း မသိ

ပုထုဇဉ်တွေက ဆရာစွဲ စွဲပြီးတော့ ကိုယ့်ဂိုဏ်းက ကိုယ့်အဖွဲ့က ဘုန်းကြီးဟောတော့ ကောင်းတယ် လုပ်တတ်တယ်၊ သဘောကျတတ်တယ်၊ နော်၊ တရားမှန်တယ်၊ မှားတယ် မစဉ်းစားဘူး၊ ဟုတ်ပြီလား၊ သဘာဝကျတယ်၊ မကျတယ် မဝေဖန်ဘူး၊ အကုန်လက်ခံတယ်၊ နော်၊ ပြီးတော့ ပုထုဇဉ်တွေဟာ ကိလေသာများသူများ ဖြစ်သည့် အလျောက် လွမ်းစရာ ဆွေးစရာ ဇာတ်ကွက်ဇာတ်လမ်းနဲ့ အသံနေ အသံထားနဲ့ အညုတွေ အခရာတွေ၊ အတာတွေ အဆွဲအငင် သံတို သံရှည်တွေနဲ့ ဆွဲကာငင်ကာ ဟောရင် မိမိကိုယ်ကို သဒ္ဒါရုံကာမဂုဏ် မြား စူးနေမှန်းမသိဘဲ သိပ်ရှင်းတယ်၊ ရယ်ရတယ်နဲ့၊ မပြောကြ ဘူးလား?၊

**သူ့နည်း ကိုယ့်နည်းဆိုထဲက တရားလမ်းပေါ်က လွဲသွားပြီ**

အရိယာသာဝကတို့ဟာ အချိန်သာ ရမယ်ဆိုရင် တရားနာမှုကို ချစ်မြတ်နိုးကြတယ်၊ နာတဲ့အခါ ယုတ္တိတန်တယ်၊ မတန်တယ်၊ ကြောင်းကျိုးတန်တယ်၊ မတန်တယ်၊ ဉာဏ်နားနဲ့ တိုင်းပြီးတော့မှ နာရမှာ၊ ဟုတ်ပြီလား။

တချို့ တရားအားမထုတ်ခင်တုန်းက ဘယ်တရားဖြစ်ဖြစ် နာလို့ရတယ်၊ သူ့နည်းကိုယ့်နည်း သူ့တရားကိုယ့်တရားတွေ ဖြစ်လာပြီလဲဆိုရော နည်းတစ်နည်းကို လက်ကိုင်ထား၊ သူ့နည်းဆိုရင် ကိုယ်က မနာ၊ ဘာဖြစ်လို့၊ ကိုယ့်နည်းမဟုတ်လို့၊ ကိုယ့်နည်းဆိုရင် သူက မနာ၊ ဘာဖြစ်လို့၊ သူ့နည်းမဟုတ်လို့၊ သူ့နည်းကိုယ့်နည်း ဆိုကတည်းက တရားလမ်းပေါ်က လွဲသွားပြီ၊ ဟုတ်ပြီလား။

တရားမနာတဲ့ပုဂ္ဂိုလ်သည် ဆောင်ထားတဲ့အဆင့် ရောက်မှာလား?၊ ဆောင်မှုမထားတဲ့ ပုဂ္ဂိုလ်သည် စဉ်းစားတဲ့ အဆင့် ရောက်မှာလား?၊ စဉ်းမှ မစဉ်းစာတဲ့ပုဂ္ဂိုလ်သည် အားထုတ်တဲ့အဆင့် ရောက်မှာလား?၊ အားမထုတ်ဘဲနဲ့လဲ နိဗ္ဗာန်ရောက်မှာလား?၊ အဲတော့ နိဗ္ဗာန်က ခက်လို့မရတာလား၊ လမ်းချော်နေလို့လား၊ နာရုံနဲ့လဲ ပြီးရောလား?။

ဘုရားလက်ထက်တုန်းက သီးခြား စခန်းပွဲတွေ သီးခြား ရိပ်သာတွေ မရှိဘူး၊ ပုံမှန်ပြောရင် ဘုရားကျောင်းတော်မှာ လူတွေ အတွက် နေ့တစ်ပွဲ၊ ညတစ်ပွဲ၊ နတ်တွေအတွက် သန်းခေါင်ကျော်တစ်ပွဲ၊ အနယ်နယ်မှ ကြွလာတဲ့ ရဟန်းတွေအတွက် ဆည်းဆာတစ်ပွဲ၊ တစ်နေ့ ၄–ပွဲ၊ နေ့ဘက်အားသူ နေ့ဘက်နာ၊ ညဘက်အားသူ ညဘက်နာ၊ ဟုတ်ပြီလား၊ တရားအားထုတ်တာကတော့ နေ့ခင်း အလုပ်လုပ်ရင်းနဲ့ အားထုတ်တယ်နော်၊ အခုလူတွေ အိမ်ပြန်သွားရင် ဘာလုပ်?၊ ဩော်–ဘာမှ မလုပ်ဘူး၊ စိတ်ကုန်စရာပဲ၊ ပြီး– အထုပ်ကလေးပိုက်လာပြန်ရော။

# အခန်း (၂)

## ပြုလည်းပြုကြမှ

* စားသမျှ မစင်
ထားသမျှ မသေခင်
ပြုသမျှ ကုသိုလ်အပင်
ယခုကာလ ဘဝကောင်းတွင်
စားလည်းစား၊ ထားလည်းထား
ပြုလည်းပြုကြမှ၊ တော်မည်ထင်။

(ဒီပဲယင်း)

## မရှိလျှင် လှူပါ

* မရှိ လှူပါ
လှူခါရှိလိမ့်
သိမ့်သိမ့်စဉ်းစား
ယူသွားချင့်, လှူ
မလှူ, ထားပေါ့
သေတော့ မပါ
လက်ချည်းသာ။

(အရှင်အာစိဏ္ဏ)

## ကုသိုလ်မပါရင် ရှေ့ကရှာ နောက်ကပျက်

ဘုန်းကြီးတို့ ပရိသတ်တွေ အခုအတိတ်ကလာပြီးတော့ ပစ္စုပ္ပန်မှာ ခရီးတစ်ထောက်မနားဘူးလား? နားပြီးတော့မှ မိမိတို့ ဘာစုရမှာလဲ? ရိက္ခာစု၊ ဟုတ်ပြီလား၊ ခရီးနားပြီးတော့ ပါတာလေးကို ဒီလိုပဲ ထိုင်စားရင်ရတာပေါ့လေ၊ ဒီလိုလား? အထုပ်ဖြေစားရုံ စားရမှာလား၊ ဘာလုပ်ရမှာဦးလဲ၊ ဒီမှာလာခဲ့ပြီ၊ အတိတ်ကလာခဲ့တာ၊ တမောတပန်းကြီးလာခဲ့တာ၊ ပစ္စုပ္ပန်မှာ တစ်ထောက်နား၊ နားပြီးတော့မှ ဒါနရိက္ခာထုပ် စသည်မစုရဘူးလား၊ စုရမှာလား?

ဒီဘက်ဘဝမှာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတယ်ဆိုတာ အတိတ် အတိတ်ဘဝတွေတုန်းက လှူတန်းခဲ့လို့, ပေးကမ်းခဲ့လို့ ပစ္စည်းပေါတာတဲ့၊ ဟုတ်ပြီလား၊ အချောင်သက်သက်ရတာလား? ရှာတိုင်းချမ်းသာလား? အေး–မချမ်းသာဘူး၊ အဲဒီချမ်းသာစေတတ်တဲ့ ကုသိုလ်ကံမပါရင် "ရှေ့ကရှာ နောက်ကပျက်၊ ရှေ့ကရှာ နောက်ကပျက်" ပျက်တာပဲနော်။

## ကံမပေးလို့ရှိရင် ကြွက်ယက်တာနဲ့တူ

ချမ်းသာစေတတ်တဲ့ ကုသိုလ်ကံပါတဲ့ပုဂ္ဂိုလ်ကျတော့ လှုပ်ကာလဲ့ကာနဲ့ ချမ်းချမ်းသာသာ မဖြစ်ဘူးလား? အဲဒါ အရှာကောင်းလို့လား၊ ဒါနကုသိုလ်ကံပေးလို့လား?၊ ကံမပေးလို့ရှိရင် ကြွက်ယက်တာနဲ့တူတယ်တဲ့၊ ကြွက်ဟာ သူတူးရတဲ့တွင်းနဲ့ သူအောင်းရတာ ထေမိ

လား? အမလေး-တူးလိုက်ရတာ မသက်သာဘူး၊ အေး-အဲဒီလိုပဲ ချမ်းသာတော့ နည်းနည်းပဲချမ်းသာတယ်၊ လုပ်ရတာအများကြီးပဲ၊ ဒါနကုသိုလ်ကံမပါရင် ရှာရဖွေရတာ ပင်ပန်းတယ်၊ ရတော့လဲ နည်းနည်းရတယ်နော်၊ ဒါနကုသိုလ်ကံပါလို့ရှိရင် အဲဒါ နည်းနည်းပါးပါးလုပ်၊ အဲဒါ များများစားစားရတယ်၊ ဒါကြောင့် အတိတ်ဘဝတုန်းက လှူဒါန်းခဲ့တဲ့ပုဂ္ဂိုလ်တို့သည် အခုပစ္စုပ္ပန်မှာ ကြွယ်ဝကြတယ်တဲ့နော်။

ဘုန်းကြီးတို့ ပရိသတ်တွေ ပစ္စည်းဆို ထိုက်မှစားလို့ရတယ်၊ မိမိတို့ရှာနေတဲ့ပစ္စည်းတွေ မိမိတို့ယူသွားဖို့လား၊ ထိုက်သူ စားဖို့လား၊ ရှာတော့ရှာတယ်၊ ထိုက်သူစားဖို့ရှာတော့ထားခဲ့ရတယ်နော်၊ ယူနည်းကားက စားပြီးယူတာတစ်မျိုး၊ လှူပြီးယူတာတစ်မျိုး၊ နှစ်မျိုးပေါ့၊ စားပြီးယူတာမရဘူး၊ လှူပြီးယူတာက ရတယ်၊ ဟုတ်ပြီလား။

## ကိုယ်ရှာတဲ့ပစ္စည်းက ကိုယ့်ကိုဒုက္ခပြန်ပေး

ပစ္စည်းရှာတယ်ဆိုတာ ဘာလုပ်ဖို့ရှာတာလဲဆိုရင် ချမ်းသာဖို့၊ ဟုတ်ပြီလား၊ အဲဒီပစ္စည်းတွေကြည့်ပြီးတော့ ကိုယ်က စားလဲမစားရက်၊ ဝတ်လဲမဝတ်ရက်၊ ပေးလဲမပေးရက်ဆိုတော့ ချမ်းသာသေးလား၊ အသက်ရှင်စဉ်လဲမချမ်းသာဘူး၊ စွဲလမ်းသေသွားတော့လဲ ပြိတ္တာဖြစ်မယ်(သို့) တိရစ္ဆာန်ဖြစ်မယ်၊ ငရဲထီး၊ ငရဲမဖြစ်မယ်ဆိုတော့လဲ ချမ်းသာသေးလား၊ အဲတော့ ကိုယ်ရှာတဲ့ပစ္စည်းက ကိုယ့်ကို ဒုက္ခပြန်ပေးသလိုဖြစ်နေတယ်နော်။

လှူတဲ့နေရာမှာလဲ နှစ်မျိုးရှိတယ်၊ ဒါလဲသဘောပေါက်ဖို့လိုတယ်၊ အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက်လိုလို့လှူတာတစ်မျိုး၊ ကိုယ့်ကိုချီးမြှောက်ခံချင်လို့လှူတာတစ်မျိုး၊ နှစ်မျိုးနော်၊ အလှူခံပုဂ္ဂိုလ်မှာ

ဒီပစ္စည်းတွေက လိုအပ်နေမယ်ဆိုရင် ကိုယ်က အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက်တဲ့အနေနဲ့၊ ပူဇော်ချင်တဲ့အနေနဲ့လှူတာတစ်မျိုး ဟုတ်ပြီလား၊ အလှူခံပုဂ္ဂိုလ်မှာ ဒီပစ္စည်းတွေမလိုဘူးဆိုရင် "အရှင်ဘုရား–တပည့်တော်ကိုအစဉ်သနား စောင့်ရှောက်သောအားဖြင့်၊ ချီးမြှောက်သောအားဖြင့် အလှူခံအသုံးပြုတော်မူပါ"လို့ ကိုယ့်ကိုချီးမြှောက်စေချင်လို့လှူတာတစ်မျိုး ဟုတ်ပြီလား။

သာသနာပအခါမှာ နည်းနည်းလှူရင်နည်းနည်းရတယ်၊ များများလှူလဲနည်းနည်းပဲရတယ်၊ ဟုတ်ပြီလား၊ သာသနာတွင်းမှာက ဒီလိုမဟုတ်ဘူး၊ နည်းနည်းလှူလဲ များများရတယ်၊ များများလှူတော့ အလွန်အများရတယ်နော်။

## ချစ်ဆေးဆိုတာဘာလဲ?

ယောဂီတို့–ချစ်ဆေးလိုချင်လား? လိုချင်ရင် ပေးကမ်းစွန့်ကြဲမှုလုပ်၊ ဟုတ်ပြီလား၊ "ပေးကမ်းတတ်သော်, ချစ်ဆေးကျော်တည်း"တဲ့၊ များများလှူရင် များများချစ်လိမ့်မယ်၊ ခွေးတောင်မှ ပေးရင် ချစ်တယ်နော်၊ "မပေးမလှူ၊ မုန်းဆေးဟူ၏"တဲ့၊ သားသမီးကို မိဘက ပေးသင့် ပေးထိုက်တာမပေးရင်ကိုပဲ မိဘကိုသားသမီးက မုန်းတယ်၊ ဟုတ်ပြီလား။

## အလှူပေးတာနဲ့ စစ်တိုက်တာဘယ်လိုများတူသလဲ

သဒ္ဓါနဲ့မစ္ဆရိယကဆန့်ကျင်ဘက်၊ ဟုတ်ပြီလား၊ လှူချင်တာက ဘာလဲ? သဒ္ဓါ၊ မလှူချင်တာက? မစ္ဆရိယ၊ အဲတော့ လှူချင်တဲ့စိတ်ကလေးကို မစ္ဆရိယကဝင်တိုက်လို့ရှိရင် လှူဦးမှာလား၊ ပါဠိတော်မှာလဲတိုက်ရိုက်ရှိတယ်၊ "သဒ္ဓါ, ယုဒ္ဓဉ္စ, သမာနံ"တဲ့၊ အလှူပေးတာနဲ့

စစ်တိုက်တာ တူတယ်တဲ့၊ ဘာနဲ့ဘာနဲ့တူလဲ၊ အလှူပေးတာနဲ့ စစ်တိုက်တာနဲ့ ဘယ်လိုများတူသလဲ၊ အမှန်က အလှူပေးတယ်ဆိုတာက ကိုယ့်ရှိတဲ့ပစ္စည်းကိုစွန့်တာ၊ စစ်တိုက်တယ်ဆိုတာက လူသတ်တာ၊ သဘောပြောတာ ဟုတ်ပြီလား၊ ဘယ်လိုတူလဲဆိုတဲ့ အချိန်အခါကျတော့ သေမှာကြောက်လို့ရှိရင် စစ်မတိုက်ဘူး၊ သေမှာ မကြောက်လို့စစ်တိုက်သည်၊ ဟုတ်ပြီလား၊ ကုန်မှာကြောက်လို့ရှိရင် မလှူဘူးတဲ့၊ ကုန်မှာမကြောက်လို့လှူတာ၊ အဲဒါ မကြောက်တာချင်း မတူဘူးလား၊ ဟိုမှာက သေမှာမကြောက်လို့စစ်တိုက်တာ၊ သေမှာကြောက်ရင်စစ်မတိုက်ဘူး၊ ဒီက ကုန်မှာမကြောက်လို့၊ အဲဒါလှူတာ၊ ကုန်မှာကြောက်ရင်မလှူဘူးနော်၊ တကယ်လဲကုန်မှာလား? မကုန်ပါဘူးတဲ့၊ လှူတယ်ဆိုတာ ရတာနော်၊ လှူတာက ဘုန်းကြီးတို့လှူတာထက်တောင် နောင်အခါကျတော့ အဆပေါင်းများစွာ ပြန်မရဘူးလား? ဒါပေမယ့် ကြောက်တဲ့ပုဂ္ဂိုလ်က ကြံဖန်ပြီးတော့ ကုန်မှာမကြောက်ဘူးလား? အဲဒါကြောင့် လှူတာနဲ့စစ်တိုက်တာတူတယ်နော်။

## သက်ငယ်မိုးအိမ်တွေ နတ်ကဆင်းရဲအောင်မ,လို့ ကတာလား

ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတယ်ဆိုတာ အမေအဖေက ပေးတာလား? ဒါနကပေးတာလား? နတ်တွေကပေးတာလား? နို့-နတ်ကမ,လို့ ကရတယ်ဆို၊ တစ်ခါတစ်ခါ မကဘူးလား? ဘာတွေ မ,လို့ကတာလဲ? မ,သလား-မမ,သလားတော့ မသိဘူး၊ ဘုန်းကြီးတို့ တစ်နှစ် မှတ်မှတ်သားသား ဘုန်းကြီးတို့ ဓမ္မိကနေပြီးတော့မှ ကားနဲ့ပေါ့လေ၊ ဟို-သောင်ကြီးကိုသွား၊ ဓမ္မိနဲ့ သောင်ကြီးက အားလုံးပေါင်းမှ မိုင် ၂၀၊ ၂၅ မိုင်လောက်ပဲရှိတာ၊

အင်္ဂပိုဖြတ်လမ်းကနေသွားတာ၊ အဲဒီတစ်မနက်အတွင်းမှာပဲ ဘုန်းကြီးတို့ နတ်ပွဲသုံးပွဲလမ်းမှာတွေ့တယ်၊ ဘုန်းကြီးက သေသေချာချာမှတ်ထားတယ်၊ ဒရိုင်ဘာကို ဘုန်းကြီးကပြော "မင်း သေသေချာချာကြည့်"လို့၊ အိမ်က ဘယ်လိုအိမ်မျိုးလဲဆိုတော့ သက်ငယ်မိုးအိမ်လေး၊ နောက်တစ်ခါတစ်ပွဲတွေ့တော့လဲ ဒီလိုပဲ၊ နောက်တစ်ခါတစ်ပွဲတွေ့တော့လဲ အဲဒီလိုပဲ၊ "ကြည့်စမ်းလို့၊ အဲဒါ သူတို့နတ်ကတာ၊ နတ်ကဆင်းရဲအောင် မ,လို့ကတာလားမသိဘူး"လို့၊ အိမ်က ဘယ်လိုအိမ်တွေလဲ၊ သက်ငယ်မိုးအိမ်တွေ၊ ဆင်းရဲရဲလေးတွေ၊ ဟုတ်ပြီလား၊ ဘယ်လိုမ,လိုက်တာလဲ၊ ဆင်းရဲအောင် မ,တာလား။

တကယ်ဆို တိုက်အိမ်တွေနဲ့၊ မော်တော်ကားတွေနဲ့၊ တယ်လီဗွီးရှင်းတွေနဲ့၊ အဲဒီလိုရှိတဲ့အိမ်တွေက က,ဖို့မကောင်းဘူးလား? အဲဒီလူက မ,တယ်ဆိုတာက တော်သေးတယ်၊ သွပ်မိုးပျဉ်းထောင်ဆိုလဲတော်သေးတယ်၊ အခုဟာက ဘာအိမ်လေးတွေလဲ? သက်ငယ်မိုးအိမ်လေးတွေ၊ မ,တယ်ဆိုတော့ ဘာတွေ မ,သွားတယ်မသိဘူး၊ အဲဒါစဉ်းစားကြည့်ရင် မ,တယ်ဆိုတာ နတ်က မ,တာလား၊ ကံက မ,တာလား? ကံက မ,တာ၊ ကိုယ်ပြုခဲ့တဲ့ဒါနကံက မ,တာ ဟုတ်ပြီလား။

## ကုသိုလ်ဝမ်းစာ များများရှာ

"ကိုယ့်ကုသိုလ်မျိုး, ကိုယ်ထုပ်ပိုး, အားကိုးရမှာပါတကား" ဆိုတာ သိပ်အရေးကြီးတယ်၊ ကိုယ့်အား ကိုယ်ကိုးရမှာလား? အမေအဖေ ကို အားကိုးရမှာလား? ဆရာသမားကို အားကိုးရမှာလား? တပည့် တပန်းအားကိုးရမှာလား? သမီးသား အားကိုးရမှာလား? မောင်ဘွား အားကိုးရမှာလား? နမအားကိုးရမှာလား? ဘာကို

အားကိုးရမှာလဲ? ဩော်–ကုသိုလ်အားကိုးရမယ်နော်၊ တော်တော်များပြီလား ကုသိုလ်တွေ? ကုသိုလ်တွေတော်တော်များပြီး ထားစရာတောင်ရှိသေးလား? ကိုယ့်မှာ ဘာများ အထုပ်အထည်နဲ့ ယူသွားစရာကုသိုလ်ကံတွေ ရှိသလဲကြည့်? ဟုတ်ပြီလား၊ ကြည့်ပြီးတော့ပစ္စည်းရှာသလိုပေါ့၊ ကိုယ့်မှာပစ္စည်းရှိတယ်–မရှိတယ် ကိုယ်မသိဘူးလား? သိတော့ လိုသေးတယ်၊ လိုသေးတယ်ဆိုပြီးတော့ မရှာဘူးလား, ရှာသလား? ဝမ်းစာပြည့်မှ ဒီပြင်ဟာကိုရှာမှာ၊ ဝမ်းစာကအရေးကြီးတယ်ဆိုတော့ လိုသမျှကို ကိုယ်ကဖြည့်ဖြည့်ရှာသလိုပဲ၊ ကိုယ်လဲပဲ တစ်ဘဝကို သွားရတယ်ဆိုတာ၊ ဘာနဲ့သွားရလဲဆိုတော့ ကုသိုလ်ကံနဲ့သွားရမှာ၊ ဟုတ်ပြီလား။

ကုသိုလ်ကံနဲ့သွားရမှာဆိုတော့ မိမိတို့မှာ ကုသိုလ်ကံ ဝမ်းစာတွေထည့်လို့ လုံလောက်ပြီလား၊ "လိုသေးတယ်–လိုသေးတယ်" ဆိုပြီးတော့မှ ကုသိုလ်ကံဝမ်းစာထည့်ရမှာ ဟုတ်ပြီလား၊ နိဗ္ဗာန်မရောက်သေးဘူးဆို၊ ဘဝက တစ်ဘဝသွားရမှာလား၊ အများကြီးသွားရမှာလား? ဘဝများစွာဆိုတော့ မိမိတို့ဝမ်းစာနည်းနည်းလိုတာလား၊ အများကြီးလိုတာလား? ကုသိုလ်ဝမ်းစာလိုတယ်၊ ဟုတ်ပြီလား။

## ဒါနပါရမီမြောက်၊ မမြောက်

သံသရာခရီးသွား မရပ်သေးတဲ့သူများဟာ ဒါနတရားကို အထူးအားထုတ်ဖို့အရေးကြီးတယ်နော်၊ ဒါနရိက္ခာရှိမှ ကောင်းရာသုဂတိသို့ရောက်ရှိမယ်၊ လိုရာ အသုံးအဆောင်နဲ့ပြည့်စုံမယ်၊ ဟုတ်ပြီလား၊ အားထုတ်ချင်တဲ့ကုသိုလ်ကောင်းမှုတွေ အားထုတ်နိုင်မယ်နော်၊ အချို့က ဒါနသံသရာရှည်စေတတ်တဲ့တရားလို့ဆိုကြတယ်၊

သံသရာကို ရှည်စေတာကတကျော့ပါ၊ ခုဘဝနောက်ဘဝ သာယာရေး မတောင့်တဘဲ သံသရာလွတ်မြောက်ရေးကိုသာ တောင့်တရင် ပါရမီ မြောက်ဒါနဖြစ်တယ်နော်။

ဘုန်းကြီးတို့ ပရိသတ်တွေ ကုသိုလ်ပြုတိုင်းပြုတိုင်း ဘယ်လို မှန်းပြီးတော့ပြုရမှာလဲဆိုတော့ နိဗ္ဗာန်ကို ရည်မှန်းပြီးတော့ ကုသိုလ် ပြု၊ ဟုတ်ပြီလား၊ အများအားဖြင့် ကုသိုလ်ပြုတာဟာ ဘယ်လို ပြုကြသလဲဆိုလို့ရှိရင် "ငဲ့တပ်သိုမှီး, ရည်ရွယ်ပြီး, လှူကြီး လှူကြသည်"ဆိုတဲ့အတိုင်း လူတစ်ရာမှာ တစ်ရာလုံးလိုလိုပဲ အထူး သဖြင့် ဟောဒီ ဒါနပြုတဲ့အခါမှာ ပုဂ္ဂိုလ်ကို ငဲ့လေ့ရှိတယ်၊ ဟာ– ဒါဒို့ဘုန်းကြီးပဲ, ဒို့ကိုးကွယ်တဲ့ဘုန်းကြီးပဲ, ဒို့ကျောင်းဘုန်းကြီးပဲ, ဒို့ဆရာသမားပဲ, ဒို့အမျိုးပဲ, လို့ မငဲ့ဘူးလား, ငဲ့လား? နောက်တစ်ခါ လှူဖွယ်ပစ္စည်းပေါ်မှာလဲ တပ်မက်မှုရှိတတ်တယ်၊ နောက်တစ်ခါ အဲဒီလှူဖွယ် လှူလို့ရရှိမယ့် လူချမ်းသာ နတ်ချမ်းသာ၊ လောကီချမ်းသာ ကိုလဲတပ်မက်မှုရှိတတ်တယ်နော်၊ ပြီးတော့မှ လှူတယ်ဆိုတဲ့အချိန် အခါကျတော့ ဒို့သည် နောင်အခါ လူ့ဘဝလူ့ချမ်းသာရမယ်၊ နတ်ဘဝနတ်ချမ်းသာရမယ်ဆို အဲဒီလူနတ်ချမ်းသာမျှော်ပြီးတော့မှ ဒီကုသိုလ်တွေကို သိုမှီးတဲ့သဘောနဲ့, သိမ်းဆည်းတဲ့သဘောနဲ့ ရည်ရွယ် ပြီးတော့ လှူလေ့ရှိကြတယ်၊ အဲဒီလိုလှူကြမယ်ဆိုရင် ညံ့တဲ့အလှူ၊ ပါရမီမမြောက်တဲ့အလှူတွေတဲ့၊ ကဲ–အဲဒါ လှူတဲ့ပုဂ္ဂိုလ်တွေ တစ်ရာမှာ တစ်ရာလောက်က ဒီအတိုင်းပဲ မလှူနေကြဘူးလား?

တစ်ဘက်ကလဲ စားဝတ်နေရေးလုပ်၊ တစ်ဘက်ကလဲ ခန္ဓာကြီးက အို–နာ–သေ ဆီ သွားနေတော့ ဒီလိုပဲရှာဖွေစားသောက် နေထိုင်ရေးနဲ့ ပြီးမှာလား? ဒါန ရသလောက်ဆည်းပူး၊ သီလ ၅ ပါး ၈ ပါး ရသလောက်ဆည်းပူး၊ ဘာဝနာလဲ ဒီအတိုင်းပဲ၊ တစ်နေ့ ၁၀

မိနစ်၊ မိနစ် ၂၀ ရသလောက်ဆည်းပူး၊ အဲဒီလိုပဲဆည်းပူးသွားတော့ ရက်ကနေ လဖြစ်၊ လကနေ နှစ်ဖြစ်တော့ ကုသိုလ်တွေ မများသွားဘူးလား?

## အလှူစင်ကြယ်, မစင်ကြယ်

ကြည်ညိုဖွယ်ကောင်းတဲ့ အလှူခံပုဂ္ဂိုလ်ဆိုတာရခဲတယ်၊ အလှူခံပုဂ္ဂိုလ်ရှိပင်ရှိသော်လဲ ကိုယ့်မှာ လှူဖွယ်ပစ္စည်းမရှိလို့ မလှူဖြစ်တာလဲရှိတယ်၊ လှူဖွယ်ပစ္စည်းက ရှိတော့ရှိပါ၏၊ ကြည်ညိုဖွယ်ကောင်းတဲ့ အလှူခံပုဂ္ဂိုလ်နဲ့မဆုံလို့မလှူဖြစ်တာလဲရှိတယ်နော်၊ လှူဖွယ်ပစ္စည်းကလဲမရှိဘူး၊ အလှူခံပုဂ္ဂိုလ်နဲ့လဲ မကြုံလို့မလှူဖြစ်တာလဲ ရှိတယ်နော်၊ မရှိဘူးလား?

အလှူဒါနမှာ အလှူဒကာ သီလရှိရင် အလှူခံက ဒုဿီလဖြစ်နေပေမယ့် ထိုအလှူသည် အလှူဒကာကြောင့် စင်ကြယ်လို့ အကျိုးကြီးနိုင်ပါတယ်နော်၊ နောက်တစ်ခါ အလှူဒကာက ဒုဿီလဖြစ်ပေမယ့် အလှူခံကသီလနဲ့ပြည့်စုံပါက ထိုအလှူသည် အလှူခံပုဂ္ဂိုလ်ကြောင့် စင်ကြယ်လို့ အကျိုးကြီးနိုင်ပါတယ်၊ နောက်တစ်ခါ အလှူဒကာကလဲ ဒုဿီလ၊ အလှူခံပုဂ္ဂိုလ်ကလဲ ဒုဿီလဖြစ်ခဲ့လျှင် ထိုအလှူသည် နှစ်ဦး စလုံးမစင်ကြယ်လို့ အကျိုးမကြီးနိုင်ဘူး၊ ဟုတ်ပြီလား၊ နောက် တစ်ခါ အလှူဒကာကလဲသီလရှိ၊ အလှူခံပုဂ္ဂိုလ်ကလဲသီလရှိခဲ့လျှင် ထိုအလှူသည် နှစ်ဦးစလုံး အထူးစင်ကြယ်လို့ ပို၍ အကျိုးကြီးနိုင်တယ်နော်။

## လူတစ်ယောက်ဆုံးရင်တော့ ဘုန်းကြီးပြန်ပေးဆွဲခံရ

သက်ရှင်ဆွမ်းကျွေးရှိသလို၊ သက်သေဆွမ်းကျွေးဆိုတာလဲ မရှိဘူးလား? ဘာဆွမ်းကျွေးများလဲ? သက်သေဆွမ်းကျွေးတွေ များနေတယ်၊ ဟုတ်ပြီလား၊ တချို့အိမ်တွေဟာလေ အိမ်ဆောက်ပြီးတဲ့အချိန်ကစပြီးတော့မှ အိမ်သာပျက်သွားတယ်– အိမ်ပေါ် ဘုန်းကြီးတစ်ခါမှမရောက်ဖူးတဲ့အိမ်တွေမရှိဘူးလား? ဘယ်အချိန်တော့ ရောက်လဲဆိုရင် အဲ–လူတစ်ယောက် ဆုံးပြီဆိုရင်တော့ ဘုန်းကြီးပြန်ပေးဆွဲသလိုပဲ အတင်းသွားပင့်တော့တာပဲ၊ သေမှ ဆိုလို့ရှိရင် ကျန်တဲ့လူတွေ ကျွေးတာ၊ သေသူကျွေးတာ၊ မဟုတ်ဘူးနော်။

## ဖြစ်တိုင်းကျော် ကုသိုလ် ၆ မျိုး

သက်ရှည်ဘုန်းကြီးအလှူဆိုတာရှိတယ်၊ အသက်ကလဲရှည်မယ်၊ ဘုန်းလဲကြီးမယ်၊ ဟုတ်ပြီလား၊ သက်ရှည်ဘုန်းကြီးချင်လို့ရှိရင် လှူရမယ့် အလှူ ၆ မျိုးရှိတယ်နော်၊ သက်ရှည်ဘုန်းကြီးအလှူလို့လဲ ပြောနိုင်တယ်ပေါ့၊ ဖြစ်တိုင်းကျော်အလှူလို့လဲပြောနိုင်တယ်၊ ဘုန်းကြီးတို့ ပရိသတ်တွေ ဖြစ်လေရာဘဝတိုင်း, ဘဝတိုင်းမှာ ကျော်ချင်လား? အေး–ကျော်ချင်လို့ရှိရင် ဖြစ်တိုင်းကျော် ကုသိုလ် ၆ မျိုးမှာ တစ်မျိုးမျိုးကိုပြု၊ ဟုတ်ပြီလား၊ အဲဒါက ဘာလဲဆိုတော့ ရေစစ်အလှူ၊ ဆေးအလှူ၊ ကျောင်းအလှူ၊ အဟောင်းပြင်တဲ့အလှူ၊ ငါးပါးသီလကုသိုလ်၊ ရှစ်ပါးသီလကုသိုလ် ၆ မျိုးနော်၊ အဲဒီကုသိုလ် ၆ မျိုးထဲက တစ်မျိုးမျိုးကိုသာပြု၊ အသက်လဲရှည်၊ ဘုန်းလဲကြီး၊ ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းလဲကျော်၊ ဟုတ်ပြီလား။

## ထမင်းအားနဲ့တရားဟောနေတာ

ဆွမ်းကုသိုလ်က ဖြစ်လေရာဘဝတိုင်းဘဝတိုင်း ခွန်အားကြီးခြင်းဆိုတဲ့အကျိုး ပေးတယ်တဲ့၊ ဟုတ်ပြီလား၊ အခုဘုန်းကြီးတရားဟောနေတာ ဘာနဲ့ဟောနေတာလဲ၊ ထမင်းအားနဲ့ ဟောနေတာ၊ ဟုတ်ပြီလား၊ မနက်ကသာ ဆွမ်းမစားရရင် ကဲ–ဘုန်းကြီးအသံထွက်မှာလား? အခုအသံထွက်နေတာ ဘာအားကြောင့် ထွက်နေတာလဲ? ထမင်းအားကြောင့်၊ ဟုတ်ပြီလား၊ အဲဒါ ဆွမ်းမှမစားရလို့ရှိရင် ခွန်အားကလဲမရှိ၊ ဗိုက်ကလဲဆာနေတော့ တရားဟောလို့လဲရမှာလား? မရတော့ဘူး၊ မေ့လျော့ကုန်ရော၊ ဟုတ်ပြီလား၊ တောင်ရောက် မြောက်ရောက် ရောက်ကုန်ရော၊ ဘာမှအားမရှိဘဲနဲ့၊ အဲတော့ အလှူခံပုဂ္ဂိုလ်တွေကို ခွန်အားပြည့်စေတတ်တဲ့ အလှူတွေပေးတဲ့အတွက် အလှူရှင်တွေမှာ ဖြစ်လေရာဘဝတိုင်း, ဘဝတိုင်း ခွန်အားကြီးခြင်းဆိုတဲ့ အကျိုးပေးသည်၊ ဉာဏ်ကြီးအောင်လဲပေးသည်တဲ့၊ ဟုတ်ပြီလား။

## ဒေါင်,ဆို လုပ်မနေနဲ့

ဒကာမကြီးတွေလဲ ဒေါသခြိရ်တဲ့ ဒါနမလုပ်ဖူးဘူးလား? လုပ်ဖူးပါတယ်နော်၊ ဘုန်းကြီးတို့ ခဏခဏတွေ့တယ်၊ (ရယ်) ဘုန်းကြီးတို့ တောရကျောင်းမှာ တောရ ဆောက်တည်နေတုန်းက ဆွမ်းခံသွား၊ ဘုန်းကြီးတို့က အသွားကမြန်တာကို၊ သုတ်သုတ်, သုတ်သုတ်ဆို အိမ်ရှေ့လွန်သွားပြီ၊ အဲ–ကျောင်းသားလဲပါတာ မဟုတ်တော့ ဒကာမ ကြီးတွေက ဘာလုပ်လဲဆိုလို့ရှိရင် ဆွမ်းခံချိန်မှာ ကလေးတွေ စောင့်ခိုင်း၊ "ကောင်လေးတွေ ဘုန်းကြီးလာရင်ပြော" ပေါ့၊ စောင့်တယ် ကလေးတွေက၊ ကလေးဆိုတော့ ဆော့နေတာပေါ့၊

ဘုန်းကြီး ကလဲ အိမ်ရှေ့လွှန်သွား၊ "အမေ–ဘုန်းကြီးလွှန်သွားပြီ" ဆိုတော့ အဘွားကြီးက ဘာလုပ်တယ်မှတ်လဲ၊ ကပျာကယာ ဒီကောင်လေး စောစောကမပြောဘူးဆို ခေါင်းကို ဒေါင်ကနဲ ခေါက်လိုက် (ရယ်) ဒေါင်ကနဲ ခေါက်ပြီးတော့မှ ဆွမ်းလောင်းတော့ ဘာဒါနဖြစ်သွား? ကဲ–ဒီအဘွားကြီးတွေလဲမလောင်းဖူးဘူးလား၊ ပြောစမ်း? အများကြီး ဒါမျိုးတွေ၊ ဒေါသခြံရံတဲ့ဒါနနော်၊သွား– ဒေါင်ဆိုလုပ်မနေနဲ့။

## တရားစခန်းမှာ လှူရတဲ့အလှူက နှစ်ဘက်အကျိုးရှိ

အကျင့်သီလရှိတဲ့လူက အကျင့်သီလရှိတဲ့ပုဂ္ဂိုလ်ကိုလှူတဲ့ အလှူက အကျိုးကြီးတယ်၊ တရားစခန်းမှာလှူရတဲ့အလှူက နှစ်ဘက် အကျိုးရှိတယ်နော်၊ အရပ်ထဲမှာ လှူမယ်ဆိုလို့ရှိရင် အဲလို သရဏဂုံ သုံးပါးနဲ့ ရှစ်ပါးသီလရှိတဲ့ပုဂ္ဂိုလ်တွေ, တရားမှတ်တဲ့ပုဂ္ဂိုလ်တွေ, ရဖို့လွယ်ပါ့မလား? ကိုယ်ကိုယ်တိုင်လဲ သူများအလှူသီလမယူဘဲနဲ့ သွားစား၊ သီလမယူဘဲစားလား, သီလယူပြီးမှ စားလား? ဘုန်းကြီး တောင်ရှိမခိုးဘဲနဲ့ သူတို့ပြန်လာတယ်တဲ့၊ ဟုတ်ပြီလား၊ အလှူသွား တာက တရားနာဖို့သွားတာလား၊ စားဖို့သွားတာလား? အလှူရှင်က ဖိတ်တာက ဘာလုပ်ဖို့ဖိတ်တာလဲ၊ ကျွန်ုပ်တို့နဲ့အတူတကွ တရား နာပြီးတော့ နိဗ္ဗာန်ကိုသွားဖို့ ဖိတ်စာနဲ့ အသေအချာရေးထားတာ၊ သူတို့ကတော့ ဘာပြောကောင်းမလဲ၊ တစ်ခါတည်းဘုန်းကြီးတောင် ဘယ်ဆီနေမှန်းမသိဘူး၊ စားသောက်ပြီးတော့ ပြန်ချလာတာ၊ ပြန်တာတောင် ရိုးရိုးပြန်တာမဟုတ်သေးဘူး၊ တချို့က ဖိနပ်ခိုးပြီးတော့ ပြန် (ရယ်)၊ အဲတော့ အလှူမှာကျွေးရတာနဲ့ စခန်းပွဲမှာကျွေးရတာ တူလား? အလှူမှာ ကျွေးရတာ ဘယ်သူတွေကိုကျွေး? ဖိနပ်ခိုးသူတွေ

ကျွေးနေရတာ၊ ငါးပါးသီလလဲမယူ, ဘာလဲမယူနဲ့၊ အဲတော့ အကျင့်သီလရှိလား? အလှူရှင်ကိုယ်တိုင်ကလဲ ကျွေးလို့သာပြီးသွားတယ်၊ သူလဲသီလမရှိဘူး၊ ပြီးတော့မှ စားလို့သောက်လို့, ဆေးလို့ ကြောလို့ ပြီးပြီဆိုတော့မှ အဲဒါ ဘုန်းကြီးရှေ့ ငိုက်စိုက်, ငိုက်စိုက်နဲ့လာ၊ အဲတော့ လူကဘယ်နှစ်ယောက်ရှိတော့လဲ၊ လေးငါးဆယ်ယောက် ပဲကျန်တော့တယ်၊ မရှိတော့ဘူး၊ သူက ဘယ်လိုမှ ပြန်လို့မဖြစ်တဲ့ လူလောက်ပဲကျန်တော့၊ အဲတော့ ဒီအလှူက တော်တော်အကျိုးကြီးမှာနော်၊ အဲဒီလိုဖြစ်နေတာ ဟုတ်ပြီလား။

တရားစခန်းပွဲမှာ လှူရတာနဲ့ အပြင်မှာ ကိုယ့်ဟာကိုယ်အိမ်မှာ လှူရတာနဲ့တူလား? ဘုန်းကြီးတို့ သီလနဲ့ပတ်သက်လို့ပြောလို့ရှိရင် ဘာမှမသိတဲ့ပုဂ္ဂိုလ်နဲ့စာရင် သရဏဂုံတည်တဲ့ပုဂ္ဂိုလ်ကို လှူရတာက ပိုအကျိုးကြီးတယ်၊ သရဏဂုံတည်တဲ့ပုဂ္ဂိုလ်ထက် (၅)ပါးသီလရှိတဲ့ ပုဂ္ဂိုလ်လှူရတာက ပိုအကျိုးကြီးတယ်၊ (၅)ပါးသီလရှိတဲ့ပုဂ္ဂိုလ်ထက် (၈)ပါးသီလရှိတဲ့ပုဂ္ဂိုလ်ကိုလှူရတာက ပိုအကျိုးကြီးတယ်၊ (၈) ပါးသီလရှိတဲ့ပုဂ္ဂိုလ်ထက် (၁၀)ပါးသီလရှိတဲ့ပုဂ္ဂိုလ်ကိုလှူရတာက ပိုအကျိုးကြီးတယ်၊ (၁၀)ပါးသီလရှိတဲ့လူပုဂ္ဂိုလ်ထက် ရှင်သာမဏေသီလရှိတဲ့ပုဂ္ဂိုလ်ကိုလှူရတာက ပိုအကျိုးကြီးတယ်၊ ရှင်သာမဏေသီလရှိတဲ့ပုဂ္ဂိုလ်ထက် ရဟန်းသီလရှိတဲ့ပုဂ္ဂိုလ်ကိုလှူရတာက ပိုအကျိုးကြီးတယ်၊ ရဟန်းသီလမှာလဲပဲတစ်ခါ ဝတ်အကျင့်နဲ့ပြည့်စုံတဲ့ ရဟန်းကို လှူရတာ ပိုအကျိုးကြီးတယ်၊ ဝတ်အကျင့်နဲ့ပြည့်စုံတဲ့ရဟန်းသီလထက် ဟောဒီလို တရားအားထုတ်နေတဲ့ရဟန်းပုဂ္ဂိုလ်ရဲ့သီလကိုလှူရတာက ပိုအကျိုးကြီးတယ်၊ ဟောဒီစခန်းပွဲတွေမှာ တစ်ယောက်လှူရတာနဲ့ အပြင်အပမှာ တစ်ရာလှူရတာနဲ့မလဲနိုင်ဘူး၊ ဟုတ်ပြီလား၊ ကွာသွားတယ်နော်။

## ငါမသိလို့သွားစားမိတယ်

ဘုန်းကြီးတို့က လုပ်ပြီးပြီ၊ တစ်ခါတုန်းက ဟိုရောဝတီတိုင်းမှာ ကွင်းကောက်မှာ ဘုန်းကြီးတို့နေတုန်းက ရဟန်းဒကာကြီးတစ်ယောက်၊ ဦးဇင်းတဲ့၊ ဦးဇင်းတို့ရဲ့တရားတွေနာပြီးမှ တပည့်တော်တို့ နောက်တုန်းကလှူခဲ့ တန်းခဲ့တာတွေ အလကားပဲဖြစ်ကုန်ပြီတဲ့၊ တပည့်တော် အလှူလှူချင်လို့ အဲဒါ ဦးဇင်းအလှူအကျိုးကြီးအောင်လုပ်ပေးတဲ့၊ ဒကာကြီးက ဘာလှူမှာလဲဆိုတော့ ဟာ–တပည့်တော်တူတွေ, မြေးတွေကို ရှင်ပြုမယ်၊ ရဟန်းခံမယ်တဲ့၊ ဒါနဲ့ဘုန်းကြီးက မေးတယ်၊ ဒကာကြီးဥစ္စာက ရွာထဲမှာလုပ်မှာလား၊ ကျောင်းမှာလုပ်မှာလားဆိုတော့ ရွာထဲမှာ လုပ်မှာပေါ့တဲ့၊ ဟာ–ရွာထဲမှာလုပ်ရင် ဦးဇင်းလုပ်မပေးနိုင်ဘူးလို့၊ ရွာထုံးစံအတိုင်း လျှောက်လုပ်နေရရင်မလွယ်ဘူးလို့၊ ဟာ–ဦးဇင်းကလဲတဲ့၊ ကျောင်းမှာလုပ်သလို အကျိုးကြီးအောင်လုပ်ချင်တယ်တဲ့၊ ဘယ်လိုလုပ်ရမှာလဲပြောစမ်းပါဦးဆိုတော့ တပည့်တော် မဏ္ဍပ်ကြီး ထိုးမယ်တဲ့၊ ပရိသတ်ကိုလဲ ပေါက်ဖိတ် ဖိတ်မှာပဲတဲ့၊ ရွာလုံးကျွတ် မဖိတ်ဘူးတဲ့၊ တရားသမားတွေချည်းဖိတ်မယ်တဲ့၊ ဦးဇင်းကနေကြွ၊ ကြွလာပြီးတော့မှ အဲဒီရောက်လာတဲ့ပရိသတ်တွေ ရှစ်ပါးသီလပေး၊ ပေးပြီးတော့ တရားထိုင်ခိုင်း၊ ထိုင်ခိုင်းပြီးမှ ကျွေးမယ်တဲ့၊ ဟာ– ဒကာကြီးဥစ္စာဖြစ်ပါ့မလားပေါ့၊ ဖြစ်ပါတယ်တဲ့၊ ကိုယ့်ပရိသတ်နဲ့ ကိုယ်ပဲတဲ့၊ ဖြစ်ချင်လဲလုပ်ပေါ့လေလို့။

ဒါနဲ့သူမဏ္ဍပ်အကြီးကြီးထိုးတယ်၊ ဘာစည်ဘာဗျောမှမပါဘူး၊ လောက်စပီကာပဲထည့်၊ လောက်စပီကာကလဲ ဘာမှမဖွင့်ဘူး၊ တရားဟောချိန်လေးပဲသူကဖွင့်တာ၊ အဲဒါနဲ့ ပရိသတ်တွေရောက်လာတော့ ဘုန်းကြီးက ရှစ်ပါးသီလပေး၊ ပြီးတော့ တရားထိုင်ခိုင်းတော့ တစ်ယောက်မှ မျက်နှာမကြည်သာဘူး(ရယ်)၊ အလှူလာတယ်ဆိုတာ

ဘာလုပ်ဖို့လာတာလဲ? အလှူရှင်နဲ့ မျက်နှာနာလို့၊ ဟုတ်ပြီလား၊ မလာမဖြစ်လို့လာရတာ၊ အဲဒါသူတို့ဖြစ်နိုင်လို့ရှိရင် စာ သောက်ပြီး ပြန်ချင်တာ၊ အခုဘာလုပ်ခိုင်းထားလဲ(ရယ်) အလှူမှာ ထုံးစံမရှိဘဲနဲ့၊ ဟုတ်ပြီလား၊ ငါးပါးသီလတောင်အနိုင်နိုင်ဥစ္စာချည်းပဲ နော်၊ မျက်နှာမသာလဲ ဘယ်နှယ့်တတ်နိုင်မှာလဲ။

ပြီးတော့ ထမင်းကျွေး၊ ထမင်းကျွေးချိန်ကျတော့လဲ အခုစခန်းပွဲမှာလိုပဲ၊ ထမင်းပွဲထိုင်ပေါ့၊ မစားရသေးဘူး၊ ထမင်းပွဲ ရှေ့ချပြီးတော့ ကြည့်နေရသေးတယ်(ရယ်)၊ အဲလိုဖြစ်တော့ သူတို့မှာ အလှူရဲ့ထုံးစံမှမရှိဘဲနဲ့၊ အလှူမှာဆိုတော့ ဦးရာလှူကစားတာပဲ၊ သူက၊ သူတို့ခမျာ ပရိသတ်စုံအောင်ကြည့်နေရ၊ ကြည့်ပြီးတော့မှ "ဘေးရန်ခပ်သိမ်းငြိမ်းစေတော်မူသော မြတ်စွာဘုရား၊ ကုသိုလ်ရှင်အားလုံးတို့ ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ"ဆိုပြီးတော့ မေတ္တာပို့ရသေးတယ်၊ ပို့ပြီးမှတစ်ခါ ရှုမှတ်ပြီးတော့စားရတယ်ဆိုတော့ ဘယ်မှာလဲကောင်းကောင်းစားရမှာ၊ ဒီလိုဖြစ်(ရယ်)။

အဲဒါနဲ့စားပြီးတော့ ချက်ချင်းတရားမနာရသေးဘူး၊ စားပြီးတော့ တရားတစ်ခါထိုင်ခိုင်းပြန်ရော၊ ထိုင်ပြီးတော့ နေ့ခင်း ၁ နာရီထိုးမှာ တရားဟောပေါ့၊ တရားပွဲဆုံးတော့ သူတို့အလှူကွာတဲ့၊ ငါမသိလို့သွားစားမိတယ်တဲ့၊ သိလို့ရှိရင် ဘယ်သွားစားမှာလဲတဲ့၊ သူ့ထမင်းတစ်လုပ်စားရဖို့ ရှစ်ပါးသီလယူရသေးတယ်တဲ့၊ ကိုယ့်အိမ်မှာ ငါးပိချက်နဲ့စားရတာကမှ ကောင်းသေးတယ်တဲ့ (ရယ်)၊ အဲဒါကြောင့်မို့လို့ အပြင်မှာလှူရတာက မလွယ်ဘူး၊ အခုဒီမှာ ယောဂီတွေစားဖို့လာတာလား, ဘာလုပ်ဖို့လာတာလဲ? ဟုတ်ကဲ့လား?

အခုစခန်းပွဲတွေက အလှူဆိုလို့ရှိရင် တစ်နိုင်ငံလုံးသိအောင် သတင်းစာထဲကတောင် ကြော်ငြာတယ်၊ ယောဂီလာတော့

ဘယ်လောက်ပဲလာလဲ? ဘာကြောက်လို့ အဲဒါမလာတာလဲ? တရားကြောက်လို့၊ ဟုတ်ပြီလား၊ တကယ်လို့သာ ဟောဒီမှာ စတုဒီသာကျွေးမယ်ဆိုလို့ရှိရင်တော့ ပရိသတ်တွေလာလိုက်မယ့် ဖြစ်ချင်း၊ အများကြီး၊ အခု ကဲ–မနက်ထမင်းလဲကျွေးမယ်၊ နေ့ထမင်းလဲကျွေးမယ်၊ ညနေအဖျော်ရည်လဲတိုက်မယ်၊ အဲဒါ စခန်းပွဲဝင်ကြပါဆို သတင်းစာထဲကတောင် မခေါ်ဘူးလား? ကဲ– လာတော့ ဘယ်လောက်လာလဲ? ၁၅၀ ကျော်၊ ၁၆၀၊ ဒါလောက်ပဲ ရှိတယ်နော်၊ အဲဒါ ဘာကြောက်လို့မလာတာလဲ? တရားကြောက်လို့ မလာတာ၊ ဟုတ်ပြီလား၊ အဲဒါကြောင့်မို့လို့ ဒီစခန်းပွဲမှာ ကျွေးရတာနဲ့ အပြင်မှာကျွေးရတာ မတူဘူးဆိုတာ၊ အဲဒါ အလှူခံမြတ်လို့တဲ့နော်။

တရားစခန်းပွဲအတွက် ရှေ့နှစ်ခါလှူဖို့ ကြိုတင်စာရင်းပေးသွင်း ထားလိုက်တဲ့ပုဂ္ဂိုလ်တွေက ရှေ့နှစ်ခါအတွက် ဒီနှစ်စာရင်းပေးတယ် ဆိုတော့ တစ်နှစ်ရက်ပေါင်း ၃၆၅ ရက်မှာ (၇)ရက်နုတ်လိုက်တော့ ၃၅၈ ရက်ပေါ့၊ "ငါတို့ရှေ့နှစ်ခါလှူဦးမယ်၊ လှူဦးမယ်"နဲ့၊ စေတနာ ဘယ်လောက်ရသွားလဲ? ၃၅၈ စေတနာဖြစ်သွားတယ်၊ ဟုတ်ပြီလား၊ အနားနီးကာမှ ကပ်ပြီးတော့ ကျွန်တော်တို့လဲ တစ်နပ်စာပေးပါ ဆိုတဲ့လူက ဘယ်လောက်စေတနာရမှာလဲ? တစ်စေတနာပဲရမယ်၊ ဟုတ်ပြီလား၊ မကွာဘူးလား၊ အကျိုးပေးတာ လှူဖွယ်ပစ္စည်းက အကျိုးပေးတာလား? စေတနာကအကျိုးပေးတာလား? စေတနာက အကျိုး ပေးတာ၊ ဟုတ်ပြီလား။

## မိဘဆင်းရဲလို့ သားသမီးဆင်းရဲတာလား

သေဌေးသမီးဝမ်းဗိုက်မှာ ပဋိသန္ဓေနေရတယ်ဆိုတာ နတ်တွေ ဗြဟ္မာတွေက ထည့်ပေးတာလား, ဘယ်သူကထည့်ပေးတာလဲ?

ဒါနကုသိုလ်ကံက ထည့်ပေးတာ၊ ဟုတ်ပြီလား၊ ဒါနရှိတဲ့ပုဂ္ဂိုလ်သည် ဒါနရှိတဲ့သူနဲ့သွားပြီး ဆုံတယ်၊ ဟုတ်ပြီလား၊ ဒါနမရှိတဲ့ပုဂ္ဂိုလ်က ဒါနမရှိတဲ့ပုဂ္ဂိုလ်နဲ့သွားပြီးတော့ မဆုံဘူးလား? တချို့တွေက အဲဒါ သဘောမပေါက်တော့ ဘုန်းကြီးတို့ကိုယ်တိုင် နားနဲ့ဆတ်ဆတ် ပြောသံကြားရတယ်၊ ဆင်းရဲတဲ့သားသမီးတွေက "အရှင်ဘုရားတဲ့၊ တပည့်တော်တို့မှာ မိဘတွေက ဆင်းရဲတော့ တပည့်တော်တို့လဲ ဆင်းရဲပါတယ်၊ မနည်းဘဲလုပ်ကိုင်စားရပါတယ်"တဲ့၊ တချို့ကပြော တာ၊ မိဘဆင်းရဲလို့သားသမီးဆင်းရဲတာလား? မဟုတ်ဘူး၊ ကိုယ့် မှာက ဒါနကုသိုလ်ကံနည်းလို့ ဆင်းရဲတဲ့မိဘနဲ့လာဆုံရတာ၊ ဟုတ် ပြီလား၊ ဒါနကုသိုလ်ကံများရင် ချမ်းသာတဲ့မိဘနဲ့မဆုံရဘူးလား?

## နတ်ပြည်ရောက်ဖို့က ဘာမှ မခက်ဘူး

နတ်ပြည်ရောက်ကြောင်းဆိုတာက ဘာမှ မခက်ဘူးနော်၊ ကိုယ်,နှုတ်,စိတ် သုံးပါးလုံးမှာ ကိုယ်ကိုလဲ ကောင်းကောင်းလေး ထားလိုက်, အကုသိုလ်မဖြစ်အောင်နေ၊ နှုတ်ကိုလဲ ကောင်းကောင်း လေးထားလိုက်, အကုသိုလ်မဖြစ်အောင်ပြော၊ စိတ်ကိုလဲ ကောင်း ကောင်းထား, အကုသိုလ်မဖြစ်အောင်ကြံ။

ကိုယ့်အိမ်မှာရှိနေတဲ့ စားစရာ, သောက်စရာ, ဝတ်စရာတွေလဲ ပေးသင့်ပေးထိုက်တဲ့ပုဂ္ဂိုလ်တွေကိုပေး, ကျွေးသင့်ကျွေးထိုက်တဲ့ ပုဂ္ဂိုလ်တွေကိုကျွေး, လှူသင့်လှူထိုက်တဲ့ပုဂ္ဂိုလ်တွေကိုလှူ။

လှူတယ်ဆိုတာ ဘုန်းကြီးတို့ပရိသတ်တွေ ထမင်းအိုးတွေ, ဟင်းအိုးတွေ, အိုးတွေ, ခွက်တွေ, ပန်းကန်တွေ ဆေးတတ်ရင်ကိုပဲ နတ်ပြည်ရောက်တဲ့ကုသိုလ်တွေဖြစ်တယ်၊ ထမင်းအိုးတွေ, ဟင်းအိုးတွေ ဆေးတဲ့အခါမှာ ပထမရေနည်းနည်းလေးနဲ့ ထမင်းစေ့တွေ, ဟင်းကြွင်

ဟင်းကျန်တွေကို အသာလေးခြစ်ထုတ်ပြီးတော့မှ အဲဒီ ထမင်းကြွင်း ထမင်းကျန်, ဟင်းကြွင်းဟင်းကျန်တွေကို စုဆောင်းပြီး တော့မှ ကုန်းပေါ်ကိုပစ်လိုက်၊ လွတ်လွတ်လပ်လပ်နေရာ၊ ခြောက် သွေ့တဲ့ နေရာပေါ့၊ ကုန်းမှာနေတဲ့ မြင်တွေ့တဲ့သတ္တဝါတွေ စားကြပါစေ၊ ပုရွက်ဆိတ်ကလေးတွေ၊ ငှက်ကလေးတွေ လာစားလို့မရဘူးလား? အဲဒါ ဒါနဖြစ်တယ်။

တိရစ္ဆာန်တစ်ကောင်ကို တစ်မနက်စာ ဝအောင်ကျွေးလိုက်မယ်ဆိုလို့ရှိရင် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ဉာဏ်ပညာကြီးခြင်းဆိုတဲ့ အကျိုးထူးတရားငါးပါး, ဘဝပေါင်း တစ်ရာရမယ်၊ အဲဒီအကြွင်းအကျန်တွေကို ပုရွက်ဆိတ် အကောင်ကြီး အကောင်သေးပေါင်းများစွာ စားလို့ရတယ်၊ အဲဒါဆိုတွက်ကြည့် ပေါ့၊ အများကြီးအကျိုးပေးမှာ၊ နတ်ပြည်ကို အဲဒီကုသိုလ်နဲ့လဲ ရောက်နိုင်တယ်၊ နတ်ပြည်က ဘာမှ မခက်ဘူး၊ ကုသိုလ်မလုပ်တတ် ရင်သာ နတ်ပြည်မရောက်တာ၊ ဘာခက်လဲ? ဘာမှမခက်ဘူး၊ ဟုတ်ပြီလား။

## လူလေးမျိုး ဘဝသရုပ်ဖော်

ဒီလောကမှာ လူတွေများချင်သလောက်များ၊ တူရာ, တူရာ ပေါင်းလိုက်ရင် လေးမျိုးပဲရှိတယ်နော်၊ ဘယ်နှစ်မျိုးရှိလဲ? ပထမလူက မိမိကိုယ်တိုင်ကတော့ လူ့ပြီးတော့ သူများကိုလူ့ပါဦး, တန်းပါဦး, လူ့ဒါန်းပါဦးလို့ မတိုက်တွန်းတဲ့လူမရှိဘူးလား? မိမိကတော့ လှူတယ်၊ သူများကျတော့ "အမလေး–သူများသွား ငါအလှူမခံချင်ဘူး၊ လှူချင်မှန် မသိ မလှူချင်မှန်းမသိ၊ စေတနာရှိမှန်းမသိ၊ စေတနာမရှိမှန် မသိ၊ တော်ကြာ ပိုးစိုးပက်စက်ပြောလိုက်ရင် ဘယ်နှယ်လုပ်မလဲ"ဆို၊

တချို့က သူများကို အလှူမခံဘူး၊ ကိုယ်တော့လှူတယ်၊ ဒီလိုပုဂ္ဂိုလ် မျိုးမရှိဘူးလား? အကျိုးပေးကျတော့ ဘယ်လိုလဲဆိုတော့ မိမိလှူတဲ့ အတွက် (ဒါနတော ဘောဂဝါ) လှူရင်ပစ္စည်းဥစ္စာရှိတယ်ဆိုတဲ့ အတိုင်း ဖြစ်လေရာဘဝတိုင်းဘဝတိုင်း စားမကုန်သောက်မကုန် ပစ္စည်းတော့ရှိမယ်၊ သူများကို "လှူပါဦး၊ တန်းပါဦး၊ လှူဒါန်း ပါဦး"လို့ မတိုက်တွန်းတဲ့အတွက်ကြောင့် အခြွေအရံပရိသတ် မရှိဘူး၊ ဟုတ်ပြီလား။

နောက်တစ်ခါ လူတစ်ယောက်က ဘာလဲဆိုတော့ မိမိကိုယ် တိုင်ကတော့ မလှူမတန်း မပေးမကမ်းဘူးတဲ့၊ သူများကျတော့ "လှူပါဦး၊ တန်းပါဦး၊ လှူဒါန်းပါဦး"လို့ တိုက်တွန်းတယ်တဲ့၊ အဲလိုပုဂ္ဂိုလ်လဲမရှိဘူးလား? အကျိုးပေးကျတော့ ဘယ်လိုလဲဆိုတော့ မိမိမလှူတဲ့အတွက်ကြောင့် ဒီပုဂ္ဂိုလ်ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း စားရေး ဝတ်ရေး နေရေး ထိုင်ရေး ပစ္စည်းဥစ္စာ ဆင်းရဲမယ်၊ သူများ ကို "လှူပါဦး တန်းပါဦး လှူဒါန်းပါဦး"လို့ တိုက်တွန်းတဲ့အတွက် ကြောင့် ဒီပုဂ္ဂိုလ်ဖြစ်လေရာဘဝဘဝတိုင်းမှာ အခြွေအရံပရိသတ် ပေါမယ်တဲ့နော်၊ တစ်ချို့အိမ်တွေမှာ ကြည့်စမ်း-ကြည့်၊ ကလေးတွေ မွေးထားတာဟာ တစ်ဒါဇင်တောင်ကျော်မယ်၊ စားစရာသောက်စရာ လဲမရှိဘူး (ရယ်) ဗိုက်ပူနံကားလေးတွေ၊ အပျက်အစီးကလဲ တစ်ယောက်မှမရှိဘူး၊ အိမ်ကလဲမလုံဘူး၊ အဝတ်အစားကလဲမလုံဘူး၊ ဒါပေမယ့် ကလေးတွေ ဖျားတယ်, နာတယ်မရှိဘူး၊ ဗိုက်ပူနံကားလေး တွေ၊ မိုးရွာထဲလဲပြေး၊ ဟုတ်လို့၊ အရေးထဲညှော်သည်ကလဲလာပြန်၊ ဒီအိမ်ပဲလာရ၊ စားစရာကလဲမရှိဘူး၊ ညှော်သည်, ညော်သည်ကလဲ ပေါလိုက်တာ။

နောက်တစ်ခါတစ်ယောက်ကတော့ ကိုယ်တိုင်လဲမလှူဘူး၊

သူများကိုလဲလှူပါဦး၊ တန်းပါဦး လှူဒါန်းပါဦးလို့ မတိုက်တွန်းတဲ့လူလို့၊ ကဲ–မရှိဘူးလား၊ သူ့မှာကောင်းတာ ဘာရှိလဲ? အကျိုးပေးကျတော့ ဘယ်လိုလဲဆိုတော့ မိမိမလှူတဲ့အတွက် ဘယ်ဘဝပဲဖြစ်ဖြစ် ဥစ္စာလဲရှားတယ်၊ သူများကို လှူပါဦး၊ တန်းပါဦး လှူဒါန်းပါဦးလို့ မတိုက်တွန်းတဲ့အတွက် အခြွေအရံပရိသတ်လဲရှားတယ်ဆိုတော့ ကောင်းတာဘာရှိသေးလဲ? ဥစ္စာရှားတော့ စကားပုံကရှိတယ်၊ "အူမမတောင့်တော့ သီလမစောင့်နိုင်ဘူး"တဲ့၊ ဟုတ်လား၊ သူ့မှာ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ပုဂ္ဂိုလ်က ကဲ–ဥပုသ်စောင့်လို့လဲ ရဦးမလား? အဲဒီတော့ ဒါနလဲမဖြစ်တော့ဘူး၊ သီလလဲမဖြစ်တော့ဘူး၊ (၇)ရက်ပဲ၊ (၁၀)ရက်ပဲ တရားအားထုတ်ရမယ်ဆို ဘယ်လိုလုပ်ပြီးတော့ အားထုတ်နိုင်ဦးမှာလဲ၊ ဘာကုသိုလ်မှ မပါတော့ဘူးဆိုတော့ နောက်ဘဝကျရင် ကောင်းရာရောက်ဦးမလား၊ ဘုန်းကြီးတို့ အဲဒီတရားကိုဟောရင် ဒကာမကြီးတစ်ယောက်ကို မျက်စိထဲမှာ မြင်ယောင် မြင်ယောင်နေတယ်။

ဘုန်းကြီးတို့ ၁၃၂၈–ခုနှစ်လောက်ကပေါ့၊ တောရဆောက်တည်၊ ဘုန်းကြီး တောရဆောက်တည်တဲ့ကျောင်းရဲ့ ပတ်ဝန်းကျင်မှာက ရွာ(၇)ရွာလောက်ရှိတော့ အဲဒီရွာတွေ ဘုန်းကြီးကတစ်ရွာကို (၃) ရက်၊ (၃)ရက်လှည့်ပြီးတော့ အဲဒါဆွမ်းခံ၊ ရွာတစ်ရွာရောက်တော့ အိမ်ပေါက်ဝမှာ ဆွမ်းရပ်၊ မျက်နှာမူထားတဲ့ခြံထောင့်မှာ လှည်းပေါင်းမိုးလိုပဲ လေးတိုင်စင်လေးနဲ့ အပေါ်က ကုပ်ကုပ်မိုးပြီးတော့ အဲဒီမှာ ဒကာမကြီးတစ်ယောက်တွေ့ရ၊ အသက် ၆၀/၇၀ လောက်ရှိမယ်၊ သူ့အသားအရေကလဲညစ်ညစ်ပတ်ပတ်၊ အင်္ကျီလုံချည်ကလဲညစ်ညစ်ပတ်ပတ်နဲ့၊ အဲဒါ ဆေးလိပ်တိုလေးခဲပြီးတော့ ငှက်ကလေးများ အသိုက်ကနေ အပြင်ထွက်ချောင်းနေသလို အဲဒါ

စိတ်ဝင်စားနေ "ဘယ့်နှယ်လဲအိမ်ကြီးကတော့ သန့်သန့်ပြန့်ပြန့်၊ တောအလိုက် သွပ်မိုးပျဉ်ထောင်၊ ခြံထဲလဲသန့်သန့်ပြန့်ပြန့်၊ လူတွေလဲ သန့်သန့်ပြန့်ပြန့်နဲ့၊ ဒီအဘွားကြီးကျတော့ စုတ်စုတ်ပြတ်ပြတ်၊ ဘယ်လိုလဲ" သိချင်နေတာ၊ သိချင်လို့လဲဆွမ်းခံသွားရင်း ဘယ်လိုမှ သိလို့မရဘူး။

နောက်တစ်လလောက်ကြာတော့ အဲဒီရွာက ဒကာတစ်ယောက် ရောက်လာ၊ သိချင်တာနဲ့အတော်ပဲ၊ အဲဒီအကြောင်းမေး၊ ဒီအဘွား ကြီးနဲ့ ဒီအိမ်ဘယ်လိုလဲဆိုတော့ အဘွားကြီးနဲ့ဒီအိမ်နဲ့ ဘယ်လိုမှ မတော်ဘူးတဲ့၊ ဒီအဘွားကြီးမှာ မွေးသူမရှိ၊ ကျွေးသူမရှိ၊ ဆွေမရှိ၊ မျိုးမရှိတော့ အဲဒီအိမ်ကခေါ်ပြီးတော့ မွေးထားတာတဲ့၊ ကဲ–မွေးထား ရင်လဲ အိမ်ပေါ်တင်မွေးပါလား၊ မမွေးဘူး၊ ဟိုခြံစည်းရိုးထောင့်ကလေး မှာ မွေးထားတယ်၊ ဘာစားနေလဲဆိုတော့ သူတို့အိမ်က စားကြွင်း စာကျန်ကိုကျွေးတယ်တဲ့၊ ဝတ်ဖို့ဘာပေးလဲဆိုတော့ သူတို့က အဝတ် အနွမ်းလေးတွေ၊ အဲဒါပေးတယ်ဆိုတော့ သူ့မှာ စုတ်နေတာပေါ့၊ ကြည့်ပါလား၊ အေး–အဲဒါ ဘာကံလဲဆိုတော့ မိမိကိုယ်တိုင်လဲ မလှူ၊ သူများကိုလဲမတိုက်တွန်းတဲ့ကံမျိုးကြောင့်ယို့ ပြောရမှာပဲ၊ ဟုတ်ပြီလား၊ သံသရာထဲမှာ ကဲ–ဒီဘဝကသေပြီးရင် နောက်တစ်ခါ လူပြန်ဖြစ်ဖို့တောင် လွယ်ပါဦးမလား? ဘာဒါန၊ သီလ၊ ဘာဝနာမှ မရှိတော့ဘူး၊ ဟုတ်ပြီလား။

နောက်တစ်ခါလူတစ်ယောက်က ဘာလဲဆိုတော့ ကိုယ်တိုင်လဲ လှူတယ်၊ သူများကိုလဲ လှူပါဦး၊ တန်းပါဦး၊ လှူဒါန်းပါဦးလို့လဲ တိုက်တွန်းတယ်၊ အဲလိုပုဂ္ဂိုလ်တွေလဲမရှိဘူးလား? အကျိုးပေးကျ တော့ ဘယ်လိုလဲဆိုတော့ မိမိလှူဒါန်းတဲ့အတွက်ကြောင့် ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတယ်၊ ဆုတောင်း

စရာလိုသေးလား (ဒါနတော, ဘောဂဝါ) လှူရင်ပစ္စည်းရှိတာပဲ၊ ဘယ်လိုနည်းနဲ့ပဲလှူလှူ ဟုတ်ပြီလား၊ သူများတွေကို လှူပါဦး၊ တန်းပါဦး၊ လှူဒါန်းပါဦးလို့ တိုက်တွန်းလို့ အခြွေအရံပရိသတ်ပေါတယ်၊ ဆုတောင်းစရာလိုသေးလား၊ ဒါဘုရားဖန်ဆင်းတာလား? နတ်တွေကပေးတာလား? ဘယ်သူကပေးတာလဲ? ကိုယ်ပြုထားတဲ့ ကံကပေးတာ၊ ဟုတ်ပြီးလား။

ကံ–ဒီတရားကို နာပြီးလို့ရှိရင် ဒီလူလေးမျိုးထဲမှာ ငါဘယ်လို အမျိုးထဲမှာပါလဲ၊ ဒေါက်ကနဲဒေါက်ကနဲ မပြောနိုင်ဘူးလား? ကုသိုလ်ဆိုတာ ကိုယ်တစ်ယောက်တည်းပြုရမှာလား? ကောင်းတဲ့ အလုပ်ဆိုတာ ကိုယ်ကိုယ်တိုင်လဲလုပ်, သူများကိုလဲတိုက်တွန်းရတယ်၊ မကောင်းတဲ့အလုပ်ကျတော့ ကိုယ်ကိုယ်တိုင်လဲမလုပ်နဲ့၊ သူများကိုလဲတားမြစ်၊ ဟုတ်ပြီလား၊ ကုသိုလ်က တားမြစ်ရမှာလား, တိုက်တွန်းရမှာလား? အကုသိုလ်ကျတော့ တားမြစ်ရမယ်နော်။

## ဖန်ဆင်းရှင်ဘယ်သူလဲ ဘယ်မှာနေလဲ

လူ့ဘုံဌာန လူ့လောကမှာ လူတွေဖြစ်လာတဲ့ဥစ္စာက ဘုရားက ဖန်ဆင်းတာလား? ဖန်ဆင်းရှင်သည် ကံတဲ့၊ ဘယ်သူတဲ့လဲ? ကံသည် ဖန်ဆင်းရှင်ဆိုတော့ အဲဒီကံကို ဘယ်သူကလုပ်တာလဲ? ကိုယ်ကလုပ်တော့ ကိုယ်ပင်လျှင် ဖန်ဆင်းရှင်ပဲ၊ ဟုတ်ပြီလား၊ ဖန်ဆင်းရှင်က ကောင်းကင်မှာနေတာလား? ဘယ်မှာနေတာလဲ? အိမ်မှာနေတာပေါ့၊ ကိုယ့်အိမ်မှာနေတာပေါ့၊ ဖန်ဆင်းရှင်က ကိုယ့်ကိုယ်ကို ဖန်ဆင်းတာပဲ၊ အဲဒီတော့ ယောဂီတို့ ကိုယ့်ရုပ်ကိုမလှချင်ဘူးလား, လှချင်လား? နို့လှချင်ရင် လှလှလေးဖန်ဆင်းပါလား?

ဘာလို့အရုပ်ဆိုးအောင်ဖန်ဆင်းတာလဲ? အဲဒါကြည့်၊ မသိတာ ဘယ်လောက်ကြောက်စရာကောင်းလဲ? ဟုတ်ပြီလား။

အဲဒါကိုယ်သည်ပင်လျှင် ဖန်ဆင်းရှင်ဆိုတော့ ကဲ- ဆင်းရဲချင်လား, ချမ်းသာချင်လား? ချမ်းသာချင်တယ်၊ ဟုတ်လို့ လား၊ အခုဆင်းရဲအောင် ဘယ်သူကဖန်ဆင်းတာလဲ၊ မလှူချင်, မတန်းချင်, မပေးချင်, မကမ်းချင်တဲ့ စိတ်ကဆင်းရဲအောင် ဖန်ဆင်း တာပဲ၊ လှူရင် တန်းရင် ရှိတာထက်ပိုပိုရှိမလာဘူးလား? မလှူတန်း မပေးကမ်းဘူးဆိုလို့ရှိရင် ရှိတဲ့အတိုင်း ရှိတဲ့အတိုင်းပဲ၊ ထပ်တိုးမလာ တော့ဘူး၊ နောက်ပြီး အဲဒီဥစ္စာတွေက အနိစ္စသဘောနဲ့ ကုန်ရင်သာ ကုန်မယ်၊ ဟုတ်ပြီလား။

အဲဒါကြောင့် လူတွေ လူ့ဘုံဌာန လူ့လောကလာတာ ဘာနဲ့လာတာလဲဆိုရင် ကံနဲ့လာတယ်၊ ဘာနဲ့လာတာလဲ? ရှေ့လဲ ဘာနဲ့သွားမှာလဲ၊ ကံနဲ့သွားမှာ၊ ဟုတ်ပြီလား။

## ကုသိုလ်တစ်ခုတည်းသာဆိုရင်ဖြင့် နိဗ္ဗာန်မရောက်ဘူး

တချို့က ဒါနပြုရင်ပြီးတာပဲ၊ သီလဘာဝနာမလိုပါဘူးတဲ့၊ တချို့က သီလဘာဝနာပွားရင် ပြီးတာပဲ၊ ဒါနမလိုပါဘူးတဲ့၊ ပြောဆိုတတ်ကြတယ်၊ တစ်ခုတည်းသာဆိုရင် ဒါနဖြင့်လဲ နိဗ္ဗာန် မရောက်ဘူး၊ သီလဖြင့်လဲနိဗ္ဗာန်မရောက်ဘူး၊ ဘာဝနာဖြင့်လဲနိဗ္ဗာန် မရောက်ဘူး၊ ဟုတ်ပြီလား၊ ဒါနသီလဆိုတာ ကံပဲ၊ အဲဒီကံပေါ်ကို ဘာဝနာဉာဏ်ဆင့်မှ နိဗ္ဗာန်ရောက်တာနော်။

# အခန်း (၃)

## "သရဏဂုံအကျိုး"

* ဘုရားကိုးကွယ်, တန်ခိုးကြွယ်, အပါယ်မကျပါ၊
* တရားကိုးကွယ်, ပညာကြွယ်, အပါယ်မကျပါ၊
* သံဃာကိုးကွယ်, ဥစ္စာကြွယ်, အပါယ်မကျပါ၊
* လူ၏ခန္ဓာ, စွန့်လွှတ်ကာ, နတ်ရွာရောက်မည်သာ။

(ဓမ္မဒူတ–အရှင်ပညာဇောတ)

## "သီလ အကျိုး"

* မှတ်ကြကုန်ဘိ
သီလရှိက
ကျော်ရ နာမည်
တက်သည် ဥစ္စာ
လူရာဝင်ရဲ
သေလဲကြည်သာ
နတ်ခြောက်ရွာတဲ့။

(ဓမ္မဒူတ–အရှင်အာစိဏ္ဏ)

## ဟိုတုန်းက ကင်ပွန်းတပ်စဉ် သရဏဂုံတင်

ဘုန်းကြီးတို့ သရဏဂုံနဲ့ ပတ်သက်လို့ ပြောပြမယ်၊ သရဏဂုံ ဆိုတာက အသက်ထင်ရှားရှိစဉ် တင်ရမှာလား၊ သေမှ တင်ရမှာလား?၊ ဟုတ်လို့လား?၊ နို့ ဘယ်တော့ တင်လဲ သူက?၊ ဘုန်းကြီးတွေကို လူသေလို့ရှိရင် အရေးတကြီးလာမပင့်ဘူးလား?၊ ဘာလုပ်ဖို့ပင့်တာလဲ၊ ဘယ်သူ့ကို တင်မှာလဲ့?၊ အလောင်းကောင်ကြီးကို တင်မှာလား?၊ အဲဒါကြည့်နော်၊ သရဏဂုံကို မြတ်စွာဘုရားလက်ထက်တုန်း ဘယ်အချိန်တင်လဲဆို ကင်ပွန်းတပ်တဲ့နေ့မှာ တင်တယ်၊ ဘယ်အချိန် တင်လဲ၊ သားသော်လည်းကောင်း၊ သမီးသော်လည်းကောင်း ကင်ပွန်း တပ်တဲ့နေ့မှာ ဘုန်းကြီးတို့စာမှာကတော့ သွားတွေ၊ တွေ့ရတာပေါ့ လေ၊ ကင်ပွန်းတပ်မယ်ဆိုလို့ရှိရင် အဲဒါ သားကို အမေလုပ်တဲ့ ပုဂ္ဂိုလ်က ရင်ခွင်မှာ တင်ပြီးတော့ ပရိသတ်အားလုံးရဲ့ရှေ့ပေါ့၊ တရားဟောမယ့် ဆရာတော်ရဲ့ရှေ့ကို ကလေးရင်ခွင်တင်ပြီးတော့ သွား၊ သွားပြီးတော့မှ "အရှင်ဘုရား၊ အရှင်ဘုရားရဲ့ တပည့်ကို သိက္ခာပုဒ် သီလ ပေးပါဘုရား"လို့ သွားမတောင်းဘူးလား?၊ ခုခေတ် အဲလို တောင်းတာ တွေ့ဖူးသလား?၊ ဟိုတုန်းက အဲလိုတောင်းတာ၊ အဲဒီမှာ နာမည်လဲ တစ်ခါတည်းမှည့်တာ၊ ဟိုတုန်းက နေ့သင့် နံသင့်မှည့်တာမဟုတ်ဘူး၊ ဗျူပ္ပတ်နဲ့ မည့်တာ၊ ပြီးတော့ သီလသိက္ခာပုဒ် ပေးပါဆိုတော့ ကလေးလေးက ကဲဆိုတတ်မှာလား?၊ မဆိုတတ် ပေမယ့် အမေက ကလေးကို ရင်ခွင်မှာတင်ပြီးတော့မှ အမေလဲဆိုတာ ကလေးလဲဆိုတာလို့ အာရုံပြုပြီးတော့မှဆိုရင် အမေလဲဆိုရော ကလေးလဲဆိုရာရောက်၊

အဲတော့ သရဏဂုံသီလ ပေးပြီးတော့ အမေမှာလဲ သရဏဂုံသီလတည်မသွားဘူးလား?၊ ကလေးမှာလဲ သရဏဂုံသီလ တည်မသွားဘူးလား?၊ တည်တယ်၊ သရဏဂုံ ဟိုတုန်းက အဲဒီအချိန်မှာ တင်တာ၊ အဲဒီကနေ သရဏဂုံစတည်တယ် တဲ့၊ ဟုတ်ပြီလား။

နောက် သိတတ်တဲ့ အချိန်မှာ သူ့ဟာသူ ထပ်ပြီးတော့ မယူဘူးလား၊ ဟိုတုန်းက မသိတတ်ခင် အမေက ယူပေးတာ၊ သိတတ်တဲ့ အချိန် သူ့ဟာသူ ထပ်ပြီးတော့ ယူတယ်ဆိုတော့ သရဏဂုံ ထပ်ပြီးတော့ တည်မသွားဘူးလား။

## သရဏဂုံ ပျက်ချိန်

အဲဒီ သရဏဂုံသည်တဲ့ ဘာသာတစ်ပါးလဲ မပြောင်းဘူးဆိုရင်၊ မကိုးကွယ်သင့်တာလဲ ပြောင်းပြီးတော့ မကိုးကွယ်ဘူးဆိုရင် အဲဒီ သရဏဂုံသည် တစ်သက်လုံးမပျက်ဘူး၊ တစ်ခါယူထားတဲ့ သရဏဂုံသည် တစ်သက်လုံးပျက်သလား?၊ ဘယ်ကျမှပျက်လဲဆိုတော့ သေလို့ရှိရင် ပျက်ပြီ၊ ဟုတ်ပြီလား၊ အလောင်းကောင်ကြီးမှာ ရှိပြီးသား သရဏဂုံတောင် ပျက်သွားပြီဆို တင်လို့ရအုံးမှာလား?၊ မရတော့ဘူးနော်၊ တင်တဲ့ရည်ရွယ်ချက်က ဘယ်လိုရည်ရွယ်ချက်နဲ့ တင်တာလဲဆိုတော့ အမှန်အတိုင်းက အသက်ထင်ရှားရှိနေတဲ့ ပုဂ္ဂိုလ်တွေက သေတဲ့ပုဂ္ဂိုလ်ကို ဘယ်လိုပြောလဲဆိုတော့ "အမောင် အမိ, သင့်မှာ အသက်ထင်ရှားရှိစဉ်က တင်ထားတဲ့ သရဏဂုံ အခု ပျက်သွားပြီ၊ သင်သည် ရောက်ရာအရပ်၊ ရောက်ရာဘဝ၊ ရောက်ရာဘုံဌာနက ငါတို့နဲ့အတူတကွလာပြီးတော့ သရဏဂုံထပ်ပြီးတော့ အသစ်ယူလော့" အလောင်းမှာ ခေါ်တာလား?၊ ဟိုရောက်ရာဘဝကို လှမ်းခေါ်တာလား?၊ ကိုယ်က သူ့ပါခေါ်ပြီးတော့မှ သရဏဂုံယူတာ

နော်၊ အဲဒီတော့ ခေါင်းကြီးသွားပြီးတော့ ဖွင့်စရာ လိုသေးလား?၊ ခေါင်းထဲက လူသွားခေါ်စရာ လိုသေးလား?၊ အခု သွားခေါ်ခေါ်နေကြတယ်နော်၊ ခေါ်တယ်ဆိုတော့ ခေါင်းထဲမှာ ရှိနေသလို မထင်ဘူးလား?၊ အဲဒါ ဒိဋ္ဌိအယူနော်။

## သရဏဂုံတကယ်တည်တဲ့လူ တစ်ရာတစ်ယောက်ရှားတယ်

သရဏဂုံတည်တဲ့ပုဂ္ဂိုလ်ဆိုတာလဲ ရှားတယ်နော်၊ ပြောတော့ နေ့တိုင်း နေ့တိုင်း "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"ဆိုနေတာ ရမ်းသမ်း ပမ်းသမ်း ဆိုနေတာ၊ တကယ်တည်လား မေးရင် တကယ်တည်တဲ့ ပုဂ္ဂိုလ် တော်တော်ရှားပါတယ်၊ သရဏဂုံ ဆိုတဲ့အခါမှာ ဘုရားဂုဏ်ကျေးဇူးကို သိပြီးတော့ ဘုရားဂုဏ်ကျေးဇူးကို တကယ်ယုံမှ ဗုဒ္ဓသရဏဂုံ တည်တယ်၊ တရားဂုဏ်ကျေးဇူးကို တကယ်ယုံမှ ဓမ္မသရဏဂုံ တည်တယ်၊ သံဃာ့ဂုဏ်ကျေးဇူးကို တကယ်ယုံမှ သံဃာ့သရဏဂုံ တည်တယ်နော်၊ အဲလိုတွက်ကြည့်မယ် ဆိုလို့ရှိရင်တော့ ဘုန်းကြီးတို့ပရိသတ်တွေ သရဏဂုံတည်တဲ့လူဟာ တစ်ရာတစ်ယောက် ရှားတယ်နော်။

## အိပ်မက်ထဲက မြွေနီလေး သရဏဂုံကြောင့် ပြေး

တကယ် သရဏဂုံတည်လို့ရှိရင် အဲဒီလူဟာ မြွေတောင်မကိုက်ဘူး၊ အဲဒါနဲ့ပတ်သက်လို့ ဘုန်းကြီးတို့ လက်တွေ့လေး ပြောပြမယ်ဆိုရင် ဘုန်းကြီးတို့ ကိုရင်ဝတ်တုန်းက တစ်ည အိပ်မက်မက်တာပေါ့လေ၊ အိပ်မက်ထဲမှာ မြွေလိုက်တာ၊ မြွေက နီနီလေး၊ အမောက်ကလေးနဲ့၊ သူက၊ နဂါးပေါက်ကလေးနဲ့တူပါတယ်၊ အဲဒါ လိုက်တဲ့အချိန်အခါကျတော့ ပြေးမိပြေးရာပြေးတော့ ရှေ့ကျ မြစ်ကြီး

သွားတွေ့၊ ဟာ–မြစ်ကြီးပဲ၊ ကိုယ့်ပြေးစရာမရှိတော့ မြစ်ကြီးထဲပြေး၊ ပြေးလို့ မြစ်ထဲကူးတဲ့ အချိန်အခါကျတော့ မြွေက ပိုမြန်တယ်၊ ကုန်းပေါ်မှာထက်မြန်တယ်၊ မှီခါနီးလာတော့ ပါးစပ်ကနေ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ" နှစ်ခွန်းထွက်သွားတယ်၊ ထွက်လဲသွားရော မြွေက ဟာ–ဒီကိုရင် သရဏဂုံမြဲတယ်ဆိုပြီးတော့ ငုပ်သွားရော၊ အဲဒါနဲ့ ဘုန်းကြီးက ဟာ–ဒီသရဏဂုံသည် မြွေနိုင်တယ်၊ စိတ်ထဲမှာ အဲဒီလိုပဲတွက်ထားတယ်။

## မြွေနိုင်လက်ဖွဲ့မှာ သရဏဂုံပါ

အဲဒီကနေ ဘုန်းကြီးတို့ ၁၃၂၇ ခုနှစ်၊ ဟို ဟင်္သာတမြို့နယ်ထဲက ရှားခဲ ဆိုတာပေါ့၊ အဲဒီမှာ ဝါသ်ပွဲသွား, ဝါသ်စောင့်တယ်၊ အဲဒီမှာ ဆရာတော်ကြီးတစ်ပါးက ဘာလုပ်ပေးနေလဲဆိုတော့ မြွေလက်ဖွဲ့တွေ ထိုးပေးနေတယ်၊ ဘုန်းကြီးကလဲစပ်စု၊ ဆရာတော်ကြီးနားသွား၊ "ဆရာတော်ဘုရား၊ ဘယ်လိုထိုးတာလဲဘုရား၊ အမိန့်ရှိပါအုံး" လို့ ဆိုတော့ မခက်ပါဘူးကွာ တဲ့၊ အပ်ချည်မျှင်လေးတစ်ဘက်ကို (၉)မျှင်၊ တစ်ဘက်ကို (၉)မျှင် နှစ်ဘက်ပေါ့၊ နှစ်ပင်လိမ်ပေါ့လေ၊ အဲဒါ (၉)ပင်(၉)ပင် နှစ်ပင်လိမ်ကျစ်ကျစ်ပြီးတော့ ဗုဒ္ဓံ သရဏံဂစ္ဆာမိ တစ်ထုံးထုံး၊ ဓမ္မံ သရဏံ ဂစ္ဆာမိ တစ်ထုံးထုံး၊ သံဃံ သရဏံ ဂစ္ဆာမိ တစ်ထုံးထုံး၊ ၃ ထုံး၊ ဒုတိယမ္ပိ ၃ ထုံး၊ တတိယမ္ပိ ၃ ထုံး၊ ထုံးပြီး အသာလေး ချထား၊ ချထားသူလုပ်နေ၊ သူလိုသလောက်ရပြီဆိုတော့ သမန္တာကနေ စပြီးတော့ ခန္ဓသုတ်ဆုံးအောင်ရွတ်၊ အဲဒါပေးလိုက်တာပဲ၊ အဲဒါကို ချည်ပြီးတော့ လယ်ရိတ်ရင် မြွေဘယ်တော့မှ မကိုက်ဘူး သူက၊ ဒါရှိထားရင် မြွေမကိုက်တော့ဘူး၊ အကိုက်ခံရတဲ့ပုဂ္ဂိုလ်ကို လဲပဲ အဲဒီဥစ္စာနဲ့ ချည်လိုက်လို့ရှိရင် အဲဒါ ထ,ထိုင် ကောင်းသွားရော

သူက၊ အဲဒါလောက်စွမ်းတာ၊ အဲ-အဲဒီမှာလဲကြည့်မယ်ဆိုရင် သရဏဂုံပဲ မပါဘူးလား?၊ သရဏဂုံဆိုပြီးတော့ ပရိတ်ရွတ်တာတောင် ဒီလောက်စွမ်းပါတယ်ဆိုလို့ရှိရင် ကိုယ်ကိုယ်တိုင် သရဏဂုံတည်နေမယ်ဆိုရင် ကြောက်စရာရှိသေးလား?၊ မရှိဘူး၊ သေလို့ရှိရင်လဲ အပါယ်မကျဘူး၊ အသက်ထင်ရှားရှိစဉ်မှာလဲ မြွေတွေ ဘာတွေ မကိုက်ဘူး၊ ဟုတ်ပြီလား၊ အကျိုးမကြီးဘူးလား?။

## သရဏဂုံ မသိတဲ့အရပ် အများကြီး

သရဏဂုံသည် သေမှ အရေးကြီးတာလား၊ အသက်ရှင်စဉ်ကတည်းက အရေးကြီးတာလား?၊ ခုဘယ်အချိန်တွေ အရေးကြီးနေကြတာလဲ?၊ သေခါမှ ကပျာကယာ ဘုန်းကြီးလာပင့်၊ ပြန်ပေးဆွဲသလိုကြွပါအုံးဘုရား၊ ဘယ်သူဆုံးသွားလို့ သက်ပျောက်ဆွမ်း သွတ်ချင်လို့လာပြီ၊ သရဏဂုံ၊ သရဏဂုံတင်ချင်လို့ လာပြီ၊ တစ်ခါတည်း အဲဒါဘုန်းကြီးမှ မပါလို့ရှိရင်တော့ ဒီအလောင်း မြေမကျသလိုပဲ၊ လုပ်ပုံက၊ အဲဒီ သရဏဂုံနဲ့ပတ်သက်လို့လဲ သရဏဂုံမသိတဲအရပ်က အများကြီး။

တစ်ခါတုန်းက ဘုန်းကြီးကလဲအဲဒါ ရောက်သွား စပ်စပ်စုစု၊ အဲဒီအရပ်ကလဲ အမျိုးသမီးတစ်ယောက်ဆုံးတော့ ဘုန်းကြီးလာပင့်တော့ ဘုန်းကြီးကလဲ အဲဒီမှာပါသွား၊ ဟိုကျတော့ ကိုယ်ပဲအကြီးဆုံးဖြစ်၊ ခေါင်းရင်းကထိုင်နေရ၊ အလောင်းကြီး ဘုန်းကြီးရှေ့လာချ၊ လာချရုံတင်မဟုတ်သေးဘဲနဲ့ သရဏဂုံတင်ခါနီးကျတော့ ခေါင်းကြီးတဒုံးဒုံးနဲ့ ဖွင့်ပြန်၊ ဟာ-ဘယ်လိုလုပ်အုံးမှာလဲမသိဘူးပေါ့၊ ဖွင့်ပြီးတော့မှ အပ်ချည်ကြိုးလေး ခေါင်းထဲသွားထည့်၊ ထည့်ပြီးတော့မှ အပ်ချည်ကြိုးလေး ဘုန်းကြီးလက်ထဲလာထည့်၊ ဘာမသိ ညာမသိ

ကိုယ်ကလဲ ကိုင်ထားရတယ်၊ ဘုန်းကြီးသာမဟုတ်ဘဲနဲ့ တစ်ခါတည်း အဲဒီအပ်ချည်ကြိုးလေး ဟိုအဆုံးက ကိုယ်တော်ဆီ တစ်ခါသွားပေးလိုက်တယ်၊ ရွတ်ဖတ်သရဇ္ဈာယ်ပြီးတဲ့အချိန်အခါကျတော့ သရဏဂုံတွေ ပေးပြီးပေါ့လေ၊ ရေစက်တွေ ဘာတွေချပြီးကာမှ ဒကာတစ်ယောက်က ထပြောတယ်၊ "အရှင်ဘုရား၊ သရဏဂုံ တင်ပေးပါဦး"တဲ့၊ ဟာ–ကိုယ်တောင် ကြောင်တောင်တောင်ဖြစ်၊ ဟာ–ဒကာကြီးတင်ပြီးပြီဆိုတော့ မတင်ရသေးဘူးဘုရားတဲ့၊ ဒကာကြီးရဲ့ သရဏဂုံက ဘာလဲဆိုတော့ "အနိစ္စာဝတ သင်္ခါရာ ဂါထာ"တဲ့၊ အဲဒါ သရဏဂုံတဲ့၊ ကြည့်ပါအုံး၊ ကဲ–အဲဒီလိုအရပ်မျိုး တွေလဲ မြန်မာပြည်မှာအများကြီး၊ တင်တော့လဲ အရေးတကြီးတင်တယ်၊ မဟုတ်တာ သရဏဂုံတင်၊ အတော်ကြောက်စရာကောင်းတဲ့အရပ်တွေ၊ သရဏဂုံတောင် မသိဘူးနော်။

## သီလဟာ စီးတဲ့ရေ ဆည်တဲ့ကန်သင်းလိုပဲ

အပါယ်မကျအောင် ဆောင်ထားတာ သီလ ဟုတ်ပြီလား၊ အခြား ကုသိုလ်တွေရှိချင်သလောက်ရှိ၊ သီလသာ မလုံရင် အပါယ်ကျပြီ၊ အိတ်ပေါက်နဲ့ ဖားကောက်သလိုဖြစ်တတ်တယ်၊ နော်၊ အခြားအခြား ကုသိုလ်တွေ အကျိုးပေးခွင့်သာအောင် ထိန်းပေးတာလဲ သီလပဲ၊ ဟုတ်ပြီလား၊ သီလဟာ စီးတဲ့ရေ ဆည်တဲ့ကန်သင်းလိုပဲနော်။

အသက်ဆိုတာ သတ္တဝါတိုင်းရတယ်၊ သီလဆိုတာ သတ္တဝါတိုင်း ရသလား?၊ အသက်နဲ့သီလ ဘယ်ဟာက ရခဲလဲ?၊ သီလပျက်လို့ သီလဗျသနဖြစ်ရင် ငရဲကျမယ် နော်၊ သီလနဲ့အသက်လဲရမယ်ဆိုရင် ရလွယ်တဲ့ အသက်သာဆုံးခံ၊ ရခဲတဲ့သီလ အရှုံးမခံနဲ့ ဟုတ်ပြီလား။

## ငါးပါးသီလ လေးမျိုး

ငါးပါးသီလကို အရိယကန္တ သီလလို့ခေါ်တယ်၊ ဟုတ်ပြီလား၊ အရိယာပုဂ္ဂိုလ်တွေ နှစ်သက်တဲ့ သီလသည် အရိယကန္တ သီလတဲ့၊ အဲဒါ ငါးပါးသီလနဲ့ပတ်သက်လို့ ဘုန်းကြီးတို့ ခဏခဏပြောဖူးပါတယ်၊ အခုလဲပြောပါအုံးမယ်၊ ငါးပါးသီလက (၄)မျိုးရှိတယ်၊ လူအိုသီလ၊ လူပျိုသီလ၊ အပျိုသီလ၊ အနာဂါမ်သီလတဲ့။

အခုအားလုံး မိရိုးဖလာဆောက်တည်နေကြတဲ့ ငါးပါးသီလကို လူအိုသီလလို့ခေါ်တယ်၊ ကဲ–လူပျို အပျိုတွေ အိမ်ထောင်ရှိလား?၊ အိမ်ထောင်မရှိတော့ သူတို့မှာ သဘာဝအားဖြင့် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ထက်မြတ်တဲ့ အဗြဟ္မစရိယသိက္ခာပုဒ်တောင် လုံနေတယ်၊ အဲတော့ ရိုးရိုးလူအိုတွေစောင့်တဲ့ ငါးပါးသီလစောင့်ရမှာလား?၊ စောင့်ရင် ရှုံးနေပြီ၊ လူပျိုတွေ စောင့်တဲ့ ငါးပါးသီလကို 'ကောမာရ ဗြဟ္မစရိယ'လို့ ခေါ်တယ်၊ ဆောက်တည်ပုံက "အဟံဘန္တေ သိသရဏေနသဟ ကောမာရ ဗြဟ္မစရိယ သီလံ ဓမ္မံယာစာမိ"လို့ ဆောက်တည်ရတယ်၊ အပျိုတွေ စောင့်တဲ့သီလကို 'ကောမာရီ ဗြဟ္မစရိယသီလ'လို့ခေါ်တယ်၊ ဆောက်တည်ပုံက "အဟံ ဘန္တေ တိသရဏေန သဟ ကောမာရီ ဗြဟ္မစရိယသီလံ ဓမ္မံ ယာစာမိ"လို့ ဆောက်တည်ရတယ်၊ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို ဖြုတ်၊ အဗြဟ္မစရိယသိက္ခာပုဒ်ကို ထည့်၊ ရိုးရိုး ပဥ္စသီလကို ဖြုတ်၊ ကောမာရတို့ ကောမာရီတို့ ထည့်ဆောက်တည်ရုံပဲ၊ လွယ်ပါတယ်၊ ဟုတ်ပြီလား။

အနာဂါမ်ပုဂ္ဂိုလ်တို့မှာ ကာမရာဂရှိသေးလား၊ မရှိတော့ ကာမေသု မိစ္ဆာစာရသိက္ခာပုဒ်နဲ့ ဆိုင်သေးလား?၊ သူတို့ အမြဲတမ်း

အဖြဟ္မစရိယ သိက္ခာပုဒ်ကို ထိန်းနိုင်တယ်၊ အဲဒီတော့ အနာဂါမ်ပုဂ္ဂိုလ်တို့ စောင့်တဲ့ သီလကလဲ ငါးပါးသီလပါပဲ၊ ဒါပေမယ့် ဆောက်တည်ပုံက 'အဟံ ဘန္တေ တိသရဏေန သဟ ဗြဟ္မစရိယ ပဥ္စမသီလံ ဓမ္မံယာစာမိ'လို့ ဆောက်တည်ရတယ်၊ ဒါဖြင့်ရင် အနာဂါမ်တော့ မဟုတ်ဘူး၊ အိမ်မှာပဲနေတယ်၊ ဗြဟ္မစရိယ သိက္ခာပုဒ်ကို လုံခြုံနေတဲ့ အဘိုးကြီးအဘွားကြီးတွေ မရှိဘူးလား?၊ ရှိးရှိး ငါးပါးသီလဆောက် တည်မယ်ဆိုရင် မရှုံးဘူးလား?၊ အေး၊ ရှုံးတယ်၊ ဒီဗြဟ္မစရိယ သိက္ခာပုဒ်ကို ထိန်းနိုင်တယ်ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်သည် အနာဂါမ်နဲ့ အလားတူနေတယ်ပေါ့၊ ဟုတ်ပြီလား၊ ရိုးရိုး ငါးပါးသီလထက် မြတ်သည်၊ နော်၊ အဲဒီတော့ ငါးပါးသီလ ဘယ်နှစ်မျိုးလဲ?၊ ၄ မျိုး၊ ဟုတ်ပြီလား?။

## ဥပုသ်ဆိုတာ ဘာလဲ?

ဥပုသ်နဲ့ပတ်သက်လို့ မိမိတို့ နောက်တုန်းက ဥပုသ်မစောင့်ခဲ့ဘူးလား၊ ဥပုသ်ဆိုတာ ဘာလဲဆို၊ ကဲ–ပြောစမ်းပါဦး?၊ ပြီးရော၊ သူတို့ ဘာမှ မသိတော့ဘူး၊ 'ဥပုသ်ဆိုတာ ကျင့်သုံးမှု'တဲ့၊ ဘာလုပ်တာလဲ?၊ မနက်ဖြန် ဥပုသ်စောင့်ရမယ်ဆိုတော့ တို့ မနက်ဖြန် တစ်ထပ်တည်း စားရမှာပေါ့၊ ဒီတော့ ကောင်းကောင်းစားရမှ ဖြစ်မှာဆို၊ ညကတည်းက အကောင်းတွေ တစ်ညလုံးချက်၊ ဆွမ်းတောင်းကြီး၊ ဆွမ်းတောင်းငယ်တွေနဲ့ ရွက်မသွားဘူးလား?၊ ရွက်သွားပြီးတော့ "စားပါဦးအေ့၊ ငါ့ဟင်းလေး၊ နင်လဲစားပါအုံးအေ့" သူ့အထဲကိုယ်ထည့်ပေးလိုက်၊ ကိုယ့်အထဲသူထည့်ပေးလိုက်၊ တုတ်လိုက် ကြတာ၊ မဟုတ်လား?၊ တုတ်လဲပြီးရော အိပ်လိုက်ကြတာ (ရယ်)၊ အိပ်လဲပြီးရော စကားမပြောဘူးလား?၊ စကားလဲပြောပြီးရော

ဖျာလိပ်ကြီးလိပ်၊ ပြန်ချလာရော၊ ဒါဥပုသ်စောင့်တာလား?၊ ဥပုသ်စောင့်တယ်ဆိုတာ စိတ်စင်ကြယ်ရေး၊ ဟုတ်ပြီလား?။

## သေချာပေါက် ငရဲကျမည့် ဥပုသ်သည်

တချို့ကလဲ ကြွားသေးတယ်၊ "အမယ်လေး၊ တပည့်တော်တို့က ဥပုသ်နေ့လဲ ဥပုသ်စောင့်ပါတယ်ဘုရား၊ ဥပုသ်နေ့ သက်သတ်လွတ်လဲ စားပါသေးတယ်ဘုရား" လာသေးတယ်၊ သက်သတ်လွတ်က လာသေး၊ သက်သတ်လွတ် ဘာမှန်းညာမှန်းမသိ၊ ရမ်းလွတ်နေ၊ သက်သတ်လွတ်ဆိုတာက သက်သတ်လွတ်စားရုံသက်သက်နဲ့ နတ်ရွာနိဗ္ဗာန်ရောက်မယ်လို့ယူရင် အဲဒီအယူက မိစ္ဆာဒိဋ္ဌိဖြစ်သွားတာ ဟုတ်ပြီလား၊ ရွံလို့မစားတာမျိုး, မျိုးရိုးအလိုက် မစားတာမျိုး, ရောဂါနဲ့ မတည့်လို့ မစားတာမျိုး, နတ်ချစ်စေချင်လို့ မစားတာမျိုး ကတော့ ကိစ္စမရှိဘူး၊ ဟာ–ဒီ သက်သတ်လွတ်အကျင့်က အကောင်းပဲ၊ ဒီအကျင့်ဖြင့် နတ်ရွာနိဗ္ဗာန် ရောက်မယ်လို့ယူရင်တော့ အဲဒါ မိစ္ဆာဒိဋ္ဌိကို ဖြစ်သွားရော၊ သေရင် သေချာပေါက် ငရဲကိုကျမှာ။

သက်သတ်လွတ်လဲ ထမင်းဟင်းပဲ၊ ရိုးရိုးထမင်းဟင်းလဲ ထမင်းဟင်းပဲ၊ ဟုတ်ပြီလား၊ ထမင်းဟင်းတွေက မိမိတို့ကို အပါယ်ချမှာလား?၊ အကုသိုလ်မကြောက်တဲ့လူက သတ်လို့ သတ်ထားတာကို ကိုယ်ကလဲ မရွံလို့ ကောက်ပြီးတော့ ဝယ်စားတာ၊ ကိုယ့်မှာ ဘာအပြစ်ရှိလဲ?၊ ဘာအပြစ်မှ မရှိဘူး၊ ဟုတ်ပြီလား၊ အဲဒါကို ဘုရားက "စားစေလို့" ခွင့်ပြုထားတာကို မစားနဲ့လို့ ပညတ်ရင် ဘုရားပညတ်ကို ဖျက်ရာမရောက်ဘူးလား?၊ အဲဒါမှ ဒုက္ခရောက်တာ၊ ဘုရားပညတ်ချက်ကို ဖျက်တဲ့အတွက်ကြောင့် အဲဒီပုဂ္ဂိုလ်သေ

အပါယ်ကျမှာ သူက၊ အဲဒါကြောင့်မို့လို့ ဘုန်းကြီးကတောင် ပြောသေးတယ်၊ "အေး၊ ဒီလိုဆို ကောင်းတယ်လို့၊ ဉပုသ်နေ့မှရွေး ဒိဋ္ဌိဖြစ်တာပေါ့လေ"လို့၊ စောစောတုန်းက သမ္မာဒိဋ္ဌိ၊ ဉပုသ်နေ့ကျမှ မိစ္ဆာဒိဋ္ဌိ ဖြစ်ကရော၊ ဟုတ်ပြီလား?။

## ဉပုသ်သည် လေးမျိုး

ဉပုသ်သည်က (၄)မျိုး၊ တချို့ နက်ဖြန်ခါ တစ်နပ်တည်းစားရမှဆို ညကကျကျနန ကောင်းကောင်းမွန်မွန်တွေ မချက်ဘူးလား?၊ ချက်ပြီးတော့ မနက်ကျ ပလုပ်ပလောင်းနဲ့ ရင်ခေါင်းထိအောင် မစားဘူးလား?၊ အဲဒါ ဘီလူးဉပုသ်သည်၊ မြင်ဖူးလား?၊ မှန်ထဲသွားကြည့်၊ ဘီလူးဉပုသ်တွေချည်းပဲ(ရယ်)၊ တချို့ ဉပုသ်စောင့်၊ စရက်တွေ ခေါ်လှောင်ထားသလိုပဲ တရားလေးဘာလေး မှတ်မနေဘူး၊ စကားများဆူညံနေ၊ အဲဒါ တရားမှတ်နေရမှာ၊ အမယ်လေး၊ ဆူညံနေတော့ စရက်ဉပုသ်သည်တွေ ဖြစ်ကုန်တာပေါ့၊ ဟုတ်ပြီလား၊ တချို့ ဉပုသ်စောင့် တရားတော့ မပွားဘူးတဲ့ ဘာလုပ်နေလဲလို့မေး?၊ အိပ်နေတယ်၊ ညနေကျတော့ ပြန်ကြစို့ဆို ဆေးလိပ်ကြီးခဲ ပြန်ချလာရော၊ အဲဒါ နဂါးဉပုသ်သည်၊ ဘာဉပုသ်သည်လဲ?၊ မိမိတို့နောက်တုန်းက ဘာဉပုသ်တွေ စောင့်လာခဲ့?၊ အိပ်လိုက်စားလိုက် စကားပြောလိုက်နဲ့ တော်တော်အားကိုးရတဲ့ ဉပုသ်တွေနော်၊ ချီးမွမ်းထိုက်တဲ့အရိယာဉပုသ်သီလက ဘယ်လိုလဲလို့မေးရင် အစားအသောက်ကိုလဲ ခြိုးခြံ၊ ယောဂီတွေက အစားအသောက်ခြိုးခြံလား၊ အဲဒီနေ့ကျမှ ပိုစားတာလား?၊ ပြောချင်ဆိုချင်တာတွေလဲ အောင့်ထားရမှာ၊ ပြောတော့ ပြောချင်တာပေါ့၊ လူက စုံနေတာကိုး၊ ဟုတ်ပြီလား၊ ကိုယ်ကိုလဲ

စောင့်စည်း၊ နှုတ်ကိုလဲစောင့်စည်းပြီးတော့မှ တရားအားထုတ်ပြီးတော့ နေတာကိုမှ ချီးမွမ်းထိုက်တဲ့ အရိယာဥပုသ်စောင့်တယ်ခေါ်သည်၊ ဟုတ်ပြီလား?။

## ကျွန်သီလနဲ့ တော်လှန်ရေးသီလ

ဘုန်းကြီးတို့ သီလက တော်လှန်ရေးသီလနဲ့ ကျွန်သီလလို့ နှစ်မျိုး ရှိတယ်၊ ယောဂီတို့သီလက ဘာသီလလဲ?၊ ကဲ–ပြီးရော၊ သူတို့ ဘာပြောရမှန်းလဲမသိတော့ဘူး၊ ကျွန်သီလဆိုတာက လူ့ဘဝ လူချမ်းသာ နတ်ဘဝနတ်ချမ်းသာ ဗြဟ္မာဘဝဗြဟ္မာချမ်းသာ မှန်းပြီးတော့ ဆောက်တည်ရင် အဲဒီသီလက ကျွန်သီလ၊ ဟုတ်ပြီလား၊ ယောဂီတို့ကို တဏှာက "ဥပုသ်သွားစောင့်၊ ဒါမှ နင် နတ်သမီးချော ချောလေး ဖြစ်မှာ၊ သီလစောင့်မှ အသက်ရှည်မှာ၊ အနာကင်းမှာ၊ အဆင်းလှမှာ"လို့ တိုက်တွန်း ဥပုသ်စောင့်ခိုင်းတော့ အောင်မယ် ကော့လန် ကော့လန်နဲ့ လာတယ်ပေါ့လေ သူက၊ ဘယ်သူက ခိုင်းလို့လဲ?၊ လှချင်လို့စောင့်ရင် ဘာသီလလဲ?၊ ကျွန်သီလ၊ အသက်ရှည်ချင်လို့ စောင့်ရင်ရော?၊ ကျွန်သီလ၊ အနာကင်းချင်လို့ စောင့်ရင်ရော?၊ လူချမ်းသာ နတ်ချမ်းသာ လိုချင်လို့ စောင့်ရင်ရော?၊ အေး ကျွန်သီလပဲ၊ နောက်တုန်းက စောင့်ခဲ့တာက ဘာသီလတွေလဲ?၊ ဩော်–ကျွန်သီလတွေ စရက်သီလလဲပါသေးလား?၊ နဂါးသီလရော?၊ အမယ်လေး ဘီလူးသီလတွေ ကုန်ရောကောင်းတာ တစ်ခုမှ မပါဘူး၊ တော်လှန်ရေးသီလဆိုတာက တဏှာကို တော်လှန်ပြီးတော့ နိဗ္ဗာန် ရောက်အောင် ဆောက်တည်မယ်လို့ ဆောက်တည်တဲ့ သီလမျိုးကို တော်လှန်ရေးသီလလို့ ခေါ်တယ်၊ ဟုတ်ပြီလား။

## တစ်လ ရှစ်သီတင်း နတ်တို့ ဆင်း

နတ်ပြည်မှာက ရှစ်ဥပုသ်ရှိတယ်၊ ဘယ်နှစ်ဥပုသ်ရှိ?၊ ရှစ်ဥပုသ်ဆိုတာက လဆန်းမှာက လေးဥပုသ်၊ လဆုတ်မှာက လေးဥပုသ်ပေါင်းတော့ ရှစ်ဥပုသ်ပေါ့၊ လဆန်း လေးဥပုသ်ဆိုတာက လဆန်း ၅ ရက်၊ လဆန်း ၈ ရက်၊ လဆန်း ၁၄ ရက်၊ လပြည့်၊ လဆန်းမှာ လေးဥပုသ် မရဘူးလား?၊ လဆုတ် လေးဥပုသ်ဆိုတာက လဆုတ် ၅ ရက်၊ လဆုတ် ၈ ရက်၊ လဆုတ် ၁၄ ရက်၊ လကွယ်ဆိုတော့ လဆုပ်မှာ လေးဥပုသ် မရဘူးလား?၊ အားလုံး ဘယ်နှစ်ဥပုသ်လဲ?၊ ရှစ်ဥပုသ်ရှိတယ်၊ အဲဒီဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း နတ်ပြည်က နတ်တွေက လူ့ပြည်က လူတွေဆီ လာပြီးတော့မှ စာရင်းကောက်၊ ကုသိုလ်ကံပြုတဲ့ ပုဂ္ဂိုလ်နဲ့ အကုသိုလ်ကံပြုတဲ့ပုဂ္ဂိုလ် နှစ်ယောက်ခွဲပြီးတော့ ကောက်လိုက်တာ၊ ဟုတ်ပြီလား?၊ ကောက်လိုက်တော့ ဥပုသ်စောင့်၊ တစ်ဥပုသ်မှ မစောင့်ဘူး နော၊ လာကောက်တဲ့အချိန်မှာ ကဲ–မိမိတို့ ကောင်းတာလုပ်တာနဲ့ မကောင်းတာလုပ်တာ ဘယ်ထဲမှာ ပါလဲ?၊ မကောင်းတာထဲမှာပါမယ် သွားပြီ(ရယ်)။

## တရားအားထုတ်တယ်ဆိုတာ အောက်က စာရင်းကို ဖျက်တာ

ဦးပဥ္စင်းတွေ ခေါင်းကုတ်မနေနဲ့နော်၊ ပါသွားပြီ၊ ဟိုအထဲမှာ၊ ဟုတ်ပြီလား၊ အဲဒီစာရင်းကြည့်ပြီးတော့မှ သေခါနီးကျ လာခေါ်တာ၊ လာခေါ်ရင် အဲလို နှစ်ယောက်, နှစ်ယောက်လာခေါ်တာ၊ တစ်ယောက်က လက်မောင်းတစ်ဖက်ဆွဲ တစ်ယောက်က လက်မောင်းတစ်ဖက်ဆွဲ အဲလို ခေါ်သွားတာ၊ ဟုတ်ပြီလား၊ ခေါ်သွားတော့ ဦးပဥ္စင်းကြီးတွေ ငြင်းဦးမလား?၊ ငြင်းလို့မရဘူး၊ ဟိုမှာ စာရင်းရှိတယ်၊ တပည့်တော်တို့လဲ မသိလိုက်ပါလားဆိုပြီးတော့ ဆင်ခြေပေးဦးမလား?၊

နတ် နတ်ချင်း ကောက်တာ၊ ကိုယ်စောင့်နတ်ကို အိမ်စောင့်နတ်ကနေ စာရင်းတောင်းလိုက်တာ၊ ကိုယ်စောင့်နတ်က အကုန်မသိဘူးလား၊ သိလား?၊ ညာဦးမလား?၊ မညာနဲ့၊ သောက်တာတွေရော၊ စားတာတွေရော၊ လောင်းကစားတာတွေရော အကုန်လုံးသူသိတယ်၊ အိမ်စောင့်နတ်ကနေမှ ရွာစောင့်နတ်၊ ရွာစောင့်နတ်ကနေမှ မြို့စောင့်နတ်၊ အဲလို စာရင်းပေးလိုက်ရတယ်၊ ကိုယ်ကတော့ မသိလိုက်ဘူး၊ နော်၊ ဘာပေးရတာလဲဆိုတော့ ကိုယ်ပြုထားတဲ့ ကုသိုလ်စာရင်း၊ အကုသိုလ်စာရင်းတွေကို ပေးရတာ၊ ကိုယ်ညာလို့ ရမလား?၊ အဲတော့ ဦးပဥ္စင်းကြီးတို့စာရင်း ခု ဘယ်ရောက်နေလဲ?၊ အောက်မှာလား အထက်မှာလား?၊ အထက်မရောက်သေးဘူးနော၊ အမယ်လေး၊ အထက် မလွယ်သေးဘူး၊ ခုမှ တရားအားထုတ်တာ ၃ ရက် ၄ ရက် ရှိသေးတယ်၊ အခုတရားအားထုတ်တယ်ဆိုတာ ဘာလုပ်တာလဲ?၊ အောက်က စာရင်းကို ဖျက်နေတာ၊ ဘာလုပ်တာ?၊ ပျက်အောင်ဖျက် မလား၊ ဒီလိုပဲမပျက်တပျက်နဲ့ ပြန်မလား?၊ ဒါ ခြောက်နေတာ မဟုတ်ဘူး၊ စာထဲမှာ အတိအကျရှိတယ် နော်။

## ဝါကျွတ်တော့ ဥပုသ်ကျောင်းမှာ တစ္ဆေခြောက်

အူမ မတောင့်လို့ သီလမစောင့်နိုင်ဘူးတဲ့၊ လက်ရှိဘဝလေး အသက်ရှင်ရင်ပြီးရော၊ ဒီဘဝ ဒီကိုယ် ဒီခေါင်း၊ နောင်ဘဝ နောင်ကိုယ် နောင်ခေါင်းတဲ့၊ သေခါနီးကျ မဲ့မဲ့၊ မဲ့မဲ့ ဖြစ်တယ် ဟုတ်ပြီလား၊ လူတွေကြည့်လို့ရှိရင် ကျန်းမာတဲ့လူနဲ့ မကျန်းမာတဲ့လူ က–ဘယ်သူများလဲ?၊ မကျန်းမာတဲ့လူများတယ်၊ ဟုတ်ပြီလား၊ အရုပ်ဆိုး အကျည်းတန်တဲ့လူနဲ့ လှပတင့်တယ်တဲ့လူ ဘယ်သူများလဲ? အရုပ်ဆိုးတဲ့လူများတယ်၊ က–အသက်ရှည်တဲ့လူနဲ့ အသက်တိုတဲ့လူ

ဘယ်သူများလဲ?၊ အသက်တိုတဲ့လူများတယ်၊ အနာရောဂါများတဲ့လူနဲ့ အနာရောဂါနည်းတဲ့လူ ဘယ်သူများလဲ?၊ အနာရောဂါများတဲ့လူများတယ်၊ ဘာဖြစ်လို့အဲလို ဖြစ်တာလဲဆိုတော့ အခု ဝါကျွတ်သွားတော့ ကျောင်းမှာ ဥပုသ်သည် ဘယ်နှစ်ယောက်ရှိသေးလဲ?၊ ဝါတွင်းတုန်းကရော များများစားစားရှိလို့လား?၊ ပြောစမ်းပါဦး?၊ ဝါတွင်းတုန်းကလဲ သိပ်မရှိဘူး၊ ဝါကျွတ်တော့လဲ ဥပုသ်နေ့ကျတော့ ရှိကို မရှိဘူး၊ တစ္ဆေခြောက်မှာ ကြောက်ရသေးတယ်၊ အေး၊ အဲဒါ ရှစ်ပါးသီလ မစောင့်တော့ ငါးပါးသီလစောင့်လား မေးရင် အိမ်ကဘုရားမှာလဲ ငါးပါးသီလ ယူမယ့်သူတောင် မရှိဘူး၊ ရှိလား?၊ အဲဒီထဲကကြည့်ပေါ့၊ သီလ ဘယ်လောက်နည်းလဲ၊ သီလနည်းတော့ မကျန်းမာ၊ အကျည်းတန်၊ အသက်တို၊ အနာများ၊ သေခါနီးကျ မဲ့မဲ့မဲ့မဲ့ဖြစ်၊ ဟုတ်ပြီလား၊ ဘာဖြစ်လို့အဲလို ဖြစ်တာလဲလို့မေးရင် သီလနည်းခဲ့လို့၊ ဟုတ်ပြီလား။

## နှစ်တစ်ရာနဲ့ တစ်ရက် မလဲနိုင်ပါ

သီလရှိတစ်ရက်က သီလမရှိ နှစ်တစ်ရာထက်မြတ်တယ်၊ သီလမရှိ နှစ်တစ်ရာက သေရင် အပါယ်သွားမှာ၊ တစ်ရာနဲ့ တစ်ရက်လဲမှာလား?၊ ပြီးတော့ စခန်းပွဲတွင်းက သီလက အကျင့်နဲ့တွဲနေတဲ့သီလဆိုတော့ အိမ်က သီလနဲ့ တူမှာလား?၊ တရားစခန်းပွဲမှာသုံးရက်ဟာ အိမ်မှာ သုံးနှစ်ထက် တန်ဖိုးရှိတယ်၊ ငါးရက်က ငါးဆယ့်ငါးနှစ်ထက် တန်ဖိုးရှိတယ်၊ အဲဒီလို တွက်ယူရမှာ၊ လူဆိုတာ အကောင်းအဆိုး တွက်ယူတတ်ရတယ်၊ အဲဒါမှ ပညာရှိ ဖြစ်တယ်၊ နော်။

ဟိုမှာ ကရင်မကြီးတစ်ယောက် တွက်ပြတာ ပြောဦးမယ်၊ ကရင်မကြီးတစ်ယောက်က ပထမဆုံး တရားဝင် ငါးရက်လောက် ကြာတော့ သူက ဘာပြောလဲဆိုတော့ တရားစစ်တဲ့အချိန်မှာ 'ဘုန်းကြီး ဘုရားတဲ့၊ တပည့်တော်က သေသေချာချာတွက်ကြည့်တယ်တဲ့၊ တပည့်တော်က တပည့်တော်တို့ရွာမှာ ရွာခေါင်းဆောင်ပဲတဲ့၊ နေရာတကာမှာ တပည့်တော်ပါတယ်တဲ့၊ အလှူအတန်း ဘာညာ တွေပေါ့၊ အခု ဒီတရားနာတော့ တပည့်တော် တွက်ကြည့်တယ်တဲ့၊ တပည့်တော် အသက် ၆၅ နှစ်ရှိပြီတဲ့၊ အခု ဒီမှာနာတဲ့ တရားမျိုးတွေ ရွာထဲမှာ တစ်ခါမှ မနာရဘူးတဲ့၊ ပြီးတော့ ဒီမှာ သီလမျိုးလဲ ရွာထဲမှာ တစ်ခါမှ မရဘူးတဲ့၊ ရွာထဲမှာသီလက ဥပုသ်မစောင့်ခင်လဲ စကားတွေ ဖောင်ဖောင်ဖောင်ဖောင်နဲ့ပြော၊ သီလယူပြီးတော့လဲ ဖောင်ဖောင်ဖောင်ဖောင်နဲ့ပြော၊ ပြောပြီးတော့ တစ်ခါစား၊ စားပြီးတော့ ဖောင်ဖောင်ဖောင်ဖောင်နဲ့ပြော၊ ပြောပြီးတော့အိပ်၊ အိပ်ပြီးတော့ တစ်ခါပြန်၊ အဘွားကြီးက တွက်ပြတာ၊ သူဟာ သူဒီမှာက ပြောချိန်ကို မရဘူးတဲ့၊ တော်ကြာရင် ယောဂီနွယ်ဝင်ခေါ်ရင် လာထိုင်ရရင်း (ရယ်) စကားပြောချိန်ကို မရဘူးတဲ့၊ သီလစင်ကြယ် တယ်ဘုရား'တဲ့၊ ဒီမှာ သီလနဲ့ တစ်သက်လုံး ဆောက်တည်တဲ့ သီလနဲ့ မလဲနိုင်ဘူးတဲ့ အဘွားကြီးက တွက်တတ်တော့ သိတယ်နော။

## လူမမှန်ရင် ငရဲမီးစားတယ်

လောက စကားပုံရှိတယ် "ရွှေမမှန်ရင် ငရဲမီးစားတယ်" ဆိုတာရှိ၊ ရွှေမမှန်ရင် ဘာစား?၊ ဒီလိုပဲ လူမမှန်ရင် ငရဲမီးစာတယ်၊ လူမမှန်ရင် ငရဲကျတော့ ငရဲမီး စားတာပေါ့၊ ဟုတ်ပြီလား၊ အဲဒါကြောင့် ငရဲ, ငရဲဆိုတာ ငရဲက ကြောက်စရာကောင်းတာလား၊

သီလပျက်တာက ကြောက်စရာကောင်းတာလား?၊ ကိုယ့်ဘာသာကိုယ် ညြကာသ ကန်တော့ခန်းဆိုတော့ ဆုတောင်းထဲမှာ အပါယ်လေးပါး၊ ကပ်သုံးပါး ( ') ) ဗျသနတရားငါးပါး၊ ကဲ–မဆိုဘူးလား?၊ သီလဗျသန အဲဒီအထဲမှာ ပါတယ်၊ သီလပျက်တာ ဟုတ်ပြီလား၊ သီလကို ကိုယ့်ဟာကိုယ် ဖျက်တာ သူများက လာဖျက်လို့ရလား၊ ကိုယ်ဟာကိုယ်ဖျက်ပြီးတဲ့ အချိန်အခါကျတော့ "ဗျသနတရားငါးပါးတို့မှ လွတ်ရပါလို၏"ဆုတောင်းတော့ လွတ်မှာလား?။

## ဗျသန ငါးပါး၊ သုံးပါးမကြောက်၊ နှစ်ပါးကြောက်

ဉာတိဗျသန–ဆွေမျိုးရှိရင် ဆွေမျိုးပျက်တယ်၊ ဆွေမျိုးမပျက်ပါနဲ့ ဘယ်လိုမှ တားလို့မရဘူး၊ ဘောဂဗျသန–စီးပွားရှိရင်လဲ စီးပွားပျက်တယ်၊ စီးပွားမပျက်ပါနဲ့လို့ ဘယ်လိုမှ တားလို့မရဘူး၊ ရောဂဗျသန–ခန္ဓာကိုယ်ရှိရင်လဲ ကျန်းမာရေးပျက်တယ်၊ ဘယ်လိုမှ တားလို့မရဘူး၊ အဲဒီသုံးပါး ပျက်လို့ ဒီပုဂ္ဂိုလ်ဘယ်လိုမှ အပါယ်မကျဘူး၊ အဲ–သီလဗျသန–သီလပျက်ပြီ၊ ဒိဋ္ဌိဗျသန အယူမှန်ပျက်သွားပြီဆိုရင်တော့ သေရင် အပါယ်ကျပြီ၊ ဟုတ်ပြီလား၊ ဒါပေမယ့် လူတွေက သီလပျက်မှာနဲ့ စီးပွားပျက်မှာ ဘယ်ဟာကိုကြောက်လဲ?၊ နောက်တစ်ခါ သီလပျက်မှာနဲ့ ဆွေမျိုးပျက်မှာ ဘယ်ဟာကိုကြောက်လဲ?၊ နောက်သီလပျက်မှာနဲ့ ကျန်းမာရေးပျက်မှာ ဘယ်ဟာကို ကြောက်လဲ?၊ အေး–ကြောက်,ကြောက်၊ ဆွေမျိုးပျက်လို့၊ စီးပွားပျက်လို့၊ ကျန်းမာရေးပျက်လို့ သေ အပါယ်မကျဘူးတဲ့၊ သီလပျက်လို့ရှိရင်တော့ သေ အပါယ်ကျရော၊ အယူမှန်ပျက်ရင်လဲ သေ အပါယ်ကျနိုင်တယ်၊ နော်၊ အဲဒါကြောင့် ကြောက်သင့်တာကိုကြောက်၊ မကြောက်သင့်တာကို မကြောက်နဲ့၊ ဟုတ်ပြီလား။

## ပမာလေးချက် သီလတွက်

သီလကို ဖြည့်ကျင့်မှုနဲ့ပတ်သက်ပြီးတော့ ဘုရားရှင်ရဲ့ တိုက်တွန်း ဟောကြားချက်ဟာ အင်မတန် မှတ်ဖို့ကောင်းပါတယ်၊ ဘယ်လိုလဲ ဆိုတော့–

'* ယစ်မသည် မိမိရဲ့အသက်ကို စွန့်ကာ ဥကိုစောင့်သကဲ့သို့ လည်းကောင်း၊

* စာမရီသားကောင်သည် အသက်ကိုစွန့်ကာ မြီးဆံကို စောင့်ရှောက်သကဲ့သို့ လည်းကောင်း၊

* သားတစ်ယောက်တည်းသာ ရှိသောသူသည် အဲဒီသားကို ယုယုယယ စောင့်ရှောက်သကဲ့သို့ လည်းကောင်၊

* မျက်စိတစ်ဖက်သာ အကောင်းရှိသော ပုဂ္ဂိုလ်သည် အဲဒီမျက်စိကို ယုယုယုယ စောင့်ရှောက်သကဲ့သို့လည်းကောင်း၊

အဲဒီအတူပဲ သီလကို စောင့်ရှောက်ကြတဲ့သူတွေဟာ အရွယ် သုံးပါး လုံးမှာပင် ဂါရဝတရား လက်ရှိထားကြပြီးတော့ အလွန်တရာ သီလကို ချစ်မြတ်နိုးသူများ ဖြစ်ကြကုန်လော့'တဲ့၊ ဒီတော့ ဘုရားရှင်ဟာ သီလကို ဦးစားပေးပြီး အလေးပေးပြီး ဟောတယ်ဆိုတာ မထင်ရှား ဘူးလား?။

## အင်္ဂါလေးရပ် လူကဲခတ်

လူတစ်ယောက် အကျင့်သီလကောင်းတယ်, မကောင်းတယ် ဆိုတာ ပေါင်းဖော်ကြည့်မှ သိမယ်၊ ဟုတ်ပြီလား၊ အဲလို ပေါင်းဖော် ကြည့်တာလဲ ကြာရှည်ပေါင်းဖော်ကြည့်မှ သိမယ်၊ ကြာရှည်ပေါင်းဖော်

ကြည့်ရုံနဲ့ သိမှာလားဆိုတော့ ကိုယ့်မှာ သိတတ်တဲ့ ပညာလဲရှိဦးမှတဲ့၊ ဟုတ်ပြီလား၊ သိတတ်တဲ့ပညာရှိရုံနဲ့ သိမှာလားဆိုပြန်တော့ သူ့ကိုလဲကိုယ်က နှလုံးသွင်းရဦးမယ်တဲ့၊ အမှတ်တမဲ့နေရင် သိမှာလား?၊ အဲဒီတော့ ဘယ်နှစ်မျိုးပြည့်စုံမှသိလဲ ဆိုတော့ လေးမျိုးပြည့်စုံမှ ဟုတ်ပြီလား၊ ပေါင်းကြည့်ရမယ်၊ ကြာရှည်ပေါင်းကြည့်ရမယ်၊ သိတတ်တဲ့ပညာ ရှိရမယ်၊ သူ့ကိုလဲ အမြဲနှလုံးသွင်းနေရဦးမယ်၊ အဲဒီတော့မှ အကျင့်သီလ ကောင်းတယ်မကောင်းတယ် သိရမယ်တဲ့၊ ဟုတ်ပြီလား။

အဲဒါကြောင့် လူတစ်ယောက် အကျင့်သီလကောင်းတယ် မကောင်းတယ်ဆိုတာက ချက်ချင်းမြင်ရုံနဲ့ ဆုံးဖြတ်လို့ ရမှာလား?၊ သတင်းကြားနဲ့ ပြောလို့လဲရလား?၊ မလိုတဲ့ပုဂ္ဂိုလ်က မလိုသလို မပြောဘူးလာ?၊ လိုတဲ့ပုဂ္ဂိုလ်က လိုသလို မချီးမွမ်းဘူးလား?၊ အဲဒီတော့ သူများကဲ့ရဲ့ချီးမွမ်းတာကြည့်ပြီးတော့ ဆုံးဖြတ်ချက်ချလို့ မှန်မှာလား?၊ မမှန်ဘူး နော်။

## သီလကိုချစ် နံပါတ်တစ် ပုဂ္ဂိုလ်ထူးများ

သီလအတွက်နဲ့ အသက်ကို စွန့်သွားကြတဲ့ ပုဂ္ဂိုလ်ထူးတွေ အကြောင်း ပြောချင်ပါတယ်။

ရှေးအခါက သီဟိုဠ်ကျွန်း မဟာဝတ္တနိမည်သော တောအုပ်မှာ ထေရ်ကြီးတစ်ပါးကို ခိုးသူများက ဖမ်း၍ နွယ်ငန်းနဲ့ နှောင်ဖွဲ့တုပ်ချည်ကာ တုံးလုံးလှဲ၍ ထားခဲ့ကြတယ်၊ ထေရ်ကြီးဟာ လွတ်မြောက်ရန် ရုန်းထွက်လိုက ရုန်းထွက်နိုင်ပါတယ်၊ တကယ်လို့ ရုန်းထွက်ပါက နွယ်ငန်းပြတ်ပြီး အာပတ်သင့်မှာစိုးရိမ်တဲ့အတွက် မရုန်းထွက်ပါဘူး၊ တုပ်ချည်ထားခဲ့တဲ့အတိုင်း လျောင်းလျက်ပင်

ခုနစ်ရက်ပတ်လုံး ဝိပဿနာပွား၍ အနာဂါမ်အဖြစ်သို့ ရောက်ပြီး အဲဒီနေရာမှာပဲ ကွယ်လွန်၊ ဗြဟ္မာ့ဘုံသို့ ရောက်ပါတယ်၊ အဲဒီ မထေရ်ကြီးဟာ ပုထုဇဉ်ပါ၊ ပုထုဇဉ်ပင်လျှင် အသက်စွန့်၍ သီလ ချစ်ရင် အရိယာသောတာပန်ဟာ အဘယ်မှာ ဆိုဖွယ်ရာရှိပါတော့အံ့ နည်းလို့ မမှန်းဆနိုင်ဘူးလား။

သီဟိုဠ်ကျွန်းမှာပင် အခြားထေရ်ကြီးတစ်ပါး ရှိသေးတယ်၊ ခိုးသူများက ထေရ်ကြီးကို ဆင်သမန္တယ်ဖြင့် တုပ်နှောင်ကာ မထနိုင် အောင် တုံးလုံးလှဲပြီးတော့ ထားခဲ့ပါတယ်၊ အဲဒီခဏမှာပဲ တောမီး လောင်လာတဲ့အခါ ထေရ်ကြီးက အဲဒီနွယ်ကို ဖြတ်မယ်ဆိုက ဖြတ်နိုင် ပါတယ်၊ ဖြတ်ရင် အာပတ်သင့်မှာစိုးရိမ်လို့ နွယ်ကို မဖြတ်ဘဲ ဝိပဿနာကို ကြိုးစားပြီး ပွားတော်မူပါတယ်၊ အဲဒီလိုပွားတော့ အသက်သေခြင်းနှင့် ကိလေသာကုန်ခန်းခြင်းတို့ တစ်ပြိုင်နက် ညီမျှသည့် ဇီဝိတ သမသီသိခေါ် ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံတော်မူရ ပါတယ်၊ အဲဒါဟာ ပုထုဇဉ်ရဟန်းတော်တစ်ပါးပါပဲ၊ သီလအနေနဲ့ သောတာပန် အရိယာပမာ သီလအတွက်နဲ့ အသက်ကို စွန့်သွားတယ် မဟုတ်လား။

ဒီနေရာမှာ ဆက်လက်ပြီးတော့ ပြောပြချင်သေးတာက အမ္ဗခါဒက မဟာတိဿထေရ်ရဲ့အကြောင်းပါပဲ၊ အကြောင်းအရာ ကတော့ ခီရဂုမ္ဗအရပ်မှာ သီတင်းသုံးနေတော်မူတဲ့ မဟာတိဿ ထေရ်ဟာ ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်တဲ့အခါ ခရီးသွား တော်မူစဉ် ဆွမ်းအာဟာရပြတ်တဲ့အတွက် လည်းကောင်း၊ ခရီးကလဲ ပင်ပန်းတဲ့ အတွက်လည်းကောင်း၊ နွမ်းနယ်တဲ့ကိုယ် ရှိရကား အသီးမှည့်တွေ ပြည့်နေတဲ့ သရက်ပင်တစ်ပင်ရဲ့ အရင်းမှာ သီတင်း သုံးနားနေရပါတယ်၊ များစွာသော သရက်သီးမှည့်တွေကလဲ ကြွေကျ

နေပါတယ်၊ ထေရ်မြတ်ဟာ မည်မျှပင် ဆာလောင်မွတ်သိပ် နေသော်လဲ မိမိကိုယ်တိုင် ကောက်ယူ သုံးဆောင်တော်မူဖို့ စိတ်ကူးတော်မမူပါဘူး။

ကြည့်စမ်း၊ ဘယ်လောက်အံ့သြစရာ ကောင်းပါသလဲ?၊ လူသူလဲ မရှိဘူး၊ တစ်ပါးတည်းပဲ မကောင်းမှုပြုမယ်ဆိုရင် အလွယ်တကူပဲ အောင်မြင်နိုင်ပါတယ်၊ ကပ်မည့်သူမရှိ၊ မအပ်မစပ်မို့ ကောက်မစား ဘူး၊ အငတ်ခံနေတယ် နော်၊ ကြည်ညိုတယ်ဆိုတာ အဲဒီလိုပုဂ္ဂိုလ် များကို ကြည်ညိုရမှာ၊ ယခုတော့ ဒီလိုမဟုတ်ဘူး၊ လောကရေး များပြား ပစ္စည်း စုထားတဲ့ ပုဂ္ဂိုလ်တွေကိုပဲ ချီးကျူးကြည်ညိုနေကြ တယ်နော်။

ဒါနဲ့ အသိဉာဏ်ရှိတဲ့ ဒကာတစ်ယောက်၊ လူအိုတစ်ဦးပေါ့၊ ခရီးသွားရင်း ရောက်လာတယ်၊ သီလရှိတဲ့ ထေရ်မြတ်မှန်းသိတဲ့အခါ သရက်သီးတွေကို အဖျော်ရည်ပြုလုပ်ကာ တိုက်ကျွေး၊ ထေရ်မြတ်ကို ကျောပိုးပြီး ထေရ်မြတ်ကြွတော်မူလိုရာအရပ်သို့ ပို့ဆောင်ပါတယ်၊ သီလရှိတဲ့ ထေရ်မြတ်က ဆင်ခြင် 'ဒီဒကာကြီးဟာ သင့်ရဲ့ အဖလဲ မဟုတ်၊ အမိလဲမဟုတ်၊ ဆွေမျိုးဉာတိလဲမဟုတ်ပါဘဲလျက် ကျောပိုး ဆောင်ယူခြင်းအမှုကို ပြုလုပ်ရှာပေတယ်၊ အဲဒီလို ပြုလုပ်ခြင်းမှာ သင့်ရဲ့ သီလရှိခြင်းကြောင့်သာ ဖြစ်တယ်'လို့ ဆင်ခြင်လျက် မိမိကိုယ်ကို သီလ သမာဓိမယုတ်စေရန် ကျောပေါ်မှာလိုက်ရင်း ဝိပဿနာကို ပွားများ၍ အဲဒီအဖိုးအိုကျောပေါ်မှာပင် မဂ်အစဉ်အားဖြင့် တက်ကာ ရဟန္တာအဖြစ်သို့ ရောက်ပါတယ်။

ယခုပြောခဲ့တဲ့ ရဟန်းတော်တွေဟာ ပုထုဇဉ်ဘဝနဲ့ သီလကိုစောင့် ရှောက်တာတွေပဲ၊ ကိုယ်နဲ့အသက်ကို မငဲ့ကွက်ကြဘူး၊ သောတာပန် အရိယာတွေဆိုရင် ဆိုဖွယ်ရာရှိပါဦးမလား?၊ သောတာပန်အရိယာတွေ သီလအပျက်မခံပုံကို သာဓကေနဲ့ ပြောပြချင်ပါသေးတယ်။

သီလဝီမံသနဇာတ်မှာ ဘုရားရှင်လက်ထက်တော်အခါက သောတာပန်ဒကာတစ်ယောက် ရှိတယ်၊ အညတြပေါ့၊ အဲဒီ သောတာပန် ဒကာဟာ သူ့ရဲ့အဖော်ဖြစ်တဲ့ ဆတ္တာသည်တစ်ယောက်နဲ့ အတူ ကုန်ကူးသွားကြတယ်၊ ပင်လယ်ခရီးသင်္ဘောစီးပြီး သွားကြ တာပေါ့၊ အဲသူတို့သင်္ဘောထွက်ခွာလို့ (၇)ရက်အကြာမှာ သင်္ဘောဟာ ပျက်စီးတော့တာပဲ၊ ပျဉ်ချပ်ကလေးတစ်ချပ်ကို အမှီရတော့ ကျွန်း တစ်ကျွန်းရောက်တယ်၊ အစာရေစာပြတ်ငတ်နေတဲ့ သူတို့အဖို့ ဆတ္တာသည်က ငှက်တို့ကို သတ်ဖြတ်စားသောက်တယ်၊ ဆရာ သောတာပန်ကိုလဲ ကျွေးတယ်၊ ဒီတော့ ဆရာသောတာပန်က "ရည်မှန်းသတ်တဲ့ အသားမို့ ငါ မစားဘူး၊ ငါမစားသင့်ဘူး"လို့ ပြောပြီးတော့ ပယ်လိုက်တယ်၊ အငတ်ဘေးသင့်နေတာတောင်မှ သီလမလုံဘူးလား။

ပြီးတော့ပြောဦးမယ်၊ သောတာပန်ကျောင်းဒကာကြီး ဗိမ္ဗိသာရ မင်းကြီးဆိုတာ သီလအပျက်မခံဘဲနဲ့ အုပ်ချုပ်တယ်၊ တစ်ခါက မင်းကြီးရဲ့ တိုင်းစွန်ပြည်ဖျားမှာ သူပုန်ထတယ်၊ ဒီတော့ မင်းကြီးက စစ်ဗိုလ်စစ်တပ်ကို အမိန့်ပေးတယ် "အချင်းတို့၊ သူပုန်ထရာ ပစ္စန္တ ရစ်အရပ်ကို သွား၍ ပစ္စန္တ ရစ်အရပ်ကို ပကတိပင်ကိုအတိုင်း ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်းအမှုကိစ္စအဝဝတို့ကို ပြုလုပ်နိုင်အောင် တိုင်းသူပြည်သားများအား အေးအေးချမ်းချမ်း နေနိုင်အောင် စည်ပင် တိုးပွားအောင် ပြုလုပ်ပေးကြကုန်လော့"တဲ့၊ အဲဒီလို အမိန့်ပေးတယ်၊ ကဲ–ကြည့်၊ 'အချင်းတို့၊ အဲဒီသူပုန်တွေကို သွားပြီးတော့ ပယ်ရှား သုတ်သင်ပစ်လိုက်ကြကုန်လော့'လို့ ဘယ်တော့မှ မစေခိုင်းဘူးနော်၊ ဒီတော့ သောတာပန်အရိယာဟာ အသက်သာ အသေခံမယ်၊ သူ မြတ်နိုးတဲ့ ငါးပါးသီလကို အပျက်မခံဘူးဆိုတာ မသေချာဘူးလား?။

ခိုင်လုံအောင်ပြောဦးမယ်၊ သာမာဝတီဟာ သောတာပန်ပါ၊ ဗုဒ္ဓသာသနာလောကမှာ မကြားဘူးသူ မရှိသလောက်ပါပဲ၊ တစ်နေ့ မာဂဏ္ဍီမိဖုရားကြီးရဲ့ ကြံဆောင်ချက်အရ ဥတေနမင်းက သာမာဝတီတို့ထံ ကြက်အရှင်လေးကောင်ကို အရှင်လတ်လတ်သတ်ပြီး ချက်ပြုတ်လျက် ပွဲတော်ချက်ခိုင်းတယ်၊ ဒီတော့ သာမာဝတီတို့က ဘာပြောလိုက်လဲ?၊ "ငါတို့အသက် သေစေသော်လဲ သူ့အသက်ကို မသတ်နိုင်ပါဘူး၊ သတ်ပြီးတော့လဲ မချက်နိုင်ပါဘူး"လို့ ပြောလိုက်တယ်၊ ကဲ–ကြည့်ပါ၊ သတ်မချက်ရင် မင်းက သူတို့ကို သတ်နိုင်တယ်၊ သူတို့အသက်သာ အသေခံမယ်၊ သီလအပျက်ခံပြီး ကြက်မသတ်နိုင်ပါဘူးတဲ့၊ တချို့ ဒီခေတ်မှာ ဘာတွေ ပြောကြသလဲ?၊ 'သောတာပန်က ကိုယ့်ကိုယ်ကို ကာကွယ်သောအားဖြင့် အသက်သတ်သေးတယ်'တဲ့၊ မဟုတ်ဘူးနော်။

တစ်ခုကို ပြောချင်ပါသေးတယ်၊ ဝေသာလီပြည် လိစ္ဆဝီမင်းတို့ရဲ့ စစ်သေနာပတိချုပ်ကြီး သီဟဆိုတာရှိတယ်၊ အစက တတ္ထိတွေကို ကိုးကွယ်နေတာပါ၊ တစ်နေ့တော့ ဘုရားရှင်ထံသွားပြီး သူမေးလျှောက်ချင်တာတွေမေးလျှောက်တယ်၊ ဘုရားရှင်ကလဲ မဟာကရုဏာတရားနဲ့ ဖြေကြားတယ်၊ သောတာပန်ဖြစ်သွားတယ်၊ သူ့ရဲ့အယူအဆဟောင်းတွေကို စွန့်လိုက်ပြီနော်၊ ဘုန်းကြီးတို့ ယခု တွေ့ရတာတော့ သောတာပန်လဲ ဆိုသေးရဲ့ ဘုရားစင်ပေါ်လဲ ဘိုးတော်တွေရော၊ မယ်တော်တွေရော၊ ဆံပင်ဖားလျားနဲ့ ကိုးရိုကားယားတွေရော ရှုပ်လို့ပဲ၊ ဟုတ်ပါ့မလား သောတာပန်?၊ သီဟစစ်သူကြီးက ရတနာသုံးပါး ကြည်ညိုသွားတော့ ဘုရားနဲ့တကွ သံဃာတော်တွေကို ဆွမ်းစားပင့်တယ်၊ ဈေးထဲမှာ ရောင်းတဲ့ ပဝတ္တမံသ ခေါ်တဲ့ အလိုလိုဖြစ်သော

အသားဖြင့် ချက်ပြုတ်ပြီး ကပ်တယ်၊ ပထမကိုးကွယ်တဲ့ နိကဏ္ဍာတက္ကဒွန်းတွေက မြို့တွင်းလမ်းဆုံလမ်းမ လမ်းလေးခွဉ် လက်သီးလက်မောင်းတန်းပြီး ငိုကြွေးလျက် "သီဟာစစ်သူကြီးသည် ဝဖြိုးသော သားကောင်ကို သတ်၍ ရှင်ကြီးဂေါတမအား ဆွမ်းကျွေး တယ်၊ ရှင်ကြီးဂေါတမကလဲ သိလျက်နဲ့ စားတယ်"လို့ ကြွေးကြော်၊ ကဲ–ကြည့်စမ်း၊ သီဟာစစ်သူကြီးက သတ်သတဲ့၊ ဘုရားကလဲ ရည်မှန်းပြီးသတ်မှန်း သိလျက်နဲ့ စားသတဲ့၊ သီဟာစစ်သူကြီးရဲ့ လူများက သီဟာစစ်သူကြီးကို မဟုတ်မတရား ပြောနေတဲ့အကြောင်း ပြန်ပြောတယ်၊ သီဟာစစ်သူကြီးက "အချင်းတို့၊ ငါတို့ဟာ မိမိရဲ့ အသက်အန္တရာယ်ဖြစ်ပါစေ အသတ်ခံရပါစေ သေစေလိုသော စေတနာဖြင့် စေ့ဆော်၍ အသက်ရှိတဲ့ သတ္တဝါဟူသမျှကို ဘယ်တော့မှ မချကြကုန် မသတ်ကြကုန်"တဲ့၊ အဲဒီလို ပြန်ပြောတယ်၊ ကဲ– ဒီတော့ သောတာပန်အရိယာပုဂ္ဂိုလ်တွေပင် ငါးပါးသီလ မလုံဘူးလား?။

အဲဒါကြောင့် လူတွေ လူ့ဘုံဌာန လူလောကလာတာ ဘာနဲ့ လာတာလဲဆိုလို့ရှိရင် ကံနဲ့လာတယ်၊ ဘာနဲ့ လာတာလဲ?၊ ရှေ့လဲ ဘာနဲ့ သွားမှာလဲ?၊ ကံနဲ့ သွားမှာ ဟုတ်ပြီလား၊ ဒါ ကံသဘော ပြောတာ၊ နိဗ္ဗာန်ကျတော့ ဉာဏ်နဲ့ သွားရမယ်တဲ့၊ နိဗ္ဗာန်ကျတော့ ဘာနဲ့သွားရ?၊ ကံနဲ့သွားလို့ရှိရင် လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံမှာပဲ ချာချာလည်နေမှာ၊ ဟုတ်ပြီလား၊ ဉာဏ်နဲ့ သွားမှ ဘယ်ရောက်မှာလဲ၊ နိဗ္ဗာန်ရောက်မယ်တဲ့။

## လမ်းကြီးသုံးသွယ် ပန်းတိုင် သုံးမျိုး

ပြောမယ်ဆိုလို့ရှိရင် ကံလမ်းရယ်၊ ဈာန်လမ်းရယ်၊ ဉာဏ်လမ်းရယ်၊ ဘယ်နှစ်လမ်းလဲ?၊ ကံလမ်းဆိုတော့ လူ့ဘုံ နတ်ဘုံ မရောက်ဘူးလား?၊ ဈာန်လမ်းဆိုတော့ ဗြဟ္မာ့ဘုံ မရောက် ဘူးလား?၊ ဉာဏ်လမ်းဆိုတော့ နိဗ္ဗာန်မရောက်ဘူးလား?၊ ယောဂီတွေက ဘယ်ရောက်ချင်တာလဲ?၊ နိဗ္ဗာန် ရောက်ချင်တယ်တဲ့၊ အမယ်လေး၊ ကြီးကြီးကျယ်ကျယ်၊ ဘာနဲ့ သွားမှာလဲ?၊ ဒါနဆိုတာလဲ ကံပဲ၊ သီလဆိုတာလဲ ကံပဲ၊ ကံပေါ်ကို ဉာဏ်ဆင့်ရတယ်တဲ့၊ အဲဒီကံပေါ်ကို ဉာဏ်ဆင့်မှ နိဗ္ဗာန် ရောက်တာနော်။

# အခန်း (၄)

## သင်ဘယ်သူလဲ?

* ထောင်ကျဉ်းထဲကျ၊ ညှဉ်းခံရ၊ ခေါ် ပဲ့ငရဲလူ။
* စားဝတ်နေရာ၊ ဆင်းရဲရှာ၊ ခေါ်ပါပြိတ္တာလူ။
* အိပ်စားပျော်မွေ့၊ သိကုန်ကြ၊ ခေါ်ပဲ့တိရစ္ဆာန်လူ။
* ခုနောက်လောက၊ ကောင်းဆိုးမှု၊ သိကပရမတ္တလူ။
* ရုပ်နာမ်ခန္ဓာ၊ မသိရှာ၊ ခေါ်ပါအန္ဓလူ။
* ရုပ်နာမ်ခန္ဓာ၊ သိသူဟာ၊ ခေါ်ပါကလျာဏလူ။
* ကြောင်းကျိုးသိမြင်၊ ယုံမှားစင်၊ ခေါ်တွင် စူဠလူ။
* ကိလေသာစင်၊ နိဗ္ဗာန်ဝင်၊ ခေါ်တွင်အရိယာလူ။

(ဓမ္မဒူတ–အရှင်ပညာဇောတ)

## အင်္ဂါစုံတဲ့လူ

* ခြေထောက်ဒါန, ကိုယ်သီလ, ခေါင်းကဘာဝနာ။
* ဒါနလှူရှာ, ကျန်ဗလာ, ခြေသာပါတဲ့လူ။
* သီလစောင့်ရှာ, ကျန်ဗလာ, ကိုယ်သာပါတဲ့လူ။
* ဘာဝနာပွားရှာ, ကျန်ဗလာ, ခေါင်းသာပါတဲ့လူ။
* ကောင်းမှုသုံးဖြာ, ဖြည့်မှသာ, အင်္ဂါစုံတဲ့လူ။

(ဓမ္မဒူတ–အရှင်အာစိဏ္ဏ)

## ဓမ္မာနုပဿနာဆိုတာ ဒီလိုပါ

ဓမ္မာနုပဿနာကို နည်းနည်းသဘောပေါက်အောင် နားထောင်ကြည့်ပါ၊ ဓမ္မဆိုတာက ရုပ်ဓမ္မ၊ နာမ်ဓမ္မ၊ ရုပ်တရား၊ နာမ်တရားကို ခေါ်တယ်၊ ဓမ္မာနုပဿနာကိုပုဒ်ခွဲရင် ဓမ္မ၊ အနု၊ ပဿနာ ဒီလိုဖြစ်သွားတယ်၊ ဓမ္မဆိုတာက ရုပ်နာမ်တရားကိုခေါ်တယ်၊ အနုဆိုတာက ထပ်ခါ၊ ထပ်ခါ၊ ပဿနာဆိုတာက ကြည့်တာ၊ ရှုတာ၊ ဘယ်လိုကြည့်ရမှာလဲဆိုတော့ သတိပဋ္ဌာနဆိုတော့ အဲဒီရုပ်တရား၊ နာမ်တရားအပေါ်မှာ သတိကို ပဋ္ဌာနဆိုတာ တင်ထားတာပေါ့၊ မိမိရဲ့သတိကို ရုပ်ပေါ်မှာသော်လည်းကောင်း၊ နာမ်ပေါ်မှာသော်လည်းကောင်း၊ ရံခါရုပ်၊ ရံခါနာမ်ပေါ်မှာ သတိကိုတင်ထားပြီးတော့မှ ထပ်ခါထပ်ခါ ဒီကကြည့်နေတာ၊ ရှုနေတာက ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ ခေါ်တယ်။

တချို့ကမေးကြတယ်၊ အရှင်ဘုရား–သတိပဋ္ဌာန်လေးပါး ရှိပါရဲ့သားနဲ့ အရှင်ဘုရားတို့က ဘာဖြစ်လို့ ဓမ္မာနုပဿနာ သတိပဋ္ဌာန် တစ်ခုတည်းပြရတာလဲ? ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုတာက ဆင်ခြေရာနဲ့တူတယ်၊ ကုန်းသတ္တဝါထဲမှာ ဘယ်သတ္တဝါ ခြေရာအကြီးဆုံးလဲ? ကုန်းသတ္တဝါထဲမှာ ဆင်ခြေရာက အကြီးဆုံးဆိုတော့ အဲဒီခြေရာမှန်သမျှသည် ဆင်ခြေရာထဲမှာ သွားနင်းရင် ဆင်ခြေရာကို ကျော်မှာလား? ဘယ်အထဲမှာ အကျုံးဝင်သွားလဲ? ဆင်ခြေရာထဲမှာ အကျုံးဝင်သွားသလို ဓမ္မာ နုပဿနာသတိပဋ္ဌာန်ကို စနစ်တကျရှုတတ်

ရင် ကာယာနုပဿနာပတိပဋ္ဌာန်လဲ ဓမ္မာနုပဿနာသတိပဋ္ဌာန်ထဲမှာ အကျုံးဝင်သွားတယ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်လဲ ဓမ္မာနုပဿနာသတိပဋ္ဌာန်ထဲမှာ အကျုံးဝင်သွားတယ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်လဲ အဲဒီဓမ္မာနုပဿနာသတိပဋ္ဌာန်ထဲမှာ အကျုံးဝင်သွားတယ်။

အခုဆိုပါတော့ သတိပဋ္ဌာန်က ဘယ်နှစ်ပါးရှိလဲ? လေးပါး၊ ဟုတ်ပြီလား၊ ဘုန်းကြီးတို့အခုပြမှာက ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ဒါဘုန်းကြီးတို့ သဘောကျတာက၊ ဘာလို့သဘောကျလဲဆိုတော့ ဓမ္မဆိုတာက ရုပ်နာမ်ဆိုတော့ ရုံခါရုပ်၊ ရုံခါနာမ်၊ ရုပ်ကိုယူလိုက်လို့ရှိရင် ရုပ်ခန္ဓာတစ်ပါး၊ နာမ်ကိုယူလိုက်လို့ရှိရင် နာမ်ခန္ဓာလေးပါး မပါသွားဘူးလား၊ နာမ်ဆိုတဲ့အထဲမှာက ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ လေးပါး မပါသွားဘူးလား? ရုပ်ဆိုရင် ခန္ဓာတစ်ပါး၊ နာမ်ဆိုရင် ခန္ဓာဘယ်နှစ်ပါးလဲ?

## အသက်သမုတ် နာမ်နဲ့ရုပ်

အေး–ဝိပဿနာရှုတယ်ဆိုတာက ထင်ရှားရာက စရှုရတယ်၊ ဘယ်ကစရှု? ရုပ်မှန်းလဲမသိ၊ နာမ်မှန်းလဲမသိ၊ ဘာမှမသိသေးတဲ့ အချိန်အခါမှာ သွားပြီးတော့ စိတ်ကိုရှုပါတယ်ဆိုလို့ရှိရင် စိတ်ဆိုတာက တည်ရာမှမရှိဘဲနဲ့မလွယ်ဘူး၊ ရုပ်ဆိုတော့ မလွယ်ဘူးလား? ဒါကြောင့် ဘုန်းကြီးတို့တော့ ဓမ္မာနုပဿနာနည်းနဲ့က ထင်ရှားတဲ့ အာရုံဖြစ်ရမယ်၊ ပြီးတော့မှ အမြဲတမ်းတွေ့တဲ့အာရုံမျိုးလဲဖြစ်ရမယ် ဆိုတော့ အခုပရိသတ်တွေထိုင်နေတော့ အသက်မရှူဘဲနဲ့ ထိုင်နေလား? အသက်ရှူကို ရပ်ထားလို့ရလား? အသက်ရှူတာကို ဘယ်လိုမှ ရပ်ထားလို့မရဘူး၊ အိပ်နေတာတောင်ဘာဖြစ်လဲ? ရှူနေတယ်၊

အဲဒါကြောင့် အသက်ရှူတဲ့အချိန်ခါကျတော့ ဘုန်းကြီးတို့က တကယ်ပြောလို့ရှိရင် "အသက်သမုတ်, နာမ်နဲ့ရုပ်"ဆိုတော့ အသက်ဆိုတာ တကယ် မရှိဘူး၊ နာမ်နဲ့ရုပ်ကို အသက်သမုတ်ထားတာ၊ ဘာနဲ့ဘာကို အသက်လို့ခေါ်တာလဲ၊ အသက်သမုတ်, နာမ်နဲ့ ရုပ်ဆိုရတော့ အသက်ဆိုတာရှိလား? နို့-ဘယ်လိုသုံးလဲ၊ အသက် ရှူတယ်လို့မသုံးဘူးလား? တကယ်တော့ အသက်ကိုရှူတာလား၊ လေကိုရှူတာလား? လေကိုရှူတာကို ဘာဖြစ်လို့ အသက်ရှူတယ်လို့ သုံးလဲ မေးရင် လေသာမရှူရရင် ဒီပရိသတ်တွေသေပြီ၊ လေတောင်မှ လေကောင်း လေသန့်ကိုရှူရမှ၊ ညစ်နွမ်းတဲ့လေကိုရှူရင် ရှင်မလား? အဲဒါကြောင့် အဲဒီလေကို အသက်လို့ခေါ်တာ၊ အဲဒီလေကိုရုပ်နဲ့နာမ်နဲ့ ခွဲရင် လေသည် ဘယ်အထဲပါလဲ? ရုပ်ထဲမှာပါတယ်၊ ဟုတ်ပြီလား၊ အခုဒီမှာ ပထဝီရုပ်၊ အာပေါရုပ်၊ တေဇောရုပ်၊ ဝါယောရုပ် မရှိဘူးလား? လေသည် ဘာရုပ်လဲ? ဝါယောရုပ်၊ ဝါယောရုပ်ဟုတ်ပြီ လား၊ လေရဲ့သဘောက တိုးတဲ့သဘော၊ တိုက်တဲ့သဘော၊ တွန်းတဲ့သဘော၊ ထိတဲ့သဘောရှိတယ်၊ အဲတော့ လေသည် နှာခေါင်းထဲကို အခု ဘုန်းကြီးတို့ပရိသတ်တွေ ထိုင်ပြီးတော့မှ နားထောင်နေတော့ အသက် မရှူဘဲနားထောင်နေလား, အသက် ရှူရင်းနဲ့နားထောင်နေလား? ဒါပေမယ့်သူ့ကို သတိမထားတော့ ဒီလေဟာ နှာခေါင်းထဲ ဘယ်လို ဝင်လဲ၊ နှာခေါင်းထဲက ဘယ်လို ထွက်လဲလို့သိလား၊ ဘာလို့မသိ တာလဲ? သတိမထားလို့၊ ဟုတ်ပြီလား၊ ဒါကြောင့် ဝိပဿနာဆိုတာ အင်မတန်လွယ်တာကို ဘုန်းကြီးတို့က ပြောချင်လို့၊ အခုလေသည် "ရုပ်တရား" လို့ မသိသွားဘူးလား။

## ဝိပဿနာဆိုတာ အနားယူတဲ့အလုပ်

အဲတော့ နေသာသလိုနေ၊ ဝိပဿနာဆိုတာက ဘုန်းကြီးတို့ သဘောပေါက်တာက အနားယူတဲ့အလုပ်လို့သဘောပေါက်တယ်၊ ဘာအလုပ်လဲ? ဝိပဿနာဆိုတာ အပင်ပန်းခံတဲ့အလုပ်လား၊ အနားယူတဲ့အလုပ်လား? အနားယူတဲ့အလုပ်လို့ ဘုန်းကြီးတို့တော့ သဘောပေါက်တယ်၊ စာမှာလဲဘယ်လိုဆိုလဲဆိုတော့ (ဣရိယာပထသုခသေဝနတာ) ချမ်းသာတဲ့ဣရိယာပုထ်ကို မှီဝဲရမယ်၊ တရားအားထုတ်ရင် ဘယ်ဣရိယာပုထ်? အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်တွေ တင်ပျဉ်ခွေထိုင်မှ ချမ်းသာတဲ့ပုဂ္ဂိုလ်က တင်ပျဉ်ခွေထိုင်၊ တင်ပျဉ်ခွေဆိုတာကို တချို့က မရှိမသေထိုင်တယ်လို့ယူဆတယ်၊ မဟုတ်ဘူး၊ ဒူးထောင်ပေါင်ကားထိုင်မှ မရှိမသေထိုင်တာခေါ်တယ်နော်၊ ကျုံ့ကျုံ့ထိုင်မှ ချမ်းသာတဲ့ပုဂ္ဂိုလ်က ကျုံ့ကျုံ့ထိုင်ရတယ်၊ အဲ–တစ်ယောက်ထဲ ကိုယ့်ဟာကိုယ်ကျတော့ ဒူးထောင်ပေါင်ကားထိုင်ချင်လဲထိုင်ပေါ့လေ၊ အများထဲမှာမို့လို့သာပြောပြတာ၊ တချို့တင်ပျဉ်ခွေလဲမထိုင်နိုင်တဲ့ပုဂ္ဂိုလ်တွေ မရှိဘူးလား? တချို့ကျုံ့ကျုံ့မထိုင်နိုင်တဲ့ပုဂ္ဂိုလ်လဲမရှိဘူးလား? ထိုင်မှတရားရမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေ တရားရပါဦးမလား? ချမ်းသာတဲ့ ဣရိယာပုထ်ကို မှီဝဲဆိုတော့ တချို့ဆို ဒူးလေးတစ်ဖက်ကို ထောင်ထားပြီးတော့မှ , လက်ကလေးနဲ့သိုင်းပြီးတော့မှ ထိုင်ရတဲ့ပုဂ္ဂိုလ်တွေ ဘုန်းကြီးတို့ တွေ့ဖူးတယ်။

## ထိုင်အားထုတ်မယ်ဆိုရင် ဒီလိုထိုင်ပါ

အဲတော့ ဝိပဿနာဆိုတာ ခက်ခက်ကြီးမဟုတ်ဘူးနော်၊ တင်ပျဉ်ခွေထိုင်သန်တဲ့ပုဂ္ဂိုလ်က တင်ပျဉ်ခွေထိုင်၊ ကျုံ့ကျုံ့ထိုင်သန်တဲ့

ပုဂ္ဂိုလ်က ကျုံ့ကျုံ့ထိုင် ဟုတ်ပြီလား၊ လက်နှစ်ဘက်ကို ပက်လက်လှန်ပြီးတော့ ဘယ်ဘက်လက်ကို အောက်ကထား၊ ညာဘက်လက်ကို အပေါ်ကတင်၊ လက်မချင်း လက်မချင်းထိကာမတ္တလေးထား၊ အောက်ပိုင်းက ခန္ဓာကိုယ်ကို တင်ပျဉ်ခွေထိုင်၊ ကျုံ့ကျုံ့ထိုင်ထားတယ်ဆိုတော့ မကွေးထားဘူးလား၊ ကွေးထားပြီးမှ အထက်ပိုင်းခန္ဓာကိုယ်ဖြစ်တဲ့ ခါးအထက်ပိုင်းကို ဖြောင့်ဖြောင့်လေးထားတဲ့၊ ဟုတ်ပြီလား၊ ခါးအထက်ပိုင်းကို ဘယ်လိုထားရမှာလဲ? အဲဒီလိုဖြောင့်ဖြောင့်ထားဆိုကတည်းက ရည်ရွယ်ချက်ရှိတယ်၊ ဘာဖြစ်လို့ဖြောင့်ဖြောင့်ထားတာလဲဆိုတော့ ဒုက္ခတော်တော်နဲ့မဖြစ်အောင်တဲ့၊ ဟုတ်ပြီလား၊ ခန္ဓာကိုယ်က ဘာခန္ဓာကိုယ်လဲ? ဒုက္ခခန္ဓာကိုယ်ပဲ၊ ဒါပေမယ့် တော်တော်နဲ့နာကျင်ကိုက်ခဲတဲ့ဒုက္ခတွေမဖြစ်အောင် တစ်နာရီထိုင်ရင် တစ်နာရီဒုက္ခမဖြစ်ဘဲနဲ့ ချမ်းချမ်းသာသာထိုင်နိုင်အောင်ထိုင်ရတာ၊ ဟုတ်ပြီလား၊ အဲဒါ ကိုယ်ဖြောင့်သွားပြီဆိုရင် ဦးခေါင်းကိုလဲဖြောင့်ဖြောင့်လေးထား၊ မျက်စိကို အိပ်ခါနီးအချိန်မှာမှိတ်သလိုလေးမှိတ်၊ ပါးစပ်ကိုလဲ စကားမပြောဘဲနေတဲ့အခါ စေ့သလိုလေးထားပြီးတော့မှ နှာသီးဖျား၊ နှုတ်ခမ်းဖျားကို သတိထားတော့၊ ဟိုက ရှုသွင်းရှုထုတ်တဲ့အလုပ်က မလုပ်ဘူးလား၊ လုပ်နေလား။

## အိမ်မှာနေတာထက် ပိုဆင်းရဲရင်ဝိပဿနာမဟုတ်ဘူး

ရှုနေကျအတိုင်း အသက်ကို မှန်မှန်ရှူ သဘာဝအတိုင်းရှူပါ၊ ဟုတ်ပြီလား၊ ရှုနေကျအတိုင်းရှုနော်၊ ခါတိုင်းခါတိုင်းရှုတော့ ကိုယ်လှုပ်လား? ကိုယ်လှုပ်တယ်ဆိုကတည်းက သဘာဝရှုလား၊ လုပ်ရှုလား၊ အဲဒါ ဝီရိယမလွန်ဘူးလား၊ လွန်လား? မပင်ပန်းဘူးလား၊ ပင်ပန်းလား? ဝိပဿနာဆိုတာက ဘုန်းကြီးတို့

နဂိုထက်ပိုပြီးတော့မှ မဆင်းရဲစေရဘူး၊ အိမ်မှာနေတာထက် ပိုဆင်းရဲရင် ဝိပဿနာမဟုတ်ဘူး၊ အားထုတ်ပုံအားထုတ်နည်းမမှန်ဘူး၊ နဂိုနေ၊ နဂိုထိုင်၊ နဂိုအလုပ်ထက်ပိုဆင်းရဲတယ်ဆို ဝိပဿနာမဟုတ်ဘူး၊ ဘုရားနည်းမကျသေးဘူး၊ နဂိုတုန်းက မမောဘဲနဲ့ တရားရှုကာမှ မောတယ်ဆိုကတည်းက အသက်ရှုမှန်မလား? အားနဲ့ရှုသွင်းမယ်၊ ရှုထုတ်မယ်ဆိုလို့ရှိရင် မောမယ်၊ ကျပ်လာမယ်၊ သူက မောမယ်, ကျပ်မယ်ဆိုကတည်းက အသက်ရှုမှန်မလား? အဲဒါ မဟုတ်တော့ဘူး၊ ဝိပဿနာဆိုတာက ပင်ကို မောကျပ်နေသည့်ပုဂ္ဂိုလ်သည်ပင် အဲဒီအမောအကျပ်ပျောက်ရမယ်၊ အခု အကောင်းကြီးကနေ မောပါတယ်၊ ကျပ်ပါတယ်ဆိုရင် ဝိပဿနာဟုတ်မလား? အမောအကျပ်သမားသည် တဖြေးဖြေးနဲ့ အမောအကျပ်ကို ပျောက်ရမယ်၊ ဟုတ်ပြီလား၊ ဒါကြောင့် သဘာဝအတိုင်းရှူ၊ ရှုနေကျအတိုင်းရှူ၊ မနေးမမြန်ပုံမှန်ရှုရမယ်၊ ဟုတ်ပြီလား။

ရှုသွင်းလိုက်လို့ရှိရင် နှာသီးဖျားမှာသော်လည်းကောင်း၊ နှုတ်ခမ်းဖျားမှာသော်လည်းကောင်း အေးသွားတဲ့သဘော၊ နွေးသွားတဲ့သဘော မတွေ့နိုင်ဘူးလား? အေးသွားတဲ့သဘောက အဲဒီလေထဲမှာပါတဲ့ တေဇောဓာတ်ပဲ၊ သီတတေဇော၊ ဟုတ်ပြီလား၊ လေထဲမှာ မပါဘူးလား? အသုံးကတော့ အမလေး–လေကအေးလိုက်တာ မသုံးဘူးလား? လေကအေးတာလား? သီတတေဇောက အေးတာလား၊ ဒါပေမယ့် ဘုန်းကြီးတို့ကတော့ လူပြိန်းတွေကျတော့ တေဇောတွေ၊ ဝါယောတွေမခွဲတော့ဘူးပေါ့၊ အေးသွားရင် ရပ်လို့မှတ်၊ ဒီလိုမှတ်ခိုင်းလိုက်တာပဲ၊ ဟုတ်ပြီလား၊ အေးသွားရင် ဘယ်လိုမှတ်? “ရပ်” ဟုတ်ပြီလား၊ ပြန်ပြီးတော့ထွက်လို့ရှိရင် နှာသီးဖျား၊ နှုတ်ခမ်းဖျားမှာ အများအားဖြင့် ဘယ်လိုတွေ့တတ်လဲ၊ နွေးသွားတဲ့

သဘောတွေ့မယ်၊ မတွေ့ဘူးလား? နွေးသွားရင်လဲ နွေးသွားတာ ဘာတရားလဲ? ရုပ်တရားပဲ၊ နွေးတာလဲတေဇောရုပ်ပဲ၊ ဝါယောရုပ် ထဲမှာပါတယ်၊ ဝါယောရဲ့သဘောကတော့ တိုးတယ်၊ တွန်းတယ်၊ ကန်တယ်၊ ထောက်မယ်၊ မတယ်၊ ပင့်တယ်၊ ဒီသဘောကိုခေါ်တာကိုး၊ ဒီဝါယောရုပ်ထဲမှာ ရုပ်သည်တစ်ရုပ်တည်းနေလို့မရဘူး၊ ရမှာလား? ရုပ်ကဘုန်းကြီးတို့ပြောမယ်ဆိုလို့ရှိရင် အဝိနိဗ္ဘောဂရုပ်(၈)ခု၊ အဝိနိဗ္ဘောဂရုပ်(၈)ခုဆိုတာ ခွဲမရတဲ့ရုပ်(၈)ခု၊ တစ်တွဲတည်းဖြစ်နေတဲ့ ရုပ်(၈)ခု၊ အလွယ်ပြောရင် ဒါပဲ၊ အဲဒီတော့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော လေးခုမရှိဘူးလား? အဲဒါက ဘုတ်ကြီး(၄)ခု ပေါ့၊ အမှီခံရုပ်ကြီး(၄)ခုလို့ခေါ်တယ်၊ ပြီးတော့မှ သူ့အပေါ်မှာ မှီနေတာက ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဘယ်နှစ်မျိုးလဲ? (၄)မျိုး၊ ခုနက အမှီခံရုပ်က (၄)မျိုး၊ မှီတဲ့ရုပ်က (၄)မျိုး၊ အဲဒီရုပ်(၈)မျိုးကို ခွဲလို့ရလား? ဒါဖြင့် အခုဝါယောလို့ဆိုသဖြင့် ဘယ်သူပါနေလဲ? ပထဝီ၊ အာပေါ၊ တေဇော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ မပါနေဘူးလား၊ အဲဒါကြောင့် တိုးတာကိုအဓိကထားရှုတယ်ဆိုပေမယ့် တိုးတဲ့သဘော ထဲမှာ အေးသဘော၊ နွေးသဘောလဲမပါဘူးလား?

ဒီတော့ နှာသီးဖျား၊ နှုတ်ခမ်းဖျားမှာ သတိကပ်ထား၊ အေးရင် လဲရုပ်လို့ရှု၊ နွေးရင်လဲရုပ်လို့ရှု၊ တိုးရင်လဲရုပ်လို့ရှု၊ တွန်းရင်လဲ ရုပ်လို့ရှု၊ ထိရင်လဲရုပ်လို့ရှုပေါ့၊ ဟုတ်ပြီလား၊ ဒီသဘောတွေမှာ နှာသီးဖျား၊ နှုတ်ခမ်းဖျားမှာ မတွေ့နိုင်ဘူးလား? တွေ့တာပဲ၊ ဘာတွေ့တွေ့ နဂိုအနေနဲ့မတူဘဲ တစ်မျိုးဖြစ်တာကို ဘာလို့ခေါ်လဲ? ရုပ်လို့ခေါ်တာ၊ ဒီတော့ နှာသီးဖျား၊ နှုတ်ခမ်းဖျားမှာ အသက်မရှူ ခင်ကနဲ့ အသက်ရှူတဲ့အချိန်မှာလဲ တစ်မျိုးလေးတော့ ထူးခြားမှုမဖြစ် ဘူးလား? တချို့ကျတော့ ဘယ်လိုပြောလဲဆိုတော့ ဟာ–တပည့်

တော်တို့ တိုးမှန်းလဲမသိဘူး၊ တွန်းမှန်းလဲမသိဘူး၊ ထိမှန်းလဲမသိဘူး၊ ပူမှန်းလဲမသိဘူး၊ အေးမှန်းလဲမသိဘူးဘုရား၊ ဘယ့်နှယ်လုပ်မလဲ၊ တချို့ကဒီလိုမေးတယ်၊ အဲဒါဆိုရင်သတိထားနေ၊ မရှူခင်နဲ့ရှူဆဲမှာ တစ်မျိုးလေးတော့ဖြစ်လိမ့်မယ်၊ အသက်ရှူခဏရပ်ထားကြည့်၊ ပြီးမှ သတိထားပြီးရှူသွင်း ရှူထုတ်လုပ်ကြည့်၊ တစ်မျိုးလေးတော့ ဖြစ်ကို ဖြစ်ရမယ်၊ အဲဒီတစ်မျိုးလေးဖြစ်တာကို "ရုပ်"လို့မှတ်လို့၊ ဟုတ်ပြီ လား၊ တစ်မျိုးဖြစ်တိုင်းဖြစ်တိုင်း သတိမလစ်စေရဘူး၊ အဲဒီတစ်မျိုး လေးဖြစ်တဲ့အချိန်မှာ သတိလေးတင်ထားတော့ သတိပဋ္ဌာန်မဖြစ် သွားဘူးလား၊ အဲဒီတော့ ဘုန်းကြီးတို့ရှုမှာက ဓမ္မာနုပဿနာဆိုတော့ ရုပ်ဓမ္မပေါ်မှာ တင်ထားလိုက်တယ်ပေါ့၊ အဲဒီရုပ်ဓမ္မကို အနုဆိုတာ ထပ်ခါထပ်ခါ၊ ပဿနာဆိုတာ ဘာဖြစ်လဲ? ကြည့်နေတာ။

အဲတော့ ကြည့်တယ်ဆိုတဲ့ဥစ္စာမှာ ကြည့်နည်းကား သိပ်ပြီး တော့ လိုတယ်၊ ဘယ်လိုကြောင့် လိုလဲဆိုလို့ရှိရင် အခုဘုန်းကြီးတို့ ပရိသတ်တွေ ဘုန်းကြီးကိုကြည့်မနေဘူးလား? ကြည့်နေတော့ အံကြိတ် ကြည့်နေတာလား? ရင်ကော့ကြည့်နေတာလား? ကိုယ်တွေ တောင့် တင်းကြည့်နေတာလား? ဘယ်လိုကြည့်? အခုနေတဲ့အခါမှာ သက်တောင့်သက်တာမရှိဘူးလား၊ အဲ–တရားအားထုတ်တဲ့အခါမှာလဲ အဲဒီလိုပဲ သက်တောင့်သက်သာနဲ့ကြည့်ရမှာ၊ ဟုတ်ပြီလား၊ အခု ကြည့်နေတာက ပကတိမျက်လုံးနဲ့ကြည့်တယ်၊ ဘာမျက်လုံးနဲ့ကြည့်? တရားအားထုတ်တော့ မျက်လုံးပြောင်းလိုက်တာ၊ ဉာဏ်မျက်စိနဲ့ ကြည့်၊ ဘာမျက်လုံးနဲ့ကြည့်ရမှာလဲ? အဲတော့ တရားအားထုတ်တာက အနေအထိုင်၊ အသွားအလာ၊ အလုပ်အကိုင် ပြောင်းတာလား၊ မျက်လုံးပြောင်းတာလား? အခုတော့ ဘုန်းကြီးတို့တွေ့တာကတော့ မျက်လုံးပြောင်းတာမတွေ့ရဘူး၊ လူပြောင်းတာပဲတွေ့ရတယ်(ရယ်)၊

လျှောင်းထိုင် ရပ်သွား လျှော်သလို အားထုတ်ထိုင်မှ တရားလို့ အဲသလိုထင်နေကြတာ၊ ထိုင်မှ တရားဆိုရင် မထိုင်နိုင်တဲ့ပုဂ္ဂိုလ်တွေ တရားမရတော့ဘူးပေါ့၊ တရားက ထိုင်မှတရားလား? ထသွားရင်ရော?။

အခုတရားထိုင်သွားခါနီး ဘယ်လိုပြောလဲ? နင်တို့ ဘယ်သွားမလို့လဲဆိုရင် ဒို့တရားထိုင်သွားမလို့မပြောဘူးလား? ပြောတဲ့လူက ဘယ်လိုပြော? ကိုယ်ကလဲ ဟိုကျထိုင်တယ်၊ ထိုင်တုန်းတော့ ဟုတ်တာပေါ့၊ ထသွားတော့ ပါသေးလားတရားက? ဘာလို့မပါတာ့လဲ၊ ထိုင်မှတရားဆိုတော့ ပြီးပြီလေသူက၊ ထိုင်တုန်းပဲ, ကျန်တဲ့အချိန် တရားမရှုကောင်းဘူးပေါ့၊ ကျန်တဲ့ဣရိယာပုထ်နဲ့ရှုလို့ရှိရင် မိုးကြိုးပစ်တတ်တယ်၊ အဲဒါပဲ၊ အမှန်က ဒီလိုကြည့်နေတော့ ထင်ရှားတာပေါ့၊ ဟုတ်ပြီလား၊ ဒီသဘောလေးကို သူ့ကကြည့်နေတာ၊ ဘာမှကိုယ်ကနေပြီးတော့ လုပ်နေစရာမလိုဘူး၊ ပကတိမျက်စိနဲ့ ကြည့်နေသလိုပဲ၊ အဲဒီနာသီးဖျား, နှုတ်ခမ်းဖျားလေးကို သတိကပ်ပြီးတော့မှ ကိုယ့်ဟာကိုယ်ဆိုလို့ရှိရင် ထိုင်ကြည့်၊ မထိုင်နိုင်ဘူးဆိုလို့ရှိရင် တုံးလုံးလှဲကြည့်၊ ဟုတ်ပြီလား၊ ကြည့်လို့မရဘူးလား? အသက်ရှူသွင်း၊ ရှူထုတ်ဖြစ်စေရန် တမင်အားထုတ်နေတာမျိုး မဖြစ်စေရဘူးနော်။

နှာသီးဖျား၊ နှုတ်ခမ်းဖျား သတိထားတော့ ရှူပဲသွင်းသွင်း, ရှူပဲထုတ်ထုတ်၊ ထိသွားရင် ဒါဘာတရားလဲ၊ ရုပ်တရား၊ ဟုတ်ပြီလား၊ တိုးသွားရင်ရော၊ တိုက်သွားရင်ရော၊ အေးသွားရင်ရော၊ နွေးသွားရင်ရော၊ လှုပ်ရှားသွားရင်ရော၊ အဲဒီ "ရုပ်တရား, ရုပ်တရား" လို့ သိနေတာက နာမ်တရား၊ သိတာက ဘယ်သူကသိတာလဲ၊ နာမ်တရား ဟုတ်ပြီလား၊ တစ်နည်းပြောရရင် ရှုတာက နာမ်တရား၊ ရှု

တာကဘာတရားလဲ၊ အရှုခံက ရုပ်တရား၊ အေးသွားတဲ့လေကို "အရှုခံ" ဒီလိုခေါ်တယ်၊ ဘာတရားလဲ၊ ရုပ်တရား၊ ဟုတ်ပြီလား၊ ရှုတာက ဘယ်သူကရှုတာလဲ၊ နာမ်တရားနော်၊ အဲဒီ နာမ်တရားထဲမှာ သတိ, ဝီရိယ, ပညာ, ဒီနာမ်တရားတွေက ရှုတာပဲ၊ ဘုရားကဘာပြောလဲဆိုတော့ အဲလိုခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်လေးထားပြီးတဲ့အချိန်အခါကျတော့ (ပရိမုခံ, သတိံ, ဥပဋ္ဌပေတွာ) ကမ္မဋ္ဌာန်းကို ရှေးရှုသလိုဖြစ်စေ၍တဲ့၊ သတိထားတာနော်၊ အဲတော့ပြောမယ်ဆိုလို့ရှိရင် ဘုန်းကြီးတို့ တရားအားထုတ်တယ်ဆိုတာ မိစ္ဆာသတိက သမ္မာသတိကိုပြောင်းသည်၊ ခါတိုင်းလဲ မိမိတို့မှာ သတိမရှိဘူးလား? အဲဒါက ဘာသတိလဲ၊ သားသမီးတွေ သတိမရဘူးလား? အိုးတွေ, အိမ်တွေ, ရောက်ဖူး, ပေါက်ဖူးတာတွေ သတိရရင် အဲဒါဟာ သတိ၊ မိစ္ဆာသတိ ဟုတ်ပြီလား၊ အခုသတိရရမှာက ရုပ်နာမ်ဆိုတော့ သမ္မာသတိ၊ သတိပြောင်းတာ ဟုတ်ပြီလား၊ ပြီးတော့ ဉာဏ်မျက်စိပြောင်းတယ်၊ ပကတိမျက်စိက ဘာမျက်စိပြောင်း? ဉာဏ်မျက်စိပြောင်းတယ်၊ နောက်တစ်ခါ ဝီရိယကလဲ မိစ္ဆာဝီရိယ၊ သမ္မာဝီရိယ နှစ်မျိုးရှိတယ်၊ ဟုတ်ပြီလား၊ အခုဘာဝီရိယက ဘာဝီရိယပြောင်းမှာလဲ? မိစ္ဆာဝီရိယကနေ သမ္မာဝီရိယကိုပြောင်း၊ ဟုတ်ပြီလား၊ မိမိတို့ ခါတိုင်းခါတိုင်း ဝီရိယက အကုသိုလ်ရအောင်လုပ်တဲ့ဝီရိယ၊ အခုဝီရိယက ကုသိုလ်ရအောင်လုပ်တဲ့ဝီရိယ၊ အကုသိုလ်ကိုပယ်, ကုသိုလ်ရအောင်လုပ်တဲ့ ဝီရိယသည် သမ္မာဝီရိယ ဟုတ်ပြီလား၊ ရှင်းရှင်းပြောရင် ဒါပဲနော်။

အဲတော့ နှာသီးဖျား၊ နှုတ်ခမ်းဖျားမှာ အေးတဲ့သဘော၊ နွေးတဲ့သဘော၊ တိုးတဲ့သဘော၊ တွန်းတဲ့သဘော၊ ထိတဲ့သဘော တစ်ခုခုအမြဲမရှိဘူးလား, ရှိလား? ရှိပေမယ့် သတိမထားတော့

သိလား? မသိဘူး၊ ဉာဏ်မျက်စိနဲ့မကြည့်တော့လဲသိလား? ဝီရိယ နဲ့စိုက်မကြည့်တော့လဲသိမလား? အခုက ယောဂီတွေ သတိထား၊ ယောဂီတွေမှာ ရှိရမှာက သတိ, ဝီရိယ, ပညာ, ဘာရယ်ဘာရယ် လဲ? အဲဒီ သတိ, ဝီရိယ, ပညာဆိုတာက ကိုယ်မှာရှိရမှာလား၊ စိတ်မှာရှိရမှာလား၊ စိတ်နဲ့တွဲပြီးတော့ ရှိရမှာနော်။

ကိုယ်ကို သက်တောင့်သက်သာ မျှမျှတတ ချမ်းချမ်းသာသာ လေးထားပြီးတော့မှ စိတ်မှာ သတိ၊ ဝီရိယ၊ ပညာ တန်ဆာဆင်ပြီး တော့မှ နှာသီးဖျား၊ နှုတ်ခမ်းဖျား သတိထားပြီးတော့ တိုးသွားလဲ ရပ်၊ တွန်းသွားလဲရပ်၊ ထိသွားလဲရပ်လို့ရှုနေ၊ တစ်ချက်ရှုရင် ဝိဇ္ဇာဉာဏ် တစ်ချက်ဖြစ်တယ်၊ ဝိဇ္ဇာဉာဏ်တစ်ချက်ဖြစ်ရင် အဝိဇ္ဇာကို တစ်ချက် ပယ်နိုင်တယ်၊ ဝိဇ္ဇာဉာဏ်က ဘယ်သူ့ကိုပယ်နိုင်လဲ? အေး–မရှုရင် ဘယ်သူဖြစ်နေလဲ? အဝိဇ္ဇာနော်၊ မရှုရင် ဘာနဲ့နေလဲ? အဝိဇ္ဇာနဲ့ နေတယ်၊ ရှုရင်? ဝိဇ္ဇာနဲ့နေတယ်၊ ဝိဇ္ဇာသည် ဘယ်သူ့ကို နိုင်လဲ? အဝိဇ္ဇာကိုနိုင်တယ်ဆိုတော့ အဝိဇ္ဇာမချုပ်သွားဘူးလား? အဝိဇ္ဇာ ချုပ်ရင် နောက်က အိုသေ ချုပ်တယ်၊ အဝိဇ္ဇာချုပ်ရင် ဘာချုပ်? မသိရင်ဘာဖြစ်နေလဲ? အဝိဇ္ဇာဖြစ်နေလို့ရှိရင် အိုသေဖြစ်တယ်၊ ကဲ–ယောဂီတွေက အိုသေကြိုက်လား? အိုသေကြောက်လား? အိုသေကြိုက်မလား၊ မအိုမသေကြိုက်လား? အောင်မယ်ပြောလိုက် တာ၊ နို့–ဘာနဲ့နေလဲ? ဘာဖြစ်လို့ အိုသေနဲ့နေရတာလဲ? အဝိဇ္ဇာနဲ့ နေရင် အိုသေနဲ့နေရတာပဲ၊ ဟုတ်ပြီလား၊ အဲဒါ အိုသေကြိုက်မှာ လား? အိုသေတော့မကြိုက်ဘူး၊ မကြိုက်လို့လဲ အဝိဇ္ဇာနဲ့နေမှာလား? ဝိဇ္ဇာနဲ့နေမှာလား? အဝိဇ္ဇာနဲ့နေမှာနော်၊ အဲဒါပဲ၊ ကဲ–အဝိဇ္ဇာကနေ ဝိဇ္ဇာပြောင်းတာ၊ တရားဆိုတာ ဒါပဲ၊ ဘာကနေ ဘာပြောင်းတာလဲ? အဝိဇ္ဇာဆိုတာ မသိသလိုနေတာ၊ ဝိဇ္ဇာဆိုတာ သိအောင်လုပ်နေတာ၊

ဒါပဲ၊ ကဲ-ခက်လား? မခက်ပါဘူး၊ တရားက လွယ်လွယ်လေးပဲ၊ အဲတော့ ဒီက နှာသီးဖျား၊ နှုတ်ခမ်းဖျားမှာ တိုးတာ, တွန်းတာ ကလဲရပ်ထားလို့ရလား? အိပ်နေတာတောင် မရှိဘူးလား? ဒါပေမယ့် သတိတရားလေးနဲ့, အသိတရားလေးနဲ့ ဝီရိယစိုက်ပြီးတော့ မကြည့်တော့ သိလား?

အခုပကတိပညတ်ကိုယ်ကြီးကို ချမ်းချမ်းသာသာထား၊ ဟုတ်ပြီလား၊ ချမ်းချမ်းသာသာထားပြီးတဲ့အချိန်အခါကျတော့ နှာသီးဖျား၊ နှုတ်ခမ်းဖျားလေးမှာ သတိ, ဝီရိယ, ပညာနဲ့ကြည့်၊ ဟုတ်ပြီလား၊ ကြည့်တော့ "ရုပ်တရား"လို့မသိဘူးလား? ဘယ်သူကသိတာလဲ? နာမ်က သိတာ၊ တိုးသွားတဲ့အချိန်မှာ ရုပ်လို့ရှုလို့ရှိရင် ဘယ်သူက ရှုတာလဲ? အရှုခံက ရုပ်ခန္ဓာ၊ ရှုနေတာက နာမ်ခန္ဓာ၊ နာမ်ခန္ဓာသည် တစ်ပါးတည်းဖြစ်ရိုးထုံးစံမရှိဘူး၊ လေးပါးဖြစ်တယ်၊ လေးပါးဖြစ်လို့ရှိရင် အဲဒီလေးပါးထဲမှာ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဘယ်နှစ်ပါးလဲ? ဒါဖြင့် "ရုပ်"လို့ တစ်ချက်ရှုလို့ရှိရင် ခန္ဓာဘယ်နှစ်ပါး? အရှုခံကတစ်ပါး၊ ရှုတာက လေးပါးဆိုတော့ ဘယ်နှစ်ပါးလဲ? ငါးပါးပေါ့၊ ရှုပြီးတော့ပြန်ကြည့်၊ ရှိသေးလား? ဘယ်နှစ်ပါ ပျက်သွား? ကိုယ်ကဖြစ်အောင်လုပ်လို့ဖြစ်တာလား? ကိုယ်က ပျက်အောင်လုပ်လို့ပျက်တာလား? သူ့မှာ ဖြစ်သဘော ပျက်သဘောက ပါပြီးသားချည်းပဲ၊ ကိုယ်ကမကြည့်တော့ မသိဘူး၊ အခုကြည့်တာ ဘာလုပ်ဖို့ကြည့်တာလဲ? သိအောင်ကြည့်တယ်တဲ့၊ ဟုတ်ပြီလား၊ ဒါပဲ၊ ဘာမှ ခက်ခက်ကြီးမဟုတ်ဘူး။

## ချမ်းသာ တည်ကြည် သိ

အဲဒါ တရားအားထုတ်တဲ့အခါ ချမ်းချမ်းသာသာရှုရမှာလား, ပင်ပင်ပန်းပန်း ဆင်းရဲခံ ပြင်းထန်စွာရှုရမှာလား? ချမ်းချမ်းသာသာ ရှု၊ ဟုတ်ပြီလား၊ ဆိုကြည့်-"ချမ်းသာလေမှ, တည်ကြည်ရ, သိရ မှန်ကန်မည်" အဲဒါကို အသားတင်ထုတ်လိုက်လို့ရှိရင် (ချမ်းသာ၊ တည်ကြည်၊သိ) အဲဒီသုံးမျိုးလေးမှတ်ထား၊ ဒါဖြင့် ဘယ်အချိန်ပဲ ဖြစ်ဖြစ်၊ ထိုင်အားထုတ်ရင်လဲ ချမ်းသာမှ အရှုခံအာရုံမှာ မိမိစိတ် တည်မယ်၊ အရှုခံအာရုံမှာ မိမိစိတ်တည်မှ သိစရာကို သိမယ်၊ တရားဆိုတာ ဆင်းဆင်းရဲရဲအားထုတ်ရတာလား၊ ချမ်းချမ်းသာသာ အားထုတ်ရတာလား?။

## ဣရိယာပုထ်ကိုပြင်နိုင်တယ်

တကယ်လို့အားထုတ်ခါစမှာ မချမ်းသာဘူးဆိုရင်လဲ ဣရိယာ ပုထ်ကိုပြင်နိုင်တယ်၊ ဟုတ်ပြီလား၊ မပြင်မပြောင်းဘဲနဲ့ ပေ,တေ အားထုတ်ရင်လဲအပြစ်(၄)ချက်တောင် ဖြစ်တယ်၊ ပြင်ချင်ပါလျက် သားနဲ့ မပြင့်ဘဲနဲ့အားထုတ်ရင် အပြစ်ဘယ်နှစ်ချက်ဖြစ်? ဒုက္ခဝေဒနာ ပြင်းထန်စွာဖြစ်ခြင်း၊ တည်ကြည်မှုသမာဓိမရခြင်း၊ အားထုတ်ဆဲ ကမ္မဋ္ဌာန်းပျက်သွားခြင်း၊ တရားထူးမရခြင်းလို့ အပြစ်ဘယ်နှစ်ချက် လဲ? အခုမိမိတို့ ဒီလာတာ အပြစ်ယူလာတာလား? အဲလို အထိုင်၊ အနေမတတ်သေးလို့၊ အားထုတ်ပုံအားထုတ်နည်းမတတ်သေးလို့၊ စိတ်တွေအလွင့်အပျံ့များလို့ရှိရင် မဆင်းရဲဘူးလား? အဲဒီလိုဆင်းရဲ လို့ရှိရင် ဣရိယာပုထ်ကို ပြင်နိုင်သည်၊ ပြောင်းနိုင်သည်၊ ဟုတ်ပြီ လား၊ ပြင်လို့ ပြောင်းလို့ရှိရင် အကျိုး(၄)ချက်ဖြစ်နိုင်တယ်၊ မနေနိုင် လို့ ပြင်ရင်, ပြောင်းရင် အကျိုးဘယ်နှစ်ချက်? ဒုက္ခဝေဒနာ

ပြင်းထန်စွာမဖြစ်ခြင်း၊ တည်ကြည်မှုသမာဓိရခြင်း၊ အားထုတ်ဆဲ ကမ္မဋ္ဌာန်းတိုးပွားခြင်း၊ တရားထူးရခြင်းလို့ အကျိုးထူးဘယ်နှစ်ချက်? (၄) ချက်ဟုတ်ပြီလား။

ခန္ဓာကြီးကတော့ တကယ်ပြောလို့ရှိရင် ပြောင်းပြောင်း၊ မပြောင်းပြောင်း၊ နဂိုကတည်းက ဘာဒုက္ခနဲ့အမြဲ နေတာလဲ? နေသာထိုင်သာ ဒုက္ခနဲ့အမြဲနေနေတာ၊ ဒုက္ခကင်းတဲ့အချိန်က မရှိဘူးနော်၊ အဲတော့ မနေနိုင်လို့ရှိရင် ဒေါသမလာဘူးလား? အေး–ဒေါသလာတော့ ကုသိုလ်လား, အကုသိုလ်လား? အခုတရားအားထုတ်တာ ကုသိုလ်ရဖို့လား? အကုသိုလ်ရဖို့လား? ကုသိုလ်ရဖို့ဆို ကုသိုလ်ရအောင်လုပ်၊ မနေနိုင်ရင် ပြင်နိုင်တယ်၊ ဟုတ်ပြီလား၊ အေး– ပြင်ခြင်း, ပြောင်းခြင်းကြောင့် အပြစ်ရလား, အကျိုးရလား? အကျိုးရတယ်၊ မပြင် မပြောင်းဘဲနဲ့ ပေတေအားထုတ်ရင်သာ အပြစ်ရတယ်၊ ဟုတ်ပြီလား၊ အားထုတ်ရမယ်၊ မူလက်ကိုင်က (ချမ်းသာ၊ တည်ကြည်၊ သိ) ဒါလေးကို ပြောထားတာနော်၊ ဘယ်လိုအားထုတ်ရမှာလဲ၊ ချမ်းသာ၊ တည်ကြည်၊ သိ၊ အတိုင်း အားထုတ်ရမယ်၊ အဲဒီတော့ ပညတ်ခန္ဓာကိုယ်ကြီးကို ချမ်းချမ်းသာသာ ထား၊ ဟုတ်ပြီလား။

## သည်းခံနိုင်ရင် သည်းခံရှု

တရားအားထုတ်တာ တကယ်ပြောရင် ကိုယ်အနားယူတာ၊ ဟုတ်ပြီလား၊ တရားအားထုတ်တာ ကိုယ်အပင်ပန်းခံတာလား, ကိုယ်အနားယူတာလား? နှုတ်ကိုလဲအနားယူခိုင်း၊ ပြီးတော့ စိတ်ကိုပဲအလုပ်ခိုင်းနေတယ်လို့ သဘောပေါက်၊ ကိုယ်နှုတ်အလုပ်လား, စိတ်အလုပ်လား? စိတ်အလုပ်ဆိုတော့ ကိုယ်အပင်ပန်းခံလို့လဲ

အပင်ပန်းခံကျိုးနပ်မှာလား? နှုတ်အပင်ပန်းခံလို့လဲအပင်ပန်းခံကျိုး နပ်မှာလား? မနပ်ဘူး၊ အဲဒါ စိတ်ကို သတိ၊ ဝီရိယ၊ ပညာနဲ့ တန်ဆာဆင်ပြီးတော့ ရှုခိုင်းတဲ့အလုပ်ကို တရားအားထုတ်တယ်လို့ ခေါ်တာနော်၊ ခက်ခက်ကြီးမဟုတ်ဘူး၊ အပင်ပန်းခံတဲ့အလုပ်လဲ မဟုတ်ဘူးနော်၊ သည်းခံနိုင်ရင် သည်းခံရှု၊ သည်းမခံနိုင်ရင် ပြောင်းနိုင် ပြင်နိုင်တယ်၊ ဟုတ်ပြီလား၊ အဲဒါကြောင့် မိမိတို့ သည်းခံနိုင် လို့ရှိရင်တော့သည်းခံပြီးတော့ နှာသီးဖျား၊ နှုတ်ခမ်းဖျားမှာ တိုးလဲရုပ်၊ တွန်းလဲရုပ်၊ တိုက်လဲရုပ်၊ ထိလဲရုပ်၊ အေးလဲရုပ်၊ နွေးလဲရုပ်၊ ဒီလိုပဲရှုနေပါ၊ သည်းခံတယ်ဆိုတာ နာမှု၊ ကျင်မှု၊ ကိုက်မှု၊ ခဲမှု၊ ဒီဒုက္ခတွေကို ဘယ်လိုမှနှလုံးမသွင်းဘဲနဲ့ တိုးမှု၊ တွန်းမှု၊ အေးမှု၊ နွေးမှု ဒါပဲရှုနေနိုင်မှ သည်းခံတယ်လို့ခေါ်တာ၊ ရှုလို့ကိုမရတော့ဘူး၊ နာမှု၊ ကျင်မှုဒုက္ခကိုပဲ သိနေပါတယ်ဆိုရင် သည်းခံနိုင်တယ်ခေါ်မှာ လား. အဲဒီကျတော့ ဣရိယာပုထ် ပြင်တော့၊ ဟုတ်ပြီလား။

## ကိုယ်ထဲမှာ ဖြစ်နေသမျှ ရုပ်၊ စိတ်ထဲမှာ ဖြစ်နေသမျှ နာမ်

စကြံလျှောက်လို့ရှိရင်တော့ နှာသီးဖျား၊ နှုတ်ခမ်းဖျားက သိပ်ပြီးတော့မသိသာဘူး၊ မထင်ရှားဘူး၊ ဘာပြုလို့လဲဆိုရင် စင်္ကြံ လျှောက်တဲ့အခါကျတော့ သွားတာက အဓိကဖြစ်နေတယ်၊ ဘာ အဓိကဖြစ်၊ နှာသီးဖျား၊ နှုတ်ခမ်းဖျားကို သွားကြည့်လို့ရှိရင် ဒီမှာ နှာသီးဖျား၊ နှုတ်ခမ်းဖျားမှာ ရှုလိုက်၊ ဟိုမှာ သွားဖို့ လုံ့လပြုလိုက် ဆိုတော့ နှစ်ခုဖြစ်မနေဘူးလား? သူ့နေရာနဲ့သူ အဲဒီကျတော့ ပြောလို့ရှိရင် ကိုယ်နဲ့စပ်ပြီးတော့ ကိုယ်ထဲမှာဖြစ်နေသမျှသည် ရုပ် တရား၊ စိတ်နဲ့စပ်ပြီးတော့ စိတ်ထဲမှာဖြစ်သမျှသည် နာမ်တရားလို့ နှစ်ခုပဲခွဲပြီးမှတ်လိုက်၊ အဲဒါ အလွယ်ဆုံးပဲ၊ ရုပ်နာမ်ခွဲလိုက်တော့

ကိုယ်နဲ့စပ်ပြီးတော့ ကိုယ်ထဲမှာဖြစ်နေတာ၊ နာမည်တပ်ချင်သလို တပ်၊ ဘာတရားလဲ? ရုပ်တရားဟုတ်ပြီလား၊ ဒါဖြင့် နာရင်လဲ ဘာတရားလဲ? ရုပ်တရား၊ ကျဉ်ရင်ရော? ထုံရင်ရော? ညောင်းရင် ရော? တောင့်ရင်ရော? တင်းရင်ရော? မူးရင်ရော? ဝေရင်ရော? ပူရင်ရော? အိုက်ရင်ရော? ယားရင်ရော? တုန်ရင်ရော? ခုန်ရင်ရော? လှုပ်ရင်ရော? နာမည်တပ်ချင်သလိုတပ်၊ ကိုယ်နဲ့စပ်ပြီးတော့ ကိုယ် ထဲမှာဖြစ်သမျှ အကုန်လုံး ရုပ်တရားချည်းပဲ၊ ဟုတ်ပြီလား၊ ဒါဖြင့် နာမည်တပ်ချင်သလိုတပ်၊ မှတ်တော့ ဘယ်လိုမှတ်ရမှာလဲ? ရုပ်နော်၊ နာမည်ကိုမှတ်ရမှာလား, သဘောတရားကိုမှတ်ရမှာလား? နာမည်ကို မှတ်ရင် နာမပညတ်ပဲနော်၊ ခုက သဘောတရားကိုမှတ်၊ ဟုတ်ပြီလား။

## စင်္ကြံသွားခိုက် ရှုဉာဏ်လိုက်

စင်္ကြံလျှောက်တဲ့နေရာမှာ ခြေထောက်မကြွလိုက်ဘူးလား? ကဲ–ခြေထောက်ကြွလိုက်တော့ ခြေထောက်ထဲမှာ ဘယ်လိုနေသွား လဲ? သူတို့ခြေထောက်မကြွဖူးဘူးနဲ့တူတယ်(ရယ်)၊ ကဲ–ကြွလိုက် တော့ ဘယ်လိုနေလဲ ပြောစမ်းပါဦး၊ ကဲ–ထကြွ, ထကြွကြည့်၊ ဒီခြေထောက် ကြွလိုက်တယ်ဆိုကတည်းက ဒူးခေါင်းဆီမှာ အာရုံ ပြုကြည့်၊ အထူးသဖြင့် တင်းသွားမယ်၊ တင်းတယ်ဆိုတာ အပြင် ဘက်က မတင်းသွားဘူးလား? အတွင်းဘက်ကတော့ ဘယ်လိုဖြစ်သွား လဲ? လျော့သွားတာပေါ့၊ အဲဒီတင်းတဲ့အနားမှာ နာတဲ့သဘောတွေလဲ မတွေ့ရဘူးလား? ဘုန်းကြီးပြောမှတွေ့ပါတယ်တဲ့၊ တစ်ခါတလေ လူကြီးတွေဆို ဂျိုးကနဲ၊ ဂျွတ်ကနဲမမြည်သွားဘူးလား? အဲဒါ ဘာဖြစ်တာ လဲ? ဒါဖြင့် ရှုတဲ့အခါကျတော့ ခြေထောက်ကြီးကို

ရှုရမှာလား? အဲဒီနာတာတို့၊ တင်းတာတို့၊ ဂျိုးကနဲ၊ ဂျွတ်ကနဲမြည်တာတို့ ရှုရမှာ လား? ခြေထောက်ရှုလို့ရှိရင်တော့ ခုနလဲ ဒီခြေထောက်၊ ခုလဲ ဒီခြေထောက်၊ မနေ့ကလဲ ဒီခြေထောက်၊ ဒီနေ့လဲဒီခြေထောက်၊ အနိစ္စတွေ့ပါဦးမလား? ဘယ်လိုမှမတွေ့နိုင်ဘူး၊ ဟုတ်ပြီလား၊ အဲဒီခြေထောက်ကြီးက ပညတ်၊ ခုနက နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာတွေက ရုပ်ပရမတ်၊ ဘာပရမတ်လဲ? ရုပ်ပရမတ် ဟုတ်ပြီလား။

ဝိပဿနာဆိုတာက ခြေထောက်ပညတ်ကိုရှုရမှာလား၊ နာတာ၊ ကျင်တာ၊ တင်းတာ၊ ကိုက်တာ၊ ခဲတာ ရုပ်ပရမတ်ရှုရမှာလား? ခြေထောက်(ပညတ်)ရှုရင် သမထဖြစ်မယ်၊ ဝိပဿနာမဖြစ်ဘူးနော်၊ သမထဆိုတာက အာရုံကတစ်ခုတည်းရယ်၊ ထင်ရှားတဲ့အာရုံ၊ ပညတ်အာရုံတစ်ခုတည်းရယ်၊ ဒီအာရုံကိုရှုရတယ်၊ ဝိပဿနာက ရုပ်ပရမတ်အာရုံ၊ နာမ်ပရမတ်အာရုံ အသစ်သစ်ကိုရှုရမယ်၊ ဘာရှုရမှာလဲ? အသစ်သစ်ကိုရှုရမယ်၊ ဟုတ်ပြီလား၊ သမထက အဟောင်းရှုရမယ်၊ ပြောရင်ဒါပဲသူက၊ သမထနဲ့ဝိပဿနာကွဲ အောင်ပြောရင် ဒါပဲ၊ ဟုတ်ပြီလား၊ သမထရဲ့အာရုံက အဟောင်းပညတ်၊ ခုနကလဲ ဒီအာရုံ၊ ခုလဲဒီအာရုံ၊ မနေ့ကလဲ ဒီအာရုံ၊ ဒီနေ့လဲဒီအာရုံဆိုရင် အဲဒါဘာလဲ? သမထ၊ ဝိပဿနာကျတော့ အရှုခံက ရုပ်သော်လည်းကောင်း၊ နာမ်သော်လည်းကောင်းဖြစ်ရမယ်၊ အသစ်အသစ်ကို ရှုရမယ် ဟုတ်ပြီလား။

ကဲ–ဆိုပါတော့၊ ခုနခြေထောက်ကြွလိုက်တော့ မနာသွားဘူးလား? တင်းရင်လဲတင်းသွားမယ်၊ နာသွားမယ်၊ တင်းသွားမယ်ဆိုရင် ဘယ်လိုရှုမှာလဲ? ရုပ်၊ ကျဉ်သွားရင်ရော? ထုံသွားရင်ရော? ဘယ်ဟာမှတ်မယ်လို့ သတ်မှတ်ချက်ထားရဦးမှာလား? ပေါ်တာထင်တာကိုမှတ်၊ ကဲ–ကြွလဲပြီးရော ရှေ့ကိုတစ်ခါမလှမ်းဘူးလား?

လှမ်းတော့ ခြေထောက်ကြီး ဘယ်လိုဖြစ်သွားပြန်လဲ? အင်း လုပ်ပြီ၊ သူတို့ကြားဖူးနားဝနဲ့လျှောက်ပြောနေတာ၊ ခြေထောက်မစန့်သွားဘူးလားတဲ့? ဘုန်းကြီးပြောကာမှ စန့်သွားတယ်တဲ့(ရယ်)၊ စန့်သွားပြီးတော့ ဘယ်လိုဖြစ်သွားပြန်လဲ? တင်းတဲ့ဆီက တစ်မျိုးမတင်းသွားဘူးလား? လျော့တဲ့ဆီကတင်း၊ တင်းတဲ့ဆီကလျော့မသွားဘူးလား? အဲဒီအချိန်မှာ ကဲ–နာသဘော၊ ကျင်သဘောတွေ မပေါ်လာဘူးလား? အဲဒါအဟောင်းလား၊ အသစ်လား? အသစ်နော်၊ ခုမှဖြစ်တာလား၊ စောစောကဖြစ်နေတာလား? အဲဒါဘာတရားလဲ? ရုပ်တရား၊ ဟုတ်ပြီလား၊ ခုနတုန်းက ကြွစဉ်ကရုပ်တွေရှိသေးလား? ပျက်သွားပြီ၊ ကိုယ်ဖျက်လို့ပျက်တာလား? အဲဒီနာသဘော၊ လေးသဘော၊ တင်းသဘော ကိုယ်ထင်ရှားတာကို အာရုံပြုပြီးတော့ ရုပ်လို့ရှု၊ ဟုတ်ပြီလား၊ အဲဒီတော့မှ တစ်ခါ ရှေ့လှမ်းလိုက်တော့ နာသဘော၊ လေးသဘော၊ တင်းသဘောတွေ မထင်ရှားပြန်ဘူးလား? ထင်ရှားတာကို ရုပ်လို့ရှု၊ ရှုပြီးတော့ ခြေထောက်ကိုတစ်ခါမချဘူးလား? ချတော့ ဘယ်လိုဖြစ်ပြန်လဲ? နောက်မှကိုယ့်ဟာကိုယ်အသာလုပ်ကြည့်၊ ဟုတ်လား(ရယ်) ထင်ရှားတာကိုရှုရမှာနော်။

အဲဒါဝိပဿနာဆိုတာ အသစ်အသစ်အာရုံကိုရှုရမယ်၊ ရှုလိုက်လို့ရှိရင်လဲ ပျက်သွားတာကို ကိုယ်ကနေပြီးတော့မှ "ပျက်သွားပြီ–ပျက်သွားပြီ"လို့ ပြောရဦးမှာလား? ဖြစ်မှန်းသိတယ်၊ ပျက်မှန်းသိတယ်၊ ဒီလိုပဲရှုနေ၊ နောက်ကျတော့မှ ဩော်–ဒီတရားတွေက မမြဲပါလားဆိုတဲ့ဉာဏ်ကိုရမှ ဉာဏ်၊ အဲဒီဉာဏ်ကိုလိုချင်လို့ ရှုတာပဲ။

## ပေါ်လာဉာဏ်ကိုလိုချင်လို့ဉာဏ်နဲ့အားထုတ်တာ

ပြောမယ်ဆိုလို့ရှိရင် ဉာဏ်က နှစ်မျိုးရှိတယ်၊ရှုဉာဏ်ရယ်၊

ပေါ်ဉာဏ်ရယ်လို့၊ ဘယ်နှစ်မျိုးလဲ? ဘာဉာဏ်ရယ်၊ ဘာဉာဏ်ရယ်လဲ? ရှုတာလဲဉာဏ်ပဲ၊ ဒီလို "ရပ်ရပ်"နဲ့ရှုနေရင်းနဲ့ "နာမ်နာမ်"နဲ့ ရှုနေရင်းနဲ့၊ နဂိုကဆိုပါတော့၊ ရပ်လို့သာရှုနေပေမယ့် ကိုယ်တိုင်သိပြီလား? မသိသေးဘူး၊ အနုမာန၊ မှန်းဆရှုပေါ့၊ နောင်ကျတော့မှ ဪ–ဒါရုပ်ပါလားဆိုပြီးတော့သိ၊ အဲဒါကဘာဉာဏ်လဲ? ပေါ်ဉာဏ်ဟုတ်ပြီလား၊ အဲဒီဉာဏ်ကိုလိုချင်လို့ အားထုတ်တာနော်၊ ဘာဉာဏ်လိုချင်လို့လဲ? ပေါ်ဉာဏ်ကို လိုချင်လို့အားထုတ်တယ်၊ ရှုဉာဏ်မမှန်ရင် ပေါ်ဉာဏ်လာမှာလား? ဘာဉာဏ်အရေးကြီးလဲ? ရှုဉာဏ်ဟုတ်ပြီလား။

## ဝိပဿနာဆိုတာက တစေ့တစောင်းလေးကြည့်ရတယ်

အဲဒီတော့ စကြံသွားတဲ့အချိန်အခါမှာ ခုနဘုန်းကြီးပြောခဲ့တယ်၊ ဝိပဿနာဆိုတာ အသွားအလာ အနေအထိုင် ပြောင်းတာလား? ဘာပြောင်းတာလဲ? ပြီးရော သူတို့မေ့သွားပြီ၊ မျက်လုံးပြောင်းတာ(ရယ်)၊ဘာပြောင်းတာလဲ? ဘာမျက်လုံးကနေ ဘာမျက်လုံးပြောင်းတာလဲ? ရှင်းရှင်းပြောရင် ပကတိမျက်စိပေါ့လေ၊ အမေမွေးကတည်းကပါတဲ့မျက်စိက ကံမျက်စိ၊ ကံမျက်လုံး၊ ဟုတ်ပြီလား၊ ကံမျက်စိ၊ ကံမျက်လုံးကနေ ဉာဏ်မျက်စိ၊ ဉာဏ်မျက်လုံးပြောင်းတာ၊ ဟုတ်ပြီလား၊ မိမိတို့သွားတတ်သလိုပဲသွား၊ ဝိပဿနာမို့လို့ တစ်မျိုးပြောင်းသွားရမှာလား? သွားတတ်သလိုသွားရင်းနဲ့ ရှေ့ပဲကြည့်သွားရတာပေါ့၊ လမ်းပဲကြည့်သွားရတာပေါ့၊ ရှေ့လမ်းကိုကြည့်သွားရင်းနဲ့ ဝိပဿနာဆိုတာ တစေ့တစောင်းလေးကြည့်ရတယ်၊ သူ့ကိုမကြည့်ဘူးလားဆိုတော့ ကြည့်တယ်၊ ကြည့်သလားဆိုတော့လဲမကြည့်ဘူး၊ အဲလိုအနေမျိုးလေးကသက်တောင့်သက်သာလေး၊ ဟုတ်ပြီလား၊

သက်သက်ကြီးကြည့်လို့ရှိရင်လဲ လမ်းသွားလို့ဖြစ်ဦးမလား? မဖြစ်ဘူး၊ သူကသွားနေတာ၊ တစ်ဘက်ကလဲဘာလုပ်ရမှာလဲ? ကြည့်ရမယ်။

**နွားမကြီးအစာစားရင်း သားကိုတစေ့တစောင်းကြည့်နေတာမျိုး**

အဲဒါကိုအနီးကပ်ဆုံး ဥပမာပေးလို့ရှိရင် ဘုန်းကြီးတို့ပရိသတ်တွေ နွားသားပေါက်ရှိတဲ့ နွားမကြီးမတွေ့ဘူးလား? အဲဒီနွားမကြီး နားလဲသွားဖူးလား? သွားတော့ဘယ်လိုလုပ်လဲ? မကန်ဘူး၊ ဝှေ့တယ်၊ နွားမကနဂိုက မဝှေ့တတ်ဘူးနော်၊ ဝှေ့တာနွားထီးကဝှေ့တာလား၊ နွားမကဝှေ့တာလား? အဲဒီနွားမကြီးက သူသားပေါက်ပြီဆိုလို့ရှိရင် သူ စားနေတဲ့အနားကို အမှတ်တမဲ့တော့ မသွားလေနဲ့နော်၊ သွားရင် ဘာလုပ်မှာလဲ? ဘာဖြစ်လို့ဝှေ့တာလဲ? သူ့သားလေးကို ဒီက အန္တရာယ်လုပ်မှာစိုးလို့၊ အဲဒီတော့ နွားမကြီးက သားစောင့်ရှောက်နေတာလား၊ မြက်စားနေတာလား? အဓိက သူမြက်စားနေတာ၊ ဒါပေမယ့် တစေ့တစောင်းက ဘာကြည့်နေတာလဲ? သားကိုကြည့်နေတာ၊ အနားလူလာရင် ဘာလုပ်မှာလဲ? ဝှေ့ရော၊ အဲတော့ စောစောက သူစောင့်နေတာလား? မဟုတ်ဘူးနော်၊ အခုလဲဒီလိုပဲ ကိုယ့်ဟာကိုယ် သွားတတ်သလိုသွား၊ သွားရင်းနဲ့ ဘယ်ဘက်ခြေထောက်လှမ်းရင် ဘယ်ဘက်ခြေထောက်အာရုံပြုလိုက်၊ နာသွားရင် ဘယ်လိုရှုရမှာလဲ? ရပ်၊ တင်းသွားရင်းရော? လေးသွားရင်ရော? လျော့သွားရင်ရော? အဲဒီလိုပဲရှုနေ၊ ပါးစပ်က ဆိုနေရဦးမှာလား? မဆိုရဘူး၊ စိတ်ထဲကလဲဆိုရဦးမှာလား? တင်းမှန်းသိတယ်၊ တင်းတာကို ရပ်မှန်းသိတယ်၊ လေးမှန်းသိတယ်၊ လေးတာကို ရပ်မှန်းသိတယ်၊ နာမှန်းသိတယ်၊ နာတာကိုရပ်မှန်းသိတယ်၊ သူကအသိကိုး၊ နဂိုကတည်းက မျက်လုံးပြောင်းတာဆိုတော့ ကဲ–အခု ဘုန်းကြီးကို

ကြည့်နေတော့ "ဘုန်းကြီး, ဘုန်းကြီး, ဘုန်းကြီး" လို့ ဒီလိုဆိုနေတာလား? နို့,မဆိုဘဲနဲ့ ဘယ်လိုလုပ်မြင်နေတာလဲ? ကဲ–ဘုန်းကြီးလှုပ်နေတာ လှုပ်တယ်၊ မလှုပ်တယ်၊ မသိဘူးလား, သိလား? ဘာပြုလို့သိတာလဲ? ကြည့်လို့သိတာပဲ ဟုတ်ပြီလား၊ ဆိုလို့သိတာလား? ဒါဖြင့် မျက်စိတစ်ချက်လောက်မှိတ်လိုက်၊ ကဲ–ဘုန်းကြီးကို သိဦးမလား? ဘာလို့မသိ? မကြည့်လို့မသိတာပေါ့၊ ဟုတ်ပြီလား။

## ခြေတစ်လှမ်းမှာ အနည်းဆုံးတစ်ချက်တော့ မှီအောင်ရှု

အခုလဲပကတိမျက်လုံးကိုမှိတ်ပြီးတော့ ဘာမျက်လုံးနဲ့ကြည့်တာလဲ? ဉာဏ်မျက်လုံးနဲ့ကြည့်တယ်၊ ကြည့်တော့ ကိုယ့်ဟာကိုယ်သွားနေကျအတိုင်းသွား၊ ဉာဏ်မျက်လုံးလေးက ဘယ်ဘက်ခြေထောက်လှမ်းရင် ဘယ်ဘက်ခြေထောက်ကို အာရုံပြု၊ ညာဘက်ခြေထောက်ကိုလှမ်းရင် ညာဘက်ခြေထောက်ကို အာရုံပြု၊ ဟုတ်ပြီလား၊ ခြေထောက်ကြီးကို အာရုံပြုရမှာလား? အတွင်းကသဘောကို အာရုံပြုရမှာလား? အပြင်မြင်ဆိုတာက ပကတိမျက်စိအမြင်၊ သမထပဲဖြစ်မှာပဲ၊ ဟုတ်ပြီလား၊ အခုဝိပဿနာရှုတာက ပကတိမျက်စိမြင်လား ဉာဏ်မြင်လား? ကဲ–ဉာဏ်မြင်ဆိုတော့ ခြေထောက်ကြွလိုက်လို့ရှိရင် တစ်မျိုးပြောင်းသွားတယ်၊ ဒါရုပ်တရားပဲ၊ ကဲ–ခြေထောက်လား ရုပ်တရားလား? ကြွလဲပြီးလဲပြီးရော, သူ မလှမ်းဘူးလား? လှမ်းရင်တစ်မျိုးမဖြစ်သွားဘူးလား? ဘာတရားလဲ? ရုပ်တရား၊ နောက်လှမ်းပြီးတော့ ချရင်လဲတစ်မျိုးမပြောင်းသွားဘူးလား? အဲဒါ သုံးချက်မှီရင် သုံးချက်ရှု၊ သုံးချက်မမှီရင် နှစ်ချက်ရှု၊ နှစ်ချက်မမှီရင် တစ်ချက်ရှု၊ တစ်ချက်တော့ မှီအောင်ရှု၊ ဟုတ်ပြီလား။

## အမှတ်အကျဲအစိပ်ဆိုတာ ခြေလှမ်းမြန်တာ နှေးတာနဲ့မဆိုင်

အဲတော့ တချို့ကပြောမယ်ပေါ့၊ ဟာ–"သူသွားတာလဲမြန်လိုက်တာ၊ အမှတ်ကျဲလိုက်တာ"လို့၊ ဒီလိုပြောရင်ပြောမယ်၊ အကျဲအစိပ်နဲ့ ပတ်သက်လို့ ဟုတ်ပြီလား၊ နှေးနှေးသွားတဲ့လူကို စိပ်တယ်လို့ တချို့ကဒီလိုပြောတယ်၊ မြန်မြန်သွားတဲ့လူကို ကျဲတယ်လို့တချို့က ပြောတယ်၊ ဥပမာဆိုပါတော့ တစ်မိနစ်မှာ ခြေတစ်လှမ်းသုံးချက် ရှုတဲ့သူနဲ့ တစ်မိနစ်မှာ ခြေသုံးလှမ်းသုံးချက်ရှုတဲ့လူ, ဘယ်သူစိပ်လဲကွဲ? ဒီကလဲတစ်မိနစ်မှာ သုံးချက်ရှုတယ်လေ၊ ဟိုကလဲ တစ်မိနစ်မှာ သုံးချက်ရှုတယ်၊ ကဲ–ပြောလေ? အတူတူပဲ ပေါ့၊ ဒီကကြွတယ် တစ်ချက်ရှု၊ လှမ်းတယ်တစ်ချက်ရှု၊ ချတယ်တစ်ချက်ရှု၊ (၃)ချက်ရှု ဖြစ်တယ်၊ တစ်မိနစ်ကြာတယ်၊ ဟိုက ခပ်မြန်မြန်သွားတယ်၊ ကြွတဲ့အခါမှာပဲဖြစ်ဖြစ်, လှမ်းတဲ့အခါမှာပဲဖြစ်ဖြစ်, ချတဲ့အခါမှာပဲ ဖြစ်ဖြစ် တစ်လှမ်းတစ်ချက်ပဲမှတ်သွားတယ်၊ သုံးလှမ်းမှာ သုံးချက် ဖြစ်တယ်၊ တစ်မိနစ်ကြာတယ်၊ ဟုတ်ပြီလား၊ သုံးချက်သူလဲမရဘူး လား? ရတာပေါ့၊ အဲတော့ ဘယ်သူစိပ်လဲ? အတူတူပဲ၊ ဟုတ်ပြီလား။

အဲဒါကြောင့် ဘုန်းကြီးကပြောပြတယ်၊ ဝိပဿနာဆိုတာ လုပ်ရှုမဟုတ်ဘူးဆိုတာ၊ ကိုယ်ရှုနေတာ သူများက သိတောင်မသိ လိုက်စေရဘူး၊ ကိုယ်ဝိပဿနာရှုနေတာပါလားလို့ ဘေးကလူတောင် မသိရဘူး၊ သွားတတ်သလိုသွား၊ ရှုတတ်သလိုရှု၊ တစ်ချက်တော့ အနည်းဆုံးမိအောင်ရှု၊ ဟုတ်ပြီလား၊ကိုယ့်ဟာကိုယ်ရှုနိုင်တဲ့အချိန်မှာ ရှုနိုင်သလိုရှု၊ ဒီလိုရှုရမှာ၊ အဲဒီတော့ ခြေထောက်ရှေ့ကိုလှမ်းတိုင်း, ကြွတဲ့အခါ, လှမ်းတဲ့အခါ, ချတဲ့အခါ သုံးချက်သော်လည်းကောင်း၊

နှစ်ချက်သော်လည်းကောင်း၊ တစ်ချက်သော်လည်းကောင်းပေါ့၊ ဒါ ကိုယ်နိုင်သလို သန်သလိုပေါ့၊ ဒီလိုပဲ ရှုရတာ၊ လွယ်လွယ်လေး၊ ဘာမှ မခက်ဘူး။

## လက်ဟန်လွဲရင်းလဲရှု

ပြီးတော့အဲဒီလိုသွားရင်းနဲ့ဆိုပါတော့၊ လက်ကလဲ တစ်ခါ တလေလွဲပြီးတော့မသွားဘူးလား? လွဲသွားရင်းလဲ လက်ထဲမှာ နာသွား တဲ့သဘော၊ တင်းသွားတဲ့သဘော မဖြစ်ဘူးလား? အဲဒါ လက်က ဖြစ်တာလား, ရုပ်ကဖြစ်တာလား? အဲဒါ လက်ဟန်လွဲရင်းလဲ လွဲတာပဲရှု၊ အောက်ပိုင်းက နာတာ၊ တင်းတာ၊ လေးတာမရှုနဲ့တော့၊ ဟုတ်ပြီလား၊ ကိုယ်အမူအရာပြုတိုင်းမှာ လိုက်ပြီးတော့ ဉာဏ်နဲ့ ကြည့်၊ မဖောက်ပြန်တဲ့အချိန်များရှိသေးလား? လိုက်ကြည့်နော်။

## ရုပ်ရယ်, နာမ်ရယ်, ဉာဏ်ရယ်

ဒီခန္ဓာကိုယ်ကြီးက မဖောက်ပြန်တဲ့အချိန်မရှိဘူး၊ ဘာပြုလို့လဲ ဆိုတော့ ဒီခန္ဓာကိုယ်ကြီးက ဘာနဲ့ဘာတည်ဆောက်ထားတာလဲ? ရုပ်နဲ့နာမ် တည်ဆောက်ထားတဲ့အချိန်ခါကျတော့ ဒီရုပ်ရှိရင်လဲ ဘာဖြစ်မှာလဲ? ဖောက်ပြန်မယ်၊ နာမ်ရှိရင်လဲ သိမယ်၊ မသိဘူးလား? သိတော့တစ်သိတည်းသိနေတာလား? ဖောက်ပြန်မှုတစ်ချက်၊ သိမှု တစ်ချက်၊ ဟုတ်ပြီလား၊ အဲဒီနှစ်ခုကိုမှ နောက်ကဉာဏ်လေးနဲ့ လိုက်တာ၊ အဲတော့ ပြောမယ်ဆိုလို့ရှိရင် ရုပ်ရယ်–နာမ်ရယ်–ဉာဏ် ရယ် ဒီလိုပြောရင်ရတယ်၊ ဟုတ်ပြီလား၊ ဘယ်သူရယ်၊ ဘယ်သူရယ်လဲ? ရုပ်–နာမ်အထဲမှာ ဘာလေးထည့်ပေးလိုက်လဲ? ဉာဏ်မျက်လုံးလေး ထည့်ပေးလိုက်တာပဲ၊ ဒါပဲအလုပ်ပြောင်းရမှာလား? အစားအသောက်

အနေအထိုင်ပြောင်းရမှာလား? မပြောင်းရဘူး၊ ဉာဏ်မျက်လုံးလေး ပြောင်းလိုက်တယ်၊ ဟုတ်ပြီလား၊ အဲဒါဉာဏ်နဲ့ပြောင်းတာပေါ့။

## ရှုးတယ်ဆိုတာ

သတိနဲ့ပြောလို့ရှိရင် မိစ္ဆာသတိကနေ သမ္မာသတိကိုပြောင်း လိုက်တယ်၊ ဝီရိယနဲ့ပြောလို့ရှိရင် မိစ္ဆာဝါယာမကနေ သမ္မာဝါယာမကို ပြောင်းလိုက်တယ်၊ သမ္မာဝါယာမအယူအဆလဲ မှားတတ်တယ်၊ သမ္မပ္ပဓာန်ဝီရိယကို သမ္မပ္ပဓာန်တရားလေးပါးဆိုတာမရှိဘူးလား? အဲဒီသမ္မပ္ပဓာန်ဝီရိယနဲ့ပတ်သက်လို့ ဘယ်လိုအယူအဆမှားလဲဆိုတော့ ကြိရိယာပုထ်မပြောင်းနဲ့၊ မပြင်နဲ့၊ မလှုပ်နဲ့၊ မကုတ်နဲ့၊ ကြာကြာ ထိုင်၊ အရိုးကြေကြေ၊ အရေစုတ်စုတ်ထိုင်၊ ပြောင်းလို့ရှိရင်ပဲ အဲဒါ တဏှာဖြစ်သလိုလိုဘာလိုလို အဲဒီလိုတချို့ကပြောကြတယ်၊ မဟုတ်ဘူး၊ တရားမရမချင်း နေရာကမထဘူးလို့ဖြစ်တဲ့ သမ္မာဝါယာမ က အလောင်းတော်တွေမှာဖြစ်တာ၊ ဖြစ်လုတဲ့တဲ့အလောင်းတော် တွေမှာဖြစ်တာ၊ အလောင်းတော်တောင် သာမန်အလောင်းတော်တွေ မဟုတ်ဘူး၊ ဘုရားဖြစ်ဖို့ အချိန်ပိုင်းပဲလိုတော့မှ အဲဒီဝီရိယက ဖြစ်တာ၊ အခုလဲဘုန်းကြီးတို့ ပရိသတ်က "ငါသည် တရားမရမချင်း ဒီထိုင်ရာကမထဘူး"ဆိုရင် အခုထိုင်ကြည့်ပါလား၊ တရားရမှာလား၊ သေမှာလား? အေး–အဲဒါထိုင်ပေါ့၊ ဟိုမှာဖြစ်လုတဲ့တဲ့ပုဂ္ဂိုလ်တွေမှာ ဖြစ်တဲ့ဝီရိယကို အခုမှအားထုတ်တဲ့ပုဂ္ဂိုလ်က သွားလုပ်တော့ ရှုးတယ်ဆိုတာ အဲဒါတာရှုးတာပဲ။

သေချာပေါက်မှတ်ထားရမယ်၊ ကုသိုလ်တရားအားထုတ်ရင် မရှုးဘူး၊ ရှင်းရှင်းပြောရင် ကုသိုလ်တရားသည် အပြစ်ကင်းပြီးတော့ ကောင်းကျိုးပေးတယ်၊ အပြစ်ရှိပြီးတော့ မကောင်းကျိုးပေးရင်

ဘာတရားလဲ၊? အကုသိုလ်တရား ဟုတ်ပြီးလား၊ ဒါတောင် ယောဂီ တစ်ယောက်က တရားထိုင်နေပြီတဲ့၊ ထိုင်ရင်းနဲ့ ဗုန်းကနဲလဲကျ သွားရင် ဘာတရားလဲ? အကုသိုလ်တရား၊ ဟုတ်ပြီလား၊ ထအော် ရင်ရော? ထပြီးတော့ ဝေ့ရင်ရော? ကြက်လိုခွပ်နေရင်ရော? ခွေးလို အော်နေရင်ရော? အဲဒါနုပ်တွေဘာတွေထွက်ပြီးတော့ ကယိမ်းကယိုင် ဖြစ်နေရင်ရော? အကုသိုလ်တရားပေါ့၊ ဒါသေချာပေါက်ပဲ၊ ကုသိုလ် တရားက ဒီလိုမဖြစ်ဘူး၊ ဟုတ်ပြီလား။

ကုသိုလ်တရားကဆိုပါတော့၊ နဂိုကမထိုင်နိုင်တဲ့ပုဂ္ဂိုလ်သည် ထိုင်နိုင်လာရမယ်၊ နဂိုကနာနေတဲ့ပုဂ္ဂိုလ်သည် အနာကင်းရမယ်၊ ရောဂါရှိနေတဲ့ပုဂ္ဂိုလ်ဟာ ရောဂါပျောက်ရမယ်၊ အဲဒါဘာတရားလဲ? ကုသိုလ်တရား ဟုတ်ပြီလား၊ ဘုန်းကြီးတို့ အဲဒါတွေအများကြီးပဲ တွေ့ရတယ်၊ ရောဂါပျောက်တဲ့သူတွေအများကြီးပဲတွေ့ရတယ်၊ အမှန်ပြောလို့ရှိရင် တရားအားထုတ်တာက ကိုယ်ရောဂါကို ကုတာ မဟုတ်ဘူး၊ စိတ်ရောဂါကိုကုတာ၊ ဘာရောဂါကိုကုတာလဲ?။

## ကိုယ်ရောဂါနဲ့စိတ်ရောဂါ ဘယ်ရောဂါကြောက်လဲ

ရောဂါကနှစ်မျိုးရှိတယ်၊ ကိုယ်ရောဂါရယ်၊ စိတ်ရောဂါရယ် လို့နှစ်မျိုးရှိတယ်၊ ရောဂါဘယ်နှစ်မျိုးလဲ? ဘာရောဂါနဲ့ဘာရောဂါလဲ? တရားအားမထုတ်ရင် စိတ်ရောဂါကင်းတဲ့အချိန်ဆိုတာ ရှိပါ့မလား? လောဘဖြစ်နေရင် ဘာရောဂါလဲ? စိတ်ရောဂါ၊ ဟုတ်ပြီလား၊ ဒေါသ ဖြစ်နေရင်ရော? မောဟဖြစ်နေရင်ရော? မာနဖြစ်နေရင်ရော? စိတ် ရောဂါနော်၊ ဘုန်းကြီးတို့ ပရိသတ်တွေ ကိုယ်ရောဂါနဲ့စိတ်ရောဂါ ဘယ်ရောဂါကိုကြောက်လဲ? ဟာ–မကြောက်ပါဘူး–သူတို့၊ ကြောက် လို့လား၊ မကြောက်ဘူး၊ ဘုန်းကြီးတို့ ပရိသတ် အခုလောကဆေးရုံ

တက်တာ ဘာရောဂါဖြစ်လို့တက်တာလဲ? ကိုယ်ရောဂါဖြစ်လို့ တက်တာနော်၊ နို့, စိတ်ရောဂါဘယ်အချိန်ကင်းလဲ? အဲဒါကျတော့ ဘယ်မှာကုလို့လဲ? ဟုတ်ပြီလား။

ဝိပဿနာသည် စိတ်ရောဂါကုတဲ့ဆေးနော်၊ ဆိုပါတော့၊ နေသာသလိုလေးနေပြီးတော့မှ နှာသီးဖျား၊ နှုတ်ခမ်းဖျားမှာ တိုးသွားတိုင်း၊ တိုးသွားတိုင်း "ရှပ်–ရှပ်"လို့ရှုနေတော့ အဲဒီလိုရှုနေတဲ့အချိန်သည် ဉာဏ်ဖြစ်နေတယ်၊ ဟုတ်ပြီလား၊ အဲဒီဉာဏ်ဖြစ်နေတဲ့အချိန်မှာ လောဘလာနိုင်ဦးမလား? ဒေါသလာနိုင်ဦးမလား? မောဟလာနိုင်ဦးမလား? အဲဒီအချိန်မှာ ကိုယ့်ဟာကိုယ်နလုံးစိတ်ဝမ်းပြန်ကြည့်၊ အေးနေမလား, ပူနေမလား? လုပ်လုပ်, လုပ်လုပ်နဲ့ ဖြစ်နေမလား, တည်ငြိမ်နေလား? ဘာဖြစ်လို့ အေးချမ်းတည်ငြိမ်နေလဲမေးရင် လောဘ၊ ဒေါသ၊ မောဟတွေကင်းနေလို့၊ ဟုတ်ပြီလား၊ ကဲ–တရားရှုတော့ စိတ်တွေမကြည်လင်သွားဘူးလား? စိတ်ရောဂါစင်တယ်နော်။

စိတ်ကြည်တော့ သွေးသားကြည်တယ်၊ သွေးသားကြည်တော့ ရောဂါတွေဘာဖြစ်လဲ? ပျောက်ကုန်ရော၊ ဟုတ်ပြီလား၊ အဲဒါကိုယ်က စိတ်စင်ကြယ်ရေးအတွက် အလုပ်လုပ်တာ၊ စိတ်စင်ကြယ်တော့ သွေးသားကြည်၊ သွေးသားကြည်တော့ ရောဂါတွေပျောက်ကုန်တယ်၊ ကဲ–တရားရှုတော့ ရောဂါပျောက်အောင် တမင်ရည်ရွက်ချက်နဲ့ အားထုတ်တာလား၊ ကိုယ့်ဟာကိုယ် တရားရှုတာလား? အဲဒါကြောင့် တရားအားထုတ်တာဟာ စိတ်စင်ကြယ်ပြီးတော့, စိတ်ရောဂါပျောက်ရုံသာမက ကိုယ်ရောဂါတွေပါ ပျောက်ကင်းစေတဲ့အလုပ်၊ ဟုတ်ပြီလား။

## ဝိပဿနာဆိုတာ မီးငြိမ်းတဲ့အလုပ်

လောဘကို ဘယ်လိုဟောလဲဆိုတော့ “မီး”တဲ့၊ လောဘဟာ ဘာတဲ့? မီး၊ ဟုတ်ပြီလား၊ ဒေါသကိုလဲ မီး၊ မောဟကိုလဲ မီး၊ ဒါဖြင့် တစ်နေ့တစ်နေ့ ဘုန်းကြီးတို့ပရိသတ်တွေ မီးငြိမ်းနေတာလား, မီးရှို့နေတာလား? ဟင်၊ မီးရှို့နေတယ်၊ ဘာဖြစ်လို့? သေချင်လို့ ပေါ့နော်၊ (ရယ်)၊ ဘာဖြစ်လို့ဘာလုပ်နေတာလဲ? ဝိပဿနာဆိုတာ မီးငြိမ်းတဲ့အလုပ်လား, မီးရှို့တဲ့အလုပ်လား? မီးငြိမ်းတာနဲ့ မီးရှို့တာ ဘယ်ဟာကောင်းလဲ? နို့, တစ်နေ့တစ်နေ့ မီးဘယ်နှစ်ခါငြိမ်းလဲ? မငြိမ်းဘူး၊ မီးငြိမ်းတယ်ဆိုတာက ဘယ်အချိန်ဖြစ်ဖြစ် ငြိမ်းလို့ မရဘူးလား? ဝိပဿနာအလုပ်ဆိုတာ မီးငြိမ်းတဲ့အလုပ်လို့လဲ ဒီလို မှတ်ထား၊ ဟုတ်ပြီလား၊ ပြီးတော့ ဘယ်နေရာမှာ ငြိမ်းရမှာလဲဆို– လောင်နေတဲ့နေရာငြိမ်းပေါ့၊ ဟုတ်ပြီလား၊ ဘယ်ဣရိယာပုထ်နဲ့ ငြိမ်းရမှာလဲဆို၊ ငြိမ်းချင်တဲ့(ဖြစ်တဲ့) ဣရိယာပုထ်နဲ့ငြိမ်းပေါ့၊ ဟုတ်ပြီလား၊ ဘယ်နေရာမှာငြိမ်းရမှာလဲဆို–ရောက်နေတဲ့နေရာမှာ ငြိမ်းပေါ့။

အဲတော့ မီးဆိုတာက ဟိုမှာက တောက်နေပါပြီ၊ လောင်နေပါပြီ ဆို–နေရာရွေးနေလို့ဖြစ်ပါ့မလား? ဣရိယာပုထ်ရွေးနေလို့လဲဖြစ်မလား? အချိန်အခါရွေးနေလို့လဲဖြစ်မှာလား? အဲ တော့ အချိန်မရွေး မီးငြိမ်းလို့ရတယ်၊ နေရာမရွေးမီးငြိမ်းလို့ရတယ်၊ ဣရိယာပုထ်မရွေး မီးငြိမ်းလို့ရတယ်၊ အလုပ်မရွေးမီးငြိမ်းလို့ရတယ်၊ ဟုတ်ပြီလား။

သာဝတ္ထိပြည်သူပြည်သားတွေဟာ ကဲ–ဘယ်ရိပ်သာမှလဲ မရှိဘူး၊ ဘယ်(၇)ရက်စခန်း၊ (၁၀)ရက်စခန်းမှမရှိဘဲနဲ့ အခုလို ကျောင်းမှာ တရားနာ, အိမ်ကျတော့ဘာလုပ်နေကြတာလဲ? ကျင့်နေကြတာ၊ ဒါကြောင့်လဲ သာဝတ္ထိမှာ လူ(၇)ကုဋေရှိတာ၊ (၅)ကုဋေက

အရိယာပုဂ္ဂိုလ်တွေ၊ ကဲ–အရိယာနဲ့ပူထုဇဉ် ဘယ်သူများလဲ? မြတ်စွာဘုရားလက်ထက်တုန်းက ရိပ်သာတို့, (၇)ရက်စခန်း, (၁၀)ရက်စခန်းတို့ရှိတယ်လို့ ကြားဖူးလား? မရှိဘူး၊ ဒါဖြင့် အဲဒီလူတွေ ဘယ်ကနေ တရားရတာလဲ? ကဲ–စိတ်ကူးကြည့်စမ်း။

## သာဝတ္ထိပြည်ကလူတွေ အလုပ်လုပ်ရင်းနဲ့တရားကျင့်တာ

အခုလိုကျောင်းမှာ တရားနာ၊ အိမ်ကျတော့ အလုပ်လုပ်ရင်းကျင့်တာပေါ့၊ ဟုတ်ပြီလား၊ ထမင်းချက်တဲ့ပုဂ္ဂိုလ်က ထမင်းချက်ရင်းကျင့်တာပဲ၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်က ဈေးရောင်းရင်းကျင့်တာပဲ၊ လယ်သမားကလဲ လယ်လုပ်ရင်းကျင့်တာပဲ၊ ရှံသမားကလဲ ရှံတက်ရင်းကျင့်တာပဲ၊ ဟုတ်ပြီလား၊ လူတိုင်းမှာ ကဲ–အလုပ်မလုပ်တဲ့လူရှိလို့လား? ဆိုင်ရာဆိုင်ရာအလုပ်လုပ်နေရင်းနဲ့ အဲဒါရှုလို့ရတယ်၊ ခုနကဘုန်းကြီးပြောခဲ့တဲ့ နွားမကြီးကြည့်လေ၊ ကဲ–သူ့အလုပ်က ဘာအလုပ်လုပ်နေတာလဲ? မြက်စားတဲ့အလုပ်လုပ်နေတယ်၊ တစ်ဖက်ကလဲဘာလုပ်လဲ? သားကို စောင့်ရှောက်တယ်၊ ဟုတ်ပြီလား၊ နွားမကြီး အလုပ်ဘယ်နှစ်လုပ်လုပ်နေ? နှစ်လုပ်လုပ်၊ ဘုန်းကြီးတို့ ပရိသတ်က ဘယ်နှစ်လုပ်လုပ်? တစ်လုပ်၊ အဲဒါဆိုဟန်မကျဘူး(ရယ်)၊ အဲလိုဆိုရင် နွားမကြီးကို အတုယူရပုံပေါ်နေပြီ၊ ဟုတ်ပြီလား၊ ဘယ်နှစ်လုပ်လုပ်ရမှာလဲ? နှစ်လုပ်လုပ်ရမယ်၊ အဲဒါ တစ်လုပ်တည်းလုပ်နေလို့ တရားမရတာ။

## အလုပ်လုပ်ရင်း အလုပ်လုပ်

တရားကအခက်ကြီးလား? လုပ်ပုံနဲ့ပတ်သက်လို့ ပြောမယ်ဆိုလို့ရှိရင် ဆိုကြည့်–"အလုပ်လုပ်ချင်တာက နာမ်၊ အလုပ်လုပ်နေဟန်

က ရုပ်၊ ငါမဟုတ် လူမဟုတ်၊ အလုပ်လုပ်တာ နာမ်နဲ့ရုပ်။ နာမ်ရုပ်နှစ်သင်း၊ အမြင်လင်း၊ အလုပ်လုပ်ရင်း အလုပ်လုပ်" ဘယ်သူကအလုပ်လုပ်ချင်နေတာလဲ? နာမ်ကအလုပ်လုပ်ချင်နေတာလား, လူကအလုပ်လုပ်ချင်နေတာလား? အခုဘုန်းကြီးဘာလုပ်နေ? အလုပ်လုပ်နေတာ၊ ဘယ်ကတရားဟောနေရမှာလဲ? ဘယ်သူနဲ့ဘယ်သူ အလုပ်လုပ်နေတာလဲ? နာမ်နဲ့ရုပ်၊ ဟုတ်ပြီလား၊ အဲတော့နာမ်နဲ့ရုပ်က တိုင်ပင်ပြီးတော့ လုပ်တာလား? မဟုတ်ဘူး၊ သူ့အလုပ်နဲ့သူပဲ၊ နာမ်ကလဲနာမ်အလုပ်လုပ်တယ်၊ လုပ်ရင်းနဲ့ပျက်၊ ရုပ်ကလဲရုပ်အလုပ်လုပ်တယ်၊ လုပ်ရင်းနဲ့မပျက်ဘူးလား? ကိုယ်ကဖျက်ရတာလား? ကိုယ်ကဖျက်ရတာမဟုတ်ဘူးနော်၊ ဒီတော့ဘာလုပ်ရင်း ဘာလုပ်ရမှာလဲ? ဘာအလုပ်လုပ်ရင်း ဘာအလုပ်လုပ်ရမှာလဲ? တစ်ဖက်ကလဲကိုယ်လုပ်နေကျအလုပ်ကိုလုပ်၊ တစ်ဖက်ကလဲတစေ့တစောင်း ဝိပဿနာရှုတဲ့အလုပ်ကိုလုပ်၊ ဟုတ်ပြီလား။

## မြန်မာပြည်ကလူတွေ ထိုင်မှလုပ်

အဲသာဝတ္ထိပြည်ကလူတွေ ဘယ်လိုလုပ်တာလဲ? အဲဒီလိုလုပ်နေကျအလုပ်လုပ်ရင်းနဲ့ တစေ့တစောင်း ဝိပဿနာအလုပ်လုပ်တာ၊ ဘုန်းကြီးတို့မြန်မာပြည်ကလူတွေက ဘယ်လိုလုပ်လဲသူက? ထိုင်မှလုပ်၊ မထိုင်ရင် မဟုတ်တော့ဘူးဆိုတော့ ကဲ–ကိုယ်ကလဲမထိုင်နိုင်ဘူးဆို (၇)ရက်လောက်လဲမလုပ်ဘူးဆို တရားကရဦးမှာလား? အဲလို ဒီလိုပဲသေရတော့မှာပေါ့လေ(ရယ်)၊ အဲဒီလိုပဲသေရတော့မှာဖြစ်နေတာ၊ အမှန်ကအဲလိုမဟုတ်ဘူး၊ ဝိပဿနာအလုပ်ဆိုတာ ခုနပြောခဲ့သလို မူလအလုပ်အကိုင်မပျက် အသွားအလာမပျက် ရှုလို့မရဘူးလား။

## ကိုယ်နဲ့ခန္ဓာ ခွဲရှုပါ

တချို့က ကိုယ်နဲ့ခန္ဓာမကွဲဘူး၊ ဟုတ်ပြီလား၊ ရှုရမှာက ကိုယ်ရှုရမှာလား, ခန္ဓာရှုရမှာလား? ဘာရှုရမှာလဲ? ဒီကိုယ်ကောင်ကြီးက ပညတ်ကိုယ်၊ မနေ့ကလဲ ဒီကိုယ်၊ ဒီနေ့လဲဒီကိုယ်၊ အသက် (၅၀)၊ (၆၀)ကြာရင်လဲဒီကိုယ်ကြီးက မရှိဘူးလား? ဒီကိုယ်ကြီးက ရှိနေတာ၊ ခန္ဓာကရှိဦးမှာလား? ဘုန်းကြီးတို့က အဲဒီမှာ ကိုယ်နဲ့ ခန္ဓာကွဲအောင် အနီးစပ်ဆုံး ဥပမာလေးပေးမယ်ဆိုရင် ဘုန်းကြီးတို့ပရိသတ်တွေ ရေပြင်ကြီးကို မတွေ့ဖူးဘူးလား? ရေပြင်ကြီးက နေ့လဲမရှိဘူးလား? ညလဲမရှိဘူးလား? ဒီရက်လဲမရှိဘူးလား? နောက်ရက်လဲမရှိဘူးလား? ဒီလလဲမရှိဘူးလား? နောက်လလဲမရှိဘူးလား? အဲဒီမှာ ရေပွက်ကလေးတွေ မတွေ့ဖူးဘူးလား? ပွက်ပြီးတာနဲ့ ရှိသေးလား? မရှိတော့ဘူးနော်၊ ရေပွက်ဘယ်အချိန်ပွက်လဲ? မိုးရွာရင်မပွက်ဘူးလား? ပွက်တုန်းလဲပဲ ရေပွက်က အကြာကြီးနေလား? ဘယ်လိုဖြစ်၊ ပွက်လိုက်ပျက်လိုက်, ပွက်လိုက်ပျက်လိုက် မမြန်ဘူးလား? အဲဒီရေပွက်က ခန္ဓာနဲ့တူတယ်၊ ရေပြင်ကြီးက ကိုယ်နဲ့တူတယ်၊ ဟုတ်ပြီလား၊ ရှုတော့ ရေပြင်ရှုရမှာလား, ရေပွက်ရှုရမှာလား? ရေပွက်ရှုရမှာ၊ ဟုတ်ပြီလား၊ အေး–ဒီမှာလဲ ကိုယ်ရှုရမှာလား, ခန္ဓာရှုရမှာလား။

ဘုန်းကြီးတို့ထိုင်နေတဲ့တစ်ကိုယ်လုံးကြီးကို ကိုယ်လို့ခေါ်တယ်၊ အဲဒီမှာ နာသဘော၊ ကျင်သဘော၊ တင်းသဘော၊ တောင့်သဘော၊ တုန်သဘော၊ ခုန်သဘော၊ လှုပ်သဘော၊ ရွေ့သဘော၊ ပူသဘော၊ အေးသဘော၊ အဲဒါတွေကဘာလဲ? ခန္ဓာပေါ့၊ ဘာနဲ့တူလဲ? ရေပွက်နဲ့တူတယ်နော်၊ ရှိသေးလား? အခု တိုးသဘောလေးပြန်ကြည့်၊ ရှိသေးလား, မရှိတော့ဘူးလား? သဘောက မရှိဘူးလားဆိုတော့

လဲ ရှိတယ်၊ ရှိသလားဆို သေသေချာချာပြန်ကြည့်တော့ မရှိတော့ဘူး၊ ခုနကလဲရှိတယ်၊ ခုလဲရှိတယ်ဆို အဲဒါသမထပဲ၊ ဝိပဿနာမဟုတ်ဘူး၊ ဟုတ်ပြီလား၊ အဲတော့ ကိုယ်ကြီးက မကျန်ခဲ့ဘူးလား? ခန္ဓာကရှိသေးလား? ဘယ်ရောက်သွား? ပျက်သွားပြီ၊ ကိုယ်က ဖျက်လို့ပျက်တာလား? သူ့အကြောင်းနဲ့သူပျက်တာ၊ ဟုတ်ပြီလား၊ ဟိုက မိုးရွာတဲ့အကြောင်းကြောင့် ရေပွက်တွေ မပွက်ဘူးလား? မိုးရွာမှုအကြောင်းချုပ်တော့ ရေပွက်ရှိသေးလား? အဲဒါ ကိုယ်က ကြည့်တော့ "သြော်–သူ့အကြောင်းနဲ့သူဖြစ်၊ သူ့အကြောင်းချုပ်တော့ သူ့အကျိုးချုပ်၊ တစ်ခုမှလဲမြဲတာ မဟုတ်ပါလား" ဆိုမှ အဲဒါဉာဏ်ပဲသူက၊ အဲဒီဉာဏ်ကိုလိုချင်လို့ရှုတာ၊ ထိုင်ကောင်းလို့ရှုတာလား? ကြာကြာထိုင်နိုင်လို့ရှုတာလား? ဘာလုပ်ဖို့ရှုတာလဲ? ဉာဏ်ကိုလိုချင်လို့ရှုတာ၊ ဟုတ်ပြီလား၊ ဉာဏ်ကို လိုချင်လို့။

## သမထနဲ့ဝိပဿနာ မကွဲတဲ့လူတွေရဲ့အပြော

အဲဒါဝိပဿနာဆိုတာ ဉာဏ်အလုပ်၊ ဟုတ်ပြီလား၊ ဘာအလုပ်လဲ? သမာဓိအလုပ်လား? ဉာဏ်အလုပ်လား? အဲဒါ ဝိပဿနာနဲ့သမထနဲ့မကွဲတော့ ဣရိယာပုထ်ပြင်တာတောင်မှ ဣရိယာပုထ် ခဏခဏပြင်ရင် သမာဓိပျက်မှာပေါ့လို့ပြောတဲ့စကားတွေ မကြားဖူးဘူးလား၊ အဲဒါ သမထနဲ့ဝိပဿနာမကွဲတဲ့လူတွေရဲ့ အပြောပဲ၊ ဟုတ်ပြီလား၊ ကဲ–ကြည့်လေ ခြေတစ်လှမ်းမှာ ဘယ်နှစ်ချက်ရှုလို့ရလဲ? သုံးချက် ဟုတ်ပြီလား၊ ကြွတဲ့အခါတစ်ချက်၊ လှမ်းတဲ့အခါတစ်ချက်၊ ချတဲ့အခါတစ်ချက် မရဘူးလား၊ နောက်တစ်ခါ ဘယ်ခြေထောက်ပြီးတော့ ညာခြေထောက်လှမ်းရင် သုံးချက်ဆိုတော့ တစ်နာရီလျှောက်လို့ရှိရင် ခြေလှမ်းပေါင်း နည်းမှာလား? အဲဒါလောက်

ရွှေ့လျားပြီးတော့ရှုတာတော့ရတယ်၊ တစ်နာရီမှာ တစ်ခါနှစ်ခါ ပြင်တာကျတော့ ပျက်တယ်ဆိုရင် သဘာဝကျလား? ယုတ္တိရှိလား? စဉ်းစားကြည့်လေ၊ ကဲ–အဲလိုဆိုရင် သွားရင်းလာရင်း ရှုလို့ရမှာ လား? မရဘူးပေါ့? အဓိပ္ပာယ်က အခုစင်္ကြံသွားရင်း ရှုလို့မရဘူး လား?

ရုပ်နာမ်က "ဖြစ်၊ တည်၊ ပျက်"ဆိုတော့ ဖြစ်လဲပြီးရော ခဏလေးတည်ပြီးနေတယ်၊ တည်နေပြီးတော့ ဘာဖြစ်လဲ? ပျက်သွား၊ မမြန်ဘူးလား၊ မြန်လိုက်တာ၊ အရမ်းမြန်တာ၊ အဲဒါ ကိုယ်ကနေပြီး တော့မှ ဖြစ်တဲ့အတိုင်းလေးကို "ရုပ်"လို့ရှုလိုက်၊ ပျက်သွားတော့လဲ ဘယ်လိုရှုရမှာလဲ? ရုပ်လို့ပဲရှုလိုက်တယ်၊ ဟုတ်ပြီလား၊ ဖြစ်တဲ့အပေါ် မှာ ရုပ်လို့ရှုရတယ်၊ အဲတော့ ဖြစ်မှန်းသိတယ်ဆိုကတည်းက သိတဲ့ အထဲမှာ သမာဓိပါနေတယ်၊ ဘယ်သူပါလဲ? ပျက်သွားတော့ ရှုတဲ့ အထဲမှာလဲသမာဓိကမပါနေဘူးလား? ဟိုအာရုံကဘယ်လောက် တည်လဲ? ခဏလေးတည်တာလေး၊ အဲဒီခဏလေးတည်တဲ့အပေါ် မှာ ဖြစ်တဲ့အခိုက်လဲသိတယ်၊ တည်တဲ့အခိုက်လဲသိတယ်၊ ပျက်တဲ့ အခိုက်လဲသိရင် အဲဒါဘာသမာဓိပါနေလဲ? ခဏိကသမာဓိ၊ ဟုတ်ပြီ လား၊ ဖြစ်တိုင်း၊ တည်တိုင်း၊ ပျက်တိုင်းသိရင် ဘာသမာဓိလဲ? လွတ်သွားရင်သမာဓိရှိသေးလား? ရှုနေတော့ ဘေးကအသံတွေလဲ ကြားတယ်၊ ဒီမှာလဲအရှုမပျက်ဘူးဆိုရင် အဲဒါဘာဖြစ်နေလဲ? သမာဓိ ရှိနေတယ်၊ ဟုတ်ပြီလား၊ အသံတော့မကြားဘူးလား၊ အရှုပျက်သေး လား? ဣရိယာပုထ်တစ်ခါတလေပြင်လိုက်တယ်၊ ပြင်လဲပဲ ပြင်ရင်းနဲ့ရှု၊ အဲဒါမပျက်ဘူး၊ အဲဒါဘာသမာဓိလဲ? ခဏိကသမာဓိ၊ အဲဒီလို သမာဓိမျိုးကိုပြောတာ၊ အဲလိုဆိုရင် တရားရတာပဲ၊ ဟုတ်ပြီလား။

## ဝိပဿနာဆိုတာ ကိုယ်တွင်းရှာဖွေရေးအလုပ်

ဝိပဿနာဆိုတာ ကိုယ်တွင်းရှာဖွေရေးအလုပ်၊ ပြောရင်ဒါပဲ၊ ဝိပဿနာဟာဘာရှာဖွေရေးလဲ? ဘုန်းကြီးတို့ပရိသတ်က တစ်နေ့ တစ်နေ့ ဘာရှာဖွေရေးလုပ်? အခုရှာလာတာ ဘယ်လောက်ကြာပြီလဲ? ပြည့်စုံလို့လား? ဘယ်လောက်ထိအောင်ရှာရမှာလဲ? သေသည်အထိရှာမယ်(ရယ်)၊ အမလေး-သေသည်အထိရှာမယ်တဲ့၊ နို့, ကိုယ်တွင်း ရှာဖွေရေးတော့ ဘယ်နှစ်ရက်ရှာမှာလဲ? လွယ်လွယ်လေး၊ ဝိပဿနာက ဘာမှမခက်ဘူး၊ ကိုယ်တွင်းရှာဖွေရေးပဲ၊ ဟုတ်ပြီလား၊ တစ်နည်းပြောရရင် ကိုယ့်အကြောင်းကိုယ် လေ့လာတာ၊ ဘာလို့ခေါ်လဲ? ဝိပဿနာပဲ၊ ဟုတ်ပြီလား။

## စိတ်စင်ကြယ်ရေးအလုပ်

ပြီးတော့ ဝိပဿနာဆိုတာက စိတ်စင်ကြယ်ရေးအလုပ်၊ ဟုတ်ပြီလား၊ ဘာစင်ကြယ်ရေးလဲ? ဘုန်းကြီးတို့ပရိသတ်က တစ်နေ့တစ်နေ့ ဘာစင်ကြယ်ရေးလုပ်? ကိုယ်စင်ကြယ်ရေး၊ ဟုတ်ပြီလား၊ အခုစင်ကြယ်လား? နို့, ဘယ်တော့စင်ကြယ်မှာလဲ? ကိုယ်စင်ကြယ်ရေးတော့ နေ့တိုင်းမကြိုးစားဘူးလား? မကြိုးစားတဲ့နေ့များရှိသေးလား? စိတ်စင်ကြယ်ရေးကျတော့ ဘုရားခန်းရှေ့တောင်မှ တစ်နေ့ဘယ်နှစ်ခေါက်လောက်ရောက်? နေ့တိုင်းတောင် ရောက်ရဲ့လား? ဘယ်နှစ်မိလောက်ကြာ? တော်ပြီ၊ နာရီဝက်၊ ကျန်တဲ့အချိန်က ဘာလုပ်နေလဲ? ပြောစမ်းပါဦး၊ အပြင်ရှာဖွေရေးလား, အတွင်းရှာဖွေရေးလား? အဲဒါတောင် ဘုရားခန်းရှေ့သွား၊ ရုတာလေးထိုင်ဆိုနေတာတောင်မှ စိတ်ကတော့ ဘယ်ရောက်နေမှန်းမသိဘူး၊ ဟုတ်ပြီလား။

## ဒုက္ခနှစ်မျိုး

ဒုက္ခနှစ်မျိုးကို သဘောပေါက်၊ ဒုက္ခဘယ်နှစ်မျိုးလဲ? နေသာထိုင်သာဒုက္ခရယ်၊ မနေသာမထိုင်သာဒုက္ခရယ်၊ ဟုတ်ပြီလား။ အမြဲတမ်းဘာဒုက္ခနဲ့နေလဲ? နေသာထိုင်သာဒုက္ခနဲ့ အမြဲမနေဘူးလား? ဒီခန္ဓာကိုယ်ကြီးက ဒုက္ခကင်းတဲ့အချိန်ဆိုတာ ဘယ်အချိန်ရှိလဲ? မွေးကတည်းကဆိုပါတော့၊ ဟိုမှာ (သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ) တဲ့၊ ဓမ္မစကြာမှာ ခန္ဓာငါးပါးသည် ဒုက္ခလို့မဆိုဘူးလား? ဇာတိပိဒုက္ခာ–ပဋိသန္ဓေနေရခြင်းသည်လဲဘာလဲ? ဒုက္ခ၊ ဇရာပိဒုက္ခာ–အိုရခြင်းသည်လဲ? ဒုက္ခ၊ ဗျာဓိပိ–နာရခြင်းသည်လဲ? ဒုက္ခ၊ မရဏမ္ပိ–သေရခြင်း သည်လဲ? ဒုက္ခ၊ ခန္ဓာကိုယ်မှာ အနာကင်းတဲ့အချိန်ရှိလား? ပြီးတော့မှ ချစ်ခင်သူတို့နဲ့ကွဲရင်လဲ? ဒုက္ခ၊ မချစ်သူတို့နဲ့ပေါင်းနေရခြင်းလဲ? ဒုက္ခ၊ လိုတာမရလဲ? ဒုက္ခ၊ ဒီပြင်ဒုက္ခမပြင်ရင်နေ, ဟောဒီလိုတာ မရာတဲ့ဒုက္ခကိုကြည့်၊ ဘုန်းကြီးတို့ ပရိသတ်မှာ နာရီတိုင်း နာရီတိုင်း၊ နေ့တိုင်း နေ့တိုင်းကြည့်၊ လိုတာပြည့်ပြီလား? ညအိပ်တော့ အလိုပြည့်အိပ်တာလား? ဘယ်လိုအိပ်တာလဲ? အခုသေဌေးတွေ သွားမေးကြည့်၊ အလိုပြည့်ပြီလား? ပညာရှင်ကြီးတွေရော? ဒါဖြင့် သူတို့လဲဘာလဲ? ဒုက္ခ၊ ရာထူးတွေ ဘာတွေရှိတဲ့ ဝန်ကြီးတွေ ဘာတွေ သွားမေးကြည့်၊ အလိုပြည့်ပြီလား? မပြည့်ဘူး၊ ဟုတ်ပြီလား၊ သူတို့လဲဒုက္ခ။

အခုလူတွေထင်တာက ဘာကိုထင်တာလဲ? ပစ္စည်းမရှိရင်၊ ရာထူးမရှိရင်၊ ပညာမတတ်လို့ရှိရင်၊ နာရင်၊ ကျင်ရင်၊ ဒါတွေကို ဒုက္ခထင်နေတာ၊ ဟုတ်ပြီလား၊ အခုပြောတဲ့ ဘုရားဟောတဲ့ဒုက္ခက ဒီလိုမဟုတ်ဘူး၊ လိုတာမရရင် ဒုက္ခမှတ်၊ ကဲ–ကိုယ်လိုတာပြည့်တဲ့ နေ့များ ရှိရဲ့လား? တစ်ခါမှမရှိဘူး၊ ဘယ်အချိန်မှမရှိဘူး၊ အဲဒါ

ဒုက္ခမထင်ဘူးဆိုတော့ ဘုန်းကြီးက ဘယ်လိုလုပ်ပေးရဦးမှာလဲ? ရိုက်ပုတ်ပြပေးရမှာလား? ခန္ဓာငါးပါးနဲ့ခြုံပြောလို့ရှိရင် (သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ) အကျဉ်းအားဖြင့် ခန္ဓာငါးပါးသည် ဘာလဲ? ဒုက္ခ၊ အဲဒီတော့ ဘာဒုက္ခနဲ့နေလဲ? နေသာထိုင်သာဒုက္ခ၊ ဟုတ်ပြီ လား၊ ဒုက္ခကင်းတဲ့အချိန်များပြောစမ်း? ဘုန်းကြီးတို့ပရိသတ်က ဘယ်အချိန်မှ ဒုက္ခထင်လဲဆို အနာပေါက်ပြီဆို ဘာလဲ? ဒုက္ခ၊ ဟာ– တစ်မျိုးတစ်ခုနဲ့ ခိုက်မိ၊ စူးမိရင် ဒုက္ခ၊ အဲဒီတော့မှ အမလေး ဒုက္ခဖြစ်၊ ငါ့ခန္ဓာကိုယ်ကြီး မလိုချင်တော့ဘူးတဲ့ မပြောဘူးလား? အဲဒီ ဒုက္ခလဲပျောက်သွားရော ဟဲဟဲဟဲဟဲဖြစ်နေရော၊ ပျော်မနေဘူးလား၊ အခုဘာဒုက္ခနဲ့ပျော်နေတာလဲ? နေသာထိုင်သာဒုက္ခနဲ့ပျော်နေတာ၊ ဟုတ်ပြီလား။

ဘုန်းကြီးတို့ ပရိသတ်က ဒုက္ခကြိုက်နေတာလား, ဒုက္ခ ကြောက်နေတာလား? ကြိုက်နေတာပါ၊ မကြောက်ပါဘူး(ရယ်)၊ ဘုရားဟောထားတာရှိတယ်၊ (အကြင်ပုဂ္ဂိုလ်သည်တဲ့ ဒုက္ခကို ချစ်နှစ်သက်သည်ဖြစ်အံ့၊ အဲဒီပုဂ္ဂိုလ် ဒုက္ခက ဘယ်တော့မှ မလွတ် ဘူး)တဲ့၊ ကဲ–အဲဒါမှတ်ထား၊ ဟုတ်ပြီလား၊ ပရိသတ်ဘာနဲ့ပျော်နေ တာလဲ? ဒုက္ခနဲ့ပျော်နေရင် ဒုက္ခကဘယ်တော့မှ မလွတ်ဘူးတဲ့။

## သစ္စာလေးပါးမှာ "ပွားသစ္စာ" အရေးကြီးဆုံး

ကဲ–နိဗ္ဗာန်က ခက်လို့မရတာလား? ဒုက္ခနဲ့ပျော်နေလို့မရတာ လား? အဲတော့ တရားအားထုတ်တာနဲ့ပတ်သက်လို့ ဘုန်းကြီးတို့ ခြုံပြောမယ်ဆိုရင် ဒုက္ခကိုသိအောင်လုပ်တာလား, ဒုက္ခရှာတာလား? တရားအားထုတ်တာ ဘာလုပ်တာလဲ? ဒုက္ခခံတာလား, ဒုက္ခရှာတာ လား, ဒုက္ခကိုသိအောင်လုပ်တာလား? စကားလေးရှိတယ်၊ ဆိုကြည့်

(သိပယ်ဆိုက်ပွား, လေးပါးကိစ္စ၊ အပိုင်ရ၊ မုချပရမတ်) ဒါ လယ်တီဆရာတော်ဘုရားကြီးရဲ့ သစ္စာလေးပါးကို ခြုံရေးထားတဲ့ စကားလေး၊ ဆိုပါဦး၊ (သိဆိုတာ ဒုက္ခသစ္စာကို ပိုင်းခြားသိရမည်၊ ပယ်ဆိုတာ သမုဒယသစ္စာကိုပယ်ရမည်၊ ဆိုက်ဆိုတာ နိရောဓသစ္စာ သို့ဆိုက်ရမည်၊ ပွားဆိုတာ မဂ္ဂသစ္စာကိုပွားရမည်) သစ္စာဘယ်နှစ်ပါး လဲ? သစ္စာလေးပါး၊ အဲဒီသစ္စာလေးပါးကိုပြောရင် သိသစ္စာ၊ ပယ်သစ္စာ၊ ဆိုက်သစ္စာ၊ ပွားသစ္စာ၊ အဲဒီသစ္စာလေးပါးမှာ ဘယ်သစ္စာအရေးကြီး ဆုံးလဲ? ပွားသစ္စာ၊ ဟုတ်ပြီလား။

## ကိုယ့်ကိုယ်ကို နှိပ်စက်ရမှာလား

သိတာ အလိုလိုသိတာလား-ပွားလို့သိတာလား? မပွားရင် သိပါ့မလား? မသိရင်ပယ်နိုင်ပါ့မလား? မပယ်နိုင်ရင် ဆိုက်ရောက် ပါ့မလား? မဆိုက်ရောက်ရင် အေးချမ်းပါ့မလား? အခုဘုန်းကြီး တို့ ပရိသတ်တွေ အိမ်မှာနေရတာ အေးချမ်းလား-မအေးချမ်းဘူး လား? ဘယ်သူတွေက နှိပ်စက်? နတ်တွေက လာနှိပ်စက်တာလား? အထက်ဆရာတွေကနှိပ်စက်တာလား? ဘိုးတော် မယ်တော်တွေက နှိပ်စက်တာလား? ဘယ်သူကလာနှိပ်စက်? ကိုယ့်ကိုယ်ကို နှိပ်စက် တယ်၊ ဟာ-ဒုက္ခပဲ၊ ကိုယ့်ကိုယ်ကိုနှိပ်စက်ရမှာလား-ချမ်းသာအောင် လုပ်ရမှာလား? နို့,ဘာလုပ်နေရ? အဲဒါဘုန်းကြီးက ဘာလုပ်ပေးရဦး မှာလဲ? ကိုယ့်ကိုယ်ကိုနှိပ်စက်တယ်တဲ့ ကြည့်ပါဦး၊ ကဲ-ကိုယ့်ကိုယ်ကို နှိပ်စက်တာ အရပ်ပြောပြောရင် လူမိုက်ခေါ်မှာလား-လူလိမ္မာ ခေါ်မှာလား? အဲဒါကြည့်ပေါ့၊ မိုက်တာ ဘာနဲ့မိုက်လဲဆို အဝိဇ္ဇာနဲ့ မိုက်တယ်၊ ဘာနဲ့မိုက်တာလဲ? အဝိဇ္ဇာနဲ့မိုက်တာ၊ ဟုတ်ပြီလား။

ရုပ်မသိဘူး, နာမ်မသိဘူးဆို အဝိဇ္ဇာနဲ့မိုက်တာပဲ၊ ရုပ်မသိ၊

နာမ်မသိရင် ဒုက္ခမသိတာဘဲ၊ ဟုတ်ပြီလား၊ ကြည့်နေ ခုန သိပယ် ဆိုက်ပွားမှာ ဆိုကြည့်၊ (မပွားက မသိ၊ မသိက မပယ်နိုင်၊ မပယ် နိုင်က မဆိုက်ရောက်၊ မဆိုက်ရောက်က မအေးချမ်း)၊ ကဲ-ယောဂီ တွေအိမ်မှာနေရတာ အေးချမ်းလား? မအေးချမ်းရင် ဘာဖြစ်လို့? မဆိုက်ရောက်လို့၊ ဟုတ်ပြီလား၊ ဘာဖြစ်လို့မဆိုက်ရောက်လဲ မေးရင် မပယ်နိုင်လို့၊ ဘာဖြစ်လို့မပယ်နိုင်တာလဲ မေးရင် မသိလို့၊ ဘာဖြစ်လို့ မသိလဲ မေးရင် မပွားလို့တဲ့၊ ဟုတ်ပြီလား။

## ထင်ရှားတဲ့ တစ်ခုကို ကွက်ကြည့်

အေး-ပွားတော့လဲခက်ခက်ကြီးလား? ပြောပြီးပြီလေ၊ အလွယ်ဆုံးပြောထားတာက ကိုယ်နဲ့စပ်သမျှ ကိုယ်အမူအရာမှန်သမျှ ဘာလို့မှတ်ရမှာလဲ? ရုပ်၊ ဟုတ်ပြီလား၊ စိတ်နဲ့စပ်သမျှ, စိတ်ထဲမှာ ဖြစ်သမျှ နာမ်ပဲ၊ ဒါပဲ၊ ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ပြောတာက ဝိပဿနာဆိုတာ အနားယူတဲ့အလုပ်၊ ယောဂီကချမ်းချမ်းသာသာနေ၊ အဲဒီကိုယ်ပေါ်မှာရှိနေတဲ့ခန္ဓာတွေရဲ့ ဖြစ်တာပျက်တာ မြင်သာအောင် ကြည့်၊ ယောဂီက ချမ်းချမ်းသာသာနေ၊ တုံးလုံးလှဲမှချမ်းသာရင် တုံးလုံးလှဲနေ၊ ဒါပေမယ့် ခန္ဓာတော့ မကြည့်ရဘူးလား? ကိုယ် ကြည့်ရမှာလား-ခန္ဓာကြည့်ရမှာလား? ကိုယ်နဲ့ခန္ဓာကွဲပြီနော်၊ တစ်ကောင်လုံးကြီးကဘာလဲ? ကိုယ်နော်၊ အဲဒီကိုယ်ပေါ်မှာဖြစ်တဲ့ နာကျင်ခိုက်ခဲ၊ အောင့်တောင့်၊ ပူအေး အဲဒါတွေက ဘာတွေလဲ၊ ခန္ဓာဟုတ်ပြီလား၊ အဲဒါကို တစ်နေရာမှာ ထင်ရှားတာကြည့်၊ နှစ်ခုသုံးခုပေါ်နေရင် ဘာကြည့်ရမှာလဲ၊ ထင်ရှားတဲ့ တစ်ခုကို ကွက်ကြည့်လိုက်၊ နေသာသလိုနေပြီးတော့ကြည့်ရင် ကဲ-ပင်ပန်း သေးလား။

## စိတ်အလုပ်ဆိုတာ သူကြီးကိုအလုပ်ခိုင်းတာနဲ့တူတယ်

အဲဒီလိုကြည့်နေတော့ ဟိုကလဲဖြစ်ပျက်ပြီးတော့ မနေဘူးလား? ကိုယ့်အလိုလိုက်ကာ ဘယ်နှစ်ခုပါလဲ? ကိုယ့်အကြိုက်လိုက်တာ ဘယ်နှစ်ခုပါလဲ? အနတ္တတွေ့ပြီလား–မတွေ့သေးဘူးလား? မတွေ့ဘူး၊ တချို့ "ငါ့နယ်–အမယ်လေး စိတ်ညစ်လိုက်တာ"တဲ့၊ ဒါအနတ္တ တွေ့တာလား–စိတ်ညစ်တာလား? အခုဆိုပါတော့ ကဲ–နှာသီးဖျား–နှုတ်ခမ်းဖျားမှာ တိုးတာ, တွန်းတာ, အေးတာ, နွေးတာကို ဘုန်းကြီးက ရှုခိုင်းပြီပေါ့၊ အခုသူ့ကိုဘာလုပ်ခိုင်း? သူ့ကိုပြန်အလုပ်ခိုင်းနေတာ၊ အလုပ်သမားလုပ်ခိုင်းတာ၊ အဲတော့ သူကြီးကိုအလုပ်ခိုင်းတော့ သူကြီးက လုပ်ချင်လား၊ သူကနဂိုကဘာလုပ်၊ အခု သူက ဘာလုပ်ရ? ခိုင်းတော့ လုပ်ချင်လား? အေး–အဲဒါပဲပေါ့၊ ယောဂီတို့စိတ်ကလဲလုပ်မလား? ရှုခိုင်းလိုက်ရင်း, သွားရင်း၊ ရှုခိုင်းလိုက်ရင်းသွားရင်း၊ အဲဒီလိုသွားတော့ ယောဂီက ဘယ်လိုဖြစ်? "အမလေး–ငါ့နယ် စိတ်ညစ်လိုက်တာ"တဲ့၊ စိတ်ညစ်လိုက်တာ ဆိုတာ ဘာဖြစ်သွားလဲ? ဒေါသ၊ ဟုတ်ပြီလား။

## ငြီးငွေ့တာနဲ့ ဒေါသနဲ့မရောစေနဲ့

ဉာဏ်လာစေချင်ရင်လွယ်လွယ်လေး၊ "သြော်–ဘုရားဟောတဲ့ အနတ္တ တယ်မှန်ပါလား၊ ငါ့စိတ်တောင် ငါမပိုင်ဘူး"ဆို တရားက ရပြီ၊ ဒါပဲသူက၊ စိတ်ငြိမ်မှရတာမဟုတ်ဘူးနော်၊ အဲဒီစိတ်မငြိမ်တာ ကိုကြည့်ပြီးတော့, ကိုယ်ခိုင်းသလိုမလုပ်တာကိုကြည့်ပြီးတော့ "ဘုရားဟောတဲ့အနတ္တ တယ်မှန်ပါလား၊ ငါ့စိတ်တောင် ငါမပိုင်ပါလား" ဆို တရားကရပြီ၊ လွယ်လွယ်လေး ဘာမှမခက်ဘူး၊ ဉာဏ်အလုပ်နော်၊ အဝိဇ္ဇာဖုံးလွှမ်းလို့ တရားက မရတာ၊ ဟုတ်ပြီလား၊ ကဲ–

ပြီးတော့လဲ ငြိမ်ငြိမ်လေး ယောဂီမနေချင်ဘူးလား၊ နေချင်လား? ငြိမ်နေနိုင်လား? မငြိမ်နိုင်တော့ မပြင်ရဘူးလား? ဒီဘက်ကညောင်းလို့ ဟိုဘက်ကိုပြင်၊ ပြင်ပြီးတော့တစ်ခါ မနာပြန်ဘူးလား? နာပြန်တော့ ဘာလုပ်ရပြန်လဲ၊ ပြင်ပြီးပြန်တော့ တစ်ခါ မနာပြန်ဘူးလား? ပြင်ရပြန်တော့ "အမလေး–ငါ့နှယ် စိတ်ညစ်လိုက်တာ၊ ဒီကိုယ်ကြီးကို မလိုချင်တော့ပါဘူး"လို့၊ မလာပြန်ဘူးလား? အဲဒါ ငြီးငွေ့တာလား ဒေါသဖြစ်တာလား? ဒေါသဟုတ်ပြီလား၊ ငြီးငွေ့တာနဲ့ ဒေါသနဲ့ မရောစေနဲ့နော်၊ အဲဒီမှာလဲ အနတ္တလာရင် ရပြီ တရားက၊ "ဩော်–ငါက မနာချင်ဘူး၊ သူကနာတယ်၊ ခန္ဓာကြီးက တယ်နှိပ်စက်ပါလား၊ အနတ္တပါလား"ဆို တရားက ရပြီ၊ ဘာမှခက်တာ မဟုတ်ဘူးနော်။

ဘုရားဟောတဲ့ တရားကဒုက္ခငြိမ်းတဲ့တရား၊ ဘုရားက ဝိပဿနာဆိုတဲ့ သတိပဋ္ဌာန်တရားဟောတော့ သတိပဋ္ဌာန်တရား (၄)ပါး ရှိတယ်၊ ကြိုက်တဲ့တစ်ပါးပါးကိုရှု၊ ရှုရင်သောကငြိမ်းတယ်တဲ့၊ ဘာငြိမ်းလဲ? သောကဆိုတာ စိုးရိမ်တာ၊ ကောင်းလား? ပြီးတော့ ငိုကြွေးရတဲ့ ပရိဒေဝငြိမ်းမယ်တဲ့၊ ဘာငြိမ်းမယ်ပြော? ကိုယ်ဆင်းရဲတဲ့ ဒုက္ခလဲ ငြိမ်းမယ်တဲ့၊ ဘာဆင်းရဲဒုက္ခ? ကိုယ်ဆင်းရဲတဲ့ဒုက္ခဆိုတာ ကဲ–အိပ်မပျော်တာလဲ? ဒုက္ခ၊ ဟုတ်ပြီလား၊ ဒူးနာတယ်၊ ခါးနာတယ် ဆိုတော့ ဘာလဲ? ဒုက္ခ၊ နှလုံးရောဂါဖြစ်တယ်ဆိုတော့ ဘာလဲ? ဒုက္ခ၊ သွေးတိုး၊ အစာအိမ်၊ အတက်အချက် ရောဂါတွေဆိုတော့ ဘာလဲ? ဒုက္ခနော်၊ အဲဒါတွေကို ပျောက်တာ အများကြီးပဲ၊ ဘုန်းကြီးတို့တွေ့ရတယ်၊ ဟုတ်ပြီလား။

## ကိုယ့်ကိုယ်ကို တကယ်သနားလား

အဲဒါ ကိုယ်က စိတ်စင်ကြယ်ရေးအလုပ်လုပ်တာ၊ စိတ်စင်ကြယ်တော့, သွေးသားကြည်တော့ ရောဂါတွေပျောက်ကုန်တယ်၊ အဲ တော့ ဘုန်းကြီးတို့ ပရိသတ်က တစ်နေ့တစ်နေ့ စိတ်ကြည်တဲ့အလုပ်လုပ်တာလား–စိတ်ညစ်တဲ့အလုပ်လုပ်တာလား? ရောဂါ ဘယ်က လာတာလဲ? စိတ်ညစ်တော့ သွေးသားတွေမညစ်ကုန်ဘူးလား? သွေးသားညစ်တော့ သွေးလမ်း လေလမ်းတွေ မပိတ်ကုန်ဘူးလား? ပိတ်ကုန်တော့ ရောဂါတွေမလာဘူးလား? ကိုယ့်ကိုယ်ကိုချစ်လား–မုန်းလား? နို့–ဘာဖြစ်အောင်လုပ်? ဒါပဲ၊ ကဲ–စိတ်ကြည်အောင်လုပ်၊ ဘာမှမခက်ဘူး၊ စက်တောင်မှကြည့်ပါလား၊ ကဲ–အမြဲတမ်းမောင်းနေရင် ဒီစက်မပျက်ဘူးလား? အနားမပေးရဘူးလား–ပေးရလား? ခန္ဓာကြီးက ဣရိယာပုထ်လေးပါးရှိတဲ့စက်တဲ့၊ တစ်နေကုန်မခိုင်းဘူးလား? ဟာ–သွားအလုပ်လုပ်ခိုင်းလိုက်၊ ဗွီဒီယိုအကြည့်ခိုင်းလိုက်၊ ရုပ်ရှင်အကြည့်ခိုင်းလိုက်၊ စားခိုင်းလိုက်၊ သောက်ခိုင်းလိုက်နဲ့ နားတောင်မနားရဘူး၊ အဲဒါသနားလို့ရှိရင် (၁၅)မိနစ်ဖြစ်ဖြစ်၊ မိနစ်(၂၀) ဖြစ်ဖြစ်၊ နာရီဝက်လောက်ဖြစ်ဖြစ် အနားပေးပြီးတော့မှ ရှုခိုင်းဖို့ မကောင်းဘူးလား? ဘာခိုင်းတာလဲ? စားသောက်ခိုင်းမှာလား–ရှုခိုင်းမှာလား? အနားယူလို့လား? အစိုးရက အသက်(၆၀)ပြည့်ရင် ဘာလုပ်လဲ? အနားယူမှာလား? မယူသေးပါဘူး၊ သူတို့တခြားအလုပ်ရှာလုပ်ဦးမယ်ပေါ့၊ ဟုတ်ပြီလား၊ အခုဈေးရောင်းတယ်၊ သူ့ဟာသူ ပိတ်ချိန်မပိတ်ဘူးလား? ပိတ်ချိန်ပိတ်တော့ ဘာလုပ်မှာလဲ? လျှောက်လည်မယ်ပေါ့လေ၊ အဲ ဒါ ကိုယ့်ကိုယ့်ကို သနား၊ ဟုတ်ပြီလား၊ မေးကြည့်ရင်တော့ ဘယ်လိုပြောလဲ? သနားတယ်တဲ့၊ တကယ်သနားလား? ဘယ့်နှယ်လုပ်မှာလဲအဲဒါ၊ ဘာမှခက်တာမဟုတ်ဘူး၊ တရားက အင်မတန်လွယ်တဲ့အလုပ်။

## ဒုက္ခထုတ်လုပ်တဲ့ စက်ပိုင်ရှင်

ဒီဒုက္ခသစ္စာဆိုတာက သိဖို့လေးပဲ၊ သိတာနဲ့တစ်ပြိုင်နက် သိဆိုရင်ဘာဖြစ်လဲ? ပယ်၊ ဟုတ်ပြီလား၊ ဒီဒုက္ခကို ဒုက္ခလို့သိပြီ ဆိုရင် ဒီဒုက္ခကိုလိုချင်ဦးမှာလား? ဒီဒုက္ခကိုဒုက္ခမှန်း မသိအောင် ဘယ်သူကဖုံးထားလဲ? အဝိဇ္ဇာ၊ ဟုတ်ပြီလား၊ အဝိဇ္ဇာက ဖုံးထား တော့ ဒုက္ခလို့သိနေလား–သုခလို့သိနေလား? သုခလို့သိနေတော့ ကိုယ့်ကိုယ်ကိုလဲ မခင်ဘူးလား? ကိုယ်နဲ့ပတ်သက်တဲ့ပုဂ္ဂိုလ်တွေလဲ မခင်ဘူးလား? ခင်တာကဘာတဲ့လဲ? တဏှာ၊ နည်းနည်းခင်တာလား– အများကြီးခင်တာလား? အေး–ကောင်းတယ်၊ ကိုယ့်ကို အများကြီး ခင်တယ်လို့ပြောမှကြိုက်လား–နည်းနည်းခင်တယ်လို့ ပြောမှကြိုက် လား? ဒီတော့ နည်းနည်းခင်တာကဘာလဲ? တဏှာ၊ အများကြီး ခင်တာက? ဉပါဒါန်၊ ခင်ကြောင်း မင်ကြောင်းတွေပြုနေတာက? ကမ္မဘဝ၊ ပြောနေကြံနေတာကလဲ? ကမ္မဘဝ၊ အားလား? မအားဘူး နော်၊ ဘယ်သူခိုင်းလို့ မအားတာလဲ? တဏှာခိုင်းလို့မအားတာ၊ ဟုတ်ပြီလား၊ တရားခိုင်းလို့မအားတာ မဟုတ်ဘူးလား? ဘုန်းကြီး ခိုင်းလို့မအားတာလား? အမလေး–တော်လိုက်တာ၊ တဏှာခိုင်းလို့ မအားတာတဲ့၊ တဏှာခိုင်းလို့မအားတာဆိုတော့ ဘာရမှာလဲမေးရင် ဇာတိရ၊ ဘာသစ္စာလဲ? ဒုက္ခသစ္စာ၊ ဟုတ်ပြီလား၊ လက်ရှိခန္ဓာကလဲ ဒုက္ခသစ္စာ၊ နောင်ရမှာလဲဘာသစ္စာ? ဒုက္ခသစ္စာ၊ ပရိသတ်က ဒုက္ခ တစ်ခုကြိုက်လား–နှစ်ခုကြိုက်လား? အမလေး–နှစ်ခုကြိုက်တဲ့၊ အလိုလိုရတာလား–လုပ်လို့ရတာလား? တစ်နေ့တစ်နေ့ ဘာလုပ် ယူနေလဲ? အဲဒါကြောင့် ဘုန်းကြီးကပြောတယ်၊ ယောဂီတွေက စက်ပိုင်ရှင်လို့၊ ဒုက္ခစက်ပိုင်ရှင်၊ ဟုတ်ပြီလား။

အေးပေါ့၊ လက်ရှိဒုက္ခမကင်းသေးဘဲနဲ့ နောက်ဒုက္ခ ရကြောင်း

လုပ်တော့ နောက်ဒုက္ခထပ်မရဘူးလား? အဲဒါ အလိုလိုရတာလား- လုပ်ယူ လို့ရတာလား? ကဲ-ကြည့်စမ်းပါဦး၊ ဒုက္ခလုပ်ယူရမှာလား? ကဲ-ပိုင်းခြားသိရမှာလား? ပိုင်းခြားသိလို့ရှိရင်၊ အခုကြည့်လေ သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်းနဲ့ရှု၊ ရုပ်ကိုရှုရင် ဒုက္ခမသိဘူးလား? ရှုလို့သိရင် ဝိဇ္ဇာဉာဏ်၊ ဟုတ်ပြီလား၊ "နိုင်တယ်-နိုင်တယ်" ဆိုတာ ဆန့်ကျင်ဘက်တစ်ခုကမှ ဆန့်ကျင်ဘက်တစ်ခုကို နိုင်တာ နော်၊ အမှားအမှန်နဲ့ပတ်သက်လို့ပြောလို့ရှိရင် ဘုန်းကြီးတို့ပရိသတ် အဲဒီလိုမှတ်ထား၊ ဆန့်ကျင်ဘက်တစ်ခုကမှ ဆန့်ကျင်ဘက်တစ်ခု ကိုနိုင်တယ်၊ ဝိဇ္ဇာရဲ့ဆင့်ကျင်ဘက်သည် ဘယ်သူလဲ? အဝိဇ္ဇာ၊ ဟုတ်ပြီလား၊ အဝိဇ္ဇာရဲ့ဆန့်ကျင်ဘက်သည် ဝိဇ္ဇာ၊ ကုသိုလ်ရဲ့ ဆန့်ကျင်ဘက်သည် အကုသိုလ်၊ အကုသိုလ်ရဲ့ဆန့်ကျင်ဘက်သည် ကုသိုလ်၊ ရေရဲ့ဆန့်ကျင်ဘက်သည် မီးပေါ့၊ မီးရဲ့ဆန့်ကျင်ဘက်သည် ရေ၊ အေး-အဲတော့ အဝိဇ္ဇာကို ဘယ်သူကနိုင်လဲ? ဝိဇ္ဇာကနိုင်တယ်၊ ဟုတ်ပြီလား၊ ကဲ-ဘုန်းကြီးတို့ပရိသတ်က အမြဲတမ်းလိုလို ဘာနဲ့နေလဲ? အဝိဇ္ဇာနဲ့နေတာ၊ ပျော်တယ်ပေါ့နော်၊ အောင်မယ် မပျော်လို့သာ၊ ပျော်သာပျော်ရင် ဆွဲထုတ်လို့တောင်ရမှာမဟုတ်ဘူး၊ တစ်နေ့တစ်နေ့ ဘာနဲ့ပျော်နေတာလဲ? အဝိဇ္ဇာနဲ့ မသိပျော်ပျော်နေ တာ၊ ဟုတ်ပြီလား၊ ဘာနဲ့ပျော်နေလဲ? မကောင်းဘူးလား။

## မသိသလိုနေလို့ ဒုက္ခရတာ

ဘုန်းကြီးတို့ပရိသတ်တွေက လူ့ပြည်လာတာ ဘာနဲ့လာတာလဲ မေးလို့ရှိရင် အတိတ်က သင်္ခါရနဲ့လာတာ၊ ဟုတ်ပြီလား၊ အတိတ် စေတနာကံကို သင်္ခါရလို့ခေါ်တယ်နော်၊ သင်္ခါရဆိုတာ ဆိုကြည့် (အကုသိုလ်နှင့်ကုသိုလ်နှစ်ထွေ၊ စေတနာဓမ္မ၊ ကံသုံးဝ၊ မှတ်ကြ

သင်္ခါရမည်) အဲဒါ ကုသိုလ်ကံ၊ အကုသိုလ်ကံကို ဘာလို့ခေါ်တာလဲ? သင်္ခါရ၊ ဟုတ်ပြီလား၊ အတိတ်တုန်းက ဘုန်းကြီးတို့ ပရိသတ်တွေ ဘာလုပ်ခဲ့လဲ? ကုသိုလ်၊ အကုသိုလ်ကံသင်္ခါရတွေ မလုပ်ခဲ့ဘူးလား? ကံကိုအကြောင်းလို့ခေါ်တယ်၊ ကံကိုဘာလို့ခေါ်? ကုသိုလ်ကံတွေလဲမပါဘူးလား? အကုသိုလ်ကံတွေလဲမပါဘူးလား? ဘယ်သူများထင်လဲ? ဒါလဲသိသားပဲ သူတို့၊ အကုသိုလ်က ကောင်းကျိုးပေးမှာလား–မကောင်းကျိုးပေးမှာလား? အဲ ဒီကံသင်္ခါရတွေလုပ်ခဲ့တော့ မျက်မှောက်ဘဝမှာ ဘာရမှာလဲ? ခန္ဓာရတာပေါ့၊ ဟုတ်ပြီလား၊ အလိုလိုရတာလား၊ လုပ်ယူလို့ရတာလား၊ သိလို့လုပ်တာလား–မသိဘဲနဲ့ရမ်းလုပ်တာလား? မသိတာက အဝိဇ္ဇာ၊ လုပ်တာက သင်္ခါရ၊ ရတာက ဒုက္ခ၊ ကျေနပ်ပြီနော်၊ မကျေနပ်သေးဘူးလား? ကိုယ်လုပ်ယူတာ ကိုယ့်ဟာကိုယ် ထိုက်တာရတာပဲ၊ ဟုတ်ပြီလား၊ ဘာရတာလဲ? ကိုယ့်ဟာကိုယ်မသိလို့လုပ်တာပဲ၊ ဟုတ်ပြီလား၊ အခုလဲပဲ မသိသလိုနေလား–သိအောင်နေလား? အမယ် ဘယ်တုန်းကနေလဲ၊ ပြောစမ်းပါဦး? ခုမှ ဘယ်နှစ်ရက် သိအောင်နေလဲ၊ (ရယ်)၊ နေတာလဲ ဒီလိုပဲ မိရိုးဖလာနေတာ၊ ကဲ–ဘာနဲ့နေတာလဲ၊ မသိသလိုနေနေတာ၊ ဟုတ်ပြီလား။

## နိဗ္ဗာန် ဘာလို့မလာလဲ?

သိအောင်နေတာ ဘာမှခက်တာမဟုတ်ဘူး၊ ဘုန်းကြီးတို့ ခုနပြောခဲ့တယ်လေ၊ ဒီဝိပဿနာဆိုတာ ဘာလုပ်တာလဲ၊ အသိပြောင်းတာလို့ပြောထားတယ်၊ အလုပ်ပြောင်းတာလား–အသိပြောင်းတာလား? အသွားအလာ၊ အစားအသောက်ပြောင်းတာလား– အသိပြောင်းတာလား? ဒါလေး ပြောင်းလိုက်တာ၊ မသိတာကနေ သိအောင်

နေလိုက်တာ၊ အဝိဇ္ဇာနဲ့နေနေရာကနေ ဝိဇ္ဇာဉာဏ်နဲ့နေလိုက်တာ၊ "ရုပ်"လို့ တစ်ချက်ရှုရင် အဝိဇ္ဇာတစ်ချက်ချုပ်တယ်၊ ရှုတာက ဘာလဲ? ဝိဇ္ဇာဉာဏ်၊ ဟုတ်ပြီလား၊ ဝိဇ္ဇာဉာဏ်ပေါ်ရင် ဘယ်သူချုပ်သွားလဲ? အဝိဇ္ဇာချုပ်တယ်၊ အဝိဇ္ဇာချုပ်လို့ရှိရင် သင်္ခါရချုပ်၊ ဝိညာဉ်ချုပ်၊ နာမ်ရုပ်ချုပ်၊ သဠာယတနချုပ်၊ ဖဿချုပ်၊ ဝေဒနာချုပ်၊ တဏှာချုပ်၊ ဥပါဒါန်ချုပ်၊ ကမ္မဘဝချုပ်၊ ဇာတိချုပ်၊ ဇရာမရဏချုပ်ရင် ဒီမှာဒုက္ခမလွတ်သွားဘူးလား? ဒုက္ခချုပ်မှ နိဗ္ဗာန်ကလာတယ်၊ ဘာချုပ်မှ ဘာလာတာလဲ? ဒုက္ခချုပ်မှ နိဗ္ဗာန်လာတယ်၊ ဟုတ်ပြီလား။

အခုနိဗ္ဗာန်ဘာဖြစ်လို့မလာလဲမေးလို့ရှိရင် ဒုက္ခလာနေလို့၊ ဟုတ်ပြီလား၊ ကဲ–ဘုန်းကြီးတို့ပရိသတ်က ဒုက္ခလာအောင်လုပ်တာလား–နိဗ္ဗာန်လာအောင်လုပ်တာလား? ဒါဖြင့် နိဗ္ဗာန်ခက်လို့မရတာလား–ဒုက္ခလာနေလို့မရတာလား? သူ့ဟာသူလာတာလား–လာအောင်လုပ်လို့လာတာလား? ဘာဖြစ်လို့လာအောင် လုပ်လဲဆို ဒုက္ခကိုမသိလို့၊ ဟုတ်ပြီလား၊ အဲဒီတော့ မသိတာဟာ မရှုံးဘူးလား–ရှုံးလား? အများကြီးရှုံးလား–နည်းနည်းရှုံးလား? ဟို–ရေတွင်းထဲ ခုန်ချသေဖို့ကောင်းလောက်အောင် ရှုံးတယ်၊ ဟုတ်ပြီလား။

ဘာမှခက်တာမဟုတ်ဘဲနဲ့ ဒီမှာ "ရုပ်" လို့ တစ်ချက်ရှုလိုက်ပြီဆိုတော့ ဘာဉာဏ်ဖြစ်သွားပြီလဲ? ဝိဇ္ဇာဉာဏ်ဖြစ်၊ ဟုတ်ပြီလား၊ ဝိဇ္ဇာဉာဏ်က အဝိဇ္ဇာကိုနိုင်တယ်၊ အဝိဇ္ဇာချုပ်ရင် နောက်က သင်္ခါရ ဝိညာဏ် နာမ်ရုပ် စသည်ချုပ်ကုန်လို့ နောက်ဆုံး ဇရာမရဏထိအောင် အကုန်ချုပ်ဆိုတော့ အိုသေချုပ်မသွားဘူးလား? အိုသေချုပ်ရင် နိဗ္ဗာန်မလာဘူးလား? ဒါကြောင့် (တစ်ချက်ရှုပွား၊ ကျိုးတရား၏၊ ဖိုးကားမည်မျှ၊ ကြီးမားလှ၊ မပြနိုင်ပါပေ)ဆိုတဲ့အတိုင်း တစ်ချက်ရှုရတဲ့ တန်ဖိုးဖြတ်လို့ရလား?

## ပါရမီမရှိလို့ တရားမရတာလား?

ရှင်းရှင်းလေး ဘာမှမခက်ဘူး၊ ပါရမီမရှိလို့ တရားမရတာလား–အားမထုတ်လို့မရတာလား? ပါရမီဆိုတာ ဒီကိုလာကာစနဲ့ အခုနဲ့ ဘယ်သူကပါရမီရှိသွားလဲ၊ အေးပေါ့ ပါရမီဆိုတာ လုပ်ယူရတာ၊ ပြောမယ်ဆိုရင် နိဗ္ဗာန်ရောက်ကြောင်း အလုပ်ကောင်းကို ပါရမီခေါ်တာ၊ ဟုတ်ပြီလား၊ ဒါနပြုတယ်၊ ဥပုသ်စောင့်တယ် ဆိုပေမယ့် လူချမ်းသာ၊ နတ်ချမ်းသာရဖို့၊ ဂုဏ်လိုချင်လို့၊ နာမည်ကြီးချင်လို့၊ နောင်ဘဝကောင်းစားဖို့ ရည်ရွယ်လုပ်ရင် တဏှာသံယောဇဉ်ပါပါနေလို့ ပါရမီဖြစ်မှာလား? ကုသိုလ်လုပ်တိုင်း ပါရမီမဖြစ်ဘူးတဲ့နော်၊ နိဗ္ဗာန်ရည်မှန်း၊ ဟုတ်ပြီလား၊ နိဗ္ဗာန်ရောက်ကြောင်း အလုပ်ကောင်းကို ပါရမီခေါ်တယ်နော်။

## တရားရိပ်သာဆိုတာ တခြားမှာလား?

အေး၊ နိဗ္ဗာန်ရချင်တယ်ဆိုလို့ရှိရင် ဘာမှ မခက်ဘူး၊ နိဗ္ဗာန်မြန်မြန်ရချင်တယ်ဆိုရင်ခန္ဓာသိအောင်လုပ်၊ ဒါပဲ၊ ဟုတ်ပြီလား၊ ခန္ဓာသိအောင်လုပ်ဆိုတာနဲ့ ဒုက္ခသိအောင်လုပ်ဆိုတာ အတူတူပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ခန္ဓာသည် ဘာလဲ၊ ဒုက္ခဟုတ်ပြီလား၊ ဒုက္ခသည် ဘာလဲဆို၊ ခန္ဓာပဲ၊ မြတ်စွာဘုရားက နတ္ထိ ခန္ဓသမာ ဒုက္ခာ။ လို့ ဟောတော့ ခန္ဓာနဲ့တူတဲ့ ဆင်းရဲဆိုတာ မရှိဘူးတဲ့၊ ဒါဖြင့် ဒီ ခန္ဓာက သွားရာ မပါဘူးလား?၊ ဒါဖြင့် တရားကျောင်း၊ တရားရိပ်သာ ဆိုတာ တခြားမှာလား၊ ခန္ဓာမှာလား?၊ ဘယ်သွားသွား ခန္ဓာက မပါဘူးလား?၊ ဘယ်သွားသွား တရားအိမ်ကြီးက မပါဘူး လား၊ ခန္ဓာကြီးသည် တရားအိမ်ကြီးပဲ၊ တရားရိပ်သာကြီးပဲ၊ ဟုတ်ပြီလား?။

## ခုလောက်ဆို အများကြီး ဟုတ်သွားပြီ

ထိုင်လဲရှု၊ ထလဲရှု၊ သွားလဲရှု၊ လာလဲရှု၊ စားလဲရှု၊ အိပ်လဲရှု၊ နေသာသလို နေလဲရှု၊ အလုပ်လုပ်ရင်းနဲ့ တစေ့တစောင်းရှု၊ စာရေးရင်းလဲရှု၊ စာဖတ်ရင်းလဲရှု၊ ကဲ–မရဘူးလား?၊ တစ်ချက် တစ်ချက်သတိလေး ပြန်ထားပြီးတော့ရှုတာ ဟုတ်ပြီလား၊ ဒါပဲသူက၊ အဲတော့ တစ်နာရီမှာ (၁၀)ချက်လောက်သာ ရမယ်ဆိုလို့ရှိရင် တစ်နေ့တာမှာ အိပ်တဲ့ ရှစ်နာရီ ဖယ်ထား၊ ကျန်တဲ့ (၁၆) နာရီဆို ရှုချက်(၁၆၀)ဟုတ်ပြီလား၊ တစ်နေ့ရှုချက် (၁၆၀) ဘယ်နှစ်ရက် ရဖူးလဲ?၊ ဒါပဲကဲ– တစ်နေ့ (၁၆၀)၊ တစ်နှစ်ဆို နည်းလား?၊ (ကုသိုလ်ပြုရာ၊ နည်းနည်းသာ၊ ထင်ဟာမသေးသင့်)၊ ကုသိုလ်ပြုတာ ခဏလေးပဲ၊ အနည်းငယ်လေးပဲဆို အထင်မသေးနဲ့တဲ့ ဟုတ်ပြီလား၊ (ရေပေါက်ကျငြား၊ အိုးကြီးများ၊ ပြည့်သွားပုံကိုချင့်)၊ ရာဝင်အိုးကြီး တံစက်မြိတ်အောက်မှာ ချထား၊ ဟိုက တစ်ပေါက်တစ်ပေါက်ကျ၊ အဲဒီလောက်နဲ့ပြည့်ပြီလား?၊ အဲဒီလိုပဲခံထား၊ နောက်တစ်ခါ တစ်ပေါက်ကျ၊ တစ်ပေါက်ကျ၊ ကြာတော့ ဘာဖြစ်သွားလဲ?၊ ပြည့်မသွားဘူးလား?၊ ကဲ–တစ်နာရီမှာ ခုနပြောသလို (၁၀)ချက်၊ (၁၀)ချက်ပဲချ၊ တစ်နေ့မှာ (၁၆)နာရီ ဆိုပါတော့၊ (၁၆၀)မရသွားဘူးလား?၊ လနဲ့ချီ၊ နှစ်နဲ့ချီဆို နည်းလားတဲ့၊ အဲဒါလောက်သာရှုလာခဲ့ရင် ခုလောက်ဆိုအများကြီး ဟုတ်သွားပြီနော်။

## အဘွားကြီးတွေက ပြောရကျပ်တယ်

ဘုန်းကြီးတို့ပရိသတ်တွေ ရှေးတုန်းက ဘုရင်တွေဆို အတုခိုးရမှာက သားထောက်သမီးခံရလို့ရှိရင် ထီးနန်းအာလုံးလွှဲပြီး တော့ မိမိတို့က တရားအားထုတ်လေ့ရှိတယ်၊ ဟုတ်ပြီလား၊

ဘုန်းကြီးတို့ပရိသတ်လဲ သားထောက်သမီးခံရလို့ရှိရင် ဘာလုပ်ကြမှာလဲ?၊ အမှုကိစ္စအားလုံး လွှဲပြီးတော့ ကိုယ်ရေးကိုယ်တာ တရားရှာဖို့လိုပြီနော်၊ မသေခင်အားကိုးရာပြုဖို့ အလွန်လိုတယ်၊ အသေကဟောရင်းနာရင်းလဲ မသေနိုင်ဘူးလား?၊ နေ့လား ညလားပြောနိုင်လား?၊ အဘွားကြီးတွေက အပြောရကျပ်တယ်၊ နော်၊ အဘွားငယ်တွေက ပြောရလွယ်တယ်၊ မသေခင် စိတ်ချရအောင်လုပ်မှာလား သေမှ လုပ်မှာလား?၊ မထင်ပါဘူး သူတို့ကို။

## အကင်းတွေ အကြွေများတယ်

ကဲ–အရွယ်မျိုးစုံ မသေဘူးလား?၊ သေတယ်၊ ဟိုမှာ သစ်ပင်မှာအပွင့်ပွင့်ပြီးတော့မှ အကင်းလေးတွေ မကင်းဘူးလား?၊ မှည့်သည့်တိုင်အောင်ရောက်တဲ့အသီးနဲ့ ဘယ်သူက ကြွေတာများလဲ?၊ အကင်းမှာကြွေတာများတယ်နော်၊ အဲဒါကြောင့်မို့လို့ ကုသိုလ်ကောင်းမှုဆိုတာကအိုမှ လုပ်ရမှာနော်၊ ဘယ်အချိန်လုပ်ရမှာလဲ?၊ မဟုတ်ပါဘူး၊ လူအိုမှ လုပ်ရတာမျိုး မဟုတ်ဘူးလား?၊ 'ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ ဘာဝနာပွား'ဆိုတဲ့စကားကို လူတွေက အရိုးစွဲနေတာ၊ ပထမအရွယ်မှာ ပညာရှာဆိုတော့ပညာပဲရှာရမယ်၊ ကုသိုလ်မရှာရဘူးလို ဖြစ်နေ၊ ဒုတိယအရွယ်မှာဥစ္စာရှာဆိုတော့ ဥစ္စာပဲရှာ၊ ကုသိုလ်မလုပ်ရဘူးလို ဖြစ်နေ၊ တတိယအရွယ်ကျတော့ ဘာဝနာပွားဆိုတော့ အခု ဒီအရွယ်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေ ဆိုလို့ရှိရင် သွားတောင် မပေါက်သေးဘူး၊ ဟင်–ငယ်ငယ်လေးတွေ (ရယ်)။

## ကြည့်တတ်တဲ့ ပုဂ္ဂိုလ်တွေ မြင်ဖို့

သချိုင်းကုန်းထဲမှာ စာလေးတွေ ရေးရေးထားတာ သွားကြည့်၊ အသက်အရွယ်မျိုးစုံ မရှိဘူးလား?၊ အဲဒီဆိုင်းဘုတ်ကလေးတွေက အလကားထိုးထားတာ မဟုတ်ဘူး၊ ကြည့်တတ်တဲ့ပုဂ္ဂိုလ်တွေမြင်ဖို့ ထိုးထားတာ၊ ဟုတ်ပြီလား?၊ "ဩော်-သူ့ခမျာ သေသွားရှာတာပဲ"၊ အဲဒီလိုပဲမြင်တာ၊ သူတို့က၊ ဟိုမှာက "ဩော်-သေတယ်ဆိုတာ အရွယ်နဲ့ မဆိုင်ပါလား၊ အရွယ်မျိုး စုံ သေပါလား"၊ ဒါကို သံဝေဂ ဖြစ်တော့မှ "မဖြစ်ဘူး၊ ငါ့အောက်ငယ်တဲ့ပုဂ္ဂိုလ်တွေလဲ သေတယ်၊ ငါနဲ့ရွယ်တူတွေလဲသေတယ်၊ ကြီးတဲ့ပုဂ္ဂိုလ်တွေက ဆိုစရာမရှိတော့ဘူး၊ အဲတော့ 'ငါမသေခင် ကြိုတင်ပြီးတော့မှ လုပ်သင့်လုပ်ထိုက်တဲ့ ကုသိုလ်တွေ လုပ်မှပဲ" လို့ အဲဒီလို အသိဉာဏ်လေးကို ရစေချင်လို့ ဆိုင်းဘုတ်ထိုးထားတာ၊ အလုထိုးထားတာမဟုတ်ဘူး၊ ဒါပေမယ့် ကြည့်တတ်တဲ့ပုဂ္ဂိုလ်မှ မြင်တယ်၊ မကြည့်တတ်တဲ့ပုဂ္ဂိုလ်ဆို ကြောင်တောင်ကန်း မမြင်ဘူး၊ ဟုတ်ပြီလား?။

## ယောဂီတစ်ယောက် သဘောပေါက်

ဘုန်းကြီးတို့ တစ်နှစ် ကျိုက်ထိုမှာ တရားပြတော့ အမျိုးသမီးတစ်ယောက် ရခိုင်ပြည်နယ်က သူ့အဘိုးဆီအလည်လာတာနဲ့ သူ့အဘိုးက တရားဝင်ခိုင်းလို့ဆို တရားဝင်၊ သွက်သွက်လက်လက် ပြောတတ်ဆိုတတ် သူက၊ အဲဒါ တရားလဲသူက တော်တော်ကောင်းတယ်၊ နေ့တိုင်းနေ့တိုင်း တရားအစစ်ခံ၊ နောက်ဆုံးနေ့ကျတော့ နက်ဖြန်ဆို တရားစခန်းပွဲထွက်တော့မယ်ပေါ့၊ ဒီနေ့လိုမှာ ချီးပွဲချ ငိုပြီးတော့မှ ဆရာတော်ဘုရားတဲ့ တပည့်တော်တို့ နဂိုက ကြားဖူးတာက ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊

တတိယအရွယ်မှာ ဘာဝနာပွားလို့ ကြားဖူးပါတယ်ဘုရားတဲ့၊ တပည့်တော် အခု ဒီမှာ တရားဝင်တော့ တပည့်တော် ဘယ်လိုသိလဲ ဆိုတော့ ပထမအရွယ်မှာ ပညာရှာ၊ ပညာရှာရင်းလဲ တရားရှာရမယ်၊ ဒုတိယအရွယ်မှာ ဉစ္စာရှာ၊ ဉစ္စာရှာရင်းလဲ တရားရှာရမယ်၊ တတိယ အရွယ်ကျတော့ ဘာဝနာ သက်သက်ပဲပွားရပါမယ်လို့ တပည့်တော် အဲလို သိရပါတယ်ဘုရားတဲ့၊ တပည့်တော် အလယ်လာရင်းနဲ့ တပည့်တော်အဘိုးက တိုက်တွန်းလို့ ဘာမသိညာမသိ တရားဝင်တာ၊ အခု တပည့်တော် သိသွားပါတယ်ဘုရားတဲ့၊ တရားဝင်တဲ့ကျေးဇူး အင်မတန်ကြီးပါတယ်၊ တပည့်တော်ရဲ့ အဖေ အမေတွေ တတိယ အရွယ် ရောက်နေပါပြီ၊ တရားမဝင်ရသေးပါဘူးဘုရားတဲ့၊ သူတို့ ဘယ်တော့များ တရားဝင်ဖြစ်မလဲမသိဘူး ဆို ငိုရှာတယ်၊ တရားတွေကို သိလို့ရှိရင် အဲဒီပုဂ္ဂိုလ်တွေ အများကြီး ရှိတယ်။

တတိယအရွယ် ဘာဝနာပွားဆိုတော့ ပထမအရွယ်သေသွားတော့ ဘယ့်နှယ်လုပ်?၊ ဒုတိယအရွယ်သေသွားတော့ ဘယ့်နှယ်လုပ်?၊ တတိယအရွယ်ကို ရောက်မှမရောက်သေးတဲ့ပုဂ္ဂိုလ်တွေ မရှိဘူးလား?၊ တတိယအရွယ်ရောက်ပြန်တော့လဲ သားထောက်သမီးခံမရှိလို့ စခန်းပွဲ မသွားရတဲ့ပုဂ္ဂိုလ်တွေလဲ မရှိဘူးလား?၊ မကျန်းမာလို့ မသွားရတဲ့ပုဂ္ဂိုလ် တွေလဲမရှိဘူးလား?၊ အကြောင်းအမျိုးမျိုးနဲ့ မသွားရတဲ့ ပုဂ္ဂိုလ်တွေ တစ်ပုံကြီးပဲ၊ အင်မတန်ရှုံးတယ်။

## တစ်ရွယ်ရွယ် ကျင့်တော့

ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောတာကတော့ (ကိုယ့်ကိုယ်ချစ်ပါတယ်၊ ခင်ပါတယ်၊ ကြင်နာပါတယ် လို့သိတဲ့ ပုဂ္ဂိုလ်သည် အရွယ်သုံးပါးမှာ သုံးပါးလုံးစင်ကြယ်အောင် ကျင့်)တဲ့၊

ဘယ်နှစ်ရွှယ်ကျင့်ရမှာလဲ?၊ သုံးရွှယ်မှ မတတ်နိုင်ရင် နှစ်ရွှယ်ကျင့်ရမယ်၊ နှစ်ရွှယ်မှ မတတ်နိုင်ရင် တစ်ရွှယ်တော့ ကျင့်ရမယ်၊ ဟုတ်ပြီလား။

အကောင်းဆုံး ဘယ်အရွှယ်အကောင်းဆုံးလဲဆို၊ ပထမအရွှယ်အကောင်းဆုံး၊ ဟုတ်ပြီလား။

အချိန်ကာလဆိုတာ ပစ္စုပ္ပန် ယခုလက်ရှိအချိန်ထက် ကောင်းတဲ့အချိန်ဆိုတာ မရှိဘူး၊ နက်ဖြန်သန်ဘက်ဆိုတာ ကိုယ်ပိုင်တဲ့အချိန်မဟုတ်ဘူး၊ အခုတောင်မှ ကိုယ်ပိုင်တာမဟုတ်ဘူး၊ ခုလိုညအကောင်းကြီး၊ ညအိပ်တဲ့အချိန်မှာ အိပ်ရင်းနဲ့ သေတဲ့ပုဂ္ဂိုလ်တွေလဲ မရှိဘူးလား?။

## သေမယ့်ဘေးကြီး အလွန်နီး

ဘုန်းကြီး တစ်နှစ်တုန်းကလေ၊ စခန်းတစ်ခုပြနေတယ်၊ ဆယ်ရက်စခန်းတစ်ခု၊ အဲဒီဆယ်ရက်စခန်းပွဲပတ်ဝန်းကျင်နားမှာ ဘုန်းကြီးပျံသုံးပျံရှိတယ်၊ တစ်ပျံကတော့ အသက်(၈၀)ကျော်၊ သူ့ရဲ့အိုနာခံ့ပျံတော်မူတာပေါ့၊ နောက်တစ်ပျံက ဆွမ်းစားမယ်ဆို ဆွမ်းပွဲသွားထိုင်၊ လက်ဆေးရုံပဲရှိသေး၊ ဆွမ်းတောင် မဘုဉ်းပေးရသေးဘူး၊ အဲဒီမှာ ပျံတော်မူနေ၊ အဲဒါ ဟိုတစ်ခုမချလို့ ဒီတစ်ပျံလဲ အနားမှာရှိနေ၊ နောက်တစ်ပျံကျတော့ ဒကာမကြီးတစ်ယောက်ဆုံးလို့ ရက်လည်ဆွမ်းသွတ်ရအောင်ဆိုပြီးတော့မှ ဒီကကြွသွားတာ၊ အိမ်ပေါ်မှာလဲ လှမ်းတက်ရော အဲဒီမှာ ပျံတော်မူရော၊ ဟိုမှာ ဆွမ်းမသွတ်ခဲ့ရဘူး၊ အဲဒါကြောင့်မို့လို့ (သေမယ့်ဘေးကြီး၊ အလွန်နီး၊ ခုလဲသေနိုင်ပါတကား) ဆိုတဲ့ ဒီစကားလေးဂ႔ ထပ်ခါထပ်ခါ ပွားသင့်တဲ့စကား။

အခုလည်း သေနိုင်တယ်ဆိုတော့ ရေချိုးရင်းလဲ သေနိုင်တယ်၊ ထမင်းစားရင်းလဲသေနိုင်တယ်၊ ကျင်ကြီးကျင်ငယ်စွန့်ရင်းလဲ သေနိုင်တယ်၊ ဘုရားရှိခိုးရင်းလဲသေနိုင်တယ်၊ ထမင်းချက်ရင်းလဲသေနိုင်တယ်၊ ဟုတ်ပြီလား၊ ရေခပ်ရင်းလဲသေနိုင်တယ်၊ အဝတ်ဖွပ်ရင်းလဲ သေနိုင်တယ်၊ မသေနိုင်ဘူးလား?၊ အဲဒါကို နီးနီးကပ်ကပ် ပွားလို့ရှိရင် အကုသိုလ်မကောင်းမှုတွေ၊ ကဲ- စိတ်ထဲကနေ ကြံဦးမလား?၊ အေး၊ အဲဒီလို ကျေးဇူးရှိတယ်၊ ဒါကြောင့်မို့လို့ မရဏာဿတိ ဘာဝနာတရားဟာ ပွားရမယ်၊ သိပ်အရေးကြီးတယ်၊ ဟုတ်ပြီလား။

## ရောဂါ (၄)မျိုး

ကိုးဆယ့်ခြောက်ပါးရောဂါကို ခွဲပြောရင် (၄)မျိုးနဲ့ ပြောလို့ရတယ်။

(၁) နံပါတ်က–ဆေးကုလဲပျောက်မယ်၊ မကုဘဲထားလဲပျောက်မယ်၊ ဆေးကုကု မကုကု ပျောက်တဲ့ ရောဂါ။

(၂) နံပါတ်က–ခဲရာခဲဆစ်နဲ့ ကြိုးစားပမ်းစား ကုနိုင်မှ ပျောက်မယ်၊ မကုနိုင်ရင် သေမယ့်ရောဂါ။

(၃) နံပါတ်က– ဆေးရှာပြီး ကုချင်သလောက်ကု ပျောက်ကို မပျောက်ဘူး၊ ဒီရောဂါနဲ့ သေကိုသေရမယ့် ရောဂါ။

(၄) နံပါတ်က– ဆေးရှာပြီးတော့ ကုလို့ရှိရင် သက်သာရုံပဲ သက်သာမယ်၊ ပျောက်ကိုမပျောက်တဲ့ရောဂါ။

ရောဂါအားလုံး ဘယ်နှစ်မျိုးလဲ?၊ လေးမျိုးနော၊ တစ်နံပါတ်ရောဂါမျိုးက ချောင်းဆိုးနှာစေးရောဂါမျိုးပေါ့၊ နှစ်နံပါတ်ရောဂါမျိုးက ဖျားတာနာတာမျိုး၊ တီဘီရောဂါမျိုးပေါ့၊ သုံးနံပါတ်ရောဂါမျိုးက ကင်ဆာလို ရောဂါမျိုးပေါ့၊ လေးနံပါတ်ရောဂါမျိုးက ညောင်းညာတာ၊

ကိုက်ခဲတာ၊ ယားယံတာ၊ ဆာလောင်တာ၊ ပူအေးတာမျိုးပေါ့၊ ရောဂါဆိုတာ ဖြစ်လာရင်တော့ အကြီးနဲ့အသေးသာ ကွာချင်ကွာမယ်၊ နှိပ်စက်တာချည်းပဲ၊ ဘာပဲဖြစ်ဖြစ် ဆေးကတော့ မကုရဘူးလား၊ ကုရမှာလား?၊ ကုရမှာပဲ၊ ဟုတ်ပြီလား။

အဲဒီရောဂါလေးမျိုးမှာ အခုယောဂီတို့ကိုယ်မှာ အမြဲမပြတ်ရောဂါရှိတယ်ဆိုတော့ ဘယ်လိုရောဂါလို့ ထင်လဲ?၊ နံပါတ်လေးရောဂါပေါ့၊ ဒါသူတို့မသိဘူး၊ ကဲ–ကြည့်ပါဦး၊ အခုယောဂီတို့ ငြိမ်ငြိမ်နေနိုင်လား?၊ နေပါလား၊ ဘာလို့ ငြိမ်ငြိမ်မနေလဲ?၊ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်ဆိုတော့ အဲဒါ ဟိုဘက်လှည့်ပေးလိုက်တော့ သက်သာသွားတယ်၊ ထိုင်လိုက်တော့ သက်သာသွားတယ်၊ ထလိုက်တော့ သက်သာသွားတယ်၊ သွားလိုက်တော့ သက်သာသွားတယ်၊ သက်သာရုံပဲသက်သာသွားတယ်၊ ပျောက်သွားလား?၊ မပျောက်ဘူး။

အခုယောဂီတွေ မနက်တုန်းက ဘောဇနဆောင်သွားပြီးတော့ ထမင်းမစားဘူးလား?၊ ဘာလုပ်တာလဲ?၊ ရောဂါကို ဆေးကုတာ ဟုတ်ပြီလား၊ သိလား၊ ထမင်းဆာတာဟာ ရောဂါတဲ့၊ မြတ်စွာဘုရားက ထမင်းဆာတဲ့ ရောဂါသည် အကြီးဆုံးရောဂါတဲ့၊ ရောဂါအသေးလေးတောင် မဟုတ်ဘူး၊ ရေလဲမချိုးဘူးလား?၊ ဘာဖြစ်လို့ ရေချိုးတာလဲ?၊ ရေချိုးတာလား၊ အဲဒါ ဆေးကုတာလား?၊ အေး၊ အဲဒါ အနာရောဂါကို ဖန်ရေဆေးတာပေါ့၊ အနံ့အသက်တွေ ကောင်းသွားအောင် အညှိအဟောက်တွေ ပျောက်သွားအောင် ဟုတ်ပြီလား၊ အခု ယောဂီတွေ တစ်နေ့ ဖန်ရေဆေးတာ ဘယ်နှစ်ခါဆေးလဲ? (ရယ်)၊ ကိုယ့်ဟာကိုယ် အဲဒါ သဘောပေါက်ထား၊ ငါတို့ အနာရောဂါကို ဖန်ရေဆေးတာပါလားလို့ အဲဒီလို သဘောပေါက်လို့ရှိရင် အဲဒီအပေါ်မှာ စွဲမက်မှု

ဖြစ်ဦးမလား?၊ စိတ်ပျက်မှု ဖြစ်ဦးမလား?၊ တွေဝေမှုလဲမဖြစ်တော့ဘူး၊ အသိက သိပ်ပြီးတော့ အရေးကြီးတယ်။

## ဆေးကျွေး/ဖန်ရေဆေး/ပတ်တီးစည်းနေတာ

ကိုယ့်ဟာကိုယ် လူမမာလို့သိလို့ရှိရင် ထမင်းစားတာက ကဲ–ဘာလုပ်တာလဲ?၊ ဆေးကျွေးတာ၊ ရေချိုးတာက ဖန်ရေဆေးတာ၊ အဝတ်အစားဝတ်တာကျတော့ ပတ်တီးစည်းတာပေါ့ (ရယ်)၊ အခု ဘာလုပ်ထားကြလဲ?၊ ပတ်တီးမစည်းရင် အနာယင်အုံတယ် (ရယ်)၊ အဲဒီကျတော့ ပိုးတွေ၊ လောက်တွေ မကပ်တော့ဘူး၊ အဲဒါကို သဘောပေါက်၊ ငါတို့မှာ ဒီရောဂါတွေ ရှိနေပါလားလို့ အဲဒီတော့ မာနကြွဦးမှာလား?၊ မာနမကြွတော့ဘူး၊ ငါလူမမာပဲ၊ အချိန်မရွေး သေနိုင်တာပဲ၊ ရန်ဖြစ်နေလို့ မဖြစ်ဘူး၊ တော်ကြာ သေရွာပါသွား လိမ့်မယ်၊ ဟုတ်ပြီလား။

## ဥကို ပုံပြ ဥပုံရှ

ဟောဒီခန္ဓာကိုယ်ကြီးက အမြဲမပြတ်နာကျင်နေတဲ့ ခန္ဓာကိုယ်ကြီး၊ အမြှေးပါးလေးနဲ့ ဖုံးထားတဲ့ ခန္ဓာကိုယ်၊ ဘုန်းကြီးတို့ဘဲဥ၊ ကြက်ဥ ဆိုတာရှိ၊ အဲဒီဘဲဥ၊ ကြက်ဥကို အမြှေးပါ လေးနဲ့ဖုံးပြီးတော့မှ အမြှေးပါး လေးပေါ်က အခွံထူဖုံးထား၊ ဟောဒီ ဘုန်းကြီးတို့ ပရိသတ်ရဲ့ ခန္ဓာကိုယ်ကတော့ အရေပါးလေးနဲ့သာ ဖုံးထားတယ်၊ အပေါ်ကအခွံ ထူတောင်မရှိပါဘူးတဲ့၊ ဥသဖွယ်ဖြစ်တယ်ဆိုပေမယ့် ဥသည် ဘယ်ကိုပဲ ပစ်လိုက်ပစ်လိုက် ဥပဲကွဲ၊ အဲဒီလို ခန္ဓာကိုယ်ကြီးသည် ဘယ်အရာနဲ့ပဲ ထိထိ သူပဲနာတယ်၊ ဘယ်အရာနဲ့ပဲထိထိ သူပဲပေါက်ပြဲ တယ်၊ ဒါပေမယ့် ဥနဲ့ ခန္ဓာကိုယ်နဲ့ ဘာကွာလို့လဲလို့ မေးလို့ရှိရင်

ဘဲဥ ကြက်ဥကို ခြင်ထောင်ချသိပ်စရာမလိုဘူးတဲ့၊ အပေါ်က အခွံထူရှိနေလို့၊ ဒီခန္ဓာကိုယ်ကျတော့ သိမ်မွေ့နူးညံ့တဲ့ ခြင်နှုတ်သီး တောင်မှ အထိုး အဆိတ် မခံနိုင်ဘူး၊ ဒီ ခန္ဓာကိုယ်ကို ရွက်ဆောင် ထားရတဲ့ ပုဂ္ဂိုလ်မှာ လှူမိုက်ကို ဖယ်ထား "ကျန်းမာပါတယ်"လို့ ပြောနိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်မှ မရှိဘူးတဲ့၊ အနာခန္ဓာကိုယ်၊ ရောဂါခန္ဓာကိုယ်၊ အမြဲတမ်း နာနေတယ်၊ အမြဲတမ်း ကျင်နေတယ် ဆိုလိုတယ်၊ အဲဒါ ဉာဏ်မျက်စိနဲ့ ကြည့်ရမှာ။

## အမြဲတမ်း ဓာတ်စာ စားနေတယ်လို့ ပြောလိုက်တယ်

ဘုန်းကြီးတို့ပရိသတ်တွေ ကိုယ့်ကိုယ်ကို ပကတိမျက်စိနဲ့ ကြည့်တာလား၊ ဉာဏ်မျက်စိနဲ့ ကြည့်တာလား?၊ အောင်မယ်၊ ဉာဏ်မျက်စိနဲ့ ကြည့်တာတဲ့၊ နို့-ဘယ်တုန်းကကြည့်တာလဲ?၊ ခုခါမှ ယောင်တောင်ပေါင်တောင် အမြဲတမ်း ပကတိမျက်စိနဲ့ကြည့် နေပြီးတော့ ခုခါမှ ဉာဏ်မျက်စိနဲ့ကြည့်တယ်လုပ်နေ၊ ဉာဏ်မျက်စိ နဲ့ကြည့်မှ မကျန်းမာတာကို တွေ့တာ၊ ပကတိမျက်စိနဲ့ကြည့်ပြီးတော့ 'ငါကျန်းမာတယ်၊ ငါချမ်းသာတယ်'ဆိုပြီးတော့မှ တစ်နေ့တစ်နေ့ ကိုယ့်ကိုယ်ကို ပြင်နေတာ မျက်စိတောင် မှုန်နေပြီ၊ အဲဒါ ခန္ဓာကိုယ် ကတော့ တိုးတက်လာသလားမေးရင် ဘယ်လိုပြောမလဲ?၊ မတိုးတက် ဘူးတဲ့၊ တစ်နေ့ထက်တစ်နေ့ ဆုတ်ယုတ်လာတာ၊ အဲဒါ ဉာဏ်နဲ့ ကြည့်လို့ရှိရင်တော့ ခန္ဓာကိုယ်မှာ ကျန်းမာတဲ့အချိန်မရှိဘူးဆိုတော့ ဒီခန္ဓာကိုယ်ကြီးက မကျန်းမာတဲ့ ခန္ဓာကိုယ်ကြီး၊ အဲဒါ လှူမိုက်ကို ဖယ်ထားပြီးတော့မှ ကျန်တဲ့ အသိအလိမ္မာဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ် ကတော့ 'ကျန်းမာပါတယ်'လို့ ခဏလေးတောင် မပြောနိုင်ဘူးတဲ့၊ အဲဒါကြောင့် ဒီတရားနာပြီးရင် နှုတ်ဆက်တာတောင် တော်တော်

ခက်နေ၊ ကျန်းမာရဲ့လား မေးရင် အတော်တောင် အပြောရခက်တယ်၊ အဲဒါ ဘုန်းကြီးတို့ကတော့ အမြဲတမ်း ခေတ်စားစားနေတယ်လို့ ပြောလိုက်တယ်။

## သုံးမျိုးအနာ မှတ်ထားပါ

ဒီခန္ဓာကိုယ်မှာ အနာသုံးမျိုး၊ ပထမမှတ်ထား၊အနာဘယ်နှစ်မျိုးလဲ?၊ အနာသုံးမျိုးဆိုတာက စာလိုကတော့ ပထမ ဇရာတုရ-အိုနာတဲ့၊ ဒုတိယက ဗျာဓိတုရ-နာနာ၊ တတိယက မရဏာတုရ-သေနာလို့ ဘယ်နှစ်နာလဲ?၊ အေး၊ သုံးနာ၊ ဘာနာရယ် ဘာနာရယ်လဲ?၊ အိုနာရယ်၊ နာနာရယ်၊ သေနာရယ် ဟုတ်ပြီလား၊ အခုသုံးနာမှာ ဘယ်နှစ်နာနဲ့ နေလဲလို့မေးရင် ဘယ်လိုပြောမလဲ?၊ နှစ်နာနဲ့ နေတယ်ပေါ့၊ ကဲ-ဒါ သူတို့မသိဘူး (ရယ်)၊ အိုနာ၊ နာနာ နှစ်နာနဲ့ အမြဲနေတာ၊ အဲဒီ အိုနာ၊ နာနာသည် ဘာဖြစ်လို့ပေါ်လာတာလဲမေးရင် ကဲ-ပြောပါဦး?၊ သေနာပေါ်ချင်လို့ပေါ့ ဟုတ်ပြီလား၊ သေနာတော့ မပေါ်သေးဘူး၊ ယောဂီတို့က အခု ဘာနာကိုမျှော်နေလဲ?၊ သေနာကို မျှော်နေတယ်၊ အမယ်လေး သေနာကိုမျှော်နေတယ် (ရယ်)၊ သေနာကို ဘာလဲထမင်းထုပ်တွေနဲ့ ထိုင်စောင့်နေတာလား? သေနာပေါ်ရင် သုသာန်ချဖို့ပဲရှိတော့တယ်၊ ဟုတ်ပြီလား။

အိုနာကို မခံနိုင်ရင် သေနာပေါ်ရော၊ နာနာကိုမခံနိုင်ရင်လဲ သေနာပေါ်ရော၊ အဲဒီတော့ မိမိတို့သည် ဘာကိုယ်ကို ရွက်ဆောင်နေရလဲ? အနာကိုယ်ကြီးကို ရွက်ဆောင်နေရတယ်၊ ရောဂါကြီးကို ရွက်ဆောင်နေရတယ်လို့ သဘောပေါက်၊ ဟုတ်ပြီလား။

ဘုန်းကြီးတို့ ပရိသတ်တွေ အနအဆာမရှိတဲ့ပစ္စည်းနဲ့ အနာအဆာရှိတဲ့ပစ္စည်း ဘယ်ပစ္စည်းတန်ဖိုးရှိလဲ? အနာအဆာမရှိတဲ့

ပစ္စည်းက တန်ဖိုးရှိတယ်၊ ဟုတ်ပြီလား၊ ဈေးထဲမှာသွားပြီးတော့ ပစ္စည်းတွေဝယ်ရင် ဘာပစ္စည်းတွေဝယ်လဲ? နို့-ခန္ဓာကြီး ဘယ်လို လုပ်ရွေးဝယ်ထား။

## ငါးဆယ်ကျော်ပြီဆိုတော့ အိုနာကွတဲ့

အဲဒီနာဘေးပြောရင် ဘုန်းကြီးတို့ ခဏခဏသတိရတယ်၊ တစ်နှစ်ဘုန်းကြီး အဲဒါ လက်ကိုက်တော့ ကုတာပေါ့လေ၊ အမျိုးမျိုး တစ်ခါတည်းအနှိပ်ဆရာနဲ့လဲကု၊ ဆေးတွေလဲထိုး၊ ဆေးတွေလဲ လိမ်း၊ မပျောက်ဘူး၊ လက်ကလဲအဲဒါမြှောက်လို့ရှိရင် နာနာနေတာ၊ နောက်ဆရာတော်တစ်ပါးနဲ့သွားတွေ့တော့ "မောင်ပညာဇောတ၊ မင်းလက်ကိုက်လို့ဆို"တဲ့၊ မှန်ပါဘုရားလို့၊ မင်းအသက် ဘယ်လောက် ရှိပြီလဲ? တဲ့၊ တပည့်တော် ငါးဆယ်ကျော်ပါပြီဘုရားဆိုတော့ "မကုနဲ့တော့၊ မကုနဲ့တော့"တဲ့၊ သူ့ဘာသာသူ ပျောက်သွားမှာလား ဘုရား? ဆိုတော့ "မင်းမပျောက်ဘူး၊ ဟိုသေမှပျောက်မှာ"တဲ့၊ (ရယ်) "မင်း ငါးဆယ်ကျော်ပြီဆိုတော့ အိုနာကွ"တဲ့၊ သူကပြော တယ်၊ ဟုတ်ပြီလား၊ အသက်ငါးဆယ်ကျော်လာရင် အနာတော်တော် ထူလာတယ်၊ မကုတဲ့လူ တော်တော်ရှားတယ်၊ ဟုတ်ပြီလား၊ အဲဒါ ဘာနာတွေလဲ၊ အိုနာတွေ၊ အဲဒါ မကုနဲ့တော့၊ ဟုတ်ပြီလား၊ ဘယ်တော့မှပျောက်မှာလဲ၊ (ရယ်)၊ သေမှပျောက်မှာ၊ အဲဒါ။

## သားသမီးမုန်း၊ မြေးမုန်းတွေ

ဒီနာနာအကြောင်းပြပြီးတော့ "တပည့်တော် ဒူးနာလို့ တရား မဝင်နိုင်သေးဘူးဘုရား" သွားလုပ်မနေနဲ့၊ "ခါးနာလို့ တရားမဝင် နိုင်သေးဘူးဘုရား" သွားလုပ်မနေနဲ့၊ သင်္ချိုင်းကုန်းကျမှဝင်ရမလို ဖြစ်နေတာ၊ ဟုတ်ပြီလား။

သူကဘယ်တော့ပျောက်မှာလဲ? တစ်မျိုးပျောက်တစ်မျိုးလာ, တစ်မျိုးပျောက်တစ်မျိုးလာ၊ အဲဒီလိုဖြစ်နေလို့ရှိရင် ကိုယ်ကလဲ ကဲ–အသက်ကကြီးတော့ ဒီပြင် စီးပွားရေး ကြီးပွားရေး အလုပ်တွေ လုပ်နိုင်သေးလား? မလုပ်နိုင်တော့ အိမ်မှာ ဗျစ်တောက်ဗျစ်တောက် နေရမှာလား? ဟိုနေရာသွား ဗျစ်တောက်ဗျစ်တောက်၊ ဒီနေရာသွား ဗျစ်တောက်ဗျစ်တောက်မလုပ်နေနဲ့၊ အဲဒါ သားသမီးမုန်း၊ မြေးမုန်းတွေ မဟုန်ဘူးနော်၊ မိမိတို့က အခုဉာဏ်လက်ကိုင်ဘာရှိ? ဉာဏ်လက်ကိုင် ဆိုတာက အခု မိမိတို့ခန္ဓာကိုယ်က ငါလား–လူလား–ပုဂ္ဂိုလ် သတ္တဝါလား–ရုပ်နာမ်လား? အခု နာကျင်ကိုင်ခဲမှု တရားတွေက ရုပ်တရားတွေ၊ ဟုတ်ပြီလား၊ (ရုပ်ဖောက်ပြန် နာမ် ခံစား)နော်၊ အဲဒါကိုကြည့်ပြီးတော့နေလို့ရှိရင် သားသမီးတွေ သတိရသေးလား? ကဲ–ပစ္စည်းသတိရသေးလား? အိုးတွေ, အိမ်တွေ, ကျွဲတွေ, နွားတွေသတိရဦးမလား၊ "ရုပ်တရားပဲ၊ ရုပ်တရားပဲ" အဲလိုရှုမှတ်နေ ရင်းနဲ့ သေသွားမယ်ဆိုရင် အနည်းဆုံး နတ်ပြည်တော့ ရောက်နိုင်တယ်၊ ဟုတ်ပြီလား။

## အဲဒီဗျစ်တောက်ဗျစ်တောက်က ခက်နေတာ

အဲဒီလိုမဟုတ်ဘဲနဲ့ "ငါမရှိရင်တော့ ငါ့သားသမီးတွေ ဘယ်လို များ နေပါ့မလဲ၊ ဥမကွဲသိုက်မပျက်ဖြစ်ပါ့မလား၊ အခုငါရှိတုန်း တောင် မသင့်မြတ်တာ၊ ငါမရှိရင် သင့်မြတ်မှာမဟုတ်ဘူး၊ လက်လွတ် တဲ့သားသမီးတွေအတွက်က ကိစ္စမရှိဘူး၊ လက်မလွတ်တဲ့ အဲဒါ သားသမီးက ကိစ္စရှိတယ်"ဆိုပြီးတော့ လျှောက်ပူနေရော၊ တစ်သီတစ်တန်းကြီး၊ အဲတော့ အဘွားကြီးတွေ တစ်နေ့ တစ်နေ့ အိမ်မှာပူတဲ့အလုပ်လုပ်နေတာလား–အေးတဲ့အလုပ်လုပ်နေတာလား?

ဗျစ်တောက်ဗျစ်တောက်ဆိုတာ ပူတဲ့အလုပ်လုပ်နေတာ၊ ဟုတ်ပြီလား၊ အောင်မယ် သူတို့က လာလိုက်သေးတယ်သူက "နင်တို့က မမြင်တတ်ဘူး၊ နင်တို့ ခုခေတ်ကလေးတွေ တော်တော်ခက်တာပဲ"တဲ့၊ ခုခေတ်ကလေးတွေက မခက်ဘူး၊ အဲဒီဗျစ်တောက်ဗျစ်တောက်ကခက်နေတာ၊ ဟုတ်ပြီလား၊ အမြင်ချင်းကမတူဘူး၊ ဟုတ်ပြီလား၊ အဲဒါကိုယ်ကနေသွားပြီးတော့ ဗျစ်တောက်ဗျစ်တောက်လုပ်နေတာ၊ ကိုယ့်မှာ ဉာဏ်လက်ကိုင်မရှိတာကို မသိဘူးနော်၊ ဉာဏ်လက်ကိုင်မရှိရင် ကံစီမံရာသွားရမယ်ဆိုတဲ့အချိန်အခါကျတော့ မိမိတို့က ဘာတွေတွက်လဲဆိုတော့ ဒီသားတွေ, သမီးတွေ, မြေးတွေ, မြစ်တွေ, အိုးတွေ, အိမ်တွေပဲမတွယ်နေဘူးလား? သေလဲသေရော ထဘီပုံကြားမှာ တောက်တဲ့တွေ၊ အိမ်မြှောင်တွေဖြစ်ရော၊ (ရယ်)။

## သေပြီးမှ ကျွဲကျောင်းနေတဲ့အဘွားကြီး

အစ္စကတော်တော်ကြောက်စရာကောင်းတယ်၊ ဘုန်းကြီးတောင်ဆောင်းပါးရေးမလို့၊ ဘုန်းကြီးက ဟိုမှာ တရားပွဲဟောတာ၊ မုတ္တမမှာတုန်းက၊ ဒီဘဝနဲ့နောက်ဘဝဆိုတာက အဝေးကြီးမဟုတ်ဘူး၊ ဒီဘက်ဘဝကနေစုတိ၊ စုတိဆိုတာ ဘာပြောတာလဲ? သေပြီ၊ ဒီဘက်ဘဝက စုတိဆို နောက်ဘဝက ပဋိသန္ဓေ၊ ကြားထဲမှာ စိတ်မခြားဘူး၊ (၇)ရက်အိမ်ပေါ်မှာ နေရသေးလား? ခုပြောသလောက်တောင်မကြာဘူး၊ ဒီကစုတိဆို ဟိုမှာ ပဋိသန္ဓေသွားပြီးတော့ဖြစ်၊ အဲဒီတော့ ဆိုပါတော့၊ ငရဲကျမယ့်ပုဂ္ဂိုလ်ဆိုရင် ဒီကစုတိဆို ဟိုမှာ ငရဲမရောက်သွားဘူးလား? စိတ်မခြားဘူးဆိုတဲ့အကြောင်း ဘုန်းကြီးက အဲလိုပြောတဲ့အခါကျတော့ ယောဂီတစ်ယောက်က တရားပွဲပြီးတော့–

ဆရာတော်ပြောတာမှန်တယ်တဲ့၊ တပည့်တော်ယုံတယ်တဲ့၊ ဘာဖြစ်လို့ယုံလဲဆိုတော့ တပည့်တော်တို့ဆီမှာလေ အဘွားကြီး တစ်ယောက် ကင်ဆာရောဂါနဲ့ နာတာရှည်ဖျားနေတဲ့အချိန်အခါ ကျတော့ ဒီကသေလဲသေရော ကျွဲစားကျက်မှာ ကျွဲသွားကျောင်း နေတယ်တဲ့၊ အဘွားကြီး ဘာသွားလုပ်? သူကဖျားနေကတည်းက သူ့ကျွဲတွေကိုပဲ ခဏခဏမေးတယ်တဲ့၊ အဲဒါသေလဲသေရော အံ့ဩစရာ ကောင်းတာက အဲဒီအချိန် သူ့အိမ်က ကျွဲကျောင်းတဲ့လူက အိပ်ပျော် နေတာ၊ သေတာ ည(၁၁)နာရီလောက်သေတာ၊ အဲဒါ သူက သေလဲသေရော အဲဒီကျွဲတွေကို အကုန်လုံးလွှတ်ပြီးတော့မှ သွားပြီး တော့ ကျောင်းနေတာ၊ အိပ်နေတဲ့သူကိုသွားပြီးပြောသေးတယ်တဲ့၊ "နင်တို့ ငါ့ကျွဲတွေကို ဝအောင်လဲမကျွေးဘူး၊ ငါ့ကျွဲ တွေ ပိန်းချုံး နေတာပဲ" လို့ပြောတယ်တဲ့၊ အဲဒါနဲ့ ကျွဲကျောင်းသားလန့်လဲနိုးရော ကြည့်လိုက်တော့ ကျွဲတစ်ကောင်မှမရှိတော့ဘူး၊ ကဲ–ကြိုးချည်ထားတဲ့ ကျွဲတွေကို အကုန်ဖြေပြီးတော့မှ သွားကျောင်းနေတာတဲ့၊ အဲဒါနဲ့ ကျွဲတွေမရှိလို့ကြည့်လိုက်တော့မှ ကျွဲစားကျက်ထဲမှာ ကျွဲတွေ သွားတွေ့၊ အဲဒါနဲ့ကျွဲ စားကျက်ထဲသွားကြည့်တော့ ဗီးပင်အောက်မှာ မည်းမည်း ကြီးတစ်ယောက်ထိုင်နေတာတွေ့ရတယ်တဲ့၊ ထိုင်ကျောင်းနေတာ၊ ဒီမှာလဲ သေရော ဟိုမှာဘာလုပ်နေလဲ? ဒီအဘွားကြီးတွေလဲ ဘာကျောင်းမှာလဲ? (ရယ်)၊ အဲဒါနဲ့ အဲဒီကျွဲတွေကို သူကခေါ်လို့ ဘယ်လိုမှခေါ်လို့မရဘူးတဲ့၊ မရတော့မှ သူကပြောတယ်၊ "ကျွန်တော် ကျောင်းပါတယ်၊ ဒီအချိန်က တပေါင်း၊ တန်ခူးဆိုတဲ့အခါကျတော့ မြက်တွေကလဲရှားတယ်ပေါ့လေ၊ အဲဒါကြောင့် ပိန်နေတာပါ"အဲလို ပြောတော့မှ မည်းမည်းကြီးပျောက်သွားတော့ ပြန်မောင်းလို့ရတယ် တဲ့၊ ကဲ–ကြည့်စမ်း၊ ဘယ်လောက်ကျွဲကျောင်းကောင်းလဲ၊ စွဲရာကို

ဖြစ်တယ်နော်၊ အဲဒါကျွဲကလာကျောင်းခိုင်းတာလား–သူက ကျောင်းချင်လို့သွားကျောင်းတာလား? သေခါနီးမှာ ကုသိုလ်ကံကို အမှတ်ရတာလား–ကျွဲအမှတ်ရတာလား? ကျွဲအမှတ်ရတော့ ပြိတ္တာဖြစ်ပြီးတော့ ကျွဲ ကျောင်းနေတာနော်၊ ဒါကြောင့် အစွဲက အတော်ကြောက်စရာကောင်းတယ်၊ ဟုတ်ပြီလား။

## အဘိုးကြီးအဘွားကြီးတွေ ရှာလည်ပြီးဘာလုပ်နေ

အဘွားကြီးတွေပဲပြောပြောနေရတာ၊ (ရယ်) သူတို့ကမဟုတ်ဘူး၊ ဟုတ်ပြီလား၊ တရားလဲလာအစစ်မခံဘူး၊ ပြီးတော့ သူတို့တွေ့ကရာလျှောက်ပြောနေတယ်၊ တုန်ချည့်တုန်ချည့်နဲ့ တောင်ဝှေးထောက် လို့၊ မျက်မှန်တပ်လို့ အဲဒါဘာဖြစ်လို့? အိုလို့၊ အိုလို့၊ အဲဒါ၊ အခု အဘိုးကြီးတွေ အဘွားကြီးတွေ ဘာနဲ့ပျော်နေလဲ? ပျော်နေရတယ်နော်၊ အဲလိုတောင်ဝှေးထောက်၊ မျက်မှန်လေးတပ်ပြီးတော့မှ မြေးလေးတွေနဲ့ ပျော်မနေဘူးလား? ဟိုမြေးအိမ်သွားလိုက်၊ ဒီမြေးအိမ်သွားလိုက်၊ အဲဒါ မြေးလား၊ မီးလားလို့မေးရင် ဘယ်လိုပြောမလဲ? အဲဒါမီး၊ ဟုတ်ပြီလား၊ အဘွားကြီးတွေ ဘာလုပ်နေတာလဲ? မီးလိုက်မွှေးနေတာပေါ့လေ၊ မီးလိုက်ရှို့နေတာပေါ့၊ ဟိုသမီးအိမ်သွားမီးရှို့လိုက်၊ ဒီသားအိမ်သွားမီးရှို့လိုက်နဲ့ သူကအဘွားကြီးတွေ လိုက်မီးရှို့နေတာ၊ဟုတ်ပြီလား၊ အဘွားကြီးတွေ ရှာလည်ဘာလုပ် နေလဲ? မီးရှို့နေတယ်၊ ဟုတ်ပြီလား၊ ကြောက်စရာတော်တော်ကောင်းတယ်။

ဒီအရွယ် အိုမင်းမစွမ်းအရွယ်ဆိုတာက ကျောင်းကြိုကျောင်းကြားမှာ တရားအားထုတ်ရမယ့်အရွယ်လား–အိမ်ကြိုအိမ်ကြားမှာ မြေးထိန်းရမယ့်အရွယ်လား? အခုအိမ်ကြိုအိမ်ကြားမှာ ဘာလုပ်နေ၊ မြေးထိန်းတာမဟုတ်ဘူး၊ မီးရှို့နေတာ၊ အဘိုးကြီးတွေက ရှာထဲလည်

လက်ဖက်ရည်သောက်၊ အဘွားကြီးတွေက ရွာထဲလည် ဆေးလိပ်သောက်၊ အတင်းပြော၊ ဟုတ်လား။

အမှန်က ဒီအရွယ် ကျောင်းကြိုကျောင်းကြားမှာ၊ ဇရပ်ပေါ်မှာ ဘာပေါ်မှာပေါ့လေ အဲဒီတရားအားထုတ်၊ ပုတီးစိပ်၊ မေတ္တာပို့ ဒီလိုတရားဓမ္မနှလုံးသွင်းနေရမှာ၊ အခုတော့ တစ်ခါတည်း သူတို့ အိုအိုအဲ့အဲ့နဲ့ လျှောက်ပြီးတော့ တုန်ချည့်တုန်ချည့်နဲ့ တော်ကြာသွားပြန် ဒီမြေးဆီ၊ တော်ကြာသွားပြန် ဟိုမြေးဆီ၊ အဲဒါနဲ့ ဒီမြေး ဟိုမြေးကြားထဲမှာ သေလို့သေ၊ မသေဘူးလား? အဘွားကြီးတွေ၊ ကြားထဲမှာ သေမှာလား–ဘယ်မှာ သေမှာလဲ? (ရယ်)၊ သူတို့ကြားထဲမှာ သေမှာ၊ တော်တော် ကြောက်စရာကောင်းတယ်၊ အဲဒါတရားရှာရမယ့် အရွယ်၊ ဟုတ်ပြီလား။

ဟိုးငယ်ငယ်တုန်းက သားကိစ္စ၊ သမီးကိစ္စနဲ့ အချိန်မကုန်ခဲ့ဘူးလား? တရားရှာချိန်မရခဲ့ဘူးတဲ့၊ အဲဒါ သားသမီးတွေလက်လွှတ်သွားပြီဆိုမှဖြင့် ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး ဓမ္မနဲ့နေခွင့်ရတာ၊ အဲဒီကျတော့ ဘာဆက်လုပ်ပြန်လဲဆိုတော့ မြေးလှည့်ထိန်းပြန်ရော၊ ဘယ်မှာ တရားဓမ္မလုပ်ချိန်ရှိသေးလဲ?

## နောက်ဆုတ်ရင်လဲဆုတ် သချိုင်းကျမှအားထုတ်

အရွယ်သုံးပါးမှာ ပထမအရွယ်ပုဂ္ဂိုလ်တွေက အားထုတ်ရင်အားထုတ်၊ မထုတ်ရင် ပထမအရွယ်ရှုံးပြီ၊ ဒုတိယအရွယ်ပုဂ္ဂိုလ်တွေကလဲဒုတိယအရွယ်မှာ အားထုတ်ရင်အားထုတ်၊ မထုတ်ရင် ဒုတိယအရွယ်ရှုံးပြီ၊ ဟုတ်ပြီလား၊ တတိယအရွယ်ငါးဆယ်ကျော်ပုဂ္ဂိုလ်တွေက နောက်ဆုံး ဒီအရွယ်ပဲရှိတော့တယ်၊ အားထုတ်ရင်အားထုတ်၊ နောက်ဆုတ်ရင်လဲ ဆုတ်၊သချိုင်းကျမ ှအားထုတ်၊ ဟုတ်ပြီလား။

ခန္ဓာကိုယ်ကြီးကို မွေးချင်သလောက်မွေး၊ ကိုယ့်များ သက်ညှာလား? မညှာဘူး၊ အိုနာသေဆိပြေးနေတာပဲ၊ ဟုတ်ပြီလား၊ အဲဒါကြောင့် ကုသိုလ်လုပ်ရင်း အိုနာသေဆီပြေးမလား၊ ဒီလိုပဲစကားပြောရင်း၊ အိပ်ရင်းနဲ့ အိုနာသေဆီပြေးမလား? ဘုန်းကြီးမေးရင် အလိုက်သင့်ပဲ ဖြေမှာပဲ၊ ဟုတ်ပြီလား၊ ပြီးတော့ သူတို့ဒီလိုပဲအချိန်ကုန်နေတာ၊ အချိန်ဖြုန်းနေတာ၊ အတော်နှမြောစရာကောင်းတယ်၊ ဟုတ်ပြီလား၊ ကုန်သွားတဲ့အချိန်ပြန်ယူလို့ရလား? အချိန်ကုန်သွားတာလား–အသက်ကုန်သွားတာလား? အချိန်ဆိုတာက လူတွေရဲ့အသက်တမ်းကိုမှတ်ဖို့တိုင်းတာထားတာ၊ အဲဒါကြောင့် အသက်ကိုနှမြောရင် အချိန်တိုင်း အချိန်တိုင်း ကုသိုလ်ရအောင်လုပ်၊ ဟုတ်ပြီလား။

## ကျန်တဲ့အချိန်လေး အကျိုးရှိရှိအသုံးချ

ကုသိုလ်တစ်ခုမရ, တစ်ခုရအောင်လုပ်ရမယ်၊ ဟုတ်ပြီလား၊ တရားမထိုင်ဘူးဆိုရင် မေတ္တာပို့နေမရဘူးလား? ပရိတ်ရွတ်နေလဲကဲ–မရဘူးလား? စာဖတ်နေလဲမရဘူးလား? အဲဒါကုသိုလ်တွေပဲ၊ နို့–ဘယ်လိုနေမှာလဲ? တချို့အဘွားကြီးတွေက "အရှင်ဘုရား–အရှင်ဘုရားနဲ့တွေ့တာ နောက်ကျတယ်"တဲ့၊ ရေးကျရင် ဘာလုပ်ဦးမလဲ၊ ပြောစမ်းပါဦး" (ရယ်)၊ ကျန်တဲ့အချိန်လေးမှာ အကျိုးရှိရှိအသုံးချရင်လဲမရဘူးလား? နောက်ကျတာပဲထိုင်ညည်းပြီးတော့ ဆေးလိပ် ပဲထိုင်သောက်နေ၊ အဘွားကြီးတွေ, တော်တော်မုန်းဖို့ကောင်းတဲ့ အဘွားကြီးတွေ၊ အဲဒါကြောင့် ကုသိုလ်နည်းတယ်, များတယ်, သေးတယ်, ကြီးတယ် အထင်မသေးနဲ့၊ ဟုတ်ပြီလား၊ ရရာကုသိုလ်ကို ရောက်ရာအရပ်မှာ ကြိုးသလိုဆည်းပူးနေမှာ၊ ဟုတ်ပြီလား။

## ထမင်းဝိုင်းပေါ်မှာ ဘာတွေလဲ

ဒီခန္ဓာကိုယ်ကြီးက သူများရဲ့အစာ၊ ဟုတ်ပြီလား၊ အခု ဘုန်းကြီးတို့ပရိသတ်တွေလဲမနက်တုန်းက ဘာဟင်းတွေနဲ့စားလဲ မေးရင် ဘဲသားတို့၊ ကြက်သားတို့၊ ဝက်သားတို့ စသည်ဖြင့် မစားဘူးလား? အဲဒါတွေဘာတွေလဲ? ခန္ဓာတွေပဲ၊ ဝက်ဆိုတာဘာလဲ၊ ခန္ဓာသတ္တဝါ၊ ကြက်၊ ဝက်၊ ဘဲဆိုတာလဲ ဘာလဲ၊ ခန္ဓာသတ္တဝါ၊ ငါး၊ ဖားဆိုတာလဲ ခန္ဓာပဲ၊ သတ္တဝါပဲနော်၊ အဲတော့ သတ္တဝါတစ်ကောင်သည် သတ္တဝါတစ်ကောင်ကို မစားနေဘူးလား? ကိုယ့်ကို သူများတွေကစားရင်ခံနိုင်မလား? မခံနိုင်ဘူးတဲ့၊ ကြည့်ပါဦး၊ တရားလိုက်တာ၊ ကိုယ့်သူများစားတော့ မခံနိုင်ဘူးတဲ့၊ ကိုယ်ကတော့ ဝက်သား၊ ကြက်သား၊ အမဲသားမပါရင် မျက်နှာသာကြည်လား? ထမင်းပွဲမှာ တစ်ခါတည်း ဟင်းသီးဟင်းရွက်ဆို မျက်နှာကိုရှုံ့တွမဲ့လို့ မသာဘူး၊ အဲဒါစဉ်းစားကြည့်လို့ရှိရင်တော့ အသားတွေ ငါးတွေဆိုတာ အသေကောင်မဟုတ်ဘူးလား? အဲဒီအသေကောင်ဆိုတာ သုဘလား-အသုဘလား? ကဲ-ဘုန်းကြီးတို့ ပရိသတ်တွေ ထမင်းဝိုင်းပေါ်မှာ ဘာတွေတင်စားနေတာလဲ? အသုဘတွေစားနေတယ်၊ ဟုတ်ပြီလား၊ အသုဘမှ မစားရရင် သူတို့မပြုံးဘူး၊ အသုဘစားရရင် သူတို့ပြုံးလို့၊ "ငါဝက်သားဟင်းနဲ့စားရတယ်"တဲ့၊ ဟုတ်ပြီလား။

## ခြင်လာကိုက်တော့ ဘယ်လိုလုပ်လိုက်တာလဲ

အခုဘုန်းကြီးတို့ ပရိသတ်တွေ ခြင်လေးဘာလေး မကိုက်ဘူးလား? အရပ်သုံးကတော့ "ခြင်ကိုက်တယ်"လို့သုံးတယ်၊ အမှန်က ခြင်စာစားတာ၊ ယင်စာစားတာက ဟိုနားဒီနား၊ ပြီးတော့ ဖောက်မစားဘဲနဲ့ အညီလေးတွေစား၊ ခြင်ကတော့ တစ်ချက်တည်းနား၊

အဲဒီနားတာနဲ့တစ်ပြိုင်နက် အထဲကိုဖောက်ပြီးတော့မှ အသွေးကို သောက်သွားတာ၊ ဝမသွားဘူးလား? အဲဒါ ခြင်က သက်သက် နှိပ်စက်ချင်လို့နှိပ်စက်တာလား–သူအစာစားတာလား? ခံနိုင်မလား၊ မခံနိုင်ဘူးလား? သဒ္ဓါလား မသဒ္ဓါလား? ကြည့်ပါဦး မသဒ္ဓါဘူးတဲ့၊ ခုနေ ကဲ–မိမိတို့ထမင်းစားနေတုန်း လူတစ်ယောက်က လာပါးချ ရင် ခံနိုင်မလား? ဟင်–အခုမိမိတို့ခြင်လာကိုက်တော့ ဘယ်လို လုပ်လိုက်တာလဲ? အမလေး၊ မသဒ္ဓါလို့ရှိရင် အသာလေးမောင်း ထုတ်၊ ရိုက်တော့မသတ်ပါနဲ့နော်၊ ကိုယ်ထမင်းစားနေတုန်း သူများ က လာပြီးတော့ရိုက်သတ်လို့ရှိရင် အဲဒါကိုယ်ခံနိုင်မလား? စဉ်းစား ကြည့်။

## ခန္ဓာကိုယ်ကြီးက သူများရဲ့အစာ

အဲဒါကြောင့် (ကာယော ပရဘောဇနံ)တဲ့၊ ဟောဒီခန္ဓာကိုယ် ကြီးက သူများရဲ့အစာတဲ့၊ ဟုတ်ပြီလား၊ ခန္ဓာကိုယ်ကြီးထဲကိုလဲ ကြည့်ပါဦး၊ ခန္ဓာကိုယ်ထဲမှာ ပိုးအမျိုးပေါင်းကို ရှစ်ဆယ်ဆိုတော့ အကောင်ပေါင်းများစွာဆိုတာ ရေတွက်လို့ရဦးမလား? အဲ ဒီပိုးတို့ သည် ယောဂီတို့ခန္ဓာကိုယ်ထဲမှာပဲမွေး၊ ခန္ဓာကိုယ်ထဲမှာနေ၊ ခန္ဓာ ကိုယ်ထဲမှာပဲကျင်ကြီးစွန့်၊ ကျင်ငယ်စွန့်၊ ခန္ဓာကိုယ်ထဲမှာပဲဖျားနာ၊ ခန္ဓာကိုယ်ထဲမှာပဲ သေ၊ အဲဒီတော့ ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ အသွေး တွေ၊ အသားတွေ သူ့နေရာနဲ့သူပိုးတွေကမှီပြီးတော့ မစားဘူးလား၊ စားနေတယ်၊ အဲဒါကြောင့် ကာယော ပရဘောဇနံ၊ ခန္ဓာကိုယ်ကြီး သည် ဘယ်သူ့ရဲ့အစာလဲ? ပိုးတို့ရဲ့အစာ၊ ဟုတ်ပြီလား။

## ငါ့အိမ်ဖယ်ပေး၊ ငါ့အိမ်ဖယ်ပေးပြောနေတာ

ဘုန်းကြီးတို့ ပရိသတ်တွေ ရောဂါမကြာခဏဖြစ်နေရင် သတိထား "ငါ့အိမ်ဖယ်ပေး, ငါ့အိမ်ဖယ်ပေးနဲ့ ပြောနေတာ၊ ဟုတ်ပြီလား၊ ဒါနသီလသမထ စေတနာတွေက အိမ်လခနဲ့တူတယ်၊ လူနတ်ဗြဟ္မာသတ္တဝါတွေရဲ့ခန္ဓာက အငှားအိမ်တွေနဲ့တူတယ်နော်၊ အိမ်လခကောင်းကောင်းပေးရင် အဆင့်မီမီအိမ်မရဘူးလား? အေး- (အိမ်ရှိရင်လူရှိ)ဆိုတဲ့စကားလိုပဲ၊ ခန္ဓာကိုယ်ရှိရင် ရောဂါရှိတာပဲ၊ ဟုတ်ပြီလား၊ ရောဂါတွေမကြာမကြာ ထင်ထင်ရှားရှားပေါ်နေတာ သူတို့အိမ် "ဖယ်ပေး"လို့ပြောတာ၊ သူတို့ကအိမ်ပိုင်၊ ပေါ့ပေါ့မနေနဲ့၊ အိမ်ရှာပြီးပြီလား? မောင်းချမှုဆင်းမှာလား၊ ထမ်းထုတ်မှဆင်းမှာလား? မဖယ်ချင်ရင် အိမ်မြှောင် တောက်တဲ့တွေဖြစ်လိမ့်မယ်၊ ဟုတ်ပြီလား၊ အပါယ်မှာ အိမ်လခသက်သာတယ်နော်။

## အိုလာရင် ကောင်းတာတွေနည်းသွား၊ ဆိုးတာတွေတိုးလာ

ဘုန်းကြီးတို့ပရိသတ်တွေ တစ်နေ့ထက်တစ်နေ့မတူတော့ဘူး တဲ့၊ တစ်နေ့ထက်တစ်နေ့ မိမိတို့အရွယ်အဆင်းတွေက ရုပ်ဆိုး၊ အကျည်းတန်တဲ့အခြေအနေရောက်လာ၊ နာမှု၊ ကျင်မှု၊ ကိုက်မှု၊ ခဲမှု တွေလဲများလာ၊ မေ့လျော့မှုတွေလဲများလာ၊ ဘယ်လောက်ဝမ်းနည်း စရာကောင်းလဲဆိုတဲ့၊ အချိန်အခါကျတော့ တစ်နေ့ထက်တစ်နေ့ ပညာတွေ၊ သတိတွေကလဲ နည်းသွား, နည်းသွား၊ တရားကောင်း တွေက တစ်နေ့ထက်တစ်နေ့ ဘာဖြစ်သွား? နည်းသွားတယ်၊ ကုန်သွားတယ်၊ ဟုတ်ပြီလား၊ ဘာတွေက တိုးလာလဲဆိုတော့ အဝိဇ္ဇာနဲ့တဏှာတရားဆိုးတွေက (အိုလာလေ တိုးလာလေ)ပဲ၊ ဟုတ်ပြီလား၊ ကုသိုလ်ဖြစ်တဲ့ သတိတွေ ပညာတွေကတော့ (အိုလေ

နည်းလေ၊ အိုလေကုန်လေ)တဲ့၊ ကုသိုလ်တံရားနဲ့ပျော်မှုဖြစ်မှာ၊ အခု မိမိတို့ အိုးအိမ်စီးပွား သားသမီးတွေနဲ့ ပျော်နေပါတယ်ဆိုရင်တော့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ ဒီသုံးမျိုး တစ်မျိုးမျိုးသွားမှာ၊ ဟုတ်ပြီလား၊ အခု အဘိုးကြီး, အဘွားကြီးတွေ ဒီလိုပဲအနေများ, အသေများတာ တွေ့ရတယ်နော်။

## မာန်မူစရာမရှိ

လူမင်းစည်းစိမ်လဲတစ်နေ့ကျမပျက်ရဘူးလား? အထင်ကြီး မနေနဲ့၊ ဘယ်လောက်ပဲလူ မင်းဘုန်းကြီး၊ ဘုန်းကြီးတစ်နေ့ကျ ဒီဘုန်း တွေက မကုန်ဘူးလား? အာဏာတွေလဲမကုန်ဘူးလား? အခုတန်ခိုး ကြီးပါတယ်၊ ဘုန်းကြီးပါတယ်ဆိုတဲ့ နေမဝင်ဘုရင်တွေလဲရှိသေး လား? မရှိတော့ဘူး၊ သေကုန်ပြီနော်၊ ရှေးဘုရင်ခေတ်တောင်မှမရှိ ဘဲနဲ့ နှောင်းခေတ်ဘုရင်တွေလဲရှိဦးမလား? အချိန်ကျလို့ရှိရင် သူ့ကံ တစ်သက်သာရှိမှာ၊ ဟုတ်ပြီလား၊ တစ်သံသရာလုံးနေရတော့ မလိုလိုအထင်ကြီးမနေနဲ့နော်၊ နတ်မင်းစည်းစိမ်လဲ တစ်နေ့ကျ မပျက်ဘူးလား? အဲဒါကို ကိုယ်ကသိရမှာနော်၊ လူ မင်းလဲပျောက်၊ လူမင်းစည်းစိမ်လဲပျောက်၊ နတ်မင်းလဲပျောက်၊ နတ်မင်းစည်းစိမ်လဲ ပျောက်၊ ဗြဟ္မာမင်းလဲပျောက်၊ ဗြဟ္မာမင်းစည်းစိမ်လဲပျောက်၊ မပျောက် ရဘူးလား? အထင်ကြီးစရာရှိသေးလား? ကိုယ်က ဘာမှလုပ်နေစရာ မလိုဘူး၊ မပျက်မှာမစိုးရိမ်နဲ့၊ ပျောက်ချိန်တန်ရင် ပျောက်မှာပဲ၊ ပျက်ချိန်တင်ရင် ပျက်မှာပဲ၊ ဟုတ်ပြီလား၊ အဲဒါကြည့်တော့ မာန်မူစရာရှိသေးလား။

## သေမင်းဆိုတာ အကြီးဆုံးမင်း

ဘုန်းကြီးတို့ပရိသတ်တွေ သေမင်းဆိုတာ မင်းတကာ့ထဲမှာ အကြီးဆုံးသောမင်း၊ ဟုတ်ပြီလား၊ သေမင်းက သတ်မယ်ဆိုလို့ ရှိရင် စိတ်ချရမှသတ်တာ၊ ဘာမှ သူ့ကိုပြန်ပြီးတော့ မတော်လှန်နိုင်မှ သူကသတ်တာ၊ ဟုတ်ပြီလား၊ မလှုပ်နိုင်တော့ဘူး၊ မပြေးနိုင်တော့ဘူး၊ မလွှားနိုင်တော့ဘူး၊ အဲဒါ မောပါဘိ၊ ပန်းပါဘိ၊ ခြေကုန်လက်ပန်းကျပါဘိဆိုတဲ့အချိန်အခါကျတော့ သူက သတ်တော့တာပဲ၊ ပြေးလို့ရသေးလား? သေချာမှသတ်တာ၊ သူ့လက်ထဲရောက်တဲ့ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှ သူကသေသေချာချာ အေးအေးဆေးဆေးကို သတ်တာ၊ ဟုတ်ပြီလား။

## သိုးမျိုးတွေနဲ့တူတယ်

ယောဂီတို့ကလဲ သေသေချာချာ အေးအေး, ဆေးဆေး သတ်ပါတော့ဆိုပြီးတော့မှ အသတ်ခံရတာပေါ့၊ ဇက်စင်းပြီးတော့ ပေးတာပေါ့နော်၊ သိုးမျိုးတွေနဲ့တူတယ်၊ ဟုတ်ပြီလား၊ သိုးသတ်တာက လွယ်တယ်တဲ့၊ ဘုန်းကြီးကတော့ စာထဲမှာတွေ့တာ၊ သေသေချာချာတော့မတွေ့ဖူးဘူး၊ သိုးတစ်ကောင်ကို ဒီမှာ ရှေ့မှာ လည်လှီးပြီးတော့သတ်လို့ရှိရင် နောက်သိုးတွေ ခေါ်စရာမလိုတော့ဘူး၊ ရှေ့အကောင်လှီးပြီး နောက်အကောင်က လာလည်စင်းပေးတော့တာပဲတဲ့၊ ခေါ်စရာမလိုတော့ဘူးသူက၊ ယောဂီတို့ခေါ်စရာ လိုသေးလား? (ရယ်) မလိုတော့ဘူးတဲ့၊ သူတို့လဲလည်စင်းပေးတော့တာပဲ တစ်ခါတည်း၊ ဘုန်းကြီးကျတော့ ဆင်ခြေပေးလို့ရတယ်၊ သေမင်းကျတော့ ဆင်ခြေပေးလို့ရသေးလား?

စဉ်းစားကြည့်လို့ရှိရင် ကိုယ့်ရှေ့မှာ ကဲ–ကိုယ့်အဘိုးတွေ၊

အဘွားတွေ စသည်ဖြင့် သေကုန်တာတွေမရှိဘူးလား? ဪ-သူတို့မသေရာအမှန် ပြည်နိဗ္ဗာန်ရောက်ရာရောက်ကြောင်း အလုပ်တွေ မလုပ်လို့သေရတာပါလား၊ ဒို့တော့ မသေရာအမှန် ပြည်နိဗ္ဗာန်ရောက်အောင်လုပ်မယ်လို့ လုပ်မှာလား၊ ဒီလိုပဲအဘိုးတွေ အဘွားတွေ နေသလိုပဲနေမှာလား? ဘာတွေလုပ်လို့လဲ၊ ကဲ-ပြောစမ်းပါဦး? အဘိုးတွေ အဘွားတွေနေသလိုပဲ သူတို့နေရိုးနေစဉ်နေပြီးတော့မှ သေရိုးသေစဉ် သူတို့သေရအုံးမှာပဲ။

ဒီလို သံဝေဂဖြစ်ရင် တရားမြန်မြန်ရတယ်၊ သံဝေဂမဖြစ်လို့ရှိရင် အဲဒါတရားးတော်တော်နဲ့မရဘူး၊ အဲဒါသံဝေဂဖြစ်ရတယ်၊ ဟုတ်ပြီလား၊ ကိုယ့်မှာတွေ့ကြုံတဲ့ဒုက္ခတွေ ပြန်အာရုံပြုကြည့်၊ ကိုယ့်သူငယ်ချင်းတွေဆုံတာတွေ၊ ဒုက္ခရောက်တာတွေ အာရုံပြုကြည့်တော့မှ ဒီဒုက္ခဆိုတာတွေက မမြင်ရဘူးလား, မြင်ရလား? စကားပုံပြောတာကလုံထမ်းလာတာသာမြင်ရတယ်၊ ကံထမ်းလာတာမြင်ရလား? ဒီလုံကြီးနဲ့ငါ့ထိုးမလားမသိဘူး၊ ရှောင်မယ်, တိမ်းမယ်, ပြေးမယ်, ပြေးလို့မရဘူးလား? ကံကဒုက္ခပေးမယ့်ကံလာမလား-သုခပေးမယ်ကံ လာမလား မြင်ရလား? အဲဒါကြောင့် ပေါ့ပေါ့နေလို့ ဖြစ်မလား?။

## သေရေးဆင်ခြင် နိဗ္ဗာန်ဝင်

ဘုန်းကြီးတို့ ပရိသတ်တွေ သေခြင်းကို အမှတ်ရခြင်းမရဏာဿတိဘာဝနာတရားဆိုတာ သမထတရား၊ ဘာဖြစ်လို့ကြီးကျယ်တဲ့အကျိုးရှိသလဲမေးရင် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ပြီးတော့ အမြိုက်နိဗ္ဗာန်ဆုံးလို့ပါပဲ၊ ဟုတ်ပြီလား၊ အဲဒီမရဏာဿတိဘာဝနာတရားကို ပွားများတဲ့အချိန်အခါကျတော့ အကုသိုလ်တရားတွေကိုကြောက်လာတယ်၊ ကုသိုလ်တရားတွေကို ကြိုးစားပမ်းစားနဲ့ ဖြည့်လာ

တယ်၊ အလွတ်မဲ့သက်သက်မနေရဲတော့ဘူးနော်၊ ဘာဖြစ်လို့လဲ ဆိုတော့ အချိန်မရွေးသေနိုင်တာဖြစ်ခြင်းကြောင့် သေသွားလို့ရှိရင်, ကိုယ့်နောက်ကို ပါသွားလို့ရှိရင် ခက်ရချည့်ရဲ့၊ သေသွားလို့ရင် ကိုယ့်နောက်ကုသိုလ်တွေ ပါမသွားလို့ရှိရင်ခက်ရချည့်ရဲ့လို့ အဲလိုမရဏ သတိဘာဝနာတရားကို ပွားများသူများမှာ နှစ်ချက်, နှစ်ချက် တွေ့ရ၊ အဲဒါကြောင့် မရဏသတိဘာဝနာတရားဟာ ကြီးကျယ်တဲ့ အကျိုးရှိတယ်၊ ကြီးကျယ်တဲ့အကျိုးဆက်ရှိတယ်၊ အမြိုက်နိဗ္ဗာန်ကို သက်ဝင်တယ်၊ အမြိုက်နိဗ္ဗာန်မှာ ဆုံးတယ်၊ ဟုတ်ပြီလား။

## ဆုတောင်းရုံနဲ့ နိဗ္ဗာန်ရောက်မှာလား?

အခုနိဗ္ဗာန်, နိဗ္ဗာန်နဲ့တစ်ခါတည်းပြောလိုက်ကြတာ၊ တောင်း လိုက်တာလဲ အာဘောင်အာရင်သန်သန်နဲ့ ဆုတွေတောင်းလိုက်ကြ တာ၊ မတောင်းဘူးလား? ဘုရားခန်းရှေ့မှာ ဆွမ်းတော်ပွဲလေးနဲ့၊ ဆုတောင်းလိုက်၊ ကြေးစည်လေး "နောင်"ကနဲထုလိုက်၊ ပန်းလေး ကပ်ဆုတောင်းလိုက်၊ ရေချမ်းလေးကပ်ဆုတောင်းလိုက်၊ ရှင်ပြုပြီး ဆုတောင်းလိုက်၊ ရဟန်းခံပြီးဆုတောင်းလိုက်၊ ရေတွင်းတူးပြီး ဆုတောင်းလိုက်၊ ကျောင်းဆောက်ပြီး ဆုတောင်းလိုက်၊ တန်ဆောင်း ဆောက်ပြီးဆုတောင်းလိုက်၊ ကဲ–မတောင်းဘူးလား? ရကုန်ပြီနော်။

ယောဂီတွေ နိဗ္ဗာန်ကိုလိုချင်လား? တကယ်လိုချင်လို့လား? အမလေး–တကယ်လိုချင်လို့တဲ့၊ ပစ္စည်းလိုချင်တာနဲ့ နိဗ္ဗာန်လိုချင် တာ ဘယ်ဟာအားကောင်းလဲ? မုသားမပြောနဲ့၊ ရှစ်ပါးသီလ ယူထားတာနော်၊ (ရယ်)၊ ဘာဖြစ်လို့နိဗ္ဗာန်မရသေးလဲမေးလို့ရှိရင် ကဲ–ဘယ်လိုပြောမလဲ? ပစ္စည်းလိုချင်တာလောက်ကို ဘုန်းကြီးတို့ ပရိသတ် အားမကောင်းတော့ ရအောင်မလုပ်ဘူးပေါ့၊ ဟုတ်ပြီလား၊

ပစ္စည်းကျတော့ တကယ်လိုချင်တော့ တကယ်ရအောင် မကြိုးစားဘူးလား? နိဗ္ဗာန်ကျတော့ တကယ်လိုချင်တာလား အပြောနဲ့လိုချင် တာလား၊ တကယ်လိုချင်တယ်ဆိုရင် တကယ်ရအောင်လုပ်ရမှာ၊ ဟုတ်ပြီလား၊ ရချင်ရမရချင်နေ အားထုတ်ရမှာလား–တကယ် ရအောင် အားထုတ်ရမှာလား? ဒီနိဗ္ဗာန်ဟာ ဆုတောင်းအလုပ်လား–ရအောင် လုပ်တဲ့အလုပ်လား? ကိုယ်တိုင်ကိုယ်ကျအားထုတ်ယူမှ ရတဲ့အလုပ်၊ ဆုတောင်းရုံနဲ့ရတဲ့အလုပ်မျိုးမဟုတ်ဘူးနော်၊

## သေကျင့်၊ မသေကျင့်

အလုပ်ကနှစ်လုပ်ရှိတယ်၊ သေကျင့်ရယ်၊ မသေကျင့်ရယ် နှစ်မျိုးရှိတယ်နော်၊ မမေ့မလျော့၊ မပေါ့မဆနဲ့ကျင့်နေမှ မသေကျင့်တဲ့၊ ဟုတ်ပြီလား၊ သားရေး, သမီးရေး, စီးပွားရေး, လောကရေး, ရပ်ရေးရွာရေးတွေနဲ့ အချိန်ကုန်နေတာ၊ သေကျင်ကျင့်နတာတဲ့နော်၊ ယောဂီတွေ တစ်နေ့တစ်နေ့ဘာကျင့်ကျင့်နေလဲ? သေကျင့်ကျင့်နေတယ်၊ အမလေး၊ သေကျင့်ကျင့်နေတယ်တဲ့၊ ဟိုမှာ အဘိုးအဘွားတွေက သေကျင့်ကျင့်ပြသွားပြီ၊ တချို့ဆိုအမေ၊ အဖေတွေတောင် မရှိတော့ဘူး၊ သေကျင့်ကျင့်ပြသွားပြီ၊ ဟုတ်ပြီလား။

အဲဒါ မိမိတို့ကလဲဒီလမ်းကို လိုက်မယ်ပေါ့နော်၊ မသေကျင့်ကျင့်ရမှာလား–သေကျင့်ကျင့်ရမှာလား? တစ်သံသရာလုံးကျင့်လာခဲ့တာ၊ သေကျင့်ချည်းပဲ၊ ဟုတ်ပြီလား၊ ဘဝဆိုတာမပြောနဲ့၊ ကမ္ဘာနဲ့တောင် ရေတွက်နိုင်လား၊ သေတယ်ဆိုတာ အလိုလိုသေတာလား–သေကျင့်ကျင့်လို့သေတာလား? မမေ့မလျော့၊ မပေါ့မဆနဲ့ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေကျတော့ မကြာမီ တစ်ဘဝနှစ်ဘဝလောက်နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရပြီးတော့ မသေရတော့ဘူး၊ မကျွ

ဘူးလား? ဘဝများစွာနေရမှာလား-တစ်ဘဝနှစ်ဘဝနဲ့ ရောက်မှာလား? ဘဝများစွာ ကမ္ဘာများစွာဆိုတာက ဘုရားတို့မှာသာလိုတယ်၊ ဆုကြီးပန်၊ ဟုတ်ပြီလား၊ အခုရရင် အခုယူမယ်ဆိုတဲ့ပုဂ္ဂိုလ်ကျတော့ အဲဒါ ကြိုးစားဖို့လိုတယ်၊ ကြိုးစားမှုပေါ်မှာ မူတည်နေတယ်နော်။

## ဘုရားဒကာ၊ ကျောင်းဒကာဖြစ်ကျိုးမနပ်သူများ

အများအားဖြင့်လူတွေမှာ ဒါနကုသိုလ်တော့မရှိဘူးလား? ဒါထက်ထပ်တိုးတော့ သီလကုသိုလ်နည်းနည်းပါးပါးရှိတယ်၊ သမထဆိုတောင် တော်တော်နည်းသွားပြီနော်၊ ဝိပဿနာဆိုတာ လုံးဝမလုပ်ဖူးတဲ့ပုဂ္ဂိုလ်တွေမရှိဘူးလား? မလုပ်ဖူးတဲ့ပုဂ္ဂိုလ်က ပိုတောင်များသေးတယ်၊ လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်နဲ့တစ်ခြမ်းလောက်ရှိတယ်၊ အဲဒီတော့ ဒီပုဂ္ဂိုလ်တွေ နိဗ္ဗာန်ဘယ်တော့သွားရမှာလဲ?

အဲဒီလိုပဲ သံသရာထဲမှာ ရှာဖွေစားသောက်လိုက်၊ အိုလိုက်၊ နာလိုက်၊ သေလိုက်၊ အဲဒီလိုနဲ့အချိန်ကုန်မှာပဲတဲ့၊ သာသနာနဲ့တွေ့ရကျိုးရောနပ်လား? ဝိပဿနာဆိုတာ သာသနာတွင်းတရားတဲ့၊ သာသနာတွင်းတရားဆိုတော့ သာသနာတွင်းမှာသာ လုပ်နိုင်တယ်၊ သာသနာပမှာ လုပ်နိုင်လား?

အဲတော့ သာသနာတွင်းကြီးမှာ ဝိပဿနာတရား မပွားရဘဲနဲ့ သေသွားမယ်ဆိုလို့ရှိရင် လူဖြစ်ရကျိုးနပ်မှာလား? ဘုရားဒကာ၊ ကျောင်းဒကာဖြစ်ကျိုးနပ်မှာလား? ရှင့်ဒကာ၊ ရဟန်းဒကာဖြစ်ကျိုးရောနပ်မှာလား? ဝိပဿနာမပွားရသေးရင် ရှင်ရဟန်းဖြစ်ကျိုးတောင် နပ်မှာမဟုတ်ဘူး၊ အဲဒါလောက်ကို ရှုံးတာနော်။

## ဝိပဿနာဆိုတာ ထီးတင်၊ ခေါင်ချုပ်ကုသိုလ်

ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်လေးမျိုးမှာ ဝိပဿနာကုသိုလ်ဆိုတာ ဘုရားအနေနဲ့ပြောရင် ထီးတင်တဲ့ ကုသိုလ်ပါ၊ အိမ်အနေနဲ့ပြောရင် ခေါင်ချုပ်တဲ့ကုသိုလ်ပါ၊ (ဝိပဿနာမခက်၊ ဒါနခက်) ဆိုတာရှိတယ်၊ လှူစရာရှာရမယ်၊ အလှူခံရှာရမယ်၊ များများလှူမယ်ဆိုရင် တစ်ယောက်တည်းမပြီးသေးဘူး၊ တိုင်ပင်ရသေးတယ်၊ အမယ်ျးအကူအညီယူရသေးတယ်၊ ဝိပဿနာကုသိုလ်က တိုင်ပင်နေစရာမလိုဘူး၊ အချိန်မရွေး ဘယ်နေရာမှာမဆို အသွားအလာမပျက်, အနေအထိုင်မပျက်, အစားအသောက်မပျက် ပွားလို့ရတယ်၊ သာသနာတွင်းမှာ တရားမှအားမထုတ်ရသေးရင် ပြည့်စုံတဲ့ ဘဝမဟုတ်သေးဘူး၊ ဟုတ်လား။

## သာသနာတွင်း၊ သာသနာပ စိစစ်ကြ

သာသနာက နောက်နှစ်ပေါင်း နှစ်ထောင့်လေးရာကျော်ကျော် မကျန်ဘူးလား–ကျန်လား? အဲဒီနှစ်ပေါင်း နှစ်ထောင့်လေးရာကျော် သည် အဲဒါကိုယ်နဲ့အကုန်ဆိုင်လား? မဆိုင်ဘူး၊ ဟုတ်ပြီလား၊ ကိုယ်နဲ့ဆိုင်တာက ကိုယ့်မှာရှိတဲ့ အသက်ကြွင်းလေးနဲ့သာ ဆိုင်တာ၊ ဟုတ်ပြီလား၊ ကိုယ့်မှာ အသက်ကြွင်းက တော်တော်များသေးလား? တကယ်သန်သန်မာမာအလုပ်လုပ်ရမယ့် အချိန်ဟာ သိပ်မရှိတော့ဘူးနော်။

သာသနာက သူ့ဟာသူရှိနေတာ၊ ကိုယ့်မှာမရှိရင် သာသနာပလား–သာသနာတွင်းလား? အေး–တရားတစ်ပုဒ်တစ်သုတ်လောက်မှ ကိုယ့်မှာ နာဖူး၊ ကြားဖူး မရှိဘူးဆိုရင် ပရိယတ္တိသာသနာပ၊ ဟုတ်ပြီလား၊ ငါးပါးသီလတောင်မှ မတည်ဘူးဆိုလို့ရှိရင် ပဋိပတ္တိ

သာသနာပ၊ ဟုတ်ပြီလား၊ ကဲ-သာသနာနဲ့ဆိုင်လား? အဲဒါကို သဘောပေါက်ဖို့လိုတယ်နော်။

ကျောင်းတွေ, ကန်တွေ, ဘုရားပုထိုးတွေ ရှိနေပေမယ့် ကိုယ့်နဲ့မဆိုင်ဘူးတဲ့၊ ကိုယ့်မှာ သာသနာမတည်ဘူးဆိုတာက ဘုရားဟောတဲ့တရားတစ်ပုဒ်, တစ်သုတ်လောက်မှ မနာကြားဖူးဘူး၊ မရှိဘူးဆိုရင် ပရိယတ္တိသာသနာပ၊ ဟုတ်ပြီလား၊ ငါးပါးသီမတည်ရင်လဲ ဘာသာသနာပလဲ? ပဋိပတ္တိသာသနာပ၊ ဟုတ်ပြီလား၊ တရားစခန်းပွဲကျင်းပတယ်ဆိုတာက ပရိယတ္တိ+ပဋိပတ္တိ သာသနာတည်တဲ့အောင်၊ ခိုင်မြဲအောင်၊ ပြန့်ပွားအောင်လုပ်တဲ့အလုပ်မျိုးလို့ သဘောပေါက်ထားနော်၊ ဒီစခန်းပွဲရှိသရွေ့ တရားမနာရဘူးလား? တရားနာရင် ပရိယတ္တိသာသနာမတည်ဘူးလား? တရားအားထုတ်ရင် ပဋိပတ္တိသာသနာတည်တယ်၊ စည်ပင်အောင်၊ ပြန့်ပွားအောင်လုပ်တဲ့အလုပ်၊ ဟုတ်ပြီလား၊ အဲဒီလိုစခန်းပွဲမရှိဘူးဆိုရင် မရှုံးဘူးလား-ရှုံးလား? အေး-ရှုံးတယ်။

## ဖတ်တရားဆိုတာ ကိလေသာကို မတုန်စေဘူး

ဘုန်းကြီးတို့ သာသနာသုံးရပ်ကိုပဲသတိထားကြည့်၊ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာမရှိဘူးလား? ပရိယတ္တိသာသနာဆိုတာက သင်နေတာ၊ ဖတ်နေတာ၊ ရွတ်နေတာ၊ အံနေတာ၊ ပြန်နေတာ၊ ဟုတ်ပြီလား၊ သင်နေတယ်, ဖတ်နေတယ်, ရွတ်နေတယ်, အံနေတယ်, ပြန်နေတယ်ဆိုတာ အဲဒါ ဘာသာသနာလဲ? ပရိယတ္တိသာသနာ၊ ဟုတ်ပြီလား၊ တချို့က စာအုပ်တွေအများကြီးဖတ်ပြီးတော့ အမလေး ငါ့ဗိုက်ထဲမှာ တရားတွေ တစ်ပုံကြီးပဲတဲ့၊ ဖတ်တရားတွေ၊ ဟုတ်ပြီလား၊ ကျင့်တရားမဟုတ်လို့ရှိရင် မခိုင်မြဲဘူးနော်၊

ဖတ်တရားဆိုတာ ကိလေသာကို မတုန်စေဘူး၊ မဖြုံစေဘူး၊ ကုန်ဖို့ဆိုတာဝေးရော၊ အဲလိုဖတ်ရုံသက်သက်နဲ့တော့ ရမှာလား? ပိဋကသုံးပုံ ဒိုးလိုမွှေ ရေလိုနှောက်, သူတစ်ပါးတွေလဲပို့ချပေးပြ, ကိုယ်တိုင်လဲ တကယ်အားထုတ်နေတာတောင် တချို့မရနိုင်သေးဘူးနော်။

## ဖတ်ပြီးတော့မေး၊ မေးပြီးတော့ကျင့်

အေး–ဖတ်တဲ့စာဆိုတာလဲ လိုသေးတယ်၊ ဒကာကြီးတစ်ယောက် ပြောတဲ့စကားလေး ဘုန်းကြီးက သိပ်သဘောကျတယ်၊ ကျောင်းဆရာ တစ်ယောက် သူက ဘုန်းကြီးတို့ကတော့ အကုန်လုံးမှတ်ထားတယ်၊ သူကဘာပြောလဲဆိုတော့ "ဆရာတော်ဘုရားတဲ့၊ တပည့်တော် ဖခင်က တရားကိုသေသေချာချာ အားထုတ်သွားတဲ့ဒကာကြီးပဲတဲ့၊ တပည့်တော်ကို မှာတယ်တဲ့၊ လူလေး–မင်းစာတစ်အုပ်တည်းနဲ့တော့ လမ်းဆုံး မနေနဲ့၊ စာတစ်အုပ်တစ်အုပ်ဆိုတာက ဂါထာတစ်ပုဒ်နဲ့ စာတစ်အုပ် ရေးထားတာလဲ ရှိတယ်ကွတဲ့၊ ဂါထာတစ်ပုဒ်နဲ့ စာတစ်အုပ်ရေးထား တာ၊ အဲဒီဂါထာက အစ,ဂါထာလား၊ အလယ်ဂါထာလား၊ အဆုံး ဂါထာလား မပြောနိုင်ဘူးတဲ့၊ အဲဒီတော့ ဂါထာတစ်ပုဒ်နဲ့ စာတစ်အုပ်ဖြစ်အောင်ရေး၊ ဒီတစ်အုပ်နဲ့ကိုယ်က ကျေနပ်နေမယ်ဆို ကိုယ့်အတွက်ရှုံးတယ်၊ အဲဒီတော့ လေ့လာရမယ်တဲ့၊ တစ်အုပ်မဟုတ်, နှစ်အုပ်မဟုတ်, သုံးအုပ်စသည်ဖြင့် ကိုယ်ကဖတ်၊ ဖတ်ပြီးတော့ မေးသင့်မေးထိုက်တဲ့ ပုဂ္ဂိုလ်တွေလဲမေး၊ အဲဒါရှင်းပြီ လင်းပြီဆိုလို့ ရှိရင် ကျင့်ရမယ်၊ ကျင့်တဲ့စခန်းမရောက်ဘဲနဲ့ အဲဒီစာဖတ်တာနဲ့ စခန်းသိမ်းမနေနဲ့"တဲ့၊ သူကပြောတယ်၊ သူ့သားကို မှာတယ်တဲ့၊ အဲဒါဖခင်ကောင်း တစ်ယောက်လို့ ပြောရမှာပဲလို့။

သာသနာသုံးရပ်ကြည့်လို့ရှိရင်လဲ (သင်ဖတ်ရွတ်အံပြန်) ပရိယတ္တိသာသနာပဲရှိသေးတယ်၊ ဟုတ်ပြီလား၊ မြတ်စွာဘုရား ကိုယ်တိုင်က သာသနာသုံးရပ်ဟောခဲ့တာ၊ သင်ရုံနဲ့ပြီးလို့ရှိရင် ပဋိပတ္တိ ထည့်စရာလိုသေးလား? မလိုဘူး၊ အဲဒီတော့ ပဋိပတ္တိသာသနာ ဆိုတာက ကျင့်သာသနာ၊ ဒီကသင်တဲ့အတိုင်း လက်တွေ့အကောင် အထည်ဖော်ပြီးတော့ ကျင့်ရမှာက ပဋိပတ္တိသာသနာ၊ အဲလို သင်လဲသင်၊ ကျင့်လဲကျင့်မှ အကျိုးအနေနဲ့ရမှာက မဂ်ဖိုလ်နိဗ္ဗာန်၊ ပဋိဝေဓ သာသနာ၊ ဟုတ်ပြီလား၊ သင်ရုံနဲ့မဂ်ဖိုလ်နိဗ္ဗာန်ရမှာလား? ကျင့်တော့ ကျင့်တယ် ပရိယတ္တိမပါဘဲနဲ့လဲ မဂ်ဖိုလ်နိဗ္ဗာန်ရမှာလား? ပရိယတ္တိ နဲ့မညီဘဲနဲ့ကျင့်လဲမဂ်ဖိုလ်နိဗ္ဗာန်မရဘူး၊ ဟုတ်ပြီလား၊ အေး–အဲဒါ ပရိယတ္တိနဲ့ညီညွတ်စွာကျင့်မှ မဂ်ဖိုလ်နိဗ္ဗာန်ရမယ်၊ အမြတ်တရား ကျင့်တယ်ဆိုတဲ့နေရာမှာလဲ အကျင့်မှန်မှ အကျင့်မမှန်လို့ရှိရင် ဘယ်နည်းနဲ့မှ မဂ်ဖိုလ်နိဗ္ဗာန်မရောက်ဘဲနဲ့ အကျင့်မှားသွားလို့ရှိရင် အပါယ်တောင်မကျဘူးလား? ကျင့်တော့ကျင့်တယ်, အပါယ်လဲ ကျဦးမယ်ဆိုလို့ရှိရင် နစ်နာတယ်၊ ဟုတ်ပြီလား။

## ရိုးရိုးကုသိုလ်နဲ့ လွန်ကဲတဲ့ကုသိုလ်

ကုသိုလ်နဲ့ပတ်သက်လို့ပြောလို့ရှိရင် ဘုန်းကြီးတို့ ရိုးရိုးကုသိုလ် နဲ့ လွန်ကဲတဲ့ကုသိုလ်လို့ ကုသိုလ်က ဘယ်နှစ်မျိုးရှိလဲ? နှစ်မျိုး၊ ဟုတ်ပြီလား၊ ဒါန, သီလ, သမထက ရိုးရိုးကုသိုလ်၊ ဝိပဿနာ က လွန်ကဲတဲ့ကုသိုလ်၊ ဟုတ်ပြီလား၊ ဒါနကုသိုလ်ထက် သီလကုသိုလ် က လွန်ကဲသည်၊ ဒါနနဲ့သီလယှဉ်ရင် ဘယ်သူကလွန်ကဲလဲ? သီလ နဲ့သမထယှဉ်ရင် ဘယ်သူကလွန်ကဲလဲ? သမထနဲ့ဝိပဿနာယှဉ်ရင် ဘယ်သူကလွန်လဲ? ဒါဖြင့် ဘုန်းကြီးတို့ ပရိသတ်တွေ ကုသိုလ်

အညံ့လုပ်မှာလား–အမြတ်လုပ်မှာလား? အောင်မယ်ကြီးကျယ်လိုက်တာ၊ အမြတ်လုပ်မယ်တဲ့၊ ဒါဖြင့် ဒီပရိသတ်တွေ ဝိပဿနာလုပ်ပြီးပြီလား? နိဗ္ဗာန်ရောက်တာ ရိုးရိုးကုသိုလ်ကြောင့် ရောက်တာလား–လွန်ကဲတဲ့ကုသိုလ်ကြောင့် ရောက်တာလား?

အေး–ဘုန်းကြီးတို့ပရိသတ်က နိဗ္ဗာန်မရောက်ချင်ဘူးလား–ရောက်ချင်လား? ရောက်ချင်ရင် ဘာကုသိုလ်လုပ်ရမှာလဲ? လွန်ကဲတဲ့ကုသိုလ်လုပ်၊ ဟုတ်ပြီလား၊ လွန်ကဲတဲ့ကုသိုလ်ဆိုတာ ဝိပဿနာကုသိုလ်ကိုလုပ်မှ နိဗ္ဗာန်ရောက်မှာ၊ ဟုတ်ပြီလား။

## အသက်တွက်တတ်ပြီလား

လုပ်ပြန်တော့လဲတွက်ကြည့်စမ်းပါဦး၊ ကဲ–တစ်နှစ်မှ ဆယ်ရက်လောက်ဆိုတော့ အခု အသက်ငါးဆယ်သမားက နောင်အသက် ခုနစ်ဆယ်မှာ သေမယ်ဆိုပါတော့၊ နှစ်နှစ်ဆယ်နေရဦးမယ်၊ တစ်နှစ်ဆယ်ရက်၊ နှစ်နှစ်ဆယ်ဆို ရက်ပေါင်း နှစ်ရာပဲ အားထုတ်ရက်ရှိတယ်၊ တစ်နှစ်စာရှိလား? ပြောဝေ့ာ နှစ်နှစ်ဆယ်ကြီးတောင် ကျန်သေးတယ်ဆိုတော့ အဲဒီလိုတွက်ကြည့်လို့ရှိရင် ကိုယ်လုပ်ရမယ့် ရက်ပေါင်းသည် ရက်နှစ်ရာလောက်ပဲရှိတယ်၊ ဟုတ်ပြီလား၊ ဒါတောင် တစ်နှစ်ဆယ်ရက်၊ ဆယ်ရက်ပုံမှန်လုပ်ပါမှ၊ ဟုတ်ပြီလား၊ ဒါ နောင်နှစ်နှစ်ဆယ်လောက်နေရဦးမယ့်ပုဂ္ဂိုလ်ကို ပြောတာနော်။

တရားကို နာရာ, ကြားရာ, အားထုတ်ရာ အချိန်ကောင်း အခါကောင်း အခွင့်ကောင်းဆိုတာ အခါခပ်သိမ်း ရလား? တချို့ အခုမှ ပထမအကြိမ်ပဲရှိသေးတယ်၊ တချို့က ဒုတိယ၊ တချို့က တတိယဆိုပါတော့၊ အခုဒီတရားစခန်းပွဲအနေနဲ့ပြောရင် ခြောက်ကြိမ်ပဲထားလိုက်တော့၊ ဟုတ်ပြီလား၊ တစ်ကြိမ်မှာ ခြောက်ရက်၊

ခြောက်ကြိမ်ဆိုတော့ ရက်ဘယ်လောက်ရှိ? သုံးဆယ့်ခြောက်ရက်ပဲ ရှိတယ်၊ တစ်နှစ်သားရှိပြီလား၊ တစ်နှစ်သားရဲ့အစွန်းထွက်တောင် မရှိသေးဘူး၊ ဟုတ်ပြီလား၊ ဟာ–ဒို့တော့ ခြောက်ကြိမ်ကြီးတောင် အားထုတ်ပြီပြီဆိုပြီးတော့မှ နှစ်အနေနဲ့သာ ခြောက်နှစ်၊ ရက်အနေနဲ့ ဘယ်လောက်ရှိ? သုံးဆယ့်ခြောက်ရက်ဆိုတော့ တစ်လကျော်ကျော် လေးပဲရှိတယ်၊ အခုမှလသားအရွယ်ပဲရှိသေးတယ်နော်၊ တစ်နှစ်မှာ ရက်ပေါင်း သုံးရာ့ခြောက်ဆယ့်ငါးရက်ဆိုတော့ အဘွားကြီးတွေ လသားအရွယ်ပဲရှိသေးတယ်၊ သုံးဆယ့်ခြောက်ရက်ဆိုတော့ ပက်လက် မှောက်ယက်တောင်မှ မသွားတတ်သေးဘူးဖြစ်နေတယ်နော်။

တစ်ခါတုန်းက ဆယ်ရက်စခန်းပွဲတစ်ခုမှာ ယောဂီအမျိုးသမီး တစ်ယောက် လျှောက်တာနဲ့ပတ်သက်လို့ပြောရင် အသက်က လေးဆယ့်ငါးနှစ်ရှိပါပြီတဲ့၊ ဒါပေမယ့် တပည့်တော် အသက် ဆယ်ရက်သမီးလိုပဲမှတ်ပါတယ်ဘုရားတဲ့၊ အေး–ဟုတ်ပြီလို့၊ အဲဒါ မြှောက်ပြောတာမဟုတ်ဘူးလို့၊ စာမှာရှိတာ ဘယ်လိုလဲဆိုတော့ ပညာရှိတဲ့ပုဂ္ဂိုလ်တွေက လောကရေးရာ အားထုတ်ပြီးတော့ နေတဲ့ ကုန်သွားတဲ့ရက်တွေ၊ လတွေ၊ နှစ်တွေကို အရှင်မြတ်တဲ့ နှစ်လို့ မမှတ်ဘူးတဲ့၊ အဲဒီလိုပြောခဲ့ရတယ်၊ ကြည့်ပေါ့၊ ဒါ ရတနာသုံးပါး ကြည်ညိုတဲ့ ဘုရားအမ၊ ကျောင်းအမပဲ၊ အဲဒါတောင်မှ လေးဆယ့် ငါးနှစ်မဟုတ်ဘူးတဲ့၊ သူ့အသက်ဟာ ဆယ်ရက်သမီးပဲရှိသေးတယ်တဲ့၊ ဟုတ်ပြီလား၊ ဘုန်းကြီးတို့ပရိသတ်တွေ အသက်တွက်တတ်ပြီလား? အဲဒါပဲနော်။

## ရွှေချည်ပေါင်ယောဂီ

(ဝိပဿနာရှုတာ၊ ရန်းကန်တာ၊ ထွက်ကာပြေးတဲ့ အလုပ်

မည်)ဆိုတဲ့အတိုင်း ဝိပဿနာရှုတာဟာ ဘာလုပ်တဲ့အလုပ်လဲ? မသေအောင်ရုန်းကန်ထွက်ပြေးတဲ့အလုပ်တဲ့၊ ဟုတ်ပြီလား၊ ကဲ-ရုန်းကန်ထွက်ပြေးတဲ့နည်းကိုလဲ မြတ်စွာဘုရားက မပေးထားဘူးလား? "ပြေးဟ-ပြေးဟ"လို့လဲမြတ်စွာဘုရားက နောက်ကအားမပေးဘူးလား? အဲဒါ ယောဂီတွေက အသာလေးငြိမ်လိုက်သွားမှာလား? ဘာလုပ်? ရုန်းတယ်, ရုန်းတယ်ဆိုတာလဲ ဝတ်ကျေ၊ တန်းကျေ ရုန်းမှာပေါ့နော်၊ သူတို့က လိုက်ချင်နေတာကို၊ ဟုတ်ပြီလား။

အဲဒါ ဘုန်းကြီးတစ်ပါး ဆွမ်းစားပင့်တာမျိုးလိုဖြစ်နေ၊ ဘုန်းကြီးတစ်ပါး ဆွမ်းပင့်တော့ ဒကာနှစ်ယောက်လာဆုံနေ၊ ဧကာတစ်ယောက်က ဝက်သားဟင်းနဲ့၊ ဒကာတစ်ယောက်က ချဉ်ပေါင်ဟင်းနဲ့တဲ့၊ အဲဒါဘုန်းကြီးကလိုက်ချင်တာက ဝက်သားဟင်း ဒကာနောက်လိုက်ချင်တာကို၊ အဲတော့ မင်းတို့ဒကာတွေကွာတဲ့၊ ငါဆွမ်းစားနှစ်ခုဆုံနေတော့ အဲဒါမင်းတို့ ငါ့ကိုဆွဲကြတဲ့ဆိုတော့ ဝက်သားဟင်းဒကာကလဲဆွဲပေါ့၊ ချဉ်ပေါင်ဟင်းဒကာကလဲဆွဲပေါ့၊ ဟုတ်ပြီလား၊ သူကလိုက်ချင်တာက ဘယ်ဘက်လိုက်ချင်တာလဲ? အဲတော့ ဘယ်ဘက်အသာပေးလိုက်တာလဲ? ရွှေချဉ်ပေါင်ဒကာက (ရွှေချဉ်ပေါင်ကာပြန်ကာရုန်း၊ သွားတော့ကတုံး)ဆိုပြီးတော့ တွန်းချလိုက်ရောတဲ့၊ ဟုတ်ပြီလား၊ အခုလဲ ယောဂီတို့ ရွှေချဉ်ပေါင်ကာပြန်ဦးမှာလား?၊ ဒါဖြင့် ယောဂီတို့က ဘယ်လိုက်ချင်တာလဲ? ဆွဲတဲ့နောက်ကို လိုက်ချင်နေတာ၊ သူတို့ကအလကားနေချင်တာ၊ သားနဲ့၊ သမီးနဲ့၊ မြေးနဲ့၊ မြစ်နဲ့နေချင်တာပေါ့နော်၊ ဆွဲတဲ့နောက်ကို လိုက်ချင်တယ်ဆိုတာ အဲဒါ ကာပြန်ရုံးတာနဲ့ ဘာမှ မထူးဘူး၊ ဟုတ်ပြီလား၊ အဲဒီလိုဖြစ်နေတာ။

## ဒို့ယောဂီ သူရဲများ ကုပ်ချိုးထားလားမသိ

တစ်ခါတလေတရားထိုင်ရင်းနဲ့လဲ ငိုက်ပြီးတော့၊ အောင်မယ် ဖိမ်ကျနေတာမရှိဘူးလား? ဘုန်းကြီးပလ္လင်ပေါ်ရောက်တာတောင် ဖိမ်ကျနေတုန်းပဲရှိသေးတယ်၊ (ရယ်) သတိရှိတဲ့ယောဂီနဲ့ မရှိတဲ့ ယောဂီအကွာကြီးပဲ၊ တချို့ယောဂီတွေက ဘုန်းကြီးပလ္လင်ပေါ်ရောက် တာနဲ့ အသံချဲ့စက်ဖွင့်၊ ကျောက်ကနဲဆို အောင်မယ် သူက ငေါက် ကနဲဖြစ်သွား၊ သူတို့ကသတိရှိတယ်၊ အရှက်ရှိတယ်၊ အကြောက် ရှိတယ်လို့ ခေါ်တယ်၊ တချို့ယောဂီကတော့ ဘုန်းကြီးရောက်လို့ စက်ကကျောက်လဲ မငေါက်သေးဘူး၊ ပြောရုံမက ဘယ်လောက် ပြောနေနေ၊ ဘုန်းကြီး အာပေါက်အောင်ပြောနေလဲ အဲဒါသူက ခေါင်းစိုက်မြဲစိုက်၊ ဇက်ကြီးကျိုးကျလို့၊ ဘုန်းကြီးက အမလေး ဒုက္ခပဲ၊ ဒို့ယောဂီတော့ သရဲများကုပ်ချိုးထားလားမသိဘူးလို့၊ အဲဒါ သူလိုက်သွားတာ၊ ဟုတ်ပြီလား၊ အမလေး–သူတို့လိုက်နိုင်တယ်။

## ပင်ပန်းရင် မြတ်စွာဘုရားက မခိုင်းဘူး

ဘုန်းကြီးတို့ ဝိပဿနာရှုတယ်, ပွားတယ်ဆိုတာ ပင်ပန်းရင် မြတ်စွာဘုရားကမခိုင်းဘူး၊ ဟုတ်ပြီလား၊ မြတ်စွာဘုရားက ဒီသတ္တဝါ တွေကို ဒုက္ခရောက်တဲ့အလုပ်ကို ဘယ်တော့မှမခိုင်းဘူးနော်၊ ဒုက္ခ ပျောက်တဲ့အလုပ်ကိုသာ မြတ်စွာဘုရားက ခိုင်းတယ်တဲ့၊ ဘာပြုလို့ လဲဆိုတော့ မြတ်စွာဘုရားက မဟာကရုဏာရှင်ဘုရား၊ ဒုက္ခ ရောက်မယ့်အလုပ်ကို ဘယ်တော့မှ မခိုင်းဘူး၊ ဟုတ်ပြီလား။

## သတိပဋ္ဌာန်ပွား အာမခံ(၇)ပါး

ဒီသတိပဋ္ဌာန်တရားကို ဟောမယ်ဆိုတော့ မြတ်စွာဘုရားက အာမခံချက် (၇) ပါးပေးတယ်၊ ဒီတရားကို အားထုတ်မယ်ဆိုလို့ ရှိရင်–

၁။ စိုးရိမ်တဲ့သောကလဲ ပျောက်မယ်၊

၂။ ငိုကြွေးတဲ့ ပရိဒေဝလဲ ပျောက်မယ်၊

၃။ ကိုယ်ဆင်းရဲတဲ့ဒုက္ခလဲ ပျောက်မယ်၊

၄။ စိတ်ဆင်းရဲတဲ့ ဒေါမနဿလဲ ပျောက်မယ်။

(အဲဒီလေးပါးကို အကျိုးမဲ့လေးပါးလို့ခေါ်တယ်၊ အဲဒီအကျိုးမဲ့လေးပါးကို ပျောက်စေပြီးတော့)

၅။ စိတ်စင်ကြယ်မယ်၊

၆။ မဂ်ကိုလဲရစေမယ်၊

၇။ နိဗ္ဗာန်ကိုလဲရစေမယ်။

(ဒီသုံးပါးက အကျိုးထူးသုံးပါးလို့ခေါ်တယ်) ကဲ–ဘယ်လောက်ကောင်းလဲ၊ အာမခံချက်တွေနော်)။

## အရင်းနည်းပါး အမြတ်များတဲ့အလုပ်

ဝိပဿနာအလုပ်ဟာ ဉာဏ်အလုပ်၊ ဟုတ်ပြီလား၊ ဘာပဲလုပ်နေလုပ်နေ၊ ဘယ်နေရာမှာမဆို ဘက်ပုံစံနဲ့နေနေ၊ နေ့ည အချိန်အခါမရွေး လုပ်လို့ရတဲ့အလုပ်၊ ဒီလောက်လွယ်ကူတဲ့အလုပ်ဟာ အရင်းမပါဘဲ အမြတ်များတဲ့အလုပ်လို့ခေါ်နိုင်ပါတယ်၊ အလုပ်မပျက်၊ အသွားအလာမပျက်၊ အစားအသောက် အနေအထိုင်မပျက် အားထုတ်လို့ရတဲ့အလုပ်၊ ဟုတ်ပြီလား၊ နဂိုတုန်းက အမှတ်တမဲ့ နေတယ်၊ အခုသတိနဲ့နေတယ်၊ ဒါပဲကွာတာ၊ နဂိုက အပြင်မြင်၊

အခုက အတွင်းမြင်၊ နဂိုတုန်းက အဝိဇ္ဇာနဲ့နေတာ၊ အခုက ဝိဇ္ဇာနဲ့ နေတာ ဒါပဲကွာတာ၊ ဟုတ်ပြီလား၊ တရားအားထုတ်တယ်ဆိုတာ တခြားမဟုတ်ဘူး၊ မျက်စိပြောင်းတာနော်။

ဝိပဿနာတရားအားထုတ်တယ်ဆိုတာ ရုပ် နာမ် ခန္ဓာ အာယတနဓာတ်ကိုမြင်အောင်လုပ်တဲ့အလုပ်နော်၊ အဲဒါဉာဏ်မျက်စိ တပ်တယ်လို့ခေါ်တယ်၊ ပကတိမျက်စိသာမွဲပြာရင် ဦးပဥ္စင်းကြီးတွေ ဒီတိုင်းနေမလား၊ ဘာလုပ်မှာလဲ၊ မျက်မှန်တပ်မှာ၊ ဟုတ်ပြီလား၊ ပကတိမျက်စိနဲ့ ဉာဏ်မျက်စိ ဘယ်မျက်စိကတန်ဖိုးရှိ၊ အခုမိမိတို့ မှာ ရုပ်နာမ်ခန္ဓာ အာယတနဓာတ် မသိဘူးဆိုရင် ဉာဏ်မျက်စိ မကန်းနေဘူးလား၊ ကန်းနေလား၊ အဲဒါကျတော့ မျက်မှန်တပ်မလား၊ မတပ်ဘူးနော်။

နောင်တဆိုတာ နောင်မှတ,ရမှာလား, အခုတ,ရမှာလား၊ ယောဂီတွေ ဘယ်တော့တမှာလဲ၊ နောင်မှတကြ၊ အခုမတနဲ့ဦး၊ ဟုတ်ပြီလား၊ အင်မတန်ကြုံတောင့်ကြုံခဲဖြစ်တဲ့ သာသနာကို သားရေး၊ သမီးရေး၊ စီးပွားရေး၊ ရပ်ရေး ရွာရေး အရှုပ်အခက်နဲ့ လဲစားမှာ လား၊ ကိုယ့်အသက်ကလဲ သိပ်ရှိတော့တာ မဟုတ်ဘူးနော်၊ အေး- အသက်ကြွင်းလေး နည်းနည်းလေးရှိတော့တာ၊ အဲဒီအသက်ကြွင်း လေးက ဖုတ်လှိုက်ဖုတ်လှိုက်ရှိတော့တာ၊ အဲဒါ အရှုပ်အခက်နဲ့ လဲစားမှာလား၊ နို့ စီးပွားရေး, ကြီးပွားရေးဆိုတာတွေ၊ ကဲ—ဘာလဲ၊ အရှုပ်အခက်တွေပဲနော်၊ နောက်တုန်းက မလုပ်ခဲ့ဘူးလား၊ ဒါဖြင့် သိပ်မကြာဘူးပေါ့၊ ဟုတ်ပြီလား၊ ဘယ်လောက်ကြာပြီလဲ၊ အခုလဲ ကျန်တဲ့အသက်ကြွင်းလေးကို အရှုပ်အခက်နဲ့ လဲစားဦးမှာလား၊ လဲမစားဘူးဆိုတာ ဝိပဿနာလုပ်မှ ဟုတ်ပြီလား။

## ကိုယ့်အကြောင်း ကိုယ်လေ့လာတာ ဝိပဿနာ

ဝိပဿနာတရားက ခက်ခက်ခဲခဲကြီး မဟုတ်ဘူး၊ ကိုယ့်အကြောင်း ကိုယ့် လေ့လာတာ ဝိပဿနာခေါ်တယ်၊ ကံမျက်လုံးမှ ဉာဏ်လုံးပြောင်းတာ ဝိပဿနာခေါ်တယ်၊ မိစ္ဆာသတိမှ သမ္မာသတိ ပြောင်းတာ ဝိပဿနာ ခေါ်တယ်၊ ရုပ်နာမ်နောက်မှာ ဉာဏ်လိုက်တာ ဝိပဿနာခေါ်တယ်၊ ဟုတ်ပြီလား၊ ဘာမှ မခက်ဘူးနော်၊ လွယ်လွယ်လေး၊ ဒီတရား အားထုတ်ရင်လဲ တရားမရကာမှနေ မပင်ပန်းစေရဘူး၊ အရင်တိုင်းပဲ၊ နဂိုထက်ပိုမဆင်းရဲစေရဘူး၊ နဂိုထက်ပိုဆင်းရဲမယ်ဆိုရင် အဲဒါ မြတ်စွာဘုရားတရားမဟုတ်ဘူး၊ ဟုတ်ပြီလား၊ မြတ်စွာဘုရားက ဒီတရားအားထုတ်တဲ့အခါမှာ ကိုယ်လဲမနွမ်း စိတ်လဲမနွမ်းစေဘဲနဲ့ အားထုတ်ရမယ်တဲ့နော်။

ကမ္ဘာလောကကြီးကို ခြုံကြည့်ရင် သက်ရှိသတ္တဝါတို့မှာ ရုပ်နာမ်ရှိတယ်၊ သက်မဲ့အရာတွေမှာ ရုပ်ပဲရှိတယ်နော်၊ တစ်လောကလုံးခြုံကြည့်၊ ရုပ်နာမ်ပဲရှိတယ်၊ ဒီပြင်မရှိဘူး၊ ဟုတ်ပြီလား၊ ဝိပဿနာရဲ့ အာရုံက ရုပ်ဖြစ်ရင်ဖြစ် (မဟုတ်ရင်) နာမ်ဖြစ်ရမယ်၊ ဒီနှစ်မျိုးပဲ မှတ်၊ ဟုတ်ပြီလား။

ကမ္ဘာပေါ်မှာ ရှိရှိသမျှ နာမည်တပ်ချင်သလိုတပ် နာမပညတ်၊ ဒါက မဆုံးနိုင်တော့ဘူး၊ ဟုတ်ပြီလား၊ အသားတင် ထုတ်လိုက်ရင် ရုပ်နဲ့နာမ်နှစ်မျိုးပဲရတယ်၊ ရုပ်ဆိုတာ ပါဠိသက်စကား ပဲရှိတယ်၊ မြန်မာစကားမဟုတ်သေးဘူးနော်၊ ရုပ်ဆိုတာ မသိတတ်ဘဲနဲ့ တော်ကြာတစ်မျိုး၊ တော်ကြာတစ်မျိုးဖြစ်နေတာ၊ နာမ်ဆိုတာက သိတတ် ညွတ်တတ်တဲ့သဘော ဟုတ်ပြီလား၊ လွယ်လွယ်ပြောရင် ကိုယ်ထဲမှာ ဖြစ်ချင်သလိုဖြစ်–ရုပ်၊ စိတ်ထဲမှာ ပြစ်ချင်သလိုဖြစ်–နာမ်၊ ရုပ်ကတခြား၊ နာမ်ကတခြား၊ ဟုတ်ပြီလား၊ ရုပ်သက်သက်, နာမ်သက်သက်

သဘောချင်းမတူဘူးနော်၊ ရုပ်ကဖောက်ပြန်တဲ့ သဘော၊ နာမ်က သိတတ် ညွှတ်တတ်တဲ့သဘော၊ ဟုတ်ပြီလား၊ သဘောချင်းတော့ မတူဘူး၊ ဒါပေမယ့် အချင်းချင်း မှီနေတယ်နော်၊ ဥပမာအားဖြင့် တုတ်ကလေးနှစ်ချောင်း ထိပ်ချင်းဆိုင်ထောင်ထားတော့ တစ်ခုနဲ့ တစ်ခုမှီမနေဘူးလား၊ အဲဒါတုတ်တစ်ချောင်းကို ဆွဲလိုက်ရင် ကျန်တဲ့ တုတ်တစ်ချောင်းပါ မလဲသွားဘူးလား၊ တစ်ချောင်းဆွဲနှစ်ချောင်းလဲ နော်၊ ဒီလိုပဲ၊ ရုပ်ဆွဲ နာမ်ပါ၊ နာမ်ဆွဲလဲရုပ်ပါ၊ ရုပ်ရှုလဲနာမ်ပါ၊ နာမ်ရှုလဲရုပ်ပါ၊ ဟုတ်ပြီလား။

## ရုပ်နာမ်မကွဲရင် ဘာဉာဏ်မှ မရ

ခန္ဓာကိုယ်ကြီးက ရုပ်နဲ့နာမ်တည်ဆောက်ထားတာ၊ ဟုတ်ပြီလား၊ ယောဂီတို့ကိုယ်မှာ ဘာနဲ့ဘာရှိ? ဒါပေမယ့် ရုပ်နာမ်လို့ သိလို့လား၊ အေး–ကိုယ်နဲ့စပ်သမျှ နာမည်တပ်ချင်သလိုတပ်– ရုပ်၊ စိတ်နဲ့စပ်သမျှ နာမည်တပ်ချင်သလိုတပ် နာမ်နော်၊ ကဲ–ဘယ်လောက် လွယ်လဲ၊ အဲဒါ နဂိုတုန်းက မကြည့်ဘဲနဲ့ နေတာလား၊ ကြည့်ပြန် တော်လဲပကတိမျက်စိ အသုံးပြုကြည့်လာတာ၊ ဟုတ်ပြီလား၊ ပကတိမျက်စိ အသုံးပြုကြည့်ရမှာလား၊ ဉာဏ်မျက်စိအသုံးပြုကြည့် ရမှာလား၊ သူများလိုက်ကြည့်ရမှာလား၊ ကိုယ့်ကိုကြည့်ရမှာလား၊ အပြင်ကိုယ်လား, အတွင်းကိုလား။

ဒီနေရာမှာ ကိုယ်နဲ့ခန္ဓာဆိုတာလဲ ကွဲဖို့အရေးကြီးသေးတယ် နော်၊ ကိုယ်ဆိုတာက အခု ပကတိမျက်စိနဲ့ ကြည့်လို့မြင်နေရတဲ့ ဆံပင်ကအစပြီးတော့ ခြေဖျားအဆုံး တစ်ကိုယ်လုံး၊ တစ်ကောင်လုံး ကြီးက အဲဒါ ပညတ်ကိုယ်နော်၊ အဲဒီပညတ်ကိုယ်ပေါ်မှာ နာမှု, ကျင်မှု, ကိုက်မှု, ခဲမှု စတဲ့ ဖောက်ပြန်မှုသဘောတွေက ခန္ဓာ၊

ဟုတ်ပြီလား၊ လွယ်လွယ်ပြောရင် ကိုယ်ပေါ်မှာ ပေါ်ချင်သလိုပေါ် ကိုယ်နှင့်စပ်သမျှသဘောတွေက ရုပ်ခန္ဓာ၊ စိတ်ထဲမှာပေါ်ချင်တာပေါ် စိတ်နဲ့စပ်သမျှသဘောတွေက နာမ်ခန္ဓာ၊ ဟုတ်ပြီလား။ ကိုယ်ဆိုတာ (အကောင်) ပညတ်၊ ခန္ဓာဆိုတာက (သဘောတရား) ပရမတ်နော်၊ အေး-ကိုယ်နဲ့ခန္ဓာကွဲပါစေ၊ ခန္ဓာဆိုတာ ရုပ်နာမ်၊ ဟုတ်ပြီလား။

"သမထရဲ့အာရုံက ပညတ်၊ ဝိပဿနာရဲ့အာရုံက ပရမတ်" ဆိုတဲ့စကားအတိုင်း ဝိပဿနာရဲ့အာရုံက ရုပ်ဖြစ်ရင်ဖြစ်၊ မဟုတ်ရင် နာမ်ဖြစ်ရမယ်နော်၊ အာရုံမှားရင် ကမ္မဋ္ဌာန်းလွဲတတ်တယ်၊ နှလုံးသွင်းလဲမှားတတ်တယ်၊ နှလုံးသွင်းမှားရင်လဲ တရားရမှာလား၊ အကောင်ပညတ်ကို အာရုံပြုရင် သမထ၊ သဘောတရား ပရမတ် ကိုအာရုံပြုရင် ဝိပဿနာ၊ ဟုတ်ပြီလား၊ ဝိပဿနာအားထုတ်ရင် အကောင်ကို အာရုံပြုရမှာလား၊ သဘောတရားမျှကို အာရုံပြုရှုရ မှာလား၊ ဒါလဲသဘောပေါက်ဖို့လိုတယ်နော်၊ သဘောတရားဆိုတာ လဲရုပ်နဲ့နာမ်နှစ်မျိုး၊ ဟုတ်ပြီလား၊ ရုပ်နာမ်မကွဲရင် ဘာဉာဏ်မှ မရဘူးနော်၊ ရုပ်ကိုနာမ်လုပ်ပြီးရှုတာလဲမှားတယ်၊ နာမ်ကို ရုပ်လုပ် ပြီးရှုတာလဲမှားတယ်၊ ဟုတ်ပြီလား။

"ဝိပဿနာဆိုတာ ခန္ဓာမှာ ပညာရှေ့သွားရှိရမည်" ဆိုတဲ့ အတိုင်း လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ်လေးပါးထဲမှာ အလိုက်သင့်လေး အနေအထားမပျက်စေဘဲနဲ့ ရုပ်နာမ်ဖြစ်ရင် ဖြစ်တဲ့ အတိုင်း, ပျက်ရင်လဲပျက်တဲ့အတိုင်း ဉာဏ်မျက်စိနဲ့မြင်အောင် ကြည့် ရမှာ၊ ဟုတ်ပြီလား။

## နှုတ်ကဆိုစရာမလို ဉာဏ်ထဲမှာသာသိ

တရားအားထုတ်တယ်ဆိုတာ အသိတရားလေးနဲ့ အသိဉာဏ်တရားနဲ့ ရုပ်မှန်း၊ နာမ်မှန်းသိနေတာကိုခေါ်တာ၊ ဟုတ်ပြီလား၊ ပရမတ်ဆတ်ဆတ် ရုပ်မှန်း၊ နာမ်မှန်းသိနေရမှာဆိုတာ ဉာဏ်ထဲမှာသာသိနေရမှာနော်၊ နှုတ်ကနေ ဆိုစရာလိုသေးလား၊ မလိုဘူး၊ ဟုတ်ပြီလား၊ ဘုန်းကြီးကိုမြင်နေတာ "ဘုန်းကြီး, ဘုန်းကြီး, ဘုန်းကြီး" လို့ ဆိုလို့ သိတာလား၊ မဟုတ်ဘူးနော်၊ စိတ်ထဲက သိနေတာ၊ ဟုတ်ပြီလား၊ အဲဒီလိုပဲ ရုပ်နာမ်ကိုသိရမှာလဲ စိတ်ထဲက ဉာဏ်နဲ့သိရမှာ၊ ဟုတ်ပြီလား၊ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ်လေးပါးထဲမှာ ရုပ်နာမ်ကို အလိုက်သင့်လေး သူ့အရှိကို အရှိအတိုင်းရှုတတ်ဖို့ပဲ၊ ပေါ်ရာကို နှလုံးသွင်းမှန်မှန်လေးရှု၊ ဟုတ်ပြီလား၊ ဒါအခြေခံဉာဏ်၊ ဒီဉာဏ်ကနေ ရှေ့ကိုသွားမှာနော်။

ရုပ်နာမ်တရားနှစ်ပါးမှာ ရုပ်က တိုက်ရိုက်ရှုလို့ မြင်လွယ်တယ်၊ ရုပ်က ဖြစ်နှေး၊ ပျက်နှေးလို့ ကြမ်းတယ်၊ နာမ်က ဖြစ်မြန်ပျက်မြန်လို့ နုတယ်၊ ဟုတ်ပြီလား၊ ကြမ်းတဲ့ရုပ်ကို ရှုလို့မရရင် နုတဲ့နာမ်(စိတ်)ကိုရှုဖို့ မလွယ်ပါဘူး။

## မူလအရှုအမှတ်ပျက်နေရင် ဣရိယာပုထ်ပြင်

နာသီးဝမှာ အေးသဘော၊ နွေးသဘော၊ တွန်းသဘော၊ တိုးသဘောကို ရုပ်လို့ရှုနေရင်း အောက်ပိုင်းခန္ဓာကိုယ်မှာ နာမှု၊ ကျင်မှု ပေါ်လို့ အာရုံပြုသိလိုက်ပြီဆိုကတည်းက ဟို မူလအရှုအမှတ်တွေပျက်နေပြီ၊ ဟုတ်ပြီလား၊ စိတ်ကနှစ်စိတ်မှ မဖြစ်ဘဲနဲ့ ဒီအချိန် ဣရိယာပုထ်ပြင်လိုက ပြင်နိုင်တယ်နော်၊ တစ်နာရီမှာ အခါနှစ်ဆယ်၊ သုံးဆယ်ဖြစ်နေမယ်ဆိုက ပြင်နိုင်တယ်၊ ဟုတ်ပြီလား၊

အေး–ပြင်တဲ့အခါမှာတော့ အမှတ်တမဲ့မပြင်နဲ့၊ နို့–ယောဂီတို့ ပြင်တော့ ဘယ်လိုပြင်လဲ၊ ရှုရင်းပွားရင်း ပြောင်းရင်း ပြင်ရင်းနဲ့ ရုပ်နာမ်ရဲ့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခရဲ့ အပြစ်ကိုမြင်လာလိမ့်မယ်၊ ဟုတ်ပြီလား၊ နာတဲ့ဒုက္ခကိုမြင်ဖို့ မဟုတ်ဘူးနော်၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခ မြင်ဖို့၊ ဟုတ်ပြီလား၊ ရုပ်နာမ်ရဲ့ ဖြစ်ဒုက္ခ ပျက်ဒုက္ခက မညည်းဆဲဘူးလား၊ ဒါဉာဏ်နဲ့မသိတော့ ဒုက္ခကို သုခထင် မခင်ဘူးလား၊ ခင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ဒုက္ခပြန်မရဘူးလား၊ ဉာဏ်နဲ့သိရမှာက လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ်လေးပါး ထဲ မှာ "ငါ၊ သူ တစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ မပါ၊ နာမ်ရုပ်မျှသာရှိတယ်၊ အဲဒီနာမ်ရုပ်တွေက ခုဖြစ် ခုပျက်၊ အခုပြော သလောက်တောင်မကြာဘူး၊ ဖြစ်ပြီးပျက်တဲ့သဘောတရားတွေပဲလို့" အနတ္တကိုသိရမှာ၊ အလိုက်သင့်သာ ဉာဏ်နဲ့ကြည့်နေ၊ သဘောက ပါပဲ၊ အနတ္တပြတာကို အနတ္တမြင်အောင်ကြည့်ရမှာ။

## မရှိဘူးလား၊ ရှိတယ် ရှိသေးလား မရှိတော့ဘူး

အခုတရားအားထုတ်တယ်ဆိုတာ ရုပ်နဲ့နာမ်ကို သိအောင် လုပ်တဲ့ အလုပ်နော်၊ ကိုယ့်အလိုမပါစေနဲ့၊ ရုပ်နာမ်သဘာဝကို မြင်ရုံမျှပဲ၊ အဲဒါ ဉာဏ်မျက်စိနဲ့ကြည့်နေ၊ ဟုတ်ပြီလား၊ အာနာပါန အနေနဲ့ နှာသီးဝမှာ တွန်းသဘော၊ တိုးသဘော၊ လေးသဘော၊ နွေးသဘောတွေက ဘာလဲ၊ ရုပ်၊ ဟုတ်ပြီလား၊ သိသဘောက နာမ်၊ ဒါပဲ၊ မနေးမမြန် ပုံမှန်ရှုနေ၊ ရုပ်ထင်ရှား "ရုပ်–ရုပ်–ရုပ်"၊ နာမ် ထင်ရှားရင် နာမ်–နာမ်–နာမ်"နဲ့ရှု၊ ဟုတ်ပြီလား၊ ရှုနေတော့ ရုပ်အစဉ် နာမ်အစဉ်ဆိုတာ မြစ်ရေအလျဉ်နဲ့တူတယ်၊ ဖြစ်မြန်၊ ပျက်မြန်တယ်၊ မျက်စိအောက်က စီးနေတဲ့ ရေအလျဉ်ဟာ အဟောင်း

မဟုတ်ဘူး၊ အသစ်တွေ။ အဟောင်းရေတွေက စီးဆင်းပျောက်ကွယ်သွားပေမယ့် တသွင်သွင်နဲ့ နောက်ကအသစ်တွေ အလျှင်မပြတ် စီးလိုက်နေရာယူနေကြသလိုပဲ၊ ရုပ်နာမ်အဟောင်းတွေ ပျက်ပေမယ့် ရုပ်နာမ်အသစ်အသစ်တွေ အစားထိုးနေလို့ သတ္တဝါတွေ အသက်ရှင်နေနိုင်တာ၊ ဟုတ်ပြီလား၊ အသစ်အသစ်တွေသာ အစားထိုးမှုမပေါ်ရင် သတ္တဝါတွေ သေကုန်ပြီနော်၊ တကယ်စဉ်းစားကြည့်ရင် တစ်ရှူတစ်ရှိုက်ကလေးနဲ့ အသက်ရှင်နေကြတာ၊ ဟုတ်ပြီလား၊ သဘောကမရှိဘူးလား၊ ရှိတယ်၊ ရှိသေးလားဆိုတော့ မရှိတော့ဘူး၊ ဒါရုပ်နာမ်ပရမတ်ရဲ့သဘောပဲနော်၊ အဲဒါကို ဉာဏ်မျက်စိနဲ့မြင်တွေ့အောင်ကြည့်ရမှာ၊ ဟုတ်ပြီလား။

## တရားအားထုတ်တယ်ဆိုတာ ရှိတဲ့ဒုက္ခကို သိအောင်လုပ်တာ

ရုပ်နာမ်ကို ထင်ရှားရာတစ်ခုခုအာရုံပြု (အရှုခံလား) ပြီးတော့ သတိ၊ ဝီရိယ၊ ပညာနဲ့ကြိုးစားရှုမှတ်နေမယ်ဆိုရင် ရုပ်နာမ်ရဲ့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကို မြင်လာလိမ့်မယ်နော်၊ ဒီလိုမြင်တော့ ဒါဒုက္ခသစ္စာပဲဆိုပြီးတော့သိတော့မှ သမုဒယကို မပယ်ဘူးလား၊ နိရောဓနိဗ္ဗာန်ကို မဆိုက်ဘူးလား၊ အခုမိမိတို့ တရားအားထုတ်တယ်ဆိုတာ ဘာသိချင်လို့အားထုတ်တာလဲမေးရင် ဒုက္ခသစ္စာကို သိချင်လို့၊ ဟုတ်ပြီလား၊ ဒုက္ခရှာတာလား၊ ဒုက္ခကိုသိအောင်လုပ်တာလား၊ အေး–ဒုက္ခကိုသိအောင်လုပ်တာ၊ ဒုက္ခခံတာလား၊ ဒုက္ခလာခံတာ မဟုတ်ဘူးနော်၊ ချမ်းချမ်းသာသာထိုင်နိုင်တယ်လို့ မပြောထားဘူးလား၊ ဒုက္ခအစကတည်းက မရှိနေဘူးလား၊ မရှိတဲ့ဒုက္ခရှာရှုရမှာလား၊ ရှိတဲ့ဒုက္ခသိအောင်ရှုရမှာလား၊ အေး–အဲဒါ ကွဲဖို့လိုတယ်နော်၊ ဣရိယာပုထ် တစ်နာရီမှာ အခါနှစ်ဆယ်ပြင်ပြင်၊ ပြင်တာနဲ့

ဘာမှမဆိုင်ဘူး၊ ဒုက္ခသိဖို့ပဲအရေးကြီးတယ်၊ ဟုတ်ပြီလား၊ ဒုက္ခသိဖို့ဆိုတာ လူဒုက္ခကိုသိဖို့လား၊ ရုပ်နာမ်ဒုက္ခကိုသိဖို့လား၊ နာတဲ့ဒုက္ခကိုသိဖို့လား၊ ရုပ်နာမ်ရဲ့ဖြစ်ပျက်ဒုက္ခသိဖို့လား၊ အေး-အဲဒါသဘောပေါက်ဦးနော်၊ ရုပ်နာမ်ရဲ့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကို သိရမှာ၊ ဟုတ်ပြီလား၊ ရုပ်နာမ်တွေက အခုဖြစ် အခုပျက်၊ အခုမပျက်ဘူးလား၊ အဲဒါကို သိရမှာနော်။

## သမာဓိဆိုတာ ဈာန်အတွက်၊ ဉာဏ်ဆိုတာ မဂ်အတွက်

ဣရိယာပုထ်ပြင်ရင် သမာဓိပျက်တယ်ဆိုတာ ဟုတ်တယ်၊ မိုးကြိုးပစ်လို့ မကြားတဲ့သမာဓိဆိုတာ သမထ သမာဓိကိုခေါ်တာ၊ ဝိပဿနာသမာဓိမဟုတ်ဘူး၊ သမာဓိဆိုတာ ဈာန်အတွက်ပါ၊ ဟုတ်ပြီလား၊ ဝိပဿနာအလုပ်ဆိုတာ သမာဓိအလုပ်လား၊ ဉာဏ်အလုပ်လား၊ ဝိပဿနာမှာ ဉာဏ်နော်၊ ဘုရားဟောတာက ဝိပဿနာပွားနေရင် ခြေတစ်လှမ်းအတွင်းမှာ လေးမဂ်လေးဖိုလ်ရနိုင်တယ်တဲ့၊ ဉာဏ်ဆိုတာ မဂ်အတွက်ပါ၊ ဈာန်မှာ သမာဓိလိုတယ်၊ မဂ်မှာ ဉာဏ်လိုတယ်၊ ဉာဏ်ရှေ့သွားနဲ့ရှုရမှာ၊ သတိထားကြည့်တာဟာ ရှုတာပဲ၊ ဟုတ်ပြီလား။

## ဣရိယာပုထ်ပြင်တိုင်း ဆေးကုနေတာလို့ထင်ရင် လူလိမ္မာ

သေသေချာချာစဉ်းစားကြည့်၊ တစ်နေ့တစ်နေ့ ရေချိုးပေး၊ ဖီးလိမ်းပေး၊ နင်းနိုပ်ပေးနေရတာဟာ မနေနိုင်လို့လုပ်ပေးနေရတာ၊ ဟုတ်ပြီလား၊ အဲဒါတွေကို သင်္ခါရဒုက္ခလို့ခေါ်တယ်နော်၊ သူများအတွက် မဟုတ်သေးဘူး၊ ကိုယ့်အတွက်ကိုယ် "မ"အားရဘူး၊ ဒါလဲဒုက္ခမထင်နိုင်ကြဘူး၊ ဟုတ်ပြီလား၊ ရှိက်ပြမှ ဒုက္ခထင်မယ်

ပေါ့လေ၊ ဒုက္ခက ခန္ဓာကိုယ်မှာ ကင်းတဲ့အချိန်ရှိသေးလား၊ လျောင်းတာလဲဒုက္ခ၊ ထိုင်နေတာ ဘာလဲ ဒုက္ခ၊ ထမင်းစားနေတာလဲ၊ တီးမှုတ် က,ခုန်နေလဲ၊ အောင်မယ်–ပြောတော့လဲဟုတ်နေပါလား၊ ဣရိယာပုထ်တစ်ပါးညောင်း တစ်ပါးပြောင်းနေရတာကို ဆေးကုနေတာပဲလို့ထင်ရင် လူလိမ္မာလို့ခေါ်တယ်နော်။

ယောဂီတို့ မွေးလာကတည်းက ဣရိယာပုထ်တစ်ပါးတည်းနဲ့ နေတာလား၊ တစ်ပါးညောင်း တစ်ပါးပြောင်းနဲ့ နေတာလား၊ တစ်ပါးညောင်း တစ်ပါးပြောင်းတော့ "ခန္ဓာက နှိပ်စက်လွန်းလို့၊ ဆင်းရဲလွန်းလို့ ပြောင်းရတာပါ"လို့ အသိနဲ့ပြောင်းတာများလား၊ အမှတ်တမဲ့ပြောင်းတာ များလား၊ ဒုက္ခကို ဣရိယာပုထ် ဖုံးတယ်ဆိုတာ ဒါပြောတာ၊ ကဲ–ဒုက္ခမှ မသိဘဲနဲ့ ဒုက္ခကို မုန်းမှာလား၊ ဒုက္ခမမုန်းတော့ ဒုက္ခဆုံးတဲ့ နိဗ္ဗာန်ရောက်ဦးမှာလား၊ ဒါကြောင့် ဣရိယာပုထ်ပြောင်းတိုင်း၊ ပြင်တိုင်း အမှတ်တမဲ့မပြောင်းနဲ့၊ အရှုအမှတ်နဲ့ပြောင်း၊ ဟုတ်ပြီလား၊ အလိုက်သင့်လေး အရှုအမှတ်နဲ့ ပြောင်းနော်။

## ပြောင်းတိုင်းမှာ လှေပေါက်ဖာ

လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ်တစ်ပါးပါး အချိန်ကြာတယ်ဆိုရင် အနာပေါ်လာ၊ အနာပေါ်တာက ဇာတိ၊ အနာပျောက်တာက မရဏ၊ ဟုတ်ပြီလား၊ အမှန်က ပြောင်းတယ် ပြင်တယ်ဆိုတာ ဆေးကုတာ၊ ပြောင်းပြင်(ဆေးကု)ရင်းနဲ့ တရားရနိုင်တယ်၊ ဥပမာ–မြစ်ထဲလှေစီးသွား၊ ရေလယ်ရောက်တော့ လှေပေါက်မယ်၊ ဒီအတိုင်းဆက်သွားမှာလား၊ လှေပေါက်ဖာရမှာလား၊ လှေကိုချစ်လို့ ဖာတာလား၊ နစ်မှာစိုးလို့လား၊ ခုလဲဒီအတိုင်းပဲ၊ ခန္ဓာကလှေကြီး၊

ဣရိယာပုထ်ပြောင်းပြင်တာက လေ့ပေါက်ဖာတာ၊ ဣရိယာပုထ် ပြောင်းပြင်တာ မကြိုက်တဲ့ပုဂ္ဂိုလ်တွေ ထမင်းလဲမစားနဲ့၊ ဟုတ်ပြီလား၊ ဒါကြောင့် တရားအားထုတ်ရင်း မှားတဲ့အမှားကို ဘယ်ဆေးရုံ သွားကုလို့ရမှာလဲ၊ ကိုယ်မှားတာ မှားမှန်းမသိဘဲ၊ ဘယ်လိုလုပ် ကုလို့ရမှာလဲ၊ ဟုတ်ပြီလား၊ ဣရိယာပုထ် ပြောင်းပြင်တယ်ဆိုတာ ဆေးကုတာနော်၊ ဒီနေ့ထိအောင် အသက်ရှင်ရပ်တည်နေနိုင်တာ ဆေးကုကောင်းလို့၊ ဟုတ်ပြီလား၊ ဣရိယာပထသုခသေဝနတာ ဆိုတဲ့အတိုင်း ဣရိယာပုထ်လေးပါး ချမ်းချမ်းသာသာနဲ့ မျှမျှတတ အားထုတ်ရမယ်တဲ့နော်။

ပရမတ်ဆတ်ဆတ် ရုပ်နာမ်ကိုမြင်တယ်ဆိုတာ ဉာဏ်ထဲမှာသာ သိနေရတာမျိုးပါ၊ အမြဲအသစ်အသစ် အစားထိုးမှုတွေတွေ့နေရမှာ၊ အဟောင်းတွေ တွေ့နေရင် ပညတ်ပဲ၊ (သန္တတိ) မပြတ်ဘူး၊ ဟုတ်ပြီလား၊ သမထပဲဖြစ်မယ်၊ ဝိပဿနာမဟုတ်ဘူးနော်၊ (နိစ္စ နဝါဝ) အခုဟောနေတဲ့အသံဟာ အသစ်လား၊ အဟောင်းလား၊ အသစ်၊ ဟုတ်ပြီလား၊ ကြားနေတဲ့စိတ်ကလဲအသစ်ပဲ၊ ဒါကိုဉာဏ် ထဲမှာ သိနေရမှာ၊ ဉာဏ်ဆိုတာ မြန်တယ်နော်။

## ရုပ်နာမ်နောက်က ဉာဏ်လိုက်ရ

ရှုဉာဏ်က ပထမ၊ ပေါ်ဉာဏ်က ဒုတိယ၊ ပေါ်ဉာဏ်ကို လိုချင်လို့ ရှုဉာဏ်နဲ့အားထုတ်နေတာ၊ ဟုတ်ပြီလား၊ ရှုဉာဏ်က အရေးကြီးတယ်နော်၊ ရှုဉာဏ်မရှိဘဲနဲ့ ပေါ်ဉာဏ်လာမှာလား၊ ဘုန်းကြီး ကိုမြင်တာ "ဘုန်းကြီး–ဘုန်းကြီး" လို့ ဆိုနေရသေးလား၊ ဒီလိုပဲ၊ ရုပ်နာမ်ကိုမြင်ဖို့ နှုတ်ကနေ ရုပ်နာမ်ဖြစ်ပျက်လို့ ဆိုနေရ မှာလား၊ ရုပ်နာမ်နောက်က ဉာဏ်နဲ့လိုက်၊ ဉာဏ်ထဲမှာသိနေရမှာနော်။

## အဖြစ်ချုပ်မတူလို့ ရုပ်နာမ်ကို တစ်တွဲတည်းရှုလို့မရ

မိမိတို့ဉာဏ်က ရုပ်နာမ်နှစ်ပါးမှာ ထင်ရှားရာ တစ်ပါးပါးကို ရှု၊ တချို့ (ရုပ်–ရုပ်–ရုပ်)လို့ရှုနေရတာကို အားမရဘူး၊ ဘာလဲဆိုတော့ နာမ်မပါလို့တဲ့၊ တချို့က အသိစိတ်ကို (နာမ်–နာမ်–နာမ်) လို့ရှုနေရတာကို အားမရဘူး၊ ဘာလဲဆိုတော့ ရုပ်မပါလို့တဲ့၊ အမှန်က ရုပ်နာမ်ကို တစ်တွဲတည်းရှုမှတ်လို့မရဘူး၊ ဘာလို့လဲဆိုတော့ အဖြစ်ချုပ်မတူလို့၊ ဟုတ်ပြီလား၊ ရုပ်ကအဖြစ်အချုပ်နှေးပြီးတော့ နာမ်က အဖြစ်အချုပ်မြန်နေတယ်၊ ပရမတ်ရဲ့သဘောက တစ်ညှာဆွဲရင် တစ်တွဲပါတယ်၊ ဒါကြောင့် ရုပ်ထင်ရှား ရံခါရုပ်လို့ရှု၊ ရံခါ နာမ်ထင်ရှား နာမ်လို့ရှု၊ ဟုတ်ပြီလား။

## ဝိပဿနာနည်းအမျိုးမျိုးကွဲပေမယ့် အရှုခံမကွဲ

တရားအားထုတ်နည်း အမျိုးမျိုးကွဲပြားပေမယ့် ဝိပဿနာတရားသာမှန်ရင် ရုပ်(သို့မဟုတ်) နာမ် အရှုခံအဖြစ်ထား ရှုပွားရမှာပါ၊ ရုပ်နာမ်မပါရင် ဝိပဿနာမဖြစ်ပါဘူး၊ ရုပ်နာမ်ဟာ ဝိပဿနာရဲ့အာရုံပဲ၊ ဒါကြောင့် ဝိပဿနာနည်းအမျိုးမျိုးကွဲပေမယ့် အရှုခံတရား ရုပ်နာမ်များမှာ မကွဲပါဘူး။

## ခြောက်ဒွါရဉ် ရှုနည်း

ပြောမယ်ဆိုရင် မိမိတို့မှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဒွါရခြောက်ပါး မရှိဘူးလား "ဒွါရခြောက်ဖြာ၊ လှည့်လည်ကာ၊ ခန္ဓာငါးဖြာဖြစ်လေသည်"ဆိုတဲ့အတိုင်း အဲဒီဒွါရခြောက်ပါးမှာ ခန္ဓာငါးပါးစီလှည့်ပြီး ဖြစ်နေတယ်နော်၊ ဆိုကြပါစို့–မျက်စိနဲ့ အဆင်းရူပါရုံဆုံတဲ့အခါ မြင်စိတ်မပေါ်လာဘူးလား၊ အဲဒီမြင်ဆဲခဏမှာ

အခံမျက်စိနဲ့ အတိုက် ရူပါရုံတို့က ရုပ်၊ သူတို့ကြောင့် ဖြစ်ပေါ်လာတဲ့ မြင်စိတ်က နာမ်၊ ဟုတ်ပြီလား၊ အဲတော့ မြင်ဆဲခဏ မြင်ကိစ္စနဲ့ ပတ်သက်လို့ ရုပ်နာမ်ပဲရှိတယ်၊ ဟုတ်ပြီလား၊ မြင်ဆဲခဏမှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမလား၊ ရုပ်နာမ်လား၊ ရုပ်နာမ်ပဲနော်၊ အဲဒီရုပ်နာမ်ကလဲ ခုဖြစ်ခုပျက်၊ ခုပြောသလောက်တောင် မကြာဘူး၊ ပျက်မသွားဘူးလား၊ ရုပ်နာမ်ဆိုတာ ခန္ဓာငါးပါးနော်၊ အကျဉ်းပြော မယ်ဆိုရင် မျက်စိနဲ့အဆင်းက–ရုပ်၊ မြင်သိစိတ်က–ဝိညာဏ်၊ မြင်သိ စိတ်နဲ့အတူ ခံစားမှုလေးက–ဝေဒနာ၊ ကောင်းမကောင်း မှတ်သားမှု က–သညာ၊ ပြုပြင်စေ့ဆော်မှုက–သင်္ခါရ၊ အဲဒီမှာ ခန္ဓာငါးပါး၊ ရုပ်–ရူပက္ခန္ဓာ၊ ဝေဒနာ–ဝေဒနက္ခန္ဓာ၊ သညာ–သညာက္ခန္ဓာ၊ သင်္ခါရ– သင်္ခါရက္ခန္ဓာ၊ ဝိညာဏ–ဝိညာဏက္ခန္ဓာ၊ ဟုတ်ပြီလား၊ အဲဒီ ငါးပါး ကို ရုပ်နာမ်ခွဲတော့ ရူပက္ခန္ဓာက–ရုပ်၊ ဟုတ်ပြီလား၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာတွေက နာမ်၊ ရုပ်ခန္ဓာတစ်ပါး၊ နာမ်ခန္ဓာ လေးပါးနော်၊ ချုပ်ပြောရင် ရုပ်ခန္ဓာတစ်ပါးက–ရုပ်၊ နာမ်ခန္ဓာလေးပါးက–နာမ်ဆိုတော့ ရုပ်နာမ်ပေါ့၊ ဟုတ်ပြီလား၊ ရုပ်က ဖြစ်မှုချုပ်မှုနှေးတယ်၊ နာမ်က ဖြစ်မှုချုပ်မှုမြန်တယ်နော်၊ နာမ်ဖြစ်တဲ့ ခန္ဓာလေးပါးက အတူတကွဖြစ်၊ အတူတကွပျက်တယ်၊ မြင်ဆဲခဏမှာ ရုပ်နာမ်(သို့မဟုတ်) ခန္ဓာငါးပါးဖြစ်ပုံ ရှင်းပြဦးမယ်။

မျက်စိနဲ့ အဆင်းရူပါရုံတွေ့တဲ့အခါ မျက်စိအကြည်နဲ့ အဆင်း ရူပါရုံတို့ရဲ့ ဖေါက်ပြန်သဘောက ရုပ်၊ ခန္ဓာအနေနဲ့ပြောရင် ရူပက္ခန္ဓာ၊ မြင်စိတ်ရဲ့သိတတ်တဲ့သဘောက ဝိညာဏ်၊ ခန္ဓာအနေနဲ့ပြောရင် ဝိညာဏက္ခန္ဓာ၊ အဲဒီမြင်စိတ်နဲ့အတူတကွဖြစ်တဲ့တရားတွေထဲမှာ ခံစားမှု သဘောက ဝေဒနာ၊ ခန္ဓာအနေနဲ့ပြောတော့ ဝေဒနာက္ခန္ဓာ၊ ကောင်း မကောင်း မှတ်သားမှုသဘောက သညာ၊ ခန္ဓာအနေနဲ့ပြောတော့

သညာက္ခန္ဓာ၊ ပြုပြင်စေ့ဆော်မှုသဘောက သင်္ခါရ၊ ခန္ဓာအနေနဲ့ပြော တော့ သင်္ခါရက္ခန္ဓာ၊ ဟုတ်ပြီလား၊ မြင်ဆဲခဏမှာ ဖေါက်ပြန်မှုသဘော- ရူပက္ခန္ဓာ၊ ခံစားမှုသဘော-ဝေဒနာက္ခန္ဓာ၊ မှတ်သားမှုသဘော- သညာက္ခန္ဓာ၊ ပြုပြင်စေ့ဆော်မှုသဘော-သင်္ခါရက္ခန္ဓာ၊ သိမှုသဘော- ဝိညာဏက္ခန္ဓာ၊ ဒီလို ခန္ဓာစဉ်ငါးပါး မရဘူးလား၊ ရုပ်နာမ်ခွဲတော့ ရူပက္ခန္ဓာက-ရုပ်၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ အဲဒီလေးခုက-နာမ်၊ ဟုတ်ပြီလား၊ ဒီလိုဆို မြင်ဆဲ ခဏမှာ ခန္ဓာငါးပါး (သို့မဟုတ်) ရုပ်နာမ် မရှိဘူးလား၊ ရုပ်နာမ်အပြင် တစ်ခြားရှိသေးလား။

မျက်စိမှာလဲခန္ဓာငါးပါး၊ နားမှာလဲခန္ဓာငါးပါး၊ နှာခေါင်းမှာလဲ ခန္ဓာငါးပါး၊ လျှာမှာလဲခန္ဓာငါးပါး၊ ကိုယ်မှာလဲခန္ဓာငါးပါး၊ စိတ်မှာလဲ ခန္ဓာငါးပါး တစ်လှည့်စီဖြစ်နေတာပဲ။ "ဒွါရခြောက်ဖြာ၊ လှည်လည် ကာ၊ ခန္ဓာငါးဖြာဖြစ်လေသည်"ဆိုတဲ့အတိုင်း လှည့်ဖြစ်နေတာပဲ၊ "ဖြစ်ဆဲခန္ဓာ၊ တစ်ပါးသာ၊ ချိန်ခါဖြစ်ဆဲရှုရမည်" ဆိုတဲ့အတိုင်း ဖြစ်ဆဲခန္ဓာကိုဖြစ်ဆဲအချိန်မှာပဲရှု၊ ဉာဏ်ကလဲ အခုဖြစ်ဆဲဉာဏ်နဲ့ ဟိုကပေါ်ဆဲမှာ ရုပ်လို့ရှုလိုက်၊ နာမ်လို့ရှုလိုက်ရမှာ၊ ဟုတ်ပြီလား၊ ဖြစ်ဆဲတစ်တွဲတစ်တွဲရှုတဲ့အချိန်အခါကျတော့ ခန္ဓာငါးပါးမှာ တစ်ပါး တစ်ပါးကိုရှုနော်၊ ဘာဖြစ်လို့၊ မိမိတို့ဉာဏ်က ငါးပါးလုံးကိုခြုံပြီးတော့ မသိနိုင်ဘူးဆိုတော့ တစ်ပါးတစ်ပါးပဲရှုရတယ်နော်၊ ဖြစ်ဆဲရှုလို့ရှိရင် ဖြစ်ပျက်မြင်ပြီးတော့ ဒုက္ခကိုပိုင်းခြားသိလိမ့်မယ်၊ ဒုက္ခကိုပိုင်းခြား သိရင် ဘာဖြစ်မှာလဲ၊ အနတ္တ မမြင်ဘူးလား။

နာမ်နဲ့ရုပ်က အဖြစ်အချုပ်မတူဘူး၊ ရုပ်ကအဖြစ်နှေးတယ်၊ နာမ်က အဖြစ်အချုပ်မြန်တယ်၊ ဟုတ်ပြီလား၊ ဒါကြောင့်မို့လို့ ရှုတာတစ်ခုပဲရှုရမယ်၊ ဘာဖြစ်လို့တစ်ခုပဲရှုရမှာလဲဆိုရင် ပရမတ္ထရဲ့

သဘောက တစ်ညှာဆွဲရင် တစ်တွဲပါတဲ့သဘောမရှိဘူးလား၊ဒီရုပ်နဲ့ နာမ်ဆိုတာက အပြန်အလှန်အချင်းချင်းမမှီဘူးလာ–မှီနေလား၊ အပြန်အလှန်အချင်းချင်းမှီနေတဲ့အတွက် ရုပ်ကိုရှုရင် နာမ်ပါမယ်၊ နာမ်ကိုရှုရင် ရုပ်ပါမယ်၊ ဟုတ်ပြီလား၊ ဥပမာ–ဘာနဲ့တူလဲလို့ မေးလို့ရှိရင် ကျူရိုးလေးနှစ်ခု ထိပ်ချင်းဆိုင်ထောင်ထားလိုက်တော့ တစ်ခုနဲ့တစ်ခုကျေးဇူးပြုပြီးတော့ ထောင်နေတာ၊ အဲဒီတစ်ချောင်း ချောင်းကိုဆွဲလိုက်၊ နှစ်ချောင်းလုံးလဲမသွားဘူးလား၊ အဲဒီဥပမာလို ပဲတဲ့၊ နာမ်နဲ့ရုပ်ဆိုတာက တစ်ခုနဲ့တစ်ခု အဲလိုအမှီပြုနေတော့ ရုပ်ဆွဲလဲနာမ်လဲ, နာမ်ဆွဲလဲရုပ်လဲတယ်၊ ဟုတ်ပြီလား၊ ရုပ်ပျက်တယ် ဆိုတော့လဲနာမ်မပါသွားဘူးလား၊ နာမ်ပျက်တယ်ဆိုတော့လဲ ရုပ် မပါသွားဘူးလား။

## ဒိဋ္ဌိကိုသီးခြား ဖြုတ်နေစရာမလို

"ရုပ်နာမ်နှစ်ဖြာ၊ မြင်တွေ့လာ၊ ရူပါဝိပဿနာ"ဆိုတဲ့အတိုင်း ရုပ်မြင်ရင်, နာမ်မြင်ရင် ဝိပဿနာရှု၊ ဝိပဿနာရှုဆိုတာ ရုပ်ကို ဘယ်လိုရှုမလဲ၊ ရုပ်လို့ပဲရှု၊ နာမ်ကိုဘယ်လိုရှုမလဲ၊ နာမ်လို့ပဲရှု၊ ဟုတ်ပြီလား၊ ရုပ်လို့ရှုတာ, နာမ်လို့ရှုတာ တခြားမဟုတ်ဘူး၊ ဘုန်းကြီးတို့ ဒိဋ္ဌိကိုဖြုတ်ပြီးတော့မှ, ဒိဋ္ဌိကိုခွာပြီးတောမှ ရှုတဲ့နည်းပဲ၊ ပညတ် ပရမတ်ခွဲပြီးတော့ ရှုတဲ့နည်းပဲ၊ ဒီဝိပဿနာရှုတဲ့ပုဂ္ဂိုလ်က ပညတ်နဲ့ ပရမတ်နဲ့လဲကွဲရမယ်၊ ရုပ်နဲ့နာမ်နဲ့ကွဲရမယ်၊ အတ္တနဲ့ အနတ္တနဲ့လဲကွဲရမယ်၊ ကြောင်းကျိုးလဲရှင်းရမယ်။

"ရုပ်–ရုပ်"လို့ရှုတယ်ဆိုတာက "ငါမဟုတ်ဘူး–ရုပ်၊ သူမဟုတ်ဘူး–ရုပ်၊ မုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး–ရုပ်၊ ယောကျ်ား, မိန်းမ မဟုတ်ဘူး–ရုပ်"လို့ သဘောမျိုးပဲ၊ အတူတူပဲသူက၊ အေး–

အဲတော့ ရုပ်နာမ်လ`မကွဲသွားဘူးလား၊ အတ္တဒိဋ္ဌိလဲ မကွဲသွားဘူးလား၊ ပညတ် ပရမတ်လဲ မကွဲသွားဘူးလား၊ အတူတူခွဲပြီးသားဖြစ်နေ၊ သီးခြားခွဲနေ၊ သီးခြားဖြတ်နေစရာမလိုဘူး၊ ဟုတ်ပြီလား၊ အဲဒါ နာမ်လို့ရှုတဲ့သဘောလဲ ဒီသဘောပဲနော်။

မြင်မြင်သမျှအဆင်းမျိုးစုံ ရူပါရုံကို ဘယ်လိုရှုရမှာလဲ၊ ရုပ်လို့ရှု၊ ဟုတ်ပြီလား၊ ပညတ်အနေနဲ့ပြောလို့ရှိရင်လဲ ကိုယ့်ကို သူများက မျက်စောင်းထိုးပြရင် ဘယ်လိုလုပ်ရမှာလဲ၊ ရုပ်လို့ရှု၊ နှုတ်ခမ်းစူပြရင်ရော၊ မျက်လုံးပြူးပြရင်ရော၊ မျက်မှောင်ကုပ်ပြရရင်ရော၊ လက်သီးဆုပ်ပြရရင်ရော၊ တယ်ဟုတ်နေပါလား၊ သူတို့ရုပ်လို့ရှုနေတာ၊ အဲဒါရှုနိုင်ရင်တော့ တကယ်ပဲကောင်းတယ်၊ ဟုတ်ပြီလား။

## ဉာဏ်နဲ့မြင်နေရင် မျက်စောင်းထိုးပြတာကိုခံနိုင်တယ်

စဉ်းစားကြည့်လို့ရှိရင် လူတစ်ယောက်က ကိုယ့်ကို ကဲ–မျက်စောင်းထိုးပြတယ်ဆိုရင် ကိုယ့်ဘယ်နေရာနာသွားလဲ၊ ဘယ်နေရာစုတ်သွားလဲ၊ ဘယ်နေရာဖုသွားလဲ၊ ခံနိုင်လား, မခံနိုင်ဘူးလား၊ အောင်မယ် ခံနိုင်ပါတယ်တဲ့၊ ခံနိုင်ပါတယ်ဆို ဒီတရားပွဲထဲမှာသာ ခံနိုင်တာ၊ အပြင်မှာကျတော့ "ကောင်မ ငါ့ဘာမှတ်လို့လဲ၊ ခုံဖိနပ်နဲ့ရိုက်လိုက်ရ"ဆို ထဘီစွန်တောင်ဆွဲပြီ ထမလာဘူးလား (ရယ်)၊ ရှေးတုန်းက ထဘီဝတ်ထားတာက ဘယ်ထိအောင်ဝတ်တာလဲ၊ အခုဘယ်ထိအောင်ဝတ်တာလဲ၊ ခါးရောက်တော့မယ်၊ အဲတော့ ထဘီစွန်တောင်ဆွဲရင်တော့ ပြီးရော (ရယ်)။

အမှန်အတိုင်းဆိုရင် မျက်စောင်းထိုးတဲ့လူက မျက်စောင်းထိုးတော့ သူ့ထိတာလား၊ ကိုယ့်ထိတာလား၊ သူ့ထိတာပေါ့၊ ကိုယ့်ဘာဖြစ်လို့ထိရမှာလဲပြောစမ်းပါဦး၊ သူ့မှာ မျက်စိစောင်းသွားပြီ(ရယ်)၊

မဟုတ်ဘူးလား၊ အဲဒါ ကိုယ်ကနေပြီးတော့မှ ကောင်းတယ် ကောင်းတယ်ဆိုပြီးတော့ ဆိုင်းတောင်တီးပေးလိုက်ဖို့ ကောင်းသေးတယ်၊ ကိုယ့်ဘာမှဖြစ်တာမှမဟုတ်ဘဲ၊ အဲဒါကိုယ်က မခံနိုင်ဘူးဆိုကတည်းက ဒီအဝိဇ္ဇာဘယ်လောက်များ ကြောက်စရာကောင်းလဲ ကြည့်ပါဦး၊ ဟုတ်ပြီလား၊ သူ့မှာ နဂိုက မျက်စိကတည့်နေတာ၊ ခုတော့ စောင်းသွားပြီ၊ နှုတ်ခမ်းစူပြတော့လဲ စူတဲ့နှုတ်ခမ်းနဲ့ မစူတဲ့နှုတ်ခမ်း ဘယ်ဟာကြည့်ကောင်းလဲ၊ စူတော့ ဘယ်လိုဖြစ်သွားလဲ၊ ဘာနဲ့တူသွားလဲမသိဘူးနော်၊ အဲဒါကိုယ့်တော့ ဘာမှ ထိတာမဟုတ်ဘူး၊ ကောင်မ ဘာလို့ နှုတ်ခမ်းစူပြတာလဲ၊ ဘာလဲညာလဲဆိုရန်ဖြစ်ရသေးတယ်၊ အဲဒါ ဟိုကစူပြလို့ ဒေါသဖြစ်တာလား၊ ကိုယ့်မှာဒေါသရှိလို့ ဒေါသဖြစ်တာလား၊ ဟိုက နှုတ်ခမ်းစူပြတာက မြင်စရာအာရုံ၊ ဟုတ်ပြီလား၊ အဲဒီမြင်စရာအာရုံက ဘာလဲ၊ ရုပ်တရားနော်၊ မြင်စရာအာရုံရုပ်တရားက အမြင်ခံပြီးပျောက်မသွားဘူးလား၊ မြင်စိတ်ကလဲမြင်ပြီး ပျောက်မသွားဘူးလား၊ အဲဒီမြင်စရာအာရုံ ရုပ်တရားနဲ့ မြင်သိစိတ်နာမ်တရားတွေဟာ ငါမပါပါလား၊ ယောကျ်ား၊ မိန်းမ မပါပါလား၊ စွဲမက်စိတ်ပျက်စရာမရှိပါလားလို့ ဉာဏ်နဲ့လိုက်ရင် ဒေါသဖြစ်စရာရှိသေးလား၊ ဘာမှ ဖြစ်ပျက်၊ ဖြစ်ပျက် ဆိုစရာမလိုဘူး၊ ဉာဏ်နဲ့မြင်နေရင်ပြီးတယ်၊ ဟုတ်ပြီလား၊ ဉာဏ်နဲ့မမြင်ဘဲနဲ့ ပါးစပ်ကဆိုနေရုံနဲ့ တရားရမှာလား၊ မရဘူးနော်၊ ဉာဏ်နဲ့မြင်နေရင် မျက်စောင်းထိုးပြတာ ခံနိုင်တယ်၊ ဟုတ်ပြီလား။

## စိတ်သက်သက်ဟာ တန်ဖိုးမရှိ

မိမိတို့စိတ်ဟာ အလွတ်ထားရင် တန်ဖိုးမရှိဘူး၊ သတိ ပညာ ဝီရိယပါမှ တန်ဖိုးရှိတယ်နော်၊ လူတွေမှာကြည့်လေ၊ ပကတိ

တန်ဆာဆင်မထားတဲ့ပုဂ္ဂိုလ်နဲ့ စိန်တွေ, ရွှေတွေ, ငွေတွေ, ကျောက်သံပတ္တမြားတွေ တန်ဆာဆင်ထားတဲ့ပုဂ္ဂိုလ် ဘယ်သူကတန်ဖိုးရှိလဲ၊ စိန်တွေ, ရွှေတွေ, ငွေတွေ တန်ဆာဆင်ထားတဲ့ ပုဂ္ဂိုလ်က တန်ဖိုးမရှိဘူးလား၊ စိန်တန်ဖိုး၊ ရွှေတန်ဖိုးရှိလာတယ်နော်၊ အခုလဲ အဲဒီလိုပဲ၊ စိတ်သက်သက်ဟာ တန်ဖိုးမရှိဘူး၊ အဲဒီစိတ်သက်သက်မှာ သတိ ဝီရိယ ပညာ တန်ဆာဆင်လိုက်တော့ တန်ဖိုးမရှိသွားဘူးလား၊ တန်ဖိုးတက်သွားပြီ၊ ဟုတ်ပြီလား၊ အခုမိမိတို့စိတ်ကို မိမိတို့ပြန်ကြည့်၊ အိမ်နေတုန်းကစိတ်နဲ့ အခုစိတ်တူလား၊ အိမ်မှာ နေတုန်းက စိတ်က စိတ်လေ စိတ်လွင့် အထိန်းအသိမ်းမရှိဘူး၊ ရောက်ချင်ရာရောက်နေတာ၊ အခုသတိ ဝီရိယ ပညာနဲ့ ထိန်းပေးလိုက်တော့ နည်းနည်းလေး စိတ်ကလေး မတော်သွားဘူးလား။

## ဒီဘုန်းကြီးနဲ့ ဒီဒကာမ အနတ္တထင်လို့လား

ဆိုပါတော့ ကိုယ်ကဖြစ်အောင်ရှာတယ်၊ ပျက်သွားတယ်၊ ပြုံးပြတာကြည့်ချင်တယ်၊ မဲ့ပြတယ်၊ "ကိုယ်မပိုင်ဘူး၊ ကိုယ့်အလိုကျ မဖြစ်ဘူး အနတ္တ"လို့ဆင်ခြင်ရင် ဘာဖြစ်သေးလဲ၊ အလှူရှင်, အလှူခံ, လှူဖွယ်ဝတ္ထုအားလုံး အနတ္တလို့ ဟောခဲ့တဲ့ ဘုန်းကြီးကျောင်းပြန်ကြွ၊ ကန်တော့ပွဲက ငှက်ပျော်ဖီးတွေ ကျောင်းသားက လမ်းမှာလွတ်ကျ၊ ကြွေတော့ ကျောင်းရောက်၊ ကျောင်းသားရိုက်၊ ဒါ အနတ္တထင်လို့လား၊ ဒကာမကြီးတွေလဲ ဖြစ်ပျက် ဖြစ်ပျက်နဲ့ရှု၊ အိမ်ရောက်တော့ ကလေးကြောင့် ပန်းကန်ကွဲတော့ "တယ် ငါ ပါးရိုက်လိုက်ရ" တဲ့၊ ဒါကအနတ္တထင်လို့လား၊ ပြီးတော့ ဖြစ်ပျက် ဖြစ်ပျက်လုပ်ပြန်၊ ဟုတ်ပြီလား၊ ခန္ဓာငါးပါး ကြိုက်ရာတစ်ပါးပါးကိုရှု၊ ရှုရမှာက ရုပ်ထင်ရှား ရုပ်ရှု၊ နာမ်ထင်ရှား နာမ်ရှု၊ မြင်ရမှာက

ဖြစ်ပျက် အနိုပ်စက်ခံရမယ့်သဘော၊ အလိုကျမဖြစ်တဲ့သဘောကို ဉာဏ်မှာ တကယ်ထင်အောင်ကြည့်၊ ဟုတ်ပြီလား။

## အားထုတ်သူဆို ရုပ်နုပျို

တစ်ယောက်သောပုဂ္ဂိုလ်က တရားကို စနစ်တကျအားထုတ်၊ တစ်ယောက်သောပုဂ္ဂိုလ်က တရားအားမထုတ်ဘဲနဲ့နေ၊ အဲဒီ နှစ်ယောက်ဆိုပါတော့၊ ဆယ်နှစ်လောက်ကြာပြီဆိုတော့ သူတို့ ရုပ်တွေကို ယှဉ်ကြည့်၊ ဘယ်ပုဂ္ဂိုလ်က နုပျိုလဲဆိုရင် တရားအားထုတ်တဲ့ပုဂ္ဂိုလ်ရဲ့ရုပ်က နုပျိုတယ်၊ ဟုတ်ပြီလား၊ ဘာပြုလို့နုပျိုလဲဆို တော့ စကားပုံရှိတယ်မဟုတ်လား၊ "စိတ်ထောင်းတော့ ဘာဖြစ်လဲ" အေး–ကိုယ်ကြေတယ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ စိတ်ထောင်း ခံရသေးလား၊ မခံရဘူး၊ သောက, ပရိဒေဝ စသည် ဒါတွေကို အလာမခံဘဲနဲ့ ကိလေသာ အနိုပ်စက်မခံရဘဲနဲ့ စိတ်အေးချမ်းသာစွာ နဲ့နေရတာ သူကပျိုပြီးတော့နေတယ်၊ ဟိုမှာကတော့ တရားအား မထုတ်တဲ့ပုဂ္ဂိုလ်ကျတော့ လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ မစ္ဆရိယ အကုသိုလ်တရားတွေက ထောင်းထုလို့ တစ်ခါတည်းကြေမှုန့် လို့၊ ဟာ–အဘိုးကြီး, အမယ်ကြီးဖြစ်လို့၊ ဟုတ်ပြီလား။

## တရားကိုဆောင်၍ အသေကို ရှောင်ခဲ့သူ

ဘုန်းကြီးတို့လက်တွေ့ တွေ့ခဲ့ရတာ အမျိုးသမီးတစ်ယောက်၊ အသက် (၃၄)နှစ်ပဲရှိသေးတယ်၊ သားသမီး(၄)ယောက်ရှိတယ်၊ အဲဒါ သူ့မှာ နှလုံးရောဂါဖြစ်နေ၊ ဆေးရုံတက်တော့ နှစ်လပဲ အလွန်ဆုံးခံမယ်တဲ့၊ ပြန်လွှတ်လိုက်၊ မြို့လုံးကျော် သိနေကြတဲ့ အမျိုးသမီး၊ အဲဒါ သူက ဘယ်လောက် တရားဝါသနာပါလဲဆိုတော့

နဂိုတုန်းက အခုလိုပဲတရားတွေ နာကြားထားတော့ သူနာဖူးထားတာက ဘယ်လို နာဖူးထားလဲဆိုတော့ "တရားမသိဘဲနဲ့ အသက်တစ်ရာရှည်ရသော ပုဂ္ဂိုလ်ထက် တရားသိပြီးတော့မှ တစ်ရက်ကလေးမျှ အသက်ရှည်ရတာက မြတ်တယ်"လို့၊ ဒါကို သူက နာဖူးထားတာ၊ ငါသေတော့မှာပဲ၊ ဒါပေမယ့် ငါ တရားသိပြီးတော့ သေမယ်၊ တရားမသိဘဲနဲ့ အသေမခံနိုင်ဘူးဆိုပြီးတော့မှ အဲဒီဆေးရုံက နှင်ထုတ်လိုက်လို့ ပြန်ဆင်းလာတော့ အဲဒါ ဘုန်းကြီးတို့ တရားစခန်းပွဲကလဲ သူတို့အိမ်ရှေ့မှာဆိုတော့ အဲဒီတရားစခန်းဝင်ဖို့ စာရင်းသွင်း၊ ဂေါပကလူကြီးတွေက သူ့ကို လက်မခံဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆေးရုံက ပြန်နှင်ထုတ်တယ်ဆိုတာလဲ သိနေကြတယ်၊ "နှင်သေမှာ တော်ကြာကျတော့ တို့တရားစခန်းမှာ သေလို့ရှိရင် တရားအားထုတ်လို့သေတယ်ဆို နောက်လူတွေက ကြောက်ကုန်မှာ၊ တရားအားထုတ်လာတော့မှာ မဟုတ်ဘူး၊ အဲဒါကြောင့် လက်မခံနိုင်ဘူး"လို့ ပြောသတဲ့။

သူက ဘယ်လောက်ထိအောင် တောင်းပန်သလဲဆိုတော့ "ကျွန်မ ဒီမှာ မသေပါဘူး၊ သေလို့ရှိရင် အိမ်ပြန်သေမှာပါ"လို့ ပြောတာတဲ့၊ ဒါနဲ့ နင် ဒီမှာသေမယ်၊ အိမ်မှာသေမယ်လို့ ဘယ်ပြောရမှာလဲပေါ့၊ လက်မခံဘူး၊ ဟိုကလဲ၊ သူကလဲမလျှော့ဘူး၊ နောက်ဆုံး ဘုန်းကြီးရောက်သွားတဲ့ အချိန်အခါကျတော့ ဘုန်းကြီးကို လာလျှောက်တယ်၊ "အရှင်ဘုရား၊ တပည့်တော် ဒီတရားစခန်းပွဲမှာ အားထုတ်ချင်ပါတယ်၊ လက်ခံပါဆိုတော့ အေး၊ လက်ခံပါတယ်၊ ဘာဖြစ်လို့ လက်မခံရမှာလဲ"၊ မဟုတ်ဘူးဘုရားတဲ့၊ ဒီဂေါပကတွေက လက်မခံလို့တဲ့၊ မေးကြည့်တော့မှ၊ အဲဒီလိုဆိုတော့ "ဟာ–နင်ဒီလိုဆို အားထုတ်၊ မသေဘူး"လို့ ဘုန်းကြီးကလဲ အာမခံတယ်၊ ဒါလောက်

လိုချင်စိတ်ရှိနေတဲ့ ပုဂ္ဂိုလ်၊ မသေဘူးလို့ ဘုန်းကြီးလဲ ရဲရဲအာမခံပြီး အဲဒါ သူ့ တရားအားထုတ်ခိုင်း။

ဒါပေမယ့် ဒီမှာ တစ်နေ့ (၇)ချိန်အားထုတ်ရတာ နင် (၇)ချိန်တော့ အားမထုတ်နဲ့၊ မနက် (၄း၃၀)ကနေ (၅း၃၀)တစ်ကြိမ်၊ အိပ်ရာက ထ၊ နင့်နေရာမှာပဲ နင်အားထုတ်၊ နေ့ခင်း (၁၂း၀၀)နာရီ ကနေ (၁း၀၀)နာရီထိမှာလဲ နင့်နေရာမှာပဲ နင်အားထုတ်၊ လျော်သလို အားထုတ်၊ ဒီဓမ္မာရုံပေါ်မှာတော့ ငါးချိန်ပဲအားထုတ်ဆို အားထုတ်ခိုင်း၊ တစ်ရက်, နှစ်ရက်, သုံးရက်ကြာတော့ "ဆရာတော်ဘုရား၊ တပည့်တော် အချိန်ပြည့် အားထုတ်ပါရစေဘုရား၊ တပည့်တော် တော်တော်သက်သာတယ်" တဲ့၊ သူ့ဟာသူလာတောင်းဆိုတာ။

ဒီမှာ ကောင်းတဲ့ ယောဂီတွေက အချိန်ခိုချင်လို့၊ ဟိုမှာ ရောဂါ သည်က "အချိန်ပြည့် အားထုတ်ပါရစေ"တဲ့၊ လာပြီးတောင်းဆိုတယ်၊ သူ့မှာ ရောဂါက သက်သာလို့တဲ့၊ ဒီလိုဆို နင့်သဘောပေါ့ အားထုတ်ပေါ့ဆိုတော့ သူက အချိန်ပြည့်ပဲ အများနဲ့လာပြီး အားထုတ်၊ အဲဒီစခန်းမှာလဲ ဆရာဝန်တွေက နေ့စဉ်နေ့စဉ် ကျန်းမာရေး စစ်ဆေးပေးတော့ နှစ်ရက်ဆို ဆရာဝန်တစ်ယောက်ပြောင်းပြီးတော့ စစ်ဆေးကြည့်တော့ စခန်းပွဲပြီးတော့ သူက "တပည့်တော်ရောဂါ သုံးပုံတစ်ပုံလောက် သက်သာသွားတယ်ဘုရား"တဲ့၊ အဲဒါနဲ့ စခန်းပွဲ ပြီးသွားဆိုပါတော့၊ နောက်ခြောက်လလောက်ကြတော့ သူတရားစခန်းပွဲ တစ်ခုမှာ လာပြီးတော့ အားထုတ်ပြန်တယ်၊ ကြိုးစားပမ်းစားနဲ့ တကယ့်ကို လိုလိုချင်ချင်နဲ့ သူက အားထုတ်တာ၊ သုံးပုံတစ်ပုံ သက်သာသွားတယ်ဆိုပါတော့၊ ပိုပြီးတော့ တရားကို ယုံကြည်စွာနဲ့ အားထုတ်လိုက်တော့ အဲဒီစခန်းပွဲပြီး သူက ဘာလျှောက် "တပည့်တော် ရောဂါ သုံးပုံနှစ်ပုံလောက် သက်သာသွားပြီ ဘုရား"တဲ့၊ ပျောက်တော့

ရှင်းရှင်းမပျောက်သေးဘူး၊ အဲ-နှစ်တစ်ပတ်လည် သူတို့အိမ်ရှေ့ တရားစခန်းပွဲ ပြန်ရောက်တော့ တစ်ခါ သူအားထုတ်ပြန်တယ်၊ လုံးဝကို ပျောက်သွားတာ၊ အခုထိရှိသေးတယ်၊ အဲဒါကြောင့်မို့လို့ တရားဟာ မျက်မှောက်လက်ငင်း အသက်ရှည်တယ်ဆိုတာ လက်တွေ့ပဲ၊ ဘုန်းကြီးတို့ အများကြီးရှိတယ်။

## အရှခံ အရှုဉာဏ်တည့်ရင် တစ်နာရီ ခဏလေးပဲ

သမာဓိရှိလို့ရှိရင်တော့ အဲဒါ ဒီက တစ်နာရီ ခဏလေးပဲဆိုတာ၊ အရှုခံနဲ့ အရှုဉာဏ်နဲ့ တည့်နေလို့ရှိရင် စိတ်က တခြားမရောက်ရင် အဲဒါ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာမလာရင် ကိုယ်က ပေါ့ပြီးတော့ အပေါ်မြောက်တော့မလို ကြွတော့မလို ဖြစ်ပြီးတော့မှ အောက်မှာလဲ လဲဝါဂွမ်းလေးပေါ်မှာ ထိုင်နေရသလို တစ်နာရီ ခဏကလေးဆိုတာ သမာဓိ၊ ဟုတ်ပြီလား၊ အခုတော့ ကြည့်ရတာ ရှုံ့တွ မဲ့နေတယ်၊ ဟုတ်ပြီလား?။

ဘုန်းကြီးတို့ အခုဆိုပါတော့၊ တရားအားထုတ်တာနဲ့ ပတ်သက်လို့ ပြောလို့ရှိရင် တစ်နာရီမှာ "ဟာ-အရှင်ဘုရား၊ တပည့်တော်တို့ တစ်နာရီပြည့်အောင် ဘယ်လိုမှ မှတ်လို့မရဘူး ဘုရား၊ အဲတော့ တပည့်တော်တို့ ပြန်တော့မယ်ဘုရား"ဆိုတော့ ဘာရဦးမှာလဲ၊ တစ်နာရီမှာ ဆယ်မှတ်ပဲရ၊ ယောဂီတွေ ဆယ်မှတ်တော့ ရပါတယ်၊ နော်၊ ဟုတ်ကဲ့လား၊ တစ်နာရီမှာ ဆယ်မှတ်မရဘူးလား၊ တစ်နာရီမှာ ဆယ်မှတ်ရလို့ရှိရင် ခုနစ်နာရီမှာ ဘယ်လောက်ရသွား၊ အမှတ် ခုနစ်ဆယ်၊ ဟုတ်ပြီလား၊ အေး-တပည့်တော် တစ်နာရီပြည့် အောင် မမှတ်နိုင်ဘူးဘုရား၊ တပည့်တော် ပြန်တော့မယ်ဆိုတော့

ဘယ်နှစ်မှတ်ရမှာလဲ၊ တစ်မှတ်မှ မရတော့ဘူးပေါ့၊ ဟုတ်ပြီလား၊ အဲလို နည်းနည်းကနေပြီးတော့ တွက်ယူရတယ်။

## တရားတစ်ထိုင်မှာ ကုသိုလ်လေးမျိုးရ

အခု တစ်ထိုင် ထိုင်လို့ရှိရင် ဒီမှာ ခန္ဓာကိုယ်နဲ့ အသက်ကို လှူဒါန်းထားတယ်ဆိုတော့ ဒါနမဖြစ်နေဘူးလား၊ ဘေးရန်ခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား၊ သတ္တဝါအားလုံးတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေဆိုတော့ မေတ္တာက သမထကုသိုလ်လဲ မရှိနေဘူးလား၊ သီလဆောက်တည်ထားတော့ ရှစ်ပါးသီလကုသိုလ်ကလဲ မရှိနေဘူး လား၊ အခုဆယ်မှတ်ဆိုတော့ ဝိပဿနာလဲ မပါဘူးလား၊ ကဲ– ဒါနရော သီလရော သမထရော ဝိပဿနာရော၊ တစ်နာရီ တစ်နာရီမှာ ကုသိုလ်ဘယ်နှစ်မျိုးရလဲ၊ လေးမျိုးရတယ်၊ ဟုတ်ပြီလား၊ ပြန်တယ်ဆိုတော့ ဘယ်နှစ်မျိုးရလဲ၊ တစ်မျိုးမှ မရတော့ဘူး၊ ကုန်ရော၊ အဲဒါကြောင့်မို့လို့ တွက်တတ်ရတယ်နော်။

## ကြက်ကိုစံထား အအားမနေရာ

"ဝီရိယဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ" ဝီရိယနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မှာ မပြီးတဲ့ကိစ္စ မရှိဘူးတဲ့၊ လုံ့လဝီရိယရှိရင် ကြီးပွားတယ် နော်၊ ကြက်တွေ တွေ့ဖူးလား၊ တွေ့ဖူးတော့ ကဲ–ဘယ်လို လေ့လာလဲ၊ လေ့လာကြည့်စမ်း၊ ဘယ်လိုနေလဲ၊ ကဲ–ကြက်က အိပ်တန်းဆင်းတဲ့ အချိန်ကစပြီးတော့ အိပ်တန်းပြန်တက်တဲ့အချိန်အထိအောင် ဘာလုပ်နေလဲ၊ ယက်နေတယ်၊ တစ်ချက်မှ မနားဘူး၊ ဟုတ်ပြီလား၊ အခုလဲ စီးပွားရေးနဲ့ပတ်သက်လို့ရှိရင် အဲဒါ မွေးတဲ့အချိန်ကစပြီးတော့ သေသည်ထိအောင် လုပ်နေရမှာပဲ၊ တရားအားထုတ်နေတဲ့

ယောဂီတွေလဲ ရှုမှတ်မှု အလုပ်လုပ်နေရမှာပဲ၊ အချိန်အားမနေရဘူး၊ အဲလိုလုပ်ရမှာ၊ ကြက်ကို အတုယူလုပ်၊ ကြိုးကိုကြိုးပွားတယ်၊ ဟုတ်ပြီလား၊ အခုသူတို့က ကြက်အတုယူတာလား၊ ဝက်အတုယူတာလား (ရယ်)၊ ဘာအတုယူတာလဲ၊ ဝက်အတုယူပြီးတော့ သူတို့ အိပ်နေတာ၊ ဟုတ်ပြီလား။

မြတ်စွာဘုရားကိုယ်တိုင် ဟောခဲ့တာက အမှားသာသနာမှာ အလကားနေခြင်းသည် ချမ်းသာတယ်၊ ကြိုးစားရင် ဒုက္ခရောက်တယ်တဲ့၊ နော်၊ အမှန်သာသနာမှာ မကြိုးစားရင် ဒုက္ခရောက်တယ်၊ ကြိုးစာရင် ချမ်းသာသုခ ဖြစ်တယ်တဲ့၊ ဟုတ်ပြီလား။

## ယောဂီ လေးမျိုး

ယောဂီက (၄)မျိုးရှိတယ်၊ ဘုန်းကြီးတွက်ကြည့်တာ ကိုယ့်ဟာကိုယ် အထုပ်ကလေးရွက်ပြီးတော့လာတဲ့ ယောဂီကတစ်မျိုး၊ သွားသွားလို့ တွန်းလွှတ်လို့လာတဲ့ ယောဂီကတစ်မျိုး၊ လာလာလို့ဆွဲခေါ်လို့လာတဲ့ ယောဂီက တစ်မျိုး၊ တွန်းလဲတွန်း ဆွဲလဲဆွဲ ယောဂီကတစ်မျိုး၊ ယောဂီတွေက ဘယ်ထဲပါလဲ။

## တရားရှာပြီးမှ ပျော်ပါ

သောတာပန်အရိယာဟာ နတ်ပြည်မှာ ပျော်နေဦးတော့ အပါယ်ကျလောက်အောင် မပျော်တော့ဘူး၊ အပါယ်ကျလောက်တဲ့ ကိလေသာအကြမ်းတွေ ကုန်သွားပြီ၊ အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်တွေ မပျော်ရဘူး၊ မရှာရဘူး မဆိုပါဘူး၊ တရားရှာပြီးမှ ပျော်ပါ၊ ဟုတ်ပြီလား၊ အခုတော့ လူငယ်တွေကို တရားအားထုတ်တဲ့ အလုပ်က နင်တို့အလုပ်မဟုတ်ဘူးတဲ့၊ ငယ်တဲ့သူတွေ အပါယ်ကျခယ့်

အလုပ် အကုန်လုပ်ဆိုတာလို ဖြစ်နေတယ်၊ မဟုတ်တာ အကုန်လုပ်၊ တကယ့်အလုပ်ကျတော့ သူတို့မပါ၊ ဒီတရားစခန်းပွဲမှာ ကာလသားတွေ ကာလသမီးတွေ ပါသေးလား။

## ထိုင်မှတရားနဲ့ နေရမှာ မဟုတ်

တရားထိုင်တယ်ဆိုတာ ထိုင်စဉ်မှာ တရားနဲ့ နေတာကိုပြော၊ အမှန်က 'လျှောင်းစဉ်၊ ရပ်စဉ်၊ သွားစဉ်' တို့မှာလဲတရားနဲ့ နေရမှာပါ၊ ကိုယ်ရောက်တဲ့နေရာဟာ ကိုယ့်ရိပ်သာပဲ၊ ထိုင်တဲ့အချိန်မှာလဲ ကြာကြာထိုင်နိုင်အောင် လေ့ကျင့်နေတာမဟုတ်ဘူး၊ ဟုတ်ပြီလား၊ ထင်ရှားရာ ရုပ်နာမ်ကို ရှုနေရမှာ၊ မရှုရင် အသိက မပေါ်ဘူး၊ နော်၊ မရှုမိရင် အဝိဇ္ဇာ– အမှောင်၊ ရှုမိရင် ဝိဇ္ဇာ– အလင်းပဲ၊ ရုပ်နာမ်ပေါ်တာက ရုပ်တဲ့အချိန်မရှိသလို သိရမယ့်အချိန်ကလဲ အားချိန် နားချိန်ဆိုတာ မရှိဘူး၊ "နိုးချိန်မှတည့်၊ အိပ်ချိန်ထိ၊ သတိမပြတ် ရှုရမည်"ဆိုတဲ့အတိုင်း နံနက် နိုးချိန်ကနေ ည အိပ်ချိန် ထိအောင် အားချိန်နားချိန်မရှိ လျှော်သလို ဣရိယာပုထ်လေးပါး အမူအရာတိုင်းမှာ ရုပ်နာမ်ကို သိအောင် ကြည့်နေရမှာနော်။

## တရားကောင်းတယ် ဆိုတာ

အမှတ်စိပ်တယ်၊ ကျဲတယ်ဆိုတာ မရှုရင်ကျဲတာပဲ၊ မရှုရင် ဘယ်လိုပဲနေနေ ကျဲတာပဲ၊ ဟုတ်ပြီလား၊ ရှုရင် ဘယ်လိုပဲနေနေ စိပ်တာပဲ၊ နော်၊ ပေါ်သမျှမလွတ်တမ်း ရှုနေမှ အမှတ်စိပ်တာ၊ လှုပ်လှုပ်လှုပ်လှုပ်နဲ့ နေမှ အမှတ်စိပ်တာလား မဟုတ်ဘူးနော်၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဣန္ဒြေခြောက်ပါး ကိုယ့်ဣန္ဒြေနဲ့ကိုယ် သတိပညာနဲ့ ထိန်းနေရင် စကားပြောချိန်

မရှိတော့ဘူး၊ ဒီလိုသာ မှတ်နေရင် (၇)ရက်အတွင်း တော်တော်ထူးထူးခြားခြားကို ဖြစ်လာမယ်၊ ဟုတ်ပြီလား၊ တရားကောင်းတယ်ဆိုတာ အထိုင်ကြာ တာကို ခေါ်တာမဟုတ်ဘူး၊ ထိုင်ကောင်းကောင်း မကောင်းကောင်း ဉာဏ်ပေါ်မှ တရားကောင်းတာနော်၊ အရှုခံနဲ့ အရှုဉာဏ်တည့်နေရင် သမာဓိလဲဖြစ်နေလို့ အထိုင်လဲ ကြာကြာထိုင်နိုင်လာတယ်၊ ဟုတ်ပြီလား။

## ယောဂီတို့က ရှေ့ကုပ်လား၊ နောက်ကုပ်လား

ယောဂီတို့က လက်ရှိဘဝ ကိုယ့်ချမ်းသာလေးနဲ့ ကိုယ် ကျေနပ်နေကြတော့ နိဗ္ဗာန်ချမ်းသာကို အသာထား၊ နတ်ချမ်းသာတောင်ရဖို့ မလွယ်ဘူး၊ ဥပမာ–ကျွတ်တို့ မျှော့တို့ကို ကြည့်ပေါ့၊ ရှေ့ကုပ်လိုက်၊ နောက်ဖြုတ်လိုက်နဲ့ သွားတာ၊ ဟုတ်ပြီလား၊ ဘုန်းကြီးတို့ ပရိသတ်တွေက ရှေ့ကုပ်လား၊ နောက်ကုပ်လား၊ တရားအားထုတ်တာက ခန္ဓာ(ရုပ်နာမ်)ရဲ့ ဖြစ်ပျက်နေတဲ့ အပြစ်ကိုဉာဏ်နဲ့ အဖန်ဖန်ကြည့်တာ၊ ကြည့်လို့အပြစ်မြင်ရင် ဒီခန္ဓာကြီး ခင်ဦးမှာလား။

## ခင်တာမွေးထားရင် သောကမွေးတာ

နည်းနည်းခင်ရင် နည်းနည်းသောက ရောက်မယ်၊ အလယ်အလတ် ခင်ရင် အလယ်အလတ် သောက ရောက်မယ်၊ ခင်တာအားကြီးရင် သောကအာကြီးမယ်၊ ဟုတ်ပြီလား၊ ယောဂီတို့က နည်းနည်းခင်ချင်တာလား၊ အများကြီးခင်ချင်တာလား၊ ဩော်–အများကြီးခင်ချင်တယ်၊ အများကြီးခင်ချင်ရင် အများကြီး သောကရောက် မှာပေါ့၊ ဒါဖြင့် ယောဂီတွေက ဘာမွေးထားလဲ၊ ခင်တာ

(တကျော) မွေးထားရင် ဘာမွေးထားရာရောက်၊ သောကမွေးတာနဲ့ အတူတူပဲပေါ့၊ ဟုတ်ပြီလား။

## သူများအကြောင်း မစပ်စုနဲ့

ယောဂီတို့၊ အို၊ နာ၊ သေ ခန္ဓာကြီးနဲ့ နေလာတာ ဘဝမပြောနဲ့၊ ကမ္ဘာတောင် မရေတွက်နိုင်ဘူး၊ ဘာကြောင့် မရေတွက်နိုင်တာလဲ ဆိုတော့ ကိုယ့်အကြောင်း ကိုယ့်ခန္ဓာမှ ကိုယ်မကြည့်ဘဲနဲ့ ထိုင်တုန်းတောင်မှ သူများအကြောင်း၊ သူများကိစ္စပဲ ကြည့်နေတယ်၊ သူများအကြောင်း သူများကိစ္စ မစပ်စုနဲ့၊ ကိုယ့်အကြောင်း ကိုယ့်ခန္ဓာကိုကြည့်၊ ဟုတ်ပြီလား၊ မကြည့်ရင် ကြာလေ နိဗ္ဗာန်နဲ့ ဝေးလေပဲ နော်။

## ကြွံသလိုနေ၊ ကြွံသလိုစား၊ ကြွံသလို တရားအားထုတ်

အခုတရားကျင့်တဲ့အခါမှာ အဝတ်တို့၊ အစားတို့၊ အနေအထိုင်တို့၊ အသွားအလာတို့၊ မပလွှားရဘူး၊ မဝါကြွားရဘူး နော်၊ အခု ဒီလာတာ ကြွားဖို့ ဝါဖို့ လာတာလား၊ တရားအားထုတ်ဖို့ လာတာလား၊ တရားအားထုတ်ဖို့လာတာ၊ သိပ်ပြီးတော့ တစ်ခါတည်း အဝတ်ကောင်း၊ အစားကောင်းတွေ ထုတ်ထုတ်ပြီး ကြွားမနေနဲ့၊ ဟုတ်ပြီလား၊ အေး– အဝတ်အစား မပလွှားဘဲနဲ့ တရားရင့်သန် အကျင့်မှန်အောင် အခုကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ နေတယ်၊ ဒီအကျင့်က ဘာအကျင့်လဲဆိုတော့ သလ္လေခအကျင့်၊ ဘာအကျင့်လဲ၊ သလ္လေခအကျင့်ဆိုတာ ခေါင်းပါးအောင် ကျင့်တာ နော်၊ ကြွံသလိုနေ၊ ကြွံသလိုစား၊ ကြွံသလို တရားဓမ္မကျင့်ကြံကြိုးကုတ် အားထုတ်နေတယ် ဆိုတာ သလ္လေခ အကျင့်လို့ခေါ်တယ်၊ ဟုတ်ပြီလား။

## အများမဆန်ဘဲ တရားမှန်ကို ကျင့်

မေ– အများမဆန် တရားမှန်ကို အားသန်ကျင့်လို ဤဂါကိုယ်၏၊ ဒါ သိပ်အဓိပ္ပာယ်ရှိတယ်၊ အများမဆန်ဘူးတဲ့၊ အခုယောဂီတွေနဲ့ ရွာထဲမှာကျန်ခဲ့တဲ့ လူတွေနဲ့ ဘယ်သူကများလဲ၊ ယောဂီတွေက အများဆန်လား၊ မဆန်ဘူးလား၊ အောင်မယ် ကြီးကျယ်လိုက်တာ မဆန်ဘူးတဲ့၊ စကားများနေတော့ မဆန်ဘူးလား၊ ဆန်လား၊ နာမည်ကသာ ယောဂီပါပဲ၊ ပြီးတော့ ပတစ်ပတစ်ဆိုတော့ အများဆန်တာပေါ့၊ အများလဲစကားများ၊ ယောဂီလဲ စကားများဆိုတော့ ဘာထူးလဲ၊ ကဲ–ပြောစမ်းပါဦး၊ ထူးလား(ရယ်)၊ လာထိုင်တော့ ငိုက်၊ ထသွားတော့ စကားများ (ရယ်)၊ ဟိုကျတော့ ဘယ်လိုဘယ်လို မျက်လုံးပြူးကျယ်သွားလဲ မသိဘူး၊ အိပ်ပါလား၊ ကဲ–မအိပ်ဘူး၊ အဲဒီကျတော့ (ရယ်)၊ ဒီသာရောက်ပြီဆို မျက်စိကမှေး၊ ဘေးရန်ခပ်သိမ်း ဆိုလဲဆိုရော ပိတ်သွားပြီ(ရယ်)၊ တစ်ထိုင်အချိန်ပြည့်ပါပြီဆို ပြူးကျယ်သွားရော၊ အမယ်လေး–ယောဂီတွေ လုပ်ပုံက။

## ရရှိထားတဲ့ ဘဝကြီးက ဘဝတက်မနဲ့ တူတယ်

ဒုက္ခကိုလွန်မြောက်ပြီ့တော့ နိဗ္ဗာန်ကိုရောက်နိုင်တာက မဂ္ဂင်ယာဉ်ပဲပို့နိုင်တယ်၊ ဒီပြင် ဘယ်ယာဉ်မှ မပို့နိုင်ဘူး၊ အခု လူလာဖြစ်တယ်၊ ဘုရားလဲပွင့်တယ်၊ ကဲ–(ဒီနဝမခဏ)နဲ့ မကြုံတဲ့ ပုဂ္ဂိုလ်တွေ အများကြီးမရှိဘူးလား၊ တစ်ပုံကြီး၊ ဘယ်ရွာပဲကြည့်ကြည့်၊ ဘယ်နိုင်ငံပဲကြည့်ကြည့် အများကြီးပဲ၊ တရားနာနိုင်၊ ကြားနိုင်၊ အားထုတ်နိုင်တဲ့ အဆင့်က အင်မတန်နည်းတယ်၊ ရရှိထားတဲ့ ဘဝကြီးက ဘဝတက်မနဲ့တူတယ်၊ ဘာနဲ့တူလဲ၊ ဘဝတက်မဆိုတာက လှေ, သင်္ဘောတွေမှာ တက်မဆိုတာ မရှိဘူးလား၊ လှေ သင်္ဘောမှာ

တက်မ မပါဘဲနဲ့ ခုတ်ရင် ကိုယ်ကပ်ချင်တဲ့ ဆိပ်ကမ်းကို ကပ်လို့ ရမှာလား၊ အေး–ယောဂီတွေမှာ ဘာရထားလဲ၊ ဘဝတက်မကြီး ရထားတယ်နော်၊ ဘယ်သွားကပ်မှာလဲ၊ အပါယ်သွားကပ်မှာလား၊ ဘယ်ကပ်၊ ငရဲကပ်မှာလား၊ တိရစ္ဆာန်ဘုံကပ်မှာလား၊ ဘယ်ကိုလဲ၊ ပြိတ္တာဘုံကပ်မှာလား၊ ဘယ်ကပ်မှာလဲ၊ အောင်မယ်–နိဗ္ဗာန်ကပ်မယ်တဲ့၊ အသာထားစမ်းပါဦး နိဗ္ဗာန်ကို၊ လူလောကပဲမှန်းစမ်းပါဦး၊ နိဗ္ဗာန်အသာထားစမ်းပါဦး၊ အမယ်လေး– နိဗ္ဗာန်ဆို မြင့်လှချည့်လား၊ ဘာနဲ့ကပ်မှာလဲ၊ ပြောစမ်းပါဦး၊ အောင်မယ်–မဂ္ဂင်တဲ့၊ တိတိကျကျ ငါနိဗ္ဗာန်သွားမယ်ဆိုလို့ရှိရင်လဲ နိဗ္ဗာန်သွားမယ့်အလုပ်တွေ လုပ်မှ နိဗ္ဗာန်ရောက်မှာ၊ ဟုတ်ပြီလား။

## လက်ရှိ ဒုက္ခကိုတော့ ပယ်လို့ မရတော့ဘူး

မိမိတို့သည် နောက်တုန်းက လူအိုနာသေ၊ အပါယ်အိုနာသေ၊ နတ်အိုနာသေ၊ ဗြဟ္မာအိုနာသေနဲ့ နေခဲ့၊ ရှေ့ကိုလဲ အိုနာသေနဲ့ နေရဦးမယ်၊ ဒါကြောင့် ဝိပဿနာလုပ်မှ အိုနာသေ လွတ်မှာ၊ အပါယ်အိုနာသေ လွတ်ရမယ်၊ လူအိုနာသေ လွတ်ရမယ်၊ နတ်အိုနာသေ လွတ်ရမယ်၊ ဗြဟ္မာအိုနာသေ လွတ်ရမယ်၊ တိုက်ရိုက် နိဗ္ဗာန်သွားရော၊ အဲဒါ ဝိပဿနာသည် ကယ်တင်ရေးအလုပ်၊ ဒီကယ်တင်ရေးအလုပ်ကို ဒီအချိန်မှာ လုပ်ရမှာလား၊ သေမှ လုပ်ရမှာလား။

တရားအားထုတ်တယ်ဆိုတာ ဒုက္ခကို သိဖို့၊ ဒုက္ခကိုသိတော့ ဒီဒုက္ခမျိုး လိုချင်သေးလား၊ မလိုချင်တော့ဘူးဆို ဒုက္ခကို မပယ်လိုက်ဘူးလား၊ မလိုချင်တော့ဘူးဆိုတာကို ပယ်တယ်လို့ ခေါ်တယ်၊ နော့၊ ဒီလက်ရှိ ကိုယ်ကောင်ကြီးကို 'နင့်ကို ငါ

မလိုချင် တော့ဘူး၊ သွား’ လို့ဆိုလို့ရှိရင်တော့ တစ်ကောင်လုံး သတ်ပစ်ဖို့ပဲ ရှိတော့တယ်၊ ဟုတ်ပြီလား၊ ဒီလိုဒုက္ခမျိုး နောင်မလိုချင် တော့ဘူး၊ ဒီလို ဒုက္ခမျိုးနောင်မဖြစ်ချင်တော့ဘူး ဆိုတာသည် အဲဒါပယ်တာတဲ့၊ လက်ရှိ ဒုက္ခကိုတော့ ပယ်လို့မရဘူး၊ လက်ရှိဒုက္ခ ကတော့ တစ်သက်အနေနဲ့ မခံရဘူးလား၊ ခံရမယ်နော်၊ အဲဒီလက်ရှိ ဒုက္ခကို ဒုက္ခမှန်း သိအောင်ရှု၊ ဒုက္ခမှန်းသိမှ နောင်ဒုက္ခကို ပယ်နိုင်မှာ၊ ဟုတ်ပြီလား။

## ဘုရားတိုင်း အပ္ပဖော်ခံသက်သက် ပွင့်လာတာမဟုတ်

ဘုရားတိုင်း ဘုရားတိုင်း ပါရမီဖြည့်တာဟာ ဘာလုပ်ဖို့ ဖြစ်လာလဲလို့ မေးလို့ရှိရင် သတ္တဝါတွေကို တရားစည်ကြီး သောင်းထိုက်ဟည်းအောင် ရိုက်တီးနှိုးဆော်ပြီးတော့မှ နိဗ္ဗာန်ကို အရောက် ပို့ချင်လို့ ပွင့်လာတာလား၊ အပ္ပဖော်ခံသက်သက် ပွင့်လာ တာလား၊ တရားပေးဖို့ ပွင့်လာတာလား၊ နို့-အပ္ပဖော်ခံပွင့်လာတာ မဟုတ် ဘူးလား၊ ဘုရားဖူးရရင် ကျေနပ်ပြီပေါ့လေ၊ အေး-အဲဒါ ဘုရားတိုင်း အပ္ပဖော်ခံသက်သက် ပွင့်လာတာ မဟုတ်ဘူး၊ ဟုတ်ပြီလား။

## ယောဂီတို့က အကယ်ခံလား၊ အပယ်ခံလား

အဲတော့ ဘုရားက သတ္တဝါတွေကို ကယ်တယ်၊ ကယ်တယ်လို့ သုံးနေတော့ မြတ်စွာဘုရားက သတ္တဝါတွေကို ပခုံးနဲ့ထမ်းပြီတော့ နိဗ္ဗာန်ကို ပို့တာလား၊ နို့-ဘယ်လိုပို့တာလဲ၊ ဘုရားပွင့်လာကတည်းက မြတ်စွာဘုရားသည် အအားမနေ၊ အနားမနေဘဲနဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေကို တရားမဟောဘူးလား၊ အဲတော့ မြတ်စွာဘုရားသည်

သတ္တဝါတွေကို ဘာနဲ့ကယ်တာလဲမေးရင် တရားနဲ့ကယ်တယ်၊ ဟုတ်ပြီလား၊ ယောဂီတို့က အကယ်ခံလား၊ မခံဘူးလား၊ဘယ်လိုလုပ်မှ အကယ်ခံတယ်ခေါ်တာလဲ၊ တရားနာမှ အားထုတ်မှ အကယ်ခံတယ် ခေါ်တယ်၊ ဟုတ်ပြီလား၊ တရားမနာ တရားအားမထုတ်ရင် အပယ်ခံပေါ့ နော်။

## ဝိပဿနာ မပါရင် နိဗ္ဗာန်မရ

မြတ်စွာဘုရား လေးဆယ့်ငါးဝါပတ်လုံး ဟောခဲ့တဲ့ တရားတွေမှာ ဒါနကြောင်းလဲဟောပါတယ်၊ သီလကြောင်း ပို၍ဟောပါတယ်၊ သမထအကြောင်းကိုလဲ ထိုထက်ပို၍ ဟောပါတယ်၊ ဟောတာ အများဆုံးက ဝိပဿနာတရားပါပဲ၊ ဘုရားလဲ အဟောများတဲ့ တရားလဲဖြစ်၊ လွယ်တဲ့ တရားလဲဖြစ်လို့ ဝိပဿနာတရားကို ပွားဖြစ်အောင်ပွား၊ ဟုတ်ပြီလား။

ဒါကြောင့် သာသနာနဲ့လဲကြုံပါလျက်နဲ့ ဝိပဿနာအလုပ် မလုပ်ဖြစ်ရင် အရှုံးကြီးရှုံးတယ်၊ အဲဒါနဲ့ပတ်သက်လို့ လူထဲက ကောသလမင်းကြီးနဲ့၊ ရဟန်းထဲက ဆဗ္ဗဂ္ဂိရဟန်းတွေသာမက ထုတ်ပြလို့ရတယ်၊ ဘုရားနဲ့ တစ်ကျောင်းတည်းနေ၊ တစ်ခရီးတည်းသွား တရားတွေ အကြိမ်ကြိမ်နာ၊ အကြိမ်ကြိမ်အားထုတ်ခွင့် ရပေမယ့် ဒီဘဝမှာ တရားမရကြရှာဘူး၊ ဘာလို့မရလဲဆိုတော့ ဝိပဿနာကုသိုလ် မပါလို့၊ ဟုတ်ပြီလား။

အထူးသဖြင့် ဝိပဿနာဆိုတာ သာသနာတွင်း တရား ဖြစ်ခြင်း ကြောင့် ဝိပဿနာမပါရင် နောင်ဘုရားတွေ ပွင့်ချင်သလောက် ပွင့်၊ ကျွတ်တန်းဝင်လို့မရဘူး၊ ဘာဖြစ်လို့ မရလဲ မေးလို့ရှိရင် ဒါန ပြုရုံတစ်ခုတည်းနဲ့ နိဗ္ဗာန်မရနိုင်ဘူး၊ ဒါန သီလ နှစ်ခုပေါင်းတော့လဲ

နိဗ္ဗာန်မရနိုင်သေးဘူး၊ ဒါန သီလ သမထ သုံးခုပေါင်းတော့လဲ နိဗ္ဗာန်မရနိုင်သေးဘူး၊ ဝိပဿနာ ပါကိုပါမှ နိဗ္ဗာန်ရမှာ၊ ဟုတ်ပြီလား။

ဒါနကုသိုလ်ရဲ့အစွမ်းက နတ်ပြည်ပဲ ရောက်မယ်၊ ဗြဟ္မာပြည် တောင် မရောက်ဘူး၊ သီလကုသိုလ်ရဲ့အစွမ်းက (အကနိဋ္ဌ)ဗြဟ္မာဘုံ အထိပဲရောက်မယ်၊ ရှေ့ရောက်ဦးမလား၊ သမထကုသိုလ်ရဲ့အစွမ်းက ဗြဟ္မာဘုံမှာပဲဆုံးမယ်၊ နိဗ္ဗာန်ရောက်မှာလား၊ အဲတော့ သာသနာတွင်းမှာ အဲဒီလောက်ကလေးနဲ့ အချိန်ကုန်နေလို့ရှိရင် လူဖြစ်ကျိုးနပ်မှာလား၊ မနပ်သေးဘူး၊ ဟုတ်ပြီလား၊ အခု သာသနာတွင်းမှာ ဘုန်းကြီးတို့ သင်္ကန်းဝတ်လွှတ်စားတာနဲ့ ပြီးပြီ၊ ရှေ့မရောက်တော့ဘူး၊ တစ်ခါတည်း မီးလွှတ်စားတာနဲ့ ပြီးပြီ၊ ရှေ့မရောက်တော့ဘူး၊ တချို့လဲ ပုတီးစိပ်တာနဲ့ ပြီးပြီ၊ ရှေ့မရောက်တော့ဘူး၊ ဟုတ်ပြီလား၊ ဥပုသ်စောင့်တဲ့ အဆင့်တောင် မရောက်ချင်ဘူး၊ ဟုတ်ပြီလား။

အေး- မြတ်စွာဘုရားပွင့်လာတာက အဲဒီလောက်နဲ့ပွင့်လာတာလား၊ အဲဒီလောက်ကလေးနဲ့ ပွင့်လာတာ မဟုတ်ဘူးတဲ့၊ နိဗ္ဗာန်ပို့ဖို့ ပွင့်လာတာ၊ ဟုတ်ပြီလား၊ နိဗ္ဗာန်က အဲဒီလောက်ကလေးနဲ့ မရောက် သေးဘူး၊ နော်၊ ဘာနဲ့မှ ရောက်မှာလဲဆိုရင် ဝိပဿနာအကျင့်နဲ့မှ နိဗ္ဗာန်ရောက်မယ်၊ ဝိပဿနာဆိုတာ သာသနာတွင်း တရားတဲ့၊ ဒါန သီလ သမထ ဆိုတာ သာသနာတွင်းမှာလဲရှိတယ်၊ သာသနာ ပမှာလဲရှိတယ်တဲ့၊ ဟုတ်ပြီလား၊ ဝိပဿနာကျတော့ သာသနာတွင်း မှာသာရှိတယ်၊ သာသနာပမှာ မရှိဘူးနော်၊ သာသနာတွင်းမှာသာရှိတဲ့ တရားကို သာသနာတွင်းမှာ ပိုပြီးတော့ မကြိုးစားရဘူးလား၊ ဒီသာသနာနဲ့ လွဲသွားပြီဆိုလို့ရှိရင် ကိုယ့်မှာ သာသနာတွင်း တရားကြိုးစားပြီးပြီဆိုတော့ နောင်အခါတွေ့ရမှာက ဘာနဲ့တွေ့ရမှာ ဆိုရင် သာသနာပတရားနဲ့ တွေ့ရတော့မှာ၊ သာသနာပတရားဆိုတာ

ဒါန သီလ သမထ ဟုတ်ပြီလား၊ အခုလဲ သာသနာတွင်းမှာ ဒါနဲ့ပဲ ကျေနပ်၊ နောင်အခါ သာသနာပမှာလဲ ဒါနဲ့ပဲ ကျေနပ်ဆိုတော့ သာသနာနဲ့ တွေ့ရကျိုးနပ်သေးလား၊ မနပ်ဘူး၊ အဲဒါကို သဘော ပေါက်ဖို့လိုတယ်၊ ဟုတ်ပြီလား။

## ဉာဏ်မဲ့သူတွေ ညည်းညူနေ

ရုပ်ရှိလို့က နာကိုနာမယ်၊ ဒါ သူ့သဘောကိုး၊ စိတ်ညစ်နေလို့ မရဘူး၊ ပူရင် အေးရင် ဆာလောင်ရင် ရေငတ်ရင် မှက်ခြင်ကိုက်ရင် မြွေကင်းကိုက်ရင် ဖောက်ပြန်မယ်၊ ရုပ်က "နင်တို့ကသာ မေ့ချင်မေ့မယ်၊ ငါကတော့ အိပ်နေတောင် မမေ့ဘူးတဲ့၊ ငါ့အလုပ် ငါလုပ်ရမယ်၊ သင်တို့က စိတ်တိုင်းကျ သင်တို့အလုပ် ကုသိုလ် ရအောင်လုပ်တဲ့၊ လုပ်ပြီးပြီလား ကုသိုလ်တွေ၊ အသိအလိမ္မာ ဉာဏ်ပညာ မရှိသူတွေက ကုသိုလ်တော့ လုပ်မထားဘူး၊ အမယ်လေး-ငါ ဘယ်လိုဖြစ်မှန်းမသိဘူးတဲ့၊ ငါ ဘာဖြစ်မှန်းသိတော့ရော သူများက ဘာလုပ်ပေးလို့ ရမှာလဲ၊ သူများလဲ ဒါမျိုးတွေ မရှိဘူးလား၊ အေး-အသိဉာဏ်မဲ့သူတွေဆိုတာ ညည်းတတ်တယ်နော်။

## ကြောက်တတ်ရင် နှစ်ခါမက သေ

ရုပ်နာမ်ရဲ့ ခဏခဏ အသေတွေများနေပြီနော်၊ တစ်ဘဝအပြီး မသေခင် ပြသင့်တာပြပေါ့၊ ဟုတ်ပြီလား၊ ရုပ်နာမ်ရဲ့ ခဏအသေ တွေကို ကြည့်နိုင်မှ တစ်ဘဝအပြီး သေတွေကို မကြောက်မှာ၊ ဟုတ်ပြီလား၊ ကြောက်တတ်ရင် နှစ်ခါသေဆိုတာ အမှန်က နှစ်ခါ သေရုံမျှမကဘူးနော်၊ အကြိမ်များစွာ သေရမှာ၊ ဟုတ်ပြီလား၊

မသိမှုနဲ့ ကြောက်သေ သေရင် အပါယ်လေးဘုံ တစ်ဘုံဘုံကို သေချာပေါက် မရောက်ဘူးလား။

## ငိုက်တဲ့အချိန် နှာရွက်လိမ်

ဒီစခန်းပွဲကျင်းပတဲ့အချိန်က တပေါင်း၊ တန်ခူးဆိုတော့ နဂိုတည်းက နေကပူနေတော့ ဘယ်ကနေပဲ လေတိုက်တိုက် တိုက်တဲ့ လေက လေပူလား လေအေးလား၊ ဘာလဲဆိုတော့ ပတ်ဝန်းကျင်က အကုန်လုံးပူနေတာ၊ နော်၊ အပြင်ထွက်လိုက်တော့လဲ မပူဘူးလား၊ အဲဒီလေပူတွေ နေပူတွေ အမှတ်မထားဘဲနဲ့ ယောဂီတွေ ကြိုးစားလား၊ ဒါလောက် ပူတာတောင် အိပ်ချင်တဲ့ ယောဂီက ရှိသေးတယ်၊ မောဟ ဘယ်လောက်ကြောက်စရာကောင်းလဲ၊ အမှန်က ရာသီက အေးတယ်ဆိုတာက အိပ်ငိုက်ရင် တော်သေးတယ်၊ ပူတာများ အိပ်ငိုက်တယ်ဆိုတော့ အေးလို့ရှိရင်တော့ အိပ်ရာကတောင် ထမှာ မဟုတ်တော့ဘူး၊ အဲဒါ ဘုန်းကြီးက အိပ်ငိုက်တဲ့အချိန်အခါမှာ နားရွက်လိမ်ဆွဲလို့ ပြောတာ၊ သူတို့က ပြောင်စရာပြောတယ်မှတ်လို့ မဟုတ်ဘူးနော်။

## အိပ်ငိုက်ဖျောက်နည်း (၇)နည်း

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး လက်ထက်တုန်းက ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး တရားအားထုတ်ရင်း အိပ်ငိုက်နေတယ်၊ အိပ်ငိုက်တဲ့ ထိနမိဒ္ဓဆိုတာ ဘယ်အချိန်လာတတ်လဲ မေးရင် တရားကောင်းခါနီးရင် လာတတ်တယ်၊ သူက တရားရခါနီး ဆဲဆဲဆိုရင် အဲဒါလာတတ်တယ်၊ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော် မြတ်ကြီး ရဟန္တာဖြစ်လုဆဲဆဲလေးမှာ အဲဒီ အဲဒီ (ထိနမိဒ္ဓ)က

လာတာ၊ (ထိနမိဒ္ဓ)လာတဲ့အချိန်မှာ မြတ်စွာဘုရားက သွားပြီးတော့ (ထိနမိဒ္ဓ) ပျောက်ကြောင်းတရားကို ဟောပေးတယ်၊ သိပ် အိပ်ငိုက်လို့ ရှိရင် ဝိပဿနာနဲ့ မှတ်နေကျ အာရုံကို လွှဲပြောင်းလိုက်ရတယ်၊ ပြောင်းပြီးတော့မှ–

(၁) ဘေးရန်ခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား၊ သတ္တဝါအားလုံးတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေလို့၊ သတ္တဝါအားလုံးရဲ့ ပညာတ်သဏ္ဍာန် သတ္တဝါတို့ နိမိတ်ကို အာရုံပြောင်းပစ်လိုက်ရတယ်၊ ဒါ ပယ်ဖျောက်သညာလို့ ခေါ်တယ်၊ အဲဒါမှ ရရင်ရ မရလို့ရှိရင်–

(၂) ကိုယ်ရထားတဲ့ စာတစ်ခုခုကို စိတ်ထဲကနေပြီးတော့ နှုတ်လုံးသွင်းရတယ်တဲ့၊ အဲဒါမှ ရရင်ရ မရလို့ရှိရင်–

(၃) အသံလေး နည်းနည်းလေးထွက်ပြီးတော့မှ ဆိုရတယ်၊ ဒီပရိသတ်ထဲမှာတော့ မဆိုနဲ့နော်၊ ဟို ကိုယ့်ဟာကိုယ် တစ်ယောက်တည်းပြောတာ၊ အဲဒါမှ အိပ်ငိုက်တာရပ်ရင် ရပ်၊ မရပ်လို့ရှိရင်–

(၄) နားထင်ပါးရင်းကိုပွတ်၊ နားရွက်ကိုလိမ်ဆွဲ၊ ဒါကိုပြောတာ၊ နားပျင်းကို သပ်ဆိုတာ၊ ဒါပြောတာ၊ တချို့ယောဂီတွေ အမယ်–တကယ်လုပ်တာ၊ ဘုန်းကြီးကကြည့်နေတာ၊ အဲဒီယောဂီကို တော်တော်ကြည်ညိုတာ၊ တချို့ကတော့ မဆွဲပါဘူး၊ မွေ့နေတာ၊ တစ်ခါတည်း နတ်ပူးတာလား ကျနေတာပဲ၊ ဘုန်းကြီး ပလ္လင်ပေါ်က သတိပေးစကား ပြောနေလဲ သူက လှည့်ပတ်မွေ့နေတာပဲ(ရယ်)၊ တစ်ခါတည်း သူ့ကိုကြည့် စိတ်ဓာတ်ကိုကျ၊ မရှက်သုံးပါး

ထဲမှာ ငိုက်မရှက် ဆိုတာ ပါတယ်၊ ဟုတ်ပြီလား၊ အဲဒါမှ မရရင်–

(၅) အရပ်လေးမျက်နှာကို အသာလေး အာရုံလေးဘာလေးနဲ့ ရှုမျှော်ပြီးတော့ ကြည့်လိုက်တော့၊ အရပ်လေးမျက်နှာ လင်းထင်းနေတာကြည့်လို့ရှိရင် အိပ်ငိုက်တာ ပြေသွားတယ်၊ မရရင်–

(၆) အလင်းရောင်ကိုလဲ တိုးပွားအောင် ပွားပေးရတယ်၊ အဲဒါမှ မရရင်–

(၇) စင်္ကြံ ထပြီးတော့ လျှောက်၊ ဟုတ်ပြီလား၊ဘယ်နှစ်မျိုးလဲ၊ စင်္ကြံ လျှောက်လို့ရရင်ရ မရလို့ရှိရင်–

"ငါ ဘယ်အချိန် ဘယ်နှစ်နာရီကျလို့ရှိရင် အိပ်ရာက ထမယ်"ဆိုတဲ့ အဓိဋ္ဌာန်စိတ်နဲ့ အိပ်လိုက်တော့တဲ့ (ရယ်)၊ အိပ်တော့ ဒီအတိုင်းအိပ်ရမှာလား၊ ဘယ်နှစ်နာရီထမယ်ဆိုတဲ့ စိတ်နဲ့ အိပ်ရမှာလား၊ အဲဒီအချိန်မှာ ထမယ်ဆိုတဲ့ စိတ်နဲ့ အိပ်ရင် နှိုးစက်မလိုတော့ဘူး၊ အဲဒီအချိန်မှာ နိုးတာပဲ၊ သူက။

## ငါမလိုက်ဘူး၊ ငါမလိုက်ဘူး

ဘုန်းကြီးတို့က သေသေချာချာတွေ့ခဲ့ရတာ ပြောဦးမယ်၊ စခန်းပွဲတစ်ခုမှာ အဲဒါ စခန်းပွဲကလဲအသစ်၊ နေ့ခင်း (၁၂)နာရီအချိန်မှာပေါ့လေ၊ ဘုန်းကြီးကလဲ ပလ္လင်ပေါ်ရောက်နေ၊ အမျိုးသမီးတစ်ယောက်ဟိုနောက်ဆုံးကနေပြီးတော့မှ "ငါမလိုက်ဘူး၊ ငါမလိုက်ဘူး"ဆိုအော်တယ်၊ သူက၊ ငါမလိုက်ဘူးသာ အော်နေတယ်၊ လေးဘက်ဝမ်းလျားမှောက်ပြီးတော့ ရေကူးသလိုပဲ၊ ရှေ့ကို သူက ယက်ယက်ပြီးတော့ သွားနေ "နင်တို့ ငါကောင်းတာလုပ်ကာမှ

လာခေါ်ရလား၊ ငါမလိုက်ဘူး"တဲ့ သူက၊ အဲလိုသာအော်တယ် သူက ရေ့ ရေကူးသလိုသွား၊ အသံကလဲ အသံနက်ကြီးနဲ့ အော်လိုက်တာ၊ အကျယ်ကြီးပဲ၊ အဲ-ယောဂီတွေ မျက်စိတွေပွင့်၊ ဟိုကြည့် ဒီကြည့်၊ ဘုန်းကြီးကလဲ အပေါ်ကနေ "ယောဂီ အမှတ်လွတ်နေပြီ၊ သတိထား" ဆိုလဲမရဘူး၊ အော်တာပဲ သူက၊ အဲဒါနဲ့ တရားအထိုင်ဖြုတ်လိုက်ရတယ်၊ ဖြုတ်တော့လဲ အော်တုန်းပဲ ရှိသေးတယ်၊ အဲဒါနဲ့ သွားပြီး သတိပေးကြတော့မှ သတိရသွားတော့ "ဘာဖြစ်လို့ အော်တာလဲ"ဆိုတော့ လူမည်းမည်းကြီးနှစ်ယောက်က လာခေါ်တယ်တဲ့၊ "နင့်နေရာ ဒီနေရာမဟုတ်ဘူး၊ နင့်နေရာက တို့နေတဲ့ နေရာမှာ၊ လာ၊ နင်နဲ့ ဒီနေရာနဲ့ မတန်ဘူး" ဆိုသတဲ့၊ ဦးဇင်းကြီးတွေ တန်လား (ရယ်)၊ ဒီဦးဇင်းကြီးတွေ ရေ့မှာမို့လို့ မခေါ်တာ၊ နောက်မှာဆိုရင် ခေါ်ရင်ခေါ်နေမှာ၊ သူတို့က မသိဘူးလား သိလား၊ သိတယ်၊ ဘာကြည့်ခေါ်တာလဲ၊ ကဲ-ကြည့်ခေါ်တာ နော်။

ဦးဇင်းကြီးတွေ အသေထွက် ထွက်မှာလား၊ အရှင်ထွက် ထွက်မှာလား၊ အသေထွက်ဆိုတော့ ဘာတွေ ယူသွားမှာလဲ၊ ကြည့်ပါဦး၊ ဘာမှ မယူဘူးတဲ့၊ လုပ်ပုံက (ရယ်)၊ ဘာမှ မယူရင်တော့ ပြိတ္တာဘုံ သွားပေတော့၊ အခု တရားအားထုတ်နေတယ်ဆိုတာ ယူစရာကို ယူနေတာ၊ ဟုတ်ပြီလား၊ ဒါန သီလ ဘာဝနာတွေဆိုတာ၊ ယူသင့်တဲ့ ယူစရာတွေ၊ အကုသိုလ်ဆိုတာ ယူစရာလား၊ ပယ်စရာလား၊ ယူစရာကျတော့ ပယ်၊ ပယ်စရာကျတော့ ယူနေတယ်ဆိုရင်တော့ သွားရော၊ နော်။

ကိုယ့်သီလ ကိုယ်ပြည့်စုံအောင် ကျင့်နေတာနဲ့ ကိုယ့်သမာဓိ ကိုယ်ပြည့်စုံအောင်ကျင့်နေတာနဲ့ သိကြားနတ်တွေက သိပြီးတော့ ရှိုခိုးခြင်း ခံရတယ်၊ ဟုတ်ပြီလား၊ ဦးဇင်းကြီးတွေ အဲဒီထဲပါရဲ့လား၊

သီလတွေ ဘာတွေရှိတယ်နော်၊ သမာဓိတော့ရှိရဲ့လား၊ အောင်မယ်-ရှိပါတယ်တဲ့၊ ဘာသမာဓိတွေ ရှိလဲ၊ သူတို့ ဂျောင်ခနဲဆို ထောင်ခနဲ ဖြစ်နေတာ၊ သီလကတော့ ၂၂၇ သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော် သီလတွေရှိတယ်လို့တော့ အာမခံနိုင်တယ်၊ ရဟန်းသစ်တွေဆိုတော့ နော့၊ သမာဓိတော့ သိပ်မရှိသေးဘူး၊ ဟုတ်ပြီလား၊ တစ်နာရီမှာ မလှုပ်မကုတ်ဘဲနဲ့ တစ်နာရီခဏလေးပါလို့ ဘယ်နှစ်ခါဖြစ်၊ အဲ-သွားပြီ။

တရားရတယ်ဆိုတာ မတရားတဲ့ အမှုအရာတွေ ပျောက်သွားပြီးတော့ တရားတဲ့ အမှုအရာတွေ ဖြစ်လာတာကို တရားရတယ်လို့ ခေါ်တာ၊ ကြာကြာထိုင်နိုင်တာကို ခေါ်တာလား၊ နှစ်ပေါင်းများစွာ ထိုင်တာကို ခေါ်တာလား၊ မဟုတ်ဘူး၊ ပြောင်းသွားမှ တရား၊ ဟုတ်ပြီလား။

## ဗလာ ယောဂီ

ရောက်တဲ့အရပ်မှာ မကောင်းတဲ့အာရုံဆိုတာ မရှိဘူးလား၊ ကောင်းတဲ့အာရုံရော မရှိဘူးလား၊ လွတ်အောင်ရှောင်စမ်း လွတ်မှာလား၊ အာရုံကို ရှောင်ရမှာလား၊ အာရုံဒဏ်ကို ခံနိုင်အောင် ရှုရမှာလား၊ စွဲမက်မှု-လောဘ၊ စိတ်ပျက်မှု-ဒေါသ၊ ဒီအစွန်းနှစ်ပါးက လွတ်အောင် ကောင်းဆိုးအာရုံတို့ရဲ့ ဖြစ်ပျက် သဘောမှန်ကို မြင်အောင် ဉာဏ်နဲ့ကြည့်၊ ဟုတ်ပြီလား၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အကြံအစည်ဆိုတဲ့ အာရုံ ခိုးသားဓားပြတွေ ဝင်တိုက်လို့ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ ရတနာတွေ ပါသွားခဲ့ရင် ယောဂီဗလာ ဖြစ်ရော။

## ဖြုတ်မှာလား၊ ထုပ်မှာလား

စီးပွားဥစ္စာရှာချင်သလောက်ရှာ၊ မြေပြင်ရှိသမျှ ပိုင်သော်လည်း အားမရနိုင်ကြဘူး၊ ဒါတွေ မခွဲချင်ဘဲနဲ့ တဏှာစွဲနဲ့ အသေများတယ်၊ သာမန် ဒါန၊ သီလလောက်နဲ့ ဒီဒဏ်တွေ မခံနိုင်ဘူး၊ ဟုတ်ပြီလား၊ တရားကျင့်မှ ဒီဒဏ်တွေ ခံနိုင်မှာ၊ ကျင့်တယ်ဆိုရုံမျှနဲ့လဲ မရသေးဘူးနော်၊ သေသေချာချာ ရုပ်နာမ်ကို ကွဲလောက်အောင် ကျင့်ထားနိုင်မှ ခံနိုင်မှာ၊ ဟုတ်ပြီလား။

သာသနာနဲ့ပြောလို့ရှိရင် ကမ္ဘာတစ်သိန်းမှာ ဘုရားပေါင်းက နှစ်ကျိပ်နဲ့ လေးဆူ၊ ဘယ်နှစ်ဆူလဲ၊ ကမ္ဘာက ဘယ်လောက်လဲ၊ ကဲ– ကမ္ဘာက တစ်သိန်းဆိုတော့ ပွင့်တဲ့ဘုရားက နှစ်ကျိပ်နဲ့လေးဆူ နော်၊ ဒါ ဘုရားအနေနဲ့သာ နှစ်ကျိပ်လေးဆူပြောတာ၊ ပွင့်တဲ့ကမ္ဘာနဲ့ ပြောလို့ရှိရင် (၁၂)ကမ္ဘာပဲ ဘုရားပွင့်တာ၊ ကမ္ဘာတစ်သိန်းမှာ ဘုရားပွင့်တဲ့ ကမ္ဘာက (၁၂)ကမ္ဘာဆိုတော့ ဘုရားမပွင့်တဲ့ကမ္ဘာက (၉၉၉၈၈)ကမ္ဘာဆိုတော့ မနည်းဘူးလား၊ နည်းလား၊ ဒါဖြင့် (၉၉၉၈၈)ကမ္ဘာမှာ လူဖြစ်တော့ မိမိတို့ ဘာတွေနဲ့ နေကြတာလဲ၊ အစွဲတွေနဲ့ မနေကြဘူးလား၊ ဒါဖြင့် (၁၂)ကမ္ဘာမှာ လူဖြစ်တော့လဲ ဘာနဲ့ နေလဲ၊ အစွဲနဲ့နေတယ်၊ ဘာထူးသေးလဲ ပြောစမ်းပါဦး၊ ကဲ– ဒါလေးကို ဖြုတ်ဖို့ရာ လုပ်ဖို့မကောင်းဘူးလား၊ ဖြုတ်မှာလား၊ ဘယ်နှစ်ရက်ဖြုတ်မှာလဲ၊ ထုပ်လာခဲ့တာ ဘယ်နှစ်ကမ္ဘာလဲ၊ ဆယ်ရက်နဲ့ ပြုတ်မှာလား၊ ပြုတ်တာမပြုတ်တာ အရေးမကြီးဘူး၊ အိမ်ပြန်ဖို့က အရေးကြီးတယ်၊ ဟုတ်ပြီလား။

## ကျွတ်ချင် ဆက်ချွတ်မှပေါ့

အခုနေ ကဲ–ဆိုပါတော့၊ ယောဂီတစ်ယောက် နေမကောင်း ထိုင်မသာ ဖြစ်လို့ ဆေးရုံတက်ရပြီတဲ့၊ မပျောက်ဘဲနဲ့ ပြန်မှာလား၊ ပျောက်မှ ပြန်မှာလား၊ ဒါ ဘယ်နှစ်ဘဝသေရမှာလဲ၊ တစ်ခါသေရမှာ၊ ဟုတ်ပြီလား၊ အခု အစွဲပြုတ်မှ ပြန်မှာလား၊ မပြုတ်ဘဲနဲ့ ပြန်မှာလား၊ ကဲ–ပြုတ်မှပြန်မှာလား၊ ဆယ်ရက်ပြည့်ရင် ပြန်မှာလား၊ အဲဒါ တရားခက်လို့မဟုတ်ဘူး၊ ကိုယ်တိုင်ကိုက မကျွတ်ချင်နေတာ၊ ဟုတ်ပြီလား၊ အတော်ကြောက်စရာကောင်းတယ်၊ ကျွတ်ချင်လား၊ မကျွတ်ချင်ဘူးလား၊ ကျွတ်ချင် ဆက်ချွတ်ပေါ့၊ မဟုတ်ဘူးလား ကဲ။

တချို့ ဘယ်လိုပြောလဲဆိုတော့ "ဆရာတော်ဘုရားတဲ့၊ ဒီတရားစခန်းပွဲမှာ နေရတာ ပျော်တယ်ဘုရား၊ ကျန်းမာလဲ ကျန်းမာတယ် ဘုရား၊ အိမ်မှာနေရတာထက် ကောင်းတယ်ဘုရား တဲ့၊ ဒါဖြင့် စခန်းပွဲတွေရှိတယ်၊ ဆက်ဝင်ပါလားဆိုတော့ မလိုက်နိုင်သေးဘူးတဲ့" ကြည့်ပါဦး၊ နေလို့လဲကောင်းတယ်တဲ့၊ ကျန်းမာလဲကျန်းမာတယ်တဲ့၊ အိမ်မှာနေရတာထက်လဲ ချမ်းသာတယ် တဲ့၊ အဲဒါ ဘယ်သူတွေလဲဆိုတော့ အဘိုးကြီးတွေ အဘွားကြီးတွေနော်၊ ဘာဖြစ်လို့လဲဆိုတော့ စွဲလို့ စွဲလို့၊ ဟုတ်ပြီလား၊ အမယ်လေး– အဲဒီအဘိုးကြီး အဘွားကြီးတွေ ချွတ်ရတာ မလွယ်ဘူးနော်၊ ဘုန်းကြီးဆီမှာ အခုကျွတ်တာတွေ ငယ်ငယ်တွေပဲကျွတ်တယ်၊ အဘိုးကြီး အဘွားကြီးတွေ တစ်ယောက်မှ မကျွတ်ဘူး(ရယ်)၊ ဟုတ်ပြီလား။

## တရားပြတာ အာရုံကပြတာ

ဘုန်းကြီးတို့ပရိသတ်တွေ တရားကလွယ်လွယ်လေး၊ တရားဆိုတာ အာရုံကပြတာလား၊ ဘုန်းကြီးကပြတာလား၊ ဘုန်းကြီးကရှုနည်းသာပြောပေးနိုင်တာ လိုက်မပြနိုင်ဘူး၊ ပြတာက အာရုံတွေကပြတာ၊ ဟုတ်ပြီလား၊ မျက်စိနဲ့ပတ်သက်လို့ မြင်စိတ်ဆိုတာမရှိဘူးလား၊ ငါလို့ခေါ်တဲ့ ပုဂ္ဂိုလ်သတ္တဝါက အကောင်းမြင်ချင်လားဟင်၊ အကောင်းမြင်ချင်တယ်၊ ဥပမာဆိုပါတော့ ကဲ-လမ်းဘေးမှာ မှန်ကြီးတစ်ချပ်ထောင်ထားတယ်၊ လမ်းသွားတဲ့ ပုဂ္ဂိုလ်မှန်သမျှ အနူရော အဝဲရော အကျိုးရော အကန်းရော ဆင်းရဲသားရော၊ ချမ်းသာတာရော၊ ပညာရှိရော၊ ပညာမရှိရော အကုန်မှန်ထဲမှာ မထင်ဘူးလား မှန်ကြီးက မတရားဘူးနော်-ဟုတ်ပြီလား။

နို့-ဒါဖြင့်သွားတဲ့လူတွေ ကမတရားဘူးပေါ့၊ မှန်က အကြည်ဓာတ်မရှိဘူးလား၊ သွားချင်တဲ့လူသွား အကြည်ဓာတ် ရှိတော့ မထင်ဘူးလား၊ အေး-အဲတော့ လာလာသမျှကို ထင်စေတဲ့ ကိစ္စက ဘယ်သူ့ကိစ္စ မှန်ရဲ့ကိစ္စ မှန်ရဲ့အလုပ် ဟုတ်ပြီလား၊ အခုလဲ ယောဂီတို့မှာ မျက်စိမရှိဘူးလား၊ မျက်စိဖွင့်ထားတော့ လူဆိုးရော လူကောင်းရော လိမ္မာတဲ့လူရော မလိမ္မာတဲ့လူရော အကုန်မမြင်ဘူးလား၊ မြင်လား၊ ယောဂီတို့က ဘာမြင်ချင်တာလဲ ကောင်းတာမြင်ချင်တယ်တဲ့၊ တော်တော်တရားတယ်နော်၊ ကောင်းတာမြင်ချင်တော့ ကိုယ်က ပြုံးပြတာ မမြင်ချင်ဘူးလား၊ ဟိုက မဲ့ပြတော့ ဘယ်လိုလုပ်မှာလဲ "ငါတယ်ခံ့ဖိနပ်နဲ့ ခုတ်လိုက်ရ၊ မလာဘူးလား၊ အဲဒါကိုယ့်အလို ပြည့်လား။

## ဓမ္မအလို ငါ့အလို နားမလည်လို့ ဆင်းရဲနေတာ

ဟိုကဓမ္မကတော့ ဓမ္မအလုပ် မလုပ်ဘူးလား၊ ပြုံးချင်တဲ့ ပုဂ္ဂိုလ်ကပြုံးပြမယ်၊ မဲ့ချင်တဲ့ပုဂ္ဂိုလ်က မဲ့ပြမယ် ၊ဒါသူ့အလုပ်ပဲ– ဟုတ်ပြီလား၊ အဲဒါကိုယ့်အလုပ်လား၊ သူ့အလုပ်သူလုပ်တာကို၊ ယောဂီကနေ – အဲဒါ "ဩော် သူ့အလုပ်သူလုပ်တာပဲ၊ ငါ့အလုပ်မှ မဟုတ်ဘဲနဲ့" ဆိုရင် ကဲမတရားဘူးလား – တရား လား၊ အခုတော့ သူ့အလို လိုက်စေချင်တာလား၊ ကိုယ့်အလို လိုက်စေချင်တာလား၊ ကိုယ့်အလိုလိုက်စေချင်တော့ ကိုယ်ကပြုံးပြ တာမြင်ချင်တယ်၊ သူကမဲ့ပြတော့ ကိုယ့်အလိုပါလား၊ မပါတော့ သူဆင်းရဲလား၊ ကိုယ်ဆင်းရဲလား၊ ဒါဖြင့် တစ်နေ့တစ်နေ့ ဘယ်နှစ်ခါဆင်းရဲလဲ၊ အမြဲဆင်းရဲနေတာ၊ အဲဒါ ဓမ္မအလို ငါ့အလို နှစ်မျိုးကို နားမလည်လို့ ဆင်းရဲနေတာ ဟုတ်ပြီလား။

## ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်သို့ကူးရ

သောတာပန်ဖြစ်ဖို့ ကိလေသာပယ်ခွါကြောင်း အလုပ် လုပ်ရမယ်၊ ဟုတ်ပြီလား၊ အမှန်ရှိတဲ့ ရုပ်နာမ်တွေကိုသာ ရှုပွားဆင်ခြင်နေတဲ့အခါမှာ၊ ကိလေသာတွေဖြစ်ခွင့်မရဘူး– နော်၊ အဲဒီအမှန်ရှိနေတဲ့ ရုပ်နာမ်တွေကို အမှန်အတိုင်း ရှုနေတဲ့ဉာဏ် ကိုပဲ ဝိပဿနာဉာဏ်လို့ခေါ်တာ၊ ဝိပဿနာဉာဏ်ပညာနဲ့ ပတ်သက်၊ ပတ်သက် နေရင်းက ဉာဏ်စဉ်အဆင့်ဆင့် တက်လာ လို့ရှိရင်၊ အားရှိလာတဲ့အခါ၊ သင်္ခါရ ရုပ်နာမ်တွေ ရှုမြင်နေတဲ့ ဉာဏ်ကနေ သင်္ခါရ ရုပ်နာမ်တို့ချုပ်ရာ၊ နိဗ္ဗာန်သို့ရောက်တဲ့ မဂ်ဉာဏ်အဆင့် ဆိုက်ရောက်လာတယ်၊ ဟုတ်ပြီလား၊ ပထမဆုံး ရောက်တဲ့ မဂ်ဆိုတာ သောတာပတ္တိမဂ်ပဲ။

## သောတာပတ္တိမဂ်၏ ထူးခြားချက်များ

အဲဒီမဂ်အခိုက်မှာ၊ စိတ်တစ်ခုစာမျှဖြစ်လို့ အချိန်ဟာ အလွန်တိုတောင်း လျှင်မြန်တယ် နော်၊ အဲဒီလောက် စိတ် တစ်ခုစာမျှ တိုတောင်းလျှင်မြန်လှတဲ့ မဂ်အခိုက်ကလေးကို ပုဂ္ဂိုလ်တစ်ယောက် အဖြစ်သတ်မှတ်တာ အဲဒီမဂ်ရဲ့ ထူးခြားချက် တစ်ရပ်ပဲ ဟုတ်ပြီလား။

သောတာပတ္တိမဂ် မရောက်ခင် ဂေါတြဘုဉာဏ်ဆိုတာ ဖြစ်ခဲ့တယ်၊ အဲဒီဂေါတြဘုဉာဏ်ဟာ၊ ဝိပဿနာဉာဏ်စဉ်များ ရဲ့ နောက်ဆုံးဉာဏ်နော်၊ အဲဒီဂေါတြဘုစိတ်ဟာ ရှေးရှေးက ဝိပဿနာ ဉာဏ်တွေယူနေကျ ရုပ်နာမ် သင်္ခါရအာရုံ ကိုလွှတ်ပြီးတော့ နိဗ္ဗာန်အာရုံကိုစပြီးတော့ ယူနိုင်တယ်၊ အဲဒီလို နိဗ္ဗာန်အာရုံကို စပြီးတော့ယူလိုခြင်းဖြင့်၊ ပုထုဇဉ်အဖြစ် ဒီမှာပင် နေရစ်တော့လို့ ကန့်သတ်တာ မိမိယူထားတဲ့ နိဗ္ဗာန်အာရုံကို သောတာပတ္တိမဂ်သို့ ပြောင်းပေးလိုက်တယ် – ဟုတ်ပြီလား။

အဲဒီသောတာပတ္တိမဂ်က နိဗ္ဗာန်ကို အာရုံယူရင်း ဒိဋ္ဌိဝိစိ ကိစ္ဆာစတဲ့ ကိလေသာအချို့ကိုပယ်သတ်လိုက်တယ်၊ အဲဒီအခိုက် မှာ ကိလေသာများသူ ပုထုဇဉ်အဖြစ်မှ အပါယ်ကျမဲ့ ကိလေသာ စင်သူ အရိယာအဖြစ် ရောက်သွားပြီနော်၊ အဲဒီလိုရောက်တဲ့ပုဂ္ဂိုလ်ကိုသောတာပတ္တိမဂ်၌ တည်သော ပုဂ္ဂိုလ်လို့ ခေါ်ရတယ် – ဟုတ်ပြီလား၊ မဂ်ဆိုတာ ချက်ချင်းအကျိုး ပေးမြဲဖြစ်တဲ့အတွက် မဂ်ဖြစ်ပြီးရင် ဖိုစိတ်နှစ်ကြိမ် သုံးကြိမ် ဆက်တိုက်ဖြစ်ရတယ်– နော်။

တခြား ကုသိုလ်များဆိုရင်တော့ နာရီ၊ ရက်၊ လ၊ နှစ်၊ ဘဝ ခြားပြီး ကာလခြားပြီးမှ အကျိုးပေးတာများတယ်၊ ဒီဌဓမ္မ ဝေဒနီယကံ (မျက်မှောက်လက်ငင်း အကျိုးပေးသည့်ကံ) မျိုးဆိုတာတောင်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ် စသည်ကွာခြား ဆိုင်းငံ့ပြီးမှ

အကျိုးပေးတတ် ပါတယ်၊ ဒီမဂ်ကတော့ မိမိပြီးရင် ပြီးချင်းကာလ မခြားပဲ အကျိုးပေးတာ အဲဒီမဂ်ရဲ့ထူးခြားချက် တစ်ရပ်ပဲ၊ ဟုတ်ပြီလား။

မဂ်က ကိလေသာကို ပယ်လိုက်ခြင်းကြောင့် ဖြစ်လာရတဲ့ အငြိမ်းဓာတ်– အရသာကို ဖိုလ်ကခံစားရတယ်၊ မဂ်ဖြစ်တဲ့အခါ ဖိုလ် စိတ်ဖြစ်မလာရန် တားမြစ်နိုင်တဲ့ အန္တရာယ်ဆိုတာ တစ်စုံတစ်ရာ မရှိ ကောင်းဘူး – ဟုတ်ပြီလား၊ ဒီတော့မဂ်နဲ့ ဖိုလ်အကြားမှာ ကာလမခြားဘဲ မဂ်ဖြစ်တာနဲ့ တစ်ပြိုင်နက်၊ နောက်က – ဖိုလ်– နှစ်ကြိမ် သုံးကြိမ် ဖြစ်လာရတယ်– နော်၊ အဲဒီဖိုလ်ရပြီဆိုတာနဲ့ သောတာပတ္တိ ဖိုလ်– ပုဂ္ဂိုလ်လို့ ခေါ်ပြန်တယ်၊ အဲဒီသောတာပတ္တိဖိုလ် ပုဂ္ဂိုလ်ကိုပင် သောတာပန် ပုဂ္ဂိုလ်လို့ ခေါ်နိုင်ပြီနော်။

မဂ်ခဏဟာ မပြောပလောက်တဲ့ အခိုက်အတန့်မျှသာ ဖြစ်လို့ ဖိုလ်နဲ့ ပေါင်းပြီးတော့ ပုဂ္ဂိုလ်တစ်ဦးတည်း အဖြစ်ဆိုလိုက်ပါတော့လား လို့ ဆိုရန်ရှိတယ်၊ မဂ်နဲ့ ဖိုလ်ဟာ အခြေအနေချင်းမတူဘဲ ကွဲပြားခြား နားချက်ရှိတယ်– ဟုတ်ပြီလား၊ မဂ်ရဲ့ (ကိလေသာကို ပယ်သတ်နိုင်တဲ့) သတ္တိမျိုး ဖိုလ်မှာမရှိ ဘူး၊ မဂ်က ကိလေသာကို ပယ်သတ်လိုက်တဲ့ အဲဒီ ကိလေသာ တွေငြိမ်းအေးသွားမှု နိဗ္ဗာန်ရဲ့ အရသာခံစားမှုတွေကို ဖိုလ်ကဆက်ခံလိုက်ရခြင်းပဲဖြစ်တာ – နော်၊ အကြောင်းအကျိုး အရ ပုဂ္ဂိုလ်တစ်ဦးစီကွဲပြားရသလို၊ မဂ်နဲ့ အကျိုးဖိုလ်အရ ပုဂ္ဂိုလ်ကွဲပြားရတာ၊ ဟုတ်ပြီလား။

## သောတာပန်ရဲ့ ကျန်တဲ့ဒုက္ခ ပမာပြ

အေး – သောတာပန် တစ်ယောက်ဖြစ်သွားရင်လဲ ဘယ်လောက်ကျေးဇူးများသွားလဲ ဆိုတော့ ဥပမာအားဖြင့်၊ အလျားယူဇနာ ငါးဆယ် အနံယူဇနာငါးဆယ် ဓောက်အနက်

ယူဇနာငါးဆယ်ရှိတဲ့ ရေကန်ကြီးထဲ ရေအပြည့်ထည့်ထား၊ ဟုတ်ပြီလား၊ အဲဒီရေကန်ကြီးထဲက ရေတွေကို သမန်းမြက်ဖျား လေးနဲ့တို့တို့ပြီးတော့ အပြင်ကို (၇)ခါယူချ၊ အပြင်ကျသွားတဲ့ရေနဲ့ အတွင်းမှာကျန်တဲ့ရေ ဘယ်ဟာများလဲ အေး–အပြင်ကျသွားတဲ့ ရေ(၇)စက်က နည်းတယ်– ဟုတ်ပြီလား၊ အတွင်းကျန်တဲ့ ရေကမများဘူးလား၊ သောတာပန်ဖြစ်သွားရင် အများဆုံး သံသရာ မှာ(၇)ဘဝလောက်ပဲနေပြီး ဒုက္ခခံရတော့မယ်၊ မနည်းသွားဘူးလား၊ သောတာပန်ခံစရာ ဒုက္ခနည်းသွားပုံက ရေကန်ပြင်ကျသွားတဲ့ ရေနဲ့တူတယ်၊ သောတာပန်ဒုက္ခ ကုန်သွားတာက ရေကန်ထဲကျန် တဲ့ရေနဲ့တူတယ်၊ ပြီးတော့ သောတာပန်ဆိုတာ၊ အပါယ်လဲကျ အုံးမှာလား၊ မကျတော့ဘူး– နော် ကဲ– သောတာပန်ဖြစ်သွား ရင်ကျေးဇူးမများဘူလား၊ သောတာပန်က အလိုလိုဖြစ်မှာလား တရားအားထုတ်မှ ဖြစ်မှာ လား။

## အားထုတ်ခွင့်ရတဲ့ ဘဝရဲ့ တစ်ရှူတစ်ရှိုက်

အေး–ဒါကြောင့် တရားဓမ္မအားထုတ်ခွင့်ရတဲ့ ဘဝမှာ တစ်နှစ်မပြောနဲ့ တစ်လမပြောနဲ့ တစ်ရက်မပြောနဲ့ တစ်ရှူတစ်ရှိုက် နေရခြင်းဟာ အလွန်အကျိုးများတယ်– နော်၊ ဘုရားအဟော ဆုံးကလဲ ဝိပဿနာတရား၊ ပရိသတ် အကြောက် ဆုံးကလဲ ဝိပဿနာတရားပဲ– ဟုတ်ပြီလား၊ "ဝိပဿနာ မခက် ဒါနခက်" ဆိုတဲ့စကားအတိုင်း ဒါနကမှ ဝိပဿနာထက် ခက်သေးတယ်၊ ဝိပဿနာက မူလအနေအထိုင် အသွားအလာ အစားအသောက်မပျက် အားထုတ်လို့ မရဘူးလား ဝိပဿနာနဲ့ ယှဉ်နေတဲ့ တစ်ရှူတစ်ရှိုက်ဟာ၊ တန်ဖိုးမဖြတ်နိုင်ဘူး နော်။

## ရှုခါစမှာ သုံးဖြာလက္ခဏာ မတွေ့ရ

နဂိုတုန်းက အမှုမဲ့အမှတ်မဲ့ နေတယ်၊ အခု အရှုအမှတ်နဲ့ နေတယ်၊ ဒါပဲကွာတာ– ဟုတ်ပြီလား၊ မိမိတို့သတိကို ရုပ်ပေါ်မှာ ထားရင်ထား ဒါမှမဟုတ် – နာမ်ပေါ်မှာထား ဟုတ်ပြီလား၊ ဝိပဿနာ ရှုတဲ့အခါ လက္ခဏာရေးသုံးပါးကို ရှုတာလို့ပြောရင် အလွယ်ဆုံးနည်းနဲ့ အမှန်ဆုံးနည်းပါပဲ၊ ဒါပေမယ့် ရှုခါစမှာ – ရှု ရှုခြင်း လက္ခဏာရေးသုံးပါးကို မတွေ့ရသေးဘူး၊ မတွေ့နိုင်သေး ဘူးဟုတ်ပြီးလား၊ ဘာတွေ့ရမှာလဲဆိုတော့ ရုပ်နာမ်ကိုပဲ တွေ့ရမယ်၊ ဒါကြောင့် ရုပ်နာမ်ကိုပဲ အရှုခံထားရမယ်နော်၊ "ကိုယ်နဲ့စပ်သမျှ၊ ရုပ်မှတ်ကြ၊ ရှုကြ ရုပ်ဟုသာ" ဆိုတဲ့အတိုင်း ကိုယ်ပေါ်မှာ ပေါ် ချင်တာပေါ် ဘာလဲ၊ ရုပ်–ဟုတ်ပြီလား၊ "ရုပ်ရုပ်လို့ရှု "စိတ်နဲ့ စပ်သမျှ၊ နာမ်မှတ်ကြ၊ ရှုကြနာမ် ဟုသာ" ဆိုတဲ့အတိုင်း စိတ်ထဲမှာ ပေါ်ချင်တာပေါ် ဘယ်လိုရှုရမှာလဲ၊ အေး–နာမ်လို့ရှု ဟုတ်ပြီလား၊ ရုပ်နာမ် မှတစ်ပါး၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတစ်ပါး ယောကျ်ား မိန်းမ ဆိုတာပါလား မပါဘူး – ဟုတ်ပြီလား။

ယောဂီတို့မှာရှိတာ ဘာနဲ့ဘာရှိလဲ ရုပ်နာမ်ပဲ– ဟုတ်ပြီလား၊ အဲဒီရုပ်နာမ်တွေက အခုဖြစ် အခုပျက် အခုပြောသလောက် တောင်ကြာလား၊ အမှန်က ရုပ်နာမ်ဆိုတာ ဖြစ်ပျက်ပဲ၊ အမြဲ မလုပ်နေဘူးလား၊ ဒါကြောင့်ရုပ်နာမ်ကိုသာ အလိုက်သင့် ဉာဏ်နဲ့ ကြည့်ရင် ဖြစ်ပျက်မမြင်ရဘူးလား၊ ဉာဏ်မှာသိလိုက်ရမှာက "သြော် ရုပ်နာမ်တရားတွေ အလုပ်လုပ်နေပါလား၊ ငါမပါပါလား၊ ယောကျ်ား မိန်းမ မပါပါလား" လို့နေရမှာနော်၊ အေး–ဉာဏ်နဲ့မသိ မမြင်ဘဲနဲ့ "ဖြစ်ပျက် ဖြစ်ပျက်" နဲ့ဆိုနေရုံနဲ့ တရားရမှာလား၊ မရဘူးနော်၊ ဒါနှုတ်အလုပ်မဟုတ်ဘူး၊ စိတ်အလုပ်၊ ကံအလုပ်မဟုတ်ဘူး၊

ဉာဏ်အလုပ်- ဟုတ်ပြီလား၊ "ရှေ့ကရုပ်နာမ်၊ နောက်က ဉာဏ်"ဆိုတဲ့အတိုင်း ဉာဏ်နဲ့လိုက် သိနေရမှာ-ဟုတ်ပြီလား၊ ဒါသဘောပေါက်ဖို့ လိုတယ်-နော်။

## ဘယ်ဣရိယာပုထ်နဲ့ နေနေ ဒုက္ခအမြဲပဲရှိနေ

ဒီခန္ဓာကိုယ်က မရှိမကောင်း ရှိမကောင်း၊ မရှိလဲနိဗ္ဗာန် မရောက်၊ ရှိလဲ နိဗ္ဗာန်မရောက်တဲ့ ခန္ဓာကိုယ်- ဟုတ်ပြီလား၊ မရှိမကောင်းဆိုတာက၊ အရှုခံ ဖြစ်နေလို့ -နော်၊ ရှိမကောင်းဆိုတာ က နိဗ္ဗာန်မှာ ခန္ဓာလက်မခံလို့၊ ဟုတ်ပြီလား ခန္ဓာကိုယ်ကြီးမှာ ဖြစ်သမျှ အရာအားလုံးဟာ ဒုက္ခချည်းပဲ၊ အဲဒီဒုက္ခတွေကို၊ ဒုက္ခ မထင်သေးသရွေ့ နိဗ္ဗာန်မရဘူး- ဟုတ်ပြီလား၊ လက်ရှိခန္ဓာ ဖြစ်သမျှ ဘာတရားလဲ၊ ဒုက္ခနော်၊ တရားထိုင်လို့ဖြစ်လာရတာလား- မဟုတ်ဘူး၊ နဂိုထဲက၊ လျောင်းနေလဲ ဘာလဲ-ဒုက္ခ၊ ထိုင်နေရင် ရော၊ ရပ်နေရင်ရော၊ သွားနေရင်ရော၊ အေး- ဣရိယာပုထ်လေး ပါးမှာ ဘယ်အရိယာပုထ်နဲ့ နေနေ၊ ဒုက္ခချည်း မရှိနေဘူးလား၊ ဒုက္ခ လိုက်ရှာနေရအုံးမှာလား၊ ဒီခန္ဓာကိုယ်မှ ဒုက္ခအပြင်တခြား ဘာရှိသေးလဲ၊ ဒုက္ခဖြစ် ဒုက္ခတည် ဒုက္ခပျက် ဒါအပြင်တခြား ဘာဖြစ်အုံးမှာလဲ၊ ဒါပဲ၊ ဒီခန္ဓာကိုယ်ကြီးက ဒုက္ခဖြစ် ဒုက္ခတည် ဒုက္ခပျက်နေတာပဲလို့ သိနေရင်၊ ဒီဒုက္ခသစ္စာ ခန္ဓာကို၊ တဏှာနဲ့ ခင်အုံးမလား၊ အေး- မခင်ရင် မစွဲလမ်းတော့ဘူး၊ မစွဲလမ်းရင် နောင်ခန္ဓာရအောင် မပြုလုပ်တော့ဘူး၊ ရအောင်မလုပ်ရင်၊ နောင် ခန္ဓာရအုံးမှာလား၊ မရတော့ဘူး-နော်၊ တဏှာချုပ်ရင် ဥပါဒါန် ချုပ်ကံချုပ်၊ ဇာတိဇရာမရဏချုပ် ဆိုတော့ တဏှာချုပ်ရင် နိဗ္ဗာန် ဟုတ်ပြီလား။

## နိဗ္ဗာန်နဲ့ အနီးဆုံးကုသိုလ်

အဲဒါကြောင့် ဝိပဿနာတရား အားထုတ်တာ ဒုက္ခရှာတာမဟုတ်ဘူး၊ လက်ရှိရှိနေတဲ့ ဒုက္ခက အထူးရှာနေစရာ မလိုဘူး၊ နေချင်သလိုနေ ဒုက္ခကအမြဲရှိနေပြီးသား၊ အဲဒီရှိနေတဲ့ ဒုက္ခကို ဒုက္ခမှန်းသိဖို့သာ ရှုနေတာ– ဟုတ်ပြီလား၊ ဒုက္ခရှာ နေတာမဟုတ်ဘူးနော်၊ ဒါနသီလ စသည် ဘုရားဟောပေးတာ၊ အထောက်အပံ့ဖြစ်စေဖို့သာ ဟောပေးတာ၊ နိဗ္ဗာန် ရောက်ရေးမှာ အဲဒီ ဒါန သီလ စသည့် ကုသိုလ်များက ဝေးသောအကြောင်းတဲ့၊ ဟုတ်ပြီလား၊ ဝိပဿနာကုသိုလ်က၊ နိဗ္ဗာန်ရောက်ရေးမှာ နီးသောအကြောင်း ဆိုတော့၊ ဒါလောက်ကောင်းတဲ့ အလုပ်ရှိသေးလား၊ မူလအနေအထိုင်၊ အသွားအလာ၊ အစားအသောက် မပျက်ဘဲနဲ့ အမူအရာတိုင်းမှာ အလိုက်သင့်လေး "ကိုယ်နဲ့စပ်ရင် ရုပ်မှတ်၊ စိတ်နဲ့စပ်ရင် နာမ်မှတ်" ဆိုတော့ သက်သက်သာသာနဲ့ နိဗ္ဗာန်နဲ့ အနီးဆုံး ကုသိုလ်မဖြစ်ဘူးလား။

## အရိယာမဖြစ်သေးရင် အရိယာနဲ့တူအောင်နေ

နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တာ မဂ် ပဲ–နော်၊ မဂ်နဲ့ အနီးကပ်ဆုံး ကုသိုလ်ဟာ ဝိပဿနာပဲ၊ ဟုတ်ပြီလား၊ နိဗ္ဗာန်ချမ်းသာဟာ ခက်လို့မရတာလား၊ ဝိပဿနာ မပါလို့လား၊ ဝိပဿနာမပွားဖြစ်ရင်၊ လူလာဖြစ်တာ ရှုံးပြီနော်၊ လူလာဖြစ်တာ ရှုံးဘို့လား၊ မြတ်ဖို့လား၊ အေး– ဝိပဿနာ အားထုတ်လို့ သောတာပတ္တိမဂ်ဖိုလ်ရသွားရင် သောတာပန် ပုဂ္ဂိုလ်ခေါ်တယ်၊ ဟုတ်ပြီလား၊ အကျိုးမများသွားဘူးလား၊ အရိယာဖြစ်အောင် ကျင့်နေတာ မဖြစ်သေးရင်၊ အရိယာနဲ့တူအောင်နေ၊ တူအောင် စား၊ အရိယာနဲ့

တူအောင်သွား– ဟုတ်ပြီလား၊ သိမ်သိမ်မွေ့မွေ့ နဲ့ အပြုအမူအပြောအဆို အလုပ်အကိုင်သိမ်မွေ့ရတယ်နော်၊ ကော့လန် ကောလန် မလုပ်နဲ့။

သောတာပန်ပုဂ္ဂိုလ်က အလွန်ယဉ်ကျေးသိမ်မွေ့သည့် အပြင်၊ သူ့ကိုယ်သူလဲ သောတာပန်ဖြစ်မှန်းသိတယ်၊ သူတစ်ပါး ကလည်း သူ့ကို သောတာပန်လို့ သိနိုင်တယ်၊ အနာထပိဏ်သေဌေး သားကာဠ) ကြည့်ပေါ့၊ ပထမတော့ကြမ်းတမ်းခက်ထန်တယ်နော်၊ သောတာပန် ဖြစ်တော့ ယဉ်ယဉ်ကျေးကျေး မဖြစ်သွားဘူးလား၊ သောတာပန် ပုဂ္ဂိုလ်ဆိုတာ ရတနာသုံးပါးမှ တစ်ပါးအခြားကိုးကွယ် ရာမရှာတော့ ဘူး၊ ဟုတ်ပြီလား၊ ဆရာမှား ကိုးကွယ်မှုမှား ဆိုတာမရှိတော့ဘူး– နော်၊ ကလေး'မီးထိတဲ့'အခါ၊ လက်ကို ချက်ချင်း ရုပ်သလို အကုသိုလ်နဲ့ ပတ်သက်လို့ရှိရင်လဲသောတာ ပန်ဆိုတာ ချက်ချင်းသိ ချက်ချင်းပဲရုပ်တယ်– ဟုတ်ပြီလား–

သောတာပန်ဆိုတာ ဥပမာ မိတ်ဆွေတစ်ယောက် အမှုဖြစ် မယ်၊ မမှန်ဘူးပေါ့၊ ကိုယ့်မိတ်ဆွေဘက်က သက်သေလိုက်တယ်၊ မလိမ်ဘူး အမှန်အတိုင်းပဲ သက်သေလိုက်တယ်နော်– ပုထုဇဉ်က လိမ်ညာပြောတယ်၊ ပုတီးလုံးကြီးကြီးစိပ်လေ အလုတ်ကြီးကြီး စားလေပဲ– ဟုတ်ပြီလား။

## သောတာပန်ဆိုတာ သူနည်း ကိုယ်နည်း မခွဲခြား

သောတာပန်ဆိုတာ "အရိယသာဝက' ဟိ' ပိ ဓမ္မဿဝနာ" ဆိုတဲ့အတိုင်း၊ ဘုရားတရားကို ဟောပေးတဲ့ ဘယ်ပုဂ္ဂိုလ်ရဲ့တရား မဆို နာတယ်–နော်၊ ခုတော့ဒါမျိုးမဟုတ်ဘူး၊ သူ့နည်း ကိုယ့်နည်း၊ သူ့တရား၊ ကိုယ့်တရား ခွဲခြားပြီးမှ နာတာ–နော်။

အဲဒီကထဲက သောတာပန်ဖြစ်ဖို့ ဘယ်သွားနီးနိုင်တော့ မှာလဲ၊

ဟုတ်ပြီလား၊ သောတာပန်ဖြစ်ရင် အပါယ်တံခါး မပိတ်သွားဘူးလား၊ ထာဝရပိတ်သွားတာနော်၊ တစ်ဘဝလောက် အပါယ်တံခါး ပိတ်တာကတော့ လွယ်ပါတယ်၊ အမှတ်တရဒါန တစ်ခုလောက်၊ အမှတ်တရ သီလတစ်ကြိမ်လောက်၊ အမှတ်တရ သမထအမြင် အတွေ့တစ်ခုလောက်၊ အမှတ်တရ ဝိပဿနာအမြင် အတွေ့တစ်ခု လောက်နဲ့လဲ တစ်ဘဝလောက်တော့ အပါယ်တံခါး ပိတ်နိုင်တယ်၊ ဟုတ်ပြီလား၊ အပါယ်သံသရာကြွေးကို ဝိပဿနာ မဂ်နဲ့ ဦးစွာဆပ် အရိယာမဂ်နဲ့ အပြီးအပိုင်ဆပ်ရမှာ နော့။

အေးတရားဆိုတာ များတာ၊ နည်းတာ ပဓာန မဟုတ်ဘူး တစ်လုံးကောင်း နှစ်လုံးကောင်းနဲ့လဲ နား နဲ့ တရားတည့်သွား ရင် တရားက ရနိုင်တယ်၊ ဟုတ်ပြီလား။

## သမထနဲ့ ဝိပဿနာ ကွာခြားချက်

သမထအလုပ်က သမာဓိအလုပ်၊ သူကအာရုံပြောင်းယူ လို့မရဘူး၊ သမာဓိအားကောင်းလာရင် ကောင်းမယ်၊ ထိုင်နေရင် ချမ်းသာတယ်၊ ထသွားရင် နဂိုအတိုင်းပဲ၊ ပုံပြောင်းမသွား၊ စိတ်ပြောင်းမသွားဘူး ဟုတ်ပြီလား ၊ဝိပဿနာ အလုပ်ကပညာ အလုပ်နော်၊ အကြောင်းဆုံလာတဲ့အခါ အာရုံအမျိုးမျိုးကို ပြောင်းရှုလို့ရတယ်။ ဟုတ်ပြီလား၊ ထိုင်နေတုန်းလဲ ချမ်းသာတယ်၊ ထသွားလဲချမ်းသာတယ်၊ အသိပြောင်းသွား၊ စိတ်ပြောင်းသွား၊ ကိုယ်ပြောင်းသွားတယ်၊ ဟုတ်ပြီ လား။

ဝိပဿနာအလုပ်ဆိုတာ အပင်ပန်းခံလုပ်ရတဲ့ အလုပ်မျိုး မဟုတ်ဘူး၊ လူက နေသာသလိုနေ ထင်ရှားတဲ့ရုပ်၊ ဒါမှမဟုတ်- နာမ် တစ်ခုခုကို၊ ဉာဏ်နဲ့မြင်အောင် လျှောင်းရင်းနဲ့ အလိုက်သင့်

ကြည့်၊ ထိုင်ရင်းနဲ့ အလိုက်သင့်ကြည့်၊ ရပ်ရင်းနဲ့ အလိုက်သင့် ကြည့်၊ သွားရင်နဲ့ အလိုက်သင့်ကြည့်၊ ဒါပဲအလုပ် မပြောင်းဘူး၊ သတိပြောင်းတာ၊ ဉာဏ်ပြောင်းတာ။ အဲဒီလို ဣရိယာပုထ်လေးပါးလျော်သလိုပဲ ရှုနေတာ ဝိပဿနာ၊ အလုပ်က ပင်ပင်ပန်းပန်း လုပ်ရတဲ့ အလုပ်မျိုးလား– မဟုတ်ဘူး နော်။

## ဒီခန္ဓာကိုယ်ကြီးက အားမထုတ်လဲဒုက္ခ အားထုတ်လဲဒုက္ခ

အမှန်က ဝိပဿနာဆိုတာ ခန္ဓာတွင်း ဉာဏ်သွင်းပြီးတော့ ကိုယ်တွင်းရှာဖွေရေး အလုပ်ကိုခေါ်တာ–နော်၊ ဒီခန္ဓာကိုယ်ကြီးက "ဝေမေတသ ကေဝလဿ ဒုက္ခက္ခန္ဓဿ"လို့ ဘုရားဟောတော့ မဖျားလဲဒုက္ခ၊ ဖျားလဲဒုက္ခ၊ အားမထုတ်လဲဒုက္ခ၊ အားထုတ်လဲဒုက္ခ၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကိုသိရမှာ၊ ဟုတ်ပြီလား၊ ဒါသိမှ တရားကရမှာ –နော်၊ ခလုတ်တိုက်မိတော့ သေတောင်သေချင်တယ်တဲ့၊ ပြီးလဲပြီးရော ဟဲဟဲဟဲ ကော့လန်ကော့လန်နဲ့ ဟုတ်ပြီလား။

## ဖြစ်ပျက်၊ ဖြစ်ပျက် ရွတ်နေတာ သမထလဲမဟုတ် ဝိပဿနာလဲမဟုတ်

သဘောက ရုပ်နာမ်ကို မြင်အောင်ကြည့်၊ ရုပ်နာမ်ရဲ့ ဖြစ်ပျက်ကိုဉာဏ်နဲ့ တွေ့လိမ့်မယ်၊ ဒါဒုက္ခကို မြင်တာပဲ၊ နိဗ္ဗာန်မရတာ မရချင်လို့ မရတာမဟုတ်ဘူး ဒုက္ခကို ဒုက္ခမှန်းမသိလို့ –နော် ရုပ်နာမ်ကိုမမြင်ဘဲနဲ့ ဖြစ်ပျက်ကိုမြင်မှာလား၊ ရုပ်နာမ်ကို မမြင်ဘဲနဲ့ "ဖြစ်ပျက် ဖြစ်ပျက်"နဲ့ နှုတ်က ရွတ်နေတာဟာ သမထလဲ မဟုတ်ဘူး၊ ဝိပဿနာလဲ မဟုတ်ဘူး နော်။

## ဒူးကိုမကြည့်နဲ့ နာတာကိုကြည့်

ဒုက္ခကနှစ်မျိုးရှိတယ် နေသာထိုင်သာဒုက္ခနဲ့ မနေသာ မထိုင်သာဒုက္ခလို့ နှစ်မျိုးနော်၊ ဘယ်နှစ်မျိုးလဲ၊ ငအေး- အဲဒီဒုက္ခ နှစ်မျိုးမှာ နေသာထိုင်သာ ဒုက္ခက အမြဲရှိတယ်၊ မနေသာမထိုင် သာဒုက္ခဆိုတာ ချော်လဲရင်သိလိမ့်မယ်၊ ဟုတ်ပြီလား၊ တရား ရတယ်ဆိုတာ နေသာထိုင်သာဒုက္ခ (ရုပ်နာမ်ရဲ့ ဖြစ်ပျက်ဒုက္ခ) ကိုသိမှရမှာနော်၊ ခန္ဓာရှိနေသရွေ့ အနိုပ်စက် မခံရတဲ့ အချိန်ရှိသေး လို့လား၊ ဒူး နာတယ်၊ ခါးနာတယ်၊ စသည်ဖြင့် အမြဲမရှိနေ ဘူးလား၊ အေး-ကိုယ်နာရုံနဲ့ အပါယ်တော့မကျနိုင်သေးဘူး၊ ကိုယ်ကဂရုစိုက် စိုက်၊ မစိုက်စိုက် သူ့ထုံးစံအတိုင်း အမြဲနာနေ ဘာပဲ စိတ်နာရင်တော့ အပါယ်ကျနိုင်တယ်၊ ဟုတ်ပြီလား၊ ရှုရမှာက ဒူးဆိုတာ- ပညတ်၊ နာတာက-ပရမတ် ဆိုတော့ ဝိပဿနာ အာရုံက ပရမတ်ပဲ ဟုတ်ပြီလား၊ ဒူးမကြည့်ဘဲနဲ့ နာတာကို ဉာဏ်နဲ့ကြည့်၊ နာတဲ့သဘောကို ရုပ်ရုပ်လို့ ရှုရမှာ၊ ဒူးဆိုတဲ့ ပုံစံ ပညတ်ကိုမြင်ရင် အပြင်မြင်ပဲ၊ နာတဲ့သဘော- ပရမတ်ကိုမြင်ရင် အတွင်းမြင်နော်၊ ဝိပဿနာအလုပ်က အတွင်း မြင် အလုပ်လား၊ အပြင်မြင်အလုပ်လား- အေး အတွင်းမြင် အလုပ် ဟုတ်ပြီလား၊ အန္ဓပုထုဇဉ်ဒုက္ခဖြစ်၊ အဲဒီဒုက္ခကို မရှုမိလို့ ဒေါသဆက်ဖြစ်တော့၊ ဆူးနှစ်ချောင်း စူးခံရတယ်နော်၊ ကလျာဏပုထုဇဉ်ကျတော့ ဒုက္ခဖြစ်၊ အဲဒီဒုက္ခကို ရှုလိုက်တဲ့ အတွက် ဒေါသမဖြစ်တော့ဘူး၊ ဆူးတစ်ချောင်းပဲ အစူးခံရတယ်၊ ဟုတ်ပြီလား။

## ဉာဏ်တစ်လုံးသာပိုင် အာရုံရဲ့ဒဏ်ကိုခံနိုင်ပြီ

ဝိပဿနာ တရားသမားဆိုတာ ဘောသမား၊ ခြင်းသမားများနဲ့ တူတယ်နော်၊ ဘောသမား၊ ခြင်းသမားဆိုတာ ကြုံသလို ဘောတွေ၊ ခြင်းတွေလာ ကြုံသလိုကန်၊ ကြုံသလိုခတ်နိုင်ကြတယ်၊ ဟုတ်ပြီလား၊ ဝိပဿနာသမားဟာလဲ ဘယ်အချိန်မှာမဆို ဘယ်နေရာမှာပဲနေနေ ဣရိယာပုထ်တိုင်းမှာ ကြုံလာတဲ့အာရုံတိုင်းကို ရုပ်နာမ်ကွဲအောင် ကြည့်ပြီးတော့ ရုပ်နာမ်ရဲ့ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ကို ရှုနေတတ်တယ်– နော်၊ နေချင်သလိုနေ အရှုအမှတ်မြဲဖို့ပဲလိုတယ်၊ ဟုတ်ပြီလား၊ သမထဆိုတာကျတော့ ဒီလိုမဟုတ်ဘူး၊ ဒီဣရိယာပုထ်မှ ဒီဣရိယာပုထ်ပဲ၊ ဒီတစ်အာရုံမှ ဒီတစ်အာရုံပဲ– နော်၊ ဝိပဿနာ(ဉာဏ်)က အာရုံရဲ့ဒဏ်ကိုခံနိုင်တယ်၊ သမထ (သမာဓိ)က အာရုံရဲ့ဒဏ်ကို မခံနိုင်ဘူး၊ ဉာဏ်တစ်လုံးသာပိုင်၊ အမျိုးမျိုးသော အာရုံရဲ့ဒဏ်ကိုခံနိုင်ပြီ၊ မပျက်တော့ဘူး– ဟုတ်ပြီလား။

## ကဲ ဘယ်လောက်လွယ်လဲ

ဒီတော့ "ကိုယ်အမူရာ၊ ပြုတိုင်းမှာ၊ ရှုပါရုပ်ဟုသာ" ဆိုတဲ့ အတိုင်း ကိုယ်နဲ့စပ်ရင်၊ နာမည်တပ်ချင်သလိုတပ်၊ ထိုင်ရင်း ထရင်း ကွေးရင်း ဆန့်ရင်း လျှောင်းရင်း ယားရင်း၊ ယံရင်း၊ အောင့်ရင်း၊ တောင့်ရင်း၊ ညောင်းညာရင်း၊ ကိုက်ခဲရင်း၊ ထုံရင်း၊ ကျင်ရင်း၊ မူးမော်ရင်း၊ အော့အန်ရင်း၊ ပူရင်း၊ အေးရင်း၊ နှလုံး တုံ့ရင်း၊ ရင်ခုန်ရင်း၊ ရှေ့တိုးရင်း၊ နောက်ဆုတ်ရင်း၊ ပစ္စည်းယူရင်း၊ ထားရင်း၊ အညစ်အကြေးစွန့်ရင်း စသည်ဖြင့် ကိုယ်အမူအရာ တိုင်းမှာ "ရုပ်ရုပ်ရုပ်"လို့ ရှုရမယ်၊ ဟုတ်ပြီလား၊ "စိတ်အမူရာ၊ ကြံတိုင်းမှာ၊ ရှုပါနာမ်ဟုသာ "ဆိုတဲ့အတိုင်း စိတ်နဲ့စပ်ရင်၊ နာမည်တပ်ချင်သလိုတပ်

သွားချင်စိတ်၊ လာချင်စိတ်၊ ထိုင်ချင်စိတ်၊ ထချင်စိတ်၊ လျောင်းချင်စိတ်၊ စားချင်စိတ်၊ သောက်ချင်စိတ်၊ ပစ္စည်းယူချင်စိတ်၊ ထားချင်စိတ်၊ အညစ်အကြေးစွန့်ချင်စိတ်၊ စသည်ဖြင့် စိတ်အမူအရာတိုင်းမှာ "နာမ် နာမ် နာမ်" လို့ ရှုရမယ်၊ ဟုတ်ပြီလား၊ ကဲဘယ်လောက် လွယ်လဲ၊ မရှိတာ ရှာမရှုနေနဲ့ ရှိတာကိုသိအောင်ရှု–နော်။

လွယ်ပုံလေးပြောပြအုံးမယ် ဆိုကြည့် "အလုပ်လုပ်ချင်တာ ကနာမ်၊ အလုပ်လုပ်နေဟန်က ရုပ်၊ သူမဟုတ် ငါမဟုတ် အလုပ်လုပ်နေတာ နာမ်နဲ့ရုပ်။ နာမ်ရုပ်နှစ်သင်း၊ အမြင်လင်း၊ အလုပ်လုပ်ရင်း အလုပ်လုပ်" မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးလက်ထက်အခါက သီးခြားရိပ်သာ၊ သီးခြားစခန်းပွဲဆိုတာ မရှိဘူး၊ ဒီလိုပဲတရားသွားနာ ရှုမှတ်ပုံနည်း တွေ့ရတော့ အိမ်မှာ အလုပ်လုပ်ရင်းနဲ့ တရားအားထုတ်ကြတာ– နော်၊ မူလအသွား အလာအလုပ်အကိုင်တွေ တစ်ဘက်က လုပ်ရင်းနဲ့ ဝိပဿနာ အလုပ်ဖြစ်အောင် အားထုတ်သွားကြတာ၊ ဝိပဿနာအလုပ်လဲ မဖြစ်ဘူးလား၊ အိမ်ကအလုပ်လဲပျက်သေးလား၊ သားပေါက်ရှိတဲ့ မိခင်နွားမကြီးလိုပေါ့ တစ်ဖက်မျက်စိနဲ့ကြည့် အစာစား၊ တစ်ဘက် မျက်စိနဲ့ကြည့် သားထိန်းဆိုတော့ အလုပ်နှစ်လုပ်မဖြစ်ဘူးလား၊ ယောဂီတို့လဲ ဘယ်အလုပ်လုပ်နေနေ၊ လုပ်ချင်တဲ့ စိတ်ကိုနာမ် လို့ရှု၊ အလုပ်လုပ်နေဆဲခဏမှာ "သူမပါ ငါမရှိဘဲနဲ့ ရုပ်နာမ် သက်သက်မျှပဲ"လို့ ဉာဏ်ထဲမှာ အခြားလူမသိဘဲ ဝိပဿနာ ဉာဏ်အသိရသွားပြီ ဟုတ်ပြီလား၊ "တစ်ချက်ရှုပွား၊ ကျိုးတရား၏၊ ဖိုးကားမည်မျှ၊ ကြီးမားလှ၊ မပြနိုင်ပါပေ" ဆိုတဲ့အတိုင်း တစ်ချက် ရှုပွားလို့ရတဲ့ ဝိပဿနာဉာဏ် မဂ်ကလေးတစ်ခုဟာ၊ တန်ဖိုး မဖြတ်နိုင်

မပြနိုင်ဘူးတဲ့နော်၊ ကဲအိမ်အလုပ်တွေလဲ ပျက်သေး လား၊ ဝိပဿနာအလုပ်လဲ မလုပ်ဖြစ်သွားဘူးလား လုပ်တတ် ရင်–နော်။

## တစ်ခုစီပြောနေလို့သာ ကြာတာပါ

ယောဂီတို့ ပရမတ်ဆတ်ဆတ် မြင်တယ်ဆိုတာ ဉာဏ်ထဲမှာသာသိနေရမှာ နော်၊ တစ်ခုစီပြောနေလို့သာ ကြာတာပါ၊ ရုပ်နာမ်အရှုခံကို ဉာဏ်နဲ့သိလိုက်တာနဲ့ တစ်ပြိုင်နက်၊ အရှုခံ ရုပ် (သို့မဟုတ်) နာမ်ကလဲပျက်၊ အရှုဉာဏ်ကလဲပျက်သွားတယ် ဟုတ်ပြီလား၊ အရှုခံလဲပျက် အရှုဉာဏ်လဲပျက် အဲဒါသဘော ပေါက်ရမယ်နော်၊ ကောင်းတဲ့နေရာမှာ အ,တတ၊ န,တတ ဖြစ်တာလဲ အဝိဇ္ဇာပဲ၊ မကောင်းတဲ့နေရာမှာ လူလည်ကျတာလဲ အဝိဇ္ဇာပဲ၊ အဝိဇ္ဇာက အဖုံးအဖိနှင့်ကောင်းတယ်၊ ဟုတ်ပြီလား၊ အမှုမဲ့ အမှတ်မဲ့နေရင် ပရမတ်ဆတ်ဆတ် မြင်အုံးမှာလား အဝိဇ္ဇာနော်။

## အပြောနောက်မှာ သဘောပေါက်ပါ

"ငါသွားတယ် ငါစားတယ်"လို့ ပြောတော့ပြောရမယ်၊ ဒါပေမယ့် ပထွေးကို အဖေလို့ခေါ်တိုင်း အဖေအရင်းမဟုတ်ဘူးလို့ သိနေသလိုပေါ့၊ အပြောနောက်မှာ ရုပ်နာမ်အဖြစ်အပျက်ကို သဘောပေါက်နေရမယ်၊ ဟုတ်ပြီလား၊ အဲဒီလိုမြင်မှ ပညတ်ကို ဖောက်ထွင်း၍ ပရမတ်ဆတ်ဆတ် မြင်ခြင်းလို့ခေါ်တယ်–နော်။

## အိမ်သာရင် ညှော်လာလိမ့်မယ်

ယောဂီတို့–အိမ်သာရင် ညှော်လာလိမ့်မယ်ဆိုတဲ့ စကားလို အရှုအမှတ်ကျဲနေရင် လောဘ၊ ဒေါသ၊ မောဟ ညှော်သည်တွေလာ

လိမ့်မယ်၊ အရှုအမှတ်စိပ်စပ်နဲ့ ပွားများအားထုတ်မှ လောဘ၊ ဒေါသ၊ မောဟတွေ မလာမှာ၊ မပွားက မသိ၊ မသိက မပယ်နိုင်၊ မပယ်နိုင်က မဆိုက်ရောက်၊ မဆိုက်ရောက်က မအေးချမ်းဆိုတဲ့ စကားလို အေးချမ်းချင်ရင် အရှုအမှတ် စိပ်စိပ်နဲ့ ပွားများအားထုတ်ကြပါ။

## ခင်တော့ ခင်တယ်ပေါ့နော်

စကားပုံတောင်ရှိတယ်၊ ဘာတဲ့–မရှိတာထက် ဘာလဲ–မသိတာခက်၊ ဩော်–သူတို့ ပလ္လင်ပေါ်တက် တရားဟောဖို့ ကောင်းနေပြီ၊ ဒါပေမယ့် ရှာနေတာက မသိတာ သိအောင်ရှာနေတာလား၊ မရှိတာတွေ ရှိအောင်ရှာနေတာလား၊ အသက် ၇၀၊ ၈၀ ရှိပြီ၊ တော်ပြီလား၊ မတော်သေးရင်ရှာဦး၊ ဟုတ်ပြီလား၊ မသိတော့ခင်မင်၊ ခင်မင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ရရှိ၊ ရရှိတော့ ဒုက္ခတဲ့၊ ယောဂီတို့မှာ ခင်မင်မှုမရှိဘူးနော်၊ ရှိလား၊ စွဲလမ်းတာရော ဩော်–ဘုန်းကြီးကမရှိဘူးထင်နေတာ၊ စွဲလမ်းရင် ပြိတ္တာထီး၊ ပြိတ္တာမ၊ တိရစ္ဆာန်ထီး၊ တိရစ္ဆာန်မ တစ်မျိုးမျိုးဖြစ်၊ ဖြစ်ချင်လား၊ ခင်တော့ ခင်တယ်ပေါ့နော်။

## ကြိုးတန်းလန်းနဲ့ဆိုတော့ အလာနေးတယ်၊ အပြန်မြန်တယ်

မြင်လဲမမြင်ရဘဲနဲ့ အချည်ခိုင်တဲ့ကြိုးသည် သံယောဇဉ်ကြိုးတဲ့၊ ကဲ–မြင်ရလား၊ ခိုင်လဲမခိုင်ဘူးလား၊ ဖြတ်နိုင်လား၊ မဖြတ်နိုင် မဖြတ်နဲ့၊ ဒီအတိုင်းပဲထား၊ ဟုတ်ပြီလား။ အခု ဒီလာတာ လွတ်လွတ်လပ်လပ်လား၊ ကြိုးတန်းလန်းနဲ့လား၊ ကြိုးတန်းလန်းနဲ့ဆိုတော့ အလာနေးတယ်၊ အပြန်ကျတော့မြန်တယ်၊ ဟုတ်ပြီလား၊ ကြိုးက

တင်းနေတာကိုး၊ ကြိုးကတင်းနေတော့ ကော့လန်ကော့လန်နဲ့ မရောက်နိုင်ဘူး၊ အပြန်လဲကျရော ကြိုးကဆောင့်ဆွဲလိုက်တော့ ဒိန်းကနဲဆို ရောက်သွားရော၊ ဟုတ်ပြီလား။

## အသက်မီတော့ ဝိုင်းမျိုချမလို့လား

ဗုဒ္ဓဘာသာဝင်တွေဟာ ငရဲတော့အကျနည်းတယ်၊ ပြိတ္တာတော့ အဖြစ်များတယ်၊ ဘာလဲဆိုတော့ စွဲလို့ စွဲလို့၊ ဟုတ်ပြီလား၊ လူမမာသေခါနီးတော့ အသက်မီချင်ရင် အမြန်လာတဲ့၊ ဘာလုပ်ရအောင်လဲ၊ အသက်မီတော့ ဝိုင်းမျိုချမလို့လား၊ သောကဖြစ်ချင်လား၊ ခင်တော့ မခင်ဘူးလား၊ ခင်အားကြီးလေ သောကကြီးလေပဲ၊ ဟုတ်ပြီလား၊ တစ်နေ့တစ်နေ့ ခင်တာ ပါးအောင်လုပ်နေလား၊ ခင်တာ ပွားအောင်လုပ်နေလား၊ ခင်တာပွားအောင် လုပ်နေခြင်းကြောင့် သောကတွေလဲပွားလာလိမ့်မယ်၊ ဟုတ်ပြီလား၊ နိဗ္ဗာန်နဲ့တော့ နီးပြီနော်၊ လူတွေဟာ "ပစ္စည်းသခ်ါရ၊ လူသခ်ါရ"လို့တော့ တွင်တွင်ပြောနေကြ၊ သဘောကိုတော့ မဆင်ခြင်ဘူး၊ တကယ့်ပစ္စည်းပျက်၊ လူပျက်ပြီဆိုတော့ ဒူးနဲ့မျက်ရည် သုတ်နေကြတယ်၊ ဟုတ်ပြီလား။

## ထမ်းထုတ်မှ သူတို့ဆင်းချင်တာ

တရားရှာဖို့ပြောရင် စီးပွားရေး၊ စီးပွားရေးနဲ့၊ ဟုတ်ပြီလား၊ စီးပွားရေးကို ကျေနပ်တဲ့အထိရှာနေလို့ စီးပွားရေးက ဘယ်တော့ ပြီးမှာလဲ၊ မိမိတို့မှာ တဏှာလောဘရှိနေသမျှ ကျေနပ်မှုဆိုတာလဲ ရှိနိုင်ပါ့မလား၊ တိဟိတ်သမားက အကုသိုလ်လုပ်ရာမှာလဲ ရက်ရက်စက်စက်လုပ်တယ်၊ ကုသိုလ်လုပ်ရာမှာလဲ ရက်ရက်စက်စက် ပြတ်ပြတ်သားသားလုပ်တယ်နော်၊ ဒွိဟိတ်သမားကျတော့ မျှော့သွေး စမ်း

သလိုပဲ၊ အကုသိုလ်မှာလဲ စမ်းစမ်း–စမ်းစမ်း၊ ကုသိုလ်လုပ်ရာမှာလဲ စမ်းစမ်း–စမ်းစမ်း၊ ဟုတ်ပြီလား၊ အရှင်ဘုရား၊ တပည့်တော်တို့ ဒါန သီလ ဘာဝနာပြုပါတယ်ဆိုပေမယ့် အဲဒီဒါန သီလ ဘာဝနာ ကို စွဲတာများလား၊ သားသမီးပစ္စည်း၊ အိုးအိမ် စွဲတာများလား၊ ယောဂီတွေက ဒါ–ငါ့သား၊ သမီး၊ ငါ့ပစ္စည်း၊ ငါ့အိုးအိမ်နဲ့၊ သေတော့ သားသမီးမုန်း၊ မြေးမုန်းနဲ့ ကြိုးတုပ်ခံ ထမ်းထုတ်မှ သူတို့ဆင်းချင်တာ၊ ဟုတ်ပြီလား။

## ကုသိုလ်ရှိတဲ့သူ သေဌေးနဲ့တူ

တရားအားထုတ်မှ အိုသေလွတ်အောင် လုပ်တယ်လို့ခေါ်တာ၊ အလကားနေရင် ဇက်စင်းခံနေတယ်လို့ခေါ်တယ်နော်၊ အိုသေကြောက်ရင် ဇက်စင်းခံနေရမှာလား၊ တရားအားထုတ်ရမှာလား၊ မေ့သူဆိုတာ အပါယ်လေးရွာ တစ်ရွာကို လျော်သလိုရောက်နိုင်တယ်၊ ဟုတ်ပြီလား၊ မမေ့သူက လူနတ်၊ နိဗ္ဗာန် တစ်တန်တန် လျော်သလိုရောက်နိုင်တယ်နော်၊ မေ့သူမမေ့သူ မကွာဘူးလား၊ အများကြီးကွာတယ်နော်၊ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် ချစ်ပါတယ်၊ ခင်ပါတယ်ဆိုလို့ရှိရင် မမေ့ဖို့ တိုက်တွန်း၊ ဟုတ်ပြီလား၊ ချစ်ပါတယ်၊ ခင်ပါတယ်ဆိုပြီးတော့ မျက်စိအောက်က အပျောက်မခံနိုင်ရုံလောက်နဲ့တော့ ချစ်ခင်ရာမရောက်ဘူးနော်။

စိတ်မချလဲခွဲ၊ စိတ်ချလဲခွဲဆိုတော့ ကုသိုလ်မပါရင် အကြီးအကျယ်ရှုံးတယ်၊ ကုသိုလ်မပါရင် လူတောင်မှ ပြန်မဖြစ်ဘူး၊ ဟုတ်ပြီလား၊ အပါယ်လေးဘုံ တစ်ဘုံဘုံ သေချာပေါက်မရောက်ဘူးလား၊ ပစ္စည်းရှိတဲ့သေဌေးဆိုတာ သွားချင်တာသွား၊ စားချင်တာစား၊ ဝယ်ချင်တာဝယ်လို့ရတယ်၊ ကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်ကလဲ သေဌေး

လိုပဲ၊ ရောက်ချင်ရာရောက်လို့ရတယ်၊ ဖြစ်ချင်တာဖြစ်လို့ရတယ် နော်။

## အော်ညည်းနေတာ ဧက်စင်းရာ

သေမင်းကို မနိုင်သေးသမျှ နိဗ္ဗာန်ကို မရောက်နိုင်ဘူး၊ ဟုတ်ပြီလား၊ သေမင်းကိုမြင်ဖူးလား၊ မြင်ရင်တိုက်ရမယ်၊ သေမင်း ဆိုတာ ခန္ဓာငါးပါးကိုခေါ်တာ၊ ယောဂီတို့မှာ မရှိဘူးလား၊ ယောဂီတို့က အမှုမဲ့အမှတ်မဲ့နေနေတာ၊ ငါနေမကောင်းဘူးဆိုပြီးတော့ ဘုရား ရှိမခိုး၊ တရားအားမထုတ်ဘဲနေ၊ ဟိုကသေမင်းက စစ်တပ်လွှတ်ပြီး တော့ အခေါ်ခိုင်းနေတာ၊ သေမင်းဆိုတာဝိုင်းရံပြီး သေချာမှ ခေါ်တာ၊ မသေချာရင်မခေါ်သေးဘူး၊ ဟုတ်ပြီလား၊ ကိုယ်နဲ့စပ်ပြီးတော့ ကိုယ်ထဲမှာ ဖြစ်သမျှကို "ရုပ်-ရုပ်"လို့ရှု၊ စိတ်နဲ့စပ်ပြီးတော့ စိတ် ထဲမှာဖြစ်သမျှ ပေါ်သမျှကို "နာမ်-နာမ်"လို့ရှု၊ အဲဒါသေမင်းကို တိုက်ခိုက်တယ်လို့ခေါ်တယ်၊ အမလေး-အမလေး အော်ညည်းနေရင် သေမင်းကို ဧက်စင်းပေးတာနဲ့ တူတယ်နော်။

## ဒုက္ခဆိုတာ နာတာကိုခေါ်တာမဟုတ်

တရားမရှုဘဲနဲ့ ကိုယ့်ကိုယ်ကိုမွေးနေရင် အကြိမ်ကြိမ်သေမယ်၊ ဟုတ်ပြီလား၊ ဒီခန္ဓာကိုယ်ကြီးက သခ်ဳတခန္ဓာကိုယ်ကြီးတဲ့၊ ဟုတ် ပြီလား၊ ကုသိုလ်တွေက ပြုပြင်ထားတဲ့ ခန္ဓာနော်၊ ခန္ဓာအနေနဲ့ ပြောရင် ငါးပါး၊ ရုပ်နာမ်အနေနဲ့ပြောရင် နှစ်ပါးရှိ၊ အခုဖြစ် အခုပျက် အခုပြောသလောက်တောင်မကြာဘူး၊ ပညတ်သက်ကတော့ ၇၀၊ ၈၀ ပြောလို့ရတယ်၊ ပရမတ်သက်ကတော့ ခုဖြစ်ခုပျက်၊

ဟုတ်ပြီလား၊ ပမာအားဖြင့် မှဲ့နဲ့လှူနဲ့ခွဲမရသလို ရုပ်နာမ်နဲ့ဖြစ်ပျက်ဟာ ခွဲမရဘူးနော်၊ ဒုက္ခဆိုတာ နာတာကိုခေါ်တာမဟုတ်ဘူး၊ နာနာ–မနာနာ ထမင်းစား၊ ရေချိုး၊ သနပ်ခါးလိမ်း၊ ပေါင်ဒါလိမ်း၊ စောင်ခြုံကွေးနေလဲ ဒုက္ခရှိနေတာပဲ၊ ဖြစ်ခြင်း ပျက်ခြင်းကို ပြောနေတာနော်၊ နေသာထိုင်သာဒုက္ခကိုသိမှ တရားကရမှာ၊ ဟုတ်ပြီလား။

## တရားအားထုတ်တာ စိတ်ရောဂါကုနေတာ

ရောဂါနှစ်မျိုးရှိတယ်၊ ဘယ်နှစ်မျိုးလဲ၊ ကိုယ်ရောဂါနဲ့ စိတ်ရောဂါ၊ ဟုတ်ပြီလား၊ ကိုယ်ရောဂါထက် စိတ်ရောဂါက ကြောက်စရာကောင်းတယ်၊ စိတ်ရောဂါဆိုတာ လောဘ၊ ဒေါသ၊ မောဟတွေပဲနော်၊ ကိုယ်ရောဂါက ဘယ်အချိန်ကင်းလဲ၊ ဘယ်အချိန်မှ မကင်းဘူးနော်၊ စိတ်ရောဂါ ဘယ်အချိန်ကင်းလဲ၊ အားထုတ်စဉ် ကင်းနေတာပေါ့၊ ဟုတ်ပြီလား၊ ကိုယ်ရောဂါက အမြဲရှိ၊ စိတ်ရောဂါက တရားအားထုတ်စဉ်မှာမရှိ၊ အားမထုတ်ရင် မရှိဘူးလား ရှိနေလား၊ အခုတရားအားထုတ်တာ စိတ်ရောဂါကို ဆေးကုနေတာနော်၊ အဲဒါကို သဘောပေါက်ရမယ်၊ ဟုတ်ပြီလား။

## တရားစခန်းဖွင့်တယ်ဆိုတာ ဝိဇ္ဇာမျိုးစေ့စုတာ

အခုတရားအားထုတ်ဖြစ်တာ အတိတ်ကုသိုလ်က နှိုးဆော်လို့ အားထုတ်ဖြစ်တာ၊ အမှန်က တရားစခန်းပွဲဖွင့်တယ်ဆိုတာက ဝိဇ္ဇာမျိုးစေ့ချတာပါ၊ ဒီဘဝအတွက် ရှေးကုသိုလ်ဟာ အဓိကအကြောင်းဖြစ်သလို အခုယောဂီတို့ ဆည်းပူးနေတဲ့ကုသိုလ်တွေဟာ နောင်နောင်ဘဝအတွက် ရှေးကုသိုလ်ဖြစ်လိမ့်မယ်နော်၊ ရှေးကုသိုလ်အားကောင်းတာချင်းတူရင် အခုဘဝမှာ ကြိုးစား ပမ်းစားအားထုတ်ရင်

မြန်မြန်တရားရနိုင်တယ်၊ ဟုတ်ပြီလား၊ မကြိုးစားရင်တော့ နေးနေး ရမှာပေါ့နော်။

ဘုန်းကြီးတို့ပရိသတ်တွေ အနွပုထုဇဉ်ဆိုတာ အများအားဖြင့် စိတ်တွေလေလွင့်ပြီးတော့ အတိတ်ကိုလဲပြန်တတ်တယ်၊ အနာဂတ်ကိုလဲ တတွေးတွေးနဲ့မျှော်နေတတ်တယ်၊ အဲလိုဖြစ်နေတဲ့ပုဂ္ဂိုလ်ဟာ အခု ပစ္စုပ္ပန်မှာကျတော့ မုန့်လေပွေဖြစ်နေတတ်တယ်၊ ဟုတ်ပြီလား။

## ဘယ်အာရုံပဲဖြစ်ဖြစ် နှလုံးသွင်းမှားရင် အကုသိုလ်၊ မှန်ရင်ကုသိုလ်

မဟုတ်တာကိုအဟုတ်ထင် နှင်းကန်လုပ်နေရင် နစ်နာသလို ဟုတ်တာကို မဟုတ်ထင်လို့ မလုပ်ရင်လဲ နစ်နာတယ်၊ ဟုတ်ပြီလား၊ သမထအတွက် ပကတိမျက်လုံးရှိမှ၊ ဝိပဿနာအတွက် ဉာဏ်မျက်လုံးရှိမှဖြစ်တယ်နော်၊ ပကတိမျက်လုံးက ပုဂ္ဂိုလ် သတ္တဝါကိုမြင်နိုင်တယ်၊ ဉာဏ်မျက်လုံးက ရုပ်နာမ်ကိုမြင်နိုင်တယ်၊ ဟုတ်ပြီလား၊ အခု မိမိတို့ဝိပဿနာ တရားအားထုတ်နေတော့ ဘာမျက်လုံး အဓိကရှိရမှာလဲ၊ အေး–ဉာဏ်မျက်လုံးနော်၊ ပကတိမျက်လုံးကနေ ဉာဏ်မျက်လုံးကို ပြောင်းရမယ်၊ ဟုတ်ပြီလား၊ တရားအားထုတ်တယ် ဆိုတာ မျက်လုံးပြောင်းလိုက်တာပဲ၊ ကောင်းတဲ့အဆင်းလေးဖြစ်လာတာက ဇာတိ၊ ပျက်သွားတာက မရဏ၊ မကောင်းတဲ့ အဆင်းလေး ဖြစ်တာက ဘာလဲ၊ ဇာတိ၊ ပျက်သွားတာက မရဏ၊ အဲဒါ ဉာဏ်မျက်လုံးနဲ့မြင်သိလိုက်ရမှာ၊ ဟုတ်ပြီလား၊ အာရုံက ဒီ ကောင်းဆိုး အာရုံတွေပဲမလာဘူးလား၊ ဘယ်အာရုံပဲလာလာ ဇာတိနဲ့ မရဏ (ဖြစ်နဲ့ပျက်)လို့သာသိ၊ ဒီကောင်းဆိုးအာရုံတွေပေါ်မှာ စွဲမက်စိတ်ပျက် ဖြစ်ဦးမလား၊ စွဲမက်တာက လောဘ၊ စိတ်ပျက်တာက ဒေါသ၊

ဟုတ်ပြီလား၊ ဒါကြောင့် ဘယ်အာရုံပဲဖြစ်ဖြစ် နှလုံးသွင်းမှားရင် အကုသိုလ်၊ နှလုံးသွင်းမှန်ရင် ကုသိုလ်ဖြစ်တယ်နော်၊ နှလုံးသွင်းမှန်ဖို့ အရေးမကြီးဘူးလား၊ နှလုံးသွင်းမှန်တယ်ဆိုတာ အလိုလိုမှန်မှာလား၊ ဉာဏ်မျက်လုံးရှိမှ မှန်မှာလား၊ ဉာဏ်မျက်လုံးရှိရင် ကိုယ်နေချမ်းသာမယ်၊ ဉာဏ်မြင်က ဆင်းရဲပဲမြင်နေရမယ်၊ ဟုတ်ပြီလား။

## ဘိုးသူတော်ဝတ်နဲ့ ယောဂီဝင့်

မိမိတို့နေနေတာက ဒုက္ခနဲ့နေနေတာမရှုတော့ ရှိတဲ့ဒုက္ခကို မသိ၊ မသိတော့ ဒုက္ခမကြောက်တော့ဘူး၊ ဒုက္ခမကြောက်ရင် ဒုက္ခကို ကြိုက်နေရာရောက်မယ်၊ ဟုတ်ပြီလား၊ ဒုက္ခကိုကြိုက်နေရင်လဲ သုခရဦးမှလား၊ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဘာဟောလဲဆိုတော့ "အကြင်ပုဂ္ဂိုလ်သည် ဒုက္ခကိုချစ်နေ၏၊ ထိုပုဂ္ဂိုလ်သည် ဒုက္ခမှမလွတ်"လို့ ဟောတော်မူထားတယ်နော်၊ တစ်သံသရာလုံး ဒုက္ခဖြစ်ကြောင်းတွေ လုပ်လိုက်၊ ဒုက္ခတွေ ရလိုက်နဲ့ တစ်သံသရာလုံး ဒါနဲ့ပဲအချိန်ကုန်လာခဲ့ကြတာ၊ ဟုတ်ပြီလား၊ သံသရာလည်တယ်ဆိုတာ တစ်ဘဝမှ တစ်ဘဝ၊ တစ်ဘုံမှတစ်ဘုံသို့ ပြောင်းနေတာကိုခေါ်တာ၊ အမှန်က အသေပြောင်းပြောင်းနေတာ၊ ဟုတ်ပြီလား၊ ဝင့်လည်တယ်ဆိုတာ အဲဒါပဲနော်၊ ဘိုးသူတော်ဝတ်လှည့်–ဆန်ရတယ်တဲ့၊ ယောဂီတွေဝင့်လှည့်တော့ ဘာရ အပါယ် (အသေ)ရတာပေါ့၊ ဟုတ်ပြီလား။

## ရှုနေရင် ပယ်နေဆဲ

ယောဂီတို့ရဲ့ခန္ဓာဟာ မိမိကဘယ်လောက်ငဲ့ငဲ့ သူကမငဲ့ဘူး၊ သခီစရာမကောင်းဘူး၊ ဟုတ်ပြီလား၊ စိတ်ရှိနေသေးလို့သာသိနေတာ၊ စိတ်သာမရှိရင် ဘာသိဦးမှာလဲ၊ ကိုယ့်(သူတော်ကောင်း) အလုပ် အပျက်မခံနိုင်လို့သာ ကျွေးမွေးပြုစုနေရတာ၊ စိတ်မရှိရင် ဘာလုပ်လို့ ရဦးမှာလဲ၊ အဲဒီခန္ဓာကို သဘောအမှန်သိဖို့ ဉာဏ်နဲ့ရှု၊ သူဟာ အရှုခံတရား၊ ခန္ဓာဆိုတာ ပိုင်းခြားသိရမယ့်တရား၊ ဟုတ်ပြီလား၊ ယောဂီတို့ ခန္ဓာကိုယ် ပယ်ရမှာလား၊ ရှုရမှာလား၊ ပယ်ရမှာက ခန္ဓာကို ခင်မင်တွယ်တာနေတဲ့ တဏှာ၊ ဟုတ်ပြီလား၊ အရှုခံဖြစ်တဲ့ ခန္ဓာကို အရှုဉာဏ်နဲ့ အလိုက်သင့်လေးရှုနေတော့ ခန္ဓာက ဖြစ်မှုပျက်မှု မမြဲမှု ဆင်းရဲမှုတွေ မပြဘူးလား၊ အဲတော့ ရှုရင်း ရှုရင်းနဲ့ ခန္ဓာရဲ့ အပြစ်တွေ မမြင်လာဘူးလား၊ အပြစ်မြင်ပါများတော့ ဒီခန္ဓာပေါ်မှာ ချစ်ခင်မှု တွယ်တာမှုတဏှာတွေ မစင်သွားဘူးလား၊ အရှုဉာဏ်မျက်လုံး နဲ့ ရှုစရာ(ခန္ဓာ)ကို ရှုနေရင် ပယ်ရမယ့်(တဏှာ)ကို ပယ်နေတာ နော်။

## ဆေးကုရင်းတရားရှု၊ တရားရှုရင်း ဆေးကု

ဘုန်းကြီးတို့ပရိသတ်တွေ တရားကိုအားထုတ်ရင် မပင်ပန်းဘူး၊ မတရားကိုအားထုတ်ရင်သာ ပင်ပန်းတာ၊ ဟုတ်ပြီလား၊ ကိုယ် ဝီရိယမလိုဘူး၊ စိတ်ဝီရိယကတော့ လိုတယ်နော်၊ ကိုယ်နဲ့နှုတ်ကို အနားပေးပြီးတော့ စိတ်အလုပ်ကိုလုပ်နေတာကိုး၊ ဟုတ်ပြီလား၊ ဘုရားတရားတော်တွေက ကြားနာရုံနဲ့ အပူစင်တဲ့တရား၊ ကျင့်စဉ် မှာလဲ ချမ်းသာတဲ့တရား၊ ကျင့်ပြီးရင်လဲ ချမ်းသာတဲ့တရား ဟုတ်ပြီ လား၊ အားထုတ်တဲ့အခါမှာ ကိုယ်ကိုလဲမညာ၊ ကိုယ်ကိုလဲမညှဉ်းပန်း

ဘဲနဲ့ ချမ်းချမ်းသာသာရှုပွားမှ (မဇ္ဈိမပဋိပဒါ–အလယ်အလတ်လမ်းစဉ် ကျကျအားထုတ်မှ) တရားရမယ်နော်၊ ဒါကြောင့် ဆေးကုရင်း တရားရှု၊ တရားရှုရင်းဆေးကုပါ၊ ဆေးကုတယ်ဆိုတာ ဣရိယာပုထ် ပြင်သင့်တဲ့အချိန်၊ အရှုအမှတ်နဲ့ပြင်နိုင်တယ် ပြောတာ၊ ဟုတ်ပြီလား။

## အားထုတ်မှုမရှိဘဲနဲ့ ဣန္ဒြေမရင့်ကျက်လာနိုင်

ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ တရားဟောတဲ့အခါ ဣန္ဒြေအနုအရင့်ကြည့်ပြီး ဟောလေ့ရှိတယ်နော်၊ ဣန္ဒြေနုသေးရင် မဟောသေးဘဲနဲ့ ဣန္ဒြေရင့်ကျက်သည့်တိုင်အောင် စောင့်ဆိုင်းနေတယ်၊ ဣန္ဒြေရင့်ကျက်ရင် တရားအထူးရနိုင်တယ်၊ ဟုတ်ပြီလား၊ ဣန္ဒြေရင့်ကျက်တယ်၊ မရင့်ကျက်ဘူးဆိုတာ အားထုတ်ကြည့်မှ သိနိုင်တယ်နော်၊ အားထုတ်နေရင် ဣန္ဒြေမရင့်ကျက်သေးရင် ရင့်ကျက်လာမယ်၊ ဣန္ဒြေရင့်ကျက်ရင်တော့ တရားအထူးရမယ်ပေါ့၊ ဟုတ်ပြီလား၊ အားထုတ်မှုမရှိဘဲနဲ့တော့ ဘယ်နည်းနဲ့မှ ဣန္ဒြေ မရင့်ကျက်လာနိုင်ဘူးနော်။

## ဒီမူငါးချက် ယောဂီတွက်

ဘုန်းကြီးတို့ ဘုရားရှင်လက်ထက်က အရှင်ပုဏ္ဏဆိုတာရှိ၊ မြတ်စွာဘုရားထံက တိုကျဉ်း လိုရင်း တရားနာပြီးရင် “တပည့်တော် အဖော်မမှီး တစ်ယောက်တည်းတည်း ကျင့်ပါမယ်ဘုရား၊ တိတ်ဆိတ် ငြိမ်သက်တဲ့အရပ်မှာသွားပြီးတော့ ကျင့်ပါမယ်ဘုရား၊ မမေ့မလျော့ လဲကျင့်ပါမယ်ဘုရား၊ လုံ့လကြီးစွာနဲ့ကျင့်ပါမယ်ဘုရား၊ နိဗ္ဗာန် မရမချင်း ကျင့်ပါမယ်ဘုရားတဲ့ လျှောက်တယ်၊ အာမခံချက်

ဘယ်နှစ်ချက်ပေးလဲ၊ အမလေးသွားရော၊ သွက္ကျာပါဒကို လိုက်တာပဲ၊ သူတို့မေးမိတာမှ ဒုက္ခကိုရောက်တာပဲ၊ အမလေး၊ သူတို့တရားဟော ရတာ စိတ်တောင်ကုန်လာပြီ၊ ရမှာလဲမဟုတ်ဘူး၊ အလကားပဲ။

## ဘယ်နည်းနဲ့ကယ်ကြမှာလဲ

ဘုန်းကြီးတို့ ပရိသတ်တွေ အပါယ်ဘေးကလွတ်ဖို့ ကယ်နည်း နှစ်မျိုးရှိတယ်၊ ဒါန သီလ သမထနဲ့ ယာယီကယ်နည်း၊ ဝိပဿနာ နဲ့အမြဲကယ်နည်းလို့ နှစ်မျိုးရှိတယ်၊ ဘယ်နည်းနဲ့ကယ်ကြမှာလဲ၊ အမြဲကယ်နည်းနဲ့ကယ်ချင်တယ်၊ ဩော်–တရားအားမထုတ်ဘဲနဲ့ အမြဲကယ်နည်းဖြစ်မှာလား၊ အေး–မဖြစ်ဘူး၊ တရားအားထုတ်ပြီး ကယ်ပြန်တော့ ဘယ်နှစ်ရက်ကယ်မှာလဲ၊ (၇)ရက်၊ (၁၀)ရက်တဲ့၊ မကယ်ဘဲနေတာက ဘယ်နှစ်ရက်လဲ၊ အဲဒါတွက်ကြည့်၊ ဟုတ်ပြီ လား။

## စခန်းပွဲကထွက်တာနဲ့ ခါးကော့မပြန်ကြနဲ့

ယောဂီတို့စခန်းဝင်တာက သင်တန်းတက်တာ၊ ဟုတ်ပြီလား၊ စခန်းထွက်ရင် ခါချပစ်ခဲ့မှာလား၊ အရဟတ္တမဂ်အရဟတ္တဖိုလ် မရမချင်း မရပ်ဘူးဆိုတဲ့ စိတ်ကိုမွေး၊ ဟုတ်ပြီလား၊ အိမ်မှုလဲစားရင်းသွားရင်း၊ အလုပ်လုပ်ရင်း အားထုတ်လို့မရဘူးလား၊ သတိပြောင်းလိုက်ရုံနဲ့ လုပ်နေကျအလုပ်လဲမပျက်ဘူး၊ ဝိပဿနာအလုပ်လဲမဖြစ်နိုင်ဘူးလား၊ အေး–အချိန်မလပ်အားထုတ်၊ စခန်းပွဲထွက်တာနဲ့ လွတ်ပြီ ကျွတ်ပြီ ဆိုပြီးတော့ ခါးကော့မပြန်ကြနဲ့၊ ဟုတ်ပြီလား၊ ကျောင်းရောက်ရင် အိမ်စိတ်ကအများကြီးဖြစ်ပေမယ့် အိမ်ရောက်လို့ရှိရင် ကျောင်းစိတ်၊ ရိပ်သာစိတ်မရှိတာများတယ်နော်၊ (၁၀)ရက်စခန်းဝင်ရင် (၁၀)

ရက်သား၊ (၁၀)ရက်သမီးပဲရှိသေးတယ်၊ ဟုတ်ပြီလား၊ အဘွားကြီးတွေ (၁၀)ရက်စခန်းတစ်ကြိမ်ပဲဝင်ရသေးတယ်ဆိုရင်ဘယ်နှစ်ရက်သမီးလဲ၊ အေး–အဲဒါပဲ၊ အိမ်ရောက်ရင် ကိုယ်လုပ်နေကျအလုပ်တွေလုပ်ရင်းနဲ့ ရုပ်လား၊ နာမ်လား၊ ဉာဏ်နဲ့ နောက်ယောင်ခံကြည့်၊ ဟုတ်ပြီလား၊ လုပ်နေကျ အလုပ်လဲမပျက်ဘူး၊ ရှုပွားတဲ့အလုပ်လဲ မဖြစ်ဘူးလား။

## တရားရှာရင်း သေတာကမြတ်တယ်

စီးပွားရှာတော့ တော်ပြီလို့ရှိလား၊ စခန်းဝင်တရားရှာတာကြတော့ တစ်ကြိမ် နှစ်ကြိမ်ဆို တော်ပြီနော်၊ စီးပွားရှာတာကတော့ ဘယ်တော့ တော်မှာလဲ၊ သေမင်းက တော်ခိုင်းလို့တော်မှာ၊ နို့မို့–မတော်သေးဘူး၊ ဟုတ်ပြီလား၊ "သေသော် လက်တွင်း မှုတင်းလင်းနဲ့" နဲ့ဆိုတာလို စီးပွားရှာရင်းတန်းလန်းနဲ့သေတာထက် တရားရှာရင်း သေတာက မြတ်တယ်နော်၊ မမြဲတဲ့အသက်နဲ့ လဲပြီးတော့မှ မြဲတဲ့ နိဗ္ဗာန်ကိုယူရမှာ၊ ဟုတ်ပြီလား၊ သေခြင်းတရားကို အကြောင်းပြုပြီးတော့မှ မသေရာအမှန် ပြည်နိဗ္ဗာန်ကို မယူရဖူးလား၊ ယူမှာလား၊ ဟုတ်လို့လား။

## ဒုက္ခကိုမသိသမျှ သုခကိုရပိုင်ခွင့်မရှိ

ဆုတောင်းကြတော့ နိဗ္ဗာန်နော်၊ အေး–ဒုက္ခ(ရုပ်နာမ်)ကို မသိသမျှ သုခ(နိဗ္ဗာန်)ကို ရပိုင်ခွင့်မရှိဘူး၊ ဟုတ်ပြီလား၊ မိမိတို့ တစ်ကိုယ်လုံး တစ်ကောင်လုံး အူတို့ အသည်းတို့ အတွင်းအပြင် အကုန်လုံးဟာ ဒုက္ခပဲ၊ ဒုက္ခမသိရင် တဏှာ၊ ဉပါဒါန်က ကံဖြစ်အောင် ခိုင်းလိမ့်မယ်၊ ဟုတ်ပြီလား၊ ဒုက္ခကိုသိအောင်လုပ်၊ တရားအားထုတ်

တယ်ဆိုတာ ဒုက္ခသိအောင်လုပ်နေတာ၊ ဟုတ်ပြီလား၊ ဒုက္ခသိမှ နိဗ္ဗာန်လာမယ်နော်။

## ရှုရမှာက ရုပ်နာမ်၊ မြင်ရမှာက ဖြစ်ပျက်

ရှုရမှာက ရုပ်နာမ်၊ မြင်ရမှာက ရုပ်နာမ်နဲ့ ဖြစ်ပျက်၊ဖြစ်တာ ပျက်တာကိုမြင်ရင် ဘာဉာဏ်ရမှာလဲဆိုတော့ မမြဲလို့ မမြဲလို့ ပျက်သွားတယ်ဆိုတဲ့ဉာဏ်ကို ရရမယ်၊ ဟုတ်ပြီလား။

## သာသနာနဲ့ကြုံတဲ့အခါ သစ္စာ သိအောင်လုပ်

အေး–ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်တွေ သစ္စာ (ရုပ်နာမ် ရဲ့ ဖြစ်ပျက်အမှန်)ကို မသိလို့ကတော့ ဘုရားဒကာ၊ ဘုရားအမ ဘယ်လောက်ဖြစ်ဖြစ် တုတ်မြွောက်သလို ပရမ်းပတာဖြစ်နိုင်သေး တယ်နော်၊ သာသနာနဲ့ကြုံတဲ့အခါ သစ္စာသိအောင်လုပ်ကြ၊ ဟုတ်ပြီလား။

## ဓမ္မဒူတ–အရှင်ပညာဇောတ၏နိဂုံးအမှာစကား

အို စာရှုသူ၊ မိမိသည်

ကြောင်းကျိုးစပ်၍ စစ်မှန်ဖြူစင်သော ဗုဒ္ဓဝါဒကြီးကို ကြောင်းကျိုးမစပ် ယုတ္တိမတန်သော မိရိုးဖလာ အယူဝါဒများဖြင့်လည်းကောင်း၊ အခြားဘာသာဝါဒများဖြင့်လည်းကောင်း မဖုံးလွှမ်းစေလိုပါ၊ ကြံ့တောင့်ကြံ့ခံဖြစ်သော သာသနာ့အလင်းရောင်ကို မိစ္ဆာအမှောင်ဖြင့် မမိုးလွှမ်းစေလိုပါ။

အမြင်ကျဉ်းသော ယုတ္တိမတန် ကြောင်းကျိုးမစပ်သော မိရိုးဖလာ အယူအဆ အဟောင်းအနွမ်းများ၏ လောင်းရိပ်အောက်ဝယ် မနစ်မွန်း မမျောပါစေချင်ပါ၊ ယင်းဆန္ဒမှန်ဖြင့် လွဲမှားနေသော အယူအဆများကို ကွယ်ပျောက်စေပြီး အမှန်တရားဆီသို့ တည့်မတ်ဖြောင့်မှန်သော စိတ်ဓာတ်ဖြင့် ချဉ်းကပ်စေလိုပါသည်။

ဗုဒ္ဓသည် ဘာတွေညွှန်ကြားခဲ့သနည်း၊

ဗုဒ္ဓ၏ လမ်းစဉ်ကား အဘယ်နည်း၊

ဗုဒ္ဓ သာသနာဝင်တို့၏ ပန်းတိုင်ကား အဘယ်နည်း။

စသော ဗုဒ္ဓဝါဒနှင့်ပတ်သက်သော အသိအမြင်တို့ကို မှန်ကန်သည့်အတိုင်း သိမြင်၍ ဗုဒ္ဓဝါဒဆီသို့ အရောက်လှမ်းစေလိုပါသည်။ ထိုမှတစ်ဆင့် နိဗ္ဗာန်သောင်ကမ်းသို့ ကူးစေလိုပါသည်။

**(အားလုံးသန္တာန် အမြင်မှန် လျှင်မြန်ရစေသော်)**

**ဓမ္မဒူ ဘ–အရှင်ပညာဇောတ။**

**(ကောက်နုတ်ချက်)**

## ကျေးဇူးဆပ်ပါ၏

မိမိ၏ ဤရွှေ့ဤမျှကြိုးစား၍ ရေးသားရသောကောင်းမှုများဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြပေကုန်သော မိဘနှစ်ပါး၊ ဆရာသမားများ၊ ရဟန်းဒကာ၊ ဒကာမများ၊ ပစ္စည်းလေးပါး ဒကာ ဒကာမများ၊ ဆွေမျိုးဉာတကာများ၊ မိတ်ဆွေသင်္ဂဟများတို့အား ကျေးဇူး တုံ့ပြန်ဆပ်ပါ၏။

## ဆရာပန်လိုသောဆု

ဤထာဝရဓမ္မဒိုင်ယာရီကျမ်းစာကို ကြိုးစားရေးသားရသော ဓမ္မဒါန အမဂဒါန မဟာကုသိုလ်စေတနာ သဒ္ဓါ ဆန္ဒ ဝီရိယတို့ကြောင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတရွှေဉာဏ်တော်ကို ချမ်းသာသောအကျင့် လျင်မြန်သောအသိဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား ဝေနေယျသတ္တဝါအများကို တရားစည်ကြီး သောင်းထိုက်ဟည်းအောင် ရိုက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အမြန်ရောက်အောင် ပို့ဆောင်ကယ်တင်နိုင်ရသည့်ကိုယ် ဖြစ်ရပါလို၏။

## တပည့်ယူလိုသော လာဘ်

* ဆရာမကောင်း, တပည့်ခေါင်း, မှန်ကြောင်းဆိုခဲ့သည်။
ယခုဆရာ, တပည့်သာ, ဆက်ကာဖြစ်လိုသည်။

* သစ်တစ်ပင်ကောင်း, ငှက်တစ်သောင်း,
အပေါင်းချမ်းသာဆိုခဲ့သည်။
ဦးစွာပျံ့နား, ငှက်အလား, ထံနားခိုလိုသည်။။

* မပွင့်ဘုရား, ဝေနေများ, လမ်းမှားနေမှာစိတ်ကရည်။
ဆရာဘုရား, ဖြစ်သော်ကား, ကိုယ်စားမှုတော်ထမ်းလိုသည်။

**အရှင်အာစိဏ္ဏ(ဟသ်ာတ)**

## အမျှဝေပါ၏

ပူဇော်ဆန္ဒ၊ ကြီးလုံ့လနှင့်၊ ကျမ်းစာရေးပြု၊ ဤကောင်းမှုကို၊ မိဘဆရာ၊ ဉာတကာနှင့်၊ ယမာ့ရာဇာ၊ လူနတ်သတ္တ၊ စတ္တာ့ဥသုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ သတ္တဝါအနန္တ တို့အား ရငြား ပါစေ၊ အမျှဝေ၏၊ ထိုကုသလ၊ မြတ်ပုညကို၊ အမျှရကြသည် ဖြစ်ပါစေကုန်လော့။

## ပြင်စေသတည်း

* ဘုရားသာသနာ လေးရာမက ငါးဆယ်မျှဌ် ဝဋ္ဋဂါမဏိ မင်းကြီးလက်ထက် အာဏာစက်တွင် ထွန်းတက်ဘုန်းရောင် ရွှေတောင်အက်ခြ စက်နယ်ရှသား သောဏမည်ထူး အမူး ပြုဆောင် သောင်သီဟိုဠ်ပေါ် ထေရ်ကျော်ငါးရာ ရဟန္တာဝသီ သမ္မိဒါဉာဏ်ရ သင်္ဃ၀န္ဒတို့ ဘုရားမိန့်မှတ် ပိဋကတ်ကို မွတ်မွတ်ဖြူဖွေး ပေထက်ရေး၍ ဆေးလေးကြပ်ကြပ် အထပ်တစ်ရာ တည်းဖြစ်ပါလည်း အက္ခရာပုဒ်ဆွေး မှားယွင်း သေး၏။
* ညစ်ကြေးစပ်ယှဉ် ပုထုဇဉ်သာ ငါတို့မှာကား မမှားဘယ်သို့ ရှိလေမြို့လိမ့်။
* ယွင်းချို့အက္ခရာ ပျက်ယိုရာ၌ ပညာကြီးရှင် ငြိမ်းကောင်း ဆင်သို့ ပြင်စေသတည်း။

(ဥတေနပျို့)

**အရှင်အာစိက္ခဏ**

**မဓ္ဓဒူတအောင်မြေသုခကျောင်းတိုက်**

**ဘုရားကြီးရပ်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်း။**

(၂၄-၁-၉၇)
## ဆရာ့အန္တိမရျာပန သာဓိကီဠန ပူဇာသဘင် အခမ်းအနား၌ တပည့် အရှင်အာစိက္ခဏ ရွတ်ဆိုပူဇော်ခဲ့သော ပစ္ဆိမဝန္ဒနာဂါထာ

* ပညာဓောတတ္တေရာ ယသ္မာ၊ ဒီဃာယုကော သုသီလဝါ၊
မမ္မဒူတောတိ ပါကဋော၊ သီသဿာနံ ဓမ္မဝါစကော။

* မစ္စုဗြဓေယျေ စရန္တောပိ၊ တုမှံ ဂုဏာနိ သမ္မတိ၊
မယံ သရန္တာ သန္ဒွာယ၊ အယံ ပစ္ဆိမ ဝန္ဒနာ။ ။

ဒီဃာယုကော–သီလစွမ်းဟုန် ကိုယ်ကျင့်ဂုဏ်ကြောင့် စုံအင်ပြည့်ကြွယ် ခြောက်ဆယ်သက်တော် သုံးနှစ်ကျော်အောင် အရွယ်တော်အားဖြင့် ရှည်လျားတော်မူပေထသော၊ သုသီလဝါ–သီလ သမာဓိ ပညာ ရဟန်းတော်တို့၏ အမြတ်ဆုံးရတနာဟု သိက္ခာသုံးပါး အကျင့်တရားတို့ကြောင့် မြင့်မားသော သီလတော် လည်း ရှိတော်မူပေထသော၊ သိဿာနံဓမ္မဝါစကော–ရဟန်း ကိုရင် သီလရှင်တို့အား စာများပို့ချ မအားရဘဲ ဒေသအသီးသီး ရပ်ဝေး

နီးမှ ရောက်လာကြသည့် များလှသောင်းသောင်း တပည့်အပေါင်း တို့အား ကျိုးကြောင်းညွှန်ပြ ဩဝါဒဖြင့် ဓမ္မရေအေး အမြိုက်ဆေး ကို တိုက်ကျွေးတော်မူပါပေထသော၊ ဓမ္မဒူတောတိပါကဌော–စာရေး စာချ တရားပြတရားဟော မမောမပန်း သာသနာပြုလုပ်ငန်းတို့ဖြင့် ကြိုးပမ်းလုံ့လအသုံးချ၍ "ဓမ္မဒူတထေရ်အရှင်ဟု" ဂုဏ်အင် တင့်ရှန်း တော်မူပါပေထသော၊ အာယသ္မာပညာဇောတတ္ထေရော–စာရေးစာချ သာသနာ့တာဝန်ကျေပွန်အောင် အားသွန်ကြိုးပမ်း ထမ်းဆောင်ရုံမျှ အားမရဘဲ ဓမ္မဒေသက ဟောအပြကြောင့် ဓမ္မဒူတ အရှင်ပညာဇောတ ဟု နာမထင်ပေါ် မြင်မြော်ကြီးမား တောင်စွန်းမြို့ ဓမ္မဒူတတောရ ဆရာတော်ဘုရားသည်၊ မစ္ဆုဇေယျ–သေမင်းပိုင်မြေ တေဘူမက သင်္ခါရဥ္၊ စရန္တော၁ပိ–လှည့်လည်ပြောင်းကာ ကြွသွားတော်မူပါသော် လည်း၊ မယံ–ကျန်ရစ်ခဲ့သူ လွမ်းအပူဖြင့် မှန်းယူဆမျှော် တပည့်တော် တို့သည်၊ သရန္တာ–ဝမ်းနည်းပမ်းနည်း စခန်းခွဲရမှာမို့ လွမ်းပွဲကြို၍ တငွေ့ငွေ့ဖြင့် အောင့်မေ့ကြပါကုန်သည်ဖြစ်၍၊ သမ္ဗတိ–၁၃၅၉ ခု၊ ဆောင်းဥတု ဟေမန္တ သဇင်ပန်းတွေ ပွင့်စုံလှပါသည့် နတ်တော် လဆန်း ၁၀ ရက်ချိန်စေ့ တနင်္ဂနွေနေ့ဟု မမေ့နိုင်စရာ လွမ်းငွေ့ဖြာ သည့် သည်ခါကာလ သည်အချိန်သမယဥ္၊ တုမှံဂုဏာနိ–စာရေး စာချ တရားပြ တရားဟော သဘောပီပြင် လုပ်ငန်းခွင်နှင့် ရွှေကျင် နိကာယဂိုဏ်းလုံးဝန်ဆောင် နာယကဟု သာသနာ့ဂုဏ်ဟိတ် ဝိသိဋ္ဌဒီဃ ဘာဏက သာသနဓဇသိရီပဝရ ဓမ္မာစရိယနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ သာသနာပြုစွမ်းဟုန် အရှင်ဘုရား၏ စွမ်းရည်သတ္တိဂုဏ်တို့ကို၊ သန္ဓာယ–ဘဝနတ်ထံ မပျံလွန်မီ ရှေးခါဆီက အလီလီကြိုးပမ်း ဆောင်ရွက်ခဲ့သည့် ကျေးဇူးဂုဏ်ဟုန်အစွမ်းတို့ကို ထောက်လှမ်းခုနှယ် မှန်းရည်ရွယ်၍၊

အပဲ့–အန္တိမရျာပန သာခုကိဋ္ဌန ပူဇာသဘင် ကျင်းပဆင်၍ တူယှဉ်မြောက်မြား တပည့်သားတို့ စိတ်ထားဘဝင် မြူးမရွှင်လည်း ဦးတင်ရိုကျိုး ယခုအကြိမ် လက်စုံမိုး၍ ရှိခိုးလိုက်ရခြင်းသည်၊ ပစ္ဆိမဝန္ဒနာ–ဆရာ့ရုပ်အသွင်ကို လက်အုပ်တင် ဂါဝရထုံးဖြင့် နောက်ပိတ်ဆုံး ရှိခိုးလိုက်ရပါတော့သည် အရှင်ဘုရား။

သာသနာထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ
လ/ထ ညွှန်မှူး ဦးမင်းကြည်(ဓမ္မာစရိယဘီအေ)
ရေးစပ်သည်။

## ဥဒါန်း

လောကလူပြည်
လူတိုင်းသည်ကား
မွေးဖွားသေရ
သဘာဝမို့
သေလို့သေလျှင်
ဥဒါန်းတွင်ဘို့
ငါတို့ဆရာ
မိန့်ခဲ့ပါပြီ
ငါသည်ဥဒါန်း
ထိုးမည်ကျမ်း။

(ဓမ္မဒူတ·အရှင်ကေလာသ)